(၂၀) မေ၊ဗုဒ္ဓ-မည်တွင်၊ငါဘုရားသျှင်အား။ဉာဏဉ္စ ပန ဒဿနံ၊ ဆင်ခြင်တတ်သော (ပစ္စဝေက္ခဏာ) ဉာဏ်အမြင်သည်။ ဥဒပါဒိ၊ ထင်ရှားစင်စစ် ဖြစ်လေပြီ။

ကိံ-ဥဒပါဒိ၊ အဘယ်သို့ဖြစ်သနည်း ဟူမူကား–

(၁) မေ၊ ဗုဒ္ဓ-မည်တွင်၊ ငါဘုရားသျှင်၏။ စေတော-ဝိမုတ္တိ၊ အရဟတ္တဖိုလ် ဉာဏ်ကို။ အကုပ္ပါ၊ ဆန့်ကျင်ဘက် တရားတို့ သည် မဖျက်ဆီးအပ်ပြီ။(မဖျက်ဆီနိုင်ပြီ။)

(၂) အယံ၊ ဤ"ပစ္စုပ္ပန်"ဘဝတွင် ထင်ရှားရှိသော ဤကိုယ်ခန္ဓာ ၏ အဖြစ်သည်။ အန္တိမာ၊ သံသရာဝယ်၊ ခန္ဓာဝန်-လက်စ တုံး၍၊ အဆုံးစွန်ဖြစ်သော။ ဇာတိ၊ အဖြစ်တော်ပေတည်း။

(၃) ဒါနိ(ဣဒါနိ)၊ ဤယခုအခါ၌။ ပုနဗ္ဘဝေါ၊ ဘဝတဖန်၊ ခန္ဓာ ဝန်အသစ်၊ဖြစ်ကြောင်းဖြစ်သော သမုဒယသစ္စာတဏှာတရား သည်။ နတ္ထိ၊ မရှိပြီ။

ဣတိ ဉာဏ ဒဿနံ၊ ဤသို့ ဆင်ခြင်တတ်သော (ပစ္စဝေက္ခဏာ) ဉာဏ်အမြင်သည်။ ဥဒပါဒိ၊ ထင်ရှားစင်စစ်ဖြစ်လေပြီ။ ဣတိ၊ ဤသို့လျှင်။ ဘဂဝါ၊ ဘုန်းတော်ခြောက်စုံ၊ ဂုဏ်တော်များသျှင်၊ မြတ်စွာဘုရား

သခင်သည်။ ဋ္ဌဒိဝစနံ၊ ဤ (ဒွေမေ ဘိက္ခဝေ အန္တာ) အစဖြာသော
''ဓမ္မစကြာ''တရားဒေသနာတော်မြတ်ကို။ အဝေါစ၊ မိန့်ဟတော်မူပြီ။

---

## (၂၉) ''ပဉ္စဝဂ္ဂီ'' ရဟန်းတို့၏ နှစ်သက်ခြင်း ဖြစ်ပုံပြခန်း

(၂၉) ပဉ္စဝဂ္ဂိယာ၊ ''ပဉ္စဝဂ္ဂီ'' အမည်ရှိကုန်သော။ဘိက္ခူ၊ဋ္ဌသိ
ပဗ္ဗဇ-ရဟန်းတို့သည်။ အတ္တမနာ၊ လွန်စွာ အားတက်၊
နှစ်သက် ဝမ်းမြောက်ကြကုန်သည်ဖြစ်၍။ ဘဂဝတော၊
မြတ်စွာဘုရားသျှင်၏။ ဘာသိတံ၊ဟောကြား မြွက်ဖော်၊
''ဓမ္မစကြာ'' တရားတော်မြတ်ကို။ အဘိနန္ဒုံ၊ သာဓု,
သာဓု,သာဓု,ဟူ၍၊ရိုသေစွာ,ဦးထိပ်ဖြင့် ခံယူကြကုန်၏။

---

## (၃၀) ''ကောဏ္ဍည'' ရဟန်း၏ ''သောတာပတ္တိ'' မဂ်ဉာဏ်ဖြစ်ပုံပြခန်း

(၃၀) ဋ္ဌမသ္မိံ စ ပန ဝေယျာ ကရဏသ္မိံ၊ ဤသို့ ''ဂါထာ''
မဖက်၊ သက်သက်''စုဏ္ဏိယ'' ဖြစ်သောအမေး,အဖြေ,
ဖြစ်သော ''ဗျာကရဏ်း'' ကို။ ဘည-မာနေ၊ ဟော
ကြားတော် မူအပ်ပြီးသော်။ အာ ယသ္မတော၊ ရှည်
သော သက်တော်ရှိသော။ ကောဏ္ဍညဿ၊''ဋ္ဌသိပဗ္ဗဇ
ကောဏ္ဍည'' ရဟန်းအား—
(၁) ဝိ-ရဇံ၊ အပါယ်သို့ လားစေတတ်သော ရာဂ,အစရှိ
သော မြူမှ ကင်းသော,—
(၂) ဝိ တ-မလံ၊ ဒိဋ္ဌိ,ဝိစိကိစ္ဆာ, တရားနှစ်ပါးကို အကြွင်း
မဲ့ ပယ်သဖြင့် ကင်းသော အညစ်အကြေး ရှိသော။ ဓမ္မ
စက္ခုံ၊ သစ္စာလေးပါး၊ တရားအစဉ်ကို၊ သိမြင်တတ်
သော ''သောတာပတ္တိ'' မဂ်ဉာဏ် တည်းဟူသော
ပညာ မျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်လာ၏။

## (၃၁) ''ကောဏ္ဍည''ရဟန်း၏၊ တေဘူမက သင်္ခါရ တရားတို့၌ အသိဉာဏ်ဖြစ်ပုံပြခန်း

(၃၁) ကိံ ဥဒပါဒိ၊ အဘယ်သို့ ထင်ရှားဖြစ်ပေါ်လာသနည်း ဟူမူကား—

(၁) ယံကိဉ္စိ၊ အလုံးစုံသော တေဘူမက သင်္ခါရ သဘော တရားသည်။ သမုဒယဓမ္မံ၊ ပြုပြင်မှုဟူသော အကြောင်း ကိုမှီ၍ ဖြစ်ခြင်းသဘောရှိ၏။

(၂) တံသဗ္ဗံ၊ ထိုသို့ ဖြစ်ခြင်း သဘောရှိသော တေဘူမက သင်္ခါရတရား ဟူသမျှသည်။ နိရောဓဓမ္မံ၊ အကြောင်း တရားတို့၊ ကုန်သုံး ချုပ်သိမ်းက၊ ချုပ်ငြိမ်းခြင်းသဘော ရှိ၏။

ဣတိ၊ ဤသို့။ ဉာဏံ၊ သိတတ်သောဉာဏ်သည် ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်လာ၏။

---

## (၃၂) ''ဓမ္မစကြာ''တရား၊ဟောကြားပြီးနောက်၊ နတ်, ဗြဟ္မာ တို့၏၊ကြွေးကြော်ပုံပြခန်း

(၃၂) ဘဂဝတာ၊ မြတ်စွာဘုရားသျှင်သည်။ ဓမ္မစက္ကေ၊ ''ဓမ္မ စကြာ'' တရားတော်မြတ်ကို ပဝတ္တိတေစပန၊ ဟောကြား တော်မူအပ်ပြီးသည် ရှိသော်ကား။ ဘုမ္မာ ဒေဝါ၊ ဘုမ္မစိုး နတ်တို့သည်။ သဒ္ဒံ၊ ကောင်းချီးပေးသောအသံကို။ အနုဿာ ဝေသုံ၊ တပြိုင်နက်တည်း၊ ကြွေးကြော် ကြကုန်၏။

ကိံ အနုဿာဝေသုံ၊ အဘယ်သို့ ကြွေးကြော် ကြကုန် သနည်း—

ဘဂဝတာ၊ မြတ်စွာဘုရားရှင်သည်။ ဗာရာဏသိယံ၊ ''ဗာရာ ဏသီပြည်''၌။ ဣသိပတနေ၊ ''ဣသိပတန''အမည် [illegible] သော။ မိဂဒါယေ၊ ''မိဂဒါဝုန်''တော၌။ [illegible]

(၁) ကေနစိ၊ တစုံတယောက်သော။ သမဏေနဝါ၊ ရဟန်းသည်ငှင်း။
(၂) ကေနစိ၊ တစုံတယောက်သော။ ဗြာဟ္မဏေနဝါ၊ ပုဏ္ဏားသည်ငှင်း။
(၃) ကေနစိ၊ တစုံတယောက်သော။ ဒေဝေနဝါ၊ နတ်သည်ငှင်း။
(၄) ကေနစိ၊ တစုံတယောက်သော။ မာရေနဝါ၊ မာရ်နတ်သည်ငှင်း။
(၅) ကေနစိ၊ တစုံတယောက်သော။ ဗြဟ္မုနာဝါ၊ ဗြဟ္မာမင်းသည်ငှင်း။ အ-ပ္ပဋိ-ဝတ္တိယံ၊ မတားမြစ်နိုင်သော။ (မဟောကြားနိုင်သော) အနုတ္တရံ၊ အတုမရှိသော။ တံဓမ္မစက္ကံ၊ ဤ "ဓမ္မစကြာ" တရားတော်မြတ်ကို။ ပဝတ္တိတံ၊ ဟောကြားတော်မူအပ်ပြီ။ ။ဣတိ၊ ဤသို့။ အနုဿာဝေသုံ၊ တပြိုင်နက်တည်းကြွေးကြော်ကြကုန်၏။
(၁) ဘုမာနံ ဒေဝါနံ၊ ဘုမ္မဇိုဝ်းနတ်တို့၏။ သဒ္ဒံ၊ ကောင်းချီးပေးသောအသံကို။ သုတွာ၊ ကြား၍။
(၁) စာတု မဟာရာဇိကာဒေဝါ၊ စာတု မဟာရာဇ် နတ်တို့သည်။ သဒ္ဒံ၊ ကောင်းချီးပေးသောအသံကို။ အနုဿာဝေသုံ၊ တပြိုင်နက်တည်း၊ ကြွေးကြော်ကြကုန်၏။ စာတု-မဟာရာဇိကာနံ—ဒေဝါနံ၊ စာတုမဟာရာဇ် နတ်တို့၏။ သဒ္ဒံ၊ ကောင်းချီးပေးသောအသံကို။ သုတွာ၊ ကြား၍။—
(၂) တာဝတိံသာဒေဝါ၊ တာဝတိံသာနတ်တို့သည်။
(၃) ယာမာ ဒေဝါ၊ ယာမာနတ်တို့သည်။
(၄) တုသိတာ ဒေဝါ၊ တုသိတာနတ်တို့သည်။
(၅) နိမ္မာန ရတိဒေဝါ၊ နိမ္မာနရတိနတ်တို့သည်။
(၆) ပရနိမ္မိတဝသဝတ္တိဒေဝါ၊ ပရနိမ္မိတဝသဝတ္တိနတ်တို့သည်။
(၇) ဗြဟ္မကာယိကာ၊ ဗြဟ္မာပြည်၌ ဖြစ်ကြကုန်သော။ ဒေဝါ၊ ဗြဟ္မာတို့သည်။ သဒ္ဒံ၊ ကောင်းချီးပေးသော အသံကို။ အနုဿာဝေသုံ၊ အဆင့် ဆင့် ကြွေးကြော်ကြကုန်၏။

ကိံ, အနုဿာဝေသုံ၊အဘယ်သို့ကြွေးကြော်ကြကုန်ဘိသနည်း။ ဘဂဝတာ၊ မြတ်စွာဘုရားသျှင်သည်။ ဗာရာဏသိယံ၊ ''ဗာရာဏသီ''ပြည်၌။ ဣသိပတနေ၊ ''ဣသိပတန'' အမည်ရှိသော။ မိဂ ဒါယေ၊ ''မိဂဒါပုန်''တော၌။ လောကသ္မိံ၊လောက၌။—

(၁) ကေနစိ၊ တစုံတယောက်သော။ သမဏေန၀ါ၊ ရဟန်းသည်၎င်း။

(၂) ကေနစိ၊ တစုံတယောက်သော။ ဗြာဟ္မဏေန၀ါ၊ ပုဏ္ဏားသည်၎င်း။

(၃) ကေနစိ၊ တစုံတယောက်သော။ ဒေဝေန ၀ါ၊ နတ်သည်၎င်း။

(၄) ကေနစိ၊ တစုံတယောက်သော။ မာရေန ၀ါ၊ မာရ်နတ်သည်၎င်း။

(၅) ကေနစိ၊ တစုံတယောက်သော၊ ဗြဟ္မုနာ ၀ါ၊ ဗြဟ္မာမင်းသည်၎င်း။ အ-ပ္ပဋိ-၀တ္တိယံ၊ မတားမြစ်နိုင်သော။ (မဟောကြားနိုင်သော။)အနုတ္တရံ၊ အတုမရှိသော။ ဇော် ဓမ္မ စက္ကံ၊ ထို ''ဓမ္မစကြာ''တရားတော်မြတ်ကို။ ပဝတ္တိတံ၊ ဟောကြားတော် မူအပ်ပြီ။ ဣတိ၊ ဤသို့။ အနုဿာ ဝေသုံ၊ တညံ့ညံနက်တည်း၊ ကြွေးကြော်ကြကုန်၏။

---

## (၃၃) ကြွေးကြော်သောအသံ၏၊ပျံ့နှံ့တက်ရောက်ပုံ ပြခန်း

(၃၃)(၁) တေနခဏေန၊ လက်ဖျစ်ဆယ်တွက်ဟူသော ကိုးကော ဖြင့်။ (၂) တေန လယေန၊ ဘယ်ကော ဟူသော ကို လယဉ်င့်။ (၃) တေန-မုဟုတ္တေန၊ ... ဟူသော ထိုမုဟုတ်ဖြင့်။ ယာ ... ပြဟ္မာလောကတိုင်အောင်၊ သဒ္ဒေါ၊ ကျော်စောသော အသံသည်။ အဘ္ဘုဂ္ဂ-ဉ္ဆိ၊ တက်လေ၏။

## (၃၄) မြေကြီး၏တုန်လှုပ်ပုံ ပြခက်း

(၁) အယုဒ္ဓ-ဒသ-သဟဿိ-လောက-ဓာတု၊ ဤတသောင်းသော လောကဓာတ် စကြာဝဠာသည်။
(၂) သံကမ္ပိ၊ အောက်သို့ သက်၍ သက်၍ လှုပ်၏။
(၃) သမ္ပကမ္ပိ၊ အထက်သို့ တက်၍ တက်၍ လှုပ်၏။
(၄) သမ္ပဝေဓိ၊ ဝဲ၊ ညာမှ ယောဉ်ကဲ့သို့ လှုပ်၏။

## (၃၅) အရောင် အလင်းဖြစ်ပုံပြခက်း

(၁) အပ္ပမာဏော၊ အတိုင်းအရှည် မရှိသော။ ဥဠာရော၊ ပြန့်ပြောသော။ ဩဘာသော၊ ဒေဝါနံ ဒေဝါနုဘာဝံ၊ ဒေဝါနုဘာဝကြောင့် ဖြစ်သောအရောင် အလင်းသည်လည်း။ လောကေ၊ လောက၌။ ပါတုရဟောသိ၊ ထင်ရှားဖြစ်၏။ ... စဝါ-ဒေဝ-ဘာဝံ၊ နတ်၊ ဗြဟ္မာ၊ တို့၏။ ... ဗြဟ္မာတို့၏ အာ...ဘော်ကိုအတိက္ကမ္မ၊သာလွန် ... မ်းမိုး၍၊ ပါတုရဟောသိ၊ ထင်ရှားဖြစ်၏။

## (၃၆) ဥဒါန်းကျူးရင့်ပုံနှင့်၊ ဘွဲ့အမည်တော်၊ အပ်နှင်းပုံပြခက်း

(၁) အထခေါ၊ ထိုအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရား သျှင်သည်။ ဥဒါနံ၊ ဝမ်းမြောက်သော စကားကို၊ ဥဒါနေသိ၊ အသောင်းလိုက်သား၊ နတ်၊ လူ၊ များတို့၊ ကြားသိလေအောင် ...ကျူးရင့် တော်မူ၏။

... ဥဒါန်းနေသိ၊အဘယ်သို့ ကျူးရင့် တော်မူသနည်း။
(၁) ... ဘော ... ''ပဉ္စဝဂ္ဂီ'' ရဟန်းတို့။—
ကောဏ္ဍညော၊''ကောဏ္ဍည''ရဟန်းသည်။ဝတ၊စင်စစ် ကေန်၊ အမှန်အားဖြင့်၊ အညာသိ၊ သစ္စာလေးပါး၊ တရားအစဉ်ကို၊ သိပြီ...

(၂)※ဘော၊ အို“ပဉ္စ ဝဂ္ဂီ”ရဟန်းတို့။
ကောဏ္ဍညော၊“ကောဏ္ဍည”ရဟန်းသည်။ ဝတ၊ စင်စစ်
ကောန်၊အမှန်အားဖြင့်။ အညာသိ၊ သစ္စာလေးပါး တရား
အစဉ်ကို သိမြင်ပြီ။
ဣတိ၊ ဤသို့အားဖြင့်။ဥဒါနေသိ၊ ဥဒါန်းစကား၊ မိန့်ကြား
မြွက်ဆိုတော်မူ၏။

(ခ) ဣတိဟိ၊(ဣတိဝေ၊)ဤသို့“ဥဒါန်း”စကား၊မိန့်ကြားကျူး
ရင့်တော်မူသောကြောင့်သာလျှင်။ အာယသ္မတော၊ ရှည်
သောသက်တော်ရှိသော။ကောဏ္ဍညဿ၊“ ကောဏ္ဍည”
ရဟန်းအား။ အညာသိ ကောဏ္ဍညောတွေဝ၊ “အညာသိ
ကောဏ္ဍည”ဟူ၍သာလျှင်။ ဣဒံနာမံ၊ ဤအမည်သည်။
အဟောသိ၊ဖြစ်ပြီ။

---

## (၃၇)“အညာသိ-ကောဏ္ဍည”ဣသိ-ပဗ္ဗဇရဟန်း၏ ရှင်,ရဟန်း,ပြုရလိုကြောင်း ခွင့်တောင်းပုံပြခန်း

(၃၇) အထခေါ၊ ထိုသို့ “သောတာပတ္တိ” မဂ်ဉာဏ် ရပြီးသော
အခါ၌။ အာယသ္မာ၊ ရှည်သော သက်တော်ရှိသော။
အညာသိ ကောဏ္ဍညော၊ အသျှင်“အညာသိကောဏ္ဍည”
ဣသိ-ပဗ္ဗဇရဟန်းသည်။

(၁) ဒိဋ္ဌ-ဓမ္မော၊ မြင်အပ်ပြီးသော သစ္စာတရားရှိသည်ဖြစ်၍—

(၂) ပတ္တ-ဓမ္မော၊ရောက်အပ်ပြီးသော သစ္စာတရားရှိသည်ဖြစ်၍—

(၃) ဝိဒိတ-ဓမ္မော၊ သိအပ်ပြီးသော သစ္စာတရား ရှိသည်ဖြစ်၍—

(၄) ပရိယောဂါဠှ-ဓမ္မော၊ ဉာဏ်ဖြင့် သက်ဝင်အပ်ပြီးသော
သစ္စာတရားရှိသည်ဖြစ်၍—

(၅) တိဏ္ဏ-ဝိစိကိစ္ဆော၊ ကူးမြောက်ပြီးသော တဆဲ့ခြောက်ပါး
သော ယုံမှားခြင်း, + ရှစ်ပါးသော ယုံမှားခြင်း, ‡ ရှိသည်
ဖြစ်၍—

(၆) ဝိဂတ-ကထံကထော၊ သို့လော-သို့လော၊ တွေးတောယုံမှား ခြင်းကင်းသည်ဖြစ်၍—

(၇) သတ္ထု သာသနေ၊ မြတ်စွာဘုရားသျှင်၏ သာသနာတော်၌၊ ဝေသာရဇ္ဇ-ပတ္တော၊ ရဲရင့်ခြင်းသို့ ရောက်သည်ဖြစ်၍—

(၈) အ-ပရ-ပစ္စယော၊ ကိုယ်တိုင်မျက်မှောက် သိမြင်အပ်သည် ဖြစ်၍ သူတပါးတို့အား ယုံကြည်ခြင်းမဖြစ်မူ၍— ဘဂဝန္တံ၊ မြတ်စွာဘုရားသျှင်ကို။ ဧတံ ဝစနံ၊ ဤသို့သော စကားကို။ အဝေါစ၊ လျှောက်ကြားလေ၏။

ကိံ အဝေါစ၊ အဘယ်သို့လျှောက်ကြားသနည်းဟူမူကား။

ဘန္တေ၊ ဘုန်းတော်ကြီးမား အသျှင်မြတ်ဘုရား။

အဟံ၊ "ကောဏ္ဍည" မည်တွင်၊ တပည့်ရှင်သည်။ ဘဂဝတော၊ ဘုန်းတော်ကြီးမြင့်၊ တန်ခိုးတင့်လတ်၊ အသျှင်မြတ်ဘုရား၏။ သန္တိကေ၊ ထံပါးမျက်မှောက်၊ ရှေ့တော်အောက်၌။ ပဗ္ဗဇ္ဇံ၊ ရှင် "သာမဏေ" အဖြစ်ကို။ လဘေယျံ၊ ရချင်ပါ၏ဘုရား။

ဘန္တေ၊ ဘုန်းတော်ကြီးမား၊ အသျှင်မြတ်ဘုရား။

အဟံ၊ "ကောဏ္ဍည" မည်တွင်၊ တပည့်ရှင်သည်။ ဘဂဝတော၊ ဘုန်းတော်ကြီးမြင့်၊ တန်ခိုးတင့်လတ်၊ အသျှင်မြတ်ဘုရား၏။ သန္တိကေ၊ ထံပါးမျက်မှောက်၊ ရှေ့တော်အောက်၌။ ဥပ-သမ္ပဒံ၊ ရဟန်း- ပဉ္စင်း, ၏အဖြစ်ကို။ လဘေယျံ၊ ရချင်ပါ၏ဘုရား။

ဣတိ၊ ဤသို့။ အဝေါစ၊ လျှောက်ကြားလေ၏။

---

## (၃၈) (ဧဟိဘိက္ခု) ခေါ်ပုံနှင့် (ဧဟိဘိက္ခု) ရဟန်းဖြစ်ပုံပြခန်း

(၃၈) ဘိက္ခု၊ "ကောဏ္ဍည" မည်တွင်၊ ငါ့ရှင်- ချစ်သားရဟန်း။ ဧဟိ၊ ငါ၏ထံမှောက်၊ ချဉ်းကပ်လာရောက်လေလော့။ ဓမ္မော၊ သစ္စာလေးပါး၊ တရားအစဉ်ကို။ သွာ-က္ခာတော၊ ကောင်းစွာ ဟောကြား

အပ်ပြီ။ ဒုက္ခဿ၊ သံသရာဝဋ်ဒုက္ခ၏။ အန္တကိရိယာယ၊ အဆုံးအပိုင်း အခြားကို ပြုခြင်းငှါ။ သမ္မာ၊ ဝီရိယ-ဓာတ်၊ တူးပြတ်ကောင်းပွန်စွာ။ ဗြဟ္မစရိယံ၊ သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ်,ဟူသော အထက်မဂ် သုံးပါး၊ မြတ်သော အကျင့်တရားကို။ စရ၊ ကြိုးစား, မယုတ်၊ အားထုတ်ကျင့်လေလော့။

ဣတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသျှင်သည်။ ဒမဝေါစ၊ သံသာချုပ်ငြိမ်း၊ ဟောမိန့်တော်မူလေပြီ။ တဿ၊(အာယသ္မတော၊) ထိုအသျှင် "အညာသိ-ကောဏ္ဍည" ရဟန်းအား။ သာဝ ဥပသမ္ပဒါ၊ ပုံ(ဖော် ဘိ ၂)ရဟန်း, ပဉ္စင်းအဖြစ်သည်သာလျှင်၊ အဟောသိ၊ ဖြစ်ရလေ၏၊

ဓမ္မ-စက္ကပဝတ္တနသုတ္တံ၊ ဓမ္မ-စက္က ပဝတ္တနသုတ်သည်။ နိဋ္ဌိတံ၊အနက်ပြန်မာ၊ ရေးစီကာဖြင့်၊ သံသာ့တတ်နှုံ၊ ပြန်ဆိုပြီးလတ်၊ အဆုံးသတ်လေပြီ။

ဓမ္မစကြာ-ပါဠိတော်

နှင့်

ဓမ္မစကြာ-နိဿယသစ်

ပြီးပြီ။

စတုတ္ထအကြိမ်ပုံနှိပ်ခြင်း
(၁၃၁၆–ခုနှစ်၊ တပေါင်းလ)

# ဓမ္မစကြာနိဒါန်း

''မဂ္ဂါနဋ္ဌင်္ဂိကော သေဋ္ဌော၊
သစ္စာနံ စတုရော ပဒါ၊
ဝိရာဂေါ သေဋ္ဌော ဓမ္မာနံ၊
ဒွိပဒါနဉ္စ စက္ခုမာ''။

ဓမ္မ-ပဒ-၂၀၊
မဂ္ဂ-ဝဂ်၊ ၂၀၃။

(၁) မဂ္ဂါနံ၊ လေကြောင်း, ရေကြောင်း၊ မြေကြောင်း, တသွယ်၊ ခြောက်ဆဲ့နှစ်ဖြာ၊ များစွာသော မျိုးလမ်း (မဂ္ဂ) တို့တွင်။ အဋ္ဌင်္ဂိကော၊ ''သမ္မာ ဒိဋ္ဌိ၊''စရှိများစွာ၊ အင်္ဂါ ရှစ်ပါးရှိသော အရိယာမဂ်ဟူသော လမ်း ခရီးသည်။ သေဋ္ဌော၊ ချမ်းသာရကြောင်း၊ တရားကောင်းမကန်၊ အမှန်ဖြစ်၍ မြတ်ပေ၏။

(၂) သစ္စာနံ၊ ဝစီသစ္စာ၊ သမ္ပုတိ သစ္စာ၊ ပရမတ္ထ သစ္စာ ဟူသော အမှန်သစ္စာ တရားတို့တွင်။ စတုရော ပဒါ၊ ''ဒုက္ခံ အရိယ သစ္စ'' အစရှိသော လေးပါးသော သစ္စာ မြင့်မြတ်ကြသည်။ သေဋ္ဌော၊ ချမ်းသာရကြောင်း၊ တရားကောင်း မကန်၊ အမှန် မြတ်ပေကုန်၏။

(၃) ဓမ္မာနံ၊ ခပ်သိမ်းသော တရားအပေါင်းတို့တွင်၊ ဝိရာဂေါ၊ တပ်ခြင်း-ရာဂ၊ ကင်းစင်ပ၍၊ အမတ ဓာတ်၊ ''နိဗ္ဗာန်'' ဟူသော တရားမြတ်သည်။ သေဋ္ဌော၊ ချမ်းသာ ရကြောင်း၊ တရားကောင်း ကေန်၊ အမှန်ဖြစ်၍ မြတ်ပေ၏။

(၄) ဒွိပဒါနံ၊ အခြေ နှစ်ချောင်းရှိသော သတ္တဝါ အပေါင်းတို့တွင်။ စက္ခုမာ၊ မျက် ငါးအင်၊ သိမြင်ပယ်ရှား၊ မြတ်စွာ ဘုရားသည်။ သေဋ္ဌော၊ ချမ်းသာ ရကြောင်း ''တရား ကောင်း'' ကေန်၊ အမှန်ဖြစ်၍ မြတ်ပေ၏

ဤသို့ ဟောတော်မူရာ၊ လေးပါးသော ... တို့တွင်၊ နှစ်ခုမြောက် ဖြစ်သော—

(၂) **သစ္စာနံ စတုရောပဒါ**…ဟူသည်နှင့် အညီ၊ လောကီ ရေးရာ အဖြာဖြာသော အမှု အလုပ် တို့၌၊ (သစ္စာ) မှန်ကန်သော ပြောဆိုခြင်း၊ (သစ္စာ) မှန်ကန်သော ပြုလုပ်ခြင်း၊ (သစ္စာ)မှန်ကန်သော ကြံစည်ခြင်း, ဟူသော မှန်ကန်သော (သစ္စာ)တရားအပေါင်းတို့တွင်၊ လေးပါးသော မှန်ကန်ခြင်းတို့သည် သာလျှင်၊ အထူးသဖြင့်၊ ချမ်းသာရကြောင်း၊ တရားကောင်း ကေန်၊ အမှန်ဖြစ်၍၊ ချီးမွမ်းအပ် ချီးမွမ်းထိုက် ချီးမွမ်းသင့်လှပေသော "**သစ္စာ**" မှန်ကန်ခြင်းမျိုး မည်၏။

"**သစ္စာ**" မှန်ကန်ခြင်းလေးပါးဟူသည်ကား—

(၁) **ဒုက္ခ သစ္စာ**၊ ဆင်းရဲသော တရားအမှန်(ရုပ်-နာမ်တရား။)

(၂) **သမုဒယ သစ္စာ**၊ ဆင်းရဲ ဖြစ်ကြောင်းတရားအမှန်(လောဘ တရား။)

(၃) **နိရောဓသစ္စာ**၊ ဆင်းရဲ၏ချုပ်ရာတရားအမှန်(နိဗ္ဗာန်တရား။)

(၄) **မဂ္ဂသစ္စာ**၊ ဆင်းရဲ၏ ချုပ်ငြိမ်းကြောင်း တရားအမှန် (မဂ္ဂင် ရှစ်ပါးတရား။)

ဤလေးပါးသော မှန်ကန်ခြင်း မျိုးတို့မှ သာလျှင် "ပရမတ္ထသစ္စာ" ခေါ်၊ အမှန်ဆုံးဖြစ်၍၊ ထိုအမှန်ဆုံးဖြစ်သော "ပရမတ္ထ သစ္စာ" တရားကို၊ ပိုင်းပိုင်း ခြားခြား၊ နားလည်သိမြင်မှသာလျှင်၊သံသရာစခန်း ၌၊ "ခန္ဓာဝန်" ဇာတ် လမ်း သိမ်း၍၊ငြိမ်းချမ်းသော သန္တိသုခ ဖြစ်မည် မှန်၏။ ။ပညတ်အမှန်မျိုး သိရုံမျှဖြင့်၊ သံသရာ၌ "ခန္ဓာဝန် ဇာတ် လမ်း၊ စခန်း မသိမ်းနိုင်ကြပေ။

"ပရမတ္ထ" သစ္စာအမှန်တရားမျိုး၊ သိမြင်ကြရာ၌လည်း၊ အသိ ဉာဏ်၏၊ အနုအရင့်၊ အဆင့်ဆင့်သို့လိုက်၏။ သိမြင်ပုံ အကျိုးရပုံတို့ကို အောက်၌၊ ဖေါ်ပြအပ်သောနည်း တို့ဖြင့်၊ ခွဲဝေပြဦးအံ့။

(၁) "ပရမတ္ထ" သစ္စာ ခေါ်၊ အမှန်တရား လေးပါးကို၊ သိ သောဉာဏ်သည်၊ (၁)**အနုဗောဓ**ဉာဏ်၊ (၂)**ပဋိဝေဓ**ဉာဏ်၊ဟူ၍ ၂-မျိုး တို့တွင်၊ (၁)**အနုဗောဓ** ဉာဏ်ဆိုသည်ကား ရှေးဦးစွာ ဆရာအထံ၌၊

သင်ကြားနာယူ၍သိမြင်သော အသိဉာဏ်တည်း။ ။ဆိုဥုံးအံ့။ ။ထို ဉာဏ်သည်၊ လောကီပုထုဇဉ် ပုဂ္ဂိုလ်တို့၏ သန္တာန်၌ဖြစ်သော မဟာ ကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု၌ ယှဉ်၍ဖြစ်သော ပညာစေတ သိက်၊ (သမ္မာ ဒိဋ္ဌိ) မဂ္ဂင်ပင်တည်း။ ။ထိုဉာဏ်ဖြင့်၊ ပရိယတ္တိ ဓမ္မကို အဆင့်ဆင့်သင်ကြားနာယူ၍၊ ထိုမှ-ရအပ်သော အသိဉာဏ်ဖြင့်၊ (၁) ဂန္ထာ ါးပါး ဟူသော ရုပ်-နာမ်တရားတို့ကို၊ ဒုက္ခသစ္စာ ၏အဖြစ်ဖြင့် သိ၏။—

(၂) "ယောဘ" စေတသိက်ကို၊ (တဏှာကို) (ရာဂကို) ဒု ္ခ သစ္စာ ဖြစ်ကြောင်းဖြစ်သော သမုဒယသစ္စာ၏ အ ြစ်ဖြင့် သိ၏။

(၃) "နိဗ္ဗာန်" ခေတ်တရားကို၊ ဒုက္ခသစ္စာ၏ ချုပ်ရာ နိရောဓ သစ္စာ၏အဖြစ်ဖြင့် သိ၏။

(၄) သမ္မာ ဒိဋ္ဌိ၊ သမ္မာ-သင်္ကပ္ပ, အစရှိသော မဂ္ဂင်ရှစ်ပါးတရား ကို၊ ဒုက္ခသစ္စာ၏ ချုပ်ရာ၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ် သော မဂ္ဂသစ္စာ၏ အ စ် ြင့်သိ၏။

 ျ ့ို သိ ြင်ခြင်း ျိုးသည်၊ (၁) "အနုဗောဓ" ဉာဏ် ိ ိုး ြင်းမျိုးမည်၏။

## ပဋိဝေဓဉာဏ်ဖြစ်ပုံ

(၂) ပဋိဝေဓဉာဏ်… ်ုသည်ကား၊ ကိုးထွင်း ုသိသော ာ ်တည်း၊ ယုထပ်စွာ ပိတ် ံး ိုးဖောက်၍ ေ ာေ သော အရာ ဝတ္ထု တခုခုကို၊ ဖောက်ထွင်း၍ ိုင်ိုင်သောဉာ ျိုး ို ော အသိဉာ ျိုး ဟုဆိုလို၏။

 ိုဉာဏ်သည် လောကုတ္တရာ မဂ်စိတ်လေးပါး၌ ယှဉ်သော … ေစတသိက်(သမ္မာ ိ)မဂ္ဂင်ပင်တည်း။

ထိုဉာဏ်တို့ကိုပင်၊ အာ ့ အရ သိုလိုက်၍ ( )ဂာစ္စဉာ ံ၊ ( ကိစ္စ ဉာ ၊ (၃)ကတဉာဏ်, ဟူ ့ အမည်ပေး ြီး ျင်—

(၁) ဒုက္ခသစ္စာကို၊ ဉာဏ်သုံးပါးဖြင့်၊ ပိုင်းခြား၍ သိအပ်သော တရားအဖြစ်ဖြင့်၊ ထိုးထွင်း၍သိမြင်၏။

(၂) သမုဒယသစ္စာကို၊ ဉာဏ်သုံးပါးဖြင့်၊ ပယ်အပ်သော တရား အဖြစ်ဖြင့်၊ ထိုးထွင်း၍သိမြင်၏။

(၃) နိရောဓသစ္စာကို၊ ဉာဏ်သုံးပါးဖြင့်၊ အာရုံပြုအပ်သောတရား အဖြစ်ဖြင့်၊ ထိုးထွင်း၍သိမြင်၏။

(၄) မဂ္ဂသစ္စာကို၊ ဉာဏ်သုံးပါးဖြင့်၊ ပွားများအပ်သော တရား အဖြစ်ဖြင့်၊ ထိုးထွင်း၍သိမြင်၏။

ဤသို့သိမြင်ခြင်းမျိုးသည်၊ ''ပဋိဝေဓ'' ဉာဏ်ဖြင့် ထိုးထွင်း၍သိမြင်ခြင်း မျိုးမည်၏။

**ထင်ရှားစေဦးအံ့**....မြတ်စွာဘုရားသျှင်သည်၊ မဟာပရိနိဗ္ဗာန် ပြုခါနီးအချိန် ''**ကောဋိ**''ရွာ၌၊ သီတင်းသုံး နေတော်မူစဉ်၊ ဤသို့ဟောကြားတော်မူ၏။

အို– ချစ်သားရဟန်းတို့။ ။ဒုက္ခ သစ္စာ၊ သမုဒယ သစ္စာ၊ နိရောဓ သစ္စာ၊မဂ္ဂသစ္စာ အားဖြင့်၊ လေးတန်ပိုင်းခြား၊ **အရိယ–သစ္စာ** ဟူသော မြတ်သော အမှန်တရားကို၊ **အနုဗောဓ**ဉာဏ်ဟူသော ပုထုဇဉ်တို့၏ ဉာဏ်အမြင်မျှဖြင့် ပိုင်းပိုင်းခြားခြား မသိခြင်းကြောင့်ရင်း။

**ပဋိဝေဓ**...ဉာဏ် ဟူသော မဂ်ဉာဏ်လေးပါးတို့ဖြင့်၊ အဆင့်ဆင့် အနုသယ, ကိလေသာတရားတို့ကို၊ ပယ်ဖြတ်လျက်၊ ကိလေသာဟူ၊ မြူ မှုန်ကင်း၍၊ အလင်းသို့ရောက်သဖြင့်၊ **အရိယသစ္စာ** ဟူသော အမှန်တရား တို့ကို၊ ပိုင်းခြား ထင်ထင်၊ မဂ်ဉာဏ်အမြင်ဖြင့်၊ မသိရခြင်းကြောင့်ရင်း။

ဤသို့မျှဖြင့်၊ ငါဘုရားသျှင်အားရင်း၊ သင်ချစ်သားတို့အားရင်း၊ အဓ္ဓန့်ရှည်ကြာ၊ သံသရာ၌၊ တဘဝမှသည်+တဘဝသို့ရင်း၊ တဘုံမှ သည်+တဘုံသို့ရင်း။ ပြောင်း၍+ပြောင်း၍၊ တပြောင်း-ပြန်ပြန်၊ ကြိမ်ဖန် မလပ်၊ အထပ်ထပ် ပြေးသွားခဲ့ရလှလေပြီ။ (ကျင်လည်ခဲ့ရ လှလေပြီ)ဟူ၍၊ ဟောတော်မူ၏။ ။ဟောတော်မူဟန်ကား–

စတုန္နံ ဘိက္ခဝေ အရိယ သစ္စာနံ၊ အနနုဗောဓာ၊ အပ္ပဋိဝေဓာ၊ ဧဝမိဒံ ဒီဃမဒ္ဓါနံ သန္ဓာဝိတံ၊ သံသရိတံ၊ မမဥ္စေဝ တုမှာကဉ္စ—ဟူ၏။

ကိုနောက်တဖန် ဤသို့ ဟောတော်မူပြန်၏။

ဒို—ချစ်သားရဟန်းတို့။ ။ထိုသို့ အဓွန့်ရှည်ကြာ၊ သံသရာ၌၊ ကျင်လည်ရစဉ်၊ အိပ်မက် တွင်မှ၊ မမြင်ရ, မကြားရဘူးသော အရိယသစ္စာ ဟူသော မြတ်သော အမှန်တရားကို၊ ဤယခုအခါ၌၊ အနုဗောဓ ဉာဏ်ဖြင့် သိပြီး ပြီးပြီ။ + ပဋိဝေဓ ဉာဏ်ဖြင့် သိပြင် ပြီးပြီ-ဟူ၍၊ ဟောတော်မူ၏. ။ ဟောတော်မူဟန်ကား—

တယိဒံ ဘိက္ခဝေ၊ ဒုက္ခံ အရိယသစ္စံ၊ အနုဗုဒ္ဓံ၊ ပဋိဗုဒ္ဓံ၊—ဟူ၏။

ဤသို့အားဖြင့်၊ အရိယသစ္စာ ဟူသော မြတ်သော အမှန်တရားကို၊ အနုဗောဓ ဉာဏ်၊ ပဋိဝေဓ ဉာဏ် နှစ်ပါးဖြင့်၊ ပိုင်းပိုင်း ခြားခြား မသိရခြင်းကြောင့်၊ အဓွန့် ရှည်ကြာ၊ သံသရာ၌၊ ကျင်လည်ရခြင်းသည်ကား၊ ဝဋ် သုံးပါးတို့တွင် အကျိုး (ဝိပါက) ဝဋ်မည်၏၊ သစ္စာလေးပါးတို့တွင်၊ အကျိုး ဒုက္ခသစ္စာ ဖြစ်ရသည်မည်၏။

ထိုနောက် တဖန်၊ ဆင်ခြင် ပြန်သော ဤအကျိုး(ဝိပါက)ဝဋ်တရားတို့ကို၊ ဖြစ်ပွါးစေတတ်သော တရားသည်ကား၊ ဝဋ်သုံးပါးတို့တွင်၊ တဏှာ-သုံး[illegible] [illegible]မိုး [illegible]သည်၊ [illegible]ကမ္မ)ဝ[illegible] [illegible] သစ္စာ လေးပါးတို့တွင်၊ အကြောင်း သမုဒယသစ္စာ ဖြစ်ရသည်မည်၏။

ထိုနောက်တဖန်၊ ဆင်[illegible] [illegible]သော အရိယ-သစ္စာ [illegible] [illegible]သော အမှန်တရားကို၊ ပိုင်း [illegible]င်း [illegible] [illegible] [illegible] (ဝိပါက) ဝ[illegible]ဟူသော [illegible] အာ[illegible]၊ [illegible] [illegible] [illegible] [illegible]မ်းခြင်းသည်၊ သစ္စာလေးပါးတို့တွင်၊ နိရောဓ သစ္စာ [illegible] [illegible]သည် [illegible]ည်၏။

ထို နိရောဓ-သစ္စာ ဟူသော အကျိုး ခန္ဓာဝန်၏ ချုပ်ငြိမ်းကြောင်း အကျင့် တရားသည်ကား၊ သစ္စာ လေးပါး တို့တွင်၊ မဂ္ဂသစ္စာ ဖြစ်ရသည် မည်၏။

ဤသို့ မျှဖြင့်၊ အရိယ-သစ္စာ မြတ်သော အမှန်တရားကို၊ အနု-ပဋိ ဉာဏ်နှစ်ပါးတို့ဖြင့်၊ သိမှု, မသိမှု၊ အကျိုး,အပြစ် ခြားနားပုံကို သိမြင်နားလည်ကြရာ၏။

ဤအရာ၌၊ ပရမတ္ထ သစ္စာခေါ်၊ သစ္စာ လေးပါး၊ တရားအမှန်ကို၊ ပဋိဝေဓ ဉာဏ်ဖြင့်၊ သိမြင်ပြီးဖြစ်၍၊ သံသရာ ဇာတ်လမ်း၌၊ ခန္ဓာဝန် စခန်း သိမ်းတော် မူပြီးဖြစ်သော အသျှင်မြတ် အညာသိ ကောဏ္ဍည ထေရ်၏ ဂုဏ်ကို၊ အာရုံပြု ကြည်ညိုနိုင်ကြရန်၊ အမှတ်မျှ ပြဉ်းအံ့။

မြတ်စွာဘုရားသျှင်သည် ဘိုးတော်အဉ္စနမင်းကြီး၏၊ မြို့ကြွင်းမဟာ သက္ကရာဇ် (၁၀၃) ခုနှစ်၊ ကဆုန်လပြည့်နေ့ည၌၊ ပစ္ဆိမ ယာမ်၏ အဆုံး အရုဏ် တက်သ ဆဲးဆဲးသော အခိုက်၌ သဗ္ဗညုတဉာဏ် မြတ်စွာ ဘုရားသျှင်၏ အဖြစ်သို့ ရောက်တော်မူ၍ ဝါဆိုလပြည့်နေ့ ညဦးအခါ၊ ဤ ''ဓမ္မစက္ကပဝတ္တန'' သုတ်၌ ဟောတော်မူအပ်သော စကားစဉ် အတိုင်း (ပဉ္စဝဂ္ဂီ) ရဟန်းတို့အား၊ ''ဓမ္မစကြာ'' ခေါ်သစ္စာ လေးပါးပြ တရားကို ဟောတော်မူရာ၊ ထိုည၌တရားပွဲ ပြီးဆုံးသောအခါ၊ အသျှင် ''ကောဏ္ဍည'' ဣသိပဗ္ဗဇ္ဇ ရဟန်းသည်၊ သစ္စာ လေးပါး တရားအစဉ်ကို ''ပဋိဝေဓ'' ဉာဏ်ဖြင့်၊ ထိုးထွင်းသိမြင်၍ အရိယာ မျိုးမှန်၊ အဘိုးတန် ဖြစ်သော ''သောတာပန်'' ပုဂ္ဂိုလ်၏ အဖြစ်သို့ ရောက်ရလေ၏။

ဤအရာ၌ မြတ်စွာဘုရားသျှင်သည် သစ္စာလေးပါး တရားအစဉ်ကို၊ ပဋိဝေဓ ဉာဏ်ဖြင့် သိမြင်ပြီးနောက်-အလယ်စပ်ကြား နှစ်လမျှကွာ ခြားပြီးလျှင် အသျှင် ''ကောဏ္ဍည'' ဣသိပဗ္ဗဇ္ဇရဟန်းသည် (မြတ်စွာ ဘုရားသို့ အတုလိုက်၍) သစ္စာလေးပါး တရားအစဉ်ကို ''ပဋိဝေဓ'' ဉာဏ်ဖြင့်သိမြင်ရပြန်သဖြင့်မြတ်စွာဘုရားသျှင်နှင့်၊အသျှင်''ကောဏ္ဍည'' ရဟန်းနှစ်ပါးတို့၏ (အလယ်စပ်ကြား)၌ သစ္စာလေးပါး တရားအစဉ် ကို ''ပဋိဝေဓ''ဉာဏ်ဖြင့် သိမြင်သောသူ-ဟူ၍၊ တဦးတယောက်မျှမရှိ

ဖြစ်ရကား၊ အသျှင် ''ဂေါတမ''၊မြတ်စွာဘုရားသည်၊ သစ္စာလေးပါး တရားကို ရှေးဦးစွာသိမြင်သဖြင့်''**ပဌမဗုဒ္ဓ**''မည်၏။

အသျှင် ''**ကောဏ္ဍည**'' ရဟန်း၌မူကား၊ သစ္စာလေးပါး တရားကို၊ မြတ်စွာဘုရားသျှင် သိမြင်ပြီးနောက်မှ၊ တဆင့်ကြားနာရ၍ သိရသဖြင့် **အနုဗုဒ္ဓ** မည်၏။ ။(ဗုဒ္ဓါ-နုဗုဒ္ဓ) ဟူ၍ ခေါ်တွင်၏။

ဤ'' **ပဌမ-ဗုဒ္ဓ၊ဒုတိယ-ဗုဒ္ဓါ-နုဗုဒ္ဓ**''ဆိုသောစကားနှစ်ရပ်နှင့်၊ ဆက် ၍ (**သဂါထာဝဂ္ဂ၊ ဝင်္ဂီသသံယုတ်၌** အသျှင်''**အညာသိကောဏ္ဍည**'' ထေရ်အား၊ အသျှင် ''**ဝင်္ဂီသ**'' ထေရ်မြတ်က၊ ချီးကျူး လျှောက်ဆိုသော ဂါထာတို့၏ အဓိပ္ပါယ်ကို ဝတ္ထုအစဉ်နှင့်တကွ မြန်မာဘာသာ ပြန်ဆိုပြဦးအံ့။

တရံရောအခါ မြတ်စွာဘုရားသျှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ၊ အသျှင်''**အညာသိ-ကောဏ္ဍည**'' ထေရ်သည် မြတ်စွာဘုရား၏ရှေ့တော်အောက်သို့ ကပ်ရောက်ဝပ်တွားလျက် ခြေတော်စုံကို ဦးပုံဝပ်လျှိုး၊ရှိခိုးခြင်းပြု၏။

※ ထိုနောက်တဖန်၊ ခြေတော်စုံကို၊ နှုတ်ခမ်းတော်ဖြင့်၊ နမ်းရှုပ် စုတ်ယူခြင်းပြု၏။

※ ထိုနောက်တဖန်၊ ခြေတော်စုံကို၊ လက်တော်ဖြင့် ဆုပ်နယ်ခြင်းပြု၏။

ထိုနောက်တဖန်—

※ (၁) **ကောဏ္ဍညောဟံ ဘဂဝါ**…ဘုန်းတော်ကြီးမား၊ အသျှင်မြတ်ဘုရား။ ။တပည့် သည့် ကား၊ ''**ကောဏ္ဍည**'' ပါဘုရား=ဟူ၍ငင်း။

※ (၂) **ကောဏ္ဍညော - ဟံ သုဂတ**…ဟုတ်မှန်ကျိုးမျှား၊ စကားမွန်ကို၊ ညွှန်ပြတော်မူတတ်သော အသျှင်မြတ်ဘုရား။ ။တပည့်သည်ကား၊''**ကောဏ္ဍည**''ပါဘုရား= ဟူ၍ငင်း -မိမိ၏အမည်ကို ကြားသိစေရန်လျှောက်ဆိုပြန်၏။

ထိုအခါအသျှင် "ဝင်္ဂီသ" ထေရ်သည် မြတ်စွာဘုရားသျှင်၏ အနီး၌ ပင် ဆည်းကပ်လျက်ရှိသဖြင့်၊ အသျှင် "ဝင်္ဂီသ" ထေရ်အား ဤသို့ သောစိတ်အကြံသည်ဖြစ်၏။

အဘယ်သို့ဖြစ်သနည်းဟူမူကား—

ဤအသျှင် "အညာသိကောဏ္ဍည" ထေရ်သည်၊ တဆဲ့နှစ်နှစ်တို့ တိုင် တိုင်၊ မြတ်စွာဘုရားသျှင်အား၊ မဖူးမြင်, မတွေ့ရဘဲ၊ ခွဲး၍ ခွါ၍ နေခဲ့ရာ၊ ဤယခုမှတဖန်၊ မြတ်စွာဘုရားသျှင်၏ အထံသို့ချဉ်းကပ် ရောက်လာ လျက်၊ တွေ့ဆုံဖူးမျှော်ရခြင်းဖြစ်ရကား၊ အလွန်ပင် နှစ်လိုဝမ်းသာသော အပြုအမူဖြင့် ခြေတော်စုံကိုရှိခိုးခြင်း, နမ်းရှုပ်စုတ်ယူခြင်း, လက်ဖြင့်ဆုပ် နယ်ခြင်း, မိမိ၏အမည်ကိုလျှောက်တင်ခြင်း အမှုပြုတော်မူ၏။ ။ဤသို့ သော ပြုမူခြင်းသည်ကား၊ အံ့ဘွယ် သရဲ ထူးကဲတင့်လတ်၍ မြင့်မြတ် သောပြုမူခြင်းဖြစ်၏။

ငါ "ဝင်္ဂီသ" မူကား၊ ဤအသျှင် 'အညာသိ ကောဏ္ဍည" ထေရ်ကို၊ မြတ်စွာဘုရားသျှင်၏ ရှေ့တော်မှောက်၌၊ ဂုဏ်နှင့်ဒြပ်၊ သင့်မြတ်လျော် ညီအောင်၊ ဖွဲ့သီစီကုံးအပ်သော "ဂါထာ" အထူးတို့ဖြင့် ချီးကျူးရပါမူ ကား အခါသင့်၍ အခွင့်လျော်မည်ပင်တကားဟု၊ စိတ်အကြံဖြစ်လေ၏။

ထိုအခါ ဤသို့အကြံ ဖြစ်သည့်အတိုင်း နေရာမှ ထ၍ မြတ်စွာ ဘုရားသျှင်အား ရှိခိုးလျက် ဤသို့ စကား လျှောက်ကြား လေ၏။ ။ အဘယ်သို့ လျှောက်ကြားသနည်း ဟူမူကား—

(၁) ပဋိဘာတိမံ ဘဂဝါ…ဘုန်းတော် ကြီးမြင့် တန်းခိုး တင့်လတ်၊ အသျှင်မြတ် ဘုရား။ ။တပည့် "ဝင်္ဂီသ" ၏ဉာဏ်၌ အသျှင် "အညာသိကောဏ္ဍည" ထေရ်အား ဂုဏ်နှင့်ဒြပ်, သင့် မြတ်လျော်ညီအောင် ဖွဲ့သီ စီကုံးအပ်သော "ဂါထာ" အထူးတို့ဖြင့် ချီးကျူး ဘို့ရာ ထင်မြင်လာပါ၏ ဘုရား ဟူ၍ဟင်း။

(၂) ပဋိဘာတိ မံ သုဂတ…ဟုတ်မှန် ကျိုးများ၊ စကားမွန်ကို ညွှန် ပြတော် မူတတ်သော၊ အသျှင်မြတ်ဘုရား။

တပည့် "ဝင်္ဂီသ" ၏ ဉာဏ်၌ အသျှင် "အညာသိကောဏ္ဍည" ထေရ်ကို အား၊ ဂုဏ်နှင့်ပြည့် သင့်မြတ်လျော်ညီအောင် ဖွဲ့သီ စီကုံးအပ်သော "ဂါထာ" အထူးတို့ဖြင့် ချီးကျူးဘွယ်ရာ ထင်မြင်လာပါ၏ ဘုရားဟူ၍ရှင်း လျှောက်လေ၏။

ထိုအခါ၊ မြတ်စွာဘုရားသျှင်သည်—

(၁) ပဋိဘာတု တံ ဝင်္ဂီသ…ချစ်သား "ဝင်္ဂီသ" ။ ။အသင်၏ ဉာဏ်အမြင်၌ ထင်လာသည့် အတိုင်း မသုတ်ဆိုင်းဘဲ၊ပိုင်းပိုင်း ခြားခြား၊ ဂါထာဖြင့် ဖွဲ့သီ၍ ရွတ်ဆိုအပ်သော စကားအထူးတို့ဖြင့် ချီးကျူးလေလော့—ဟု၊ ခွင့်ပြုတော်မူသဖြင့်၊ အသျှင် "ဝင်္ဂီသ" သည်၊ အောက်၌ ဖော်ပြအပ်သော "ဂါထာ" တို့ဖြင့်၊ ရွတ်ဝယ် တွတ်တွတ်၊ ရွတ်ဆို ချီးကျူးလေ၏။

(၁) ဗုဒ္ဓါ-နု-ဗုဒ္ဓေါ-သော, ထေရော၊
ကောဏ္ဍညော,တိဗ္ဗ-နိက္ကမော။
လာဘီ, သုခ-ဝိဟာရီနံ၊
ဝိဝေကာနံ, အဘိဏှသော။ ။

သဂါထာဝဋ္ဋ
ဝင်္ဂီသသံယုတ်

(၁) ကောဏ္ဍညော၊ "အညာသိ ကောဏ္ဍည" မည်သော။ ယော ထေရော၊ အကြင်မဟာထေရ်သည်၊ အ[illegible]၊ မြတ်စွာဘု[illegible]၊ [illegible] မျက်မှောက်၊ ရွှေတော်အောက်သို့၊ ရောက်ရှိ ပေါ်လာပါ၏ သော ထေရော၊ထို "အညာသိကောဏ္ဍည" မဟာထေရ်သည်။ ဗုဒ္ဓါ-နု-ဗုဒ္ဓေါ၊ မြတ်စွာဘုရားသို့၊ အတုလိုက်၍၊ သစ္စာလေးပါး၊ တရားအစဉ်ကို၊ သိ[illegible]င်တော်မူ၏ တိဗ္ဗ-နိက္ကမော၊ ထက်[illegible]က်ကြိုးမားသော [illegible] ယာတရား နှင့် ပြည့်စုံတော်မူ၏ လာဘီ၊ ရျာန်တရားကိုရ၏။ သုခ-ဝိ[illegible]၊ ချမ်းသာစွာနေလေ့ရှိသော သူတို့တွင်၊ အဘိဏှသော၊ အခါမပြတ်။ သုခဝိဟာ[illegible]၊ ချမ်းချမ်းသာသာ နေလေ့ရှိ၏။ ဝိဝေကာ[illegible] [illegible], [illegible], စိတ်ဘို့ဖြင့်၊ [illegible]တ်ငြိမ်စွာ နေကြကုန်သော သူတို့[illegible]င်။ အ[illegible] [illegible]သော၊ အစဉ်မပြတ်။ ဝိဟာရီ၊ [illegible]တ်[illegible]တ် ငြိမ်ငြိမ် နေလေ့ရှိ၏။

(၂) မဟာ-နု-ဘာဝေါ တေ-ဝိဇ္ဇော၊
စေတော-ပရိယာယ,ကောဝိဒေါ။
ကောဏ္ဍညော ဗုဒ္ဓ-ဒါယာဒေါ။
ပါဒေ ဝန္ဒတိ သတ္ထုနော။ ။

သဂါထာဝဂ္ဂ
ဝင်္ဂီသသံယုတ်

(၂) မဟာ-နု-ဘာဝေါ၊ကြီးမြတ်သော တန်ခိုး အာနုဘော်ရှိသော။ တေ-ဝိဇ္ဇော၊ အသိဉာဏ်ဟူသော "ဝိဇ္ဇာ" တရား သုံးပါးနှင့် ပြည့်စုံသော။ စေတော-ပရိယာယ၊ "စေတောပရိယ" အသိဉာဏ်တရား၌၊ ကောဝိဒေါ၊ သူမကျွတန် သျှင်မြန်ထူးကဲ, နက်နဲသော အသိဉာဏ်ရှိသော။ ဗုဒ္ဓ-ဒါယာဒေါ၊ မြတ်စွာဘုရား၊ ယံတော်ပါး၌၊ လောကုတ္တရာတရား, အမွေခံ၍၊ အမွေ, သားရင်းအစစ်၊ ရှေးဦးစွာဖြစ်သော။ ကောဏ္ဍညော၊ အသျှင်မြတ် အညာသိကောဏ္ဍည ထေရ်သည်။ သတ္ထုနော၊ ဆုံးမနည်းပေး၊ ယဉ်ကျေးစေတတ်၊ ဘုရားမြတ်၏။ ပါဒေ၊ တရာ-ရှစ်ကွက်၊ စက်မြတ်တံဆိပ်၊ ခဝ်နှိပ်ကြာငုံ၊ ခြေတော်စုံတို့ကို။ ဝန္ဒတိ၊ ဦးညွတ်ရိုကျိုး၊ ရှိခိုးပါ၏ဘုရား။(ရှိခိုးလျက်ရှိပါ၏ဘုရား)ဟူ၍ ရွတ်ဆိုချီးကျူး၏။

ဤအရာ၌ အထူးမှတ်ချက်ဖော်ပြဦးအံ့။ ။ပဉ္စမ ဂါထာ၌ (ဗုဒ္ဓါ-နု-ဗုဒ္ဓေါ) ဟူသောပုဒ်ကို (ဗုဒ္ဓါ-နု-ဗုဒ္ဓေါတိ=ပဉ္စမံ သတ္ထာ စတ္တာရိ သစ္စာနိ ဗုဇ္ဈိ၊ ပစ္ဆာထေရော၊ တသ္မာ, ဗုဒ္ဓါ-နု-ဗုဒ္ဓေါတိ—ဝုစ္စတိ) ဟူ၍ အဋ္ဌကထာ၌ ဖွင့်ပြ၏။

ဤ (ဗုဒ္ဓါ-နု-ဗုဒ္ဓေါ) ဟူသော ပါဠိဖြင့် ဤအသျှင်မြတ် "အညာသိကောဏ္ဍည"ထေရ်သည်၊ ဤ" "ဂေါတမ"မြတ်စွာဘုရားသျှင်သို့၊အတုလိုက်၍ (နောက်လိုက်ပြု၍)သစ္စာလေးပါး-တရားအစဉ်ကို ရှေးဦးစွာ သိမြင်၏=ဟူသော အဓိပ္ပါယ်ကိုပြဆို၏။

**ထိုစကားမှန်၏**…ဤ မြတ်စွာဘုရား၏ သာသနာတော် အတွင်း၌၊ ဤ အသျှင် "**အညာသိကောဏ္ဍည**" ထေရ်ကို၊ ချန်လှပ်၍၊မည်သူမျှမြတ်စွာဘုရားသျှင်၊သစ္စာလေးပါး၊ တရားအစဉ်ကို၊

သိမြင်ပြီးနောက်(ပုဂ္ဂိုလ်တပါး၊ အခြားမရှိဘဲ) သစ္စာလေးပါး၊ တရား အစဉ်ကို ရှေးဦးစွာ သိမြင်သော ပုဂ္ဂိုလ်ဟူ၍မရှိချေ။

ဤအကျဉ်း "အညာသိကောဏ္ဍည" တော်သည်သာ ကျင့်ပြတ်ဖွဲ့ဘုရား သျှင်၏ အခြားမဲ့၌ သစ္စာလေးပါး တရားအစဉ်ကို သိမြင်၏။ ထို့ကြောင့် (၄၅ါ-နု၄၅)ဟူသောပုဒ်ကို၊ ([illegible]အနု-ပုဗ္ဗေါ၊ ပုဗ္ဗ[illegible]-ပုဗ္ဗေါ) ဟုသမာသ်ပုဒ်ပြု၍ ကိုပုဒ်၏အရ အကျဉ်းပြတ် ဂေါတမဘုရား[illegible] အတု [illegible] သစ္စာလေးပါး၊ တရားအစဉ်ကို၊ ဒုတိယ အကြိမ် သိမြင်သော ပုဂ္ဂိုလ်ကို အရကောက်ယူရ၏။ ဤစကားအရ[illegible] အကျဉ်းပြတ် "အညာသိကောဏ္ဍည" တော်သည် (၄၅ါနု၄၅) ဟူသော ပုဒ်သည် [illegible]သော အနက်[illegible]၏။

တနည်းပြဦးအံ့…(အနု-၄၅) ဟူသော ပုဒ်[illegible] အနု =သ[illegible]ကို၊ ၄၅ — အ[illegible]ဟောအနက်) ဟူ၍ (၄၅ါ-အနု၄၅ဗ္ဗေါ၊ ၄၅ါနု၄၅ဗ္ဗေါ) ဟု သမာသ် ပြု၍ ကိုပုဒ်၏အရ အ[illegible]ကျင်ပြတ် ဂေါ[illegible]အောက်[illegible]ယ်သော ဘုရားဟူသောပုဂ္ဂိုလ်ကို အရကောက်ယူရ၏။

[illegible]စကားအရ[illegible] အကျဉ်း[illegible] "အညာသိကောဏ္ဍည" ယေ[illegible]သည် ၄၅ါနု၄၅ဟူသောပုဒ်သည်၊ ဟောအပ်သော အနက်[illegible]၏။

ထင်ရှားစေဦးအံ့ ရှေးဦးစွာ သစ္စာလေးပါး တရားအစဉ်ကို၊ သိမြင်သော အကျဉ်း[illegible] [illegible]ဂေါတမ [illegible] ကို၊ (*ဘုရားကိုယ်တော်မြတ်ကြီး) ဟူ[illegible]။

ထို့နောက်မှ၊ [illegible] (ကား[illegible]) သစ္စာလေးပါး၊ တ[illegible]းအစဉ်ကို၊ သိမြင်[illegible]သောအကျဉ်း "အညာသိကောဏ္ဍည" [illegible] ကို၊ (*ဘုရားငယ်) ဟူ[illegible]။

ဤသို့ [illegible] ၄၅ါနု၄၅ဟူသောပုဒ်[illegible] "အညာသိ ကောဏ္ဍည" [illegible] အမည်[illegible] အ[illegible] "[illegible]" [illegible] သည်[illegible]၏။

ဤနည်းအတူ၊အသျှင် "သာရိပုတ္တရာ"ထေရ်၊ အသျှင်"မောဂ္ဂလာန်" ထေရ်တို့အား၊ အသျှင် "ဝင်္ဂီသ" ထေရ်က၊ ချီးကျူးသော ဂါထာတို့ကို အခွင့်သင့်သော တနေရာ၌ ထည့်သွင်းဖော်ပြဦးမည်။

ဤသည်လျှင်
"ဓမ္မစကြာ"တရား သိမြင်ပုံနည်းနှင့် စပ်လျဉ်း၍
အသျှင် "ဝင်္ဂီသ" ထေရ်၏ အသျှင်"အညာသိကောဏ္ဍည"
ထေရ်အား၊ ချီးကျူးသော စကားဆိုပုံ ပြခန်းပြီး၏။

---

ထိုမှတပါး၊ ဓမ္မစကြာတရားသိမြင်ပုံနှင့် စပ်လျဉ်း၍၊ မြတ်စွာဘုရားသျှင်နှင့်၊ အသျှင် "သာရိပုတ္တရာ"ထေရ်၊"သေလ" ပုဏ္ဏားတို့၏ စကားဆိုပုံပြဦးအံ့။

(၁) ဤအသျှင်မြတ်"သာရိပုတ္တရာ" ထေရ်သည်ကား၊ တခုသော ဘဝ၌"သရဒ"ရသေ့ဟူသော အမည်ဖြင့် နေရစဉ်အခါ၊ **အနောမဒဿီ** မြတ်စွာဘုရားသျှင်အား၊ ပန်းပွင့်ဖြင့် ကုံးသီပြုလုပ်အပ်သော ပန်းထီးကိုပူဇော်ခြင်း၊ ထိုဘုရားသျှင်၏ သဗ္ဗညုတ ဉာဏ်တော်ကို၊ ချီးကျူး၍ ရှိခိုးခြင်း၊ ထိုဘုရားသျှင်အမှူးရှိသော သံဃာတော်တို့အား၊ ရိုသေလေးမြတ်၊ လုပ်ကျွေးပြုစုခြင်း၊ ဟူသော ကုသိုလ်တို့ကို ပြုပြီးလျှင်၊ ဤကောင်းမှုကံကြောင့်၊ လကျ်ာတော်ရံ၊ "အဂ္ဂသာဝက" အဖြစ်ကို ရ-ရလိုမှုဖြင့်၊ ဆုတောင်းခဲ့သောကြောင့်၊ ထိုကောင်းမှုကံနှင့် ထိုဆုတောင်းချက်အတိုင်း၊ ဤ "ဂေါတမ" မြတ်စွာဘုရားသျှင်၏ လက်ထက်တော်၌၊ လကျ်ာတော်ရံ "အဂ္ဂသာဝက" အဖြစ်ကိုရ၏။ "**အနောမဒဿီ**" မြတ်စွာဘုရားသျှင်၏ ဉာဏ်တော်အား၊ ချီးကျူး၍ ရှိခိုးသောပါဠိဂါထာတို့ကို၊ အခွင့်သင့်သောတနေရာ၌၊ ထည့်သွင်းဖော်ပြဦးမည်။

(၂) ထို့ပြင် အသျှင်မြတ် "မောဂ္ဂလာန်" ထေရ် သည်လည်း၊ "သိရိဝဍ္ဎန"သူကြွယ်အဖြစ်နှင့် နေရစဉ်အခါ၊ဤနည်းအတူ၊ ကောင်းမှုကုသိုလ်ပြု၍၊ ဆုတောင်းချက်အတိုင်း၊ လက်ဝဲတော်ရံ"အဂ္ဂသာဝက"အဖြစ်ကိုရ၏။

(၃) ထို့ပြင် အသျှင်မြတ် "အညာသိကောဏ္ဍည" ထေရ်သည်ကား၊ (တခုသောဘဝ၌) နတ်သားအဖြစ်နှင့် နေရစဉ်အခါ၊ "ပဒုမုတ္တရ" မြတ်စွာဘုရားသျှင်အား၊ဆွမ်းတော်ဦးအလှူကို၊ ကြည်ညိုစွာလှူဒါန်းပြီးလျှင်၊ ဤကောင်းမှုကံကြောင့်၊ဓမ္မ-စကြာခေါ်၊ သစ္စာလေးပါးပြ၊ တရားအလုံး ကို၊ ဦးစွာအစ၊ နာယူရ—လိုမှုဖြင့် ဆုတောင်းခဲ့သော ကြောင့်၊ ထို ကောင်းမှုကံကြောင့် ထိုဆုတောင်းချက်အတိုင်းပင်၊ ဤ "ဂေါတမ" မြတ်စွာဘုရားသျှင်၏ လက်ထက်တော်၌၊ ဓမ္မ-စကြာခေါ်၊ သစ္စာလေးပါးပြ၊ တရားအလုံးကို၊ ဦးစွာအစ၊ နာယူရ၍၊ သစ္စာလေးပါး၊ တရားအစဉ် ကို၊ ရှေးဦးစွာသိမြင်ရ၏။ [ဤဝတ္ထုသုံးခုကို ကြည့်ရှုခြင်းအားဖြင့်၊ ကုသိုလ် ပြုပြီးနောက်၊ ဆုတောင်းခဲ့လျှင်၊ အကြောင်း ပြည့်စုံက၊ ဆုတောင်းချက်အတိုင်း ရနိုင်၏ဟု သိကြရာ၏။]

*ဤဝတ္ထုတို့၌၊ ဆင်ခြင်ရန်ကား။ ။(၁) သက်န်းလှူခြင်း၊ (၂) ဆွမ်းလှူခြင်း၊ (၃) ပန်းလှူခြင်း၊ ( ) ရေလှူခြင်း၊ (၅) ဆီမီး ူခြင်း၊ (၆)နေရာထိုင်ခင်း လှူခြင်း၊ (၇) ဆေးလှူခြင်း၊ အစရှိသော ကုသိုလ်မျိုး တို့သည်ကား၊ ကူးဆန်းသောကုသိုလ်မျိုးတို့မဟုတ်ခဲ့ချေ၊ မယုံသည့်ဘဝ မျိုးတို့၌မဆို၊ ပြုရိုးပြုစဉ်ပြုကြသော ပြုမြဲတိုင်းသော ရိုးရိုးသောကုသိုလ် မျိုးတို့သည်သာ ဖြစ်ကုန်၏။ ။ထိုသို့ရိုးရိုးပြုကြသော ကုသိုလ်ပင် ဖြစ်စေ၊(*ရိုးရိုးကျင့်၊မြင့်မြင့်ရအောင်ကြံ) ဆိုသောတရားစကားအတိုင်း၊ ထိုကောင်းမှုကံကြောင့်၊ ရ-ရ-လိုမှုဖြင့်၊ ကြံစည်ဆုတောင်းတတ်သော အကျိုး တရားတို့သည်ကား၊ မြင့်မြတ်ထူးဆန်းလှပေ၏။

မြဆိုင်ဦးအဲ့....ထိုအကျိုးတရားတို့၏ ဂုဏ်သည်ကား၊ တဆူတည်းသော မြတ်စွာဘုရားသျှင်တို့၏၊ ပွင့်လာသော အခါကြိမ်မှာသာ လျှင်၊ တဦး+တဦး(တယောက်+တယောက်)သည်သာလျှင်၊ အား ရထိုက်, ရသင့်,သော လက်ျာတော်ရံ, လက်ဝဲတော်ရံ၊ "အဂ္ဂသာဝက" ဖြစ်ရလိုခြင်း၊ ဓမ္မ-စကြာ ခေါ်၊ သစ္စာလေးပါးပြ၊ တရားလုံး ကို၊ ဦးစွာ အစ၊ နာယူရလိုခြင်းဟူသော ကောင်းကျိုးတရားတို့ ... ၏။ ။ ဤသဘောတရားသည်ပင် (*ရိုးရိုးကျင့်၊မြင့်မြင့်ရအောင်ကြံ ...သော စကားဖြစ်၏။

ထို့ကြောင့် ဤသို့မျှရနိုင်ခဲသော ကောင်းကျိုးရရှိလေအောင်၊ ကြိုးဆောင်, ကြိုးပမ်း, အားသစ်ကြသော အသျှင်မြတ်တို့၏ [*၁–ဆန္ဒ၊ ၂-ဝီရိယ၊ ၃-စိတ္တ၊ ၄-ဝီမံသ၊] ဟူသော တရားလေးပါးတို့၏၊ (အဓိပတိ) မြောက်၊ အံ့လောက်ကြီးကျယ်ပုံကို၊ အာရုံပြုလျက်၊ (၁) အသျှင်မြတ် သာရိပုတ္တရာ ထေရ်၏၊ ပညာဉာဏ်နှင့် ပြည့်စုံကြီးကျယ်ပုံကို၊ ပုံစံပြု၍ (*ချိန်ပြု၍) မိမိတို့သည်လည်း၊ ပညာဉာဏ်ကြီးကျယ်သည်၏ အဖြစ်ကို ရ-ရလို၏=ဟူ၍ငှင်း။

(၂) အသျှင်မြတ် မောဂ္ဂလာန်ထေရ်၏၊ တန်ခိုး အဘိညာဉ်နှင့်၊ ပြည့်စုံကြီးကျယ်ပုံကို ပုံစံပြု၍၊ (*ချိန်ပြု၍) မိမိတို့သည်လည်း၊ တန်ခိုး အဘိညာဉ်၊ ကြီးကျယ်သည်၏အဖြစ်ကို ရ-ရပါလို၏=ဟူ၍ငှင်း။

(၃) အသျှင်မြတ် အညာသိကောဏ္ဍည ထေရ်၏ ဓမ္မ-စကြာ ခေါ်၊ သစ္စာလေးပါးပြ၊ တရားအထူးကို၊ ဦးစွာအစ၊ နာယူရ၍၊ သစ္စာလေး ပါး၊ တရားအစဉ်ကို၊ ရှေးဦးစွာသိမြင်ပုံကို ပုံစံပြု၍၊ (*ချိန်ပြု၍) မိမိ တို့သည်လည်း၊ ဤ "ဂေါတမ"မည်တွင်၊ ဗုဒ္ဓမြတ်စွာ ဘုရားသျှင်၏၊ သာသနာတော် ခေတ်အတွင်း၌ပင်၊ ဓမ္မ-စကြာ ခေါ်၊သစ္စာလေးပါးပြ၊ တရားအစဉ်ကို၊ မငြိုမငြင်၊ လျင်သောအသိဉာဏ်ဖြင့်၊ သိမြင်ရ-ရ လို၏=ဟူသော မြင့်မြတ်ထူးဆန်းသော ကောင်းကျိုးရရှိလေအောင်–

(၁) *ရိုးရိုးသော အလှူဒါနပြု၍–

(၂) *ရိုးရိုးသော ငါးပါးသီလနိုင်မြဲမှုပြု၍–

(၃) *ရိုးရိုးသော သမထဘာဝနာ၊ ဝိပဿနာ ဘာဝနာတရား၊ ပွားများမှုတို့ကို ပြုကြ၍- တဆင့်ထက်-တဆင့်၊ ပါရမီဉာဏ် ရင့်၍+ရင့်၍၊ မြင့်၍+မြင့်၍၊ အရင့်ဆုံး+အမြင့်ဆုံး, ဖြစ် သော အသင်္ခတဓာတ်၊ နိဗ္ဗာန်ဟူသောတရားမြတ်ကို၊ဆိုက် ကပ် ဒိုလှုံနိုင်အောင် ကြိုးဆောင် အားသစ်ကြရာ၏=ဟူ၍ ဟောတော်မူ၏။

ဟောတော်မူဟန်ကား–

သဒ္ဓေါ ဘိက္ခဝေ—ဘိက္ခု၊ ဧဝံ သမ္မာ—အာယာစ မာနော အာယာစေယျ၊ တာဒိသော ဟောမိ။ ။ယာဒိသာ, သာရိပုတ္တ, မောဂ္ဂလာနာ။ ။ဧသာဘိက္ခဝေ "တုလာ" ဧတံ "ပမာဏံ"၊ မမ-သာဝကာနံ ဘိက္ခူနံ ယဒိဒံ သာရိပုတ္တ, မောဂ္ဂလာနာတိ—ဟူ၏။ (အင်္ဂုတ္တိုရ်၊ ဒုက-နိပါတ်)

## ထိုမှတပါးလုံ၊ ဆိုဦးအံ့

မြန်မာ ဘာသာပြန် အဓိပ္ပါယ်

အို—ငါ၏ချစ်သား၊ ရဟန်းများတို့။

ဤသာရိပုတ္တရာ ထေရ်သည်၊ ငါဘုရားသျှင်သည် ဟောတော်မူအပ်သော အတုမရှိမြတ်သော ဓမ္မ-စကြာ ခေါ်၊ သစ္စာလေးပါးပြ၊ တရားတော်ကို၊ ကောင်းစွာသာလျှင်၊ ဟောကြားပြသနိုင်သကဲ့သို့၊ ဤနည်းအတူ၊ အကြင်ပုဂ္ဂိုလ်တဦးတယောက်သည်၊ ငါဘုရားသျှင်သည် ဟောတော်မူအပ်သော၊ အတုမရှိမြတ်သော ဓမ္မ-စကြာခေါ်၊ သစ္စာလေးပါးပြ၊ တရားတော်ကို၊ ကောင်းစွာသာလျှင်၊ ဟောကြားပြသနိုင်၏။ ။ ထိုပုဂ္ဂိုလ်ကို၊ ထိုအသျှင်မြတ် သာရိပုတ္တရာထေရ်မှ တပါးဖြစ်သော တဦးတယောက်သော သူကိုမျှလည်း ငါဘုရားသျှင်သည်၊ မြင်တော်မမူချေဟူ၏။

အို—ငါ၏ချစ်သား၊ ရဟန်းများတို့။

ဤ သာရိပုတ္တရာထေရ်သည်၊ ငါဘုရားသျှင်သည် ဟောတော်မူအပ်သော အတုမရှိမြတ်သော "ဓမ္မ-စကြာ" ခေါ်၊ သစ္စာလေးပါးပြ၊ တရားတော်ကို၊ ကောင်းစွာသာလျှင်၊ ဟောကြားပြသနိုင်၏—ဟူ၍ ဟောတော်မူ၏။ (ပါဠိတော် ရင်းအပြည့်အစုံ) ဟောတော်မူဟန်ကား—

နာဟံ ဘိက္ခဝေ အညံ ဧကပုဂ္ဂလမ္ပိ သမနုပဿာမိ ယော ဧဝံ တထာဂတေန အနုတ္တရံ ဓမ္မ-စက္ကံ ပဝတ္တိတံ၊ သမ္မဒေဝ အနုပ္ပဝတ္တေတိ။ ။ယထယိဒံ ဘိက္ခဝေ သာရိပုတ္တော။ ။ သာရိပုတ္တော ဘိက္ခဝေ တထာဂတေန အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ၊ သမ္မဒေဝ အနုပ္ပဝတ္တေတိ။

(ဧကင်္ဂုတ္တိုရ်၊ ဧကပုဂ္ဂလ ဝဂ်)

ဣဒံ ပဇဟထ။ ။ဤအရာကို ပယ်စွန့်ကြကုန်လော။
ဣဒံ ဥပသမ္ပဇ္ဇ ဝိဟရထ။ ။ဤတရားကို ပြည့်စုံစေ၍ နေကြကုန်လော=ဟူ၍''အာကာစက်''ကိုဖြစ်စေနိုင်၏။

(က) ဣဒံခေါပန ဘိက္ခဝေ ဒုက္ခံ။
(ခ) အရိယ-သစ္စံ။—

အစရှိသော ပရိယတ္တိတရားဖြင့်လည်း၊ ''ဓမ္မစက်'' ကို ဖြစ်စေပြီ-ဟူ၍ ဟောတော်မူပုံနည်းကို၊ အဋ္ဌကထာ၌ အကျယ်ဖွင့်ပြ၏။

ထိုအခါ''သေလ''ပုဏ္ဏားသည်၊ဤသို့တဖန်လျှောက်ကြားပြန်၏။

အသျှင်မြတ်ဘုရား။ ။အသျှင်မြတ်ဘုရားသည် × × × × အကြီးမြတ်ဆုံးသော၊ မင်းမြတ်မင်းဖျား၊ မင်းတရားအစစ်၊ ဖြစ်၏-ဟူ၍ ဆိုလျှင်၊ အသျှင်ဘုရား၏ အထံပါး၌၊ (သေနာပတိ) စစ်သူကြီး ဖြစ်သောသူသည်ကား၊ အဘယ်သူပါနည်းဘုရား-ဟူ၍ငှင်း။ (၁)

အသျှင်ဘုရား၊ ထံတော်ပါး၌၊ မြတ်ဘုရားအကြိုက်၊ အလိုလိုက်၍၊ အားစိုက်ကျင့်ဆောက်တည်သော (တပည့်ကြီး) ဖြစ်သောသူသည်ကား၊ အဘယ်သူပါနည်းဘုရားဟူ၍ငှင်း။ (၂)

အသျှင်ဘုရား၊ ဟောကြားအပ်သော''ဓမ္မ-စကြာ''ခေါ်၊ သစ္စာလေးပါးပြ၊ တရားတော်ကို၊ အသျှင်မြတ်ဘုရားသို့၊ အတုလိုက်၍ ဟောပြောပြသနိုင်သူသည်ကား၊ အဘယ်သူပါနည်းဘုရား-ဟူ၍ငှင်း၊(၃)လျှောက်ကြားလေ၏။

ထိုအခါ၊ မြတ်စွာဘုရားသျှင်သည်၊ ဤသို့ ပြန်ကြားဖြေဆိုတော်မူ၏။

''သေလ''ခေါ်တွင်၊ ငါ့သျှင်ပုဏ္ဏား။

ငါဘုရားသျှင်သည်၊ လူဘို့၏ကျင့်ဝတ်တရား၊ ရဟန်းတို့၏ကျင့်ဝတ်တရားဟူသော ဆုံးမချက်စကားဖြင့်၊ အာဏာစက်ကို ၊ ဖြစ်စေအပ်ပြီ။ (၁)။ အတုမရှိသော ''ဓမ္မ-စကြာ' ခေါ်၊ သစ္စာလေးပါးပြ၊တရားတော်ကို၊ဟောဖော်ပြသအပ်ပြီ။(၂)

## (မြေကြားပုံစကားအစဉ်))

''သေလ''ခေါ်တွင်၊ ငါ့သျှင်ပုဏ္ဏားအ ။ငါဘုရားသခင်သည်၊ ခပ်သိမ်းသော သတ္တဝါ အပေါင်းတို့ထက်၊ အကြီးမြတ်ဆုံးသော ပင်းဖြစ်၏။ နှိုင်းယှဉ်အပ်သူ၊ အတူမရှိသော တရားကြောင့်၊တရားသဖြင့်၊ တရားမင်း အစစ် ဖြစ်၏=ဟူ၍ဌင်း။

ငါဘုရားသျှင်သည်၊ မဟာ သတိပဋ္ဌာန်စသည် အပြားရှိသော ''ဗောဓိပက္ခိယ''တရားတို့ဖြင့်၊ အာဏာစက်ကိုဌင်း၊ သူတပါးတို့သည်၊ မဟောပြောနိုင်သော ''ဓမ္မ-စကြာ''ခေါ်၊ သစ္စာလေးပါးပြ၊တရားတော်ကိုဌင်း၊ ဟောတော်မူပြီဖြစ်၏=ဟူ၍ဌင်း၊ ပြန်ကြား မြွက်ဆိုတော်မူ၏။

အဋ္ဌကထာ၌ ဖွင့်ပြပုံနည်းဖြင့်၊ ထင်ရှားစေဦးအံ့။ ။''သေလ'' မည်တွင်၊ ငါ့သျှင်ပုဏ္ဏားအ ။ဤအရာ၌ သင်သည် (အဝွေါသုက္က) ကြောင့်ကြမဲ့နေလေလော။ ။ငါဘုရားသျှင်သည် တရားမင်းအစစ်ဖြစ်၏။ ။မင်းဘူသောအမည်ဖြင့်၊ မင်း ဖြစ်ဆန်း ကာယ ဖြစ်သော တပါးသောမင်းသည်၊ ယူဇနာ တရာ, ယူဇနာတထောင်, စကြဝဠာကျယ်ဝန်းသော မိမိပိုင်ဆိုင်သော တိုင်းနိုင်ငံအတွင်း၌၊ရှိရှိသမျှသောသူတို့ကို အမိုးရ၏။ ။ဆုံးမနိုင်၏။ ။လေးကျွန်းလုံးကို အမိုးရသော ''စကြာဝတေး'' မင်း ဖြစ်စေကာမူ,ထိုလေးကျွန်းအတွင်း၌၊ ရှိရှိသမျှသော သူတို့ကိုသာ အမိုး ရ၏၊ ဆုံးမနိုင်၏။

ငါဘုရားသျှင်၌ကား၊ ဤသို့သောနည်းဖြင့် ဝေဘန် နိုင်းခြားအပ်သော အရာမဟုတ်ခဲ့ချေ။

(ဓမ္မရာဇာ) တရားမင်းအစစ် ဖြစ်၍ (အနုတ္တရ) အတူမရှိ မြတ်သောဘုရားသျှင်သည်၊ အထက်ကို''ဘဝဂ်''၊ အောက်ကို ''အဝီစိ''၊ ဘေးသို့ စကြာဝဠာ၊ ဘိလာထုတ်ကျင်း၊ မကျွင်းစေရ၊ (အပ္ပမာဏ) အတိုင်း အရှည် အပိုင်းအခြားမရှိသော လောကဓာတ် တခုလုံးကို၊သိမ်းကျုံး၍ ဟောပြောပြသ ဆုံးမ နိုင်၏။

သတိပဋ္ဌာန်တရား စသည်ပြားသော တရားဖြင့်၊ ''ဓမ္မစက်'' ကို ဖြစ်စေနိုင်၏။

လောကအလယ်၌၊ တရားမင်းအစစ်ဖြစ်သော ငါဘုရား၏ အယံ၌ (ဓမ္မ–သေနာ–ပတိ) တရားစစ်သူကြီး ဖြစ်သောသူသည်ကား၊ ဤလက်ျာ တော်ရံ "သာရိပုတ္တရာ" ထေရ်သည်ပင်တည်း ဟူ၍ငှင်း။(၃)

ငါဘုရားသျှင်၏၊ ကျင့်ဆောက်တည်ပုံနည်းသို့၊ အတုလိုက်၍ ကျင့်ဆောက်တည်သော (တပည့်ကြီး) ဖြစ်သော သူသည်ကား၊ ဤလက်ျာ တော်ရံ "သာရိပုတ္တရာ" ထေရ်သည်ပင်တည်း=ဟူ၍ငှင်း။ (၃)

ငါဘုရားသျှင်သည်၊ ဟောကြားအပ်ပြီးသော "ဓမ္မ-စကြာ" ခေါ်၊ သစ္စာလေးပါးပြ၊ တရားတော်ကို၊ ငါဘုရားသျှင်အား၊ အတုလိုက်၍၊ (ငါဘုရားသျှင်နှင့် အတူပြု၍) ဟောပြော ပြသနိုင်သောသူသည်ကား၊ "ဓမ္မ-သေနာ-ပတိ" မည်ရှိခေါ်တွင်၊ ဤ"သာရိပုတ္တရာ" ထေရ်သည်ပင် တည်း=ဟူ၍ငှင်း၊ (၃)ပြန်ကြားဖြေဆိုတော်မူ၏။ ဤသို့သော အဖြေ တရားစကား၊ ကြားနာရ၍၊ "သေလ" ပုဏ္ဏားသည်၊မြတ်စွာဘုရားသျှင် ၏ အထံ၌၊ ရဟန်းပြု၍၊ ရဟန္တာပုဂ္ဂိုလ်ဖြစ်ပုံ၊ မြတ်စွာဘုရားသျှင်အား၊ ပါဠိဂါထာတို့ဖြင့်၊ ချီးကျူး၍ရှိခိုးပုံတို့ကို၊ အချင့်သင့်သော တနေရာ၌၊ ထည့်သွင်းဖေါ်ပြဦးမည်။

ဤတွင် စကားတရပ်ပြီး၏၊

ဤမျှသောစကားအစဉ်ဖြင့်၊ ဤယခုအချိန်အခါ၌၊ ဗုဒ္ဓဘာသာ၊ သမ္မာ-အယူ၊ စင်ကြယ်မြင့်မြတ်သောသူတို့၏၊ ဖွါးရာဇာတိ၊ ဘုမ်နက်သန်၊ မြေကျန်အစစ်ဖြစ်၍၊ အင်္ဂါကမဂ်ဂခေါ်သော(ဗြဟ္မစရိယဝါသ) အကျင့် ဟူသော အလင်းရောင်ဖြင့်၊ ဇမ္ဗူဒိပ်ကျွန်း ဟူသောအတွင်းဆောင် ၌၊ ထွန်းပြောင်တောက်ပလျက်ရှိသော ပြည်ထောင်စု မြန်မာနိုင်ငံ တော်အတွင်း၌၊ တောင်ငူမြို့ပါ၊ ပြည်ရွာကျမ်း၊ တနိုင်ငံလုံး (ဝါဆိုလ ပြည့်နေ့) ကစ၍ (လပြည့်ကျော် ၅-ရက်နေ့)အထိ၊ ၆-ရက်တိုင်တိုင် "ဓမ္မ-စကြာ" ပွဲနေ့ဟု၊ ခန့်လူးနေ့ခြတ်၊ သတ်မှတ်စီစဉ်ကြ၍ငှင်း၊ ရဟန်းလူအပေါင်းတို့သည်၊ မြတ်စွာဘုရားသျှင်သည် ကိုယ်တော်တိုင် ရွတ်ဆိုဟောတော်မူအပ်သော"ဓမ္မ-စကြာ"ပါဠိတော်"အနတ္တလက္ခဏ" သုတ် ပါဠိတော်တို့ကို၊ မိမိတို့ကိုယ်ကိုင်၊ ရွတ်ဆိုခြင်း၊ ဟောပြောခြင်း၊ နာယူခြင်းတို့ဖြင့်၊ သစ္စာလေးပါး တရားတို့၊—

(၁) သိမြင်အပ်သော အမှန်တရား။
(ဒုက္ခသစ္စာကို ညွှန်ပြ၏။)

(၂) စွန့်ပယ်အပ်သော အမှန်တရား။
(သမုဒယသစ္စာကို ညွှန်ပြ၏။)

(၃) အာရုံပြုအပ်သော အမှန်တရား။
(နိရောဓသစ္စာကို ညွှန်ပြ၏။)

(၄) ပွါးများအပ်သော အမှန်တရား။
(မဂ္ဂသစ္စာကို ညွှန်ပြ၏။)

ဤသို့အားဖြင့်၊ သစ္စာ လေးပါး၊ တရားအမှန်ကို၊ ဉာဏ်မှိသမျှ၊ သိမြင် နားလည်ကြရခြင်းသည်ကား၊ နောက်က ပြဆိုခဲ့ပြီး ဖြစ်သော ''**အနုဗောဓ**''သိမြင်ခြင်းမျိုးမည်၏။

ဤသို့ သိမြင်ခြင်းမျိုးသို့ ရောက်ခဲ့ကြပြီးနောက်၊''**အဓိပတိ**''မြောက်၊ ပင့်ထောက် ကူညီသော ခိုင်မြဲသော *(၁) **ဆန္ဒ**၊ (၂) **ဝီရိယ**၊ (၃) **စိတ္တ**၊ (၄) **ဝီမံသ**၊ဓာတ်တို့ဖြင့်၊ မပြတ်မပြတ်၊ ရွတ်ဘတ် ပြန်ဆိုခြင်း၊ အနက် အဓိပ္ပါယ် သဘော ဟောပြောခြင်း၊ ကြားနာခြင်း၊ အသင့် အားဖြင့်၊ တရားတော် အလိုက်၊ မှတ်ပိုက် ယူကျုံး၊ နှလုံးသွင်းခြင်း တို့ဖြင့်၊ အားပေးကူညီခဲ့မှု၊အထက်အထက် စခန်းသို့၊ တက်လှမ်းပေါက် ရောက် နိုင်ရန်၊ (**ဖြမ်းဆင်ခြင်း**)ကိစ္စသည်၊ စိတ်ချလောက်အောင်-ပြီး ပြီးကဲ့သို့ဖြစ်၍၊ ''**ပဋိဝေဓ**''ဉာဏ်ဟူသောအသိဉာဏ် အထက်စခန်းသို့၊ တက်လှမ်းရန်၊ ''**လက်တကမ်းစာ**''မျှသာ၊ဝေးကွာတော့၏-ဟု၊ ယုံကြည် သင့်၊+ယုံကြည်ထိုက်လှပေ၏။ ။ယုံကြည် လေးစားသော စိတ်ဓာတ် ဖြင့်၊ မပြတ် မပြတ် အားထုတ်ကြရာ၏ဟု ဆိုလို၏။

ဤမျှသော စကားအစဉ်ထက်၊ ဆ+ဆတက်၍၊ နှိုင်းစက်ပြိုင်ရာ၊ မနိုင်သာအောင်၊ များစွာ ကြည်နူး၊ ဂုဏ် အထူးတို့ဖြင့်၊ ချီးကျူး ကော်ရော်၊ ပူဇော်-ချီးပ-ခြင်းငှါ ထိုက်လှပေသော တရားမြတ်+ တရားဦးဖြစ်၍၊ စကားတော်အားဖြင့်အထူးထူး, အထွေထွေ၊ အခြေ-အတင်,ပြောဆိုခြင်း အမှု၊ ပြုတော် မူပြီးနောက်မှ၊ ''**ပဏ္ဍဝဂ္ဂီ**''ဟူသော

(ဣသိပတ္တန)ရဟန်းပရိသတ် ငါးယောက်အစုံ၊ တဆဲ့ရှစ်ကုဋေ၊ အရေအတွက်ရှိသော နတ်, ဗြဟ္မာ, ပရိသတ်အစုံ၊ ရိုက်ပုံအလုတို့၏အလယ်၌၊ အသွယ်သွယ်သော ဉာဏ်၊ အတန်တန်သော နည်းနာနယ အမျိုးမျိုးကိုဖြင့်၊ တန်ဆာဆင်လျက်၊ ရှင်လန်း သာယာ၊မဟာကရုဏာ ဉာဏ်၏ အားအစွမ်းဖြင့်၊ ရှေးရှေးသော ဘုရားသျှင်တို့၏ ထုံးတမ်းနှင့်အညီ၊ (သာမုက္ကံသိက)ကိုယ်တော်တိုင်၊ရှုတ်ဆိုဟောကြားအပ်သော"ဓမ္မစကြာ" ပါဠိတော်ဟူသော တရားဦးတရားထူး ဖြစ်ပေလင့်ကစား၊ ပရိယတ္တိ သာသနာဝန်ကို၊ အားသွန်ကြိုးပမ်း၊ ထမ်းရွက်ကြကုန်သော တပည့်ကြီးငယ်, စာသင်သား အပေါင်းတို့အား၊ ထို"ဓမ္မ-စကြာ"ပါဠိတော်နှင့် တကွ၊ သုတ္တန်, ဋီကာ, အဘိဓမ္မာ၊ သုံးဖြာသော ပိဋကတ်၊ တရားမြတ်၏ အနက်အဓိပ္ပါယ်ကို၊ သဘာဝ-ဓမ္မ၊ နည်းနာကျအောင်၊ သင်ကြား ပြသ၊ပို့ချချီးမြှင့် ပေဘူးသောဪောင်တုံးမြို့၊သိရီ-မဟာမင်္ဂလာရာမ၊ ရွှေဟင်္သာတောရတိုက်၊ ကျေးဇူးရှင် ဓံကျောင်းဆရာတော် ဘုရားကြီး၏၊ နည်းပေးလမ်းညွှန်၊ သွန်သင် ဆုံးမချက်ကို၊ နှစ်သက် ဝမ်းမြောက်စွာ၊ အာရုံပြု လိုက်နာ၍၊ ထိုဆုံးမချက် အလိုက်၊ တိုက်ဆိုင်ညွှတ်အောင်၊ အယူး အားဖြင့်၊ လေးလေး စားစား ပြုလျက်၊ ဤ (*"ဓမ္မ-စက္ကပ္ပဝတ္တန")သုတ္တန်ကို၊ (*မြန်မာဘာသာပြန်) ကျမ်းအနေသို့ ရောက်အောင်၊ ကြိုးပမ်း တည့်တူင်၊ စီစဉ် ရေးသားရကြောင်း။

ဤသို့စီရင်ရာ၌၊ ရှေးအခါက၊ ရေးသားစီရင် ဖြန့်ချိထုတ်ဝေခဲ့ပြီးဖြစ်၍၊ ဤယခုအခါနှင့်ယှဉ်၊ ပြန်လည်သုံးသပ်လျက်ရှိသော "ဓမ္မ-စကြာ" ဖွင့်အကျယ် လက်ကွဲကျမ်း-ဟူသော အလင်းရောင်ဖြင့်၊ အမှောင်ခေတ် လွှင့်စင်နည်းပါး၍ "ဓမ္မ-စကြာ" တရား၏၊ အနက်အဓိပ္ပါယ် သဘောတို့ကို၊ မိမိတို့၏ ဉာဏ်အားလျော်၊ တိုက်ဘာဝင့်သမျှ၊ သိမြင်နားလည်မှု၊ ကိုးပါး၍ လာကြကုန်သော "ဓမ္မ-စကြာ" သာသနာပြုအသင်း၊ သူငယ်စင် တပည့်ကြီး,ငယ်တို့ကို၊ ပွေ့ပြင်ရသကဲ့သို့၊ ဤယခုတဖန်၊ ဖိုကန်၍ရှိ သာလွန်၍၊ လေးနက်သော အနက်, အဓိပ္ပါယ်, သဘောတို့ကို၊ ဖြည့်စုံစေလျက်၊ လူကြီး၊ လူငယ်၊ လူရွယ်၊ လူလက်တို့ ကိုယ်တိုင်၊ ဤ(မြန်မာဘာသာပြန်) ကျမ်းကို၊ ကြည့်ရှု၍ဘတ်ရှုံ့မျှ-ဘတ်ချေက၊ အဟာဝေး သိမြင် နားလည်စေနိုင်သောစကား အသုံးအနှုန်းနှင့်၊ပေါ်လွင် ထင်ရှားသော

အဓိပ္ပါယ်တို့ကို ထည့်သွင်း စီစဉ်၍၊ ဤ "ဓမ္မ-စကြာမြန်မာဘာသာပြန်" ကျမ်းကို၊ ရေးသားရခြင်းဖြစ်၍၊ သတိ, ပညာ, သဒ္ဓါဓာတ်ဖြင့်၊ မြင့်မြတ်သော နှလုံးသွင်းရှိကြကုန်လျက်၊မိမိတို့-ကိုယ်တိုင်—

(၁) "ဓမ္မ-စကြာ" ပါဠိ အနက်တို့ကို၊ ကျက်မှတ်သင်ယူ ရွတ်ဘတ်ပြန်ဆိုခြင်း။

(၂) အနက် အဓိပ္ပါယ် သဘောကို၊ဟောပြော ပြသခြင်း။

(၃) လေးလေး စားစား၊ကိုးကွယ်ရာ-တရား တပါးဖြစ်၏=ဟူ၍ မှတ်သားနာယူခြင်း။

(၄) "ဓမ္မ-စကြာ" ပါဠိတော်နှင့်၊ သက်ဆိုင်ရာရာ၊ အဘိဓမ္မာ, သုတ္တန်၊ နှစ်တန်သော ပိဋကတ်တို့၌၊ ဟောတော်မူအပ်သော အနက်, အဓိပ္ပါယ်တို့ကို၊ ထုတ်ဖော်ယူငင်၍၊ ကျမ်းစာစောင် အဖြစ်ဖြင့်၊အသစ်, အသစ်, ဖြန့်ချိထုတ်ဝေကြခြင်းဟူသော "ဓမ္မ-စကြာ" သာသနာတော်၏ တန်ခိုးဖြင့်၊အကျိုးဆက်ဖြစ်သော ဤပြည်ထောင်စု၊ မြန်မာနိုင်ငံတော်၌ "ဓမ္မ-စကြာ" နည်းအရ၊ ဆင်းရဲ-ချမ်းသာ၊ အစစ်အမှန်ကို၊ ဝေဘန်၍ သိတတ်သော အသိ ဉာဏ် တ ရား တို့၊ တိုး တက် ကြီး ပွါး၍၊ (ကာလေန- ဓမ္မသဝန) "မင်္ဂလာ" တရား တော် အရ၊ "ယဉ်ကျေးမှု" ထွန်းကားခြင်းဖြစ်ခဲ့မှု၊ ဤ ဓမ္မ-စကြာမြန်မာဘာသာပြန် ကျမ်းကို၊ ကြိုးပမ်း ရေးသားရခြင်း၏၊ ရည်ရွယ်ရင်းဖြစ်သော စိတ်အလို သမ္မာဆန္ဒ၊ ပြည့်ဝအောင်မြင်ပြီး ဖြစ်၍၊ ဤ "ဓမ္မ-စကြာ" သာသနာနှင့်၊ "ကပ္ပါ လောက" ကြီး၊ မညှိုးနွမ်းရအောင်၊ ကြိုးကြိုးပမ်းပမ်း အားသစ်ဆည်း ပူးနိုင်ကြပါစေသတည်း။

## ကျေးဇူးတင်စကား ပြန်ကြားမိန့်ဆိုပုံပြခဏ်း

၍ "ဓမ္မ-စက္ကပ္ပဝတ္တန" သုတ္တန်၊ မြန်မာဘာသာပြန်လက်စွဲကျမ်းကို ရေးသားစီရင်ပြီးနောက်၊ ပုံမနှိပ်ရသေးမီအကြား (လက်ရေးစာမူ) ၌ ပါရှိသော အနက်, အဓိပ္ပါယ်တို့ကို၊ အစ,အလယ်,အဆုံး, ကိုယ်တိုင် (စိတ်ဝင်စား) လျက်၊ ဘတ်ကြား ဆင်ခြင်ခြင်း၊ ကျမ်းစာရေးသားသော ဆရာတော်ကိုယ်တိုင်၊ စနေနေ့၊ညနေ-သီတင်းစဉ်နေ့တိုင်း၊ဘတ်ကြားပြသ ဟောပြောသည်ကို နာယူခြင်း၊အဓိပ္ပါယ်စကား၊ နားအကြား မသန့်ရှင်းသော အရာတို့၌၊ ထင်မြင်ချက်စကား၊ လျှောက်ကြားဆွေးနွေး၊ မေးမြန်းကြခြင်းတို့ဖြင့်၊ စိတ်တူ ကိုယ်တူ၊ ကြည်ဖြူလေးစားစွာ ကူညီကြပေသော—

(၁) ဥုးဘဖေ(ဘကြီး-ဘဖေ) ခေါ်၊သူရိယ-ရန်ကုန်,

(၂) ဥုးဘရင်,ဆရာဝန်ကြီး ကုက္ကိုင်း,

(၃) ဥုးသာတင်,ဓာတ်မီးအလုပ်ဌာနမင်းကြီး ကုက္ကိုင်း,

(၄) ဆရာညဏ်,ကြီးမှူးသော အယ်ဒီတာဆရာများအဖွဲ့,

(၅) ဓမ္မစကြာသာသနာပြန့်ပွါးရေးအဖွဲ့ဝင်များ,

(၆) အသျှင် ပညဝန္တ - ဓမ္မကထိက ဆရာတော်၊ ဝိဇ္ဇောဒယချောင်၊ စစ်ကိုင်းတို့အား အထူးသဖြင့် ကျေးဇူးဥပကာရ တင်ရှိကြောင်း၊ ဝမ်းမြောက်စွာဖြင့်၊ ဖော်ပြအပ်ပါသည်။

## ဓမ္မစကြာပါဠိ- နိဿယသစ်

နှင့်တကွ

## ဓမ္မစကြာပါဠိတော်

မြန်မာဘာသာပြန်

ဓမ္မစကြာနိဒါန်း

ဒုတိယအကြိမ်ပုံနှိပ်ခြင်း

(၁၃၁၆-ခုနှစ်တပေါင်းလ)

# ဓမ္မစကြာ-ပါဠိတော်
## မြန်မာဘာသာပြန်

**နမော တဿ ဘဂဝတော အရဟတော**
**သမ္မာသမ္ဗုဒ္ဓဿ။**

အဟော ဗုဒ္ဓေါ၊ အဟော ဓမ္မော။
အဟော ဓမ္မဿ သွာချာတော။ ။
[ဗောဓိရာဇကုမာရကထာ]

ပဥ္စဝဿ သဟဿာနိ၊ သဒ္ဓမ္မဋ္ဌိတိကာမနော။
နမဿု ဓမ္မရာဇဿ၊ ဓမ္မစက္ကပ္ပဝတ္တိနော။ ။

---

### (၁) ပဌမ-သင်္ဂါယနာ-တင်တော်မူရာ၌၊ အသျှင်-အာနန္ဒာ-ထေရ်၏၊ လျှောက်ကြားပုံ စကားတော်

(၁) ※ ဧဝံမေသုတံ....ဆိုသည်ကား၊ အဘယ်သို့ ဆိုလိုပါသနည်း။

မြန်မာဘာသာပြန် အဓိပ္ပါယ်

(၁) *ဓုတင်တရားဆဲ့သုံးပါးကို ပွါးများကျင့်တတ် အသျှင်မြတ် "ကဿပ" ထေရ်ဘုရား။

“အာနန္ဒာ” မည်ကွင်၊ တပည့်သျှင်ဖြစ်သော အကျွန်ုပ်သည်၊ ဗုဒ္ဓမြတ်စွာဘုရားသျှင်၏ အထံမှ၊ ဤယခုလျှောက်ကြား လတ္တံ့ဖြစ်သော စကားအစဉ်အတိုင်း၊ ဤ “ဓမ္မ-စက္ကပ္ပဝတ္တန”သုတ္တန်တရားတော်မြတ်ကိုကြားဖြင့် သတ်သတ် ကြားအပ်ပါ၏ဘုရား=ဟူ၍ လျှောက်ကြား ဝန်ခံသောစကားဖြစ်၏။

ထင်ရှားစေဦးအံ့…ဗုဒ္ဓမြတ်စွာဘုရားသျှင်သည် (ဘိုးတော်အနန္တမင်းကြီး၏ ကြွင်းမဟာသက္ကရာဇ် ၁၁၃-ခုနှစ်၊) ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့ညဉ့်၊ ပဋ္ဌမယာမ်၏အဆုံး အရုဏ်တက်ခါနီးဆဲဆဲဖြစ်သော အခါ၌၊ ဗုဒ္ဓမြတ်စွာဘုရားရှင်အဖြစ် ဖြစ်တော်မူ၍ ထိုနောက် ကို(မဟာသက္ကရာဇ် ၁[illegible]၈-ခုနှစ်၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ည၌၊) မိုးသောက်အားကြီး လင်းပါ၍ အရုဏ်မတက်မီအချိန်၌ [illegible] , [illegible] ချပြီးတော်မူ [illegible] မဟာဝပ်[illegible] ပြတော်မူ၏။

အထူးမှတ်ချက် ။ ။ သမောဇ ပကာသနီကျမ်း ပဌမတွဲ စာမျက်နှာ ၂၂၈-၌ မဟာ သက္ကရာဇ်

(က) ၁၀၃-ခု၊ ကဆုန်လပြည့်နေ့ ညနေ (အရုဏ် တက်သည်နှင့် တပြိုင်နက်) သဗ္ဗညုတ ဉာဏ်များအဖြစ်သို့ ရောက်တော်မူလေသည်--ဟူ၍ ဆို၏။

ဒိနတ္ထပကာသနီကျမ်း ပဌမတွဲ စာမျက်နှာ ၄၃-၌၊ သက္ကရာဇ် ၁၀၃-ခု၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့ အကုန်၊ (နံနက်အရုဏ် တက်သည်နှင့် တပြိုင်နက်) ဘုရားဖြစ်၏= ဟူ၍ရှိ၏။

( ) ထိုနောက်—စာမျက်နှာ ၄၈-၌ (အာသဝက္ခယ) ဟု၊ သမုတ်အပ်သော အရဟတ္တမဂ်ဉာဏ်ကို မိုးသောက်ယာမ် အကုန် (နံနက်အရုဏ် တက်သည်နှင့် တပြိုင်နက်) ရ၏= ဟူ၍ရင်း နှစ်ချက်ပြ၏။

(ဂ) ဝိနည်းမဟာဝါ ပါဠိတော် နိဿယဆရာတော် အလို၊ သက္ကရာဇ် ၁၀၃—ခု၊ ကဆုန် လပြည့်ညဉ့် ပစ္ဆိမယာမ် (အရုဏ်တက်လုဆဲးဆဲး၌ သဗ္ဗညုတ ဉာဏ်ကို) ရသည်နှင့် (နေအရုဏ်တက်သည်ကို တပြိုင်နက် မယူလင့်။) (ယူငြား အံ့) (အရုဏ်ကို နောက်ရက်သို့သွင်း၍၊ လပြည့်ကျော် တရက်နေ့မှ ဘုရားဖြစ်သည်)ဟု- ယူရာသည်-ဟု၊မှာထား ၏။

(ဃ) အဋ္ဌသာလိနီအဋ္ဌကထာ, နိဒါနကထာ၌ "ပစ္ဆိမ-မာယာဝသာနေ"ဆိုသည်နှင့်အညီ၊ ကဆုန်လပြည့်နေ့ညဉ့် (ပစ္ဆိမယာမ်၏အဆုံး၌ သဗ္ဗညုတဉာဏ်ကိုရ၏)ဟုပြဆို၏။

(င) ဝိနည်းမဟာဝါ အဋ္ဌကထာ,အဇပါလကထာ၌ ပစ္ဆိမ ယာမေ ဆိုသည်နှင့်အညီ၊ပစ္ဆိမယာမ်၌ အရုဏ်တက်ယတ္တံ့ သော(တက်လုဆဲးဆဲး) ဖြစ်သောအချိန်၌၊ သဗ္ဗညုတဉာဏ် သို့ ရောက်၏ သဗ္ဗညုတဉာဏ်သို့ ရောက်တော်မူပြီးသော အခြားမဲ့၌သာလျှင်၊ အရုဏ်တက်၏—ဟုမျှပြဆို၏။

ထိုနောက် (နယုန်လဆန်း ၅-ရက်နေ့) ၌ အသမ္ဘိန္န သမ္ပိဓာတ်တော်တို့ကို၊ ထိုထိုတိုင်းပြည်တို့သို့ ဝေငှပို့ဆောင်ရန် ဝေဘန်ရာအစည်း အဝေးပွဲးတွင်—

အာချင်ပြတ် "ကဿပ"တေရ်သည် ဗုဒ္ဓမြတ်စွာဘုရား ဟောကြား မိန့်မြွက် ဓမ္မစက်အာဏာ ဒေသနာတော်မြတ်တို့ကို၊ အညီ အညွတ်၊ ဓမ္မဝတ်ဖြင့်၊ ရွတ်လွတ်ရှင့်၊ရွတ်ဘတ်ပြန်ဆိုကြခြင်းဟူသော"သင်္ဂါယနာ" တင်ပွဲးကြီးကို၊ ဆင်ယင်အံ့သောငှါ၊ ခုနစ်သိန်းသော ရဟန်းတို့အား၊ ဟိုက်တွန်းသောစကားကို မိန့်ကြားတော်မူ၏။

ထိုနောက်-ထိုခုနစ်သိန်းသော ရဟန်းအပေါင်းတို့တွင်၊ပဋိသမ္ဘိဒါ-ပတ္တ၊ ဆဠာ ဘိည, ဖြစ်သော ငါးရာ သော ရဟန္တာ ပုဂ္ဂိုလ် တို့ကို ရွေးကောက်တော်မူပြီးလျှင်ရာဇဂြိုဟ်ပြည်ကြီးသို့ခရီးကြွချီတော်မူ၍၊ ထိုရာဇဂြိုဟ်ပြည်ရှင် ဘုရင် "အဇာတသတ်"မင်းအား "သင်္ဂါယနာ" ကင်းအံ့သော အကြောင်းအရာစကားကို မိန့်ဆိုကြားသိစေ၏။

ထိုအခါ-ရာဇဂြိုဟ်ပြည်ရှင် ဘုရင်မင်းဖျား၊မင်းတရားသည်၊ ဆပ္ပါး သဒ္ဒါ၊ကြည်ညိုစွာဖြင့်၊ ကောင်းစွာ ဆောက်လုပ်လှူဒါန်း အပ်သော မဟာမဏ္ဍပ်တော်ကြီး၌ ငါးရာသော ရဟန္တာပုဂ္ဂိုလ် အသျှင်မြတ်တို့ သည်၊ သီးသီး ခြားခြားစည်းဝေးတော်မူကြ၍ (ဝါခေါင်လပြည့်ကျော် ၅-ရက်နေ့ကစ၍ အစဥ်သဖြင့် "သင်္ဂါယနာ"တင်ပွဲကို ကျင်းပတော်မူ ကြရာ၊ တခုသောနေ့ရက် အချိန်၌ ဤ"ဓမ္မစက္က-ပ္ပဝတ္တန"သုတ္တန်တရား တော်မြတ်ကို "သင်္ဂါယနာ" တင်ဆိုဘို့ရန်၊ အလှည့်အကြိမ်သည် ဆိုက် ရောက်လေ၏။

ထိုအခါ-ဤသုတ္တန်ကို (၁) ဟောကြားတော်မူရာ အရပ်ဌာနကို၎င်း၊ (၂) အကြောင်းရင်း ဝတ္ထုကို၎င်း၊ (၃) တရားနာပုဂ္ဂိုလ်ကို ၎င်း၊ သိသင့်,သိထိုက်,သိအပ်,လှသည်ဖြစ်၍၊ အသျှင်မြတ် "ကဿပ" ထေရ်သည် ဤသို့မေးမြန်းတော်မူ၏။

မေးမြန်းတော်မူပုံစကားအစဥ်… ဓမ္မစက္က ပဝတ္တန သုတ္တံ အာဝုသော ကတ္ထ ဒေသိတံ-အစရှိသည် တည်း။

မြန်မာဘာသာပြန်အဓိပ္ပါယ်

(၁) ငါ့သျှင် "အာနန္ဒာ"။ ။ဤ "ဓမ္မစက္က-ပ္ပဝတ္တန" သုတ္တန်ကို
(၁) အဘယ်အရပ်ဌာန၌ ဟောတော်မူသနည်း။
(၂) အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဟောတော်မူသနည်း။
(၃) အဘယ်အကြောင်းဝတ္ထုကြောင့် ဟောတော်မူသနည်း။

အစရှိသည်တို့ဖြင့် မေးမြန်းအပ်သည်ဖြစ်၍ ထိုအမေးစကားကို၊ လျှောက်ကြားဖြေဆိုခြင်းငှါ(မိမိကိုယ်တိုင်၊ကြားနာရဘူးသည့်အတိုင်း၊ ဖြေဆိုပါအံ့- ဘုရား) ဟူသော ဝန်ခံစကား၊ လျှောက်ကြားလိုသော အသျှင်မြတ် "အာနန္ဒာ"ထေရ်သည်၊ ဤ၊ (ဧဝံ မေ သုတံ) ဟူသော ဝန်ခံစကားကို ရွတ်ဆိုလျှောက်ကြားလေ၏-ဟူလို။

(၁) ဤသည်လျှင် "ဧဝံ မေ သုတံ" ဟု၊ ဆိုရခြင်း၏ အကြောင်းရင်း အဖြေစကားပြီး၏။

## (၂) ဓမ္မစကြာတရား ဟောကြားရာဌာန ပြခဏ်း

(၂) ဧကံ သမယံ ဘဂဝါ ဗာရာဏသိယံ ဝိဟရတိ ဣသိပတနေ မိဂဒါယေ—ဟူ၏။ ။ထိုစကား၏ အဓိပ္ပါယ်သည်ကား အဘယ်သို့ဆိုလိုပါသနည်း။

မြန်မာ ဘာသာပြန်အဓိပ္ပါယ်

(၂)အချင်မြတ်''ကဿပ'' ထေရ်ဘုရား။

အခါတပါး၌ဟုဆိုအပ်သော ဘိုးတော်အဠနမင်းကြီး၏ ဖြိုကြွင်းမဟာသက္ကရာဇ် (၁၀၃)ခုနှစ်၊ဝါဆိုလပြည့် စနေနေ့အခါ(သူရိယ)မည်တွင်၊ နေလုလင်သည်၊ဤဇမ္ဗူဒိပ်ကျွန်းခွင်မှ၊ ယွန်းဝင်ကွယ်ပျောက်၍၊ လပြည့်ဝန်းအချိန်ရောက်သဖြင့်၊ထွန်းတောက်သော ညဦးအချိန်၌၊ အစိန္တေယျ-တန်ခိုးတော်သျှင်ဖြစ်သော ဗုဒ္ဓမြတ်စွာဘုရားသခင်သည် ဗာရာဏသီပြည်ကြီး၏အနီး (ဣသိ-ပတန) အမည်ရသော မိဂဒါဝုန်တောအုပ်အတွင်း၌သီတင်းသုံးနေတော်မူ၏=ဟူသောအဓိပ္ပါယ်ကို ပြဆို၏။ ။ဤစကားအရဖြင့် ''ဓမ္မစကြာ'' တရား''ဟောကြားရာဖြစ်သောအရပ်ဌာန'' သည်ကား၊ ဤ''မိဂဒါဝုန်'' တောအရပ်သည်ပင် ဖြစ်၏ -ဟုညွှန်ပြ၏။

(၁) ဗာရာဏသိယ။ ။(၂) ဣသိပတနေ။ ။(၃) မိဂဒါယေ—ဟူသော သုံးပုဒ်တို့၏ အနက် အဓိပ္ပါယ်ကို အကျဉ်းချုပ်အစဉ်အတိုင်း ပြပေအံ့။

၁။ ဗာရာဏသိယံ····ဟူသောပုဒ်၏ မူလပုဒ်ရင်းသည်ကား၊(ဝါနရ-သီသ) ပုဒ်ရင်းဖြစ်၏။ (ဝါနရဿ၊ သီသံ၊ ဝါနရသီသံ)ဟုပြု၍ ''မျောက်၏ ဦးခေါင်း'' ဟူသော မူလအနက်ဖြစ်၏၊ထိုနောက် ထို(ဝါနရသီသ)ပုဒ်ကို ဥပမာအဿတ္ထိတဒ္ဓိတ်, ပြု၍အတွင်းငုပ်သော အနက်သည်ကား၊ မျောက်မင်း၏ ဦးခေါင်းသဏ္ဍာန်၊ တူဟန်ကျောက်ဖြာ၊ ထိုမြို့မှာ ရှိသောကြောင့်ရင်း။ ။ဟောပါသတ္တ၊ ဘုရားအလောင်း မျောက်၏ဦးခေါင်းကို၊ ကောင်းစွာစေတီ ထိုမြို့မှာ တည်သော ကြောင့်ရင်း၊ အကြောင်း နှစ်ပါး၊ ဂုဏ်ထို့၍

(ဝါနရ-သီသ)ဟူသောပုဒ်မှပြောင်းလွှဲစီရင်၍(ဗာရာဏသီ)ဟူသောပုဒ်သည် ဖြစ်လာ၏။ ။ဗာရာဏသီယံ၊ ဗာရာဏသီပြည်၌ဟု၊ နာမသတ်အနက်ပေးရာ၌ (ယံ) ဟူသောပုဒ်သည်ကား၊ (၌) ဟူသော သတ္တမီအနက်ကို၊ ထွန်းပြသော (ဿံ) ဝိဘတ်ကို ပြောင်းလွှဲစီရင်၍ (ယံ) ဖြစ်၏။

တနည်းပြဥုံးအံ့…[ဗာရာဏသာ နာမ,နဒီ၊ ဗာရာဏသာယ အဝိဒူရေ ဘဝါ ဗာရာဏသီ၊ တဿံ ဗာရာဏသိယံ] ဟူသောပဋိသမ္ဘိဒါမဂ္ဂ-ယုဂနဒ္ဓဝဂ်အဋ္ဌကထာ၌မိန့်ဆိုသည်အတိုင်း (ဗာရာဏသ) အမည်ရှိသော မြစ်၏မနီးမဝေးသောအရပ်၌ တည်သောမြို့ဖြစ်၍ (ဗာရာဏသီ)မြို့ဟူ၍ခေါ်တွင်၏။

၂။ ဣသိပတနေ,ဆိုရာ၌…(ဣသိပတန) ဟူသောပုဒ်၏အနက်သည်ကား၊ [ဣသီနံ ပတန-ပ္ပတန ဝသေန ဧဝံ လဒ္ဓနာမကေ] ဟူသည်နှင့်အညီ (ဘုရားပစ္စေကဗုဒ္ဓါအရိယာ ပုဂ္ဂိုလ်တို့၏ ကောင်းကင်ထက်သို့ တက်ရောက်ရာဌာနကောင်းကင်ထက်မှ+သက်ဆင်းကျရောက်ရာဌာန+ ဖြစ်ခြင်းကြောင့်(ဣသိပတနေ၊ဣသိပတနအမည်ရှိသော)ဟူ၍ နာမသတ်အနက်ပေး၏။

၃။ မိဂ–ဒါယေ,ဆိုရာ၌…. (မိဂ–ဒါယ) ဟူသော ပုဒ်၏အနက်သည်ကား၊ [မိဂါနံ အဘယဒါနဒိန္နဌာနတ္တာ မိဂ-ဒါယ သင်္ခါတေ အာရာမေ] ဟူသည်နှင့် အညီ၊ ဗာရာဏသီ ဌာနီနိုးဆိုင် အာဏာပိုင်ဖြစ်သော ပြည့်ရှင်မင်းတို့က ထိုမြို့၏ ပတ်လည်ဝန်းကျင် အနီးဖြစ်သောအရပ်၌ မြိုင်ရိပ်နီအောင်းသားငှက်အပေါင်းဘို့ကို မကောင်းသောသဘောဖြင့် ဖမ်းယူခြင်း, ပစ်ခတ်ခြင်း, နှိပ်စက်ခြင်း, စသည်တို့ကို မပြုကြရဟူ၍ ဘေးမဲ့ပေး၍ ကျွေးမွေးရာဌာနဖြစ်ခြင်းကြောင့် (မိဂ-ဒါယေ၊ မိဂ-ဒါယမည်သော တောအုပ်၌) ဟူ၍ နာမသတ်အနက်ပေး၏။

(၂)ဤကွင် စကားသုံးရပ်အကျဉ်းချုပ် ပြီး၏။

## (၃) ဓမ္မစကြာတရားနာယူသော ပဉ္စဝဂ္ဂီရဟန်းတို့ကို မိန့်ခေါ်တော်မူပုံပြခန်း

(၃) တတြ ခေါ ဘဂဝါ ပဉ္စဝဂ္ဂိယေ ဘိက္ခူ အာမန္တေသိ–ဟူ၏။ ။
ထိုစကား၏အဓိပ္ပါယ်သည်ကား အဘယ်သို့ဆိုလိုပါသနည်း။

ထိုမိဂဒါဝုန်တောအရပ်၌ဗုဒ္ဓမြတ်စွာဘုရားသျှင်သည် ငါးယောက်အစုတိုင်ပင်ပြု၍၊ နေမှုတွက်တာ၊ ဤခြင်းရာကြောင့်''ပဉ္စဝဂ္ဂီ''အမည် ရှိကုန်သော(ဣသိပဗ္ဗဇ)ရဟန်းတို့ကို မိန့်ခေါ်တော်မူ၏ ဟူ၍ အဓိပ္ပါယ်ရ၏။ ။ဤစကားအရဖြင့် ''ဓမ္မစကြာ'' တရားကြားနာမည်ဖြစ်သော ပုဂ္ဂိုလ်ငါးဦးတို့ကိုညွှန်ပြ၏။

ဤအရာ၌ (ပဉ္စဝဂ္ဂိယ)-ဟူသော ပုဒ်၏အရ၊ ပုဂ္ဂိုလ်ငါးဦးတို့၏အမည်သည်ကား ဤသို့တည်း။

| | | | |
|---|---|---|---|
| (၁) ကောဏ္ဍည | ခေါ်သော | ဣသိပဗ္ဗဇ | ရဟန်း။ |
| (၂) ဝပ္ပ | ခေါ်သော | ဣသိပဗ္ဗဇ | ရဟန်း။ |
| (၃) ဘဒ္ဒိယ | ခေါ်သော | ဣသိပဗ္ဗဇ | ရဟန်း။ |
| (၄) မဟာနာမ် | ခေါ်သော | ဣသိပဗ္ဗဇ | ရဟန်း။ |
| (၅) အဿဇိ | ခေါ်သော | ဣသိပဗ္ဗဇ | ရဟန်း။ |

ဤငါးဦးသော ရဟန်းတို့ဖြစ်ကြကုန်၏။ ။ဤအမည်တို့သည်ကား၊ တောထွက်၍ (ဣသိပဗ္ဗဇ) ရဟန်းပြုမှ ရအပ်သော ဘွဲ့အမည်တို့ မဟုတ်ချေ။ ။ရှေးအခါ လူအဖြစ်နှင့် နေစဉ်ကပင်၊ ဗြာဟ္မဏအနွယ်မျိုး၊ အမျိုးသို့လိုက်၍ ခေါ်အပ်သော မူလအမည်တို့သာတည်း။

{ ကောဏ္ဍညော ဝပ္ပေါ ဘဒ္ဒိယော၊ မဟာနာမော စ အဿဇိ။
{ ဧတေ ပဉ္စ မဟာထေရာ၊ ပဉ္စဝဂ္ဂါ-တိ ဝုစ္စတိ။ ။

(ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ။)

[ဤနေရာ၌ ပဉ္စဝဂ္ဂီရဟန်းတို့နှင့် ဗုဒ္ဓမြတ်စွာဘုရားသျှင်၏ တွေ့ဆုံကြရပုံအ ကျယ်ကို (ဓမ္မစကြာဖွင့် အကျယ်)၌ ပြဆိုခဲ့ပြီးဖြစ်၍ ဤအခဏ်း၌ လျှော့ချထားအပ်၏။]

**ထိုမှတပါးဆိုဦးအံ့**…ဤဓမ္မစကြာ တရား ဟောကြားရာ ဖြစ်သော "မိဂဒါဝုန်" တောအရပ်၌ တည်ထား ကိုးကွယ်သော စေတီတော်ကို "ဓမ္မစကြာစေတီ"တော်မြတ်ဟူ၍ပညတ်တင်၍ အထင်အရှား ကိုးကွယ်လျက်ရှိကြ၏။ ။ဤစေတီတော် မြတ်၏ တည်ရာ၊ ဓမ္မစကြာတရားဟောကြားရာ၊ မိဂဒါဝုန်တောအရပ်သို့ သွားရောက်ကြကုန်သော သူတို့သည် ကြည်ညိုသော စိတ်ဖြင့် ဖူးမြော်ကြသော်လျှင် ကြရကုန်မှုကား၊ (ပကာတုပ နိသယ) ပစ္စည်းသုံးဘာဖြင့် အကြောင်းအကျိုးဆက်၍ နတ်ပြည်သို့ တက်ရောက်ကြရကုန်လတ္တံ့–ဟူ၍ (သုတ်မဟာဝါမဟာပရိနိဗ္ဗာန) သုတ်၌ ဟောတော်မူ၏။ ။ဤစကားနှင့် ဆက်၍ မိဂဒါဝုန်တော၏ဂုဏ် ၂-မျိုးကို ပြဆိုဦးအံ့။

ဣဓ တထာဂတေန အနုတ္တရံ ဓမ္မစက္ကံ
ပဝတ္တိတန္တိ အာနန္ဒ သဒ္ဓဿ ကုလပုတ္တဿ
(၁) ဒဿနီယံ (၂)သံဝေဇနီယံ ဌာနံ-ဟူ၏။
(သုတ်မဟာဝါပါဠိတော်၊ မဟာပရိနိဗ္ဗာန ပဌမ ဘာဏဝါရ)

မြန်မာဘာသာပြန်အဓိပ္ပါယ်

ချစ်သား"အာနန္ဒာ"။ ။ကောင်းစွာနှစ်မြိုက် သောင်နား မိုက်၍၊ မှတ်ပိုက်နာယူဦးလော့။

ဣသိပတန–အမည်ရသည့် မိဂဒါဝုန် သားမျိုးစုံတို့ နိုးလှုံ့နေရာ ဤတောခမ်းဝါအရပ်၌ ဗုဒ္ဓမြတ်စွာဘုရားသျှင်သည် အတုမရှိမြတ်လှစွာသော "ဓမ္မစကြာ"မေါ် သစ္စာလေးပါးပြဲတရားကို ဟောကြားတော်မူပေ၏တကား ဟူ၍(ယောနိသော မနသိကာရ) တရားကောင်းစွာထားလျက် နှစ်သက်ကြည်ညိုသဒ္ဓါပုံ၍ စိတ်အလို ဆန္ဒကောင်းရှိကြကုန်သော အမျိုးကောင်းသား အမျိုးကောင်းသမီး တို့အား၊ ထို "ဓမ္မစကြာ" တရား ဟောကြားတော်မူရာ"မိဂဒါဝုန်" တောအရပ်သို့ သွားရောက်ကြပြီးလျှင်၊ ထိုအရပ် ဌာနသည်ကား–ဗုဒ္ဓ

မြတ်စွာဘုရားနှင့်တကွ၊ အသျှင် "ကောဏ္ဍည"ထေရ်တို့ "ဓမ္မစကြာ" တရား ဟောကြားနာယူရာ ဌာနဖြစ်၏=ဟူ၍၊ ဘုရားသျှင်၏ ဂုဏ်၊ ဓမ္မစကြာတရား၏ ဂုဏ်၊ အရိယာ သံဃာ- ဖြစ်သော ကောဏ္ဍည ထေရ်တို့၏ဂုဏ်တို့ကို အာရုံပြုလျက်-

ထိုအရပ်ဌာနကိုပင်—

၁။ ဒဿနီယ…သဒ္ဓါရှင်မြူး၊ စိတ်ကြည်နူးလျက်၊ ဖူးမြင်ပြီးငှါ ထိုက်တန်သော အရပ်ဌာနဖြစ်ပေ၏ဟု-နှလုံးသွင်း အောက်မေ့အပ်လှပေ၏ဟူ၍ ဟောတော်မူ၏။

ဤသည်ကား- (၁)ဒဿနီယပုဒ်၏ အကျဉ်းချုပ် အဓိပ္ပါယ်တည်း။

---

၂။ သံဝေဇနီယ–ဆိုသည်ကား…တရားသက်ဝင်၊ သမ္မေဇဉ်ဖြပ်၊ ဆင်ခြင် တုံတရား ရှိကြကုန်သော အမျိုး ကောင်းသား အမျိုးကောင်းသမီးတို့အား၊ ထို "မိဂဒါဝုန်"တော အရပ်သည် ထိတ်လန့်ခြင်းနှင့်တကွဖြစ်သော (ဓမ္မသံဝေဂ) ဉာဏ်ကို ဖြစ်စေနိုင်သော အရပ်ဌာနဖြစ်၏ဟူ၍ ဟောတော်မူ၏။

ထင်ရှားစေဥုံးအံ့…ဂေါတမ မည်တွင် ဗုဒ္ဓမြတ်စွာဘုရားသျှင်သည် ဗုဒ္ဓဘုရားသျှင်၏ အဖြစ်သို့ရောက်ပြီးနောက်၊ ဤ "မိဂဒါဝုန်"တောအရပ်၌ပင် တည်ရာဌာနပြု၍ "ဓမ္မစကြာ" ဟူသော တရားအကျူးကို အစဦးစွာ ဟောတော်မူ၏။

အသျှင် "ကောဏ္ဍည" အမှူးရှိသောပဉ္စဝဂ္ဂီ (ဉာသိ ပဗ္ဗဇ) ရဟန်း ငါးဦးတို့နှင့်တကွ၊ တဆဲ့ရှစ်ကုဋေ အရေအတွက်ရှိသော နတ်ဗြဟ္မာ အပေါင်းတို့သည်လည်း၊ ဤ "မိဂဒါဝုန်"တောအရပ်၌ပင် "ဓမ္မစကြာ" တရား၊ "အနတ္တ လက္ခဏ" သုတ်တရားတို့ကို ကြားနာရ၍ ရဟန္တာ ပုဂ္ဂိုလ်၏အဖြစ်သို့ ရောက်ကြကုန်၏။

ဤယခုနေ…ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအတွင်း၌ ပယည်ရှိ၍ နေသော သာသနာတော် မြတ်ကြီးသည်လည်း၊ "မိဂဒါဝုန်" တောအရပ်၌ပင်၊ ဗုဒ္ဓမြတ်စွာဘုရားသျှင်နှင့်တကွ အမျိုး

''**ကောဏ္ဍည**''ထေရ်အမှူးရှိသော (ပဉ္စဝဂ္ဂီ) ရဟန္တာပုဂ္ဂိုလ်ငါးဦးတို့၏ အထူးကြီးပမ်းတော်မူလျက်၊ အစပျိုး၍ တည်ထောင်ခဲ့သော ''ဓမ္မစကြာ'' သာသနာတော်မြတ်ဟူသော ပဉ္စောင်ပင်ကြီးမှ၊ အုံ့ချီး မကုန်၊ အမတဓာတ်၊ ထူးမြတ်သောအရသာဂုဏ်တို့နှင့် ပြည့်စုံသော မဂ်ဉာဏ်လေးပါး၊ ဖိုလ်ဉာဏ်လေးပါးဟူသော အသီးတို့ကို သီးစေ+ ကြီးစေလျက်၊ မြို့ပြပြည်ရွာ လူ့ရွာ, နတ်ပြည်, ဗြဟ္မာပြည်အထိ အဆင့်ဆင့် ပြန့်နှံ့တိုးတက်ထွန်းတောက်ပခြင်းသို့ရောက်လာရသော သာသနာတော်မြတ်အစဉ်အဆက်ဖြစ်ပေ၏။

ဤမျှသောစကားအမြွက်ဖြင့် ''ဓမ္မစကြာ'' တရား ဟောကြားရာ ဌာန- ဖြစ်သော ဤ ''မိဂဒါဝုန်'' တောအရပ်သည်ပင်၊ ဤသို့မျှဖြင့် ''**ဒသနိယ**'' ဂုဏ်၊ ''**သံဝေဇနီယ**''ဂုဏ်တို့နှင့် ပြည့်စုံသဖြင့် ဝမ်းမြောက်ဝမ်းသာ၊ သဒ္ဓါပို၍ ကြည်ညိုနှစ်ခြိုက် ကိုးစားထိုက်သည်ဖြစ်ခဲ့မူ၊ ထို ''ဓမ္မစကြာ''တရားတော်နှင့် ထို''ဓမ္မစကြာ'' တရားဟောကြားတော်မူသော ဗုဒ္ဓမြတ်စွာဘုရားသျှင်၏ ဂုဏ်ကျေးဇူးတော် မြတ်တို့သည်ကား- အဘယ်မျှ ကြီးကျယ်လေးနက်၍ နှစ်သက်မြတ်နိုး ကိုးစားကြည်ညိုထိုက်ပေ၏=ဟူသောစကားကိုရင်း။ ။အဘယ်သို့မျှ အဘိုးဖြတ်၍ ဖြတ်သောကောင်းကျိုးကို ပေးစွမ်းနိုင်၏ ဟူသောစကားကိုရင်း။ ။ နတ်လူဗြဟ္မာ သတ္တဝါအမျိုးမျိုးတို့သည် မိမိတို့၏အသိဉာဏ်တန်ခိုးဖြင့် အဘယ်သို့လျှင် အဘိုးဖြတ်နိုင်အံ့နည်း။ ။မဖြတ်ဆိုနိုင်ရာပေ။

**စင်စစ်မှုကား**…အနန္တ-ဂုဏ၊ အပရိမာဏ-ဂုဏ၊ အသင်္ခ်ေယျ, အစစ်၊ ဖြစ်ကြီးဖြစ်၍၊တွက်စစ်နှုန်းပြိုင်၊ မဆုံးနိုင်သောအထူးမြတ်ဆုံး+အဘိုးထိုက်တန်ဆုံးသော ဂုဏ်ကျေးဇူးတို့သာ ဖြစ်ပေ၏ တကားဟု၊ ယုံကြည်လေးမြတ် သဒ္ဓါဓာတ်ဖြင့်အမြဲမပြတ် ရွတ်ဘတ် ကိုးကွယ် ဆည်းကပ်ကြပါကုန်မူကား=ကောင်းကျိုးအသချေ၊ အထွေထွေတို့ဖြစ်၍၊ မရေတွက်နိုင်ကြရာပေ။

**ထိုမှတပါးတုံ ဆိုဦးအံ့**…ဤယခုအခါ၌ လောက သနင်း တရားမင်း အစစ် ဖြစ်တော်မူသော ဗုဒ္ဓ မြတ်စွာဘုရားသျှင်သည်ကား၊ ခန္ဓာတော် ကမ္ဘဇရုပ်၊ အကြွင်းမဲ့ရုပ်သိမ်း၍၊ ချုပ်ငြိမ်းတော်မူပြီး ဖြစ်ခဲ့လေပြီ။

ထို ဗုဒ္ဓမြတ်စွာ ဘုရားသျှင်၏အထံ၌ ''ဓမ္မစကြာ'' ဟူသော တရားမြတ်+တရားဦးကို၊ ဆွတ်ခူးပန်ဆင် နာယူကြရကုန်သော အသျှင် ''ကောဏ္ဍည''ထေရ်အမှူးရှိသော ရဟန္တာ ပုဂ္ဂိုလ် ငါးဦးတို့သည်လည်း၊ဗုဒ္ဓမည်တွင်ဘခင် ဘုရား၊ ကြွသွားတော်မူရာ (အလုပါဒ်သေသ) နိဗ္ဗာနဓာတ်နန်းသို့ ဖြောင့်တန်း စိုက်စိုက် လိုက်ပါကြွသွားတော် မူကြလေကုန်ပြီ။

ဤသို့ဖြစ်လင့်စေ...ဤယခုအချိန်၌မူကား''နာမ မတ္တံ ဝ,သိဿတေ'' ဆိုသည့်အတိုင်း ''ဓမ္မစကြာ'' တရားတော်နှင့်လို ''ဓမ္မစကြာ'' တရားဟောကြားရာ ဌာနဖြစ်သော ဤ ''မိဂဒါဝုန်'' တောအရပ်တို့သည်သာလျှင် ထင်ရှားစွာ တည်ရှိကျန်ရစ်ကြကုန်၏၊

ထို''ဓမ္မစကြာ''တရားတော်နှင့်''မိဂဒါဝုန်''တောဟူသောအမည်တို့သည်လည်း၊နောက်ဖြစ်သော အနာဂတ်ကာလတို့၌၊၃-နှစ် သင်္ကြာန်တို့၊ ပြောင်း၍+ပြောင်း၍၊ အချိန်နှောင်း၍ပြန်လျှင်၊ ထို ''ဓမ္မစကြာ'' တရားကို ဟောပြော ကြားနာ ရွတ်ဘတ် ပြန်ဆိုသူတို့မရှိဖြစ်၍+ ''မိဂဒါဝုန်'' တောအရပ်ဟူ၍လည်း ခေါ်ဝေါ်ပြောဆို သုံးစွဲမည့်သူတို့မရှိဖြစ်၍+ရှေးရှေးသောအခါကာလတို့၌ပွင့်တော်မူကြကုန်သော (ဒီပင်္ကရာ) မြတ်စွာဘုရား အစရှိကုန်သော ၂၄-ဆူမျှကုန်သော မြတ်စွာဘုရားသျှင်တို့၏ ဖွားရာဇာတိ, ဘ-ဝိဇ္ဇယ်ရိုး, အမျိုးအစဉ်, ဖြစ်အင် ဖြစ်ရာ,ကြောင်း မြင်းရာတို့ကဲ့သို့ရင်း၊ အဂ္ဂ သာဝက၊ မဟာ သာဝက၊ ပကတိ သာဝက၊ ဌာနန္တရ ဂုဏ်တူးဖြင့်၊ မျိုးကျူး တင်မြှောက်ခြင်း ခံယူရသော အသျှင်မြတ်တို့ကဲ့သို့ရင်း၊ ဖြစ်၍+တိမ်မြုပ်ပျောက်ကွယ်၍ သွားကြမည်ကား-မလွှဲသာသည့် ဓမ္မတာအတိုင်းပင်တည်း။

ဤသို့ဖြစ်ရကား...''မာဒိသေသု–ကထာဝကာ'' ဆိုသည့် အတိုင်း၊ သုံးလူ့ထွတ်တင် ဗုဒ္ဓဘုရားသခင်နှင့်၊ သာဝက အသျှင်မြတ် ဖြစ်ကြကုန်သော ''အညာသိ-ကောဏ္ဍည'' ထေရ်တို့သည်ပင်, ဤသို့ဖြစ်ရလျှင်၊ ထိုထိုအသျှင်မြတ်တို့မှ၊ ကြွင်းကျန်ကုန်သော နတ်, လူ, ဗြဟ္မာ သတ္တဝါ

အပေါင်းတို့၌မူ၊ အကြောင်းဘယ်သို့ ထူးနိုင်အံ့နည်း၊ ဟု-နှလုံးသွင်း အောက်မေ့သင့်လှပေ၏။

ဤသည်ကား-(၂)သံဝေဇနီယပုဒ်၏ အကျဉ်းချုပ်
အဓိပ္ပါယ်တည်း။

## ဥယျောဇဉ် တိုက်တွန်းချက်စကား

ဤသို့ဖြစ်၍… (အသင်တို့+အကျွန်ုပ်တို့သည်) ဤ "ဓမ္မစကြာ" သာသနာတော်မြတ်တည်းဟူသော အလင်းရောင်ဖြင့် "အဝိဇ္ဇာ" မှောင်ကို ခွင်း၍ လွန်းလင်း တောက်ပလျက်ရှိစဉ် အခိုက် လုံ့လ စိုက်၍၊ အမြိုက် နိဗ္ဗူ၊ ရောက်စိမ့် ဟူ၍၊ ရွယ်ချူပန်သ အားလုံ့လပြုကြမည်လော။

ဤသို့၊ မဟုတ်···အဝိဇ္ဇာ, တရားဖြင့် ဖုံးလွှမ်း၍၊ တဏှာ, တရားဖြင့် စွဲးလမ်း၍၊ ဒိဋ္ဌိ,တရားဖြင့် အမြင်မှားလျက်-မျက်စိကန်း လမ်းသွားသကဲ့သို့ အမှားမှားအလွဲးလွဲး ဇာတိ, သံသရာ၊ တည်းဟူ သောကန္တာရ-ခရီးခဲး၌၊ တဝဲးလည်လည်အတည်မကျ၊တဘဝမှသည်+ တဘဝသို့ဍင်း။ ။တဘုံမှ သည်+တဘုံသို့ဍင်း၊ စုန်ကာဆန်ကာဖြင့်၊ တပြောင်းပြန်ပြန်၊ ပြေးသွား ပြောင်းလွှဲး၍၊ လမ်းခွဲးကျန်နေရစ်ခဲ့ကြ ဉးမည်လော-ဟူသော ဤအချက်ကို,လေးလေးနက်နက်,နှစ်သက်ဝမ်း မြောက်စွာ (ဤယနေ့, ဤနေရာ, ဤအချိန်) ကပင်၊ကြိုတင်စဉ်းစားကြ ဘို့ရန် (အချိန်တန်- အခါရောက်ပြီ) ဟူသော အဓိပ္ပါယ်ကိုလည်း (အတ္တူပနာ) နည်းအားဖြင့်ပြဆိုညွှန်ကြားတော်မူ၏။

ဤတွင် ဓမ္မစကြာတရား နာ[illegible]ခဲ့ပြီး၏။

## (၃) ရဟန်းတို့မမှီဝဲးအပ်သောအယူမှားတရားနှစ်ပါး ကိုအမေး + အဖြေ-မြွှ၍၊ ဟောကြားပုံပြခန်း

(၃) **ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ = ကတမေ ဒွေ =** ဟူ၏။ ။ထိုပါဠိတော်၏ **အဓိပ္ပါယ်သည်ကား** အဘယ်သို့ဆိုလို ပါသနည်း။

မြန်မာဘာသာပြန် အဓိပ္ပါယ်

(၃) ဒို ပဋ္ဌ ဝဂ္ဂီ ရဟန်းတို့။

ပဗ္ဗဇိတရဟန်းဖြစ်သောသူသည်၊ဤပြဆိုအပ်လတ္တံ့ဖြစ်သောအယုတ်တရား နှစ်ပါးတို့ကို မမှီဝဲအပ်ချေ+ မကျင့်အပ်ချေ+ အလိုမရှိအပ်ချေ—ဟုဆိုလို၏။

ဤသို့လျှင်''ဒွေမေ ဘိက္ခဝေ အန္တာပဗ္ဗဇိတေန နသေဝိတဗ္ဗာ'' ဟူသောတရားကို ဟောကြားတော်မူသော ဗုဒ္ဓမြတ်စွာဘုရားသျှင်၏အသံတော်သည်ကား- ဤလူတို့၏နေရာ ပကတိသော မြေအပြင်ဖြစ်သော 'ဣသိပတန'' နာမသင်းထုံ၊ သားမျိုးစုံတို့၊ ခိုလှုံနေရာဖြစ်သော ''မိဂဒါဝုန်''တောမှ၊ အောက်အဘို့ဖြစ်သော ဘုံအပြင်အားဖြင့် ပြဆိုရသော်- ဤသို့ပင်တည်း။

(၁) နှစ် သိန်း လေး သောင်း၊ အ ထု ပေါင်း၊ တည်ရှောင်း ဤသည့်မြေ။

(၂) သိလာပံသု၊ မြေနှစ်ခု၊ အထု ထက်ဝက်ဝေ။

(၃) သိန်း နှစ်သောင်းစီ၊ သချ်ာညီ၊ နှစ်လီယှဉ်းမသွေ။

(၄) သိလာ ပထဝီ၊ အထက်ဆီ၊ အဝီစိ-တည်ငြား။

ဆိုသော လက်ာစကားအတိုင်း ''ပံသုပထဝီ'' ခေါ်သော တသိန်း နှစ်သောင်း အထုရှိသော ဤမြေ၏ အောက်မြေအပြင် အထက်၊ ''သိလာပထဝီ'' ခေါ်သော တသိန်း နှစ်သောင်း အထုရှိသော မြေ၏အထက်အဘို့အပြင်၌တည်သော (အဝီစိ) ခေါ်သော ငရဲးဘုံသို့ရောက်၍—

အထက် အဘို့ဖြစ်သော ဘုံအမြင့် အားဖြင့် ပြဆိုရပြန်သော် ဤသို့ပင်တည်း။

(၁) နေဝသညာ၊ နာသညာ၊ လူ့ရွာအခြားမှတ်။

(၂) ဩသုညာ၊ သော ပဋ္ဌာ၊ အင့်ှာကေသတ်။

ဆိုသောလက်ာစကားအတိုင်း ယူဇနာအားဖြင့်(၇၁၈၅၆,၀၀၀) (ခုနစ်ကုဋေတသန်း ရှစ်သိန်း ငါးသောင်း ခြောက်ထောင်)မျှ ဝေးကွာ

သော (ဘဝဂ်) ဟူ၍ ခေါ်ဆိုရသော (နေဝသညာ နာသညာယတန) ဘုံသို့ရောက်၍ အရှေ့, အနောက်, တောင်, မြောက်- မျက်နှာအတို အားဖြင့် ဝကြဝဠာပေါင်း တသောင်းသော လောကဓာတ် တိုက်ကို တုန်လှုပ်စေသည်ဟည်း ခြောက်ပြီးစွာသောအသံဖြင့် ပြန့်နှံ့၍တည်လေ၏။

ထိုအခါ- စကြဝဠာပေါင်း တသောင်းသော လောကဓာတ်တိုက် အတွင်း၌ တည်နေထိုင်ကြကုန်သော အာကာသဠ္ဌ, ဘုမ္မဠ္ဌ, ရုက္ခဠ္ဌ- အားလုံးကုန်သော တပါးတစ်ကုဋေ အရေအတွက်ရှိကုန်သောနတ် ဗြဟ္မာ အပေါင်းတို့သည်၊ အကြောင်းအားလျော်စွာ အညီအညွတ် စည်းဝေး ရောက်လာတည့်ကြကုန်၏။

အချိန်ကာလအားဖြင့်ကား ပြဆိုရ မူကား– "ပစ္ဆိမာယ ဒိသာယ၊ သူရိယော အတ္ထင်္ဂမေတိ" ဟူသော အဋ္ဌ ကထာပါဌ်နှင့်အညီ ၊ မဟာသက္ကရာဇ် (၁၀၃) ခုနှစ်၊ ဝါဆိုလပြည့်၊ စနေနေ့ဝယ် အနောက်မျက်နှာအရပ်၌ ရောင်ခြည်တထောင် အလင်း ဆောင်သော (သူရိယ) ခေါ်သော နေမင်းသည်၊ ကွေကွင်းနီးခါရမည် ဖြစ်သော ဤဇမ္ဗူဒိပ်ကျွန်း၊ ငုပ်လျှိုးပသောအရောင်ကို၊ ဖျောက်ပယ်၍ ပျောက်ကွယ်ခါ- သဲးသဲး (နေမင်း-ဝင်ခါစ)သဲးသဲး,အချိန်အခါဖြစ်၏ ဟူ၍မှတ်။

"ပုရတ္ထိမာယ ဒိသာယ ဥတ္တရာ-သဠ္ဌနက္ခတ္တေန ယုတ္တော ပုဏ္ဏစန္ဒော ဥဂ္ဂစ္ဆတိ" ဟူသည်နှင့်အညီ၊ အရှေ့မျက်နှာအရပ်၌ (ဥတ္တရာသဠ်) နက္ခတ်နှင့်ယှဉ်သော ပုဏ္ဏမီစန်း၊လပြည့်ဝန်းကမူကား၊ ဤဇမ္ဗူဒိပ်ကျွန်း အား၊ ထွန်းပသောအရောင်ဖြင့် တပြောင်ပြောင် တလက်လက်၊ နတ် ခုန်းသက်သကဲ့သို့ (ထွက်ပြူပေါ်လာစ သဲးသဲး) အချိန်အခါဖြစ်၏ဟူ၍ မှတ်။

တသို့သမယေ ဘဂဝါ ဓမ္မစက္ကပ္ပဝတ္တန သုတ္တံအာရဘန္တော "ဒွေ မေ ဘိက္ခဝေ အန္တာ" တိ အာဒိမာဟ=ဟူသည်နှင့်အညီ၊ ဤသို့လျှင် "နေဝန်း" အရောင်ပျောက်၍ "လဝန်း" အရှိန်ရောက်သဖြင့် လွန်း တောက်သော ဤ"ညဦး" အချိန်၌ အစိန္တေယျ၊ လောက သနင်း တရားမင်း ဘုရားသည်၊ ဤ"ဓမ္မစက္ကပ္ပဝတ္တန" သုတ္တန်ကို ထုတ်ပြန်

ဟောကြားတော်မူလိုသည် ဖြစ်၍။''ဒွေမေ ဘိက္ခဝေ အန္တာပဗ္ဗဇိတေန
န သေဝိတဗ္ဗာ''ဟူသော အခြေခံ ဤတရားကို ဟောကြားတော်မူ၏။
(ပါဠိတော်အဓိပ္ပါယ်ပြခဲ့ပြီးဖြစ်၏။)

(၃) ကတမေဒွေ…ဟူသော ပါဠိတော်၏ အဓိပ္ပါယ် သည်ကား-
အဘယ်သို့ဆိုလိုပါသနည်း။

မြန်မာဘာသာပြန်အဓိပ္ပါယ်

(၃) ဘုန်းတော်ကြီးမား အသျှင်မြတ်ဘုရား။

အသျှင်မြတ်ဘုရား၏ တရားစကားတော်၌ နှစ်ပါးသော အယုတ်တရားတို့-ဟူသည် အဘယ်သည်တို့ ဖြစ်ပါသနည်း ဘုရား-ဟူ၍ မေးလျှောက်သော (ပုစ္ဆာ)စကားဖြစ်၏။

**အထူးမှတ်ချက်**…ဤအချိန်အခါ၌ တစုံတယောက်သောသူမျှ အနီး၌ နေ၍ မေးလျှောက်သောသူမရှိဖြစ်၏။ ထိုသို့မရှိဖြစ်ခဲ့စေ၊ ''ဓမ္မဒေသက''ဖြစ်တော်မူသော ဗုဒ္ဓမြတ်စွာဘုရားသျှင်သည်၊ မိမိကိုယ်တော်တိုင်၊ ဟောကြားရမည်ဖြစ်သော တရားတော်၌ မိမိသည်ပင် မေးလျှောက်သော ပုဂ္ဂိုလ်၏ အနေဖြင့် တည်၍ အမေးပုစ္ဆာစကား ပြုဒြီးလျှင် ထို့နောက်မှ အဖြေစကား ဟောကြားခြင်းသည်ကား = ဓမ္မတာတခုပင် ဖြစ်၏။

[ဤအမေးပုစ္ဆာစကားမျိုးကို ပုစ္ဆာငါးမျိုးတို့တွင် ကထေတုကမျတာ ပုစ္ဆာ ဟူ၍ခေါ်ဆို၏။]

(၃) ကတမေဒွေ-ဟုဆိုရာ၌ (ဒွေ၊နှစ်ခု) ဟူသော သင်္ချာ၏သင်္ချေယျဖြစ်သော အယုတ်တရားနှစ်ပါးတို့တွင်၊ ရှေးဦးစွာသော (ကာမသုခလ္လိကာနုယောဂ) ဟူသော အယုတ်တရား၏ တရားကိုယ်ထည် တကွ၊ အကျိုးငါးပါးကို ပြခြင်းငှါ-ယောစာယ ကာမေသု ကာမ သုခလ္လိကာနုယောဂေါ၊(၁)ဟီနော(၂)ဂမ္မော (၃) ပေါထုဇ္ဇနိကော (၄) အနရိယော (၅) အနတ္ထသံဟိတော-ဟူ၍ ဟောတော်မူ၏ ၂—

## (၄) (က) ကာမ-သုခ- လ္လိကာ-နု-ယောဂ- ဟူသော အယုတ်တရားပြခက်း

(၄) (က) ယောစာယံ ကာမေသု ကာမသုခလ္လိကာ နုယောဂေါ ဟူသော စကားဝါကျ၏ အဓိပ္ပါယ်သည်ကား အဘယ်သို့ ဆိုလိုပါသနည်း။

မြန်မာဘာသာပြန်အဓိပ္ပါယ်

(က) ယောစာယံဆိုရာ၌…(၁) ယော၊ (၂) စ၊ (၃) အယံ၊ ဟူ၍ သုံးပုဒ် ခွဲးစေရာ၏။ ။(၁) ယော-သည် ယ-ပုဒ်ရင်းဖြစ်၏။ ။(၂) စ-သည်နိပါတ်ပုဒ်၊ သမုစ္စယတ္ထဝါစကဖြစ်၏။ ။(၃)အယံ–သည် ဣမပုဒ်ရင်းဖြစ်၏။ ။ဤ (၁) ယော၊ (၃) အယံ၊ နှစ်ပုဒ်သည် သဗ္ဗနာမ်ပုဒ်တို့ဖြစ်ကြ၏။ ။လိင်သုံးပါးနှင့် ဆက်ဆံ၏။ ။ များစွာသော အနက်သဘောကို ဟောစွမ်းနိုင်၏။ ။ဤသို့ဖြစ်၍ ဤပုဒ်တို့၏အနက်သည် ဤအနက်ပင်တည်း ဟုအမြဲးအစွဲးဆိုရန် ခဲးယဉ်း၏။ ။ထို့ကြောင့် ဤနေရာ၌မူ နောက်က ပြခဲ့သော (ကောဋ္ဌာသ) အဘို့အစု ဟူသော အနက်ကို ဟောသော(အန္တော)ပုဒ်ကို(အန္တော)ဟု ပြင်ပြီးလျှင် ထိုပုဒ်နှင့်တွဲး၍ (ယော- စ- အယံ- အန္တော၊) အကြင် ကာမသုခလ္လိကာ နုယောဂ-ဟူသော အဘို့အစုသည်လည်း။ ။(တနည်း)အတ္တကိလမထာနုယောဂ-ဟူသောအဘို့အစုသည်လည်း-ဟု အနက်ပေး၍ အတ္ထိ၊ ရှိ၏-ဟူသော ကြိယာပုဒ်ထည့်၍ စပ်ရာ၏။ ။ထို့နောက်(ယော-စ-အယံအန္တော)ဟူသော အနိယတ် စကားနှင့် ယှဉ်စပ်ဘက် (သောအန္တော၊) ထိုအဘို့အစုသည်-ဟူသော နိယတ်စကား ထည့်၍ ဟီနော၊ ဂမ္မော-စသောပုဒ်တို့နှင့် (တုလျတ်-လိင်္ဂတ်)ဆို၍စပ်ရာ၏။ ။ထိုအခါ(ကြိယာ-မသတ်၊ ကတ္တုချင်းချင်း၊ စပ်တုံလျဉ်းမှု၊ တုလျတ်-လိင်္ဂတ်ဆို၍စပ်) ဆိုသောစကားနှင့်ညီ၏။

(၁) ယော-ပုဒ်နှင့် (၃) အယံ-ပုဒ်သည် သဗ္ဗနာမ်ပုဒ် နှစ်ဆင့်ဖြစ်၍ (၁) ယော-ပုဒ်သာ အနက်၌ပြဓာန်း၏။ ။(၃) အယံ-ပုဒ် အနက်မရှိချေ။ ။(သဗ္ဗနာမ်ပုဒ်၊ နှစ်ဆင့်ထုတ်မူ၊ နောက်ပုဒ်တခု-အနက်မဲ့များ သတည်း) ဟူ၏။

(၄)(ခ)ကာမေသုဆိုရာ၌…ကာမိယတီတိ ကာမော–ဟူသည်နှင့်
အညီ၊ အလိုရှိအပ်သော (နှစ်သက်အပ်
သော)

(၁) အဆင်း, ဝဏ္ဏ-ဓာတ် ဟူသော ရူပါရုံ။
(၂) အသံ, သဒ္ဒ-ဓာတ် ဟူသော သဒ္ဒါရုံ။
(၃) အနံ့, ဂန္ဓ -ဓာတ် ဟူသော ဂန္ဓာရုံ။
(၄) အရသာ, ရသ ဓာတ် ဟူသော ရသာရုံ။
(၅) အတွေ့, ဖောဋ္ဌဗ္ဗ-ဓာတ် ဟူသော ဖောဋ္ဌဗ္ဗာရုံ။

ဤအာရုံဖြစ်သော မှုပ်တရားငါးပါးကို (ကာမ) ဟုဆိုအပ်၏။ (ဝတ္ထု-ကာမ) ဟူ၍လည်းဆိုအပ်၏။

ဤအရာ၌ ခိုစစ်၍မြင့်ဆုံးအဲ့…(ကာမ)သဒ္ဒါ၏ အနက်သည် ၂ -မျိုးရှိ၏။ ။ ၂-မျိုးဟူသည်ကား(၁)ကာမ–အလိုရှိအပ်သော (နှစ်သက်အပ်သော) အာရုံငါးပါး၊ ရုပ်တရား ဟူသော အနက်တမျိုး။(၂) ကာမေတီတိကာမော-ဟူသည်နှင့်အ...၊ အလိုရှိတတ်သော (နှစ်သက်တတ်သော) လောဘ+တဏှာ ဟူသော အနက်တမျိုး။

ထိုနှစ်မျိုးတို့တွင်…ဤ (ကာမေသု) ခိုရာ၌ ကာမ-သဒ္ဒါသည် အလိုရှိအပ်သော (နှစ်သက်အပ်သော)အာရုံငါးပါး၊ ရုပ်တရားဟူသော အတည်ဝတ္ထု ဖြစ်,ကိုဟော၏။ ။ဤအာရုံငါးပါး၊ ရုပ်တရား၏ သဘောသည်လည်း၊ စင်စစ် အမှန်အားဖြင့် အလိုရှိတတ်သော (နှစ်သက်တတ်သော) ယောဘ၏အကြိုက်၊ လောဘစရိုက်နှင့် ဓာတ်ခိုက်သော ဝတ္ထုဖြစ်,သဘောရင်းပင်ဖြစ်၏။ထို့ကြောင့်(၁)ကာမ၊ (၂) ဝတ္ထုကာမအလိုရှိအပ်သော (နှစ်သက်အပ်သော) ရူပါရုံအစရှိသော အာရုံငါးပါး ရုပ်တရားသည် (၁) ကာမ မည်၏။ (၂) ဝတ္ထု ကာမ-မည်၏ဟူ၍မှတ်။

ဤအဓိပ္ပါယ်ကိုရည်၍ (ကာမေမာ၊ ဝတ္ထုကာမ, ဟူသောအာရုံငါးပါး၊ ရုပ်တရားတို့၌) ဟူ၍ အနက်မြန်မာ ပြန်ဆို၏။

**မှတ်ချက်**…(၁)ရှေး, ကာမ-သဒ္ဒါဟောအပ်သော အာရုံဖြစ်သော အာရုံငါးပါး၊ ရုပ်တရားဟူသော အနက်နှင့်(၂)နောက်, ကာမ-သဒ္ဒါဟောအပ်သော အာရမ္မဏိကဖြစ်သော လောဘ=တဏှာ ဟူသော အနက်ကို စိတ်ထဲး၌၊ ကွဲကွဲပြားပြား သဘောကျအောင် အနက်ကို ..တ်ထက်အရသိရန် တိုက်တွန်းခဲ့၏။

(ဂ)**ကာမ-သုခ-လ္လိကာ-နု-ယောဂဆိုရာ၌**…နာမ်ပုဒ် ၄-ပုဒ်ကိုပေါင်း စပ်၍ (သမာသ်) ပုဒ် ပြ..ပ်, ဟောကြ..းတော်..ူရကား၊ ပါဠိနှင့်အနက်ကို ..းခြား၍သိရန် မလွယ်..ု..ချေ။ ။ထို့ကြောင့် ပါဠိနှင့်အနက် ..းခြား၍ သိလွယ် စိမ့်သောငှါ၊ ရှေးဦးစွာ တပုဒ်စီ..းခြား၍ နောက်မှ၊ ထို ၄-ပုဒ်၏ အသေးစိတ် အနက်သဘောကို ပြအံ့။ ။(၁) ကာမ (၂) သုခ (၃) အလ္လိက (၄) အ..ယောဂ-ဟူ၍ လေးပုဒ် ခွဲးခြားထားရာ၏။ ။ ဤအရာ၌-

(ဃ)**ကာမဆိုသည်ကား**…နောက်၌ ပြဆိုခဲ့ပြီး ..စ်သော စကား အတိုင်းပင်၊ အာရုံကို အလိုရှိတတ်သော (..စ်သက်တတ်သော) (လောဘ) စေတသိက်ပင်ဖြစ်၏၊ ထို..လာဘ- စေတသိက်ကိုပင်၊ဤအရာ၌(၁)ကာမဆိုသည်မှတ်။ (ကိလေသ ကာမ) ဟူ၍လည်းဆို၏။

(င) **သုခဆိုသည်ကား**…ဣဋ္ဌာရုံ..ြစ်သော အာရုံငါးပါးကို ခံစား တတ်သောသောမနဿ,ခေါ်သောဝေဒနာ- စေတသိက်ပင်တည်း။ ထို..သောမနဿဝေဒနာသည် (၁) လော ဘ..ူစိတ်မှ၊ သောမနဿဝေဒနာ ၄-ခု။ (၂) ကာမာဝစရကုသိုလ်စိတ် မှ၊ သောမ..ဿဝေဒနာ၄-ခုအားဖြင့် ၂- မျိုးအပြားရှိခဲ့ရာ၊ ဤအရာ၌ (ကာမ)သဒ္ဒါနှင့် တွဲးဘက်၍ဆိုသော သောမနဿဝေဒနာဖြစ်၍ ထို သောမနဿဝေဒနာသည် ဣဋ္ဌာရုံကို..စားတတ်သော လောဘနှင့်တကွ ဖြစ်သော သောမနဿဝေဒနာကို-ဆိုသည်ဟုမှတ်ရာ၏။

ဤ..လည်း (၁) ဒိဋ္ဌိဂတသမ္ပယုတ် ၂-ခု၊ (၂) ဒိဋ္ဌိဂတ ဝိပ္ပယုတ် ၂-ခုဟူ၍လည်း၊ အသေးစိတ်..ွဲးဝေရာသေး၏။ ။အကျဉ်းချုံးအပ်၏။

(၁–၂) ''ကာမေန သဟဂတံ သုခံ ကာမသုခံ''ဟူသည်နှင့်အညီ၊ လောဘနှင့်တကွဖြစ်သော သောမနဿဝေဒနာသည် (ကာမသုခ) ဟူသော ပုဒ်၏အရဖြစ်၏။ ။ထို့ကြောင့်(၁) ကာမသုခ၊ လောဘ, နှင့်အတူတကွဖြစ်၍ ဣဋ္ဌာရုံကိုခံစားတတ်သော သောမနဿဝေဒနာ- ဟု အနက်မြန်မာပြန်ဆိုရာ၏။

(၈) **အလ္လိက–ဆိုသည်ကား**…ငြိတွယ်ခြင်း, စွဲးလမ်းခြင်း, သဘော၊ ''ကာမသုခေ အလ္လိကော၊ ကာမသုခ အလ္လိကော'' ဟူသည်နှင့်အညီ၊ လောဘနှင့် အတူတကွဖြစ်၍ ဣဋ္ဌာရုံကို ခံစားတတ်သော သောမနဿဝေဒနာဖြစ်ခြင်း၌ ငြိတွယ်ခြင်း,စွဲးလမ်းခြင်း,သဘော။ ။ထိုသဘောတရား၏ ပရမတ္ထ သဘော အလို+တရားကိုယ်သည်ကား၊ လောဘစေတသိက်ပင်ဖြစ်၏။

(ဆ) **အနုယောဂဆိုသည်ကား**….''အနုပုနပ္ပုနံ ယုဉ္ဇတီတိ အနုယောဂေါ'' ဟူသည်နှင့် အညီ၊ အဖန်တလဲးလဲးအားထုတ်ခြင်း, ယှဉ်ခြင်း, မှီဝဲးခြင်း, သဘော။ ။[ကာမသုခလ္လိကံ အနုယောဂေါ ကာမသုခလ္လိကာ နုယောဂေါ--ဟု သမာသ်ပုဒ်စပ်ပြီးဖြစ်၍ ထိုလေးပုဒ်အပေါင်းဖြစ်သော သဒ္ဒါ၏ အနက်သည်ကား၊ လောဘ,နှင့် တကွဖြစ်သော သောမနဿ ဝေဒနာဖြစ်ခြင်း၌ (ဖြစ်ခြင်းကို) ငြိတွယ်စွဲးလမ်းသည်ဖြစ်၍ ထိုသောမနဿ ဝေဒနာဖြစ်ပေါ်မှုကို အဖန်တလဲးလဲး အားထုတ်ခြင်း, ယှဉ်ခြင်း, မှီဝဲးခြင်းဟူသော အမှုအလုပ်, အလေ့၊ အကျင့်=ဟူ၍ အနက်မြန်မာ ပြန်ဆိုရာ၏။ ။တရားကိုယ်အရမူကား–လောဘ,ပင်ဖြစ်၏။]

**ဤသို့အားဖြင့်**….လောဘနှင့်တကွဖြစ်သော သောမနဿ ဝေဒနာဖြစ်ခြင်း၌ (ဖြစ်ခြင်းကို) သာယာသည်ဖြစ်၍ (ငြိတွယ်စွဲးလမ်းသည်)ဖြစ်၍၊ထိုသောမနဿဝေဒနာ၏ဖြစ်ပေါ်မှုကို၊ဖြစ်ပေါ်လာအောင် အဖန်တလဲးလဲးအမြဲးအားထုတ်ခြင်း, ယှဉ်ခြင်း, မှီဝဲးခြင်း,အမှုအလုပ်သဘောဟူသော (ကာမေသု ကာမသုခလ္လိကာနုယောဂ) ဟူသော အယုတ်တရားဖြစ်သော တခုသောအကျိုးအစုဖြစ်သော အကြင်အမှုအလုပ်မျိုးသည် ပုထုဇဉ်ပုဂ္ဂိုလ်တို့၏သန္တာန်၌ အစဉ်ရှိ၏။

ထို့ကြောင့်– (ယောစာယံ၊ ယောစ+အယံ– အန္တော၊ အကြင်ကာမသုခလ္လိကာနုယောဂ) ဟူသော အဘိုအစုသည်။ ။အတ္ထိ၊ ရှိ၏) ဟူ၍ ဆို၏။

လို့နောက်–ထိုကာမသုခလ္လိကာနုယောဂ-ဟူသော အာရုံငါးပါး လိုက်စားမှုကြောင့် ရအပ်သော အကျိုးတရားသည်ကား၊ အဘယ်သို့ သဘောရှိပါသနည်းဟူသော အမေးပုစ္ဆာ စကားကိုဖြေကြားခြင်းငှါ–

(၄) ၁-ဟီနော။ ၂-ဂမ္မော။ ၃-ပေါထုဇ္ဇနိကော။ ၄-အနရိယော။ ၅-အနတ္ထသံဟိတော–ဟူသော အကျိုးပြစကား ၅-ပုဒ်ကို ဟောကြားတော်မူ၏။

မြန်မာဘာသာပြန် အဓိပ္ပါယ်

သော အန္တော- ထိုကာမသုခလ္လိကာ နုယောဂ- ဟူသော အဘိုအစုသည်–

၁။ **ဟီနော**…ယုတ်မာသိုးဝါး၊ အညံ့စား,ဖြစ်သော သူတို့၏ အလေ့အကျင့် အမှုအလုပ် သဘောမျိုးသာတည်း။

၂။ **ဂမ္မော**…ရွာ၌နေသူ လူတို့၏ အလေ့အကျင့် အမှုအလုပ် သဘောမျိုးသာတည်း။

၃။ **ပေါထုဇ္ဇနိကော**…ကိလေသာသဘော ပြန့်ပြောများထူ၊ ပုထုဇဉ်ဖြစ်သော သူတို့၏၊ ပျော်မိုက် ကျက်စားရာ၊ အလေ့အကျင့် အမှုအလုပ် သဘောမျိုးသာတည်း။

၄။ **အနရိယော**…အရိယာဂိုဏ်းဝင်၊ ကလျာဏပုထုဇဉ်၊ ဖြူစင် မြင့်မြတ်သော သဘောရှိသော သူတော်စင်တို့၏ အလေ့အကျင့်အမှုအလုပ်သဘောမျိုးမဟုတ်ချေ။

၅။ **အနတ္ထသံဟိတော**…ဤပစ္စုပ္ပန်ဘဝအကျိုး၊ နောက်တမလွန်ဘဝ အကျိုး၊ အမျိုးမျိုးသော အကျိုးတို့၏ မတိုးမပွါး ပျက်ပြား ဆုတ်ယုတ်ကြောင်း ဖြစ်သောအလေ့အကျင့် အမှု အလုပ် သဘောမျိုး သာတည်း ဟူ၍၊ ၅-ပါးသော မကောင်းသော အကျိုးတို့ကိုပြဆို၏။

**တနည်းပြဆိုဥုးအံ့**…(၁) ကာမသုခလ္လိကာ နုယောဂ-ဟူသော အပြုအမူအလုပ်သည် အာရုံငါးပါးစွဲးလမ်း တပ်နှစ်သက်ခြင်း ပြင်းပြခိုင်မြဲးသဖြင့် မပျက်နိုင်၊ မပြိုနိုင်၊ ကျောက်တိုင်–ကျောက်ခဲးကဲ့သို့၊ စွဲးမြဲးလွန်းရကား-"သဿတဒိဋ္ဌိ"အယူဝါဒသဘောသို့ သက်ရောက်၍ (၁) ကာမသုခလ္လိကာ နုယောဂေါ၊ ကာမသုခလ္လိကာနုယောဂ -ဟုဆိုအပ်သော "သဿတဒိဋ္ဌိ" ဟူသော တခုသောအယုတ်တရားဖြစ်သော (ယောဇယံ၊ယောဇ အယံ အန္တော၊) အကြွင်းအဘို့အစုသည်။ အတ္တိ၊ ရှိ၏။ (သောအန္တော၊) ထိုအဘို့ အစုသည်။ (၁-ဟီနော) (၂-ဂမ္မော) (၃-ပေါထုဇ္ဇနိကော) (၄-အနရိယော) (၅-အနတ္ထသံဟိတော) မည်၏-ဟူ၍ အနက်ပေးရာ၏။

**တနည်းပြဆိုဥုးအံ့**…(၁) ကာမသုခလ္လိကာနုယောဂ=ဟူသောအပြုအမူအလုပ်သည် အာရုံငါးပါးတရားအစု၌ လောဘ ပြဓာန်း၍ လောဘစရိုက် အလိုလိုက်လွန်းသဖြင့် လျော့လွန်းသော အယုတ်တရားမည်၏၊ ထို့ကြောင့် (ဟီနော) (ဂမ္မော) အစရှိသော ၅-ပုဒ်သော စကားတို့ဖြင့် ရှုံချတော်မူ၏။

**ဆိုဥုးအံ့**…"ကာမ သုခလ္လိကာ နုယောဂေါ ပစ္စုပ္ပန္နေ, န သေဝိတဗ္ဗော"ဟူသည်နှင့်အညီ၊၍(ကာမသုခလ္လိကာ နုယောဂ) ဟူသော အပြုအမူအလုပ်သည် ဤယခု မျက်မှောက်ဘဝအတွင်း၌ပင် လောဘ, ဒိဋ္ဌိ-တရား နှစ်ပါးတို့ဖြင့် စိတ်ကို ညစ်ညူးစေတတ်သော ချမ်းသာဖြစ်၏။ ။စင်ကြယ်သော ချမ်းသာသုခ အစစ်အမှန်မဟုတ်ချေ။ ။ထို့နောက်တဖန် ရောက်ရလတ္တံ့ဖြစ်သော ဘဝ၌လည်း-ထိုလောဘ,ဒိဋ္ဌိ- တရားနှစ်ပါးတို့အတွက် ဆင်းရဲသော အကျိုးကို ပေးတတ်၏။ ။ဤလောဘ, ဒိဋ္ဌိ-တရားနှစ်ပါး၊ ရှေ့သွား ခေါင်းဆောင်သော အပြုအမူကို ပြုကျင့်သောသူသည် (လောဘ-ဒိဋ္ဌိ) ဟူသော နှောင်ဖွဲ့ခြင်းဖြင့် နှောင်ဖွဲ့ချည်မိပြီးဖြစ်၍ ဤသံသရာဝဋ်မှ မလွတ်မြောက်နိုင်ချေ။

**ထို့ကြောင့်**…သံသရာဝဋ်မှ လွတ်မြောက်လိုသော (ပဗ္ဗဇိတ)ရဟန်းဖြစ်သောသူသည် (လောဘ–ဒိဋ္ဌိ) တရားနှစ်ပါး

ကိုးပွါး၍နေသော ဤ(ကာမသုခလ္လိကာ နုယောဂ) ဟူသော အာရုံငါးပါး လိုက်စားခြင်း အမှုကို မပြုကြရာချေ။ ။မကျင့်ကြရာချေ။ ။မမှီဝဲးကြရာချေ-ဟူ၍(ကာမေသု ကာမသုခလ္လိကာနုယောဂေါ န သေဝိ-တဗ္ဗော) ဟူသော တရားစကားဖြင့် တားမြစ်တော်မူ၏။

ဤသည်လျှင် (၄) ကာမ သုခလ္လိကာ နုယောဂ-ဟူသော အပြုအမူပြုပုံနည်းနှင့်တကွ ထိုအပြုအမူအလုပ်ကြောင့် ရအပ်သော မကောင်းသော အကျိုး ၃-ပါး၊ အကျဉ်းချုပ် ပြခဏ်းပြီး၏။

---

## (၅) အတ္တကိလမထာနုယောဂ ဟူသောအကျင့် ပြုကျင့်ပုံနှင့် အကျိုးရပုံပြခဏ်း

(၅)ယောစာယံ အတ္တကိလမထာနုယောဂေါ။ ၁-ဒုက္ခော။ ၂--အနရိယော။ ၃--အနတ္ထ သံဟိတော-ဟူ၍ ဟောတော်မူရာ၌—

အတ္တကိလမထာနုယောဂေါ-ဟူသည်ကား=အဘယ်သို့ဆိုလိုပါသနည်း။

မြန်မာဘာသာပြန် အဓိပ္ပါယ်

(၅) ဤအရာ၌လည်း…(ကာမသုခလ္လိကာနုယောဂ) ဟူသော ပုဒ်တို့၏ နည်းတူ (၁) အတ္တ၊ (၂) ကိလမထ၊ (၃) အနုယောဂ-ဟူ၍ သုံးပုဒ်ခွဲးစေ၍၊ လို့နောက်မှ၊ တပုဒ်စီ၏ အနက်ကို ဖော်ပြ၍ အဓိပ္ပါယ်အရ ကောက်ယူလျှင် (အတ္တ-ကိလမထာနုယောဂ) ဟူသော သုံးပုဒ်အပေါင်း၏ အဓိပ္ပါယ်စကားသည် ထင်ရှားစွာပေါ်လာလတ္တံ့။

(၁) အတ္တ=မိမိ ကိုယ်၏ (မိမိ ကိုယ်ကို)။
(၂) ကိလမထ =ပင်ပန်းအောင်။
(၃) အနုယောဂ=အဖန်ဖန် အားထုတ်ခြင်း။

[အတ္တကိလမထာ နုယောဂေါ၊ မိမိကိုယ်ကို အပင်ပန်းခံ၍ အဖန်ဖန်အားထုတ်ခြင်း-အမှု အလုပ် ဟူသော အနက်ရ၏။]

[ဤနေရာ၌မူ (မိမိကိုယ်ကို အပင်ပန်းခံ၍ အားထုတ် ပြုလုပ်သော ရေငုပ်ခြင်း၊ နေပူခံခြင်းစသော (ပဉ္စာ-တပ) အကျင့်သဘောကို ဆိုလို၏။]

ထို အကျင့်ဟူသော အမှုအလုပ်ကြောင့် ရအပ်သော အကျိုးတရား သည်ကား၊ အဘယ်သို့ပါနည်းဟူသော အမေးပုစ္ဆာစကားကို ဖြေကြား ခြင်းငှါ—

**၁-ဒုက္ခော။ ၂-အနရိယော။ ၃-အနတ္ထ-သံဟိတော**-ဟူသော ဤအကျိုးပြစကား ၃-ပုဒ်ကို ဟောကြားတော်မူ၏။

မြန်မာဘာသာပြန် အဓိပ္ပါယ်

၁။ **ဒုက္ခော**…ကိုယ်စိတ် ညှိုးနွမ်း ပင်ပန်းဆင်းရဲး၏။ ။ဤအကျင့် ကြောင့် ချမ်းသာသုခ အစစ် အမှန်ကိုမရ၊ ကိုယ်စိတ် ညှိုးနွမ်း၍ ပင်ပန်းဆင်းရဲ ရှုံမျှသော အကျိုးကိုသာ ရ၏။

၂။ **အန-ရိယော**…အရိယာဂိုဏ်းဝင် သူတော်စင်တို့၏ ဥစ္စာဟူသော အကျင့်မဟုတ်ချေ။

ဤ အကျင့်သည် မဂ္ဂင်ရှစ်ပါး တရား၊ ရွှေသွားခေါင်းဆောင်ပြု၍ ကျင့်တော်မူကြသော အရိယာဂိုဏ်းဝင် သူတော်စင်တို့၏ အကျင့်မဟုတ် ချေ။ အရိယာ-ခေါ်တွင်၊ အသျှင်မြတ်ဘုရားတို့၏ ဥစ္စာဟူသော အကျင့်မဟုတ်ချေ။

၃။ **အနတ္ထ-သံဟိတော**…အကျိုးစီးပွါးနှင့် မစပ်ယှဉ်။

ဤ အကျင့်သည် ဤ ပစ္စုပ္ပန်ဘဝ အကျိုး၊ နောက် အနာဂတ် ဘဝ အကျိုး၊ အမျိုးမျိုးသော အကျိုးတို့၏ မတိုးမပွါး ပျက်ပြားသုတ်ယုတ် ကြောင်းဖြစ်သော အလေ့အကျင့် အမှုအလုပ် သဘောမျိုးမျှသာ ဖြစ်၏။ ။ကောင်းကျိုးရမှုနှင့် မစပ်ယှဉ်ချေ= ဟူ၍ ၃—ပါးသော မကောင်းသော အကျိုးတို့ကို ပြဆို၏။

**တနည်းပြဆိုဥုံးအံ့**…(၂) အတ္တကိလမထာ နုယောဂ ဟူသော အကျင့်သည် အာရုံငါးပါး၌ စွဲးလမ်းတပ်မက်စ် သက်ခြင်းကို လွတ်လွတ်စွန့်ခွါသဖြင့် ဖြတ်တောက် ပစ်လိုက်သကဲ့သို့

''ဥဠေ့ဒ–ဒိဋ္ဌိ'' အယူဝါဒ သဘောသို့ သက်ရောက်၍(၂) အတ္တကိ-လမထာနုယောဂေါ၊ (၂)အတ္တကိလမထာ နုယောဂ-ဟုဆိုအပ်သော ''ဥစ္ဆေဒ–ဒိဋ္ဌိ'' ဟူသော တခုသောတရားဖြစ်သော။ (ယောစာ-ယံ၊ ယောစ အယံ အန္တော၊) အကြင်အဘို့အစုသည်။ အတ္ထိ၊ ရှိ၏။ ။ (သောအန္တော၊) ထိုအဘို့အစုသည်။(၁–ဒုက္ခော)(၂–အနရိယော) (၃–အနတ္ထသံဟိတော)မည်၏–ဟူ၍အနက်ပေးရာ၏။

တနည်းပြဆိုဉီးအံ့… (၂) အတ္တကိလမထာ နုယောဂ=ဟူသော အကျင့်သည် မိမိကိုယ်ခန္ဓာကို အပင်ပန်းအနွမ်းနယ်ခံ၍ ကျင့်ရသဖြင့် ဒေါသတရား၊ဒေါမနဿ, ဝေဒနာတရားနှစ်ပါးတို့ကို ဖြစ်ပွါးစေသဖြင့် တင်းလွန်းသော အကျင့်တရားမည်၏။ ။ ထိုအကျင့်ဖြင့် အလိုရှိအပ်သော မြတ်သောကောင်းကျိုးကိုမရချေ။ ။ (ဒုက္ခ၊ အနရိယ၊ အနတ္ထသံဟိတ) ဟူသော အလိုမရှိအပ်သော ဆင်းရဲသည်၏အစုစိ,အစုရှိသောမကောင်းကျိုးကိုသာရ၏ ။ထို့ကြောင့်-(ဒုက္ခော၊ အနရိယော၊ အနတ္ထသံဟိတော) ဟူ၍ ဟောတော်မူ၏။ ။ အကျင့်သဘောတရားချင်းဖြစ်၍ (ဟီနော) (ဂမ္မော) (ပေါထုဇ္ဇနိ-ကော)ဟူ၍ ညံ့ချသောစကားသို့ဖြင့် ဟောတော်မမူချေ။

ဆိုဉီးအံ့…''အတ္တကိလမထာနုယောဂေါ ပစ္စုပ္ပန္နေ'' ဟူသည်နှင့် အကြင် မိမိ၏ကိုယ်ခန္ဓာကို အပင်ပန်း အနွမ်းနယ်ခံ၍ ကျင့်နေရသော်လည်း(တဏှာ၊ မာန၊ ဒိဋ္ဌိ)ဟူသော(သံသာရ-ပပဥ္စ)သံသရာကို ချဲ့ထွင်တတ်သော တရားတို့ ဖြစ်ပွါးပေါ်လာခွင့်မရ ဖြစ်၏၊ ။ ထိုသို့-အခွင့်မရ၍ ထိုတရားတို့၏ ဖြစ်ပွါးပေါ်လာခြင်း မရှိဖြစ်ခဲ့လျှင်၊ ကိလေသာဆယ်ပါး၊ အယုတ်တရားတို့၏၊ ချုပ်ငြိမ်းချမ်းမှုသည် ဖြစ်၏။=ဟူသော (ဒိဋ္ဌိ) မှားယွင်းသော သဘောလျှင် ရှေ့သွားရှိသော ဤ (အတ္တကိလမထာနုယောဂ) ဟူသော အကျင့်သည် ဤပစ္စုပ္ပန်ဘဝ၌လည်း(ဒိဋ္ဌိ)ဟူသော အမြင်မှားခြင်းဖြင့် ညစ်ညူးပူပင် ဆင်းရဲရ၏။ နောက်ဖြစ်သော အနာဂတ်ဘဝ၌လည်း၊ ထို(ဒိဋ္ဌိ) ဟူသောအမြင်မှားမှုကြောင့် ဆင်းရဲသောအကျိုးယုတ်ကို ရဉီးမည်ဖြစ်၏။

ဤသို့ဖြစ်၍ ထိုအကျင့်ကိုကျင့်သောသူသည် ဤဘဝ၊ နောက်ဘဝ၊ နှစ်ဘဝလုံးလုံး၊ အဖြစ်ရှုံး၍၊ အသုံးမကျသော (ဒိဋ္ဌိ) ဟူသောနှောင် ဖွဲ့ခြင်းဖြင့် ဖွဲ့ချည်မိပြီးဖြစ်၍၊ ဤသံသရာဝဋ်မှ မလွတ်မြောက်နိုင်ချေ။

ထို့ကြောင့်—သံသရာဝဋ်မှ လွတ်မြောက်လိုသော (ပဗ္ဗဇိတ)ရဟန်း ဖြစ်သောသူသည်၊ ဤ(အတ္တကိလမထာနုယောဂ)ဟူသော မိမိကိုယ်ကို ဆင်းရဲ, ပင်ပန်း နွမ်းနယ်အောင်ပြု၍ ကျင့်ရသော အကျင့် အမူ အလုပ်ကို မပြုကျင့်ရာချေ။ ။မမှီဝဲးရာချေ=ဟူ၍ (ယော စာယံ အတ္တ ကိလမထာနုယောဂေါ န သေဝိတဗ္ဗော) ဟူသော တရားစကားဖြင့် တားမြစ်တော်မူ၏။

ဤသို့အားဖြင့် နှစ် လ--ရှည်ကြာ၊ အခါ လေးမြင့်၊တဆင့်ထက်+ တဆင့်၊အကျင့်မှားတို့သည် ပွါးများ၍သာပေါ်လာကုန်၏။

ထို့နောက်—မဟာသက္ကရာဇ် (၁၀၃)—ခုနှစ်ကဆုန်လပြည့်ဗုဒ္ဓဟူး နေ့၌၊ လူတွင်ထင်ရှား၊ ဗုဒ္ဓ မြတ်စွာ ဘုရားသျှင်အဖြစ်သို့ ရောက်တော် မူ၍ (ပဉ္စဝဂ္ဂီ) ရဟန်းငါးဦးတို့အား (ဓမ္မစကြာတရား) ဟောကြား တော်မူသောအခါမှသာလျှင် အကျင့်မှန်တရား၊ ထင်ရှားပေါ်လာ၍ (ကောဏ္ဍည)အမှူးရှိသော (ပဉ္စဝဂ္ဂီ) ရဟန်းတို့သည် အဆင့်ဆင့်သာစွာ လေးပါး တရားအစဉ်ကို ကြားနာရ၍ သောတာပန်ပုဂ္ဂိုလ်၏အဖြစ်တို့ သို့ရောက်ကုန်၏။ ။ထို့နောက်(ဧဟိဘိက္ခု)ရဟန်း၏အဖြစ်တို့သို့ရောက် ကြကုန်၏။

ထို့နောက်--(ယသ)သူဌေးသားအမှူးရှိသော ငါးကျိပ် ငါးယောက် သော သူတို့ကိုလည်း (ဧဟိဘိက္ခု) ရဟန်း၏အဖြစ်သို့ ရောက်စေတော် မူပြီးလျှင် ထို(မိဂဒါဝုန်)တောအရပ်၌ပင် (ပဌမ) ဝါဆို၊ဝါကပ်တော် မူ၏။

ထို့နောက်- ဝါ-လ- ကျွတ်၍ တပည့်ရဟန်းတို့ကို တရားဟောရန် ခရီး ဒေသ စာ ၊ကြွချီ စေလျက် မိမိတပါးတည်းသာ၊ ဥရုဝေလတော အရပ်သို့ကြွတော်မူ၏။

ထိုအခါ-လမ်းခ းအကြား တခုသော တောအုပ်သို့ ဝင်၍သစ်ပင် ရင်း၌ သီတင်းသုံးနေတော်မူစဉ်၊ သုံးကျိပ်မျှသော (ဘဒ္ဒဝဂ္ဂီ)မင်းသား တို့နှင့် တွေ့တော်မူ၏။

ထိုအခါ-ထိုမင်းသားတို့အား အကြောင်းအရာစကား မေးမြန်းတော်မူပြီးလျှင် အာရုံငါးပါး လိုက်စားမှု၏ အပြစ်ကိုပြ၍· သစ္စာလေးပါးတရား ဟောကြားတော်မူလျှင် မင်းသားတို့သည် အသီးအသီး "သောတာပန်, သကဒါဂါမ်" အနာဂါမ်ပုဂ္ဂိုလ်အဖြစ်သို့ ရောက်၍ (ဧဟိ-ဘိက္ခု)ရဟန်းအဖြစ်ကို ရကြကုန်၏။

ထိုမင်းသား သုံးကျိပ်တို့သည်ကား၊ တုဏ္ဍိလ ဇာတ်၌ သေသောက် [illegible]း သုံးကျိပ်တို့ ဖြစ်ကြကုန်၍ ဘုရားအလောင်း၏ အဆုံးအမ၌ တည်သဖြင့်၊ ပဉ္စသီလ၊ အဋ္ဌကသီလ၊ ဒသသီလတို့ကို ဆောက်တည်ကြကုန်၏။ ။ထိုကောင်းမှုကံကြောင့်၊ ဤယခုဘဝ၌ မဂ်ဖိုလ်တရားကို လွယ်ကူစွာဖြင့် ရကြကုန်၏။

ထို့နောက်-ထို (ဥရုဝေလ) တောအုပ်သို့ ရောက်သောအခါ (ဥရုဝေလ-ကဿပ)အစရှိသော ရသေ့ညီနောင် ရှင်တထောင်တို့ကိုလည်း၊ မှောင်အပ်ဇ္ဈာ၊ ပိတ်ဆီးကာသည့်၊ ကိလေသာဟူ အယူဝါဒ တည်းဟူသော မှုန်အညစ်အကြေးတို့မှ ကင်းဝေး စင်ကြယ်စေလျက် (ဧဟိ-ဘိက္ခု) ရဟန်းအဖြစ်ကို ပြုတော်မူပြန်၏။ ။[ဤ(ဥရုဝေလ) တောအုပ်သည်ကား၊ (အတ္တကိလမထာနုယောဂ)အကျင့်ဟူသော အယူဝါဒဖြင့် ဆူပူသောင်းကျန်းသော သူတို့၏နေရာဖြစ်၏။]

ဤသို့မျှ နောက်လိုက် နောက်ပါ တပည့်ကြီးငယ် အခြံအရံပြည့်စုံစွာ ကြီးပွါး၍နေသော ရသေ့သရာကြီးတို့၏(အတ္တကိလမထာနုယောဂ) ဟူသော အကျင့်အကြံအမူ အလုပ်တို့သည်၊ ဗုဒ္ဓမည်တွင်၊ ဂေါတမ ဘုရားရှင် ပွင့်လာတော်မူ၍ သစ္စာလေးပါးပြ "ဓမ္မစကြာ" တရား ကြားနာရသော အခါဘိုင်မှသာလျှင်၊ ဆင်းရဲပင်ပန်းစွာ ကျင့်ဆောက်တည်ကြသော အကျင့်ပင် ဖြစ်စေ+အကျိုးမဲ့သော အကျင့်၏အဖြစ်၊+ အရိယာ ပုဂ္ဂိုလ်တို့၏ အကျင့်မဟုတ်သည်၏ အဖြစ်+သို့ရောက်ရလေ၏။

ဤသည်လျှင် (အတ္တကိလမထာနုယောဂ) ဟူသောအကျင့်ကို ကျင့်ပုံနည်းနှင့်တကွ၊ ထိုအကျင့်ကြောင့် ရအပ်သော အကျိုးသုံးပါး အကျဉ်းချုပ် ပြခန်းပြီး၏။

## (၆) အယုတ်တရားနှစ်ပါးပယ်၍ (မဇ္ဈိမာ-ပဋိ-ပဒါ) အလယ် + အလတ်ဖြစ်သော အကျင့်တရား၏ အကျိုးရပုံ ပြခန်း

ဤသို့ပြဆိုအပ်ခဲ့ပြီးဖြစ်သော စကားအစဉ်ဖြင့် ဤအယုတ်တရား နှစ်ပါးတို့သို့ မလား, မကပ်မူ၍ ထိုတရားနှစ်ပါးတို့၏ အလယ်၌ဖြစ်သော''မဇ္ဈိမာပဋိပဒါ''ခေါ်သော အကျင့်မြတ်တရားကိုသာ ကျင့်ကြရာ၏=ဟူ၍အကြောင်းဂုဏ်နှစ်ပါး, အကျိုးဂုဏ်လေးပါး,တို့နှင့် ပြည့်စုံသော စကားတို့ဖြင့် တန်ဆာဆင်လျက် တိုက်တွန်းတော်မူလိုသည်ဖြစ်၍-**ဧတေ ခေါ ဘိက္ခဝေ ဥဘော အန္တေ အနုပဂမ္မ**=မှ-သည်''**အယံခေါ သာ ဘိက္ခဝေ…သံဝတ္တတိ**''အဆုံးရှိသော တရားကို၊ အပေါင်းအားဖြင့် ဟောကြားတော်မူ၏။

ထိုတရား စကားကို အသေးစိတ်၍ အနည်းငယ် ပြဆိုဦးအံ့၊ (၁) မလျော့လွန်းသော (၂) မတင်းလွန်းသော (၃) အလယ် အလတ်ဖြစ်သော ''မဇ္ဈိမာ ပဋိ ပဒါ''ခေါ်သော အကျင့်တရား၏ဂုဏ် သတ္တိ သည် ကား။

(၁) **စက္ခု-ကရဏီ** (၂) **ဉာဏ-ကရဏီ** ဟူသော နှစ်ပုဒ်တို့သာဖြစ် ကုန်၏။

ထိုဂုဏ်ပုဒ်တို့၏အရ ဖော်ပြရသော် ''မဇ္ဈိမာပဋိပဒါ'' ဟူသော အကျင့်တရားသည်-

(၁) ဒုက္ခသစ္စာကို=ပိုင်းခြား၍သိခြင်း။
(၂) သမုဒယသစ္စာကို=ပယ်ခွါစွန့်လွှတ်ခြင်း။
(၃) နိရောဓသစ္စာကို=အာရုံပြုခြင်း။
(၄) မဂ္ဂသစ္စာကို=ပွါးများပြည့်စုံစေခြင်း။

ဟူသော(၁)ပညာမျက်စိကိုပြုတတ်၏။ (၂)အသိဉာဏ်ကိုပြုတတ်၏။ ။ဟူသော အဓိပ္ပါယ်ကိုပြဆို၏။

ဤဂုဏ်နှစ်ပါးတို့နှင့် ပြည့်စုံသော "မဇ္ဈိမာပဋိပဒါ" ဟူသော အကျင့်တရားကြောင့်၊ ရအပ်, ခံစားအပ်, သော အကျိုးတရားတို့သည် ကား=(၁)ဥပသမာယ၊(၂)အဘိညာယ၊(၃)သမ္ဗောဓာယ၊(၄)နိဗ္ဗာနာယ ဟူသော လေးပုဒ်တို့သာဖြစ်ကုန်၏။

လိုလေးပုဒ်တို့၏အရ အကျိုးကို ဖော်ပြရသော် "မဇ္ဈိမာ ပဋိပဒါ" ဟူသော အကျင့်တရားသည်—

၁။ ဥပသမာယ…ကိလေသာ မီးမှုသာ+ငြိမ်းခြင်း,တည်းဟူသော "သဥပါဒိသေသ" နိဗ္ဗာန် အကျိုးငှါ ဖြစ်၏။ (ဥပသမာယာ-တိ ကိလေသူပသမာယ=ဟူ၏။)

၂။ အဘိညာယ…သစ္စာလေးပါးကို ထူးသော ဉာဏ်ဖြင့် သိခြင်းငှါ ဖြစ်၏။ ။(အဘိညာယာ-တိ, စတုန္နံ-သစ္စာနံ အဘိဇာနနတ္ထာယ=ဟူ၏။)

၃။ သမ္ဗောဓာယ…သစ္စာလေးပါးကို ကောင်းစွာသိခြင်းငှါဖြစ်၏။ ။ (သမ္ဗောဓာယာ-တိ, တေသံ ယေဝသမ္ဗုဇ္ဈနတ္ထာ ယ=ဟူ၏။

၄။ နိဗ္ဗာနာယ…"အနုပါဒိသေသ" နိဗ္ဗာန်အကျိုးငှါ ဖြစ်၏။ ။ (နိဗ္ဗာနာယာ-တိ, နိဗ္ဗာန သစ္ဆိကိရိယတ္ထာယ= ဟူ၏။)

ဤသည်ကား=အကျိုးရပုံပြသော စကားတို့သာတည်း။

---

## (၇) (မဇ္ဈိမာ-ပဋိ-ပဒါ) အလယ်+အလတ်ဖြစ်သော အကျင့်တရားဟူသည်၊ အဘယ်ပါ-နည်း-ဟု၊ အမေး+ပုစ္ဆာ, ဖြပုံပြခဏ်း

ထို့နောက်- "ကတမာ စ သာ ဘိက္ခဝေ မဇ္ဈိမာပဋိပဒါ" မှသည်၊ "သမ္မာသမာဓိ"အဆုံးရှိသောစကားတို့သည်ကား-လို"မဇ္ဈိမာပဋိပဒါ" ခေါ်သော အကျင့်တရား ရှစ်ပါးကို (ကထေတု ကမျတာ) ပုစ္ဆာ စကားဖြင့် ရှေးဦးစွာ မေးမြန်း၍ ထို့နောက်မှ အဖြေစကား ဟောကြားပုံကို ပြဆို၏။

## (ဂ) (မဇ္ဈိမာ-ပဋိ-ပဒါ) အလယ် + အလတ်ဖြစ်သော အကျင့်တရားဟူသည်၊ ဤ မဂ္ဂင်-ရှစ်ပါး၊ တရားအကျင့်ပင် တည်း-ဟု၊ ဖြေဆိုပုံပြခဏ်း

| | | |
|---|---|---|
| ၁။ သမ္မာ-ဒိဋ္ဌိ၊ | ကောင်းစွာ | သိမြင်ခြင်း။ |
| ၂။ သမ္မာ-သင်္ကပ္ပ၊ | ကောင်းစွာ | ကြံစည်ခြင်း။ |
| ၃။ သမ္မာ-ဝါစာ၊ | ကောင်းစွာ | ပြောဆိုခြင်း။ |
| ၄။ သမ္မာ-ကမ္မန္တ၊ | ကောင်းစွာ | ပြုလုပ်ခြင်း။ |
| ၅။ သမ္မာ-အာဇီဝ၊ | ကောင်းစွာ | အသက်မွေးခြင်း။ |
| ၆။ သမ္မာ-ဝါယာမ၊ | ကောင်းစွာ | အားထုတ်ခြင်း။ |
| ၇။ သမ္မာ-သတိ၊ | ကောင်းစွာ | အောက်မေ့ခြင်း။ |
| ၈။ သမ္မာ-သမာဓိ၊ | ကောင်းစွာ | တည်ကြည်ခြင်း။ |

ဤသည်လျှင် "မဇ္ဈိမာပဋိပဒါ" ခေါ်သော အကျင့်တရား ရှစ်ပါး ပြခဏ်းပြီး၏။

---

## (ဃ) (မဇ္ဈိမာ-ပဋိ-ပဒါ) အလယ် + အလတ်ဖြစ်သော အကျင့်တရား၏အကျိုး ရပုံ၊ နိဂုံးချုပ်ပြခဏ်း

ထို့နောက် "**အယံခေါသာ ဘိက္ခဝေ = မဇ္ဈိမာ ပဋိပဒါ**" = မှသည် "**သံဝတ္တတိ**" အဆုံးရှိသော စကားတို့သည်ကား၊ နောက်၌ ပြဆိုအပ်ခဲ့ ပြီးဖြစ်သော "မဇ္ဈိမာပဋိပဒါ" ခေါ်သော အကျင့်တရား ဟောကြား ပြဆိုပုံ ပြီး၍=ဟူသော နိဂုမ်းချုပ်စကား ဟောကြားပုံတည်း။
(ဤ အဓိပ္ပါယ်ကို **ဓမ္မစကြာ** အဖွင့်၌ ပြဆိုခဲ့ပြီး ဖြစ်၏။)

ဤယခုအခါ၌၊ နောက်၌ပြဆိုအပ်ခဲ့ပြီးသော "မဇ္ဈိမာ-ပဋိပဒါ" ဟူသော အရိယာမဂ်၏ အာရုံဖြစ်သော သစ္စာလေးပါး တရားတို့ကို အစဉ်အတိုင်း ဟောကြားတော်မူခြင်းငှါ (**ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ**။ ။

အရိယသစ္စာ)အစရှိသော သစ္စာလေးပါး တရားကိုယ်နှင့်၊ အခြင်းအရာ-ကြား-ဒေသနာကို အစဉ်အတိုင်း ဟောတော်မူ၏။

(မှတ်ချက်) ဤအရာ၌ အထက်ဖေါ်ပြပါ ဒုက္ခသစ္စာပြ ပါဠိတော်ရင်းကို၊ မပြမီ (၁) ဒုက္ခ၏အနက်၊ (၂) ဒုက္ခ၏အခြင်းအရာ၊ (၃) ဒုက္ခ-အနက်, ဟု၊ သိဘို့ရာ နှိုင်းယှဉ်ချက်ကိုကို လေးလေးနက်နက် တွဲဆက်၍ပြအံ့။

ထို့နောက်မှ၊ ပါဠိတော်ရင်း၏ အဓိပ္ပါယ်ကိုပြအံ့။

ဤသို့ပြခြင်းဖြင့် ဒုက္ခသစ္စာ၌ အသိဉာဏ်တရား ပိုမိုထွန်းကားခြင်း ဖြစ်လိမ့်မည်-ဟု၊ မြော်မြင့်မိ၏။

---

## (၁၀-၃) (၁) ဒုက္ခသစ္စာပြခဏ်း

## (၁၀-၃-က) (၁) ဒုက္ခသစ္စာ၏ ပါဠိအနက် လေးပါးပြခဏ်း

(၁၀-၃-က)(၁) ဒုက္ခဿ (၁) ပီဠနဋ္ဌော (၂) သင်္ခတဋ္ဌော (၃) သန္တာပဋ္ဌော၊ (၄) ဝိပရိဏာမဋ္ဌော၊ ဣမေစတ္တာရော ဒုက္ခဿ ဒုက္ခဋ္ဌာ၊ (၁)တထာ(၂) အဝိတထာ၊ (၃) အနညထာ။

မြန်မာဘာသာပြန်အဓိပ္ပါယ်

(၁) ဒုက္ခ သစ္စာ,ဟူသော ဆင်းရဲ-နာမည်-တရား၏ လေးပါး၏=

၁။ ပီဠနဋ္ဌ…ဒုက္ခသစ္စာနှင့်ပြည့်စုံသောပုဂ္ဂိုလ်ကို နှိပ်စက်တတ်, နှိပ်စက်အပ်, နှိပ်စက်ခြင်း-ဟူသော "ပီဠနဋ္ဌ"အနက်သဘော။

၂။ သင်္ခတဋ္ဌ…အကြောင်းတရား လေးပါးတို့သည် အညီအညွတ် ပေါင်း၍ ပြုပြင်တတ်, ပြုပြင်အပ်, ပြုပြင်ခြင်း- ဟူသော "သင်္ခတဋ္ဌ" အနက်သဘော။

၃။ သန္တာပဋ္ဌ….ကိလေသာမီး ပူါးစီးမှုကြောင့် ပူပန်စေတတ်, ပူပန်စေအပ်, ပူပန်ခြင်း- ဟူသော "သန္တာပဋ္ဌ"အနက်သဘော။

၄။ ဝိပရိဏာမဒုက္ခ…အိုခြင်း,ဇရာ၊ သေကြေပျက်စီးခြင်း, မရဏ,ဟူသော နှစ်ပါးသော အပြားတို့ဖြင့် ဖောက်ပြန် တတ်သော "ဝိပရိဏာမဒုက္ခ" အနက်သဘော။

ဤသို့လျှင်—ဒုက္ခသစ္စာဟူသောရုပ်-နာမ်-တရားနှစ်ပါး၏ဒုက္ခသစ္စာ၏ အနက်သဘောဖြစ်ကုန်သော လေးပါးကုန်သော ဤအနက်သဘောတို့သည် (၁) မှန်ကန်ကုန်၏။ ။(၂) မချွတ်ယွင်းကုန်၏။ ။(၃) နှိပ်စက်တတ်, နှိပ်စက်အပ်, နှိပ်စက်ခြင်းဟူသော "ပီဠနဋ္ဌ" သဘောမှတပါး၊ မနှိပ်စက်တတ်, မနှိပ်စက်အပ်, မနှိပ်စက်ခြင်း– ဟူသော အခြင်းအရာမှကင်းကုန်၏။

ဤပါဠိတော်၏ အနက်သဘောကို ထင်ရှားစေဥုံးအံ့။

(က) ဒုက္ခသစ္စာဟူသောရုပ်-နာမ်-တရားနှစ်ပါး၏ အနက်ဟော၊ ပါဠိအကျယ်လေးပုဒ်ကို (ပီ၊ သင်၊ သံ၊ ဝိ၊ ) ဟူ၍အကျဉ်း ရေးပြ။

(ခ) ထို့နောက် ထိုပါဠိလေးပုဒ်၏ အနက်ဆို၍ပြ။

(ဂ) ထို့နောက် ထိုအနက်လေးပါးထည်းမှ, မူလအနက်တပါး ဆို၍ပြ။

(ဃ) ထို့နောက် ကျန်သောအနက် သုံးပါးကို (အာကာရဋ္ဌ) အခြင်းအရာပြ-အနက်ဆို၍ပြ။

(င) ထို့နောက် ကျန်သစ္စာသုံးပါးထည်းမှ အနက်သုံးပါးကို ယူ၍ (ပမာဏဋ္ဌ) နှိုင်းယှဉ်ပြ-အနက်ဆို၍ပြ။

(စ) ထို့နောက် (ပမာဏဋ္ဌ) နှိုင်းယှဉ်ပြ– အနက်သုံးပါးနှင့် (အာကာရဋ္ဌ)အခြင်းအရာပြ-အနက်သုံးချက်ကို တွဲဆက်၍ပြ။

(ဆ) ထို့နောက် ထိုစကားအလုံးစုံတို့၏ နိဂုမ်းချုပ်လက်ာပြ။

## ဤအမှာစကားအရ၊အကျဉ်းချုပ်ဆောင်ပုဒ်လင်္ကာ

(က) ဒုက္ခအနက်၊ မိန့်ဆိုမြွက်အံ့၊ ကျမ်းထွက်အမြင်၊ ဉာဏ်၌ထင်လော၊ (ပီ၊ သင်၊ သံ၊ ဂိ) လေးပါးရှိ၊ မှတ်သိအကျဉ်းမြွက်။

(ခ) နှိပ်စက်, ပြုပြင်၊ ထိုပြင် ပူပန်၊ ဖောက်ပြန်ပျက်ပြား၊ ဤလေးပါး၊ မှတ်သားဒုက္ခ-နက်။

(ဂ) ဗိဋ္ဋနဋ္ဌ၊ နှိပ်စက်ပြ၊ မှတ်ကြ မူလ-နက်။

(ဃ) သင်္ခတနှင့်၊ သန္တာပ-ဟူ၊ နောက်မူဝိပရိ၊ သုံးပါးရှိ၊ မှတ်သိ-ခြင်းရာ-နက်။

(င) သမု-အာယူ၊ မင်္ဂမူ-နိယျာ၊ ဤသို့သာဖြင့်၊ နိမ်မှာ-အမတ၊ ဤသို့ပြ၊မှတ်ကြ-နှိုင်းယှဉ်-နက်။

(စ) သ-၌ အာယူ၊ ဒုက်-မူ သင်္ခတ၊ ဤသို့ပြ၊ မှတ်ကြနှိုင်းယှဉ်-ခြင်းရာ၊ (တစ်-၁) အဆက်။

(ဆ) လို့ နောက်မဂ္ဂါ၊ နိယျာနာ-နှင့်၊ တဖြာ ဒုက်-သံ၊ ..းဝေဘန်၊ မှတ် ရန်နှိုင်းယှဉ်ခြင်းရာ (နှစ်-၂) အဆက်။

(ဇ) နိရော, အမတ၊ ဒုက်, ဝိ, ပြ၊ မှတ်ကြ နှိုင်းယှဉ်..င်းရာ၊ (သုံး-၃) အဆက်။

(ဈ) ပါဠိအနက်၊ လေးချက်မှတ်သား၊ ဤသို့အားဖြင့်၊+တပါးမူလ၊ နောက်မှ..င်း..၊+သုံးနက်လာ၏။ ။တဖြာ နှိုင်းယှဉ်၊ +သုံးနက် ပင်တည်း၊ လိုပြင် ..ဝ်ဘက်၊ နှိုင်းယှဉ်ချက်နှင့်၊ ပေါ်ထွက်ခြင်းရာ၊တဲ့ဆက်လာသည်။ ။မိန့်မှာ အဋ္ဌကထာနည်းတည်း။

ဤသည်ကား-အမှာစကားတည်း၊

ဤသို့ပြဆိုအပ်..ပြီးသော အ..ကျဉ်းချုပ်လင်္ကာ၏ အဓိပ္ပါယ်အကျယ်အဖြေသည်ကား၊ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာနည်း။ (သင်္ခေပ-ဝဏ္ဏနာ ..ကာ) နည်းအ..ိုအားဖြင့်၊ ဤသို့ဆို၏။

## (၁၀-၃-ခ)(၁) ဒုက္ခသစ္စာ၏ အနက်လေးပါး အကျယ် ပြခတ်း

ဒုက္ခသစ္စာ ဟူသောရုပ်-နာမ်-တရား နှစ်ပါး၏ လေးပါးသောအနက် သဘောသည် ဤသို့ဖြစ်၏။

၁။ ပီ=ပီဠနဋ္ဌ၊ နှိပ်စက်ခြင်း, သဘောရှိ၏။
၂။ သင်=သင်္ခတဋ္ဌ၊ ပြုပြင် ခြင်း,သဘောရှိ၏။
၃။ သံ=သန္တာပဋ္ဌ၊ ပူပန်ခြင်း,သဘောရှိ၏။
၄။ ဝိ=ဝိပရိဏာမဋ္ဌ၊ ဖောက်ပြန်ခြင်း,သဘောရှိ၏။

ထို့ကြောင့်– (က)*ဒုက္ခ-အနက်….၊ ပီ၊ သင်၊ သံ၊ဝိ၊ လေးပါးရှိ၊ မှတ်သိ အကျဉ်း မြွက်-ဟူ၍ဂုဏ်း။(ခ)*နှိပ်စက်,ပြုပြင်….၊မှတ်ရန်ဒုက္ခ-နက်-ဟူ၍ဂုဏ်း-ဆိုခဲ့ပြီ။

---

## (၁၀-၃-ဂ) (၁) ဒုက္ခသစ္စာ၏(၁) မူလအနက်တပါး အကျယ်ပြခတ်း

**ထိုမှတပါးတုံ၊ဆိုဥုးအံ့**…ထိုလေးပါးသော အနက် သဘောတို့တွင် (၁) ''ပီဠနဋ္ဌ'' နှိပ်စက်ခြင်း, ဟူသော အနက်သဘောသည် ဒုက္ခသစ္စာဟူသော ရုပ်နာမ်တရားနှစ်ပါး၌ အမြဲ မပြတ် ထက်ကြပ်ပါရှိသော အနက်သဘောဖြစ်၍ ထို''ပီဠနဋ္ဌ''နှိပ်စက် ခြင်းဟူသော အနက် သဘောသည်၊ ဒုက္ခသစ္စာ၏ မူလအနက်မည်၏။

ထို့ကြောင့်–(ဂ)''ပီဠနဋ္ဌ''၊ နှိပ်စက်ပြ၊ မှတ်ကြမူလ-နက်-ဟူ၍ဆိုခဲ့ပြီ။

---

## (၁၀-၃-ဃ) (၁) ဒုက္ခသစ္စာ၏ (အခြင်းအရာ) ပြအနက် သုံးပါး အကျယ်ပြခတ်း

**ထိုမှတပါးတုံ၊ ဆိုဥုးအံ့**…(၂) ''သင်္ခတဋ္ဌ'' ပြုပြင်ခြင်း ဟူသော အနက်သဘော။ (၃) ''သန္တာပဋ္ဌ'' ပူပန် ခြင်းဟူသော အနက်သဘော။ (၄) ''ဝိပရိဏာမဋ္ဌ'' ဖောက်ပြန်ခြင်း

ဟူသော အနက်သဘော။ ဤသုံးပါးသော အနက်သဘောသည် ဒုက္ခသစ္စာဟူသော ရုပ် နာမ်တရားနှစ်ပါး၏ နှိပ်စက် ညှဉ်းပန်းမှု ပြုပုံကိုပြသော အနက်သဘောဖြစ်၍ ဒုက္ခသစ္စာ၏ (အာကာရဋ္ဌ) အခြင်းအရာပြ၊ အနက်မည်၏။

ဤအရာ၌ ထင်ရှားစေဥုးအံ့....ဒုက္ခသစ္စာ၏ (၁) "ပီဠနဋ္ဌ"နှိပ်စက်ခြင်းဟူသော အနက် သဘောရှိ၏-ဟုဆိုရာဝယ်၊ အဘယ်သို့ ...င် (၁) "ပီဠနဋ္ဌ" အနက်သဘောရှိသနည်း။ (၁) "ပီဠနဋ္ဌ" အနက်သဘောရှိပုံကို၊ အစုံအလင် ထင်ရှားစွာ ပြဆိုပါလော-ဟူသော (အဘိယာစက) စကားရှိသောကြောင့်၊ထိုဒုက္ခသစ္စာ၏ (၁) "ပီဠနဋ္ဌ" အနက်သဘောရှိပုံကို "သင်္ခတဋ္ဌ"အစရှိသော သုံးပါးသော အခြင်းအရာပြ စကားတို့ဖြင့် ထင်ရှားစွာသိစေ၏။

- ၁။ သင်္ခတဋ္ဌ၊ ပြုပြင်ခြင်း,သဘောရှိ၏။
- ၂။ သန္တာပဋ္ဌ၊ ပူပန်ခြင်း,သဘောရှိ၏။
- ၃။ ဝိပရိဏာမဋ္ဌ၊ ဖောက်ပြန်ခြင်း,သဘောရှိ၏။

ထိုကြောင့်– (ယ) ...သင်္ခတ-...င့်၊ သန္တာပ–ဟူ၊ နောက်...ဝိပ...၊ သုံးပါး...၊ မှတ်သိ-ခြင်းရာ-နက်-ဟူ၍ ဆို...၏။

---

## (၁၀၃-င) (၁) ဒုက္ခသစ္စာ၏ (နှိုင်းယှဉ်ပြ) အနက် သုံးပါး အကျယ်ပြခန်း

ထိုမှတပါးတုံ၊ ဆိုဥုးအံ့ ၁။ သမုဒယ သစ္စာ =ဟူသော လောဘ၏, အာယူဟနဋ္ဌ=အားထုတ်ခြင်းဟူသော အနက်သဘော။ ။၂။ မဂ္ဂသစ္စာ=ဟူသော မဂ်၏=နိယျာနဋ္ဌ=ထုတ်ဆောင်ခြင်းဟူသော အနက်သဘော။ ။၃။ နိရောဓသစ္စာ=ဟူသော နိဗ္ဗာန်၏=အမတဋ္ဌ=သေကြေ-ပျက်စီးမှု မရှိခြင်းဟူသော အနက်သဘော၊ ဤသုံးပါးသော အနက်သဘောသည် ဒုက္ခသစ္စာဟူသော ရုပ် နာမ်တရား ...စ်ပါးတို့...ပြဆို...ဦးဖြစ်သော(၁)"ပီဠနဋ္ဌ" အစ...သော လေးပါးသော အနက်သဘော ...ပုံကို၊ ယုံကြည်လေးစားမှု၊ ခိုင်...းစေရန်၊ ကျန်သော သစ္စာသုံးပါး၏ အနက်တို့ဖြင့် နှိုင်းယှဉ်၍

ပြဆိုသော အနက်သဘော ဖြစ်၍ ထို အနက် သုံးပါး သည် ဒုက္ခ သစ္စာ၏ (ပမာဏဋ္ဌ) နှိုင်းယှဉ်ပြ အနက်မည်၏။

**ဤအရာ၌ ထင်ရှားစေဉုံးအံ့**…ဒုက္ခ သစ္စာသည် "သန်္တဋ္ဌ"ပြုပြင်အပ်သော အနက်သဘောရှိ၏ဟုဆိုရာဝယ် အဘယ်သို့လျှင် ပြုပြင်အပ်သော "သန်္တဋ္ဌ" အနက်သဘော ရှိပါသနည်း၊ ပြုပြင်အပ်သော "သန်္တဋ္ဌ" အနက် သဘော ရှိ၏ဟု (ကမ္မဝါစက) သဘောကို ပြဆိုခဲ့လျှင်၊ ပြုပြင်တတ်သော (ကတ္တုဝါစက) သဘောရှိသော တရားတပါးသည်လည်း, ရှိရစမြဲပင်ဖြစ်၍၊ အဘယ်တရားသည် ပြုပြင်တတ်သောတရား ဖြစ်ပါသနည်း၊ ထင်ရှားစွာ ပြပါလောဟု ပုစ္ဆာတခု၊ ပြုဆိုမေးမြန်းခဲ့ပြီးအံ့၊ ထိုအခါ-ပြုပြင်တတ်သော (ကတ္တုဝါစက) သဘောရှိသော တရားတပါးသည်၊ အဘယ်တရား ဖြစ်ပါသနည်း--ဟု၊ ရှုမြော်၍ ကြည့်ရှုလတ်သော်၊ သမုဒယ သစ္စာ၏ (အာယူဟနဋ္ဌ) ရုပ်နာမ်အစု၊ ဖြစ်ပေါ်မှုကို၊ ဂရုတစိုက်၊ အားတိုက် အားထုတ်ခြင်း ဟူသော အနက်သဘောသည် ပြုပြင်တတ်သော တရား ပေတည်းဟု၊ ရှုကြည့်သော ဝိပဿနာ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်၌ ထင်ရှားစွာဖြစ်ပေါ်လာလတ္တံ့။

ဤသို့ပေါ်လာလျှင် ဒုက္ခသစ္စာဟူသော ရုပ် နာမ်တရားစုပါး၏ "သန်္တဋ္ဌ"ပြုပြင်အပ်သော အနက်သဘော ရှိပုံသည်ထင်ရှား၏။ ။ ခိုင်မြဲ၏။ ။ထိုသို့ထင်ရှားမှု, ခိုင်မြဲမှု, ဖြစ်စေရန် သမုဒယသစ္စာ၏ "အာယူဟနဋ္ဌ" သဘောဖြင့် နှိုင်းယှဉ်၍ သိရာ၏ဟု၊ ဆိုရာရောက်၏။

(၁) အာယူဟနဋ္ဌ၊ အားထုတ်ခြင်း, သဘော။
(၂) နိယျာနဋ္ဌ၊ ထုတ်ဆောင်ခြင်း, သဘော။
(၃) အမတဋ္ဌ၊ သေကြေ-ပျက်စီးခြင်း မရှိခြင်း, သဘော။

ဤနည်းအတူ၊ကျန်သော သစ္စာအနက်တို့ လည်း နှိုင်းယှဉ်ပြအနက်, အခြင်း အရာပြ အနက်,တို့ကို၊ နှိုင်းယှဉ်-+နှိုင်းယှဉ်၍ ဆင်ခြင်ကြည့်ရှုကြံအားရှိကြစေရာ၏ ။(သုခုမဋ္ဌ၊ သိမ်မွေ့သေ အနက်သဘော ဖြစ်၏။)

ထိုကြောင့်- (င) ✲သမု-အာယူ၊ မဂ်မှ-နိယျာ၊ ဤသို့သာဖြင့်၊ နိဗ်-မှာ-အမတ၊ ဤသို့ပြ၊ မှတ်ကြ နှိုင်းယှဉ်နက်-ဟူ၍ ဆိုပြီ။

## (၁၀-၃-စ) (၁) ဒုက္ခသစ္စာ၌ (၁) ပိဠနဋ္ဌ-ဟူသော မူလအနက်တပါးဖြစ်ပုံ အကျယ်ပြခဏ်း

ထိုမှအပါးတုံ၊ ဆိဦးအံ့…ဒုက္ခသစ္စာ-ဟူသော ခန္ဓာငါးပါး ရုပ်နာမ် တရားတို့၏ နှိပ်စက်တတ်, နှိပ်စက်အပ်, နှိပ်စက်ခြင်းဟူသော (၁) "ပိဠနဋ္ဌ" အနက်သဘော ရှိပုံသည်ကား၊ မိမိဟူသော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ဖြစ်ကြောင်းဖြစ်ပုံ, ပျက်ကြောင်းပျက်ပုံ, အလုံးစုံသော သဘော အားဖြင့်ပင် ထင်လင်းစွာ သိအပ်သောကြောင့် ဒုက္ခသစ္စာ၌ (၁) ပိဠနဋ္ဌ, နှိပ်စက်ခြင်းဟူသော အနက်သဘောသည် ဒုက္ခသစ္စာ၏ မူလအနက်မည်၏။

ထို့ကြောင့်–(ဂ)*ပိဠနဋ္ဌ၊ နှိပ်စက်ပြ၊ မှတ်ကြမူလနက်=ဟူ၍ ဆိုခဲ့ပြီ။

---

## (၁၀-၃-ဆ) (၁) ဒုက္ခသစ္စာ၌ (နှိုင်းယှဉ်ပြ) အနက်သုံးပါးနှင့်၊ (အခြင်းအရာပြ) အနက်သုံးပါးကိုတွဲဆက်၍ ပြခဏ်း

## (၁၀-၃-ပ) (၁) *အာယူဟနဋ္ဌနှင့်၊ *သင်္ခတဋ္ဌ ဆက်ပုံပြခဏ်း

သမုဒယ သစ္စာ-ဟူသော လောဘ-၏ ဒုက္ခသစ္စာဟူသော ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့၏ ဘဝအသစ်၌ ဖြစ်ပွါးပေါ်လာစေရန်၊အားထုတ်တတ်သော (အာယူဟနဋ္ဌ) အနက်သဘော ရှိပုံကို၊ဉာဏ်ဖြင့် ရှုမြော်သိမြင်သဖြင့်။ ။(ဤသည်ကား-ပမာဏဋ္ဌ)။

ဤခန္ဓာငါးပါး ရုပ်နာမ်တရားဟူသော ဒုက္ခသစ္စာ၌လည်း၊ ပြုပြင်တတ်,ပြုပြင်အပ်သော (သင်္ခတဋ္ဌ) အနက်သဘော ရှိပုံသည်၊ အခြင်းအရာအားဖြင့် ထင်ရှား၏။ ။ဤသည်ကား-အာကာရဋ္ဌ)။

ထို့ကြောင့်– (စ)*သ-၌ အာယူ၊ ဒုက်-မှ သင်္ခတ၊ ဤသို့ပြ၊ မှတ်ကြနှိုင်းယှဉ်-ခြင်းရာ (တစ်-၁) အဆက်=ဟူ၍ဆိုခဲ့ပြီ။

## (၁၀-၃-၃) (၁) *နိယျာနဋ္ဌ-နှင့်၊*သန္တာပဋ္ဌ ဆက်ပုံပြခဏ်း

မဂ္ဂသစ္စာ-ဟူသောမဂ္ဂင်ရှစ်ပါး တရားအစု၏ ကိလေသာဆယ်ပါး အယုတ်တရားတို့မှ ကင်းဆိတ်၍ စိတ်၏ချမ်းသာ ဧးမြရာဖြစ်သော နိဗ္ဗာန်သို့ ထုတ်ဆောင်တတ်သော (နိယျာနဋ္ဌ) အနက်သဘောရှိပုံကို ဉာဏ်ဖြင့် ရှုမြှော်သိမြင်သဖြင့်။ (ဤသည်ကား-ပမာဏဋ္ဌ)။

ဤခန္ဓာငါးပါး၊ ရုပ်နာမ်တရား-ဟူသော ဒုက္ခသစ္စာ၏ ပူပန်စေတတ်သော (သန္တာပဋ္ဌ) အနက်သဘောရှိပုံသည် အကြောင်း အရာအားဖြင့် ထင်ရှား၏။ ။(ဤသည်ကား-အာကာရဋ္ဌ)။

ထို့ကြောင့်-(ဆ)※တိုနောက်မဂ္ဂါ၊ နိယျာနာနှင့်၊တဖြာ-ဒုက်-သံ၊ ခွဲးဝေဘန်၊ မှတ်ရန် နှိုင်းယှဉ် ခြင်းရာ(နှစ်-၂) အဆက်=ဟူ၍ဆိုခဲ့ပြီ။

---

## (၁၀-၃-တ) (၁) *အမတဋ္ဌနှင့်၊ *ဝိပရိဏာမဋ္ဌ ဆက်ပုံ ပြခဏ်း

နိရောဓသစ္စာ-ဟူသောနိဗ္ဗာန်၏ အိုခြင်းဇရာ+သေကြေ ပျက်စီးခြင်း မရဏ+သဘောမှ ကင်းဝေးသော (အမတဋ္ဌ) အနက်သဘောရှိပုံကို ဉာဏ်ဖြင့် ရှုမြှော်သိမြင်သဖြင့်။ ။(ဤသည်ကား-ပမာဏဋ္ဌ)။

ဤခန္ဓာငါးပါး ရုပ်နာမ်တရားဟူသော ဒုက္ခသစ္စာ လည်း၊ အိုခြင်း ဇရာ+သေကြေပျက်စီးခြင်း မရဏ+ဟူသော တရားနှစ်ပါးတို့ဖြင့် ဖောက်ပြန် ပျက်စီးခြင်းဟူသော (ဝိပရိဏာမဋ္ဌ) အနက် သဘောရှိပုံ သည် အခြင်းအရာအားဖြင့် ထင်ရှား၏။(ဤသည်ကား-အာကာရဋ္ဌ)။

ထို့ကြောင့်-(ဇ)※နိရောဓ-အမတ၊ ဒုက်-ဝိ-ပြ၊ မှတ်ကြ နှိုင်းယှဉ်-ခြင်းရာ (သုံး-၃)အဆက်=ဟူ၍ဆိုခဲ့ပြီ။

ဤသို့ အကျယ်ပြခဲ့ပြီးဖြစ်သော စကားအစဉ်ကို၊ အကျဉ်းချုပ် လက်ာဖြင့် နိဂုမ်းအုပ်ပြဆိုဦးအံ့။

(ဈ) ပါဠိ အနက်၊ လေးချက် မှတ်သား၊ ဤသို့ အားဖြင့်※ တပါးမူလ၊ နောက်မှခြင်းရာ၊※ သုံးနက်လာ၏၊ တဖြာနှိုင်းယှဉ်၊※သုံးနက်ပင်တည်း။ ။ထိုပြင်-ဖြစ်ဘက်၊ နှိုင်းယှဉ်-ချက်နှင့်၊ ပေါ်ထွက်-ခြင်းရာ၊ တွဲဆက်လာသည်၊ မိန့်မှာ အဋ္ဌကထာနည်းတည်း=ဟူ၍ ဆိုခဲ့ပြီ။

---

## (၁၀-၃-၈) (၁) ဒုက္ခသစ္စာ၏ အနက်လေးပါး အဓိပ္ပါယ်ပြဇယားပုံစံ

| | |
|---|---|
| ※ ၁-မူလအနက်-၁<br>၁-ပီဠနဋ္ဌ၊<br>နှိပ်စက်ခြင်း။ | ※ ၂-အာကာရဋ္ဌ၊အခြင်းအရာပြ၊<br>အနက်-၃<br>၁-သင်္ခတဋ္ဌ၊ ပြုပြင်ခြင်း။<br>၂-သန္တာပဋ္ဌ၊ ပူပန်ခြင်း။<br>၃-ဝိပရိဏာမဋ္ဌ၊ ဖောက်ပြန်ခြင်း။ |
| (က)<br>※ပမာဏဋ္ဌ၊ နှိုင်းယှဉ်ပြ၊<br>အနက် ၃ ပါးနှင့် | (ခ)<br>※အာကာရဋ္ဌ၊ အခြင်းအရာပြ၊<br>အနက် ၃ ပါး ဆက်ပုံ |
| ၁-အာယူဟနဋ္ဌ၊ အားထုတ်ခြင်း။<br>၂-နိယျာနဋ္ဌ၊ ထုတ်ဆောင်ခြင်း။<br>၃-အမတဋ္ဌ၊ မသေခြင်း။ | ၁-သင်္ခတဋ္ဌ ’ ။<br>၂-သန္တာပဋ္ဌ ’ ။<br>၃-ဝိပရိဏာမဋ္ဌ’ ။ |

(က) ဤပမာဏဋ္ဌအနက် ၃-ပါးကို၊ ကျန် သစ္စာ ၃-ပါးမှ ထုတ်ယူပြ၏၊ လက်ာအရ ကျက်၍ ဆင်ခြင်လျှင် သဘောသိမြင် နားလည်ရာ၏။

ဤသည်လျှင် ဒုက္ခသစ္စာ၏ အနက်လေးပါး၊ အဓိပ္ပါယ် အကျယ်ပြ၊ ဇယားပုံစံနှင့်တကွ ပြခဲ့ပြီး၏။

## (၁၀-၃-ရျ) (၁) ဒုက္ခသစ္စာပြပါဠိတော်ရင်း၏အဓိပ္ပါယ် ပြခဏ်း

(က) ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ။

(ခ) အရိယသစ္စံ=ဟူ၍ ဟောတော်မူသော စကားဝါကျ၌—

(က)* ဣဒံ ခေါပန ဘိက္ခဝေ ဒုက္ခံ=ဟူသည်ကား=အဘယ်သို့ ဆိုလိုပါသနည်း။

### မြန်မာဘာသာပြန်အဓိပ္ပါယ်

(၁၀-၃-ရျ)(၁) ※(က)အို-ပဥ္စ-ဝဂ္ဂိရဟာန်းတို့။ ။ဤရုပ်-နာမ်-တရား နှစ်ပါး သည် နှိပ်စက်ပြုပြင်, ထို့ပြင် ပူပန်, ဖောက်ပြန်ပျက်ပြား, လေးပါးသော အနက်သဘောရှိ၍ (ဒုက္ခ) ဆင်းရဲ၏။ ဆင်းရဲ၏ဟူသည်ကား—

(၁) ပီဠနဋ္ဌ… ခံနိုင်ခက်အောင် နှိပ်စက် ညှဉ်းပန်း ခြင်းပင်တည်း။ ။အဘယ်သို့ခံနိုင်ခက်အောင် နှိပ်စက် ညှဉ်းပန်းသနည်းဟူမူကား—

(၂) သင်္ခတဋ္ဌ… ရုပ်နာမ်, အစု၊ ဖြစ်ပေါ်မှုကို၊ ပြုပြင်,စီမံခြင်းဖြင့် ခံနိုင်ခက်အောင် နှိပ်စက်ညှဉ်းပန်း၏။

(၃) သန္တာပဋ္ဌ… ကိလေသာဟူ၊ ပူပန်ကြောင့်ကြမှုဖြင့်၊ခံနိုင်ခက်အောင် နှိပ်စက်ညှဉ်းပန်း၏။

(၄) ဝိပရိဏာမဋ္ဌ… ရုပ်နာမ်တရား၊ဤနှစ်ပါးတို့၊ဖြစ်ပွါးပေါ်လာပြီးနောက်၊ ဖောက်ပြန်ပျက်စီးမှုဖြင့် ခံနိုင်ခက်အောင် နှိပ်စက်ညှဉ်းပန်း၏။

ဤသို့ပြဆိုအပ်ပြီးဖြစ်သော (၁)ပြုပြင်မှု၊(၂)ပူပန်မှု၊(၃)ဖောက်ပြန်ပျက်စီးမှု=ဟူသော သုံးပါးသော အနက်သဘောတို့သည်၊ ရုပ်နာမ်တရား နှစ်ပါး၌၊ အပြီးအစွဲး၊ ခွဲး၍+ခွါ၍၊ မရ စကောင်းသော သဘောရင်း လက္ခဏာတို့ဖြစ်၍၊ ထိုသို့ဖြစ်ပေါ်၍ နေခြင်းကိုပင်၊ ရုပ်နာမ်တရား နှစ်ပါးသည် (၁)''ပီဠနဋ္ဌ''နှိပ်စက်ခြင်းသဘောရှိ၏။

ဒုက္ခ၊ ဆင်းရဲ၏ ဟူ၍ဆို၏။ ။ထိုသုံးပါးသော အနက်သဘောကို၊ ချန်လှပ်၍(၁)''ပီဠနဋ္ဌ''အနက်သဘော, ဒုက္ခ အနက်သဘော-ဟူ၍ သီးခြားမရှိဖြစ်၏။ ။ဤနေရာ၌ နောက်၌ ပြဆိုအပ်ခဲ့ပြီး ဖြစ်သော ဒုက္ခသစ္စာ၏ အနက်လေးပါးတို့တွင်—

၁-ပီဠနဋ္ဌ၊ နှိပ်စက်ညှဉ်းပန်းခြင်းဟူသော အနက်၏ (မူလ) အနက်ဖြစ်ပုံကိုရင်း။
၂-သင်္ခတဋ္ဌ၊ ပြုပြင်စီမံခြင်း။
၃-သန္တာပဋ္ဌ၊ ပူပန်ကြောင့်ကြခြင်း။
၄-ဝိပရိဏာမဋ္ဌ၊ ဖောက်ပြန်ပျက်စီးခြင်း။

ဟူသော အနက် သုံးပါးတို့၏ (အာကာရဋ္ဌ) အခြင်းအရာပြ အနက် ဖြစ်ပုံကိုရင်း၊ ထို့ပြင်—ကျန်သစ္စာ သုံးပါးမှ (ပမာဏဋ္ဌ) နှိုင်းယှဉ်ပြ အနက်သုံးပါး ဖြစ်ပုံကိုရင်း၊ ပြန်လည်၍နှလုံးသွင်းခဲ့မူ၊ ရုပ်နာမ်တရား နှစ်ပါး၏''ဒုက္ခသစ္စာ''၏အဖြစ်သည်ထင်ရှားလေတော့၏။

ဤသည်လျှင်(က)ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ-ဟူသော
စကား၏၊ မကျဉ်းမကျယ်သိလွယ်ရုံသော
အဓိပ္ပါယ် ပြဆက်ပြီး၏။

---

(၁၀-၃-ဈ) (၁) ထိုမှတပါး(ခ) *အရိယ—သစ္စံ-ဟူသည်ကား၊ အဘယ်သို့ ဆိုလိုပါသနည်း။

မြန်မာဘာသာပြန် အဓိပ္ပါယ်

အို-ပဉ္စ ဝဂ္ဂီ ရဟန်းတို့။ ။ဤရုပ်-နာမ်-တရား နှစ်ပါးသည်—

(၁) ပီဠနဋ္ဌ၊ နှိပ်စက်ညှဉ်းပန်းခြင်း ဟူသော အနက်သဘော ဖြင့်ရင်း။
(၂) သင်္ခတဋ္ဌ၊ ပြုပြင်စီမံခြင်းဟူသော အနက်သဘောဖြင့်ရင်း။
(၃) သန္တာပဋ္ဌ၊ ပူပန်ကြောင့်ကြခြင်းဟူသော အနက်သဘော ဖြင့်ရင်း။
(၄) ဝိပရိဏာမဋ္ဌ၊ ဖောက်ပြန်ပျက်စီးခြင်းဟူသော အနက် သဘောဖြင့်ရင်း။

(ဒုက္ခ—သစ္စာ)ဆင်းရဲးကေန်၊ စင်စစ်မှန်၏ဟု-ဆိုသောစကားသည်၊ အဘယ်ပုဂ္ဂိုလ်, အဘယ်ဆရာတို့သည် ပြောဆို, ဟောကြားအပ်သော စကားဖြစ်၍ ထိုစကားသည် အဘယ်သို့လျှင် (သုဏန္တ) ကြားနာသော ပုဂ္ဂိုလ်တို့အား၊ ဟုတ်မှန်ပေ၏=ဟု၊ စိတ်ချလွဲပုံ၊ ယုံကြည်သော စိတ်ကို ဖြစ်စေနိုင်အံ့နည်း။

ဤသူ ဤသူတို့သည် ဟောကြားပြောဆိုသော (ဝဒန္တ) ပုဂ္ဂိုလ်တို့ပေတည်း၊ဟု- ပြောဆိုဟောကြားသော (ဝဒန္တ) ပုဂ္ဂိုလ်တို့ကို ညွှန်ကြား, ပြသကောင်းသည် မဟုတ်ပါတုံလော,ဟု (စောဒနာ) ပြုရန်စကား ရှိရာ သောကြောင့်၊ ထိုစကားကို ဖြေကြား ခြင်းငှါ- ဤ * **အရိယသစ္စံ**-ဟူသော အဖြေတရားကို ဟောကြားတော်မူ၏။

ဤညွှန်ကြားချက် စကားအရဖြင့်၊ ဤရုပ်, နာမ်တရား နှစ်ပါးတို့၏ ဒုက္ခသစ္စာ,၏ အဖြစ်ကို ဟောကြား, ပြောဆိုသော (ဝဒန္တ) ပုဂ္ဂိုလ်သည်ကား၊ လူ,နတ်,ဗြဟ္မာ သတ္တဝါ-သာမန်တို့၏ အသိဉာဏ်ဖြင့် ကြံဖန်တွေးတော၍ ပြောဆိုဟောကြားအပ်သော တရားစကားမဟုတ်ချေ။ ။သောတာပန် ပုဂ္ဂိုလ်တို့၏အဖြစ် အစရှိသော အရိယာဇာတ်မြင့်မြတ်သော ဂုဏ်တုးဖြင့် ချီးကျူးအားပေး၍၊ လေးစားယုံကြည်ခြင်းကို ခံယူရရှိသော အရိယာပုဂ္ဂိုလ်၏အဖြစ်ကို ညွှန်ကြား၏။

(ခ) * **အရိယသစ္စံ**။ ။အရိယာပုဂ္ဂိုလ်တို့၏ဉာဏ်အမြင်ဖြင့်၊သိအပ်, မြင်အပ်သော အမှန်တရားပင်တည်း။ ။ထိုတရားသည်၊ ဤနေရာ၌ ရုပ်, နာမ်,တရားပင်ဖြစ်၏။

**တနည်း၊ပြဆိုဦးအံ့…(ခ)အရိယသစ္စံ**။ ။အရိယာပုဂ္ဂိုလ်တို့၏ ဉာဏ်အမြင်ဖြင့် သိအပ်မြင်အပ်သော အမှန်တရား ဆိုသည်ကား၊ ပရမတ္ထ-သဘောအလို တရားကိုယ်အားဖြင့် အဘယ်တရားတို့ဖြစ်၍ အဘယ်သို့မှန်ကန်သနည်းဟု (အမေးပုစ္ဆာ) စကားဆိုရန် ရှိပြန်ရာသောကြောင့် ထိုစကားကို ဖြေကြားခြင်းငှါ—

(က) ဤ **ဇာတိ ပေါ ပန ဘိက္ခဝေ ဒုက္ခံ**—ဟူသော အဖြေ တရားကို ဟောကြားရပြန်၏-ဟူလို။

ထိုတရား၏ အဓိပ္ပါယ်သည်ကား-ဤသို့ပင်တည်း။

ဒိုဝ-ပဥ္စဝဂ္ဂိရဟန်းတို့။ ။ပရမတ္ထ-သဘောအလို၊တရားကိုယ်အားဖြင့် ဒုက္ခသစ္စာဟူသော ဤရုပ်, နာမ်-တရား နှစ်ပါးသည်-

၁။ ပီဠနဋ္ဌ၊ ။ညှဉ်းပန်း နှိပ်စက်ခြင်း, ဟူသောအနက်သဘောရှိ၏။ ။ထို့နောက် အဘယ်သို့လျှင်၊ညှဉ်းပန်းနှိပ်စက်ခြင်းဖြစ်သနည်းဟူသော (အမေးပုစ္ဆာ) စကား ရှိပြန်ရာသောကြောင့်၊ ထိုညှဉ်းပန်းနှိပ်စက်ပုံ အကြောင်းအရာပြ တရားစကားသည်ကား၊ ဤသို့ပင်တည်းဟု ဟောကြားပြန်၏။

၂။ သင်္ခတဋ္ဌ၊ ။ပြုပြင်စီရင်ခြင်း, ဟူသောအနက်သဘောရှိ၏။
၃။ သန္တာပဋ္ဌ၊ ။ပူပန်ကြောင့်ကြခြင်း, ဟူသော အနက်သဘောရှိ၏။
၄။ ဝိပရိဏာမဋ္ဌ၊ ။ဖောက်ပြန်ပျက်စီးခြင်း,ဟူသောအနက်သဘောရှိ၏။ ။ရုပ်,နာမ်တရား နှစ်ပါးတို့၏ သဘောပင်တည်း။ ။ဤသို့သောသဘောဖြင့် (ဒုက္ခ)မည်၏။

ထို့ကြောင့်-(က) **ဣဒံခေါ ပန ဘိက္ခဝေဒုက္ခံ**—ဟူသောစကားနှင့် (ခ) **အရိယသစ္စံ**-ဟူသော စကားနှစ်ရပ်ကို ပေါင်းစပ်၍ ရအပ်သောအကျဉ်းချုပ် အဓိပ္ပါယ်သည်ကား၊ ဤသို့ပင်တည်း။

(က)※ ဒိုဝ-ပဥ္စ ဝဂ္ဂီ ရဟန်းတို့။ ။ဤရုပ်,နာမ်-တရားနှစ်ပါးသည်

၁။ ပီဠနဋ္ဌ၊ ။ညှဉ်းပန်း နှိပ်စက်ခြင်း, ဟူသော အနက်သဘောရှိ၏။
၂။ သင်္ခတဋ္ဌ၊ ။ပြုပြင် စီရင်ခြင်း, ဟူသော အနက်သဘောရှိ၏။
၃။ သန္တာပဋ္ဌ၊ ။ပူပန် ကြောင့်ကြခြင်း, ဟူသော အနက်သဘောရှိ၏။
၄။ ဝိပရိဏာမဋ္ဌ၊ ။ဖောက်ပြန်ပျက်စီးခြင်း,ဟူသောအနက်သဘောရှိ၏။

ဤသို့ လေးပါးသော အနက်သဘောရှိ၍ (ဒုက္ခ)ဆင်းရဲးကေန်၊ စင်စစ်မှန်သော မူလအခြေခံတရားမည်၏။

(ခ) အရိယာ ပုဂ္ဂိုလ်တို့၏ ဉာဏ်အမြင်ဖြင့် ရှုဆင်ခြင်သောအခါ၌၊ ဤရုပ်, နာမ်-တရားနှစ်ပါးသည် (ပီ၊ သင်၊ သံ၊ဝိ) ဟူသောလေးပါးသော အနက်သဘောရှိ၍ ဆင်းရဲးကေန် စင်စစ်မှန်သော အရိယသစ္စာ၏ အဖြစ်ဖြင့် သိအပ်, မြင်အပ်,သော အမှန်တရားပေတည်း။

ဤတွင်ရွေ့ကား—
(က) ဇာတိံ ခေါပန ဘိက္ခဝေ ဒုက္ခံ။(ခ) အရိယသစ္စံ။ ။ဟူ၍
ဟောတော်မူအပ်သော ဒုက္ခသစ္စာပြ ပါဠိတော်ရင်း၏
မကျဉ်း မကျယ် သိလွယ်မှတ်လွယ် ရှိသော မူလအခြေ-၏
အဓိပ္ပါယ် ပြခဏ်းပြီးပြီ။

---

## (၁၀-၃-ည) (၁) ဒုက္ခသစ္စာ၏ (အခြင်းအရာ) အပြား ၈-ပါးပြခဏ်း

(၁) *ဇာတိပိ ဒုက္ခာ…ဆိုသည်ကား အဘယ်သို့ ဆိုလိုပါသနည်း။

မြန်မာဘာသာပြန်အဓိပ္ပါယ်

(၁) *အို-ပဥ္စ ဝဂ္ဂီ ရဟန်းတို့။

ဘဝရှည်ကြာ သံသရာ၌ ခန္ဓာ ငါးပါးဟူသော ရုပ်, နာမ်-တရားတို့၏ ဘဝအပြန်ပြန် ကြိမ်ဖန်မလပ် အထပ်တပ်ဖြင့်၊မရပ်မနား ရဟတ်ချား ပုံကဲ့သို့၊ အစုံအရုံ၊ တဖွားဖွား၊ အသစ် အသစ် ဖြစ်ရခြင်းဟူသော ဇာတိသဘောသည်၊ မချိ အင်အဲး၊ လွန်းကဲး ဆင်းရဲးစွာ၏ တကား= ဟူ၍ ဟောတော်မူ၏။

**မှတ်ချက်**…''ခန္ဓာနံ ပါတုဘာဝေါ''ဟူသည်နှင့် အညီ၊ ခန္ဓာငါးပါး ဟူသော ရုပ်, နာမ်-တရားတို့၏ ထင်ရှားစွာ ဖြစ်ပေါ်လာခြင်းသည်ပင်၊ ဇာတိမည်၏။ ။သတိပဋ္ဌာန် ပါဠိတော်စကားကို မူတည်၍ (ဓမ္မစကြာဖွင့်) ၌ထည့်သွင်းပြဆိုခဲ့ပြီးဖြစ်၍၊ ဤ၌အကျဉ်းချုံးအပ်၏။ ။နောက်ပုဒ်တို့၌လည်း၊ ဤနည်းအတူပင်တည်း။

ဤတွင် ''ဇာတိဒုက္ခ'' ပြခဏ်းပြီး၏။

(၂) *ဇရာပိဒုက္ခာ...ဆိုသည်ကား အဘယ်သို့ ဆိုလိုပါသနည်း။

မြန်မာဘာသာပြန်အဓိပ္ပါယ်

(၂) *ဒို-ပဋ္ဌ ဝဂ္ဂီ ရဟန်းတို့။

ဇာတိ-ဟူသော အမည်ဖြင့် ဖြစ်ပေါ်လာပြီးသော ခန္ဓာငါးပါး-ဟူသောရုပ်, နာမ်-တရားတို့၏ ထင်ရှား,မထင်ရှား,နှစ်ပါးသော အခြင်းအရာအားဖြင့် ပျက်ပြားသိုယွင်း၍ ကိုယ်တွင်း, ကိုယ်ပ, ဟူသောအဆင်းရုပ်ရည်နှင့်တကွ၊ အိုနယ်အိုတွင်း၊ အိုစာရင်းသို့၊ အိုခြင်းဖြင့် သက်ဆင်းကျရောက်ရခြင်း ဟူသော ဇရာသဘောသည်၊ မချို အင်အဲး၊ လွန်ကဲး ဆင်းရဲးစွာ၏ တကား=ဟူ၍ ဟောတော်မူ၏။

မှတ်ချက်....“ဣန္ဒြိယာနံ ပရိပါကော”ဟူသည်နှင့် အညီ၊(စက္ခုန္ဒြေ=မျက်စိ) (သောတိန္ဒြေ=နား) အစရှိသော ဣန္ဒြိယဓာတ်, ရုပ်တို့၏ ရင့်ရော်ခြင်းသည်ပင် “ဇရာ”မည်၏။

ဤတွင် “ဇရာ ဒုက္ခ” ပြခဏ်း ပြီး၏။

---

(၃) * ဗျာဓိပိ ဒုက္ခော...ဆိုသည်ကား၊ အဘယ်သို့ ဆိုလိုပါသနည်း။

မြန်မာဘာသာပြန်အဓိပ္ပါယ်

(၃) * ဒို-ပဋ္ဌ ဝဂ္ဂီ ရဟန်းတို့။

ဇာတိ-ဟူသောအမည်ဖြင့် ဖြစ်ပေါ်လာပြီးသော ရုပ်,နာမ်-နှစ်မျိုး၊ ဒုက္ခ-ဆိုးကို၊ အမျိုးမျိုး တိုးခွဲ့သျက်၊ ကိုးဆဲ့-ခြောက်ဖြာ၊ ဘေး ရောဂါနှင့်၊ ကြမ္မာ ဥပဒ်၊ မပြတ် မစဲး၊တလဲးလဲးဖြင့်၊ ငြိုးစွာ ကပ်ချဉ်း၊နှိပ်စက်ငြင်းကြောင့်၊ထန်ပြင်း သည်းစွာ၊ မချမ်းသာအောင်၊ နာကျင်ရခြင်းဟူသော ဗျာဓိ, သဘောသည်၊ မချို အင်အဲး၊ လွန်ကဲး ဆင်းရဲးစွာ၏ တကား=ဟူ၍ ဟောတော်မူ၏။

ဤတွင် “ဗျာဓိဒုက္ခ” ပြခဏ်းပြီး၏။

(၄) * မရဏာဝိ ဒုက္ခံ…ဆိုသည်ကား-အဘယ်သို့ ဆိုလိုပါသနည်း။

မြန်မာဘာသာပြန်အဓိပ္ပါယ်

(၄) ※ အို-ပဥ္စ ဝဂ္ဂီ ရဟန်းတို့။

ဇာတိ-ဟူသောအမည်ဖြင့် ဖြစ်ပေါ်လာပြီးသော ခန္ဓာငါးပါးဟူသော ရုပ်, နာမ်-တရားတို့၏ မိမိတို့၏ ဖြစ်နေဆဲဖြစ်သော ဘဝအနေမှ၊ အခြေပျက်အောင်၊ အသက်ခန္ဓာ၊ စွန့်လွှတ်ကာဖြင့်၊ နှစ်ဖြာ ရုပ်, နာမ်-ချုပ်ပြန် ပျက်စီးရခြင်း အလေ့သဘောဖြင့်၊ရွှေလျော စွန့်ရခြင်း, ဟူသော မရဏ, သဘောသည်၊ မချိ အင်အဲး၊ လွန်ကဲး ဆင်းရဲးစွာ၏ တကား=ဟူ၍ ဟောတော်မူ၏။

**မှတ်ချက်**…ခန္ဓာနံ ဘေဒေါ၊ "ဇီ ဝိ တိ န္ဒြိ ယ ဿု-ပစ္ဆေဒေါ" ဟူသည်နှင့်အညီ၊ ခန္ဓာငါးပါးတို့၏ ပျက်စီးခြင်း။ ။ တနည်းကား။ ။ဇီဝိတိန္ဒြေ၏ ပြတ်ခြင်းဟု ဆိုအပ်သော မိမိ၏ မူလ ပဋိသန္ဓေစိတ်သည်ပင်၊ မိမိဖြစ်နေဆဲဖြစ်သော ဤပစ္စုပ္ပန်ဘဝကို၊ စွန့်လွှတ်၍ စုတိ, ဟူသော သဘောဖြင့်၊ရွှေလျော စွန့်ရခြင်းကို (သံ ါရ ဒုက္ခ)ဟု ဆို၏။

ဤတွင် "မရဏ ဒုက္ခ" ပြခဏ်းပြီး၏။

---

(၅) * ဝိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော…ဆိုသည်ကား- အဘယ်သို့ ဆိုလိုပါသနည်း။

မြန်မာဘာသာပြန်အဓိပ္ပါယ်

(၅) ※ အို-ပဥ္စ ဝဂ္ဂီ ရဟန်းတို့။

ချစ်အပ်သောသူ+သာယာအပ်သောသူ+ကြည်ဖြူ ဇနီး၊ သားသမီးနှင့်၊ စီးပွါး ဥစ္စာ၊ လယ်ယာ ကိုင်းကျွန်း၊ ဖြစ်ထွန်း သချ၊ သံါရ ဝဋ္ဋ၊ အစုစု တို့နှင့်၊ တစု တဝေးတည်း မနေရ+မဖြစ်ရ+ကွေကွင်းရ ြင်း ဟူသော(ပိယဝိပ္ပယောဂ)သဘောသည်၊မချိ အင်အဲး၊ လွန်ကဲး ဆင်းရဲး စွာ၏ တကား=ဟူ၍ ဟောတော်မူ၏။

**မှတ်ချက်**…ချစ်အပ်သော, သာယာအပ်သော-သတ္တဝါ သင်္ခါရတို့နှင့် ကွေကွင်း ခွဲးခွါရခြင်းသည် ကာယိကဒုက္ခ, စေတသိက ဒုက္ခ နှစ်ပါးတို့၏ ဖြစ်ကြောင်းဖြစ်၍ "ဒုက္ခ" ဟု-ဆို၏။

ဤကွင် "ပိယဝိပ္ပယောဂဒုက္ခ" ပြခဲ့ပြီး၏။

---

(၆) * **အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော**…ဆိုသည်ကား-အဘယ်သို့ ဆိုလိုပါသနည်း။

မြန်မာဘာသာပြန်အဓိပ္ပါယ်

(၆) ∴ ဒိ-ပဥ္စ ဝဂ္ဂိ ရဟန်းတို့။

မချစ်အပ်သောသူ+ မသာယာ အပ်သောသူ+ ငြူစူ-ဣဿာ၊ အဘိဇ္ဈာ-နှင့်၊ မိစ္ဆာ-မာန်တက်၊ ဟူးဟူး ထွက်လျက်၊ ရန်ဘက် ရန်သူ၊ မကြည်ဖြူသော သူတို့နှင့်၊ အဝူတက္ခ၊ ပေါင်းသင်း တွေ့ဆုံ၊ ကြုံပြန် ရခြင်းဟူသော (အပ္ပိယ သမ္ပယောဂ) သဘောသည်၊ မချိ အင်အဲး၊ လွန်ကဲး ဆင်း ုးစွာ၏တကား=ဟူ၍-ဟောတော်မူ၏။

**မှတ်ချက်**…မချစ်အပ်သော+ မသာယာအပ်သော+ သတ္တဝါ-သင်္ခါရတို့နှင့် ပေါင်းသင်းတွေ့ဆုံ ကြုံပြန်ရခြင်းသည်၊ (ရှေးနည်းအတူ) ကာယိကဒုက္ခ, စေတသိက ဒုက္ခ- နှစ်ပါးတို့၏ ဖြစ်ကြောင်းဖြစ်၍ "ဒုက္ခ" ဟု-ဆို၏။

ဤကွင် "အပ္ပိယသမ္ပယောဂဒုက္ခ" ပြခဲ့ပြီး၏။

---

(၇) ∴ **ယံ ပိစ္ဆံ န လဘတိ၊ တံ ပိ ဒုက္ခံ**…ဆိုသည်ကား- အဘယ်သို့ ဆိုလိုပါသနည်း။

မြန်မာဘာသာပြန် အဓိပ္ပါယ်

(၇) ∴ ဒိ-ပဥ္စ ဝဂ္ဂိ ရဟန်းတို့။

ဇာတိအသစ်၊ မဖြစ်ရလို၊ မအိုရချင်၊ ပျိုလွင်လွင်နှင့်၊ နာကျင်မရှိ၊ အတိ-ပိယ၊ သဟာယကို၊ တွေ့ရလိုကြောင်း၊ ဆုပန်တောင်း၏၊ ထပ်

လောင်း တဖန်၊ အမျက် မာန်ဖြင့်၊ ခက်ထန် ရန်မျိုး၊ ရန်ပင် ပျိုးသည့်၊ အကျိုး မဖြစ်၊ ဆိုးညစ် လေတောင်း၊ သူမကောင်းကို၊ မပေါင်းရ-ချင်၊ မမြင်ရ-လို၊ မဆိုရ-စကား၊ ဝေးစွာရှားလျက်၊ တပါး ပြည်ရွာ၊ လွတ်ကြောင်းသာဖြင့်၊ သွားလာ နေလို၊ ဆုပန်ဆိုလည်း၊ ထိုထို ဆန္ဒ၊ ကြံသမျှတို့၊ ပြည့်ဝမရှိ၊ ဖြစ်ရဘိခြင်းဟူသော "ဣစ္ဆိတာလာဘ" သဘောသည်၊မချိအင်အဲး၊လွန်ကဲးဆင်းရဲးစွာ၏တကား=ဟူ၍ဟောတော်မူ၏။

**မှတ်ချက်**…ဤသို့တောင်းတ၍ မရစကောင်းသည်၌၊ တောင့်တခြင်း ဟူသော အလိုဆန္ဒသည်(ရှေးနည်းအတူ) ကာယိကဒုက္ခ, စေတသိက ဒုက္ခ-နှစ်ပါးတို့၏ ဖြစ်ကြောင်းဖြစ်၍ "ဒုက္ခ" ဟုဆို၏။

ဤတွင်"ဣစ္ဆိတာ-လာဘဒုက္ခ"ပြခဏ်း ပြီး၏။

---

(ဂ)※**သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာဝိ ဒုက္ခာ**…ဆိုသည်ကား-အဘယ်သို့ဆိုလိုပါသနည်း။

မြန်မာဘာသာပြန် အဖိပ္ပါယ်

(ဂ)※အို-ပဥ္စ ဝဂ္ဂီရဟန်းတို့။

ဇာတိဒုက္ခ, ဇရာဒုက္ခ, ဗျာဓိဒုက္ခ, စသည် မျိုးမည်၊ စုပေါင်းတည်က၊ ထူးလည် ထွေပြား၊ အလွန်များ၏၊ ဘုရား ဘုန်းရှိန်၊ စောပုနိန်သည်၊ နှိုင်းချိန် တွက်ဆ၊ ဟောဖေါ်ပြလည်း၊ ဒုက္ခ လုံးစုံ၊ ဖြစ်ပျက်ပုံတို့၊ ဆုံးမကုန်ခင်၊ သုံးဘုံသျှင်သည်၊ ပြည်ခွင် နိဗ္ဗာန်၊ ဝင်စံဘို့ရာ၊ ချိန်ခါတန်ခဲ့၊ အကျိုးမဲ့၍၊ တိုးချဲ့မပြ၊ အကျဉ်းမျှဖြင့်၊ ဒုက္ခ သရုပ်၊ ဖေါ်ထုတ်ပြမည်၊ စိတ်တည်တည်ဖြင့်၊ သာကြည်ရွှင်ပျ၊ နာယူကြလော။ ။သဗ္ဗသတ္တာ၊ မည်သညာဖြင့်၊ များစွာခေါ်ပြ၊ သူတစု၌၊ ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ စွဲရာမှန်သည်၊ ငါးတန် ခန္ဓာ၊ ရုပ်,နာမ်,သာလျှင်၊ မှန်စွာစင်စစ်၊ဆင်းရဲးဖြစ်၏၊ အသစ်ဒုက္ခ၊ ထုတ်ပြဘို့ရန်၊ ဒုက္ခမှန်သည်၊ ရုပ်,နာမ်,ချန်လှပ်၊ လူတို့ရပ်၌၊ နောက်ထပ်အပို၊ မရှိဆိုသည်၊ တိုတို မှတ်စေချင်၏ ဟည်း။ ဟူ၍ ဟောတော်မူ၏။ ။(မှတ်ချက်)ရှေး၌ထင်ရှားလတ္တံ့။

ဤတွင်"ပဉ္စုပါဒါနက္ခန္ဓဒုက္ခ"ပြခဏ်းပြီး၏။

ဤတွင် ဒုက္ခ ဂ-မျိုးပြခဏ်းပြီး၏။

## တနည်းအားဖြင့် "ဒုက္ခ" မည်သောတရားကို မေးမြန်းဖြေဆိုပုံ ပြခဏ်း

(က) ဒုက္ခံ ဒုက္ခ-န္တိ ဘန္တေ ဝုစ္စတိ၊
ကတမံ နုခေါ ဘန္တေ ဒုက္ခန္တိ။ ) ခန္ဓဝဂ္ဂရာဓသံယုတ် (၁၃၅)

မြန်မာဘာသာပြန်အဓိပ္ပါယ်

(က) ဘုန်းတော်ကြီးလတ်၊ အသျှင်မြတ်ဘုရား။

ဒုက္ခ-ဒုက္ခဟု၊ နှုတ်ဟ-မြွက်ဖေါ်၊ ဟောတော်မူအပ်သော အရာဝယ်၊ အဘယ်မည်သောတရားကို "ဒုက္ခ"ဟုဟောကြားအပ်ပါသနည်း၊ ဤသို့အားဖြင့် လျှောက်ကြားမေးမြန်းလေ၏။

(၁) *ရူပံ ခေါ ရာဓ, ဒုက္ခံ၊
(၂) *ဝေဒနာ ခေါ ရာဓ, ဒုက္ခံ၊
(၃) *သညာ ခေါ ရာဓ, ဒုက္ခံ၊
(၄) *သင်္ခါရာ ခေါ ရာဓ, ဒုက္ခံ၊
(၅) *ဝိညာဏံ ခေါ ရာဓ, ဒုက္ခံ၊ ) ခန္ဓဝဂ္ဂ ရာဓသံယုတ်

မြန်မာဘာသာပြန်အဓိပ္ပါယ်

(၁) * အို-ရာဓ-မည်တွင်၊ ငါ့သျှင် ချစ်သား ရဟန်း။

ရူပက္ခန္ဓာသည် စင်စစ်ကေန် အမှန်မလွဲသဖြင့်၊ နှိပ်စက်ပြုပြင်၊ ထို့ပြင်ပူပန်၊ ဖောက်ပြန်ပျက်ပြား၊ လေးပါးသော အနက်သဘောဖြင့်၊ လွန်စွာနှိပ်စက်၊ ခံနိုင်ခက်၍ "ဒုက္ခ"မည်၏ဟူ၍ ဖြေဆိုတော်မူ၏။

ဤနည်းအတူ (၂) ဝေဒနက္ခန္ဓာသည်။ (၃) သညက္ခန္ဓာသည်။ (၄) သင်္ခါရက္ခန္ဓာသည်။ (၅) ဝိညာဏက္ခန္ဓာသည်။ စင်စစ်ကေန်၊ အမှန်မလွဲသဖြင့်၊ နှိပ်စက် ပြုပြင်၊ ထို့ပြင် ပူပန်၊ ဖောက်ပြန်ပျက်ပြား၊ လေးပါးသော အနက် သဘောဖြင့်၊ လွန်စွာနှိပ်စက်၊ ခံနိုင်ခက်၍ "ဒုက္ခ"မည်၏ ဟူ၍ ဖြေဆိုတော်မူ၏။

**ထို့နောက်တဖန် ဟောတော်မူဟန်ကား…**

ဧဝံ ပဿံ ဘိက္ခဝေ သုတ-ဝါ အရိယ သာဝကော (၁) ရူပသ္မိံပိ၊နိဗ္ဗိန္ဒတိ-အစရှိသည်တည်း။

မြန်မာဘာသာပြန် အဓိပ္ပါယ်

(၁) * အို-ရာဓ-မည်တွင်၊ ငါ့သျှင် ချစ်သား ရဟန်း။

ရုပ်,နာမ်, တရားဟူသော ခန္ဓာငါးပါးတို့၌ ထူးထူး ခြားခြား အကြားအမြင် (သုတ-ဝါ) ဂုဏ်နှင့်ပြည့်စုံ၍ ငါဘုရားသျှင်၏ သားရင်း အစစ်ဖြစ်သော အရိယာ သာဝကသည်။ (ဧဝံပဿံ) မိန့်တော်သံ အရဖြင့်၊ ဤသို့ဟောတော် မူခဲ့ပြီးဖြစ်သော နည်းအတိုင်း၊ သမ္မာဒိဋ္ဌိ မဂ်ပညာဖြင့် ကောင်းစွာ သိမြင်သည်ရှိသော် (သိမြင်သောအခါ၌) သုခ-ဟူက၊ မြှုမျှမဘက်၊သက်သက်''ဒုက္ခ''အစစ် အမှန်ဖြစ်သော—

၁—ရူပက္ခန္ဓာ-ဟူသော ရုပ် တရား အစု၌ မပျော်မွေ့ဘဲ၊ ငြီးငွေ့လေ၏။
၂—ဝေဒနက္ခန္ဓာ-ဟူသော ဝေဒနာတရားအစု၌ မပျော်မွေ့ဘဲ၊ ငြီးငွေ့လေ၏။
၃—သညက္ခန္ဓာ-ဟူသော သညာတရားအစု၌ မပျော်မွေ့ဘဲ၊ ငြီးငွေ့လေ၏။
၄—သင်္ခါရက္ခန္ဓာ-ဟူသော သင်္ခါရတရားအစု၌ မပျော်မွေ့ဘဲ၊ ငြီးငွေ့ လေ၏။
၅—ဝိညာဏက္ခန္ဓာ ဟူသောဝိညာဉ်တရားအစု၌မပျော်မွေ့ဘဲ၊ ငြီးငွေ့လေ၏။

ဤသို့သျှင်(ငြီးငွေ့ခြင်း)နိဗ္ဗိန္ဒဉာဏ်ဖြစ်ပြီးနောက်၊အစဉ်အတိုင်း သော ဉာဏ်သည်ဖြစ်၍ အရဟတ္တဖိုလ်စိတ်၌ အဆုံးသတ်လေ တော့၏။

ဤကွင် ''ဒုက္ခ''တမျိုး ပြခဏ်းပြီး၏။

## တနည်းအားဖြင့် "ဒုက္ခ"တရားနှင့်၊ ဥပါဒါနက္ခန္ဓာတရား ငါးပါးအကျယ်ပြခဏ်း

ဒုံ-ချစ်သားရဟန်းတို့။ ။သင်ချစ်သားရဟန်းတို့အား။

(၁) ဒုက္ခမည်သော တရားကိုငင်း။
(၂) ဒုက္ခဖြစ်ကြောင်းတရားကိုငင်း။ (ဒုက္ခကို ဖြစ်စေတတ်သော တရားကိုငင်း) ဟူ၍ဆို။
(၃) ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်တရားကိုငင်း။
(၄) ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အကျင့် တရားကိုငင်း,ဟောကြားပေအံ့။ ။ထိုသစ္စာလေးပါး၊ အမှန် တရားကို၊သင် ချစ်သားတို့သည်နာယူကြကုန်လော့။

အို-ချစ်သားရဟန်းတို့။ ။(က)ဒုက္ခမည်သော အမှန်တရား သည်အဘယ်တရားဖြစ်သနည်း==ဟု၊ မေးလျှောက်ရာ၏။

(ခ) ။ ကာမုပါဒါန်,ဒိဋ္ဌုပါဒါန်ဟူသော ဥပါဒါန် တရားတို့၏ အာရုံပြုရာ စွဲးလမ်းရာဖြစ်သော ငါးပါးသော ဥပါဒါ နက္ခန္ဓာတို့သည် (ဒုက္ခ) မည်ကုန်၏ဟု ဟောကြားအပ်၏။
(ဂ) ။ ငါးပါးသော ဥပါဒါနက္ခန္ဓာမည်သော တရားတို့သည် အဘယ်တရားတို့ဖြစ်သနည်း။ဟု မေးလျှောက်ရာ၏။

၁။ ။ ရုပ်တရား အစုသည်၊ ဥပါဒါန် တရားတို့၏ အာရုံပြုရာ စွဲးလမ်းရာဖြစ်၍-ရူပုပါဒါနက္ခန္ဓာမည်၏။
၂။ ။ ဝေဒနာတရားအစုသည်၊ဥပါဒါန်တရားတို့၏အာရုံပြုရာ စွဲးလမ်းရာဖြစ်၍-ဝေဒနုပါဒါနက္ခန္ဓာမည်၏။
၃။ ။ သညာတရားအစုသည်၊ ဥပါဒါန်တရားတို့၏ အာရုံပြုရာ စွဲးလမ်းရာဖြစ်၍-သညုပါဒါနက္ခန္ဓာမည်၏။
၄။ ။ သင်္ခါရတရားအစုသည်၊ဥပါဒါန်တရားတို့၏အာရုံပြုရာ စွဲးလမ်းရာဖြစ်၍-သင်္ခါရုပါဒါနက္ခန္ဓာမည်၏။
၅။ ။ ဝိညာဉ်တရားအစုသည်၊ဥပါဒါန်တရားတို့၏ အာရုံပြုရာ စွဲးလမ်းရာဖြစ်၍-ဝိညာဏုပါဒါနက္ခန္ဓာမည်၏။

(လောကီ နာမက္ခန္ဓာ တရားလေးပါးကိုရည်ညွှန်းသည်)

အို-ချစ်သားရဟန်းတို့။ ။ဤဥပါဒါနက္ခန္ဓာတရား ငါးပါးအပေါင်းကို''ဒုက္ခ''ဟုဟောကြားအပ်၏ဟု ဖြေဆိုတော်မူ၏။

ထို့နောက်(၂) ဒုက္ခ သမုဒယ။ (၃) နိရောဓ။ (၄) မဂ္ဂတရားတို့ကို အစဉ်အတိုင်း ဟောတော်မူ၏။ ။ဤ၌ကား၊ ဤမျှဖြင့် အဆုံးသတ်ရာ၏။

ဤတွင်''ပဉ္စုပါဒါနက္ခန္ဓ ဒုက္ခ''တမျိုးပြခဏ်းပြီး၏။

ဤတွင်ရှေ့ကား-
ဓမ္မစကြာသုတ် ဒုက္ခသစ္စာပြ ပါဠိတော်ရင်း၏
စ,လယ်,အဆုံး၊သုံးပါးလုံးတို့၌၊ မကျဉ်းမကျယ်၊ သိလွယ်
မှတ်လွယ်ရှိသော အကျဉ်းချုပ်အဓိပ္ပါယ်ပြခဏ်းပြီး၏။

---

## (၁၁-သ-က) (၂) သမုဒယသစ္စာပြခဏ်း

## (၁၁-သ-က) (၂) သမုဒယသစ္စာ၏ပါဠိအနက်လေးပါး ပြခဏ်း

(၁၁-သ-က)(၂) သမုဒယဿ(၁)အာယူဟနဋ္ဌော၊(၂)နိဒါနဋ္ဌော၊ (၃) သံယောဂဋ္ဌော၊ (၄)ပလိ ဗောဓဋ္ဌော၊ ဣမေစတ္တာရော သမုဒယဿ သမုဒယဋ္ဌာ၊ (၁) တထာ၊ (၂) အဝိတထာ၊ (၃) အနညထာ။

မြန်မာဘာသာပြန် အဓိပ္ပါယ်

(၁၁-သ-က)(၂)သမုဒယသစ္စာဟူသော လောဘ၏—

၁။ **အာယူဟနဋ္ဌ**···ဒုက္ခသစ္စာ-ဟူသော ရုပ်,နာမ်-တရား နှစ်ပါးကို ဖြစ်ပွါးစေအောင် အားထုတ်ခြင်း ဟူသော ''အာယူဟနဋ္ဌ''အနက်သဘော။

၂။ **နိဒါနဋ္ဌ**···ဒုက္ခသစ္စာ-ဟူသော ရုပ်, နာမ်- တရား နှစ်ပါး၏ ဖြစ်ပွါးပေါ်လာရန် အကြောင်းရင်းဖြစ်ခြင်းဟူသော ''နိဒါနဋ္ဌ''အနက်သဘော။

၃။ **သံယောဂဋ္ဌ**....ဝဋ်သုံးပါး၌ အမြဲးယှဉ်ခြင်း-ဟူသော''သံယောဂဋ္ဌ''အနက်သဘော။

၄။ ပလိဗောဓဒွ…ဝဋ် သုံးပါးမှ မထွက် မြောက် စေခြင်းငှါ နှောင့်ရှက်ပိတ်ပင်ခြင်း-ဟူသော"ပလိဗောဓဋ္ဌ" အနက်သဘော။

ဤသို့လျှင် သမုဒယသစ္စာဟူသော လောဘ၏ သမုဒယ သစ္စာ၏ အနက်သဘောဖြစ်ကုန်သော လေးပါးကုန်သော ဤအနက်သဘော တို့သည်၊(၁)မှန်ကန်ကုန်၏။ ။(၂)မချွတ်ယွင်းကုန်။ ။(၃)ဒုက္ခ သစ္စာ-ဟူသော ရုပ်နာမ်တရား နှစ်ပါးကို ဖြစ်ပွါးစေအောင်အားထုတ် ခြင်းဟူသော "အာယူဟန" သဘောမှတပါး၊ အားမထုတ်ခြင်းဟူ သောအခြင်းအရာမှ ကင်းကုန်၏။

လိုပါဠိတော်၏ အနက်သဘောကို ထင်ရှားစေဥုးအံ့။

(က) သမုဒယ သစ္စာဟူသော လောဘ၏ အနက်ဟော, ပါဠိ အကျယ်လေးပုဒ်ကို(အာ၊ နိ၊ သံ၊ ပ)ဟူ၍ အကျဉ်းရေးပြ။

(ခ) ထို နောက်၊ ထိုပါဠိလေးပုဒ်၏ အနက်ဆို၍ပြ။

(ဂ) ထို့နောက်၊ ထိုအနက် လေးပုဒ် တည်းမှ၊မူလအနက်တပါး ဆို၍ပြ။

(ဃ) ထို့နောက်၊ ကျန်သော အနက်သုံးပါးကို (အာကာရဋ္ဌ) အခြင်းအရာပြ၊ အနက်ဆို၍ပြ။

(င) ထို့နောက်၊ ကျန်သစ္စာ သုံးပါးတည်းမှ၊အနက်သုံးပါးယူ၍ (ပမာဏဋ္ဌ)နှိုင်းယှဉ်ပြ၊ အနက်ဆို၍ပြ။

(စ) ထို့နောက်(ပမာဏဋ္ဌ) နှိုင်းယှဉ်ပြ-အနက်နှင့်(အာကာ- ရဋ္ဌ)အခြင်းအရာပြ- အနက် သုံးချက်ကို၊တွဲဆက်၍ပြ။

(ဆ) ထို့နောက်၊ထိုစကားအလုံးစုံတို့၏ နိဂုမ်းချုပ်လက်ာပြ။

---

## ဤအမှာစကားအရအကျဉ်းချုပ်ဆောင်ပုဒ် လင်္ကာ

(က) သမု-အနက်၊ မိန့်ဆို မြွက်အံ့၊ ကျမ်းထွက် အရှိ၊ (အာ၊ နိ၊ သံ၊ ပ၊) လေး-ပဒါမှတ်ကြ အကျဉ်း မြွက်။

(ခ) အားထုတ်, ကြောင်းရင်း၊ ယှဉ်ခြင်း, ပိတ်ပင်၊ ဤလေးအင်၊ ခေါ်တွင် လောဘ-နက်။

(ဂ) အာယူဟနဋ္ဌ၊ အားထုတ်ပြ၊ မှတ်ကြ မူလ-နက်။

(ဃ) ကြောင်းရင်း-ယှဉ်ခြင်း၊ ပိတ်ပင် ခြင်းဖြင့်၊ ဖြစ်ရင်းသုံးဖြာ၊ ဤအရာ၊ မှတ်ပါ ခြင်းရာ-နက်။

(င) ဒုက်–ပီ၊ နိဗ်–ဝိ၊ မဂ်–ရှိ, နိယျာ၊ ဤသုံးဖြာ၊ မှတ်ပါ နှိုင်းယှဉ်-နက်။

(စ) ဒုက်-ပီ၊ သ-နိ၊ ဤသို့ရှိ၊ မှတ်ဘိ နှိုင်းယှဉ်–ခြင်းရာ၊ (တစ်-၁) အဆက်။

(ဆ) နိရော-ဝိ, နှင့်၊ နောက်ရှိ-သ-သံ၊ ဤနှစ်တန်၊ မှတ်ရန် နှိုင်းယှဉ်-ခြင်းရာ၊ (နှစ်–၂) အဆက်။

(ဇ) မဂ္ဂ-နိယျာ၊ သ-မှာ-ပလိ၊ စပ်ယှဉ်ဘိ၊ မှတ်သိ နှိုင်းယှဉ်–ခြင်းရာ၊ (သုံး–၃) အဆက်။

(ဈ) ပါဠိအနက်၊ လေးချက်မှတ်သား၊ ဤသို့အားဖြင့်၊ ※တပါး မူလ၊ နောက်မှခြင်းရာ၊ ※သုံးနက်လာ၏။ ။တဖြာ နှိုင်း ယှဉ်၊ ※သုံးနက်ပင်တည်း။ ။ထိုပြင် ဖြစ်ဘက်၊ နှိုင်းယှဉ် ချက်နှင့်၊ ပေါ်ထွက် ခြင်းရာ၊ တွဲဆက်လာသည်၊ မိန့်မှာ အဋ္ဌကထာနည်းတည်း။

ဤသည်ကား-အမှာစကားတည်း။

ဤသို့ ပြဆိုအပ်ခဲ့ပြီးသော အကျဉ်းချုပ် လင်္ကာ၏ အဓိပ္ပါယ် အကျယ်အဖြေသည်ကား-ဤသို့ပင်တည်း။

---

## (၁၁-သ-ခ) (၂) သမုဒယသစ္စာ၏ အနက်လေးပါး အကျယ်ပြချက်း

သမုဒယသစ္စာ-ဟူသော လောဘ၏ လေးပါးသော အနက် သဘောသည်။

(၁) အာ–အာယူဟနဋ္ဌ၊ အားထုတ်ခြင်းသဘောရှိ၏။
(၂) နိ–နိဒါနဋ္ဌ၊ အကြောင်းရင်းဖြစ်ခြင်းသဘောရှိ၏။
(၃) သံ–သံယောဂဋ္ဌ၊ ယှဉ်ခြင်းသဘောရှိ၏။
(၄) ပ–ပလိဗောဓဋ္ဌ၊ ပိတ်ပင်ခြင်းသဘောရှိ၏။

ထို့ကြောင့် (က) ※ သမုအနက်····"အာ၊ နိ၊ သံ၊ ပ၊ လေးပဒ၊ မှတ်ကြအကျဉ်းနက်" ဟူ၍ရင်း။ ။(ခ) ※ "အားထုတ်ကြောင်း ရင်း····ခေါ်တွင်, လောဘ-နက်" ဟူ၍ရင်း ဆိုခဲ့ပြီ။

---

## (၁၁-သ-ဂ) (၂) သမုဒယသစ္စာ၏ (၁) မူလအနက် တပါး အကျယ်ပြခန်း

ထိုမှတပါးတုံ၊ ဆိုဦးအံ့···ထိုလေးပါးသော အနက် သဘောတို့တွင်၊ (၁) "အာယူဟနဋ္ဌ"အားထုတ်ခြင်း, ဟူသော အနက်သဘောသည် သမုဒယသစ္စာဟူသော လောဘ,၏ အမြဲမပြတ်၊ ထက်ကြပ်ပါရှိသော အနက်သဘောဖြစ်၍၊ ထို(၁) "အာယူဟနဋ္ဌ"အနက်သဘောသည် သမုဒယသစ္စာ၏ "မူလ" အနက်မည်၏။

ထို့ကြောင့်–(၁)*"အာယူဟနဋ္ဌ၊ အားထုတ်ပြ၊ မှတ်ကြမူလ–နက်"ဟူ၍ဆိုခဲ့ပြီ။

---

## (၁၁-သ-ဃ) (၂) သမုဒယသစ္စာ၏ (အခြင်းအရာပြ) အနက် သုံးပါးအကျယ်ပြခန်း

ထို့မှတပါးတုံ၊ ဆိုဦးအံ့··

(၂) နိဒါနဋ္ဌ၊ အကြောင်းရင်း ဖြစ်ခြင်းအနက်သဘော။
(၃) သံယောဂဋ္ဌ၊ ယှဉ်ခြင်းအနက်သဘော။
(၄) ပလိဗောဓဋ္ဌ၊ ပိတ်ပင်ခြင်းအနက်သဘော–

ဤသုံးပါးသော အနက်သဘောသည် သမုဒယသစ္စာ-ဟူသော လောဘ၏ ရုပ်,နာမ်တရား နှစ်ပါးတို့၏ ဘဝအသစ်၌ ဖြစ်ပေါ်လာရန် အားထုတ်မှုပြပုံကို ပြသော အနက်သဘောဖြစ်၍ သမုဒယသစ္စာ၏ (အာကာရဋ္ဌ) အခြင်းအရာပြအနက်မည်၏။

**ဤအရာ၌ထင်ရှားစေဦးအံ့**…သမုဒယသစ္စာ၏ (၁)“အာယူဟနဋ္ဌ” အနက် သဘောရှိ၏ ဟု ဆိုရာဝယ်၊ အဘယ်သို့လျှင်၊ (၁) “အာယူဟနဋ္ဌ” အနက်သဘောရှိသနည်း၊ (၁)“အာယူဟနဋ္ဌ” အနက်သဘောရှိပုံကို၊ အစုံအလင် ထင်ရှားစွာ ပြဆိုပါလော ဟူသော (အဘိယာစက) စကားရှိသောကြောင့်၊ ထို သမုဒယသစ္စာ၏ (၁)“အာယူဟနဋ္ဌ”အနက်သဘောရှိပုံကို“နိဒါနဋ္ဌ” အစရှိသော သုံးပါးသော အခြင်းအရာပြ စကားတို့ဖြင့် ထင်ရှားစွာ သိစေ၏။

(၂) နိဒါနဋ္ဌ၊ အကြောင်းရင်းဖြစ်ခြင်း, သဘောရှိ၏။
(၃) သံယောဂဋ္ဌ၊ ယှဉ်ခြင်း, သဘောရှိ၏။
(၄) ပလိဗောဓဋ္ဌ၊ နှောင့်ယှက် ပိတ်ပင်ခြင်း, သဘောရှိ၏။

ထို့ကြောင့်- (ဃ)※ကြောင်းရင်း, ယှဉ်ခြင်း၊ ပိတ်ပင်ခြင်းဖြင့်၊ ဖြစ်ရင်းသုံးဖြာ၊ ဤအရာ၊ မှတ်ပါ ခြင်းရာ နက်-ဟူ၍ ချုံ့ခဲ့ပြီ။

---

## (၁၁-သ-င) (၂) သမုဒယသစ္စာ၏ (နှိုင်းယှဉ်ပြ) အနက်သုံးပါးအကျယ်ပြခန်း

**ထိုမှတပါးတုံ၊ ဆိုဦးအံ့**…ဒုက္ခသစ္စာ-ဟူသောရုပ်နာမ်တရားနှစ်ပါး၏။

(၁) “ပီဠနဋ္ဌ” နှိပ်စက်ညှဉ်းပန်းခြင်း, ဟူသော အနက်သဘော။
(၂) နိရောဓသစ္စာ-ဟူသော နိဗ္ဗာန်၏ “ဝိဝေကဋ္ဌ”ဝဋ်သုံးပါး မှကင်းဆိတ်ခြင်း, ဟူသော အနက်သဘော။
(၃) မဂ္ဂသစ္စာ-ဟူသော မဂ်၏“နိယျာနဋ္ဌ” ဝဋ်သုံးမှ ထုတ်ဆောင်ခြင်း, ဟူသော အနက်သဘော။

ဤသုံးပါးသော အနက်သဘောသည် သမုဒယသစ္စာ-ဟူသော လောဘတရား၌ ပြဆိုအပ်ခဲ့ပြီးဖြစ်သော (၁) “အာယူဟနဋ္ဌ”အစရှိသော လေးပါးသော အနက်သဘောရှိပုံကိုယုံကြည်လေးစားမှု၊ [illegible] စေရန်၊ ကျန်သောသစ္စာ သုံးပါး၏ အနက်တို့ဖြင့် နှိုင်းယှဉ်၍ ပြဆိုအပ်

သော အနက်သဘောဖြစ်၍ ထိုအနက်သုံးပါးသည် သမုဒယသစ္စာ၏ (ပမာဏဌ) နှိုင်းယှဉ်ပြ အနက်မည်၏။

(၁) ပီဠနဋ္ဌ၊ ညှဉ်းပန်း နှိပ်စက် ခြင်းသဘော။
(၂) ဝိဝေကဋ္ဌ၊ ဝဋ်သုံးပါးမှ ကင်းဆိတ်ခြင်း သဘော။
(၃) နိယျာနဋ္ဌ၊ ဝဋ်သုံးပါးမှထုတ်ဆောင်ခြင်းသဘော။

ထို့ကြောင့်-(င) ∴ ''ဒုက်-ပီ၊နိဗ်-ဝိ၊ မဂ်-ရှိ,နိယျာ၊ ဤသုံးဖြာ၊ မှတ်ပါ နှိုင်းယှဉ်နက်''=ဟူ၍ ဆိုခဲ့ပြီ။

---

## (၁၁-သ-စ) (၂) သမုဒယသစ္စာ၏(၁)မူလအနက်တပါး ဖြစ်ပုံ အကျယ်ပြခန်း

## ∴ (၁၁-သ-မူ) (၂)အာယူဟနဋ္ဌ-မူလအနက်ပြခန်း

သမုဒယသစ္စာ-ဟူသော လောဘ၏ ရုပ်-နာမ်နှစ်ဖြာ ခန္ဓာငါးပါး ဟူသော ဒုက္ခသစ္စာကို ဖြစ်ပွါးစေအောင် (အားထုတ်ခြင်း) ဟူသော မူလအနက်ဖြစ်သော (၁) ''အာယူဟနဋ္ဌ'' အနက်သဘော ရှိပုံသည်၊ မိမိဟူသော လောဘ ၏ သဘောသတ္တိ အားဖြင့်ပင်၊ ထင်လင်းစွာ သိအပ်သောကြောင့် သမုဒယသစ္စာ၏ (၁) ''အာယူဟနဋ္ဌ'' အနက် သဘောသည်၊ သမုဒယသစ္စာ၏ မူလအနက်မည်၏။

ထို့ကြောင့်-(စ) ∴ ''အာယူဟနဋ္ဌ၊ အားထုတ်ပြ၊ မှတ်ကြမူလနက်''=ဟူ၍ ဆိုခဲ့ပြီ။

---

## (၁၁-သ-ဆ) (၂) သမုဒယသစ္စာ၌ (နှိုင်းယှဉ်ပြ၊) အနက်သုံးပါးနှင့် (အခြင်းအရာပြ) အနက်သုံးပါးကို တွဲဆက်၍ပြခန်း

## ※ (၁၁-သ-ပ) (၂) ပီဠနဋ္ဌနှင့်၊နိဒါနဋ္ဌဆက်ပုံပြခန်း

''ဒုက္ခသစ္စာ'' ဟူသော ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး၏ မူလအနက် ဖြစ်သော (၁) ''ပီဠနဋ္ဌ'' နှိပ်စက်တတ်, နှိပ်စက်အပ်, နှိပ်စက်ခြင်း, အနက် သဘောရှိပုံကို၊ ဉာဏ်ဖြင့် ရှုမြော်မြင်သိသဖြင့်။ ။(ဤသည် ကား-ပမာဏဋ္ဌ)။

ဤသမုဒယ သစ္စာ-ဟူသော လောဘ ၏ ရုပ်နာမ် နှစ်ဖြာ၊ ခန္ဓာငါးပါးဟူသော ဒုက္ခသစ္စာကို ဖြစ်ပွါးခြင်း၏ (အကြောင်းရင်းကို ရှာဖွေ, ဆောင်နှင်း, ပေးအပ်ခြင်း) ဟူသော "နိဒါနဋ္ဌ" အနက်သဘော ရှိပုံသည်၊ အခြင်းအရာအားဖြင့် ထင်ရှား၏။ ။(ဤသည်ကား-(အာကာရဋ္ဌ)။

ထို့ကြောင့် (စ) ※ဒုက်-ဗိ, သ-နိ၊ ဤသို့ရှိ၊ မှတ်ဘိ နှိုင်းယှဉ်-ခြင်းရာ (တစ်-၁)အဆက်=ဟူ၍ဆိုခဲ့ပြီ။

---

## ※(၁၁-သ-ဒ)(၂) ဝိဝေကဋ္ဌ နှင့်၊ သံယောဂဋ္ဌဆက်ပုံ ပြခန်း

"နိရောဓသစ္စာ" ဟူသောနိဗ္ဗာန်၏ ဝဋ်သုံးပါးတို့နှင့် (ကင်းဆိတ်ခြင်း) ဟူသော "ဝိဝေကဋ္ဌ" အနက်သဘောရှိပုံကို၊ ဉာဏ်ဖြင့် ရှုမြော်မြင်သိသဖြင့်။ ။(ဤသည်ကား-ပမာဏဋ္ဌ)။

ဤသမုဒယ သစ္စာဟူသော လောဘ, ၏ ဝဋ်သုံးပါးတို့နှင့် ယှဉ်စပ် တတ်သော "သံယောဂဋ္ဌ" အနက်သဘော ရှိပုံသည်၊ အခြင်းအရာအားဖြင့် ထင်ရှား၏။ ။(ဤသည်ကား-အာကာရဋ္ဌ)။

ထို့ကြောင့်—(ဆ) ※ နိရော-ဝိ, နှင့်၊နောက်ရှိ-သ-သံ၊ ဤနှစ်တန်၊ မှတ်ရန် နှိုင်းယှဉ်-ခြင်းရာ (နှစ်-၂) အဆက်=ဟူ၍ဆိုခဲ့ပြီ။

---

## ※(၁၁-သ-တ) (၂)နိယျာနဋ္ဌနှင့်၊ ပလိဗောဓဋ္ဌ ဆက်ပုံ ပြခန်း

"မဂ္ဂ သစ္စာ" ဟူသော မဂ်၏၊ ဝဋ်သုံးပါးတို့မှ၊ (ထုတ်ဆောင်ကြောင်း) ဖြစ်သော "နိယျာနဋ္ဌ" အနက်သဘောရှိပုံကို၊ ဉာဏ်ဖြင့် ရှုမြော် မြင်သိသဖြင့်။ ။(ဤသည်ကား-ပမာဏဋ္ဌ)။

ဤသမုဒယသစ္စာ- ဟူသော လောဘ၏၊ ဝဋ်သုံးပါးတို့မှ၊ မထုတ်ဆောင်နိုင်အောင် (မထွက်မြောက်နိုင်အောင်) ပိတ်ပင်, ကန့်ကွက်, နှောင့်ရှက်, တားဆီးခြင်း ဟူသော "ပလိဗောဓဋ္ဌ" အနက်သဘော

ရှိပုံသည်၊ အခြင်းအရာအားဖြင့် ထင်ရှား၏။ ။(ဤသည်ကား- အာကာရဌ)။

ထို့ကြောင့်-(၈) ※ မဂ္ဂ-နိယျာ၊ သ-မှာ-ပလိ၊ စပ်ယှဉ်ဘိ၊ မှတ်သိ နှိုင်းယှဉ်–ခြင်းရာ (သုံး-၃)အဆက်=ဟူ၍ ဆိုခဲ့ပြီ။

ဤသို့ အကျယ်ပြခဲ့ပြီးဖြစ်သော စကားအစဉ်ကို၊ အကျဉ်းချုပ်လက်ာဖြင့် နိဂုမ်းအုပ် ပြဆိုအံ့။

(ဈ) ပါဠိအနက်၊ လေးချက်မှတ်သား၊ ဤသို့အားဖြင့်※တပါးမူလ၊ နောက်မှခြင်းရာ∵သုံးနက်လာ၏၊ တဖြာနှိုင်းယှဉ်+သုံးနက်ပင်တည်း၊ ထိုပြင်ဖြစ်ဘက်၊ နှိုင်းယှဉ်ချက်နှင့်၊ ပေါ်ထွက်ခြင်းရာ၊ တွဲဆက်လာသည်။ ။မိန့်မှာအဋ္ဌကထာနည်းတည်း=ဟူ၍ ဆိုခဲ့ပြီ။

---

## (၁၁-သ-၈) (၂) သမုဒယသစ္စာ၏ အနက်လေးပါး အဓိပ္ပါယ်ပြ ဇယားပုံစံ

| | |
|---|---|
| ※ မူလအနက်-၁<br>၁-အာယူဟနဋ္ဌ၊<br>အားထုတ်ခြင်း။ | ※အာကာရဋ္ဌ၊ အခြင်းအရာပြအနက်-၃<br>၁-နိဒါနဋ္ဌ၊အကြောင်းရင်းဖြစ်ခြင်း။<br>၂-သံယောဂဋ္ဌ၊ယှဉ်ခြင်း။<br>၃-ပလိဗောဓဋ္ဌ၊ တားဆီးခြင်း။ |
| (က)<br>※ပမာဏဋ္ဌ၊နှိုင်းယှဉ်ပြ၊<br>အနက်၃-ပါးနှင့် | (ခ)<br>※အာကာရဋ္ဌ၊အခြင်းအရာပြ။<br>အနက်၃-ပါးဆက်ပုံ။ |
| ၁-ပီဠနဋ္ဌ၊ နှိပ်စက်ခြင်း။<br>၂-ဝိဝေကဋ္ဌ၊ ကင်းဆိတ်ခြင်း။<br>၃-နိယျာနဋ္ဌ၊ထုတ်ဆောင်ခြင်း။ | ၁-နိဒါနဋ္ဌ၊ ,, ။<br>၂-သံယောဂဋ္ဌ၊ ,, ။<br>၃-ပလိဗောဓဋ္ဌ ,, ။ |

(က) ဤပမာဏဋ္ဌ အနက်သုံးပါးကို၊ ကျန်=သစ္စာ ၃-ပါးမှ ထုတ်ယူပြ၏။ ဆိုပြီးလက်ာအရေကျက်၍ဆင်ခြင်လျှင် သဘောကိုသိမြင်နားလည်ရာ၏။

ဤသည်လျှင်
သမုဒယသစ္စာ၏ အနက်လေးပါးအဓိပ္ပါယ်အကျယ်ပြ၊
ဇယားပုံစံနှင့်တကွ ပြခဏ်းပြီး၏။

## (၁၁-သ-ရ) (၂) သမုဒယသစ္စာပြ ပါဠိတော်ရင်း၏ အဓိပ္ပါယ်ပြခက်း

(က) ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခ-သမုဒယံ။

(ခ) **အရိယသစ္စံ**=ဟူ၍ ဟောတော်မူအပ်သော စကားဝါကျ၌-

(က) ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခ-သမုဒယံ=ဟူသည်ကား၊အဘယ် သို့ဆိုလိုပါသနည်း။

မြန်မာဘာသာပြန် အဓိပ္ပါယ်

(က) အို-ပဥ္စ ဝဂ္ဂီ ရဟန်းတို့။ ။ဤရူပ, သဒ္ဒ၊ စသည် များစွာ၊ ငါးဖြာအာရုံ၊ကာမဂုဏ်တို့၌၊ ခုံမင်စွဲးလမ်းခြင်း၊ တပ်နှစ်သက်ခြင်း, သဘောရှိသော လောဘစေတသိက်သည် (တဏှာသည်) (ရာဂသည်) ဟူ၍လည်းဆို။ ဒုက္ခ=နှိပ်စက်ပြုပြင်၊ ထို့ပြင်ပူပန်၊ ဖောက်ပြန်ပျက် ပြား၊ လေးပါးသောအနက်ရှိသော ဒုက္ခ– ဟူသော ရုပ်– နာမ်တရား နှစ်ပါး၏ (သမုဒယ) ဘဝအသစ်၌ ဖြစ်ပွါးပေါ်လာဘို့ရာ အကြောင်း ရင်း(မူလ)အခြေခံတရားမည်၏။ ။ (ဒုက္ခသမုဒယ) ဒုက္ခ- ဟူသော ရုပ်–နာမ်တရား နှစ်ပါး၏ ဖြစ်ပွါးပေါ်လာ ဘို့ရာ အကြောင်းရင်း ကေန်စင်စစ် မှန်သောမူလအခြေခံတရားမည်၏။

အဘယ်သို့လျှင်(ဒုက္ခ-သမုဒယ)ဒုက္ခ-ဟူသော ရုပ်, နာမ်, တရား နှစ်ပါး၏ ဖြစ်ပွါးပေါ် လာဘို့ရာ အကြောင်းရင်း ကေန် စင်စစ် မှန်သော မူလအခြေခံတရားမည်သနည်း။

(၁) အာယူဟနဋ္ဌ၊ အားထုတ်ခြင်း,ဟူသော အနက်သဘော။
(၂) နိဒါနဋ္ဌ၊ အကြောင်းရင်း ဖြစ်ခြင်း, ဟူသော အနက် သဘော။
(၃) သံယောဂဋ္ဌ၊ ယှဉ်စပ်ခြင်း,ဟူသော အနက်သဘော။
(၄) ပလိဗောဓဋ္ဌ၊ ပိတ်ပင်, တားဆီးခြင်း, ဟူသော အနက် သဘော။

ဤသို့ပြဆိုအပ်ပြီးဖြစ်သော လေးပါးသော အနက်သဘောတို့ဖြင့် (လောဘ) စေတသိက်သည် (ဒုက္ခ-သမုဒယ) ရုပ်, နာမ်, အသစ်

ဖြစ်ပေါ်လာခြင်း အစရှိသော ဆင်းရဲပင်ပန်း မချမ်းသာခြင်း (ဒုက္ခ) ၏အကြောင်းရင်းကေန် စင်စစ်မှန်သောမူလအခြေခံတရားမည်၏။

ဆိုဥုံးအံ-ဤသို့ ဖွဲ့းလမ်းငြင်း, နှစ်သက်ခြင်း, သဘောရှိသော (လောဘ)စေတသိက်ဟူသောအကြောင်းရင်း(မူလ) အခြေခံတရားကြောင့်၊(လောဘ)စေတသိက်ဟူသော ဟေတုပစ္စည်းကြောင့် ဟူ၍လည်းဆို။

သတ္တဝါအနန္တတို့သည်၊တဘဝမှသည်+တဘဝသို့ငင်း၊တဘုံမှသည်+တဘုံသို့ငင်း၊စုန်ကာ+ဆန်ကာဖြင့် အောက်အထက် တပြောင်းပြန်ပြန် ဖြစ်၍+ဖြစ်၍ ပျက်၍+ပျက်၍ ကိုယ်၌မှီ၍ဖြစ်သော ကာယိကဒုက္ခ အမျိုးမျိုး၊ စိတ်ကိုမှီ၍ဖြစ်သော စေတသိက ဒုက္ခအမျိုးမျိုးတို့ကို တွေ့ကြုံခံစားကြရကုန်၏။

ဒုက္ခသစ္စာအားလုံး၌ ပြဓာန်းအပ်ဆုံးဖြစ်သော "ဇာတိဒုက္ခ" အစရှိသော ဒုက္ခဟူသမျှသည်၊ ဤသမုဒယခေါ်သော (တဏှာ-လောဘ) ကြောင့်သာ ဖြစ်ပေါ်လာကြရကုန်၏။ ။ထိုမှတပါး-ဤလောဘတရား ရှေ့သွား ခေါင်းဆောင်မှုကြောင့် နောက်တခန် မသိခြင်း, ဟူသော "အဝိဇ္ဇာ"မှောင်ကျရောက်ခြင်းဖြစ်ပြန်၏။ ။ထို့ကြောင့်(လောဘ) စေတသိက်ကို (ဒုက္ခ-သမုဒယ) ဆင်းရဲ ဖြစ်ကြောင်း တရား=ဟူ၍ ဟောတော်မူ၏။

အင်္ဂုတ္တရ ပါဠိတော်၊ တိက နိပါတ်၊ သမ္မောဓ ဝဂ်၌ (လောဘ)၏ အကြောင်း၊ ဤသို့ဟောတော်မူ၏။

၁။ လောဘသည် ဝဋ်သုံးပါးသို့ ရောက်ကြောင်းဖြစ်သော "ကံ" ၏ ဖြစ်ပေါ်လာခြင်း၏ အကြောင်းရင်းမည်၏။

ဆို-ချစ်သား ရဟန်းတို့။ ။လောဘ,သာလျှင် အကြောင်းရင်းဖြစ်သော၊ လောဘ,သာလျှင် ဆောင်နှင်းပေးအပ်သကဲ့သို့ ဖြစ်သော အကြောင်းရှိသော၊ လောဘ,သည် ပြုအပ်သော၊ လောဘ, ရှိသောသူသည် ပြုအပ်သော၊အကြင်"ကံ"သည်ရှိ၏။

ထိုလောဘ, ရှိသော သူသည် ပြုအပ်သော "ကံ" သည်၊ပြုဆဲး ဖြစ်သော ခဏ၌ပင်၊ အကုသိုလ်"ကံ"မည်၏။ ။ထိုအကုသိုလ်"ကံ"

သည် ပြုပြီးနောက်၊ ဖြစ်ပြီးနောက်၊ ရောက်လေရာရာ၊ ဖြစ်လေရာရာ ဘုံဘဝတို့၌ အပြစ်ရှိ၏။ ။မကောင်းသော အကျိုးကို ရတတ်၏၊ ထိုအကုသိုလ်''ကံ''သည်၊ ဝဋ်သုံးပါးတို့တွင် တပါးပါးသောဝဋ်သို့ ရောက်ကြောင်းဖြစ်သော ''ကံ''၏ နောက်ထပ်တဖန် ဖြစ်ခြင်းငှါ ဖြစ်၏။ ။ထိုအကုသိုလ်''ကံ''သည်၊ ဝဋ်သုံးပါးသို့ ရောက်ကြောင်း ဖြစ်သော''ကံ''အဆက်ဆက်၏ ပျက်ကွက်ချုပ်ငြိမ်းခြင်းငှါမဖြစ်ဟူ၏။

**မှတ်ချက်**···(ဒေါသ,မောဟ)နှစ်ပါးတို့၌လည်း ဤသို့ပင်ဟောတော်မူ၏။ ။ဤအရာ၌ (လောဘ)နှင့် ယှဉ်သော ''ကံ'' သည်၊ဤသို့ဖြစ်၍ ဤသို့အပြစ်ရခဲ့လျှင်၊ထိုလောဘနှင့် ဆန့်ကျင်ဘက် ဖြစ်သော အလောဘ, နှင့် ယှဉ်သော ''ကံ''၏ ဖြစ်ပုံ၊ အကျိုးရပုံ တို့ကိုလည်း နှိုင်းဆဆင်ခြင်၊ သိမြင်ကြရာ၏။ ။ထိုမှတပါးတုံ ဆိုဦးအံ့—

''လုဒ္ဓေါ, အတ္ထံ,န ဇာနာတိ၊
လုဒ္ဓေါ, ဓမ္မံ, န ပဿတိ။
အန္ဓတမံ, တဒါ, ဟောတိ၊
ယံ လောဘော,သဟတေ,နရံ။''

(ဇာတိပုဒ်··တိကနိပါတ် စတုတ္ထဝဂ်)

မြန်မာဘာသာပြန်အဓိပ္ပါယ်

၁။ **တစ်နှစ်သက်တတ်သောသူသည်**···ကောင်းကျိုး, ဆိုးကျိုး၊ အကျိုးနှစ်တန်ကို၊ ဝေဘန် ပိုင်းခြား၍ မသိတတ်ပေ။

၂။ **တစ်နှစ်သက်တတ်သောသူသည်**···ကောင်းကြောင်း, ဆိုးကြောင်း၊ အကြောင်းနှစ်ပါးကို ပိုင်းခြား ဝေဘန်၍ အမှန်ပင် မမြင်တတ်ပေ။

၃။ **အကြင်အချိန်အခါ၌**····လောဘသည် အကြင်သူကို၊ ပူးဝင်ကပ်ရောက် နှိပ်စက်၏။ ။(လောဘ-ပြခန်းရှေ့သွားသော စိတ်သည်ဖြစ်၏။)

၄။ **ထိုအချိန်အခါ၌**…ထိုသူသည် မျက်စိ နှစ်ဘက် စုံလုံးပျက်၍
အခက်အခဲနှင့် တွေ့ကြုံရသော သူကဲ့သို့၊
အကန်းအတိသည်ဖြစ်၏ဟူ၍ဟောတော်မူ၏။

**မှတ်ချက်။** ။ဒေါသ, မောဟ-တရားနှစ်ပါးတို့ ဖြစ်ရာ၌လည်း၊ ဤသို့ပင် ဟောတော်မူ၏။

**ဆိုဥုံးအံ့**…ကပ္ပါပျက်ပုံ ပြဆိုရာ၌ သတ္တဝါတို့၏ သန္တာန်၌—

(၁)+လောဘ-စိတ္တုပ္ပါဒ်အားကြီးသဖြင့်၊ ကပ္ပါပျက်ရာ၌၊ ကာမ တဆဲ့တဘုံနှင့်တကွ၊ဖြဟ္မာပြည်နယ်၊ပဌမဈာန် သုံးဘုံသည်မီးလောင်၍၊ ပျက်စီးကြ၏။

(၂)+ဤနည်းအတူ၊ ဒေါသ-စိတ္တုပ္ပါဒ် အားကြီးသဖြင့်၊ ကပ္ပါ ပျက်ရာ၌၊ ဒုတိယဈာန် သုံးဘုံသည် ရေကြီး၍ ပျက်စီးကြ၏။

(၃)+ဤနည်းအတူ၊ မောဟ-စိတ္တုပ္ပါဒ် အားကြီးသဖြင့်၊ ကပ္ပါ ပျက်ရာ၌ တတိယဈာန် သုံးဘုံသည် လေတိုက်၍ ပျက်စီးကြ၏။

ဤအဓိပ္ပါယ်ကိုရည်၍(ကိုးခဏ်း)ပျို့၌။ ။[အာပေါ်-ကပ္ပါ၊ ပျက်ပြုန်းခါဝယ်၊ ရူပါဝစရ၊ သောဠသ—တွင်၊ သုဘကိဏှ, အောက်၊ ဘုံ-တလျှောက်ကို၊ လင်းပျောက်နိုင်အောင်၊ပြည့်လျှမ်း ဆောင်သည်၊ရေတောင်မောက်ဖြိုး၊ရွာသည့်မိုဃ်းထက်၊*ထမ်းပိုး *လှန်ကန်၊ အပြန်ပြန်တည့်၊ သည်းထန်လှစွာ၊ ကိလေသာ—ဟု၊ မဟာ-မေဃ၊ ဖြိုးဖြိုးကျ-ချက်၊….]ဟူ၍ စပ်ဆို၏။

(မှတ်ချက်)(၁) ထမ်းပိုး(၂) လှန်ကန်=ဆိုရာ၌ (၁)ထမ်း ပိုး=ဟူသည်(ပေါ်သည်+လေးသည်)(နည်းသည်+များသည်) ကို၊ နှိုင်းဆသည်, ချိန်ဆသည်, ဆိုသကဲ့သို့၊ အဆ ဟူ၍ ဆို၏။ ။ (၂) လှန်ကန်=ဟူသည် (ပွါးများသည်) (မျှားပြားသည်)ကို ဆိုသကဲ့သို့၊ အပွါးအတိုး=ဟူ၍ဆို၏။

**အဖြောင့်အဓိပ္ပါယ်သည်ကား**…သတ္တဝါတို့၏ သန္တာန်၌ လောဘ,
ဒေါသ, မောဟ, အစရှိသော ကိလေ-
သာ ဆယ်ပါး အယုတ်တရား တည်းဟူသော မိုဃ်းကြီးသည်၊ သည်း ထန်စွာ ရွာသွန်းလျက် ရှိပုံမှာ ပကတိ, သော ရေတောင်မောက်ဖြိုး၊

ရှာသည့်မိုယ်းရေထက်ပင်၊ အပြန်ပြန်+အဆဆ+ပွါးတိုးသည်၊ များပြားသည်ဟု-ဆိုလို၏။

{ ထို့ပြင်၊(လောကသာရ)ပျို့၌။ ။[အပွါးအရင်း၊လ—တွင်း တက်တိုး၊ ထမ်းပိုးနှစ်လည်၊....] ဟူ၍ စပ်ဆိုသေး၏။

ဤတွင် (သမုဒယသစ္စာ) နှင့် စပ်၍ဆိုသော စကားတရပ် ပြီး၏။

---

ဤသို့ ပြဆိုအပ်ပြီးဖြစ်သော (၁)+ရုပ်နာမ်တရားနှစ်ပါး၏ ဖြစ်ပွါးပေါ်လာရန် အကြောင်းရင်းဖြစ်ခြင်း။ ။(၂)+ဝဋ်သုံးပါး၌ အမြဲယှဉ်စေခြင်း။ ။(၃)+ဝဋ်သုံးပါးမှ၊မထွက်မြောက်စေခြင်းငှါ၊ တားဆီးခြင်း, ပိတ်ပင်ခြင်း, နှောင့်ရှက်ခြင်း ဟူသော သုံးပါးသော အနက်သဘောတို့သည် (လောဘ) တရား၌ အမြဲအစွဲး၊ ခွဲး၍ ခွါ၍မရ စကောင်းသော သဘောရင်း, လက္ခဏာ တို့ဖြစ်၍ ထိုသို့ဖြစ်ပေါ်၍ နေခြင်းကိုပင် (လောဘ) သည် "အာယူဟနဋ္ဌ" ရုပ်-နာမ်, အသစ်၊ ဖြစ်ပွါးပေါ်လာရန်၊အားထုတ်ခြင်း, သဘောရှိ၏။ ။(ဒုက္ခ-သမုဒယ) ရုပ်-နာမ်အသစ်၊ ဖြစ်ပွါးပေါ်လာစေရန်၊ အကြောင်းရင်းဖြစ်၏-ဟူ၍ ဆို၏၊ ထိုသုံးပါးသော အနက်သဘောကို ချန်လှပ်၍ "အာယူဟနဋ္ဌ" အနက်သဘော၊ (ဒုက္ခ-သမုဒယ) အနက်သဘောဟူ၍၊ သီးခြားမရှိဖြစ်၏။

**တနည်းပြဆိုဦးအံ့**·· သမုဒယသစ္စာ၏ အနက်လေးပါးတို့တွင်—

(၁) နိဒါနဋ္ဌ၊ ရုပ်နာမ်,တရား၊ ဖြစ်ပွါးစေရန် အကြောင်းရင်း ဟူသော အနက်သဘော။

(၂) သံယောဂဋ္ဌ၊ ဒုက္ခဝဋ္ဋ၊ အစုစုတို့နှင့်၊ အမြဲးယှဉ်ခြင်း, ဟူသောအနက်သဘော။

(၃) ပလိဗောဓဋ္ဌ၊ ဒုက္ခဝဋ္ဋ၊ ဒုက္ခမှုတို့မှ၊ မလွတ်မြောက်ရအောင်၊ တားဆီး နှောင့်ရှက်ခြင်း, ဟူသော အနက်သဘော။

ဤသုံးပါးသော အနက်သဘောတို့သည်။ ။(၄) "အာယူဟနဋ္ဌ" ဟူသော မူလအနက် သဘောကို၊ ပေါ်လွင်ထင်ရှားအောင်၊ ထောက်ခံသော (လောဘ) ၏ လက္ခဏာအခြင်းအရာပြ စကားတို့သာဖြစ်ကုန်၏။

**စင်စစ်မူကား**…[**အာယူဟနန္တိ–သင်္ခါရာနံ** အတ္တဘာယ ပယောဂ-ကရဏံ]ဆိုသည်နှင့်အညီ၊ကုသိုလ်ကံ၊ အကုသိုလ်ကံ, ဟူသော သင်္ခါရတရားတို့ ဖြစ်ပွါးစေဘို့အတွက် (ကံ) ၏အပေါ်၌၊ အာရမ္မဏာပစ္စည်း၊ သမ္ပယုတ္တပစ္စည်း စသည်တို့၏ သဘောဖြင့်၊ လွှမ်းမိုး၍ စွဲလမ်းချက်အနေဖြင့် အားထုတ်သောလောဘသည်သာလျှင်၊(ဒုက္ခ-သမုဒယ) ရုပ် နာမ်ဟူသော ဒုက္ခ၏ဖြစ်ကြောင်းကေန် စင်စစ်မှန်သော အကြောင်းတရားမည်၏=ဟူလို။ ဤနေရာ၌ နောက်၌ပြဆိုအပ်ခဲ့ပြီး ဖြစ်သော သမုဒယသစ္စာ၏အနက်လေးပါးတို့တွင်–

(၁) အာယူဟန ၊ အားထုတ်ခြင်းဟူသောအနက်၏ (မူလ) အနက်ဖြစ်ပုံကိုရှင်း။

(၂) နိဒါနဋ္ဌ၊ အကြောင်းရင်းဖြစ်ခြင်း။

(၃) သံယောဂဋ္ဌ၊ ဝဋ်သုံးပါးနှင့်အမြဲယှဉ်ခြင်း။

(၄) ပလိဗောဓဋ္ဌ၊ နှောင့်ရှက်, တားဆီး,ပိတ်ပင်ခြင်း။

ဟူသော အနက်သုံးပါးတို့၏ (အာကာရဋ္ဌ) အခြင်းအရာပြ၊ အနက်ဖြစ်ပုံကိုရှင်း။ ။ထိုပြင်၊ ကျန်သစ္စာသုံးပါးမှ၊ (ပမာဏဋ္ဌ) နှိုင်းယှဉ်ပြ အနက်သုံးပါးဖြစ်ပုံကိုရှင်း၊ ပြန်လည်၍နှလုံးသွင်းမှု၊(လောဘ) ၏ "သမုဒယသစ္စာ"၏ အဖြစ်သည် ထင်ရှားလေတော့၏။

ဤသည်လျှင်-
(က) ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ-
ဟူသောစကား၏ မကျဉ်းမကျယ်
အဓိပ္ပါယ်ပြခန်းပြီး၏။

---

(၁၁-သ-ဈ) ဤမှတပါး(**ခ**)**အရိယ-သစ္စံ**–ဟူသည်ကား၊ အဘယ်သို့ဆိုပုံပါသနည်း။

မြန်မာဘာသာပြန် အဓိပ္ပါယ်

(၁၁-သ-ဈ-(ခ)ဒို–ပဋ္ဌဝဂ္ဂိ ရဟန်းတို့။ ဤလောဘစေတသိက်သည်(တဏှာသည်)(ရာဂသည်)ဟူ၍လည်းဆို၏။

(၁) အာယူဟနဋ္ဌ၊ အားထုတ်ခြင်း, ဟူသော အနက်သဘော ဖြင့်ရင်း။
(၂) နိဒါနဋ္ဌ ၊ အကြောင်းရင်းဖြစ်ခြင်း, ဟူသောအနက် သဘောဖြင့်ရင်း။
(၃) သံယောဂဋ္ဌ၊ ယှဉ်စပ်ခြင်း, ဟူသော အနက်သဘော ဖြင့်ရင်း။
(၄) ပလိဗောဓဋ္ဌ၊ နှောင့် ရှက်, တားဆီး, ပိတ်ပင်ခြင်း, ဟူသော အနက်သဘောဖြင့်ရင်း။ ။

(ဒုက္ခ-သမုဒယ) ဆင်းရဲခြင်း၏ အကြောင်းရင်းကေန်စင်စစ် မှန်သောမူလအခြေခံတရားမည်၏ဟု ဆိုသောစကားသည်၊အဘယ်ပုဂ္ဂိုလ်, အဘယ်ဆရာတို့သည် ပြောဆိုဟောကြားအပ်သော စကားဖြစ်၍ ထိုစကားကို အဘယ်သို့လျှင် (သုဏန္တ) ကြားနာသော ပုဂ္ဂိုလ်တို့အား၊ ဟုတ်မှန်ပေ၏ဟု စိတ်ချလွှဲပုံ၊ယုံကြည်သောစိတ်ကို ဖြစ်စေနိုင်အံ့နည်း။

ဤသူ၊ ဤသူတို့သည် ပြောဆို ဟောကြားသော (ဝဒန္တ) ပုဂ္ဂိုလ်ပေတည်းဟု ပြောဆိုဟောကြားသော (ဝဒန္တ) ပုဂ္ဂိုလ်တို့ကို ညွှန်ကြား,ပြသကောင်းသည်မဟုတ်ပါတကားဟု(စောဒနာ)ပြုရန်၊ စကားရှိသောကြောင့် ထိုစကားကိုဖြေကြားခြင်းငှါ၊ ဤ**အရိယ–သစ္စ**–ဟူသော အဖြေတရားကို ဟောကြားတော်မူ၏။

ဤညွှန်ပြချက် စကားအရဖြင့်၊ ဤလောဘစေတသိက်၏(ဒုက္ခ-သမုဒယ) ဆင်းရဲခြင်း၏ အကြောင်းရင်းကေန်၊ စင်စစ်မှန်သော မူလအခြေခံတရားမည်၏=ဟူသောအဖြစ်ကို ပြောဆိုဟောကြား သော (ဝဒန္တ)ပုဂ္ဂိုလ်ဆရာသည်ကား၊ လူ နတ် ဗြဟ္မာ သတ္တဝါ သာမာန်တို့၏ အသိဉာဏ်ဖြင့် ကြံဖန်တွေးတော၍ ပြောဆို ဟောကြား အပ်သော စကားမဟုတ်ချေ။

သောတာပန် ပုဂ္ဂိုလ်၏ အဖြစ်အစရှိသော အရိယာဘော်၊ ပြင့်မြတ်သောဂုဏ်ကျူးဖြင့်၊ ရှိုးကျူးအားပေး၍၊ လေးစားယုံကြည်မှုခြင်းကို ခံယူရရှိသော အရိယာပုဂ္ဂိုလ်၏အဖြစ်ကို ညွှန်ကြား၏။

(ခ) အရိယသစ္စ....အရိယာ ပုဂ္ဂိုလ်တို့၏ ဉာဏ် အမြင်ဖြင့် သိအပ်,
မြင်အပ်သော အမှန်တရားပင်တည်း။
ထိုတရားသည် ဤနေရာ၌ (လောဘ) စေတသိက်
ပင်ဖြစ်၏။

တနည်းအားဖြင့်ပြဉ်းအံ့...(ခ) အရိယသစ္စ။ ။အရိယာ ပုဂ္ဂိုလ်တို့၏ ဉာဏ်အမြင်ဖြင့် သိအပ်,မြင်အပ်သော အမှန်တရားဟုသည်ကား= ပရမတ္ထသဘောအလို တရားကိုယ်အားဖြင့် အဘယ်တရားတို့ဖြစ်၍ အဘယ်သို့ မှန်ကန်သနည်းဟု (အမေးပုစ္ဆာ)စကားဆိုရန် ရှိပြန်ရာသောကြောင့်၊ ထိုစကားကို ဖြေကြားခြင်းငှါ

(က) ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ=ဟူသော အဖြေတရား ဟောကြားတော်မူရပြန်၏။ ။ပရမတ္ထသဘော အလိုတရားကိုယ်အားဖြင့် ဤလောဘ,သည်၊ (တဏှာသည်) (ရာဂသည်) (၁) အာယူဟနဋ္ဌ-အားထုတ်ခြင်းသဘောရှိ၏။

အဘယ်သို့ အားထုတ်သနည်း=ဟူသော အမေးစကား ရှိပြန်ရာသောကြောင့်၊ ထိုအားထုတ်ပြုလုပ်ပုံ အခြင်းအရာပြ၊ တရားစကားသည်ကား၊ အဘယ်သို့ပင်တည်းဟု ဖြေဆို၏။

(၂) နိဒါနဋ္ဌ၊အကြောင်းရင်းဖြစ်ခြင်းအနက်သဘောရှိ၏။
(၃) သံယောဂဋ္ဌ၊ ယှဉ်စပ်ခြင်းအနက်သဘောရှိ၏။
(၄) ပလိဗောဓဋ္ဌ၊တားမြစ်နှောင့်ယှက်ခြင်းအနက်သဘောရှိ၏။
(လောဘ၊ တပ်နှစ်သက်ခြင်းတရားပင်တည်း။)
ထိုတရား၏ အဓိပ္ပါယ်သည်ကား ဤသို့ပင်တည်း။

(က) အို-ပဉ္စဝဂ္ဂီ ရဟန်းတို့။ ။ပရမတ္ထသဘောအလို တရားကိုယ်အားဖြင့် သမုဒယသစ္စာဟူသော ဤလောဘတရားသည်—

(၁) အာယူဟနဋ္ဌ၊အားထုတ်ခြင်းဟူသော အနက်သဘောရှိ၏။

ထို့နောက် အဘယ်သို့လျှင် (အားထုတ်ခြင်း) ဖြစ်သနည်းဟူသော (အမေးပုစ္ဆာ) စကား ရှိပြန်ရာသောကြောင့်၊ ထိုအားထုတ်ခြင်းဖြစ်ပုံ အခြင်းအရာပြ တရားစကားသည်ကား၊ ဤသို့ပင်တည်းဟု ဟောကြားပြန်၏။

(၂) နိဒါနဋ္ဌ ၊ အကြောင်းရင်းဖြစ်ခြင်း, ဟူသော အနက်သဘောရှိ၏။
(၃) သံယောဂဋ္ဌ၊ ယှဉ်စပ်ခြင်း, ဟူသော အနက်သဘောရှိ၏။
(၄) ပလိဗောဓဋ္ဌ၊ နှောင့်ရှက်, တားဆီး, ပိတ်ပင်ခြင်း, ဟူသော အနက်သဘောရှိ၏။

(လောဘ၊ တပ်နှစ်သက်ခြင်း၏ သတ္တိပင်တည်း၊) ဤသို့သောသဘောဖြင့်(ဒုက္ခ-သမုဒယ)မည်၏။

ထို့ကြောင့် (က)**ဋ္ဌာနံ ခေါ ပန ဘိက္ခဝေ ဒုက္ခ သမုဒယံ**–ဟူသော စကားနှင့် (ခ)**အရိယသစ္စံ**–ဟူသော စကားနှစ်ရပ်ကို၊ ပေါင်းစပ်၍ ရအပ်သော အကျဉ်းချုပ်အဓိပ္ပါယ်သည်ကား၊ ဤသို့ပင်တည်း။

(က) အို-ပဉ္စဝဂ္ဂီရဟန်းတို့။ ။ဤလောဘတရားသည်–

(၁) အာယူဟနဋ္ဌ၊ အားထုတ်ခြင်း, ဟူသောအနက်သဘောရှိ၏။
(၂) နိဒါနဋ္ဌ ၊ အကြောင်းရင်းဖြစ်ခြင်း, ဟူသောအနက်သဘောရှိ၏။
(၃) သံယောဂဋ္ဌ ၊ ယှဉ်စပ်ခြင်း,ဟူသောအနက်သဘောရှိ၏။
(၄) ပလိဗောဓဋ္ဌ၊ နှောင့်ရှက်, တားဆီး, ပိတ်ပင်ခြင်း, ဟူသော အနက်သဘောရှိ၏။

ဤသို့လေးပါးသော အနက်သဘောရှိသည်ဖြစ်၍ (ဒုက္ခ-သမုဒယ) ဆင်းရဲဖြစ်ကြောင်းကေန်၊ စင်စစ်မှန်သော အခြေခံတရားမည်၏။

(ခ) အရိယာ ပုဂ္ဂိုလ်တို့၏ ဉာဏ်အမြင်ဖြင့် ရှုဆင်ခြင်သော အခါ၌၊ ဤလောဘတရားသည် (အာ၊နိ၊သံ၊ပ၊) ဟူသော လေးပါးသော

အနက်သဘောရှိ၍ (ဒုက္ခ-သမုဒယ) ဆင်းရဲဖြစ်ကြောင်း ကေန်၊ စင်စစ်မှန်သော (အရိယ-သစ္စာ) ၏ အဖြစ်ဖြင့် သိအပ်, မြင်အပ်သော အမှန်တရားပေတည်း။

ဤတွင်ရှေ့ကား—

(က) ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ၊ (ခ) အရိယသစ္စံ-ဟူ၍ဟော တော်မူအပ်သော သမုဒယ သစ္စာပြ ပါဠိတော်ရင်း၏ မကျဉ်းမကျယ် သိလွယ် မှတ်လွယ်ရှိသော မူလအခြေခံ အဓိပ္ပါယ်ပြီး၏။

---

## (၁၁-သ-ဈ) (၂) သမုဒယသစ္စာ-ပြခဏ်း၌ တဏှာ အခြင်းအရာ ၃-မျိုးနှင့်၊ တဏှာ ၃-မျိုးခွဲဝေခဏ်း

ဤယခုအခါ၌ သမုဒယသစ္စာ ဟူသော လောဘ၏ (တဏှာ၏) (ရာဂ၏)ဟူ၍လည်းသို၊)ခန္ဓာငါးပါး ရုပ် နာမ်တရား ဟူသောဒုက္ခ သစ္စာကိုဖြစ်စေပုံနည်းအခြင်းအရာနှင့်တကွ လိုလောဘ,၏(တဏှာ၏) (ရာဂ၏) အပြားကိုပြလို၍ အောက်၌ပါသော ဒေသနာအစဉ်ကို၊ သင်္ဂါယနာ တင်တော်မူကြကုန်၏။

(၁၁-သ-ဈ) (၂) ယာယံ တဏှာ, ၁—ပေါနောဗ္ဘဝိကာ၊ ၂—နန္ဒီရာဂ သဟဂတာ၊ ၃—တတြ-တတြာဘိနန္ဒိနီ၊ သေယျထိဒံ။ ၁—ကာမတဏှာ၊ ၂—ဘဝတဏှာ၊ ၃-ဝိဘဝတဏှာ။ ဟူ၏။

ဤအရာ၌ (၁) "ပေါနော-ဗ္ဘဝိကာ" အစရှိသော သုံးပုဒ်တို့၏ သဒ္ဒါနည်းနှင့် တကွသော အဓိပ္ပါယ်ကို အစဉ်အတိုင်းပြပေအံ့။

(၁) ပေါနော-ဗ္ဘဝိကာ…ဆို သည် ကား၊ ပုန- ဗ္ဘဝ- ကရဏံ၊ "ပေါနော-ဗ္ဘဝေါ" ဟူသည်နှင့် အညီ၊ တ န် ဘဝအသစ်ကို ပြုခြင်းသည်"ပုနော-ဗ္ဘဝ"မည်၏။ ။ဤစကား အရဖြင့်၊ (ပုနဗ္ဘဝသဃကရဏံ၊ ပုနောဗ္ဘ-ဝေါ)ဟု "ကရဏ" ဟူသော နောက်ပုဒ် ကြေသော ဆဋ္ဌီတပ္ပုရိသ် သမာသ်အပြုကို ညွှန်ပြ၏။ ။ ဤသို့ ညွှန်ပြ င်းကြောင့် (တေသမော လောပေ) သုတ်ဖြင့် (န)၏ အစိတ် ဖြစ်သော(အ) ကို(ေ ါ—)ပြု၍ မနောသဖွဿဇာပုဒ်ကဲ့သို

"ပုနော-ဗ္ဘ ဝေါ"ဟု ပုဒ်ဖြစ်၏။ ။ပုနော-ဗ္ဘဝေါ၊ တဖန်ဘဝ အသစ်ကို ပြုတတ်သောတရား-ဟူ၍ အနက်ဆို။ ။ထိုတရားသည်၊ဤ အရာ၌ "လောဘ" စေတသိက်အရ ကောက်ယူရာ၏။

**တနည်းပြဉ်းအံ့**..."ပုနော ဘဝံ ဒေတီတိ ပေါနော-ဗ္ဘဝိကာ" ဟူ သည်နှင့် အညီ၊ အကြင်တဏှာသည် ကုသိုလ်, အကုသိုလ် စေတနာနှင့် တကွဖြစ်၍ တဘန် ဘဝအသစ်ကို ပေးတတ် ၏၊ ထိုတဏှာသည်"ပေါနော-ဗ္ဘဝိကာ" မည်၏။ ဤ"ဒေတိ"ဟူသော တဒ္ဓိတ်ဝါကျ အဓိုက်အတွဲ၌ "နာနက္ခဏိက" စေတနာနှင့် သဟ ဇာတ်ဖြစ်၍ ပဋိသန္ဓေ စိတ္တုပ္ပါဒ်အား၊ "နာနက္ခဏိက" ကမ္မပစ္စည်း တပ်သော တဏှာသည် "ပေါနော-ဗ္ဘဝိကာ"မည်၏။ ။ပေါနော-ဗ္ဘ ဝိကာ၊ တဖန်ဘဝအသစ်ကို ပေးတတ်သောတရား။ ။ထိုတရားသည် ဤအရာ၌"လောဘ"စေတသိက်ပင် ဖြစ်၏။

(၂) **နန္ဒိရာဂသဟဂတာ**...ပုဒ်၏ အဓိပ္ပါယ်ကို ပြဉ်းအံ့။

(က) နန္ဒီ—ဆိုသည်ကား။ ။နန္ဒတီတိ နန္ဒီ။ ။အကြင်လောဘသည် အာရုံကို နှစ်သက်တတ်၏။ ထို့ကြောင့် ထိုလောဘသည်၊ 'နန္ဒီ' မည်၏။ ။(လောဘစေတသိက် အရကောက်ရာ၏။)

(ခ) ရာဂ—ဆိုသည်ကား။ ။ရဉ္ဇတီတိ ရာဂေါ။ ။အကြင်လောဘ သည် အာရုံကို တပ်တတ်၏။ ထို့ကြောင့် ထိုလောဘသည်၊ 'ရာဂ'မည်၏။ (လောဘစေတသိက်အရကောက်ရာ၏။)

(ဂ) နန္ဒီ စ, ရာဂေါ၊ နန္ဒီရာဂေါ။ ။ဤနှစ်ပုဒ်-အပေါင်းသည် လည်း၊ လောဘစေတသိက်ပင်ဖြစ်၍ အရတူ၏။

(ဃ) နန္ဒီ ရာဂေန သဟဂတာ၊ နန္ဒီ ရာဂ သဟဂတာ။ ။ဆိုသည့် အတိုင်း၊ အကြင် လောဘသည် အာရုံ၌ အလွန် တပ် နှစ်သက်ခြင်းဟူသော (နန္ဒီ-ရာဂ) သဒ္ဒါသည်၊ ဟောသော အနက်နှင့်တူသော အဖြစ်သို့ ရောက်၏၊ ထိုလောဘသည် "နန္ဒီ-ရာဂ-သဟဂတာ" မည်၏။

''ယောစ နန္ဒိရာဂေါ၊ ယာစ တဏှာ၊ ဥဘယ-မေတံ ကေတ္တံ။ ။ဗျဥ္ဇနမေဝ နာနံ''။ ။ဆိုသည်နှင့် အညီ၊(၁)နန္ဒိ ရာဂ,သဒ္ဒါနှင့် တဏှာ, သဒ္ဒါသည် တပ်နှစ်သက်ခြင်းဟူသော အနက်အားဖြင့် တူ၏။ ။သဒ္ဒါပုဒ်အနေမျှသာ ကွဲးလွဲး၏၊ တရားကိုယ်အားဖြင့် လောဘ, စေတသိက်ပင်တည်း။

(၃) တဏှ တဏှာ-ဘိ-နန္ဒိနီ…ပုဒ်၏ အဓိပ္ပါယ်ကို ပြဥုးအံ့။ (၁) တဏှ၊ (၂) တဏှ၊ (၃) အဘိ-နန္ဒိနီ-ဟု၊ သုံးပုဒ် ခွဲးဝေရာ၏။ ။ (၁) တဏှ၊ (၂) တဏှ-ဟူသော ၂-ပုဒ်၌ (တ) (တ) အက္ခရာ ၂-ပုဒ်သည် သဗ္ဗနာမ်ပုဒ်ဖြစ်၏။ ဏှ၊ ဏှ၊ ၂-ပုဒ်သည် (၌—တို့၌) ဆိုသော သတ္တမီ အနက်ကို ယွန်းပြသော (ဏှ) ပစ္စည်း ဝိဘတ်ဖြစ်၏။ (တ) ပုဒ်နှင့် (ဏှ) ပစ္စည်း ဝိဘတ်ပေါင်းစပ်၍၊ တ=ဏှ၊ တ=ဏှ၊ ဟူ၍ ပုဒ်ဖြစ်သောအခါ၌ ဆိုလျှင်၊ [illegible]းသော (နိယတ) နိယတ်စကား သာလျှင်ရှိ၍၊ မ[illegible]းသော (အနိယတ) အနိယတ်စကား မရှိခဲ့ချေ။ ။ ထို့ကြောင့် [illegible]းသော (နိယတ) နိယတ်ဖြစ်သော (တ) ဟူသော သဗ္ဗနာမ်ပုဒ်၏ ခွဲးဆိုဘွယ်ရာ-အနက်သည်လည်း (မည်သို့ မည်ဝါ) ဟူ၍ မထင်ရှား, မပေါ်လွင်, မသေချာဖြစ်၏။ ။ထိုသို့ ဖြစ်၍ အနိယတ်—နိယတ် ၂-ပါး၊ ထင်ရှား ပြည့်စုံစေခြင်းငှါ၊ ယ-ဏှ၊ ယဏှ၊ အတ္တဘာဝေ=ဟူ၍ အဋ္ဌကထာ၌ ဖွင့်ပြ၏။

တဏှ တဏှာ-ဘိ-နန္ဒိနီ-တိ၊ယ-ဏှ-၊ ယ-ဏှ၊ အတ္တဘာဝေ တ-ဏှ၊ တ-ဏှာ-ဘိ-နန္ဒိနီ။ ။ရူပါဒိသု ဝါ, အာရမ္မဏေသု တဏှ တဏှာဘိနန္ဒိနီ၊ ရူပါဘိနန္ဒိနီ၊ သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ၊ ဓမ္မာ-ဘိ-နန္ဒိနီ-တိ အတ္ထော။ ။ဟူ၏။

ဤအရာ၌ (အဘိနန္ဒိနီ) ပုဒ်သည်သာလျှင်၊ ပြဆိုလိုရင်းပုဒ်ဖြစ်၏။ (ယ-ဏှ၊ယ-ဏှ)(တ-ဏှ၊တ-ဏှ)ဟူသော ပုဒ်တို့၏ခွဲးဆိုရာ၊ကိုယ်ခန္ဓာ အတ္တဘောဟူသော အနက်၊ ရူပါရုံ အစရှိသော အနက်တို့သည် (အဘိနန္ဒိနီ) ပုဒ်၏အရကောက် ဖြစ်သောလောဘ စေတသိက်၏ တပ်နှစ်သက်သောအားဖြင့် ခွဲးလမ်းရာ အာရုံအဖြစ်ကိုသာပြဆို၏။ ။ ဤအရာ၌ အာရုံ စသည်ကို ပြဆိုလိုရင်း မဟုတ်ချေ။ ။အာရမ္မဏိက,

ဖြစ်သော လောဘ,စေတသိက်ကိုသာ ပြဆိုလိုရင်းဖြစ်၏။ ။ထို့ကြောင့် (အဘိနန္ဒန သဒ်ါတေန နန္ဒီရာဂေန) ဆိုသည့်အတိုင်းပင်၊ (အဘိနန္ဒတီတိ အဘိနန္ဒိနီ) ပြု၍၊ လောဘ, စေတသိက် အရကောက်ယူရာ၏။

တနည်းပြဥုးအံ့…သတိပဋ္ဌာန် ပါဠိတော်၌၊ အိုခြင်း–အနက်ဟော ဇရာ, ပုဒ်၌၊ ဇရာ, ဇီရဏတာ, ခဏ္ဍိစ္စံ, ပါလိစ္စံ, ဝလိတ္တစတာ-ဟူ၍၊ အိုပုံ, အိုခြင်း,အနက်ကိုဟောသော အမျိုးမျိုးသော ပဒုဒ္ဓါရ ပုဒ်တို့ကို ထုတ်၍ ဟောတော်မူသကဲ့သို့၊ ဤအရာ၌လည်း၊ သမုဒယသစ္စာ ဟူသော လောဘ၏ အနက်ဖြစ်သော နှစ်သက်ခြင်း, စွဲလမ်းခြင်း, အနက်ကိုဟောသော ပုဒ်တို့ကို ထုတ်၍ ဟောတော်မူ၏။

## (က) တဏှာ-အခြင်းအရာ-သုံးမျိုး-ဟောပုံနည်းကား

(၁) ပေါနောဗ္ဘဝိကာ…တဘန်ဘဝသစ်ကို၊ပြုတတ်သောလောဘ-စေတသိက်။

(၂) နန္ဒီရာဂသဟဂတာ…နှစ်သက်ခြင်း, တပ်ခြင်းနှင့်တကွ ဖြစ်သော လောဘ, စေတသိက်။

(၃) အဘိနန္ဒိနီ…အာရုံ၌၊အလွန် တပ်နှစ်သက်တတ်သောလောဘ, စေတသိက်။ ။ဤသည်ပင်တည်း။

သေယျထိ-ဒံ ဆိုရာ၌ (၁) သေယျထာ၊ (၂) ဣဒံ,ဟု၊ နှစ်ပုဒ်ခွဲးဝေရာ၏။ ။(၁) သေယျထာ၊ နိပါတ်ပုဒ်၊ ပုစ္ဆာဝါစက အနက်ဟော၏။ (၂) ဣဒံ၊ သဗ္ဗနာမ်ပုဒ်၊ (ဣဒံ+သော) ဟု၊ ပြင်၍ဆို။ (၂) ဣဒံ-(သော) ထိုတဏှာသည်၊ (လောဘသည်) (၁) သေယျထာ၊ (ကတမာ) အဘယ်သည်နည်းဟူမူကား-ဟု၊ အနက်ပေးရာ၏။ သေယျထိ-ဒန္တိ—နိပါတော၊ တဿ သာ, ကတမာ, ဣတိ စေတိ အတ္ထော=ဟူ၍ဆိုသည်နှင့်ညီ၏။

## (ခ) တဏှာသုံးမျိုးခွဲခြားပြချက်း

(၁) ကာမ-တဏှာ....ကာမဂုဏ် ငါးပါးတို့၌၊ တပ်နှစ် သက်တတ်သောတဏှာ(လောဘ,စေတသိက်)။
[ကာမေ-တဏှာ၊ပဉ္စကာမဂုဏ်ကိ ရာဂသော-တံ အဓိပ္ပာယ်-ဟူ၍ဆိုသည်နှင့်ညီ၏။]

(၂) ဘဝ-တဏှာ···သဿတဒိဋ္ဌိ အယူနှင့်တကွ ဖြစ်သောတဏှာ (လောဘ, စေတသိက်) (ဗကဗြဟ္မာ)၏အယူမျိုးပင်တည်း။

## တနည်းပြဉ်းအံ့

(၂) ဘဝ-တဏှာ····ရူပဘဝ၊ အရူပဘဝတို့၌ တပ်နှစ်သက်တတ်သောတဏှာ (လောဘပင်တည်း။)

(၂) ဘဝ-တဏှာ···ရူပဈာန်၊ အရူပဈာန်တို့၌ တပ်နှစ်သက်တတ်သောတဏှာ(လောဘ-တည်း။)
[ဘဝတဏှာတိ ဘဝေ တဏှာ၊ဘဝပတ္ထနာဝသေန ဥပ္ပန္နဿ၊သဿတဒိဋ္ဌိသဟဂတဿ၊ ရာဂဿ။ ။ရူပါရူပ ဘဝရာဂဿစ၊ ဈာနနိကန္တိယာစ ေတံ အဓိဝစနံ-ဟူ၍ဆိုသည်နှင့်ညီ၏။]

(၃) ဝိ-ဘဝ-တဏှာ···ဥစ္ဆေဒဒိဋ္ဌိ အယူနှင့် တကွ ဖြစ်သောတဏှာ (လောဘ,စေတသိက်)။
[ဝိဘဝတဏှာတိ ဝိဘဝေ တဏှာ၊ ဥစ္ဆေဒဒိဋ္ဌိ သဟဂတဿ ရာဂဿ-တံ အဓိဝစနံ-ဟူ၍ဆိုသည်နှင့်ညီ၏။]

ဤတွင်ရွေ့ကား—
မမွစကြာ သုဘ် သမုဒယသစ္စာပြပါဋ္ဌိတော်ရင်း၏
စ-လယ်-အဆုံး သုံးပါးလုံးတို့၌ မကျဉ်း မကျယ်၊
သိလွယ်မှတ်လွယ်ရှိသော အဓိပ္ပါယ်ပြချက်းပြီး၏။

## (၁၂-နိ-က) (၃) နိရောဓ သစ္စာပြခဏ်း
## (၁၂-နိ-က) (၃) နိရောဓသစ္စာ၏ ပါဠိအနက်လေးပါး ပြခဏ်း

နိရောဓဿ(၁) နိဿရဏဋ္ဌော၊ (၂) ဝိဝေကဋ္ဌော၊ (၃) အသင်္ခတဋ္ဌော၊ (၄) အမတဋ္ဌော၊ ဣမေစတ္တာရော နိရောဓဿ နိရောဓဋ္ဌာ၊ (၁) တထာ၊ (၂) အဝိတထာ၊ (၃) အနညထာ။

မြန်မာဘာသာပြန်အဓိပ္ပါယ်

နိရောဓသစ္စာဟူသော နိဗ္ဗာန်၏—

၁။ နိဿရဏဋ္ဌ…ဝဋ်သုံးပါးမှ ထွက်မြောက်ရာ ဖြစ်သော "နိဿရဏဋ္ဌ" အနက်သဘော။
၂။ ဝိဝေကဋ္ဌ …ဝဋ်သုံးပါးမှ ကင်းဆိတ်ရာ ဖြစ်သော "ဝိဝေကဋ္ဌ"အနက်သဘော။
၃။ အသင်္ခတဋ္ဌ…အကြောင်းတရားတို့သည် မပြုပြင်အပ်သော "အသင်္ခတဋ္ဌ" အနက်သဘော။
၄။ အမတဋ္ဌ …သေကြေပျက်စီးခြင်းမှ ကင်းလွတ်ရာ ဖြစ်သော "အမတဋ္ဌ" အနက်သဘော။

ဤသို့လျှင် နိရောဓသစ္စာဟူသော နိဗ္ဗာန်၏ နိရောဓသစ္စာ၏ အနက်သဘောဖြစ်ကုန်သော လေးပါးကုန်သော ဤအနက်သဘောတို့သည် (၁) မှန်ကန်ကုန်၏။ ။(၂) မချွတ်ယွင်းကုန်။ ။(၃) ဝဋ်သုံးပါးမှ ထွက်မြောက်ရာဖြစ်သော "နိဿရဏဋ္ဌ" သဘောမှ တပါး၊ မထွက်မြောက်ရာ-ဟူသော သဘောမှကင်းကုန်၏။

ဤပါဠိတော်၏အနက်သဘောကို ထင်ရှားစေဖို့။

(က) နိရောဓသစ္စာဟူသော နိဗ္ဗာန်၏ အနက်ဟော,ပါဠိအကျယ် လေးပုဒ်ကို(နိ၊ ဝိ၊ အ၊ အ၊ )ဟူ၍ အကျဉ်းရေးပြ။
(ခ) ထို့နောက် ထိုပါဠိလေးပုဒ်၏ အနက်ဆို၍ပြ။
(ဂ) ထို့နောက် ထိုအနက်လေးပုဒ်ထည်းမှ၊ မူလ အနက်တပါး ဆို၍ပြ။

(ဃ) ထို့နောက် ကျန်သောအနက်သုံးပါးကို (အာကာရဋ္ဌ) အခြင်းအရာပြ အနက်ဆို၍ပြ။

(င) ထို့နောက် ကျန်သောသစ္စာသုံးပါးထည်းမှ၊ အနက်သုံးပါးကိုယူ၍(ပမာဏဋ္ဌ)နှိုင်းယှဉ်ပြ အနက်ဆို၍ပြ။

(စ) ထို့နောက် နှိုင်းယှဉ်ပြ အနက်သုံးပါးနှင့်၊ အခြင်းအရာပြ အနက်သုံးချက်ကို၊တွဲးဆက်၍ပြ။

(ဆ) ထို့နောက် ထိုစကားအလုံးစုံတို့၏ နိဂုမ်းချုပ်လက်ာပြ။

---

## ဤအမှာစကားအရ အကျဉ်းချုပ် ဆောင်ပုဒ်လက်ာ

(က) နိရောဓ-နက်၊ မိန့် ဆို မြွက် အံ့၊ ကျမ်း ထွက် အ ရှိ၊( နိ- ဝိ- အာ- အ၊) လေးပဒ၊မှတ်ကြအကျဉ်းမြွက်။

(ခ) ထွက်မြောက် ခြင်းနှင့်၊ ကင်းဆိတ် လေမှု၊ မပြု ပြင်ရ၊ သေခြင်းမှ၊ကင်းထ နိဗ္ဗာန်နက်။

(ဂ) နိဿရဏဋ္ဌာ၊ထွက်မြောက်ရာ၊ မှတ်ပါ မူလ နက်၊

(ဃ) ဝိဝေက နှင့်၊အသင်္ခတ ဟူ၊နောက်မူ အမတ၊ဤ သုံး၀၊မှတ်ကြ ခြင်းရာနက်။

(င) သ-၏အနက်၊ သံယော ထွက်၍၊ နောက်ဆက်မဂ္ဂါ၊ ဟေတွဋ္ဌာ,မြင်၊ဒု-မှာ ဝိပရိ၊ သုံးပါးရှိ၊ မှတ်သိနှိုင်းယှဉ်နက်။

(စ) သ-၌ သံယော၊ ယှဉ်စေသောဖြင့်၊ နိရော-ဝိဝေ၊ ကင်းဆိတ် ပေ၊ မှတ်လေ နှိုင်းယှဉ်ခြင်းရာ၊ (တစ်-၁)အဆက်။

(ဆ) ထိုနောက်မဂ္ဂါ၊ ဟေတွဋ္ဌာ,မြင်၊ နိမိမှာအသင်၊ မှတ်ပုံတင်၊ ဖြစ်အင် နှိုင်းယှဉ်ခြင်းရာ၊(နှစ်-၂)အဆက်။

(ဇ) ဒုက်-၌ ဝိပရိ၊နိမိ၌အမတ၊ ဤသို့ပြ၊ မှတ်ကြ နှိုင်းယှဉ်ခြင်းရာ၊ (သုံး-၃)အဆက်။

(ဈ) ပါဠိအနက်၊ လေးချက်မှတ်သား၊ ဤသို့အားဖြင့်၊+တပါး၊ မူလ၊ နောက်မှခြင်းရော၊+ သုံးနက်လာ၏၊ တဖြာနှိုင်းယှဉ်၊ +သုံးချက်ပင်တည်း၊ထိုပြင် ဖြစ်ဘက်၊နှိုင်းယှဉ် ချက်နှင့်၊ ပေါ်ထွက် ခြင်းရော၊တွဲဆက် လာသည်၊မိန့်မှာ အဋ္ဌကထာ၊ နည်းတည်း။

ဤသို့ ပြဆိုအပ်ခဲ့ပြီးဖြစ်သော အကျဉ်းချုပ် လင်္ကာ၏ အဓိပ္ပါယ် အကျယ်သည်ကား၊ ဤသို့တည်း။

---

## (၁၂-နိ-ခ) (၃) နိရောဓသစ္စာ၏ အနက် လေးပါး အကျယ်ပြခန်း

နိရောဓသစ္စာဟူသောနိဗ္ဗာန်၏လေးပါးသောအနက်သဘောသည်၊

(၁) နိ=နိဿရဏဋ္ဌ၊ဝဋ်သုံးပါးမှ ထွက်မြောက်ခြင်းသဘောရှိ၏။

(၂) ဝိ=ဝိဝေကဋ္ဌ၊ ဝဋ်သုံးပါးမှ ကင်းဆိတ်ခြင်းသဘောရှိ၏။

(၃) အ=အသင်္ခတဋ္ဌ၊ ပြုပြင်မှုမရှိခြင်း သဘောရှိ၏။

(၄) အ=အမတဋ္ဌ၊ သေကြေပျက်စီးမှု မရှိခြင်းသဘောရှိ၏။

ထို့ကြောင့်–(က)※နိရောဓနက်၊ မိန့်ဆိုမြွက်အံ့....နိ၊ ဝိ၊ အ၊ အ၊ လေးပဒ၊ မှတ်ကြ အကျဉ်းမြွက်=ဟူ၍ဌင်း။

(ခ)※ထွက်မြောက်ခြင်းနှင့်၊ ကင်းဆိတ်လေမှု၊ မပြုပြင်ရ၊သေခြင်းမှ၊ ကင်းထ နိဗ္ဗာန်နက်=ဟူ၍ဌင်း ဆိုခဲ့ပြီ။

---

## (၁၂-နိ-ဂ) (၃) နိရောဓသစ္စာ၏ (၁) မူလအနက်တပါး အကျယ်ပြခန်း

**ထိုမှတပါးတုံဆိုဦးအံ့**...ထိုလေးပါးသော အနက် သဘောကိုတွင်-

(၁) "နိဿရဏဋ္ဌ" ဝဋ်သုံးပါးမှ ထွက်မြောက်ရာဟူသော အနက်သဘောသည်၊ နိရောဓ သစ္စာဟူသော

နိဗ္ဗာန်၌ အပြီးမပြတ် ထက်ကြပ်ပါရှိသော အနက်သဘောဖြစ်၍ ထို ''နိဿရဏဋ္ဌ'' အနက်သဘောသည် နိရောဓသစ္စာ၏ မူလအနက်မည်၏။

ထို့ကြောင့်-(ဂ) ※နိဿရဏဋ္ဌာ၊ ထွက်မြောက်ရာ၊ မှတ်ပါမူလ နက်=ဟူ၍ ဆိုခဲ့ပြီ။

---

## (၁၂-နိ-ဃ) (၃) နိရောဓသစ္စာ၏ (အခြင်းအရာပြ) အနက်သုံးပါး အကျယ်ပြချက်း

ထိုမှတပါးတုံဆိုဦးအံ့…(၁) ဝိဝေကဋ္ဌ၊ ဝဋ်သုံးပါးမှ ကင်းဆိတ်ရာ ဟူသော အနက်သဘော။

(၂) အသင်္ခတဋ္ဌ၊ ပြုပြင်မှု မရှိခြင်း ဟူသော အနက်သဘော။

(၃) အမတဋ္ဌ၊ သေကြေ ပျက်စီးမှု မရှိခြင်း ဟူသော အနက်သဘော။

ဤသုံးပါးသော အနက်သဘောသည် နိရောဓသစ္စာဟူသော နိဗ္ဗာန်၏ ဝဋ်သုံးပါးမှ ထွက်မြောက်ရာ ဖြစ်ပုံကိုပြသော အနက်သဘောဖြစ်၍ နိရောဓသစ္စာ၏ (အာကာရဋ္ဌ) အခြင်းအရာပြအနက်မည်၏။

ဤအရာ၌ ထင်ရှားစေဦးအံ့…နိရောဓသစ္စာ၏ (၁) ''နိဿရဏဋ္ဌ'' အနက်သဘော ရှိ၏ ဟု ဆိုရာဝယ်၊ အဘယ်သို့လျှင် (၁) နိဿရဏဋ္ဌ အနက်သဘောရှိသနည်း။ ။(၁) နိဿရဏဋ္ဌ အနက်သဘောရှိပုံကို အစုံအလင် ထင်ရှားစွာ ပြဆိုပါလောဟူသော(အဘိယောစက)စကားရှိသောကြောင့်၊ထိုနိရောဓသစ္စာ၏ (၁) ''နိဿရဏဋ္ဌ'' အနက်သဘောရှိပုံကို ''ဝိဝေကဋ္ဌ'' အစရှိသော သုံးပါးသောအခြင်းအရာပြ စကားတို့ဖြင့် ထင်ရှားစွာသိစေ၏။

(၁) ဝိဝေကဋ္ဌ၊ ဝဋ်သုံးပါးမှ၊ ကင်းဆိတ်ခြင်းသဘောရှိ၏။

(၂) အသင်္ခတဋ္ဌ၊ ပြုပြင်မှု မရှိခြင်း သဘောရှိ၏။

(၃) အမတဋ္ဌ၊ သေကြေ ပျက်စီးမှု မရှိခြင်းသဘောရှိ၏။

ထို့ကြောင့်-(ဃ)※ဝိဝေက-နှင့်၊ အသင်္ခတ-ဟူ၊နောက်မူအမတ၊ ဤသုံးဝ၊ မှတ်ကြ ခြင်းရာ နက်=ဟူ၍ ဆိုခဲ့ပြီ။

## (၁၂ နိ-င) (၃) နိရောဓသစ္စာ၏ (နှိုင်းယှဉ်ပြ) အနက်သုံးပါး အကျယ် ပြခဏ်း

ထိုမှတပါးတုံ၊ ဆိုဦးအံ့…

(၁) သမုဒယသစ္စာ-ဟူသောလောဘ၏ "သံယောဂဋ္ဌ" ဒုက္ခဝဋ္ဋ၊ ဒုက္ခမှုနှင့်စပ်ယှဉ်ခြင်း, ဟူသောအနက်သဘော။

(၂) မဂ္ဂသစ္စာ-ဟူသော မဂ်၏ "ဟေတွဋ္ဌ" သဒ္ဒါ, သတိ, အစရှိသော တရားကောင်းတို့၏ တိုးပွါးကြောင်း, ဟူသော အနက်သဘော။

(၃) ဒုက္ခသစ္စာ-ဟူသောရုပ်နာမ်တရားနှစ်ပါး၏ "ဝိပရိဏာမဋ္ဌ" အိုခြင်း-ဇရာ, သေကြေပျက်စီးခြင်း-မရဏ, ဟူသောအနက်သဘော။

ဤသုံးပါးသော အနက်သဘောသည် နိရောဓသစ္စာဟူသော နိဗ္ဗာန်တရား၌ ပြဆိုအပ်ခဲ့ပြီးဖြစ်သော "နိဿရဏဋ္ဌ" အစရှိသော လေးပါးသော အနက်သဘောရှိပုံကို၊ ယုံကြည်လေးစားမှု၊ ခိုင်မြဲစေရန်၊ ကျန်သော သစ္စာသုံးပါး၏ အနက်တို့ဖြင့်၊ နှိုင်းယှဉ်၍ ပြဆိုသော အနက်သဘောဖြစ်၍ ထိုသုံးပါးသော အနက်သဘောသည် နိရောဓသစ္စာ၏ (ပမာဏဋ္ဌ) နှိုင်းယှဉ်ပြ အနက်မည်၏။

(၁) သံယောဂဋ္ဌ၊ ဝဋ်သုံးပါးနှင့် ယှဉ်စပ်ခြင်းသဘော။

(၂) ဟေတွဋ္ဌ၊ သဒ္ဒါ, သတိ, အစရှိသော တရားတို့၏၊ တိုးပွါးကြောင်းသဘော။

(၃) ဝိပရိဏာမဋ္ဌ၊ အိုခြင်း-ဇရာ၊ သေကြေပျက်စီးခြင်း-မရဏ-သဘော။

ထို့ကြောင့်-(င)ႏသ ၏အနက်၊သံယော-တွက်၍၊နောက်ဆက်မဂ္ဂါ၊ ဟေတွဋ္ဌာဖြင့်၊ ဒု-မှာ-ဝိပရိ၊ သုံးပါး၊၊ မှတ်သိ နှိုင်းယှဉ်နက်-=ဟူ၍ဆို ပြီ။

---

## (၁၂-နိ-ဓ) (၃)နိရောဓသစ္စာ၌ (၁) မူလအနက်တပါး ဖြစ်ပုံအကျယ်ပြခဏ်း

ထိုမှတပါးတုံ၊ဆိုဦးအံ့…နိရောဓသစ္စာဟူသောနိဗ္ဗာန်၏ ဝင့်သုံးပါးမှ ထွက်မြောက်ရာ အနက်ဖြစ်သော (၁) "နိဿရဏဋ္ဌ" အနက်သဘောရှိပုံသည်၊မိမိဟူသောသန္တိသုခ အမတ ဓာတ် နိဗ္ဗာန်ဟူသောတရားမြတ်၏ သဘောအားဖြင့် ထင်ရှားစွာသိအပ် သောကြောင့် နိရောဓသစ္စာ၏(၁)"နိဿရဏဋ္ဌ"အနက်သဘောသည် နိရောဓသစ္စာ၏မူလအနက်မည်၏။

ထို့ကြောင့်—(ဂ)·ႆ·နိဿရဏဋ္ဌာ၊ ထွက်မြောက်ရာ၊ မှတ်ပါမူလ နက်=ဟူ၍ဆိုခဲ့ပြီ။

---

## (၁၂-နိ-ဆ) (၃) နိရောဓသစ္စာ၌(နှိုင်းယှဉ်ပြ) အနက်သုံးပါးနှင့် (အခြင်းအရာပြ) အနက်သုံးပါးကို တွဲဆက်၍ပြခဏ်း

## ※(၁၂-နိ-ပ) (၃)သံယောဂဋ္ဌနှင့်၊ ဝိဝေကဋ္ဌဆက်ပုံ ပြခဏ်း

သမုဒယသစ္စာ-ဟူသော လောဘ၏ဝင့်သုံးပါး တရားတို့နှင့် မပြတ် မကင်း ယှဉ်စပ်ခြင်းဟူသော "သံယောဂဋ္ဌ" အနက်သဘောရှိပုံကို ဉာဏ်ဖြင့်ရှုမြော်မြင်သိသဖြင့်။ ။(ဤသည်ကား-ပမာဏဋ္ဌ)။

ဤနိရောဓသစ္စာ-ဟူသော နိဗ္ဗာန်၏ ဝင့်သုံးပါး တရားတို့နှင့် အကြောင်းအကျိုးမစပ်၊ ပြတ်ပြတ်ရှင်းရှင်း၊ ကင်းဆိတ်ခြင်းဟူသော "ဝိဝေကဋ္ဌ" အနက်သဘောရှိပုံသည် အခြင်းအရာအားဖြင့် ထင်ရှား၏။ ။(ဤသည်ကား-အာကာရဋ္ဌ)။

ထို့ကြောင့်—(စ)※သ-၌ သံယော၊ ယှဉ်စေသောဖြင့်၊နိရော-ဝိဝေ၊ ကင်းဆိတ်ပေ၊မှတ်လေ နှိုင်းယှဉ် ခြင်းရာ၊ (တစ်-၁) အဆက်=ဟူ၍ ဆိုခဲ့ပြီ။

## * (၁၂-နိ-ဒု) (၃) ဟေတုဠနှင့်၊ အသခ်တဠဆက်ပုံပြခဏ်း

မဂ္ဂသစ္စာ-ဟူသောမဂ်၏၊ သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, အစရှိသော စေတ-သိက်တရားကောင်းတို့၏ တိုးပွါးကြောင်းဟူသော "ဟေတွဋ္ဌ" အနက်သဘောရှိပုံကိုဉာဏ်ဖြင့်ရှုမြော်မြင်သိသဖြင့်။ (ဤသည်ကား-ပမာဏဋ္ဌ)။

ဤနိရောဓသစ္စာ-ဟူသော နိဗ္ဗာန်၏အကြောင်းတရားတို့ဖြင့် ပြုပြင်မှု မရှိခြင်း, ဟူသော "အသခ်တဋ္ဌ" အနက်သဘောရှိပုံသည်၊ အခြင်းအရာ အားဖြင့်ထင်ရှား၏။ ။ (ဤသည်ကား-အာကာရဋ္ဌ)။

ထို့ကြောင့်–(ဆ)※ထို့နောက် မဂ္ဂါ၊ ဟေတွဋ္ဌာဖြင့်၊ နိဗ်မှာ-အသင် မှတ်ပုံတင်၊ ဖြစ်အင်-နှိုင်းယှဉ်ခြင်းရာ၊ (နှစ်-၂)အဆက်=ဟူ၍ ဆိုခဲ့ပြီ။

---

## * (၁၂-နိ-တ) (၃) ဝိပရိဏာမဠနှင့်၊ အမတဠဆက်ပုံ ပြခဏ်း

ဒုက္ခသစ္စာ-ဟူသော ရုပ်နာမ်တရားနှစ်ပါး၏ အိုခြင်း-ဇရာ၊ သေကြေပျက်စီးခြင်း-မရဏာနှစ်ပါးတို့ဖြင့် ဖောက်ပြန်ပျက်စီးခြင်း ဟူသော "ဝိပရိဏာမဋ္ဌ"အနက်သဘောရှိပုံကို ဉာဏ်ဖြင့်ရှုမြော်မြင်သိသဖြင့်။ ။ (ဤသည်ကား-ပမာဏဋ္ဌ)။

ဤနိရောဓသစ္စာ-ဟူသော နိဗ္ဗာန်၏အိုခြင်း-ဇရာ၊ သေကြေပျက်စီးခြင်း-မရဏာနှစ်ပါးတို့၏ မရှိခြင်းဟူသော "အမတဋ္ဌ"အနက်သဘော ရှိပုံသည်၊ အခြင်းအရာအားဖြင့် ထင်ရှား၏။ ။ (ဤသည်ကား-အာကာရဋ္ဌ)။

ထို့ကြောင့်-(ဇ)※ဒုက်-၌ ဝိပရိ၊ နိဗ်-ရှိ-အမတ၊ ဤသို့ပြ၊ မှတ်ကြ နှိုင်းယှဉ်ခြင်းရာ၊ (သုံး-၃)အဆက်=ဟူ၍ဆိုခဲ့ပြီ။

ဤသို့ အကျယ်ပြခဲ့ပြီး ဖြစ်သော စကားအစဉ်ကို၊ အကျဉ်း ချုပ်လက်ာဖြင့် နိဂုမ်းအုပ်ပြဆိုအံ့။

(ဈ) ပါဠိအနက်၊ လေးချက်မှတ်သား၊ ဤသို့အားဖြင့်၊+တပါး မူလ၊နောက်မှခြင်းရာ၊+သုံးနက်လာ၏၊ တဖြာ နှိုင်းယှဉ်၊+ သုံးနက်ပင်တည်း၊ ထိုပြင်ဖြစ်ဘက်၊ နှိုင်းယှဉ်ချက်နှင့်၊ ပေါ် ထွက်ခြင်းရာ၊ တွဲဆက်လာသည်၊ မိန့်မှာအဋ္ဌကထာနည်း တည်း=ဟူ၍ဆိုခဲ့ပြီ။

---

## (၁၂-နီ-ဇ) (၃) နိရောဓသစ္စာ၏ အနက်လေးပါး အဓိပ္ပါယ်ပြဇယားပုံစံ

| | |
|---|---|
| *မူလအနက်-၁<br>(၁) နိဿရဏဋ္ဌ၊<br>ထွက်မြောက်ရာ၊ | *အာကာရဋ္ဌ၊ အခြင်းအရာ ပြအနက်-၃<br>(၁) ဝိဝေကဋ္ဌ၊ ကင်းဆိတ်ခြင်း။<br>(၂) အသင်္ခတဋ္ဌ၊ မပြုပြင်ရခြင်း။<br>(၃) အမတဋ္ဌ၊ မသေခြင်း။ |
| (က)<br>*ပမာဏဋ္ဌ၊နှိုင်းယှဉ်ပြ၊<br>အနက် ၃-ပါးနှင့် | (ခ)<br>*အာကာရဋ္ဌ၊အခြင်းအရာပြ၊<br>အနက် ၃-ပါးဆက်ပုံ။ |
| (၁) သံယောဂဋ္ဌ၊ယှဉ်ခြင်း။<br>(၂) ပလိဗောဓဋ္ဌ၊အကြောင်းရင်း။<br>(၃) ဝိပရိ…ဋ္ဌ၊ဖောက်ပြန်ခြင်း။ | (၁) ဝိဝေကဋ္ဌ, ။<br>(၂) အသင်္ခတဋ္ဌ, ။<br>(၃) အမတဋ္ဌ, ။ |

(က) ဤပမာဏဋ္ဌအနက် ၃-ပါးကို၊ ကျန် သစ္စာ-၃-ပါးမှ ထုတ်ယူပြ၏။ ဆိုပြီးလက်ာအရကျက်၍ ဆင်ခြင်လျှင် သဘောသိမြင်နားလည်ရာ၏။

ဤသည်လျှင် နိရောဓသစ္စာ၏ အနက်လေးပါး အဓိပ္ပါယ အကျယ်ပြ ဇယားပုံစံနှင့်တကွ ပြခဏ်းပြီး၏။

## (၁၂-နိ-ဈ) (၃) နိရောဓသစ္စာပြပါဠိတော်ရင်း၏ အဓိပ္ပါယ်ပြချက်း

(က) ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ။

(ခ) အရိယသစ္စံ=ဟူ၍ ဟောတော်မူအပ်သော စကားဝါကျ၌—

(က) ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ=ဟူသည်ကား၊ အဘယ်သို့ဆိုလိုပါသနည်း။

မြန်မာဘာသာပြန် အဓိပ္ပါယ်

(က) အို-ပဉ္စ ဝဂ္ဂီ ရဟန်းတို့—

ဤသန္တိ-သုခ၊ အမတဓာတ်၊ နိဗ္ဗာန်ဟူသော တရားမြတ်သည်ကား၊ ရုပ်-နာမ်-တရား ဟူသော ဒုက္ခ၏ အသစ်တဖန်၊ မဖြစ်ပြန်ခြင်းဟူသော ချုပ်ရာ-ငြိမ်းရာဖြစ်၍ (ဒုက္ခနိရောဓ)မည်၏။

အဘယ်သို့လျှင် ရုပ်-နာမ်-တရားဟူသောဒုက္ခ၏ ချုပ်ရာငြိမ်းရာဖြစ်သနည်းဟူမူကား—

(၁) နိဿရဏဋ္ဌ····နိဗ္ဗာနဓာတ်သည် ဝဋ်သုံးပါးမှ ထွက်မြောက်ရာဖြစ်၍ ရုပ်နာမ်တရား အသစ် မဖြစ်ပြန်ခြင်းသဘောဖြင့် ချုပ်ရာငြိမ်းရာဖြစ်၏။

(၂) ဝိဝေကဋ္ဌ······နိဗ္ဗာနဓာတ်သည် ဝဋ်သုံးပါးနှင့် မစပ်ယှဉ်သဖြင့် ရုပ်နာမ်တရား အသစ်ဖြစ်ရခြင်းမှ ကင်းဆိတ်ခြင်း သဘောဖြင့် ချုပ်ရာငြိမ်းရာဖြစ်၏။

(၃) အသင်္ခတဋ္ဌ···နိဗ္ဗာနဓာတ်သည် အကြောင်းတရား လေးပါးတို့တွင်မည်သည့်အကြောင်းတရား တပါးပါးမှ မပြုပြင်ရသဖြင့် ရုပ်နာမ် တရားအသစ် ဖြစ်ပွါးဘို့ရာ မပြုပြင်ရခြင်းသဘောဖြင့် ချုပ်ရာငြိမ်းရာဖြစ်၏။

(၄) အမတဋ္ဌ···နိဗ္ဗာနဓာတ်သည် အိုခြင်း၊ သေကြေပျက်စီးခြင်းဟူသော ဖောက်ပြန်တတ်သော ရုပ်နာမ် တရား၏ မရှိသဖြင့် အိုခြင်း, သေကြေပျက်စီးမှု မရှိခြင်း, သဘောဖြင့် ချုပ်ရာငြိမ်းရာဖြစ်၏။

ဤသို့ပြဆိုအပ်ပြီးဖြစ်သော (၂) ဝဋ်သုံးပါးမှ ကင်းဆိတ်ခြင်း၊ (၃) အကြောင်းတရားတို့သည် မပြုပြင်ရခြင်း၊ (၄) သေကြေပျက်စီးမှုမရှိခြင်း-ဟူသော သုံးပါးသော အနက်သဘောတို့သည်၊ အသင်္ခတဓာတ်၊ နိဗ္ဗာန်ဟူသော တရားမြတ်၌၊ အမြဲအစွဲ၊ ခွဲ၍ ခွါ၍ မရစကောင်းသော သဘော, ရင်းလက္ခဏာတို့ဖြစ်၍ ထိုသို့ဖြစ်ခြင်းကိုပင်၊ နိဗ္ဗာနဓာတ်သည်(၁) (နိဿရဏဋ္ဌ)ဝဋ်သုံးပါးမှထွက်မြောက်ရာဖြစ်၏။ဒုက္ခ နိရောဓ၊ရုပ် နာမ်တရား ဟူသော ဒုက္ခ၏ချုပ်ရာဖြစ်၏-ဟု ဆို၏။ ထိုသုံးပါးသော အနက်သဘောကို ချန်လှပ်၍ (နိဿရဏဋ္ဌ) အနက်သဘော၊(ဒုက္ခနိရောဓ) အနက်သဘော-ဟူ၍ သီးခြားမရှိဖြစ်၏။ ။ ဤနေရာ၌ နောက်၌ပြဆိုအပ်ခဲ့ပြီးဖြစ်သော နိရောဓသစ္စာ၏ အနက်လေးပါးတို့တွင်—

(၁) နိဿရဏဋ္ဌ၊ ဝဋ်သုံးပါးမှ ထွက်မြောက်ရာ ဖြစ်ခြင်းဟူသောအနက်၏(မူလ)အနက်ဖြစ်ပုံကိုရင်း။
(၂) ဝိဝေကဋ္ဌ၊ ဝဋ်သုံးပါးမှ ကင်းဆိတ်ခြင်း။
(၃) အသင်္ခတဋ္ဌ၊ မပြုပြင်ရခြင်း။
(၄) အမတဋ္ဌ၊ သေကြေပျက်စီးမှုမရှိခြင်း။

ဟူသောအနက်သုံးပါးတို့၏ (အာကာရဋ္ဌ) အခြင်းအရာပြအနက်ဖြစ်ပုံကိုရင်း။

ထို့ပြင် ကျန်သစ္စာသုံးပါးမှ (ပမာဏဋ္ဌ) နှိုင်းယှဉ်ပြ၊ အနက်သုံးပါးကိုရင်း၊ ပြန်လည်၍ နှလုံးသွင်းခဲ့မူ၊ ဤနိဗ္ဗာနဓာတ်၏ "ဒုက္ခနိရောဓ" ဟူသော ရုပ်နာမ်တရား၏ ချုပ်ငြိမ်းရာ၏ အဖြစ်သည် ထင်ရှားလေတော့၏။

ဤသည်လျှင်-

(က) ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ—ဟူသောစကား၏ အကျဉ်းချုပ်အဓိပ္ပါယ်ပြခဏ်းပြီး၏။

(၁၂-နိ-ရှ)ႉ ထိုမှတပါး (ခ)**အရိယသစ္စံ**—ဟူသည်ကား အဘယ်သို့ဆိုလိုပါသနည်း။

မြန်မာဘာသာပြန်အဓိပ္ပါယ်

(ခ) ဒို-ပဥ္စ ဝဂ္ဂိရဟန်းတို့။

ဤဒုက္ခနိရောဓ—ဟူသော နိဗ္ဗာနဓာတ်သည်—

(၁) နိဿရဏဋ္ဌ၊ဝဋ်သုံးပါးမှ ထွက်မြောက်ရာဟူသောအနက်သဘောဖြင့်၎င်း။

(၂) ဝိဝေကဋ္ဌ၊ ဝဋ်သုံးပါးမှ ကင်းဆိတ်ရာဟူသော အနက်သဘောဖြင့်၎င်း။

(၃) အသင်္ခတဋ္ဌ၊ ပြုပြင်ခြင်း မရှိရာဟူသော အနက်သဘောဖြင့်၎င်း။

(၄) အမတဋ္ဌ၊ အိုခြင်း, သေကြေပျက်စီးခြင်း မရှိရာဟူသော အနက်သဘောဖြင့်၎င်း။

(ဒုက္ခ-နိရောဓ) ရုပ် နာမ် တရားဟူသော ဒုက္ခသစ္စာ၏ ချုပ်ရာငြိမ်းရာဖြစ်၏-ဟု၊ ဆိုသောစကားသည် အဘယ်ပုဂ္ဂိုလ်၊ အဘယ်ဆရာတို့သည်၊ ပြောဆိုဟောကြားအပ်သော စကားဖြစ်၍၊ ထိုစကားသည် အဘယ်သို့လျှင်၊ (သုဏန္တ) ကြားနာသော ပုဂ္ဂိုလ်တို့အား၊ ဟုတ်မှန်ပေ၏ဟု စိတ်ချလွဲးပုံ၊ ယုံကြည်သောစိတ်ကို ဖြစ်စေနိုင်အံ့နည်း။ ။ ဤသူဤသူတို့သည် ဟောကြားပြောဆိုသော (ဝဒန္တ) ပုဂ္ဂိုလ်တို့ပေတည်းဟု၊ ပြောဆိုဟောကြားသော (ဝဒန္တ) ပုဂ္ဂိုလ်တို့ကို၊ ညွှန်ကြားပြသ, ကောင်းသည် မဟုတ်ပါတုံလောဟု(စောဒနာ) ပြုရန်၊ စကားရှိရာသောကြောင့်၊ ထိုစကားကို ဖြေကြားခြင်းငှါ၊ ဤ**အရိယ-သစ္စံ** ဟူသောစကားကို ဟောကြားတော်မူ၏။

ဤညွှန်ကြားချက် စကားအရဖြင့်၊ သန္တိ-သုခ၊ အမတဓာတ်၊ နိဗ္ဗာန်ဟူသောတရားမြတ်၏ (ဒုက္ခနိရောဓ) ၏အဖြစ်ကို၊ ဟောကြားပြောဆိုသော (ဝဒန္တ)ပုဂ္ဂိုလ်သည်ကား၊လူ-နတ်-ဗြဟ္မာ၊သတ္တဝါ သာမန်တို့၏ အသိဉာဏ်ဖြင့်၊ ကြံဖန်တွေးတော၍၊ ပြောဆို ဟောကြားအပ်သော

တရားစကားမဟုတ်ချေ၊ သောတာပန် ပုဂ္ဂိုလ်၏ အဖြစ် အစရှိသော အရိယာဇာတ်၊ မြင့်မြတ်သော ဂုဏ်ထူးဖြင့်၊ ချီးကျူးအားပေး၍၊ လေးစားယုံကြည်ခြင်း,ခံယူရရှိသော အရိယာပုဂ္ဂိုလ်၏အဖြစ်ကို၊ ညွှန်ကြားပြ၏။

(ခ) **အရိယသစ္စ**…အရိယာပုဂ္ဂိုလ်တို့၏ ဉာဏ်အမြင်ဖြင့်၊သိအပ်,မြင်အပ်သော အမှန်တရား။ ။ထိုတရားသည်ကား= ဤအရာ၌နိဗ္ဗာန်တရားတည်း။

**တနည်းပြဆိုဦးအံ့**…(ခ) **အရိယသစ္စ**။ ။အရိယာ ပုဂ္ဂိုလ်တို့၏ ဉာဏ်အမြင်ဖြင့်၊ သိအပ်,မြင်အပ်သော အမှန်တရား ဆိုသည်ကား၊ ပရမတ္ထသဘောအလို၊ တရားကိုယ်အားဖြင့်၊ အဘယ်တရားတို့ဖြစ်၍ အဘယ်သို့မှန်ကန်သနည်းဟု အမေးပုစ္ဆာစကားဆိုရန်ရှိပြန်သောကြောင့်၊ ထိုစကားကို ဖြေကြားခြင်းငှါ (က) **ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ**=ဟူသော အဖြေတရားကို ဟောကြားတော်မူ၏။

ထိုတရား၏ အဓိပ္ပါယ်သည်ကား၊ ဤသို့ပင်တည်း။

(က) ဒိ-ပဥ္စ ဝဂ္ဂီ ရဟန်းတို့။

ပရမတ္ထ သဘောအလို၊ တရားကိုယ်အားဖြင့်၊ သန္တိ-သုခ၊ အမတ-ဓာတ်၊ နိဗ္ဗာန်ဟူသော တရားမြတ်သည်—

(၁) နိဿရဏဋ္ဌ၊ဝင်ရိုးသုံးပါးမှ ယွက်မြောက်ရာ ဟူသော အနက်သဘောရှိ၏၊သို့နောက် အဘယ်သို့လျှင် (ယွက်မြောက်ရာ)ဖြစ်သနည်းဟူသော(အမေးပုစ္ဆာ)စကားရှိပြန်ရာသောကြောင့်၊ထို(ယွက်မြောက်ရာ) ဖြစ်ပုံ၊အခြင်းအရာပြ၊ တရားစကား၊ဤသို့ပင်တည်းဟု၊ ဟောကြားပြန်၏။

(၂) ဝိဝေကဋ္ဌ၊ဝင်ရိုးသုံးပါးမှ ကင်းဆိတ်ခြင်း ဟူသော အနက်သဘောရှိ၏။

(၃) အသင်္ခတဋ္ဌ၊ အကြောင်းတရား၊ လေးပါးတို့တွင်၊ မည်သည့်အကြောင်းတရား၊ တပါးပါးမှ၊ မပြုပြင်ရခြင်းဟူသော အနက်သဘောရှိ၏။

(၄) အမတဋ္ဌ၊ သေကြေ ပျက်စီးတတ်၊ ဖောက်ပြန်တတ်သော ရုပ်နာမ် တရားမရှိသဖြင့်၊ သေကြေ ပျက်စီးရခြင်း မရှိခြင်းဟူသော အနက်သဘောရှိ၏။

(ရုပ်နာမ်တရားဟူသော ဒုက္ခသစ္စာ၏ ချုပ်ရာ ငြိမ်းရာ,ဖြစ်သော နိဗ္ဗာနဓာတ်၏ သတ္တိပေတည်း)။ ။ဤသို့သော သဘောဖြင့် (ဒုက္ခ-နိရောဓ)မည်၏။

ထို့ကြောင့်—(က) ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ=ဟူသော စကားနှင့် (ခ) အရိယသစ္စံ=ဟူသော စကားနှစ်ရပ်ကို၊ ပေါင်းစပ်၍ ရအပ်သော အကျဉ်းချုပ် အဓိပ္ပါယ်သည်ကား၊ ဤသို့ပင်တည်း။

(က) ※အို—ပဉ္စဝဂ္ဂီ ရဟန်းတို့။ ။ဤသန္တိ-သုခ၊ အမတ-ဓာတ်၊ နိဗ္ဗာန် ဟူသော တရားမြတ်သည်ကား--

(၁) နိဿရဏဋ္ဌ၊ ဝဋ်သုံးပါးမှ ထွက်မြောက်ရာ ဟူသောအနက် သဘောရှိ၏။

(၂) ဝိဝေကဋ္ဌ၊ ဝဋ်သုံးပါးမှ ကင်းဆိတ်ရာ ဟူသော အနက် သဘောရှိ၏။

(၃) အသင်္ခတဋ္ဌ၊ ပြုပြင်မှုမရှိခြင်း ဟူသောအနက်သဘောရှိ၏။

(၄) အမတဋ္ဌ၊ သေကြေ ပျက်စီးမှု မရှိခြင်း ဟူသော အနက် သဘော ရှိ၏။

ဤသို့လျှင် လေးပါးသော အနက်သဘောရှိ၍ (ဒုက္ခ-နိရောဓ) ရုပ် နာမ် တရားဟူသော ဒုက္ခ—သစ္စာ၏ ချုပ်ရာ ငြိမ်းရာ ကေန်၊စင်စစ် မှန်သော အခြေခံတရားမည်၏။

(ခ) ※အရိယာပုဂ္ဂိုလ်တို့၏ဉာဏ်အမြင်ဖြင့်ရှုဆင်ခြင်သောအခါ၌ ဤ သန္တိ-သုခ၊ အမတ-ဓာတ်၊ နိဗ္ဗာန်, ဟူသော တရားမြတ်သည် (နိ၊ ဝိ၊ အ၊ အ) ဟူသော လေးပါးသော အနက်သဘောရှိ၍၊ (ဒုက္ခ-နိရောဓ) ရုပ် နာမ် တရား ဟူသော ဒုက္ခသစ္စာ၏ ချုပ်ရာ၊ ငြိမ်းရာ ကေန်၊စင်စစ် မှန်သော(အရိယ-သစ္စာ)၏ အဖြစ်ဖြင့်၊သိအပ်,မြင်အပ် သော အမှန်တရားပေတည်း။

တရားစကားမဟုတ်ချေ၊ သောတာပန် ပုဂ္ဂိုလ်၏ အဖြစ် အစရှိသော အရိယာဇာတ်၊ မြင့်မြတ်သော ဂုဏ်ထူးဖြင့်၊ ချီးကျူးအားပေး၍၊ လေးစားယုံကြည်ခြင်း,ခံယူရရှိသော အရိယာပုဂ္ဂိုလ်၏အဖြစ်ကို၊ ညွှန်ကြားပြ၏။

(ခ) အရိယသစ္စံ…အရိယာပုဂ္ဂိုလ်တို့၏ ဉာဏ်အမြင်ဖြင့်၊သိအပ်,မြင်အပ်သော အမှန်တရား။ ။ထိုတရားသည်ကား= ဤအရာ၌နိဗ္ဗာန်တရားတည်း။

တနည်းပြဆိုဦးအံ့…(ခ)အရိယသစ္စံ။ ။အရိယာ ပုဂ္ဂိုလ်တို့၏ ဉာဏ်အမြင်ဖြင့်၊ သိအပ်,မြင်အပ်သော အမှန်တရား ဆိုသည်ကား၊ ပရမတ္ထသဘောအလို၊ တရားကိုယ်အားဖြင့်၊ အဘယ်တရားတို့ဖြစ်၍ အဘယ်သို့မှန်ကန်သနည်းဟု အမေးပုစ္ဆာစကားဆိုရန် ရှိပြန်သောကြောင့်၊ ထိုစကားကို ဖြေကြားခြင်းငှါ (က) ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ=ဟူသော အဖြေတရားကို ဟောကြားတော်မူ၏။

လိုတရား၏ အဓိပ္ပါယ်သည်ကား၊ ဤသို့ပင်တည်း။

(က) ဒိ-ပဉ္စ ဝဂ္ဂီ ရဟန်းတို့။

ပရမတ္ထ သဘောအလို၊ တရားကိုယ်အားဖြင့်၊ သန္တိ-သုခ၊ အမတ-ဓာတ်၊ နိဗ္ဗာန်ဟူသော တရားမြတ်သည်—

(၁) နိဿရဏဌ၊ဝဋ်သုံးပါးမှ ထွက်မြောက်ရာ ဟူသော အနက်သဘောရှိ၏၊သို့နောက် အဘယ်သို့သျှင် (ထွက်မြောက်ရာ)ဖြစ်သနည်းဟူသော(အမေးပုစ္ဆာ)စကားရှိပြန်ရာသောကြောင့်၊ထို(ထွက်မြောက်ရာ) ဖြစ်ပုံ၊အခြင်းအရာပြ၊ တရားစကား၊ဤသို့ပင်တည်းဟု၊ ဟောကြားပြန်၏။

(၂) ဝိဝေကဋ္ဌ၊ဝဋ်သုံးပါးမှ ကင်းသိတ်ခြင်း ဟူသော အနက်သဘောရှိ၏။

(၃) အသင်္ခတဋ္ဌ၊ အကြောင်းတရား၊ လေးပါးတို့တွင်၊ မည်သည့်အကြောင်းတရား၊ တပါးပါးမှ၊ မပြုပြင်ရခြင်းဟူသော အနက်သဘောရှိ၏။

## (၁၂-နိ-ဈ) (၃) နိရောဓသစ္စာ-ပြဓာန်း၌ နိဗ္ဗာန်၏အခြင်းအရာ ၅-မျိုး

ဤယခုအခါ၌ "ဒုက္ခနိရောဓ" ဟူသော နိဗ္ဗာန်၏ အခြင်းအရာ အမျိုးမျိုးသို့လိုက်၍ နိဗ္ဗာန်အမည်ခေါ်ပုံ၊ပဒုဒ္ဓါရ အပြားကို ပြခြင်းငှါ—

(၃) ယော တဿာယေဝ တဏှာယ, ၁-အသေသ ဝိရာဂ နိရောဓော၊ ၂-စာဂေါ၊ ၃-ပဋိနိဿဂ္ဂေါ၊ ၄-မုတ္တိ၊ ၅-အနာလယော။ ။ဟူ၍ ဟောတော်မူ၏။ ။ထိုပုဒ်အပေါင်းတို့တွင်—

(၁) အသေသဝိရာဂနိရောဓော…ဆိုရာ၌—

(က) အသေသ=အကြွင်းမဲ့ (အကြွင်းအကျန် မရှိသော)ဟူသော အနက်။ ။

(ခ) ဝိရာဂ=မဂ်လေးပါး ဟူသောအနက်။ ။(ဝိရာဂေါ ဝုစ္စတိ-မဂ္ဂေါ၊ဝိရာဂသင်္ခါတေနမဂ္ဂေန)ဆိုသည်နှင့် အညီတည်း။

(ဂ) နိရောဓော=ချုပ်ရာဟူသော အနက်။

ဤသို့ ပုဒ်နှင့် အနက်တို့ကို ခွဲဝေ၍၊ ထို့နောက်မှ (ဝိရာဂေန နိရောဓော၊ ဝိရာဂနိရောဓော) ပြု၍မဂ်ဖြင့် (မဂ်ကြောင့်) အနုသယ ကိလေသာတို့၏ ချုပ်ရာ ဖြစ်သော နိဗ္ဗာန်ဟူသောအနက်သည်ဖြစ်၏။

ထို့နောက်တဖန်အဘယ်မျှလောက်သောအနုသယကိလေသာတို့၏ ချုပ်ရာ နိဗ္ဗာန်ဖြစ်ပါသနည်း=ဟု၊ အမေးပုစ္ဆာစကားရှိပြန်ရာသော ကြောင့်၊ ထိုစကားကို ဖြေကြားခြင်းငှါ

(က) အသေသော၊ အကြွင်းမဲ့ (အကြွင်းအကျန်မရှိသော) ဟူသော ပုဒ်အနက်ကို တဖန်ဟောတော်မူ၏။

ထို့ကြောင့်-(အသေသော ဝိရာဂေန နိရောဓော၊ အသေသ ဝိရာဂ နိရောဓော)ဟု သမာသ်ဝိဂြိုဟ်ပြု၍ ဤသုံးပုဒ်ကို ပေါင်း၍ ရအပ်သော အဓိပ္ပါယ်သည်ကား၊ မဂ်လေးပါးတို့ဖြင့် အဆင့်ဆင့် (အကြိမ်ကြိမ်) အနုသယ ကိလေသာ တရားတို့ကို ပယ်ဖျောက် ပြီးဖြစ်၍၊ မဂ်ဖြင့် (မဂ်ကြောင့်) အနုသယ ကိလေသာတရားတို့၏၊ အကြွင်းမဲ့, အကြွင်း

အကျန်မရှိသော ချုပ်ရာဖြစ်သော "အနုပါဒိသေသ နိဗ္ဗာန်"ဟူသော အနက်သည်ဖြစ်၏။ ။ဤအနက်သည် (အသေသဝိရာဂနိရောဓ) ဟူသောပုဒ်၏ အဓိပ္ပါယ်နက်ဖြစ်၏။

တနည်းပြဆိုဦးအံ့…(၁) ဝိရာဂ– ပယ်ခြင်း, အနက်ဟော၏။ ။ ဝိရာဂေါတိ၊ ပဟာနံ ဝုစ္စတိ=ဟူ၍ဆို၏။ ။ (အသေသော ဝိရာဂေါ၊ အသေသဝိရာဂေါ) ပြု၍အနုသယ ကိလေသာတရားတို့၏ (တို့ကို) အကြွင်းမဲ့ (အကြွင်းမရှိ) ပယ်ရာဖြစ်သော "အနုပါဒိသေသနိဗ္ဗာန်"ဟု ဆိုရာ၏။ ။ခယံ, ဝိရာဂံ။ ။ဝိရာဂေါ, သေဋ္ဌော, ဓမ္မာနံ=ဆိုသည်တို့နှင့် ညီ၏။

(၈) (အသေသော နိရောဓော၊ အသေသနိရောဓော) ပြု၍ အနုသယ ကိလေသာတရားတို့၏ အကြွင်းမဲ့ အကြွင်းမရှိ၊ ချုပ်ရာဖြစ်သော"အနုပါဒိသေသ နိဗ္ဗာန်"ဟု-ဆိုရာ၏။ ။အသေသံ ဥပရုဇ္ဈတိ= ဆိုသည်နှင့်ညီ၏။

(၂) စာဂေါ…ဆိုရာ၌ စာဂေါ=မဂ်ဖြင့် နိဗ္ဗာန်ကို အာရုံပြု၍ တဏှာကို ပယ်စွန့်ရာဖြစ်သော နိဗ္ဗာန်။

(၃) ပဋိနိဿဂ္ဂေါ…ဆိုရာ၌ ပဋိနိဿဂ္ဂေါ=မဂ်ဖြင့် နိဗ္ဗာန်ကို အာရုံပြု၍ တဏှာကို ပယ်စွန့်ရာ ဖြစ်သော နိဗ္ဗာန်။

(၄) မုတ္တိ…ဆိုရာ၌ မုတ္တိ=မဂ်ဖြင့် နိဗ္ဗာန်ကို အာရုံပြု၍ တဏှာမှ လွတ်မြောက်ရာ ဖြစ်သော နိဗ္ဗာန်။

(၅) အနာလယော…ဆိုရာ၌ အနာလယော=မဂ်ဖြင့် နိဗ္ဗာန်ကို အာရုံပြု၍ ကာမဂုဏ်ဟူသော အာရုံတို့၌ ငြိတွယ်ခြင်းမရှိရာ ဖြစ်သော နိဗ္ဗာန်။

ဤအရာ၌ စာဂ၊ပဋိနိဿဂ္ဂ၊မုတ္တိ၊အနာလယ-ပုဒ်တို့သည်၊ "နိဗ္ဗာန်" ဟော ပရိယာယ်သဒ္ဒါတို့ ချည်းတည်း။ "နိဗ္ဗာန်" ဟော ပရိယာယ် သဒ္ဒါတို့သည်၊ဤမျှမကသေး၊ "သင်္ခတ" တရားတို့၏ အမည်နှင့်၊ ဆန့်ကျင်ဘက် ဖြစ်သောအနက်ကို ဟောသော သဒ္ဒါမျိုးသည် "နိဗ္ဗာန်" ဟော သဒ္ဒါတို့တည်း။

{ "အသင်္ချေယျာနိ နာမာနိ၊သဂုဏေန-မဟေသိနော။
{ ဂုဏေဟိ, နာမ-မုဒ္ဓေယျ၊ အပိ နာမ သဟဿတော"။

ဆိုသည်နှင့်အညီ၊ နိဗ္ဗာန်တရား ပိုင်းခြားကုန်စင် သိမြင်ပြီး ဖြစ်သော "ဗုဒ္ဓ" မြတ်စွာဘုရားသျှင်၏ အမည်တော်တို့သည်၊ ထိုထို ဂုဏ်တော်အလိုက်၊ ထိုက်သက် ရာရာသော ဂုဏ်ပုဒ်တို့ဖြင့်၊ ချီးကျူး၍ မကုန်ဆုံးနိုင်ရာသကဲ့သို့ပင်၊"နိဗ္ဗာန်"၏အမည်ကို ဟောသောဂုဏ်ပုဒ်တို့သည်လည်း၊မကုန်ဆုံးနိုင်ရာပေ။

## ထင်ရှားစွာပြဥုးအံ့

(၁) သဗ္ဗသင်္ခါရ သမထော… အလုံးစုံသော သင်္ခါရ တရားတို့၏ ငြိမ်းရာဖြစ်သောတရား။ ။ဤတရား သည် ဤအရာ၌ "နိဗ္ဗာန်"ပင်တည်း။

(၂) သဗ္ဗု-ပဓိ ပဋိ-နိဿဂ္ဂေါ…အလုံးစုံသော ဥပဓိ-တရား လေးပါး တို့ကို၊ စွန့်ရာဖြစ်သော တရား။ ။ ဤတရားသည် ဤအရာ၌"နိဗ္ဗာန်"ပင်တည်း။ ။ဤသို့ ဆိုလျှင်နိဗ္ဗာန် တရားသည်သာလျှင် ဤပြဆိုခဲ့သော ဂုဏ်ပုဒ်တို့နှင့် ပြည့်စုံသဖြင့် ဤ(၁-၂)ပုဒ်သည် (စာဂေါ–နိရောဓော) စသော ပုဒ်တို့ကဲ့သို့ပင်၊ "နိဗ္ဗာန်"အနက်ဟောသော(ပဒုဒ္ဓါရ)တို့ဖြစ်ကုန်၏။
(ပဋိ-၅-ဒု-သုည ၂၆၇-ကြည့်)

တနည်းပြဆိုဥုးအံ့…ဋ္ဌဝံ ခေါ ပန ဘိက္ခဝေ ဒုက္ခ နိရောဓံ–ဟုဆိုရာ၌ ခန္ဓာငါးပါး ရုပ် နာမ်တရားဟူသော အကျိုး တရား၏ ချုပ်ရာသည် "နိဗ္ဗာန်"မည်၏ဟုဆို၏။

ထိုနောက်၊ ယော တဿာယေဝ,တဏှာယ အသေသဝိရာဂနိရောဓော= ဟုဆိုရာ၌ ခန္ဓာငါးပါးဟူသော အကျိုး ရုပ်, နာမ်, တရားတို့ကို ဖြစ်ပွါးစေတတ်သော တရားသည်ကား၊ တဏှာ, လောဘ, ပင်ဖြစ်၏။ ။ ထို့ကြောင့် မူလအခြေ အကြောင်းရင်းဖြစ်သော တဏှာ, လောဘ, ဟူသော အကြောင်းတရား၏ ချုပ်ရာသည်"နိဗ္ဗာန်"မည်၏ဟုဆို၏။

၁–ရှေ့နည်းကား… အကျိုးတရား ဖြစ်သော ရုပ်, နာမ်, တရား နှစ်ပါး ၏ ချုပ်ရာသည်''နိဗ္ဗာန်''မည်၏။

၂–နောက်နည်းကား….အကြောင်းတရားဖြစ်သောတဏှာ,လောဘ, ၏ ချုပ်ရာသည်''နိဗ္ဗာန်''မည်၏။

## (၃) အကြောင်းတရားနှင့်အကျိုးတရားချုပ်ရာ၌ ထူးခြားပုံပြခဏ်း

| | |
|---|---|
| ယထာပိ မူလေ အနုပဒ္ဒဝေ ဒဠှေ၊ ဆိန္နောပိ,ရုက္ခော, ပုနဒေဝ, ရူဟတိ၊ ဧဝံပိ, တဏှာ-နုသယေ, အနူဟတေ၊ နိဗ္ဗတ္တတိ, ဒုက္ခ–မိဒံ, ပုနပ္ပုနန္တိ။ | ဓမ္မပဒ တဏှာဝဂ် ၂၄၀ |

မြန်မာဘာသာပြန်အဓိပ္ပါယ်

ဤလောကဝယ် တခုသောသစ်ပင်၌ ခိုင်မြဲသော အမြစ်ရင်း အမြစ်မကို မဖြတ်အပ်သည်ရှိသော်(မဖြတ်ဘဲလျက်)အကိုင်းအခက်ချကိုသာ ဖြတ်အပ်သော သစ်ပင်သည်၊ နောက်တဖန် အကိုင်းအခက်တို့ဖြင့်၊ တိုးတက်ပွါးစီးလျက်၊ ကြီးပွါးပြောင်းဖြစ်သကဲ့သို့၊ ထို့နည်းအတူ သတ္တဝါ ဟူသမျှတို့၌ သံသရာဘဝအဆက်ဆက်က တွဲကာကပ်လိုက်ပါ၍လာသော (အနုသယ) ကိလေသာတရားတို့ကို၊ မပယ်ဖြတ်အပ်သည်ရှိသော် (မပယ်ဖြတ်ဘဲလျက်)(ပရိယုဋ္ဌာန) ကိလေသာမျိုး၊ (ဝီတိက္ကမ) ကိလေသာမျိုးတို့ကိုသာ၊ ပယ်ဖြတ်၍နေသည်ရှိသော်- ဟူ၍လည်းဆို။ အမြစ်ရင်း, အမြစ်မ, မပြတ်သော သစ်ပင်ကဲ့သို့၊ နောက်ထပ်တဖန်၊ ရုပ်, နာမ်, နှစ်ပါးသန္ဓာပါးပါးဟူသောအကျိုး ဒုက္ခသစ္စာတရားတို့သည်၊ ဖြစ်ပွါးပေါ်လာဥုးမည်ပင်တည်းဟု ဟောတော်မူ၏။

(၁) ဤအရာ၌(ပရိယုဋ္ဌာန) ကိလေသာနှင့်(ဝီတိက္ကမကိလေသာ)တို့ကို၊ ပယ်ပျောက်နိုင်ရန်ကား၊ ကာမာဝစရကုသိုလ်ကံ ခေါ်သော ပရိကမ္မဘာဝနာ ဝိပဿနာစိတ်၏ တာဝန်ဖြစ်၏။(၂) (အနုသယ) ကိလေသာတို့ကို ပယ်ပျောက်နိုင်ရန်ကား၊ မဂ်လေးပါးတို့၏ အသီးအသီးသော တာဝန်ဖြစ်၏။

(က) ဤမျှသော စကားအစဉ်ဖြင့် ရုပ်, နာမ် တရား ဟူသော အကျိုး ဒုက္ခသစ္စာ၏ ချုပ်ရာသည် "နိဗ္ဗာန်"မည်၏။

(ခ) (တနည်း) တဏှာဟူသော အကြောင်း, သမုဒယသစ္စာ၏ ချုပ်ရာသည် "နိဗ္ဗာန်" မည်၏ ဟူ၍ဆိုခဲ့ပြီးဖြစ်၏။

(ဂ) ဤယခုတဖန် "ကံ" ဖြစ်ခြင်းကြောင့်၊ ဒုက္ခဟူသော ရုပ်, နာမ်သည်ဖြစ်၏။ ။"ကံ"၏ချုပ်ခြင်းကြောင့်၊ ဒုက္ခဟူသော ရုပ်, နာမ်၏ဖြစ်ခြင်းသည် မရှိ-ဟူ၍၊ ဟောတော်မူပုံနည်းကို ပြဆိုဦးအံ့။

(က) ယံကိဉ္စိ ဒုက္ခံ သမ္ဘောတိ၊ သဗ္ဗံ အာရမ္ဘ ပစ္စယာ။
အာရမ္ဘာနံ နိရောဓေန၊ နတ္ထိ ဒုက္ခဿ သမ္ဘဝေါ။ ။
သုတ္တနိပါတ် မဟာဝဂ် ၁၂-ဒွယတာ

(ဧတ္ထ "ဟိ" ကမ္မံ အာရမ္ဘော တိ အာဂတံ။ ။အဋ္ဌကထာ။)

မြန်မာဘာသာပြန်အဓိပ္ပါယ်

(က) "ကံ" ဟူသော အကြောင်းကြောင့်၊ အဇ္ဈတ်အသား အပိုင်း အခြားမရှိ၊ အလုံးစုံသော "ဒုက္ခ" ဟူသော "ရုပ်-နာမ်" တရားသည် ဖြစ်၏။ ။"ကံ" တို့၏ချုပ်ခြင်းကြောင့်၊ "ဒုက္ခ" ဟူသော "ရုပ်-နာမ်" တရား၏ ဖြစ်ခြင်းသည်မရှိ-ဟူ၍ ဟောတော်မူ၏။

ဤအရာ၌၊ ဒုက္ခ ဟူသော ရုပ်,နာမ် ၏ ဖြစ်ခြင်း မရှိရာသည် "နိဗ္ဗာန်"မည်၏။

(ခ) ကမ္မုနာ ဝတ္တတေ လောကော၊ ကမ္မုနာ ဝတ္တတေ ပဇာ။
ကမ္မ နိ, ဗန္ဓနာ သတ္တာ၊ ရထဿာ-ဏီဝ, ယာယတော။
သုတ္တနိပါတ် မဟာဝဂ် ဝါသေဋ္ဌသုတ်

မြန်မာ ဘာသာပြန် အဓိပ္ပါယ်

(ခ) လောကသုံးပါးသည် "ကံ" ကြောင့်ဖြစ်၏။ ။သတ္တဝါအများ သည်"ကံ"ကြောင့်ဖြစ်၏။ ။သတ္တဝါအများသည်"ကံ"၌ဖွဲ့ချည်လျက် ရှိကြ၏။ ။(ထင်ရှားသော ဥပမာစကားဖြင့် ပြဆိုရသော်)အခြံမပြတ်

သွားလာ၍ နေသော, လှည်း, ရထား, အား၊ (အကန့်-မယ်န) ခေါ် သော အရာသည် ဖွဲ့၍-တား၍-ထားသကဲ့သို့ ပေတည်း ဟူ၍ ဟော တော်မူ၏။

### ထိုမှတပါးဆိုဦးအံ့

ဘဝပစ္စယာဇာတိ…ဟူသော ပဋိစ္စသမုပ္ပါဒ် နည်းအရ၊ "ကမ္မဘဝ" ခေါ်သော စေတနာ"ကံ" ကြောင့်၊ ရုပ်-နာမ်, တရားအသစ် ဖြစ်ပေါ်ရခြင်းဟူသော ဇာတိ-ဒုက္ခသည် ဖြစ်၏ဟူ၍ ဟောတော်မူ၏။

ကမ္မပစ္စယော…ဟူသော ပဋ္ဌာန်းနည်းအရ၊ ကုသိုလ်ကံ၊ အကုသိုလ် ကံနှစ်ပါးသည်၊ ဝိပါက်ဖြစ်သော နာမက္ခန္ဓာလေးပါး တို့အားငှင်း=ရူပက္ခန္ဓာ နယ်ဖြစ်သော ကမ္မဇရုပ် တို့အားငှင်း=ကမ္မ ပစ္စည်းအဖြစ်ဖြင့်၊ ပဋိသန္ဓေအခါ၊ ပဝတ္တိအခါ-ဟူသော အချိန်အခါ ၂-မျိုးတို့၌ပင်၊ ထိုက်သက် ရာရာ၊ ကျေးဇူးပြု၍ ဖြစ်ပွါးစေကုန်၏-ဟူ၍ ဟောတော်မူ၏။

ဤနည်းနှစ်ပါးအရဖြင့်၊ စေတနာဟူသော "ကံ" သည်၊ရုပ်-နာမ် တရားဟူသော ဒုက္ခသစ္စာကို၊ ဖြစ်ပွါးပေါ်လာစေမှုဖြင့်၊ အကြောင်း သမုဒယသစ္စာတရားမည်၏။

ရုပ် နာမ်တရားဟူသော ဒုက္ခသစ္စာသည်၊ စေတနာ ဟူသော"ကံ" ကြောင့်၊ ဖြစ်ပေါ်လာသဖြင့်၊ အကျိုးဒုက္ခသစ္စာတရားမည်၏။

[∴ဘဝေါ-ဘဝေါတိ ဘန္တေ ဝုစ္စတိ၊ ကိတ္တာဝတာနုခေါ ဘန္တေ, ဘဝေါ ဟောတိ။ ။ဓာတုဝေပက္ကံ စ အာနန္ဒ-ကမ္မံ နာဘဝိဿ၊ အပိနုခေါ–ကာမဘဝေါ ပညာယေထာတိ။ ။ နော. ဟေတံ ဘန္တေ။ ။ဣတိ ခေါအာနန္ဒ၊ ကမ္မံ, ခေတ္တံ၊ ဝိညာဏံ, ဗီဇံ၊ တဏှာ, သ္နေဟော၊ ဧဝံ ခေါ အာနန္ဒ ဘဝေါတိ။]

(တိကင်္ဂုတ္တရ အာနန္ဒဝဂ်၊ ၁၉၇)

မြန်မာဘာသာပြန်အဓိပ္ပါယ်

※ ဘုန်းတော်ကြီးလတ်၊ အသျှင်မြတ်ဘုရား။
အသျှင်မြတ်ဘုရားသည် "ဘဝ-ဘဝ"ဟူ၍ ဟောကြားအပ်၏။

ဘုန်းတော်ကြီးမား၊အသျှင်မြတ်ဘုရား။
အဘယ်မည်သော အတိုင်းအရှည်ဖြင့်"ဘဝ"မည်သောတရားသည် ဖြစ်ပါသနည်းဟုမေးလျှောက်၏။

အို–ငါ၏ချစ်သား အာနန္ဒာ။

ကာမဘုံဟု ဆိုအပ်သော ကာမဓာတ်၌၊ အကျိုးပေးတတ်သော ကုသိုလ်ကံ၊ အကုသိုလ်ကံဟူသော ကမ္မဘဝသည်(အကယ်၍) မဖြစ်ငြားအံ့။ ။ကာမဘုံ ကာမနယ်၌၊ (ဥပပတ္တိဘဝ) သည်၊ ထင်ရာအံ့လော (ဖြစ်ရာအံ့လော)(ဖြစ်ဥုံးမည်လော) ဟု မေးမြန်းတော်မူ၏။

ဘုန်းတော်ကြီးမား၊ အသျှင်မြတ်ဘုရား။

ဤသို့ ကာမဘုံကာမနယ်၌ အကျိုးပေးတတ်သောကုသိုလ်ကံ၊အကုသိုလ်ကံဟူသော ကမ္မဘဝ,မရှိသည်ရှိသော် (မရှိသောအခါ၌)ကာမဘုံ ကာမနယ်၌ (ဥပပတ္တိဘဝ)သည် မထင်သည်သာတည်း။ (မဖြစ်သည်သာတည်း။) (မဖြစ်ပါဘုရား) ဟုလျှောက်ကြားလေ၏။

အို-ငါ၏ချစ်သား အာနန္ဒာ။

ဤသို့လျှင်၊ ကုသိုလ်ကံ၊ အကုသိုလ်ကံဟူသော ကမ္မဘဝသည်၊ ကောက်ပင် စသည်တို့၏ ပေါက်ရောက်ရာ၊ လယ်မြေ သဖွယ်ဖြစ်၍ (ကမ္မံခေတ္တံ)=ဟူ၍ဟောတော်မူ၏။ ။အဘိသင်္ခါရဝိညာဉ်သည်၊မျိုးစေ့ သဖွယ်ဖြစ်၍ (ဝိညာဏံဗီဇံ)=ဟူ၍ ဟောတော်မူ၏။

ကာမဘုံ ကာမနယ် ၌၊ တပ် နှစ်သက် တတ်သော တဏှာ သည်၊ ရေသဖွယ်ဖြစ်၍(တဏှာ သ္နေဟော) = ဟူ၍ဟောတော်မူ၏။

အဝိဇ္ဇာ-ဟူသော မောဟ တရားသည်၊ တားမြစ်ပိတ်ပင်အပ်ကုန်သော, တဏှာဟူသော လောဘတရားသည် နှောင်ဖွဲ့အပ်ကုန်သော သတ္တဝါတို့သည်၊ (တို့အား) ယုတ်နိမ့်သော ကာမဘုံ ဟုဆိုအပ်သော ကာမဓာတ်၌၊ အဘိသင်္ခါရ ဝိညာဉ်သည်-တည်၏။

ဤသို့-တည်သည့်ရှိသော် နောက်အခါ၌ (အနာဂတ်ဘဝ၌) တဖန် ဥပပတ္တိဘဝသည်ဖြစ်၏။

ဒို–ငါ၏ ချစ်သား အာနန္ဒာ။

ဤသည့်သျှင် "ဘဝ" မည်၏ဟူ၍ ဖြေဆို ဟောကြားတော်မူ၏။

[..ပါကနာယ ခါတုယာ စေတနာ ပတိဋ္ဌိတာ၊ ပတ္ထနာ ပတိဋ္ဌိတာ၊ ဧဝံ အာယတိံ ပုနဗ္ဘဝါ-ဘိနိဗ္ဗတ္တိ ဟောတိ။]

ဟူ၍ တ နှိုက်၍ ဟောတော်မူပြန်ရာ၊ ကာမဓာတ်၌ "ကံ"ဟု ဆိုအပ်သော စေတနာသည် တည်၏။ ။"ကံ" ဟု ဆိုအပ်သော တော့ တစ္ဆိုင်းသည်၊တည်၏။ ဤသို့တည်သည့်ရှိသော် နောက်အနာဂတ် အ ခါ တဖန်(ဥပပတ္တိဘဝ)သစ်သည်ဖြစ်၏=ဟူ၍၊ ဟောတော်မူ၏။

ပသို၊+အဥပသို+ လည်း၊ ဤနည်းအတိုင်းပင်၊ဟောတော်မူ၏။

မှတ်ချက်… ဤသည့်သျှင် "ကံ" ၏ ချုပ်ရာသည်"နိဗ္ဗာန်"မည်၏၊=ဟူသော စကား၏အကျဉ်းချုပ် အဓိပ္ပါယ်ပြီး၏။

ဤ၌ဘွင်ရွေ့ကား–

ဓမ္မစကြာသုတ် နိဒါန်းရာဓသစ္စာပြပါဠိတော်ရင်း၏

စ, ..,ဒုက်ခဆုံး၊သုံးပါးလုံး ..၊ မကျဉ်း မကျယ်၊ သိလွယ်

မှ ..လွယ် ရုံသောအဓိပ္ပါယ်ပြခန်း ပြီး၏။

---

## (၁၃–မ-က) (၄) မဂ္ဂသစ္စာပြခန်း

## (၁၃-မ-က) (၄) မဂ္ဂသစ္စာ၏ပါဠိအနက်လေးပါး ပြခန်း

(၄) မဂ္ဂဿ (၁) နိယျာနဋ္ဌော၊ (၂) ဟေတွဋ္ဌော၊ (၃) ဒဿနဋ္ဌော၊ (၄) အဓိပတေယျဋ္ဌော၊ ဣမေ စတ္တာရော မဂ္ဂဿ မဂ္ဂဋ္ဌာ၊(၁) တထာ၊(၂)အဝိတထာ (၃) အနညထာ။

မြန်မာဘာသာပြန် အဓိပ္ပါယ်

မဂ္ဂသစ္စာဟူသောအရိယာမဂ်၏—

(၁) **နိယျာနဋ္ဌ**…မဂ္ဂသစ္စာ ဟူသောမဂ်၏ ဝဋ်သုံးပါးမှ ထုတ်ဆောင်ကြောင်းဖြစ်သော "နိယျာနဋ္ဌ"အနက်သဘော။

(၂) **ဟေတွဋ္ဌ**….သဒ္ဓါ, သတိ, အစရှိသော အရိယဓမ္မ, ဟူသမျှတို့၏၊အဆင့်ဆင့်ကြီးမြင့်,တိုးပွါးကြောင်း၊အကြောင်းရင်းဖြစ်သော"ဟေတွဋ္ဌ"အနက်သဘော။

(၃) **ဒဿနဋ္ဌ**…နိရောဓသစ္စာ ဟူသော နိဗ္ဗာန်ကို၊ အာရုံပြုမြင်ခြင်းဟူသော"ဒဿနဋ္ဌ"အနက်သဘော။

(၄) **အဓိပတေယျဋ္ဌ**…တဏှာ-သုံးမျိုး၊ အုပ်စိုး-စီမံ၊ သူ - မခံဘဲ၊ ငြင်းဆန်,အစိုးရခြင်းဟူသော "အဓိပတေ-ယျဋ္ဌ"အနက်သဘော။

ဤသို့လျှင် မဂ္ဂသစ္စာဟူသော မဂ်၏ မဂ္ဂသစ္စာ၏ အနက်သဘောဖြစ်ကုန်သော လေးပါးကုန်သော ဤအနက်သဘောတို့သည် (၁)မှန်ကန်ကုန်၏။ ။(၂) မချွတ်ယွင်းကုန်။ ။(၃)ဝဋ်သုံးပါးမှ၊ ထုတ်ဆောင်ကြောင်းဖြစ်သော"နိယျာနဋ္ဌ"သဘောမှတပါး၊မထုတ်ဆောင်ကြောင်းဖြစ်သော အခြင်းအရာမှ ကင်းကုန်၏။

ဤပါဠိတော်၏အနက်သဘောကို ထင်ရှားစေဉးအံ့။

(က) မဂ္ဂသစ္စာဟူသော မဂ်၏အနက်ဟော ပါဠိအကျယ် လေးပုဒ်ကို (နိ၊ ဟေ၊ ဒ၊ အ၊)ဟူ၍အကျဉ်းရေးပြ။

(ခ) ထို့နောက် ထိုပါဠိလေးပုဒ်၏ အနက်ဆို၍ပြ။

(ဂ) ထို့နောက် ထိုအနက် လေးပါးထည်းမှ၊ (မူလ) အနက်တပါးဆို၍ပြ။

(ဃ) ထို့နောက် ကျန်သောအနက်သုံးပါးကို (အာကာရ) အခြင်းအရာပြ အနက်ဆို၍ပြ။

(င) ထို့နောက် ကျန်သောသစ္စာသုံးပါးထည်းမှ၊ အနက်သုံးပါးကိုယူ၍(ပမာဏဌ)နိုင်းယှဉ်ပြ အနက်ဆို၍ပြ။
(စ) ထို့နောက် နှိုင်းယှဉ်ပြအနက်နှင့် အခြင်းအရာပြ အနက်သုံးချက်ကို တွဲးဆက်၍ပြ။
(ဆ) ထို့နောက် ထိုစကားအလုံးစုံတို့၏ နိဂုမ်းချုပ်လက်ာပြ။

---

## ဤအမှာစကားအရ အကျဥ်းချုပ်ဆောင်ပုဒ်လင်္ကာ

(က) မဂ္ဂ-အနက်၊ မိန့်ဆိုခြက်အံ့၊ ကျမ်းထွက်အရှိ၊ ဤသို့သိလေ၊ (နိ၊ ဟော၊ ဒ၊ အ၊)လေးပဒါမှတ်ကြ အကျဉ်းမြက်။
(ခ) ထုတ်ဆောင်+ကြောင်းရင်း၊သိမြင်ခြင်းနှင့်၊ လွတ်ကင်းစိုးရ၊ လေးနည်းပြ၊မှတ်ကြ မဂ္ဂ-နက်။
(ဂ) နိယျာနဋ္ဌ၊ ထုတ်ဆောင်ပြ၊ မှတ်ကြမူလနက်။
(ဃ) ကြောင်းရင်း-ဟေတု၊ မြင်မှု-ဒဿန၊ စိုးရ- အဓိ၊သုံးပါးရှိ၊ မှတ်ဘိ ခြင်းရာနက်။
(င) သမု-နိဒါ၊ အစစ္စာဖြင့်၊ နိဒ္ဒမှာ-အသင်၊ ဒုက်တွင်-သန်တ၊ သုံးနည်းပြ၊ မှတ်ကြ နှိုင်းယှဉ်နက်။
(စ) သမု-နိဒါ၊အစ-ဖြာ၍၊ မဂ္ဂါ- ဟေတု၊ စပ်ယှဉ်ပြ၊ မှတ်ရှု နှိုင်းယှဉ် ခြင်းရာ၊(တစ်-၁)အဆက်။
(ဆ) နိရော-အသင်၊ ရှေးဦးတင်၍၊ မဂ္ဂင်-ဒဿန၊ ဤသို့ပြ၊ မှတ်ကြ နှိုင်းယှဉ်ခြင်းရာ၊(နှစ်-၂)အဆက်။
(ဇ) ဒုက္ခ-သစ္စာ၊ သန်တာနှင့်၊ မဂ္ဂါ-အဓိ၊ စပ်ယှဉ်ဘိ၊ မှတ်သိ နှိုင်းယှဉ် ခြင်းရာ၊(သုံး-၃)အဆက်။
(ဈ) ပါဠိအနက်၊ လေးချက်မှတ်သား၊ ဤသို့အားဖြင့်၊ ∴တပါးမူလ၊ နောက်မှခြင်းရာ၊+သုံးနက်လာ၍၊ တဖြာနှိုင်းယှဉ်၊+သုံးနက်ပင်တည်း၊ ထိုပြင်ဖြစ်ဘက်၊ နှိုင်းယှဉ်ချက်နှင့်၊ ပေါ်ထွက်ခြင်းရာ၊ တွဲးဆက်လာသည်၊ မိန့်မှာအဋ္ဌကထာနည်းတည်း။

ဤသည်ကား အမှာစကားတည်း။

ဤသို့ ပြဆိုအပ်ခဲ့ပြီးသော အကျဉ်းချုပ်လက်ာ၏ အဓိပ္ပါယ်အကျယ် အဖြေသည်ကား ဤသို့တည်း။

## (၁၃-မ-ခ) (၄) မဂ္ဂသစ္စာ၏ အနက်လေးပါး အကျယ်ပြခန်း

မဂ္ဂသစ္စာဟူသောမဂ်၏ အနက်သဘောသည်–

(၁) နိ=နိယျာနဋ္ဌ၊ ဝဋ်သုံးပါးမှ၊ ထုတ်ဆောင်ခြင်း ဟူသော အနက်သဘောရှိ၏။

(၂) ဟေ=ဟေတွဋ္ဌ၊ တိုးပွါးခြင်း၏-အကြောင်းရင်း ဟူသော အနက်သဘောရှိ၏။

(၃) ဒ=ဒဿနဋ္ဌ၊ ရှုမြင်ခြင်း ဟူသော အနက်သဘောရှိ၏။

(၄) အ=အဓိပတေယျဋ္ဌ၊ အစိုးရခြင်း ဟူသော အနက် သဘော ရှိ၏။

ထို့ကြောင့်-(က) ※ မဂ္ဂ အနက်၊····(နိ၊ ဟေ၊ ဒ၊ အ၊) လေးပဒ၊ မှတ်ကြ အကျဉ်းပြက်။

(ခ) ※ ထုတ်ဆောင်, ကြောင်းရင်း၊ သိမြင်ခြင်းနှင့်၊ လွှတ်ကင်း-စိုးရ၊ ဤသို့ပြ၊ မှတ်ကြ မဂ္ဂနက်=ဟူ၍ဆိုခဲ့ပြီ။

---

## (၁၃-မ-ဂ) (၄) မဂ္ဂသစ္စာ၏ မူလအနက်တပါး အကျယ်ပြခန်း

ထိုမှတပါးတုံ၊ ဆိုဉ္စုံး…တိုလေးပါးသော အနက် သဘောတို့တွင် (၁) "နိယျာနဋ္ဌ" ဝဋ်သုံးပါးမှ၊ ထုတ်ဆောင်ခြင်း, ဟူသော အနက်သဘောသည်၊ မဂ္ဂသစ္စာ ဟူသောမဂ်၏ အမြဲမပြတ် ထက်ကြပ်ပါရှိသော အနက်သဘောဖြစ်၍ ထို"နိယျာနဋ္ဌ" အနက်သဘောသည် မဂ္ဂသစ္စာ၏ မူလအနက်မည်၏။

ထို့ကြောင့်-(ဂ) ※ နိယျာနဋ္ဌ၊ ထုတ်ဆောင်ပြ၊ မှတ်ကြ မူလနက်= ဟူ၍ ဆိုခဲ့ပြီ။

## (၁၃-မ-ဃ) (၄) မဂ္ဂသစ္စာ၏ (အခြင်းအရာပြ) အနက်သုံးပါး အကျယ်ပြခဏ်း

ထိုမှတပါးတုံ၊ ဆိုဦးအံ့…(၂) ဟေတွဋ္ဌ၊ အကြောင်းရင်း ဟူသော အနက်သဘော။

(၃) ဒဿနဋ္ဌ၊ မြင်ခြင်းဟူသော အနက်သဘော။

(၄) အဓိပတေယျဋ္ဌ၊ အစိုးရခြင်းဟူသော အနက်သဘော။

ဤသုံးပါးသော အနက်သဘောသည်၊ မဂ္ဂသစ္စာဟူသော မဂ်၏ ဝဋ်သုံးပါးမှ လွတ်ဆောင်မှု၊ ပြုပုံကိုပြသော အနက်သဘောဖြစ်၍ မဂ္ဂသစ္စာ၏ (အာကာရဋ္ဌ) အခြင်းအရာပြ အနက်မည်၏။

ဤအရာ၌ထင်ရှားစေဦးအံ့…မဂ္ဂသစ္စာ၏ (၁)"နိယျာနဋ္ဌ" သဘော ရှိ၏ ဟု ဆိုရာဝယ်၊ အဘယ်သို့လျှင် (၁) "နိယျာနဋ္ဌ"သဘောရှိပါသနည်း၊ (၁) "နိယျာနဋ္ဌ" သဘောရှိပုံကို၊ အစုံအလင် ထင်ရှားစွာ ပြဆိုပါလော-ဟု၊ ဆိုသော စကားရှိရာသော ကြောင့်၊ မဂ္ဂသစ္စာ၏ (၁) "နိယျာနဋ္ဌ" သဘောရှိပုံကို "ဟေတွဋ္ဌ" အစရှိသော သုံးပါးသော အခြင်းအရာပြ စကားတို့ဖြင့် ထင်ရှားစွာ သိစေ၏။

(၂) ဟေတွဋ္ဌ၊ အကြောင်းရင်း ဖြစ်[illegible]င်းသဘောရှိ၏။

(၃) ဒဿန[illegible]၊ ရှုမြင်[illegible]င်းသဘောရှိ၏။

(၄) အဓိပတေယျဋ္ဌ၊ အစိုးရခြင်းသဘောရှိ၏။

လို့[illegible]ကြောင့်-(ဃ) [illegible] ကြောင်းရင်း-ဟေတု၊ [illegible]င်မှု-ဒဿန၊ စိုးရ-အဓိ၊ သုံးပါးရှိ၊ မှတ်ဘိ ခြင်းရာ နက်=ဟူ၍ ဆိုခဲ့ပြီ။

---

## (၁၃-မ-င) (၄) မဂ္ဂသစ္စာ၏ (နှိုင်းယှဉ်ပြ) အနက်သုံးပါး အကျယ်ပြခဏ်း

ထိုမှတပါးတုံ၊ ဆိုဦးအံ့…

(၁) သမုဒယသစ္စာ ဟူသော လောဘ၏ "နိဒါနဋ္ဌ"၊ ဒုက္ခဝဋ္ဋ၊ ဒုက္ခ-မှုကို၊ စုဆောင်းရှာဖွေ၊ ပေးဆက်ခြင်း ဟူသော အနက်သဘော။

(၂) နိရောဓသစ္စာဟူသော နိဗ္ဗာန်၏ "အသင်္ခတဋ္ဌ" မပြုပြင်ရခြင်းဟူသော အနက်သဘော။

(၃) ဒုက္ခသစ္စာဟူသော ရုပ်နာမ်တရား နှစ်ပါး၏ "သင်္ခတဋ္ဌ" ပြုပြင်ရခြင်း ဟူသော အနက်သဘော။

ဤသုံးပါးသော အနက်သဘောသည်၊ မဂ္ဂသစ္စာဟူသော မဂ်၏ပြဆိုအပ်ခဲ့ပြီးဖြစ်သော "နိယျာနဋ္ဌ" အစရှိသော လေးပါးသော အနက်သဘောရှိပုံကို၊ ယုံကြည်လေးစားမှု၊ ခိုင်မြဲစေရန်၊ ကျန်သော သစ္စာသုံးပါး၏ အနက်တို့ဖြင့် နှိုင်းယှဉ်၍ ပြဆိုသော အနက်သဘော ဖြစ်၍၊ ထိုအနက်သုံးပါးသည်(ပမာဏဋ္ဌ)နှိုင်းယှဉ်ပြအနက်မည်၏။

(၁) နိဒါနဋ္ဌ၊ အကြောင်းရင်း ဖြစ်ခြင်းသဘော။
(၂) အသင်္ခတဋ္ဌ၊ မပြုပြင်ရခြင်းသဘော။
(၃) သင်္ခတဋ္ဌ၊ ပြုပြင်ရခြင်းသဘော။

ထို့ကြောင့်—(င)※ သမု- နိဒါ၊ အစ-စ္စာ-ဖြင့်၊ နိမ်မှာ-အသင်၊ ဒုက်တွင်-သင်္ခတ၊သုံးနည်းပြ၊ မှတ်ကြနှိုင်းယှဉ်နက်=ဟူ၍ဆိုခဲ့ပြီ။

ဤအရာ၌ "ဟေတွဋ္ဌ" အနက်ကိုမူတည်၍၊ အနည်းငယ် စိစစ်၍ ပြဦးအံ့။ ။ဤသို့ပြဆိုရာ၌ လွယ်ကူစွာသိမြင်နားလည်စေရန်၊ တခုသောမဂ်၏ တကြိမ်တည်းဖြစ်ရာ၌ လေးပါးသောအနက် သဘောဖြစ်ပုံကို(*ဥပ္ပတ္တိက္ကမ) ဖြစ်စဉ်ကဲ့သို့ပြ၍ ရေးသားပြဆိုအံ့။

(၂)※ဟေတွဋ္ဌ၊သဒ္ဓါ၊ သတိ,အစရှိသော အရိယဓမ္မ ဟူသမျှတို့၏ အဆင့်ဆင့်ကြီးမြင့် တိုးပွါးကြောင်း၊ အကြောင်းရင်း ဖြစ်သောအနက်ဆိုရာ၌—

["လောကိယေပိ, ယထာယောဂံ၊ ဆဗ္ဗိသုဒ္ဓိ ပဝတ္တိယံ] ဟုပြဆိုအပ်သော စကားအရဖြင့် ပြပေအံ့။

ပုထုဇဉ် ပုဂ္ဂိုလ်တို့၏ သန္တာန်၌မူ၊ သဒ္ဓါ၊သတိ၊ ဝီရိယ၊ ဆန္ဒ,အစရှိသော စေတသိက် တရားကောင်းတို့သည် (ထိုပုဂ္ဂိုလ်၏ သန္တာန်၌) (သီလဝိသုဒ္ဓိ)အစရှိသော ခြောက်ပါးသော ဝိသုဒ္ဓိတို့၏ ဖြစ်သော အခိုက်အတန့်၌သာလျှင်၊ အခါအားလျော်စွာ ဖြစ်လိုက်သော တရား

တို့သည် ဖြစ်ကြကုန်၏။ ။ဝိသုဒ္ဓိခြောက်ပါး တရားတို့ မဖြစ်ခဲ့လျှင် (ဖောဓိပက္ခိယ)အမည်ခံသော တရားတို့သည်လည်း မဖြစ်ကြကုန်။

ပါရမီအလှူး ဆည်းပူးအားထုတ်နေဆဲ ဖြစ်သော ပုထုဇဉ်ပုဂ္ဂိုလ်တို့၏အလို့ဖြစ်ပုံ၊ ဤဆိုလတ္တံ့သော စကားအတိုင်းပင် ဖြစ်ရာ၏။ ။ (ပုံခိုပြစကားဖြင့် ထင်ရှားစေအံ့)။ ။ဤ''ဓမ္မစကြာ''ဟူသော တရားမြတ် တရားအလှူးကို ဦးစွာအစ၊နာယူရသော အသျှင်''ကောဏ္ဍည'' ထေရ် အလောင်းတော်သည် ရှေးလွန်လေပြီးဖြစ်သော ဘဝတခု၌ နတ်သားအဖြစ်ဖြင့် တည်နေရစဉ် ပွင့်တော်မူဦးစ, ဖြစ်သော ပဒုမုတ္တရမြတ်စွာဘုရားသျှင်အား ဘွဲ့မိန်းတော်ဦးအလှူကို ကြည်ဖြူစွာ ကပ်လှူခဲ့းလျှင် ဤကောင်းမှုကြောင့် ''ဓမ္မစကြာ''ဟူသော တရားအလှူးကို၊ ဦးစွာအစ၊ နာယူရပါလို၏ဟု၊ ဆုတောင်း၍ ကုသိုလ်အလှူး၊ဆည်းပူးပွါးများ၍လာခဲ့ရာ၊ ရှည်လျားလှစွာသော သံသရာကြီး အတွင်း၌ ဘဝတိုင်း+ဘဝတိုင်းတို့၌ သဒ္ဓါ၊သတိ၊ဝီရိယ၊ ဆန္ဒ,အစရှိသောတရားတို့သည် (ပကတူ ပနိဿယပစ္စည်း) သဘောဖြင့် တဘဝထက်+တဘဝသာလျှင်၊ တိုးတက် ရင့်မာသန်စွမ်းသျက် (ဟေတွဥ္ဇ)အနက်+သဘောသို့ ဆိုက်ရောက်ကြကုန်၏။ ။တဖန်(ဟေတွဥ္ဇ) အနက်သဘောရှိသော တရားတို့သည် တိုးပွါးပြန်သဖြင့် နိဗ္ဗာန်ကို အာရုံပြု၍ မြင်စွမ်းနိုင်သော(ဒဿနဥ္ဇ)အနက် သဘောသို့ ဆိုက်ရောက်ကြပြန်၏။

ဤသို့(ဟေတွဥ္ဇ+ဒဿနဥ္ဇ) အနက်သဘောရှိသော တရားတို့သည် တိုးပွါးရင့်သန်၍ လာပြန်သဖြင့် ကာမတဏှာစသောတဏှာသုံးမျိုး တို့သည်၊အုပ်စိုးစီမံရန်အခွင့်ကို မရမူ၍ ထိုတဏှာသုံးမျိုးတို့သည်(တဘဝ အောက်+နောက်တဘဝ) (တဆင့်အောက်+တဆင့်)ဆိုဘိသကဲ့သို့၊ နိမ့်ကျ သေးငယ်သိမ်ဖျင်းသောဒုဗ္ဗလ,အဖြစ်ဖြင့် ကျင်လည်၍လာခဲ့လေရာ၊ငါတို့''ဂေါတမ''မြတ်စွာဘုရားသျှင်၏အထံ၌''ကောဏ္ဍညောနာမနာမေန''ဆိုသည့်အတိုင်း''ကောဏ္ဍည''ဟူသောအမည်ဖြင့်''ဓမ္မစကြာ'' ဟူသော တရားအလှူးကို၊ရှေးဦးစွာအစ၊ နာယူရလတ္တံ့သော အချိန်၏အနီးသို့ပင် ဆိုက်ရောက်၍ လာတော့၏။

ဤသို့ပင်ဖြစ်စေ၊ ဤစကားတို့သည် လောကီဝိသုဒ္ဓိနယ်အတွင်း၌သာ လျှင်ဖြစ်၍ ခိုင်မြဲးပြီ- ဟူ၍၊ မဆိုသာချေသေး။ ။လောကီစိတ်မျိုးမျှ ပင်ဖြစ်သေး၍ ပါရမီမှု၊ ပြုစုပျိုးထောင်သောအခါမျိုးဟူ၍သာ ဆိုရ သေး၏။

ထို့နောက်''ဓမ္မစကြာ''တရားကြားနာရ၍သောတာပန်ပုဂ္ဂိုလ်၏ အ ဖြစ်၌တည်နေသောအသျှင်မြတ်(ကောဏ္ဍညာ)ထေရ်၏သန္တာန်၌မူ(ပဥမ) သောတာပတ္တိမဂ်ကို ရသည့်အချိန်ကစ၍ သဒ္ဓါ၊ သတိ၊ ဝီရိယ၊ ဆန္ဒ အစရှိသော တရားတို့သည်၊ သဒ္ဓိန္ဒြေ၊ သတိန္ဒြေ၊ ဝီရိယိန္ဒြေ၊ ဆန္ဒိဒ္ဓိပါဒ် စသောအမည်ကိုခံယူ၍မဂ်လေးပါး ဖိုလ်လေးပါးအဆင့်ဆင့်သို့ လိုက်ပါ ၍တိုးပွါးသည်ထက်သာ၊တိုးပွါးရင့်သန်၍လောကုတ္တရာ(ဗောဓိပက္ခိယ) ဟူသော အမည်ကိုခံယူကြကုန်၏၊ နောက်သို့တဖန်ပြန်၍ ပျက်ကွက် ဆုတ်နစ်ခြင်းဟူ၍မရှိရာချေ။

ဤသို့အားဖြင့် သဒ္ဓါ၊ သတိ၊ ဝီရိယ၊ ဆန္ဒ အစရှိသောတရားတို့သည်၊ တဆင့်ထက်+တဆင့်၊ ရင့်မာသန်စွမ်းလျက် ဖြစ်ပေါ်လာမှသာလျှင်၊ ဤမဂ်လေးပါးအစဉ်အတိုင်း၊ ဝဋ်သုံးပါးမှ သတ္တဝါတို့ကို ထုတ်ဆောင် ထွက်မြောက်စေနိုင်မည်ဖြစ်၏။

ဤသို့အားဖြင့်မဂ်၏''ဟေတွဋ္ဌ''ဟူသောအမည်ကိုရမှ၊''ဒဿနဋ္ဌ'' နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် မြင်နိုင်မည်ဖြစ်ပြန်၏။ ။နိဗ္ဗာန်ကို မြင်စွမ်းနိုင်သော အရိယာပုဂ္ဂိုလ်ဖြစ်မှသာလျှင်၊မဂ်၏သတ္တိဖြင့်၊ တဏှာ သုံးမျိုး၊ အုပ်စိုးစီမံရန်အခွင့်ကို မရမူ၍ (အဓိပတေယျဋ္ဌ) မိမိဟူသော မဂ်သည်ပင် အကြီးအမှူး ဥးစီးပဓာန ဖြစ်၍ မဂ်ကိစ္စဟူသမျှကို၊ပြီးစီး စေနိုင်မည်ဖြစ်၏။

ထိုသို့မဟုတ်ဖြစ်ခဲ့လျှင် (ရာဂ-ရတ္တာ န ဒက္ခန္တိ၊ တမော-ခန္ဓေန အာဝုတာ)=ဟူ၍ ဟောတော်မူသည့်အတိုင်း၊ တဏှာသုံးမျိုး အုပ်စိုး စီမံခြင်းကို ခံယူကြရကုန်သော ပုထုဇဉ် လူနတ် ဗြဟ္မာ သတ္တဝါ ကိုဖြစ် ၍ နိဗ္ဗာန်တရားကို ကေန်အာရုံမပြုနိုင်။

နိဗ္ဗာန်ဟူသော တရားမြတ်၏ သန္တိသုခ အမတဓာတ်ကို,တပ်အပ် ထင်ထင် မမြင်မသိသေးသောသူသည်၊ သဒ္ဓါ၊ သတိ၊ ဝီရိယ၊ ဆန္ဒ အစ ရှိသော တရားတို့၏၊ တိုးပွါးရင့်သန်သော''ဟေတွဋ္ဌ''ဟူသောအမည်ကို

မရနိုင်၊ ထိုအခါအဘယ်သို့လျှင် (နိယျာနဋ္ဌ) ဝင့်သုံးပါးမှ ထုတ်ဆောင် တတ်သော အနက်သဘောသို့ ရောက်နိုင်ပါအံ့နည်း။

ဤသို့ဖြစ်၍ ဤအရာတို့သည်ကား၊ အဓိပ္ပါယ်စကားဖြင့် ထင်ရှား သိသာအောင်ရေးသားရန်၊ ခက်ခဲများပြားသည့်ပြင်၊ "သုခုမဋ္ဌ" သိမ် မွေ့သော အနက်သဘောတို့သာဖြစ်၍ မိမိတို့ဉာဏ်ဖြင့် အဖန်ဖန် သုံး သပ်ဆင်ခြင်၍၊ ထင်မြင်အောင် နှလုံးသွင်းနိုင်ကြပါစေသတည်း။ ။

(ဤတွင်စကားတရပ်ပြီး၏။)

## (၄) မဂ္ဂသစ္စာ၌ (၁) မူလအနက်တပါးဖြစ်ပုံ အကျယ်ပြခန်း

ထိုမှတပါးတုံဆိုဦးအံ့....မဂ္ဂသစ္စာ ဟူသော မဂ်၏ ဝဋ်သုံးပါးမှ ထုတ်ဆောင်ကြောင်း မူလ အနက်ဖြစ်သော "နိယျာနဋ္ဌ"အနက်သဘောရှိပုံသည်၊ မိမိဟူသော မဂ္ဂသစ္စာ၏သဘော အားဖြင့်ပင် ထင်လင်းစွာသိအပ်သောကြောင့် မဂ္ဂသစ္စာ၏"နိယျာနဋ္ဌ" အနက်သဘောသည်၊ မဂ္ဂသစ္စာ၏ မူလအနက်မည်၏။

ထို့ကြောင့်–(၈)..နိယျာနဋ္ဌ၊ ထုတ်ဆောင်ပြ၊ မှတ်ကြမူလနက်= ဟူ၍၊ဆိုခဲ့ပြီ။

## (၄) မဂ္ဂသစ္စာ၌ နှိုင်းယှဉ်ပြ အနက်သုံးပါးနှင့်၊ အခြင်း အရာပြ အနက်သုံးပါးကို တွဲဆက်၍ပြခန်း

### (မ-ပ)..နိဒါနဋ္ဌနှင့်၊..ဟေတွဋ္ဌ ဆက်ပုံပြခန်း

သမုဒယသစ္စာ ဟူသော လောဘ ၏ ဝဋ်သုံးပါး၌ အဖန်ဖန်ဖြစ် ကြောင်း ဖြစ်သောဒုက္ခဝဋ္ဋ၊ ဒုက္ခမှုတို့ကို၊ စုဆောင်းရှာဖွေ,ပေးအပ်, ဆောင်နှင်း, ခြင်းဟူသော "နိဒါနဋ္ဌ" အနက်သဘောရှိပုံကို၊ ဉာဏ်ဖြင့် ရှုမြော် မြင်သိသဖြင့်။ ။(ဤသည်ကား-ပမာဏဋ္ဌ)။

ဤမဂ္ဂသစ္စာဟူသောမဂ်၏ ဝဋ်သုံးပါးမှ ထုတ်ဆောင်၍ နိဗ္ဗာန်သို့ ရောက်ကြောင်း (ရောက်ဘို့ရာ အတွက်) သဒ္ဓါ၊ သတိ၊ ဝီရိယ, အစရှိ

သော စေတသိက် တရားကောင်းတို့၏၊တိုးပွါးကြောင်း-ဟူသော "ဟေ တွဋ္ဌ" အနက်သဘောရှိပုံသည်၊ အခြင်းအရာအားဖြင့် ထင်ရှား၏။ ။ (ဤသည်ကား-အာကာရဋ္ဌ)။

ထို့ကြောင့်—(စ) ※ သမု-နိဒါ၊ အစ ဖြာ၍၊မဂ္ဂါ-ဟေတု၊ စပ်ယှဉ်ပြု၊ မှတ်ရှု-နိုင်းယှဉ် ခြင်းရာ၊ (တစ်—၁)အဆက်=ဟူ၍၊ ဆိုခဲ့ပြီ။

---

## (မ-ဒ) ※ အသခ်တဋ္ဌနှင့်၊ ※ ဒဿနဋ္ဌဆက်ပုံပြခဏ်း

နိရောဓ သစ္စာဟူသော နိဗ္ဗာန်၏ သိမ်မွေ့သော, နက်နဲသော, သိမြင်နိုင်ခဲသော,မပြုပြင် အပ်သော,မသေ နိုင်သော "အသခ်တဋ္ဌ" "အမတဋ္ဌ" အနက်သဘောရှိပုံကို၊ ဉာဏ်ဖြင့် ရှုမြော် မြင်သိသဖြင့်။ ။ (ဤသည်ကား-ပမာဏဋ္ဌ)။

ဤမဂ္ဂသစ္စာဟူသောမဂ်၏ နိဗ္ဗာန်ကို အာရုံပြု သိမြင်ခြင်း=ဟူသော "ဒဿနဋ္ဌ" အနက်သဘောရှိပုံသည်၊ အခြင်းအရာ အားဖြင့် ထင်ရှား၏။ ။(ဤသည်ကား-အာကာရဋ္ဌ)။

ထို့ကြောင့်—(ဆ) ※ နိရော-အသင်၊ ရှေးဦးတင်၍၊မဂ္ဂင်-ဒဿန၊ ဤသို့ပြ၊မှတ်ကြ-နိုင်းယှဉ် ခြင်းရာ၊(နှစ်—၂)အဆက်=ဟူ၍၊ ဆိုခဲ့ပြီ။

---

## (မ-တ) ※ သခ်တဋ္ဌနှင့်၊ ※ အဓိပတေယျဋ္ဌ ဆက်ပုံပြခဏ်း

ဒုက္ခသစ္စာဟူသော ခန္ဓာငါးပါး၊ ရုပ် နာမ်တရားတို့၏ တဏှာသုံးမျိုး၊ အုပ်စိုးစီမံမှုကြောင့်ဖြစ်သော "သခ်တဋ္ဌ" အနက်သဘောရှိပုံကို၊ ဉာဏ်ဖြင့် ရှုမြော် မြင်သိသဖြင့်။ ။(ဤသည်ကား-ပမာဏဋ္ဌ)။

ဤမဂ္ဂသစ္စာ ဟူသော မဂ်၏ မိမိ၏ အထက်၌၊ အာဏာ ကြမ်းမိုး၊ တန်ခိုး အရှိန် အဝါဖြင့် အုပ်စိုး စီမံတတ်သော တရားတပါး မရှိချ၍၊ မိမိဟူသောမဂ်သည်ပင်၊ အကြီးအမှူး၊ ဦးစီး, ပဓာန, ဟူသော "အဓိပတေယျဋ္ဌ" အနက်သဘောရှိပုံသည်၊ အခြင်းအရာ အားဖြင့် ထင်ရှား၏။ ။(ဤသည်ကား အာကာရဋ္ဌ)။

ထို့ကြောင့်—(ဇ) ※ ဒုက္ခ သစ္စာ၊သခ်တာ နှင့်၊ မဂ္ဂါ-အဓိ၊စပ်ယှဉ်ဘိ၊ မှတ်သိ နိုင်းယှဉ် ခြင်းရာ၊ (သုံး—၃)အဆက်=ဟူ၍၊ ဆိုခဲ့ပြီ။

ဤသို့အကျယ် ပြဆိုခဲ့ပြီးဖြစ်သော စကားအစဉ်ကို၊ အကျဉ်းချုပ် လက်ာဖြင့် နိဂုမ်းအုပ်ပြအံ့။

(ဈ) ∴ ပါဠိ အနက်၊ လေးချက် မှတ်သား၊ ဤသို့ အားဖြင့်+ တပါးဌလ၊ +နောက်မှခြင်းရာ၊ +သုံးနက်-လာ၏၊ တဖြာ နှိုင်းယှဉ်၊ +သုံးနက် ပင်တည်း၊ ထိုပြင် ဖြစ်ဘက်၊ နှိုင်းယှဉ် ချက်နှင့်၊ ပေါ်ထွက် ခြင်းရာ၊ တွဲဆက် လာသည်၊ မိန့်မှာ အဋ္ဌကထာနည်းတည်း=ဟူ၍၊ ဆိုခဲ့ပြီ။

---

## (၄) မဂ္ဂသစ္စာ၏ အနက်လေးပါး အဓိပ္ပါယ်ပြ ဇယားပုံစံ

| | |
|---|---|
| ⁂မူလအနက်-၁<br>(၁) နိယျာနဋ္ဌ၊ ထုတ်ဆောင်ခြင်း၊ | ⁂အာကာရဋ္ဌ၊ အခြင်းအရာပြအနက်-၃<br>(၁) ဟေတွဋ္ဌ၊ အကြောင်းရင်း ဖြစ်ခြင်း။<br>(၂) ဒဿနဋ္ဌ၊ မြင်ခြင်း၊<br>(၃) အဓိပတေယျဋ္ဌ၊ အစိုးရခြင်း။ |
| (က)<br>⁂ပမာဏဋ္ဌ၊နှိုင်းယှဉ်ပြ၊ အနက်၃-ပါးနှင့် | (ခ)<br>⁂အာကာရဋ္ဌ၊အခြင်းအရာပြ၊ အနက်၃-ပါးဆက်ပုံ။ |
| (၁) နိဒါနဋ္ဌ၊ အကြောင်းရင်းဖြစ် ခြင်း။<br>(၂) အသင်္ခတဋ္ဌ၊ မပြုပြင်ရခြင်း။<br>(၃) သင်္ခတဋ္ဌ၊ ပြုပြင်ခြင်း။ | (၁) ဟေတွဋ္ဌ၊ ,<br>(၂) ဒဿနဋ္ဌ၊ ,<br>(၃) အဓိပတေယျဋ္ဌ၊ , |

(က) ဤပမာဏဋ္ဌအနက် ၃-ပါးကို၊ ကျန်သစ္စာ ၃-ပါးမှ ထုတ်ယူပြ၏။ ဆိုပြီးလက်ာအရ ကျက်၍ ဆင်ခြင်လျှင်၊ သဘောသိမြင် နားလည်ရာ၏။

ဤသည်လျှင်၊ မဂ္ဂသစ္စာ၏ အနက်လေးပါး
အဓိပ္ပါယ်အကျယ်ပြ၊ ဇယားပုံစံနှင့် တကွ
ပြခဏ်း ပြီး၏။

---

## (၄) မင်္ဂလသုတ္တပြပါဠိတော်ရင်း၏ အဓိပ္ပါယ်ပြခဏ်း

(၄) (က) ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ။

(ခ) အရိယသစ္စံ=ဟူ၍ ဟောတော်မူအပ်သော စကားဝါကျ၌–

(က) ဣဒံ ခေါ ပန…ပဋိပဒါ=ဟူသည်ကား၊ အဘယ်သို့ ဆိုလိုပါသနည်း။

မြန်မာဘာသာပြန် အဓိပ္ပါယ်

(၄) အို–ပဉ္စဝဂ္ဂီ ရဟန်းတို့။

ဤမဂ္ဂင်ရှစ်ပါး တရားတို့သည်–

(၁) နိယျာနဋ္ဌ ··ဝဋ်သုံးပါးမှ ထုတ်ဆောင် ခြင်း, အနက် သဘော။

(၂) ဟေတွဋ္ဌ···အကြောင်းရင်းဖြစ်ခြင်း, အနက်သဘော။

(၃) ဒဿနဋ္ဌ···မြင်ခြင်း, အနက်သဘော။

(၄) အဓိပတေယျဋ္ဌ···အစိုးရခြင်း, အနက်သဘော။

ဤသို့ လေးပါးသော အနက် သဘောရှိသည်ဖြစ်၍ ဒုက္ခသစ္စာ ဟူသော ရုပ် နာမ် တရား နှစ်ပါးတို့၏ ချုပ်ရာ "နိရောဓ" သစ္စာ ဟူသော နိဗ္ဗာန်သို့ ရောက်ကြောင်း၊(ရောက်ဘို့ရာ အတွက်)အကြောင်း ရင်း ကေန်၊စင်စစ်မှန်သော မူလ အခြေခံ အကျင့်တရားမည်၏။

(က) ဒုက္ခနိရောဓ=ရုပ် နာမ်ဟူသော ဒုက္ခသစ္စာတရား၏ ချုပ်ရာ (နိဗ္ဗာန်) သို့။

(ခ) ဂါမိနီ, ရောက်ကြောင်း (ရောက်ဘို့ရာ) ဖြစ်သော။

(ဂ) ပဋိပဒါ=အကျင့်တရား။

ဤ (ဒုက္ခနိရောဓ-ဂါမိနီ-ပဋိပဒါ)=ဟူသော သုံးပုဒ်ကို၊ ပေါင်း၍ ရအပ်သော အဓိပ္ပါယ်သည်ကား၊ ရုပ် နာမ် ဟူသော ဒုက္ခသစ္စာ တရား၏ အသစ်တဖန်၊ ဖြစ်ပြန်ခြင်းမရှိသော ချုပ်ရာ၊ နိဗ္ဗာန်ဟူသော "နိရောဓ"သစ္စာသို့ ရောက်ကြောင်း (ရောက်ဘို့ရာ) ဖြစ်သော အကျင့် တရား=ဟူ၍၊ ဆိုလို၏။

ထိုအကျင့်တရားဟူသည်၊ ပရမတ္ထ-သဘောအလို၊ တရားကိုယ်အားဖြင့်၊ မဂ္ဂင်ရှစ်ပါး တရားအစုသာတည်း-ဟု၊ အရကောက်ယူရာ၏။ ။ (နောက်၌ဖော်ပြလတ္တံ့)

ဤသို့ ပြဆိုအပ်ပြီးဖြစ်သော (၂) အကြောင်းရင်းဖြစ်ခြင်း (၃) နိဗ္ဗာန်ကိုမြင်ခြင်း=ဟူသော အာရုံပြုနိုင်ခြင်း (၄) အစိုးရခြင်း=ဟူသော သုံးပါးသော အနက်သဘောတို့သည်၊မဂ္ဂင်ရှစ်ပါး တရားအကျင့်ဟူသော မဂ္ဂသစ္စာ၌၊ အမြဲအစွဲ၊ ခွဲ၍ ခွါ၍ မရစကောင်းသော, သဘောရင်း, လက္ခဏာတို့ဖြစ်၏၊ ထိုသို့ ဖြစ်ခြင်းကိုပင်၊ မဂ္ဂင်ရှစ်ပါး တရားအကျင့် ဟူသော မဂ္ဂသစ္စာသည် (၁) "နိယျာနဋ္ဌ" ဝင်္သုံးပါးမှ ထုတ်ဆောင်ကြောင်း ဖြစ်၏။

"ဒုက္ခနိရောဓ-ဂါမိနီ-ပဋိပဒါ"=ရုပ်-နာမ်ဟူသော ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း, အကျင့် စ်၏—ဟု၊ ဆို၏။ ။ထိုသုံးပါးသော အနက်သဘောကို ချန်လှပ်၍၊ (၁) "နိယျာနဋ္ဌ" ဝဋ်သုံးပါးမှ ထုတ်ဆောင်ကြောင်း, အနက်သဘော၊ "ဒုက္ခနိရောဓ- ဂါမိနီ- ပဋိပဒါ" သဘော=ဟူ၍၊ သီးခြားမရှိဖြစ်၏။ ။ဤနေရာ၌၊ နောက်၌ ပြဆိုအပ်ခဲ့ပြီးဖြစ်သော မဂ္ဂသစ္စာ၏ အနက် လေးပါးတို့တွင်—

(၁) နိယျာနဋ္ဌ၊ ဝဋ်သုံးပါးမှ၊ ထုတ်ဆောင်ကြောင်း,ဖြစ်သော အနက်၏ (မူလ) အနက်ဖြစ်ပုံကိုဉင်း၊

(၂) ဟေတွဋ္ဌ၊ အကြောင်းရင်းဖြစ်ခြင်း၊

(၃) ဒဿနဋ္ဌ၊ နိဗ္ဗာန်ကို မြင်ခြင်းဟူသော အာရုံပြုနိုင်ခြင်း၊

(၄) အဓိပတေယျဋ္ဌ၊အစိုးရခြင်း—

ဟူသော အနက်သုံးပါးတို့၏ (အာကာရဋ္ဌ) အခြင်းအရာပြအနက်ဖြစ်ပုံကိုဉင်း။ ။ထိုပြင် ကျန်သော သစ္စာသုံးပါးမှ (ပမာဏဋ္ဌ)နှိုင်းယှဉ်ပြ အနက်သုံးပါးဖြစ်ပုံကိုဉင်း၊ ပြန်လည်၍ နှလုံးသွင်းအံ့မူ၊ ဤမဂ္ဂင်ရှစ်ပါး တရားအကျင့်၏ ဒုက္ခနိရောဓ-ဂါမိနီ-ပဋိပဒါ" အဖြစ်သည် ထင်ရှားလေ၏။

ဤသည်လျှင်

(က ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ-ဟူသော စကား ၏အကျဉ်းချုပ် အဓိပ္ပါယ်ပြခဏ်းပြီး၏။

ထိုမှတပါး (ခ)*အရိယသစ္စ-ဟူသည်ကား၊ အဘယ်သို့ ဆိုလိုပါသနည်း။

မြန်မာဘာသာပြန်အဓိပ္ပါယ်

(ခ) အို-ပဥ္စ ဝဂ္ဂီ ရဟန်းတို့။

ဤသမ္မာဒိဋ္ဌိ၊သမ္မာသင်္ကပ္ပ, အစရှိသော မဂ္ဂင်ရှစ်ပါး တရားအကျင့်သည်–

(၁) နိယျာနဋ္ဌ၊ ဝဋ်သုံးပါးမှ၊ ထုတ်ဆောင်ခြင်း, ဟူသော အနက်သဘောဖြင့်၎င်း၊
(၂) ဟေတွဋ္ဌ၊ အကြောင်းရင်းဖြစ်ခြင်း, ဟူသောအနက်သဘောဖြင့်၎င်း၊
(၃) ဒဿနဋ္ဌ၊ နိဗ္ဗာန်ကို အာရုံပြုမြင်ခြင်း, ဟူသော အနက်သဘောဖြင့်၎င်း၊
(၄) အဓိပတေယျဋ္ဌ၊ အစိုးရခြင်း,ဟူသော အနက်သဘောဖြင့်၎င်း၊

ရုပ်နာမ်ဟူသော ဒုက္ခသစ္စာ၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း။ (ရောက်ဘို့ရာအတွက်) ကောင်းမြတ်သော အကျင့်တရား ဧကန်စင်စစ်မှန်သော (မူလ) အခြေခံတရားဖြစ်၍ (ဒုက္ခနိရောဓ-ဂါမိနီ-ပဋိပဒါ) မည်၏ဟု၊ဆိုသော စကားသည်၊အဘယ်ပုဂ္ဂိုလ်, အဘယ်ဆရာတို့သည် ပြောဆို, ဟောကြားအပ်သော စကားဖြစ်၍ ထိုစကားသည်၊ အဘယ်သို့လျှင် (သုဏန္တ) ကြားနာသော ပုဂ္ဂိုလ်တို့အား၊ ဟုတ်မှန်ပေ၏ ဟု စိတ်ချလွဲးပုံ၊ ယုံကြည်သော စိတ်ကို ဖြစ်စေနိုင်အံ့နည်း။

ဤသူ+ဤသူတို့သည် ဟောကြားပြောဆိုသော (ဝဒန္တ) ပုဂ္ဂိုလ်တို့ပေတည်း=ဟု၊ ပြောဆို, ဟောကြားသော (ဝဒန္တ) ပုဂ္ဂိုလ်တို့ကို ညွှန်ကြားပြသကောင်းသည် မဟုတ်ပါတုံလော=ဟု၊(စောဒနာ) ပြုရန် စကားရှိရာသောကြောင့်၊ ထိုစကားကို ဖြေကြားခြင်း၄ါ၊ (ခ) ဤ **အရိယသစ္စ**-ဟူသော အဖြေတရားကို၊ဟောကြားတော်မူ၏။

ဤညွှန်ကြားချက် စကားအရဖြင့်၊ ရုပ်နာမ်ဟူသော ဒုက္ခသစ္စာ၏ ချုပ်ရာ၊နိဗ္ဗာန်သို့ ရောက်ကြောင်း၊ (ရောက်ဘို့ရာအတွက်) ကောင်းမြတ်သော အကျင့်တရား ကောင်း၊စင်စစ် မှန်သော မဂ္ဂင်ရှစ်ပါးအကျင့်တရား၏ (ဒုက္ခနိရောဓ-ဂါမိနီ-ပဋိပဒါ)၏ အဖြစ်ကို ပြောဆိုဟောကြားသော (ဝဒန္တ) ပုဂ္ဂိုလ်သည်ကား၊ လူ, နတ်, ဗြဟ္မာ သတ္တဝါသာမန်တို့၏ အသိဉာဏ်ဖြင့် ကြံဖန်တွေးတော၍ ပြောဆိုဟောကြားအပ်သော တရားစကား မဟုတ်ချေ။

သောတာပန် ပုဂ္ဂိုလ်၏အဖြစ် အစရှိသော အရိယဇာတ်၊မြင့်မြတ်သော ဂုဏ်အထူးဖြင့်၊ မျိုးကျူးအားပေး၍၊ လေးစားယုံကြည်ခြင်းကို၊ ခံယူရရှိသော အရိယာပုဂ္ဂိုလ်၏ အဖြစ်ကိုညွှန်ကြားပြဆို၏။

(ခ)* **အရိယသစ္စံ**…အရိယာပုဂ္ဂိုလ်တို့၏ ဉာဏ်အမြင်ဖြင့် သိအပ်, မြင်အပ်သော အမှန်တရား။ ။ထိုတရားသည်ကား၊ ဤအရာ၌ မဂ္ဂင်ရှစ်ပါး၊တရားပင်တည်း။

**တနည်း၊ ပြဆိုဥုံးအံ့**…(ခ)* **အရိယသစ္စံ**။ ။အရိယာ ပုဂ္ဂိုလ် တို့၏ ဉာဏ်အမြင်ဖြင့် သိအပ်, မြင်အပ်သော အမှန်တရား-ဆိုသည်ကား၊ ပရမတ္ထဓမ္မ သဘောအလို၊ တရားကိုယ်အားဖြင့် အဘယ်တရားတို့ဖြစ်၍ အဘယ်သို့မှန်ကန်သနည်းဟု=အမေးပုစ္ဆာစကားဆိုရန်ရှိပြန်ရာသောကြောင့်၊ထိုစကားကိုဖြေကြားခြင်းငှါ– (က) ဤဣဒံ **ခေါ ပန ဘိက္ခဝေ ဒုက္ခ နိရောဓ ဂါမိနီပဋိပဒါ**=ဟူသော အဖြေတရားကိုဟောကြားတော်မူ၏။ ။ထိုတရား၏အဓိပ္ပါယ်သည်ကား ဤသို့ပင်တည်း။

(က) ဒိ-ပဋ္ဌ ဝဂ္ဂ ရဟန်းတို့။

ပရမတ္ထဓမ္မသဘောအလို၊ တရားကိုယ်အားဖြင့်၊ ရုပ် နာမ် ဟူသော ဒုက္ခသစ္စာ၏ ချုပ်ရာ၊နိဗ္ဗာန်သို့ရောက်ကြောင်း၊ (ရောက်ဘို့ရာအတွက်) ကောင်းမြတ်သော အကျင့်ကောင်း၊ စင်စစ်မှန်သော မဂ္ဂင်ရှစ်ပါး တရား အကျင့်သည်–

(၁) နိယျာနဋ္ဌ၊ ဝဋ်သုံးပါးမှ ထုတ်ဆောင်ခြင်းဟူသော အနက်သဘောရှိ၏။

ထို့နောက်၊ အဘယ်သို့လျှင် (ထုတ်ဆောင်ခြင်း) ဖြစ်သနည်း=ဟူသော(အမေးပုစ္ဆာ)စကား ရှိပြန်ရာသောကြောင့်၊ ထို (ထုတ်ဆောင်ခြင်း)ပြုပုံ အခြင်းအရာပြ၊ တရားစကားသည်ကား၊ ဤသို့ပင်တည်း-ဟု၊ ဟောကြားပြန်၏။

(၂) ဟေတွဠ္ဌ၊ သဒ္ဓါ၊ သတိ, အစရှိသောတရားတို့၏ တိုးပွါးကြောင်းဟူသော အနက်သဘောရှိ၏။

(၃) ဒဿနဠ္ဌ၊ နိဗ္ဗာန်ကို၊ အာရုံပြုသောအားဖြင့်၊ မြင်ခြင်း ဟူသော အနက်သဘောရှိ၏။

(၄) အဓိပတေယျဠ္ဌ၊ တဏှာသုံးမျိုး၊ အုပ်စိုးစီမံမှုကို၊ မခံမူ၍၊ မိမိသည်ပင်၊ အစိုးရခြင်းဟူသော အနက်သဘောရှိ၏။

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ,အစရှိသော မဂ္ဂင်ရှစ်ပါးတရားတို့၏ သတ္တိပင်တည်း။ ။ဤသို့သောသဘောဖြင့် (ဒုက္ခနိရောဓဂါမိနီပဋိပဒါ)မည်၏။

ထို့ကြောင့်(က)*ဒုက္ခနိရောဓဂါမိနီပဋိပဒါ=ဟူသောစကားနှင့်(ခ)*အရိယသစ္စ-ဟူသော စကားနှစ်ရပ်ကို ပေါင်းစပ်၍ရအပ်သော အကျဉ်းချုပ်အဓိပ္ပါယ်သည်ကား ဤသို့ပင်တည်း။

အို-ပဍ္ဍ ဝဂ္ဂ ရဟန်းတို့။ ။

ဤသမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ,အစရှိသော မဂ္ဂင်ရှစ်ပါး အကျင့်တရားသည်-

(၁) နိယျာနဠ္ဌ၊ ဝဋ်သုံးပါးမှ ထုတ်ဆောင်ခြင်း,ဟူသော အနက်သဘောရှိ၏။

(၂) ဟေတွဠ္ဌ၊ အကြောင်းရင်းဖြစ်ခြင်း,ဟူသောအနက်သဘောရှိ၏။

(၃) ဒဿနဠ္ဌ၊ နိဗ္ဗာန်ကို အာရုံပြု မြင်ခြင်း, ဟူသော အနက်သဘောရှိ၏။

(၄) အဓိပတေယျဠ္ဌ၊ အစိုးရခြင်း, ဟူသောအနက်သဘောရှိ၏။

ဤသို့လျှင် လေးပါးသော အနက်သဘောရှိ၍ (ဒုက္ခ-နိရောဓ-ဂါမိ-နီ-ပဋိပဒါ) ရုပ် နာမ် ဟူသော ဒုက္ခသစ္စာ၏ ချုပ်ရာ၊ နိဗ္ဗာန်သို့ရောက်ကြောင်း၊(ရောက်ဘို့ရာအတွက်)ကောင်းမြတ်သောအကျင့်တရားကေန်၊ စင်စစ်မှန်သောအခြေခံတရားမည်၏။

(ခ)※အရိယာပုဂ္ဂိုလ်တို့၏ဉာဏ်အမြင်ဖြင့်၊ရှုဆင်ခြင်သောအခါ၊ ဤမဂ္ဂင်ရှစ်ပါး၊တရားအကျင့်သည်(နိ၊ဟေ၊ဒ၊အာ၊)ဟူသော လေးပါးသော အနက်သဘောရှိ၍၊ (ဒုက္ခ- နိရောဓ- ဂါမိနီ-ပဋိပဒါ) ဟူသော အကျင့်တရားကေန်၊ စင်စစ်မှန်သော အရိယသစ္စာ၏အဖြစ်ဖြင့်၊ သိအပ်, မြင်အပ်,သောအမှန်တရားပေတည်း။

ဤတွင်ရှေ့ကား—
(က) ဠာဒံခေါပန ဘိက္ခဝေ…ပဋိပဒါ၊
(ခ) အရိယသစ္စံ-ဟူ၍ ဟောတော်မူအပ်သော
မဂ္ဂသစ္စာပါဠိတော်ရင်း၏၊ မကျဉ်း,မကျယ်,
သိလွယ်မှတ်လွယ်ရုံသောမူလအခြေခံ
အဓိပ္ပါယ်ပြီး၏။

---

## (၄) အရိယမဂ္ဂင်ရှစ်ပါး-အကျင့်တရားပြခန်း

(၄) **အယမေဝ အရိယော အဋ္ဌ-ဂိကောမဂ္ဂေါ။**

**သေယျထိဒံ=သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပေါ… သမ္မာသမာဓိ**=ဟူသော စကားဝါကျ၏ အဓိပ္ပါယ်သည်ကား၊ အဘယ်သို့ဆိုလိုပါသနည်း။

မြန်မာဘာသာပြန် အဓိပ္ပါယ်

(၄) ဤအရာ၌နောက်၌ညွှန်ပြခဲ့ပြီးဖြစ်သော(ဒုက္ခ နိရောဓ-ဂါမိ-နီ-ပဋိပဒါ) ဟူသော စကားအရ၊ ဒုက္ခသစ္စာဟူသော ရုပ် နာမ် တရားနှစ်ပါးတို့၏ချုပ်ရာ (နိရောဓသစ္စာ) ဟူသောနိဗ္ဗာန်သို့ရောက်ကြောင်း (ရောက်ဘို့ရာ) အကြောင်းရင်းမူလ အခြေခံဖြစ်သော အကျင့်တရားသည်ကား၊ “ပရမတ္ထဓမ္မ” သဘောအလို၊တရားကိုယ်အားဖြင့်၊အဘယ်တရားတို့ဖြစ်သနည်း=ဟု၊(အမေးပုစ္ဆာ)ပြုရန်စကားရှိသောကြောင့်၊ ထိုအမေးစကားကို ဖြေကြားခြင်းငှါ။ (၄) ဤ**အယမေဝအရိယော အဋ္ဌ-ဂိကော မဂ္ဂေါ**-ဟူသောအဖြေတရားကိုဟောကြားတော်မူ၏

**ထိုအဖြေတရားစကား၏ အဓိပ္ပါယ်သည်ကား**…အရိယာ ပုဂ္ဂိုလ်တို့၏ အကျင့်တရား ဖြစ်၍ ဖြူစင်သော(မြတ်သော)(တနည်းကား) အရိယာဂိုဏ်းဝင် သူတော်စင်ဖြစ်လိုသောသူတို့သည်၊ ကျင့်ဆောက်တည်အပ်သော (ပွားများအပ်သော) အကျင့်တရားဖြစ်၍ ဖြူစင်သော(မြတ်သော) အစိတ်+အစိတ်, အင်္ဂါ အရေ အတွက် အားဖြင့် ရှစ်ပါးရှိသော ဤ''မဂ်''ပင်တည်း=ဟူ၍၊ အဖြေတရားစကားဟောကြားတော်မူ၏။

**သေယျထိ–ဒံ**…ဟူသောစကားကို နောက်၌အဖြေပြဆိုခဲ့ပြီးဖြစ်သော နည်းအတိုင်းမှတ်ယူရာ၏။ ။သေယျထာ+ ဣဒံဟု ပုဒ်ခွဲး၍ (ဣဒံသော) ဤ''မဂ်'' ဟူသည်။ (သေယျထာ-ကတမော) အဘယ်တရားပါနည်း=ဟု၊ အနက်ဖေါ်ပြရာ၏။

ဤမှနောက်၌ အရိယမဂ္ဂင်တရား၊ ရှစ်ပါး၏ အမည်သရုပ်ကိုအဓိပ္ပါယ်သဘောနှင့်တကွ တပုဒ်စီ၊ အသေးစိတ်+စိတ်၍၊ အကျဉ်းချုပ်ရှင်းလင်းဖေါ်ပြပေအံ့။

## မဂ္ဂင်ရှစ်ပါးပါဠိနှင့်အနက်

| | | |
|---|---|---|
| (၁) သမ္မာ–ဒိဋ္ဌိ၊ | ကောင်းစွာ | သိမြင်ခြင်း။ |
| (၂) သမ္မာ–သင်္ကပ္ပ၊ | ကောင်းစွာ | ကြံစည်ခြင်း။ |
| (၃) သမ္မာ–ဝါစာ၊ | ကောင်းစွာ | ပြောဆိုခြင်း။ |
| (၄) သမ္မာ–ကမ္မန္တ၊ | ကောင်းစွာ | ပြုခြင်း။ |
| (၅) သမ္မာ–အာဇီဝ၊ | ကောင်းစွာ | အသက်မွေးခြင်း။ |
| (၆) သမ္မာ–ဝါယာမ၊ | ကောင်းစွာ | အားထုတ်ခြင်း။ |
| (၇) သမ္မာ–သတိ၊ | ကောင်းစွာ | အောက်မေ့ခြင်း။ |
| (၈) သမ္မာ–သမာဓိ၊ | ကောင်းစွာ | တည်ကြည်ခြင်း။ |

ဤမဂ္ဂင်ရှစ်ပါး၊ တရားအကျင့်သည်၊ ဒုက္ခ ဟူသော ရုပ်နာမ်တရားတို့၏ ချုပ်ရာ, နိဗ္ဗာန်သို့ရောက်ကြောင်း၊(ရောက်ကြောင်းရာ)ဖြစ်သော(ပဋိပဒါ)အကျင့်တရားမည်၏။

(၁) **အရိယသစ္စ**…အရိယာပုဂ္ဂိုလ်တို့၏ ဉာဏ်အမြင်ဖြင့် သိအပ်, မြင်အပ်,သော အမှန်တရား။ ။ထိုတရားသည်၊ ဤအရာ၌''မဂ္ဂင်''ရှစ်ပါး၊ တရားပင်ဖြစ်၏။

---

## မဂ္ဂင်ရှစ်ပါးတရားကိုယ်ပြခန်း

လောကုတ္တရာစိတ် ၈-ခု၌ ယှဉ်သော–

(၁) ပညိန္ဒြေ-စေတသိက်သည် (၁) သမ္မာဒိဋ္ဌိမဂ္ဂင်တည်း။
(၂) ဝိတက်-စေတသိက်သည် (၂) သမ္မာသင်္ကပ္ပမဂ္ဂင်တည်း။
(၃-၄-၅) ဝိရတိ-စေတသိက် သုံးပါးသည် (၃) သမ္မာဝါစာ၊ (၄) သမ္မာကမ္မန္တ၊ (၅) သမ္မာအာဇီဝ မဂ္ဂင်တည်း။
(၆) ဝီရိယ-စေတသိက်သည် (၆) သမ္မာဝါယာမ မဂ္ဂင်တည်း၊
(၇) သတိ-စေတသိက်သည် (၇) သမ္မာသတိမဂ္ဂင်တည်း။
(၈) ဧကဂ္ဂတာ-စေတသိက်သည် (၈) သမ္မာသမာဓိမဂ္ဂင်တည်း။

**မှတ်ချက်**…လောကီ ကုသိုလ် စိတ်နှင့် ယှဉ်သော အခါ၊ လောကီ မဂ္ဂင်-ဟူ၍၊ ခေါ်ရာ၏။ ။ထိုမဂ္ဂင်တရား ရှစ်ပါးတို့တွင်၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ, ဤမဂ္ဂင်တရားနှစ်ပါးသည်၊အသိ ဉာဏ်သဘောဖြစ်၍ (ဝိဇ္ဇာ) အသိ တရားမည်၏။

ထို့နောက် သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါ-ယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ, ဟူသော ဤမဂ္ဂင်တရား ၆-ပါး သည်၊ အကျင့်တရားသဘောဖြစ်၍ (စရဏ)အကျင့် တရားမည်၏။

**ထိုမှတပါးတုံ၊ဆိုဦးအံ့**…သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ, ဤမဂ္ဂင်တရားနှစ် ပါးသည်၊ ရုပ်နာမ်တရား နှစ်ပါးတို့ကို (အနိစ္စ၊ ဒုက္ခ၊အနတ္တ)ဟု၊ရှုမြင်တတ်သော အသိပညာတရား သဘော ဖြစ်၍ (ဝိပဿနာ)မည်၏။

**ဝိပဿနာ-ဆိုသည်ကား**…အထူးထူး+အပြားပြားအားဖြင့်၊ ပရမတ္ထ သဘောရင်းသို့၊ အသိဉာဏ်အမြင် ဆိုက် အောင် ရှုမြင်တတ်သော ပညိန္ဒြေ၊ (ပညာ) စေတသိက် ပင်တည်း။

ထို့နောက် သမ္မာဝါစာ-မှ၊သမ္မာသမာဓိ, တိုင်အောင်သော။ ဤမဂ္ဂင်တရားဖြ-ပါးသည် ကိလေသာ ဆယ်ပါးအယုတ်တရားတို့ကို။ တဒင်္ဂပဟာန်,ဝိက္ခမ္ဘနပဟာန်,အားဖြင့် ပယ်၍ငြိမ်းစေတတ်သော။ တရားသဘောဖြစ်၍ (သမထ)မည်၏။

**သမထ-ဆိုသည်ကား**…ကာမစ္ဆန္ဒ-အစရှိသော နီဝရဏ တရားတို့ကို၊ ငြိမ်းစေတတ်သောကြောင့်"**သမထ**"ခေါ်၏။ ။ "**သမာဓိ**" ဟူ၍လည်းခေါ်၏။ (**ကေဂ္ဂတာ**) စေတသိက်ပင်တည်း။

## တနည်းကား

(၁) သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ, ဤမဂ္ဂင်တရား နှစ်ပါးသည်၊ (**ပညာက္ခန္ဓ**)ပညာအစုမည်၏။

(၂) သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊သမ္မာအာဇီဝ, ဤမဂ္ဂင်တရား သုံးပါးသည်၊ (**သီလက္ခန္ဓ**)သီလအစုမည်၏။

(၃) သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ, ဤမဂ္ဂင် တရားသုံးပါးသည်၊ (**သမာဓိက္ခန္ဓ**) သမာဓိ အစုမည်၏။

## တနည်းကား

(၁) သမ္မာဝါစာ၊ သမ္မာအာဇီဝ, ဤမဂ္ဂင်တရား နှစ်ပါး သည်၊(**ဝစီကံ**)မည်၏။

(၂) သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ, ဤမဂ္ဂင် တရားနှစ်ပါး သည်၊(**ကာယကံ**)မည်၏။

(၃) သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ,ဤမဂ္ဂင်တရား ငါးပါးသည်၊ (**မနောကံ**) မည်၏။

ဤမဂ္ဂင်ရှစ်ပါးတရားနှင့် ပြည့်စုံလျှင် အဓိပညာသိက္ခာ၊ အဓိသီလ-သိက္ခာ၊အဓိစိတ္တသိက္ခာ-အားဖြင့်၊ သိက္ခာ,သုံးပါးနှင့် ပြည့်စုံသည်မည်၏။

## တနည်းပြဆိုဥုံးအံ့

(၁) ဇာတိသီလံ (၂) ဇာတိသမာဓိ (၃) ဇာတိပညာ။

(၁) ∴သီလပရိဘာဝိတော, သမာဓိ, မဟပ္ဖလော, မဟာနိသံ-
သော--

(၂) ∴သမာဓိပရိဘာဝိတာ, ပညာ,မဟပ္ဖလာ, မဟာနိသံသာ။

(၃) ∴ပညာပရိဘာဝိတံ, စိတ္တံ, သမ္မဒေဝ အာသဝေဟိ,ဝိမုစ္စ-
တိ။ သေယျထိဒံ။ ကာမာသဝါ၊ ဘဝါသဝါ၊ အဝိဇ္ဇာသဝါ-
တိ=ဟူ၏။

သုတ်မဟာဝါ မဟာပရိနိဗ္ဗာနသုတ်- ၁၀၃

(၁) ဇာတိသီလ…ဟူသော စကားဖြင့်၊ သီလသည်၊ ဤသို့သဘောရှိ၏-ဆိုရာ၌၊ သီလအရ၊သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ, ဟူသော သီလက္ခန္ဓ-တရားသုံးပါးကို ညွှန်ပြ၏။

(၂) ဇာတိသမာဓိ….ဟူသောစကားဖြင့်၊သမာဓိသည်၊ဤသို့သဘောရှိ၏- ဆိုရာ၌၊ သမာဓိအရ၊ သမ္မာဝါယာမ၊ သမ္မာသတိ,သမ္မာသမာဓိ,ဟူသော သမာဓိက္ခန္ဓ-တရားသုံးပါးကို ညွှန်ပြ၏။

(၃) ဇာတိပညာ…ဟူသောစကားဖြင့်၊ပညာသည် ဤသို့သဘောရှိ၏ ဆိုရာ၌၊ ပညာအရ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ, ဟူသော ပညက္ခန္ဓ-တရား နှစ်ပါးကို ညွှန်ပြ၏။

(၁) ∴သီလ က္ခန္ဓတရားသုံးပါးဖြင့် နိုင်မြဲးစွာ ထုံးမှမ်းအပ်သော သမာဓိ က္ခန္ဓ တရားသုံးပါးသည်၊ (မဟပ္ဖလ) ကြီးသော အကျိုးရင်းရှိ၏။ ။(မဟာနိသံသ) ကြီးသောအကျိုးဖျားရှိ၏။ ။သီလက္ခန္ဓ-နယ်မှ၊ သီလအကျင့်ကို၊နိုင်မြဲးစွာ ကျင့်ဆောက်တည်ပြီးမှ၊သမာဓိ,ပြဓာန်းသော အလုပ်ကို ပြုလုပ်ခဲ့လျှင်၊ သမာဓိက္ခန္ဓတရားသုံးပါးသည်၊ ပိုမို၍ အားရှိ၏။ ။(ထိုသို့မဟုတ်)သီလက္ခန္ဓ တရားသုံးပါး၊မနိုင်မြဲးဘဲးလျက်၊

သမာဓိက္ခန္ဓ, အလုပ်ကို ပြုလုပ်ခဲ့လျှင်၊ သမာဓိက္ခန္ဓ၊ အလုပ်သည်လည်း၊ မခိုင်မြဲ။ ။သီလက္ခန္ဓတရားသုံးပါးသည်၊ အကျင့်တရား ပြုလုပ်ရာ၌ အောက်ဆုံး(ပဌမအဆင့်၊)အခြေခံတရားမည်၏=ဟု၊ဆိုလို၏။

(၂) ※သမာဓိက္ခန္ဓ တရားသုံးပါးဖြင့်၊ ခိုင်မြဲစွာ ကုံးမွမ်းအပ်သော ပညက္ခန္ဓတရားနှစ်ပါးသည်၊ (မဟပ္ဖလ) ကြီးသောအကျိုးရင်းရှိ၏။ ။(မဟာနိသံသ) ကြီးသော အကျိုးဖျားရှိ၏။ ။သမာဓိက္ခန္ဓ နယ်မှ အားထုတ်မှု ဝီရိယ၊ အောက်မေ့မှု သတိ၊တည်ကြည်မှု သမာဓိ, တရားသုံးပါးကို ခိုင်မြဲစွာ ကျင့်ဆောက်တည်ပြီးမှ၊ ပညာပြဓာန်းသော အလုပ်ကို ပြုလုပ်ခဲ့လျှင်၊ပညက္ခန္ဓတရား နှစ်ပါးသည်၊ပိုမို၍အားရှိ၏။ ။(ထိုသို့ မဟုတ်) သမာဓိက္ခန္ဓ တရားသုံးပါး မခိုင်မြဲဘဲလျက် ပညက္ခန္ဓအလုပ်ကိုပြုလုပ်ခဲ့လျှင်၊ပညက္ခန္ဓအလုပ်သည်လည်းမခိုင်မြဲ။ ။ သမာဓိက္ခန္ဓတရား သုံးပါးသည် အကျင့်တရား ပြုလုပ်ရာ၌၊ အလယ် (ဒုတိယအဆင့်၊) အခြေခံတရားမည်၏ဟု ဆိုလို၏။

(၃) ※ပညက္ခန္ဓတရား နှစ်ပါးဖြင့် ခိုင်မြဲစွာ ထုံးမွမ်းအပ်သော စိတ်သည်၊မဂ္ဂင်ရှစ်ပါးတရားအကျင့်ဖြင့် အကြိမ်ကြိမ် ထုံးမွမ်းအပ်ပြီး ဖြစ်၍၊ အောက်အခြေခံဖြစ်သော သီလက္ခန္ဓ၊ သမာဓိက္ခန္ဓ တရားတို့မှ၊ အကူအညီကို ရရှိခဲ့ပြီးဖြစ်၍၊ (အာသဝေါ)တရားတို့မှ လွတ်မြောက်လေ၏၊ ထိုပုဂ္ဂိုလ်၏ စိတ်ကို (အာသဝေါ) တရားတို့သည်၊ မလွှမ်းမိုးမနှိပ်စက်နိုင်ရာပြီ။ ။(အာသဝေါ)တရားတို့ကို မဂ်၏သတ္တိဖြင့် အကြွင်းမဲ့ပယ်ဖြတ်၍ပြီးပြီ။ (ဇူခံ-မေ ပုညံ အာသဝက္ခယာ-ဝဟံ, ဟောမိ) ဟူသော ဆုတောင်းချက် စကားသည်၊ ဤအဖြစ်မျိုးသို့ ရောက်ဘို့ရာပင်ဖြစ်၏။ ။ဤ (အာသဝေါ) တရားတို့ ဟူသည်၊ အဘယ် သည်တို့နည်းဟူမူကား—

(၁) ကာမာသဝ, ခေါ်သော (လောဘ) စေတသိက်။
(၂) ဘဝါသဝ, ခေါ်သော (လောဘ)စေတသိက်။
(၃) အဝိဇ္ဇာသဝ, ခေါ်သော (မောဟ)စေတသိက်။
ဤသည်တို့ပင်တည်း။

(၃) အမှတ်…ဤပညက္ခန္ဓ တရားနှစ်ပါး၏ အမှု အလုပ်သဘောသည်ကား၊ ရုပ်နာမ်တရားနှစ်ပါးတို့၌ (ဝိဇ္ဇာ)အသိမှန်-တရားသဘောကို ရဘို့ရာ၊ (ဝိပဿနာ)အလုပ်ပြုရာ၌ သက်ဆိုင်၏၊ ပြဓာန်း၏။ ။ဤဝိပဿနာအလုပ်ကိုပြုလုပ်ရာ၌၊ (၁) သမာဓိက္ခန္ဓတရားသုံးပါး၏ အကူအညီကို များစွာအလိုရှိအပ်၏။ ။သမာဓိက္ခန္ဓတရားသုံးပါး အကူအညီအားသေး၍၊ ထုံးမွှမ်းပုံ- နည်းပါးခဲ့လျှင်၊ ပညက္ခန္ဓတရား-အားမရှိ၍၊အလုပ်သဘောမတွင်ကျယ်၊မပေါက်ရောက်နိုင်ချေ။ ။ထို့ကြောင့်၊ သမာဓိက္ခန္ဓတရားဖြင့် ထုံးမွှမ်းအပ်သော, ပညက္ခန္ဓတရားသည်၊အကျိုးရင်းကြီး၏။ ။အကျိုးဖျားကြီး၏ဟူ၍ဆို၏။

(၂) အမှတ်…ဤသမာဓိက္ခန္ဓတရားသုံးပါး၏ အမှု အလုပ်သဘောသည်ကား၊ ကသိုဏ်း-ပဋိဘာဂနိမိတ်၌၊ စိတ်၏တည်ကြည်ခြင်းဖြင့်၊ နီဝရဏ- တရားသဘောတို့မှကင်းဆိတ်၍၊ (သမထ) အလုပ်ပြုရာ၌၊များစွာသက်ဆိုင်၏၊ပြဓာန်း၏။ ။ဤ(သမထ)အလုပ်ကို ပြုလုပ်ရာ၌၊ (၁) သီလက္ခန္ဓတရားသုံးပါး၏ အကူအညီကို များစွာ အလိုရှိအပ်၏။ ။(ရှေးအဘို့ကပင်) သီလက္ခန္ဓတရားသုံးပါး၊ အကူအညီ-အားသေး၍၊ ထုံးမွှမ်းပုံ နည်းပါးခဲ့လျှင်၊ သမာဓိက္ခန္ဓတရား-အားမရှိ၍၊ အလုပ်သဘောမတွင်ကျယ်၊ မပေါက်ရောက်နိုင်ချေ။ ။ထို့ကြောင့်၊ သီလက္ခန္ဓတရားသုံးပါးဖြင့်၊ ခိုင်မြဲစွာ ထုံးမွှမ်းအပ်သော သမာဓိက္ခန္ဓတရားသုံးပါးသည်၊ အားရှိ၍၊(မဟပ္ဖလ)အကျိုးရင်းကြီး၏။ (မဟာနိသံသ)အကျိုးဖျားကြီး၏-ဟု၊ ဆိုလို၏။

(၁) ''သီလံ, သမာဓိ, ပညာစ,၊ ဝိမုတ္တိ စ, အနုတ္တရာ။
အနု ဗုဒ္ဓါ ဣမေ ဓမ္မာ၊ ဂေါတမေန ယသ သိ နာ''။
မဟာပရိနိဗ္ဗာနသုတ်

မြန်မာဘာသာပြန်အဓိပ္ပါယ်

(၁) များသောအခြံအရံရှိသော(ဂေါတမ) မည်တွင် ဗုဒ္ဓမြတ်စွာဘုရားသျှင်သည် အရိယမဂ်နှင့်ယှဉ်သော သီလကိုဋင်း။ ။အရိယမဂ်နှင့်ယှဉ်သော သမာဓိကိုဋင်း။ ။အရိယမဂ်နှင့်ယှဉ်သော ပညာကိုဋင်း။ ။

အတုမရှိမြတ်သော အရဟတ္တဖိုလ်တရားကိုဒုင်း။ ။ဤအရိယမဂ်နှင့်ယှဉ်သော သီလ၊ သမာဓိ၊ ပညာ၊ ဝိမုတ္တိ, တရားတို့ကို၊ အစဉ်သဖြင့် သိမြင်တော်မူအပ်ကုန်ပြီ။

ဤဂါထာ၌ ပြဆိုအပ်သော သီလ၊ သမာဓိ၊ ပညာ, သုံးပါးတို့တွင်—

၁—* သီလ-ဟူသည်ကား…(သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ)ဟူသော သီလက္ခန္ဓတရား သုံးပါးကို ညွှန်ပြ၏။

၂—* သမာဓိ-ဟူသည်ကား…(သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ) ဟူသော သမာဓိက္ခန္ဓတရား သုံးပါးကိုညွှန်ပြ၏။

၃—* ပညာ-ဟူသည်ကား… (သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ) ဟူသော ပညက္ခန္ဓတရားနှစ်ပါးကိုညွှန်ပြ၏။

၄—* ဝိမုတ္တိ-ဟူသည်ကား…ဤသီလ၊သမာဓိ၊ ပညာဟူသော တရားသုံးပါးတို့၏ ပြည့်စုံမှုကြောင့် ရအပ်သော အကျိုးတရားဟူသော(အရဟတ္တဖိုလ်) တရားကိုညွှန်ပြ၏။ ။ဤတရားတို့ကို (ဂေါတမ) မည်တွင် ဗုဒ္ဓမြတ်စွာဘုရားသျှင်သည်၊ သိမြင်တော်မူပြီ=ဟူ၍၊ ဟောတော်မူ၏။

ဤတွင် ရွေ့ကား—
ဓမ္မစကြာသုတ်၊ မဂ္ဂသစ္စာပြ၊ ပါဠိတော်ရင်း၏
စ,လယ်,အဆုံး၊ သုံးပါးလုံးကို၌ မကျဉ်း, မကျယ်၊ သိလွယ် မှတ်လွယ်
ရှိသော အဓိပ္ပါယ် ပြခန်းပြီး၏။

---

## (၁) ဒုက္ခသစ္စာဟူသောတရားစကားအမှန်ကိုအသံမျှ မကြားရစဘူး = ဟု၊ ဝန်ခံချက်ပြခန်း

(၁) ဇာတိ ဒုက္ခံ၊ အရိယသစ္စန္တိ၊ မေဘိက္ခဝေ ပုဗ္ဗေအနနုဿုတေသု၊ ဓမ္မေသု၊ (၁) စက္ခုံဥဒပါဒိ။ ။ (၂)ဉာဏံဥဒပါဒိ။ ။(၃) ပညာ ဥဒပါဒိ။ ။ (၄) ဝိဇ္ဇာ ဥဒပါဒိ။ ။

(၅) **အာလောကော ဥဒပါဒိ**=ဟူ၍။ ဤသို့ ဟောတော်မူရာ၌- **ဣဒံ ဒုက္ခံ၊ အရိယသစ္စန္တိ၊ မေ...ဓမ္မေသု**=ဟူသော စကားဝါကျ၏ အဓိပ္ပါယ်သည်ကား၊ အဘယ်သို့ဆိုလိုပါသနည်း။

မြန်မာဘာသာပြန် အဓိပ္ပါယ်

(၁) ဒို-ပဉ္စဝဂ္ဂီ ရဟန်းတို့။

သင်တို့၏ဆရာ ဗုဒ္ဓမည်တွင်၊ ငါဘုရားသျှင်သည်၊ ဗုဒ္ဓမြတ်စွာဘုရားသျှင်၏ အဖြစ်သို့၊ မရောက်ရသေးမီ၊ ရှေးအဘို့ဖြစ်သော ကာလတို့၌ မကြားနာရ, စဘူးသော တရားဦးဖြစ်သော အကြင် စကားအထူး သည်ရှိ၏၊ ထိုစကားအထူးသည်ကား၊ (၁)* **ဣဒံဒုက္ခံ**=ဟူသည်၎င်း၊ (၂)* **အရိယသစ္စံ**=ဟူသည်၎င်း- ဖြစ်၏။ ။ဤအရာ၌ (၁)* **ဣဒံဒုက္ခံ**= ဟူသော စကား၏အဓိပ္ပါယ်သည်ကား၊ ဤသို့ပင်တည်း။

(၁) ဒို-ပဉ္စဝဂ္ဂီ ရဟန်းတို့။

ဤဒုက္ခသစ္စာဟူသော ရုပ် နာမ် တရားနှစ်ပါးသည်၊ ထိုရုပ် နာမ် တရားနှစ်ပါးကိုပင် (ငါပိုင်သည်+ငါနိုင်သည်) ဟု၊ စွဲကိုင်မှတ်ထင်၍ နေကြကုန်သောပုဂ္ဂိုလ်တို့အား—

(၁) ပီဠနဋ္ဌ၊ နှိပ်စက်ညှဉ်းပန်းခြင်း။
(၂) သင်္ခတဋ္ဌ၊ ပြုပြင် စီမံခြင်း။
(၃) သန္တာပဋ္ဌ၊ ပူပန် ကြောင့်ကြခြင်း။
(၄) ဝိပရိဏာမဋ္ဌ၊ ဖေါက်ပြန် ပျက်စီးခြင်း။

ဟူသော လေးပါးသော အနက်သဘောတို့ဖြင့်၊ ''ဘဝ''ရှည်ကြာ၊ သံသရာစက်၊ အဆက်ဆက်သော ကာလတို့၌၊ ဇာတိဒုက္ခ၊ ဇရာဒုက္ခ- စသည်တို့ဖြင့် ညှဉ်းပန်းနှိပ်စက်၍လာခဲ့၏။ (ထိုသို့ပင် ဖြစ်စေကာမူ) ''ဒုက္ခေအညာဏံ အယံ ဝုစ္စတိ အဝိဇ္ဇာ''=ဆိုသည့်အတိုင်း၊ မသိမမြင်ခြင်းဟူသော အဝိဇ္ဇာတရား၏ ဖုံးအုပ်ကွယ်ကာမှုကြောင့် ထိုရုပ် နာမ် တရားနှစ်ပါး၏ (ပီ၊ သင်၊ သံ၊ ဝိ၊ )ဟူသော လေးပါးသော အနက် သဘောတို့ဖြင့်၊ ညှဉ်းပန်းနှိပ်စက်၍ (ဒုက္ခ) ဆင်းရဲရ၏= ဟူသော တရားစကားအမှန်ကို၊အသံမျှပင် မကြားနာရ စဘူးချေဖြစ်၏။

ထိုမှတပါး(၂)*အရိယသစ္စံ-ဟူသော စကား၏ အဓိပ္ပါယ်သည်ကား- ဤသို့ပင်တည်း။

(၂) အို-ပဉ္စ ဝဂ္ဂီ ရဟန်းတို့။

ဤရုပ်နာမ်တရားနှစ်ပါး၏ (ဒုက္ခ) ဆင်းရဲးရ၏ဟု=ဆိုသောစကားသည်၊ အရိယာပုဂ္ဂိုလ်တို့၏ ဉာဏ်အမြင်ဖြင့် သိမြင်၍ပြောဆိုဟောကြားအပ်သော တရားစကားဖြစ်၏-ဟု- ဆိုသော (အရိယသစ္စာ) ဟူသော တရားစကားအမှန်ကိုလည်း၊ အသံမျှပင်မကြားနာရစဘူးချေဖြစ်၏။

ဤသို့အားဖြင့် ရုပ် နာမ်တရားနှစ်ပါးတို့၏ (၁) ဒုက္ခ၏အဖြစ်= (၂) အရိယသစ္စာ၏အဖြစ်=ဟူသောတရားစကားအမှန်ကိုအသံမျှပင် မကြားနာရစဘူးခြင်းသည်ပင် (အနနုဿုတေသု၊ မကြားနာရစဘူးကုန်သော။ ဓမ္မေသု၊ ရုပ်နာမ် ဟူသော (ဒုက္ခသစ္စာ) တရား တို့၌— ဟူသော ပါဠိတော်၏ အနက်အဓိပ္ပါယ်ဖြစ်၍ မကြားနာရစဘူးသော တရားဦးဖြစ်သော စကားအထူးပေတည်း-ဟု၊ဆိုလို၏။

ဤသည်လျှင်-
(၁) ဣဒံဒုက္ခံ၊ (၂)အရိယသစ္စန္တိ၊ မေ…ဓမ္မေသု-
ဟူသော စကားဝါကျ၏ အကျဉ်းချုပ်အဓိပ္ပါယ် ပြခဏ်းပြီး၏။

---

## (၁) ဒုက္ခသစ္စာဉ် သစ္စဉာဏ် ၅-ပါးဖြင့် သိမြင်ပုံ နည်းပြပါဠိတော် ပြခဏ်း

(က) (၁) စက္ခုံ ဉဒပါဒိ။ ။(၂) ဉာဏံ ဉဒပါဒိ။ ။
(၃) ပညာ ဉဒပါဒိ။ ။ (၄) ဝိဇ္ဇာ ဉဒပါဒိ။ ။

(၅) အာလောကော ဉဒပါဒိ=ဟူသော စကား ဟစိတ်,+တစိတ်၏ အဓိပ္ပါယ်သည်ကား၊ အဘယ်သို့ ဆိုလိုပါသနည်း။

မြန်မာဘာသာပြန်အဓိပ္ပါယ်

(က) အို-ပဉ္စဝဂ္ဂီ ရဟန်းတို့။

သင်တို့၏ဆရာ၊ ဗုဒ္ဓမည်တွင်၊ ငါဘုရားသျှင်သည်၊''ဘဝ''ရှည်ကြာ၊ သံသရာဝယ်၊ ခန္ဓာဝန်-အဆက်ဆက်ကို၊ စက်ကဲ့သို့လည်စေလျက်၊

ညှဉ်းပန်းနှိပ်စက်၍ လာသော ကိလေသာ ဆယ်တန်၊ အနုသယ ရန်တို့ကို၊ အရဟတ္တ-မဂ် ဉာဏ်-တန်ခိုးဖြင့်၊ ချိုးနှိမ်-ပယ်ဖျက် အောင် မြင်တော်မူပြီး၍၊ လူတို့၏ အထွတ်၊ နတ်တို့၏ ဆရာ၊ ဗြဟ္မာတို့၏-ရှေ့ ဆောင်၊ သဗ္ဗညုတဉာဏ်အရောင်ဖြင့်၊ အဝိဇ္ဇာတရား တည်းဟူသော အမှောင်ကို ခွင်းဖောက်၍၊ အလင်းသို့ ရောက်တော်မူပြီးဖြစ်၍၊ ဗုဒ္ဓ မြတ်စွာဘုရားသျှင်အစစ်၊ ဖြစ်တော်မူပြီး- ဖြစ်ရကား=ရှေးအခါက (အနနုဿုတဓမ္မ) ဟူသော မကြားနာရစဘူးသော တရားဦး, တရား ထူးဖြစ်သော ဒုက္ခသစ္စာ၌—

(၁) သစ္စ ဉာဏ် ၅-ပါး
(၂) အတ္တ ပဋိသမ္ဘိဒါ ဉာဏ် ၅-ပါး
(၃) ဓမ္မ ပဋိသမ္ဘိဒါ ဉာဏ် ၅-ပါး
(၄) နိရုတ္တိ ပဋိသမ္ဘိဒါ ဉာဏ် ၁၀-ပါး
(၅) ပဋိဘာန ပဋိသမ္ဘိဒါ ဉာဏ်- ၂၀-ပါး

ဤသို့အားဖြင့်၊ များပြားသော အပြား ရှိသော သိမြင်ပုံနည်း— အသိဉာဏ်တို့ဖြင့်၊ ဤယခု အခါ၌၊ ကုန်ကုန်စင်စင် သိမြင်တော်မူပြီး ဖြစ်ပြီ=ဟု၊ ဝန်ခံတော်မူလိုသည် ဖြစ်၍၊ ဤ(၁) စက္ခုံ ဥဒပါဒိ။ (၂) ဉာဏံ ဥဒပါဒိ= အစရှိသော ၅-ပုဒ်သော စကားအထူးကို၊ ကျူးရင့် တော်မူ၏။

## ဤသို့သိမြင်သော အသိဉာဏ် ၅-မျိုးတို့တွင် ဒုက္ခသစ္စာ၌(၁) သစ္စဉာဏ် ၅-ပါးဖြင့် သိမြင်ပုံနည်း အစိပ္ပါယ်ပြခဏ်း

ဒုက္ခ သစ္စာ ဟူသော ရုပ်နာမ်တရား နှစ်ပါးကို၊ ဤရုပ်နာမ်တရား နှစ်ပါးသည်—

(၁) ပီဠနဋ္ဌ၊ နှိပ်စက် ညှဉ်းပန်းခြင်း။
(၂) သင်္ခတဋ္ဌ၊ ပြုပြင် စီမံခြင်း။
(၃) သန္တာပဋ္ဌ၊ ပူပန် ကြောင့်ကြခြင်း။
(၄) ဝိပရိဏာမဋ္ဌ၊ ဖောက်ပြန် ပျက်စီးခြင်း။

ဟူသော လေးပါးသော အနက်သဘောရှိသည်ဖြစ်၍ (ဒုက္ခ-သစ္စာ) ဆင်းရဲးကေန်၊ စင်စစ်မှန်သော တရားသဘော ဖြစ်၏=ဟု၊ ရုပ် နာမ် တရားနှစ်ပါး၏ သဘောအမှန်ကို (ယထာ-ဘူတ) ကျနမှန်ကန်သည့် အတိုင်း၊ မိမိ၏ အဇ္ဈတ္တသန္တာန်၌ ဖြစ်သောအမှန်ကို သိတတ်သော ဉာဏ်သည်၊ ဒုက္ခသစ္စာ၌ "သစ္စ" ဉာဏ်မည်၏။

ထို "သစ္စ" ဉာဏ်သည်၊ ငါဘုရားသျှင်အား ဖြစ်ပြီ = ဟူ၍၊ ဝန်ခံတော်မူ၏။

အဘယ်သို့ "သစ္စ" ဉာဏ်ဖြစ်သနည်း ဟူမူကား—

## (၁) ဒုက္ခသစ္စာ၌၊ သစ္စဉာဏ် ၅-ပါး ဖြစ်ပုံပါဠိတော် ပြခက်း

(၁) စက္ခုံ ဥဒပါဒိ။ ။(၂) ဉာဏံဥဒပါဒိ။ ။
(၃) ပညာ ဥဒပါဒိ။ ။(၄) ဝိဇ္ဇာ ဥဒပါဒိ။ ။
(၅) အာလောကော ဥဒပါဒိ=ဟူ၏။

ထိုပါဠိတော်၏ အနက်သည်ကား၊ အဘယ်သို့ဆိုလိုပါသနည်း။

## (၁) ဒုက္ခသစ္စာ၌ သစ္စဉာဏ်၅-ပါးဖြင့် သိမြင်ပုံ နည်းပြ ပါဠိတော်၏အနက်ပြခက်း

(၁) စက္ခုံဥဒပါဒိ....ဟူသည်ကား၊ ဒုက္ခဟူသော ရုပ်နာမ်တရား နှစ်ပါးကို၊ သစ္စဉာဏ်သဘောဖြင့် မြင်တတ်သော ပညာဟူသော မျက်စိသည် (မျက်စိနှင့်တူသော ပညာသည်) ဖြစ်ပြီ-ဟု၊ပြဆို၏။

(၂) ဉာဏံဥဒပါဒိ···ဟူသည်ကား၊= ဒုက္ခသစ္စာကို၊ သစ္စဉာဏ် သဘောဖြင့် သိတတ်သောဉာဏ်သည် ဖြစ်ပြီ ဟုပြဆို၏။

(၃) ပညာဥဒပါဒိ···ဟူသည်ကား၊ ဒုက္ခသစ္စာကို၊ သစ္စဉာဏ် သဘောဖြင့် အပြားပြားအပြားပြားအားဖြင့် သိတတ်သောပညာသည်ဖြစ်ပြီ-ဟု၊ ပြဆို၏။

(၄) ဝိဇ္ဇာဥဒပါဒိ…ဟူသည်ကား၊ ဒုက္ခသစ္စာကို၊ သစ္စဉာဏ်သဘော ဖြင့် ထိုးထွင်း၍သိတတ်သော ဝိဇ္ဇာသည်ဖြစ်ပြီ- ဟု ပြဆို၏။

(၅) အာလောကောဥဒပါဒိ…ဟူသည်ကား= ဒုက္ခသစ္စာကို၊ သစ္စ ဉာဏ်သဘောဖြင့်မြင်အောင်ပြတတ်သောပညာ ဟူသော အရောင်အလင်းသည် (အရောင် အ လင်းနှင့်တူသောပညာ)သည်ဖြစ်ပြီဟု-ပြဆို၏။

ဤသို့ငါးပါးသော သိမြင်ပုံနည်း- အသိဉာဏ်တို့ဖြင့် သိမြင်ခြင်းတို့ မည်သည်ကား၊(ဒဿန ပဋိဝေဓ) ဒုက္ခသစ္စာ၌ အမှန်ကိုသိတတ်သော ဉာဏ်ဖြစ်၍ ဉာဏ်အမည်ဖြင့် ''သစ္စ'' ဉာဏ်ဟုခေါ်၍၊ ပုဂ္ဂိုလ်အဘို့အား ဖြင့် (သေက္ခ-ဘူမိ)သေက္ခပုဂ္ဂိုလ် ၇-ယောက်တို့၏ သန္တာန်၌ဖြစ်သော အသိဉာဏ်မည်၏။

**မှတ်ချက်**…ဤအရာ၌ ပညိန္ဒြေ-စေတသိက်ကို၊ သမ္မာဒိဋ္ဌိ မဂ္ဂင်-ဟူ၍ ခေါ်ဆို၏။ ။ဤမဂ္ဂင်တပါးတည်းကိုသာ၊ သီးခြားရွေး ကောက်၍(၁)စက္ခု၊ (၂) ဉာဏ, စသည်ဖြင့်ဆို၏။ ။စင်စစ်မှာမူ၊ ကျန်သော မဂ္ဂင်၇-ပါးတို့သည်လည်း၊ မဂ်ခဏ၌ (မဂ်-ဝီထိ) ကျသော ခဏ၌၊ ဤ(၁) စက္ခုံဥဒပါဒိ- အစရှိသော ငါးပါးသောအမည်တို့ကို၊ ရထိုက်သည်ပင်ဖြစ်၏-ဟူ၍မှတ်။

**ထို့နောက်အထူးမှတ်ချက် (၁) သစ္စဉာဏ်၌**…ရုပ် နာမ်တရား နှစ်ပါး၏ (၁) ဒုက္ခ၏ အဖြစ်= (၂) အရိယသစ္စာ၏အဖြစ်= ဟူသောစကားကို မကြားရစဘူးသကဲ့သို့ ပင်၊ (၂)ကိစ္စဉာဏ်၌၊ (ပရိညေယျံ၊ ပိုင်းခြား၍ သိအပ်သောတရား)။ (၃) ကတဉာဏ်၌ (ပရိညာတံ၊ ပိုင်းခြား၍ သိအပ်ပြီးသောတရား) ဟူသော စကားတို့ကိုလည်း၊ မကြားရစဘူးချေ=ဟူသောပါဠိတော်ကို၊ အကျဉ်းချုံး၍ အဓိပ္ပါယ်မျှ အစဉ်အတိုင်း ပြအံ့။ ။ကျန်သစ္စာတို့၌ လည်း၊ဤနည်းအတူ မှတ်ကြရာ၏။ ။ပြီး၏။

ဤသည်လျှင်-
ဒုက္ခသစ္စာ၌ သစ္စဉာဏ်၅-ပါးဖြင့် သိမြင်ပုံနည်းပြ
ပါဠိတော်၏ အဓိပ္ပါယ်, အနက်ပြခဏ်းပြီး၏။

## (၁) ဒုက္ခသစ္စာ၌ ကိစ္စဉာဏ်၅-ပါးဖြင့် သိမြင်ပုံနည်း အဓိပ္ပါယ်ပြခဏ်း

ဒုက္ခသစ္စာဟူသော ရုပ် နာမ်တရားနှစ်ပါးကို၊ ဤရုပ်နာမ် တရားနှစ်ပါးသည်—

(၁) ပီဠနဋ္ဌ၊ နှိပ်စက်ညှဉ်းပန်းခြင်း။
(၂) သင်္ခတဋ္ဌ၊ ပြုပြင်စီမံခြင်း။
(၃) သန္တာပဋ္ဌ၊ ပူပန်ကြောင့်ကြခြင်း။
(၄) ဝိပရိဏာမဋ္ဌ၊ ဖေါက်ပြန်ပျက်စီးခြင်း

ဟူသော လေးပါးသော အနက်သဘောရှိ၍ (ဒုက္ခသစ္စာ) ဆင်းရဲ ဧကန်၊ စင်စစ်မှန်သော တရားပေတည်း ဟူ၍ရင်း။ ။သုခ-ဟူက၊ မြူမျှ မဘက်၊ သက်သက်ဒုက္ခတုံး၊ ဒုက္ခခဲ၊ ဒုက္ခအစုပင်တည်းဟူ၍ရင်း။ ။ တရားသဘောလက္ခဏာတပါး အဖြစ်ဖြင့်၊ ဤပစ္စက္ခမျက်မှောက်ဖြစ်သော ကာလ၌ပင်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့်သိမြင်အောင်ပြုသင့်၏။ ။ပြုအပ် လှ၏။ ။ပြုထိုက်လှ၏၊ ။(သိမြင်အောင်မပြုဘဲနေခြင်းငှါမသင့်ချေ၊ မထိုက်ချေ)ဟု[ပရိညေယျ]မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် ပိုင်းခြားထင်ထင်၊ သိမြင်အောင် ပြုသင့်သော,ပြုအပ်သော, ပြုထိုက်သော, တရားသဘော တခု၏ အဖြစ်ဖြင့် မိမိ၏အဇ္ဈတ္တသန္တာန်၌ဖြစ်သော အမှုမှန်ကို သိတတ် သောဉာဏ်သည်ဒုက္ခသစ္စာ၌ ''ကိစ္စ'' ဉာဏ်မည်၏။

ထို ကိစ္စဉာဏ်သည်၊ ငါဘုရားသျှင်အား၊ ဖြစ်ပြီ-ဟူ၍ ဝန်ခံတော်မူ၏။

အဘယ်သို့ ကိစ္စဉာဏ် ဖြစ်သနည်းဟူမူကား—

## (၁) ဒုက္ခသစ္စာ၌ကိစ္စဉာဏ်၅-ပါးဖြစ်ပုံပါဠိတော်ပြခဏ်း

(၁) စက္ခုံဥဒပါဒိ။ ။(၂) ဉာဏံဥဒပါဒိ။ (၃) ပညာဥဒပါဒိ။ ။
(၄) ဝိဇ္ဇာဥဒပါဒိ။ ။(၅) အာလောကောဥဒပါဒိ=ဟူ၏။

ထိုပါဠိတော်၏ အနက်သည်ကား၊ အဘယ်သို့ဆိုလိုပါသနည်း။

မြန်မာဘာသာပြန် အဓိပ္ပါယ်

## (၁) ဒုက္ခသစ္စာ၌ ကိစ္စဉာဏ် ၅-ပါးဖြင့် သိမြင်ပုံနည်း ပါဠိတော်၏အနက်ပြခဏ်း

(၁) စက္ခုံဥဒပါဒိ…ဟူသည်ကား၊ သစ္စဉာဏ်ဖြင့်၊ သိမြင်ပြီးသော ဒုက္ခသစ္စာကို၊ ကိစ္စဉာဏ်သဘောဖြင့်၊ မြင်တတ်သော ပညာဟူသောမျက်စိသည် (မျက်စိနှင့်တူသော ပညာသည်) ဖြစ်ပြီ-ဟု၊ပြဆို၏။

(၂) ဉာဏံဥဒပါဒိ…ဟူသည်ကား=သစ္စ….ဒုက္ခသစ္စာကို၊ကိစ္စ….ဖြင့်၊သိတတ်သောဉာဏ်သည်ဖြစ်ပြီ-ဟု၊ပြဆို၏။

(၃) ပညာဥဒပါဒိ…ဟူသည်ကား= သစ္စ….ဒုက္ခသစ္စာကို ကိစ္စ….ဖြင့်၊အထူးထူး ‥ပညာသည်ဖြစ်ပြီ-ဟု၊ပြဆို၏။

(၄) ဝိဇ္ဇာဥဒပါဒိ…ဟူသည်ကား= သစ္စ….ဒုက္ခသစ္စာကို ကိစ္စ‥ဖြင့်၊ထိုးထွင်း….ဝိဇ္ဇာသည် ဖြစ်ပြီ-ဟု ပြဆို၏။

(၅) အာလောကောဥဒပါဒိ…ဟူသည်ကား= သစ္စ…. ဒုက္ခသစ္စာကို၊ ကိစ္စ….ဖြင့်၊ မြင်အောင် …. အရောင်အလင်းသည်၊ (အရောင်…. ပညာသည်)ဖြစ်ပြီ-ဟု၊ပြဆို၏။

ဤသို့ငါးပါးသော သိမြင်ပုံနည်း-အသိဉာဏ်တို့ဖြင့် သိမြင်ခြင်းတို့ မည်သည်ကား (ဘာဝနာပဋိဝေဓ)ဒုက္ခသစ္စာ၌ (ပရိညေယျ)မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့်၊ သိမြင်အောင် ပြုသင့်, ပြုထိုက်, ပြုအပ်သော တရားသဘောတခု-ဟူ၍၊ သိတတ်သောဉာဏ်ဖြစ်၍ ဉာဏ်အမည်ဖြင့် ကိစ္စဉာဏ်ဟုခေါ်၍၊ ပုဂ္ဂိုလ်အဘို့အားဖြင့် (သေက္ခ–ဘူမိ) သေက္ခပုဂ္ဂိုလ်=၇-ယောက်တို့၏ သန္တာန်၌ ဖြစ်သော အသိဉာဏ်မည်၏။

ဤသည်လျှင်-
ဒုက္ခသစ္စာ၌ ကိစ္စဉာဏ် ၅-ပါးဖြင့် သိမြင်ပုံနည်းပြ ပါဠိတော်၏
အဓိပ္ပါယ်, အနက်ပြခဏ်းပြီး၏။

## (၁) ဒုက္ခသစ္စာ၌ ကတဉာဏ် ၅-ပါးဖြင့် သိမြင်ပုံနည်း အဓိပ္ပါယ်ပြခက်း

ဒုက္ခသစ္စာဟူသော ရုပ်နာမ်တရား နှစ်ပါးကို၊ ဤရုပ်နာမ် တရားနှစ်ပါးသည်—

(၁) ပီဠနဋ္ဌ ၊ နှိပ်စက် ညှဉ်းပန်းခြင်း။
(၂) သင်္ခတဋ္ဌ ၊ ပြုပြင် စီမံခြင်း။
(၃) သန္တာပဋ္ဌ ၊ ပူပန်ကြောင့်ကြခြင်း။
(၄) ဝိပရိဏာမဋ္ဌ၊ ဖောက်ပြန် ပျက်စီးခြင်း။

ဟူသော လေးပါးသော အနက်သဘောရှိ၍ (ဒုက္ခသစ္စာ) ဆင်းရဲ ကေန်၊ စင်စစ်မှန်သော တရားပေတည်းဟူ၍ရင်း—

သုခ—ဟူက၊ မြဲမျှမဖက်၊ သက်သက်သော ဒုက္ခတုံး၊ဒုက္ခခဲ၊ ဒုက္ခ အစုပင်တည်းဟူ၍ရင်း။—တရားသဘော လက္ခဏာတပါး၏ အဖြစ်ဖြင့်၊ ဤပစ္စက္ခ မျက်မှောက်ဖြစ်သော ကာလ၌ပင်၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့်၊ ပိုင်းခြားထင်ထင်၊ သိမြင်အောင် ပြု၍ပြီးပြီ။+ပြု၍ပြီးပြီ။ ။(ပြု၍-ပြီးပြီ။)။ နောက်ထပ်တဖန်၊ ဤရုပ်နာမ်တရားနှစ်ပါးကို(ဒုက္ခသစ္စာ)၏အဖြစ်ဖြင့် သိမြင်အောင်ပြုဘွယ်ကိစ္စ၊အမှုအလုပ် မရှိပြီဟု(ပရိညာတ) မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် ပိုင်းခြားထင်ထင်၊ သိမြင်အောင်ပြုပြီးသော တရားသဘောတခု၏ အဖြစ်ဖြင့်၊ မိမိ၏ အဇ္ဈတ္တသန္တာန်၌ ပြီးပြီးသော အမှုမှန်ကို သိတတ်သော ဉာဏ်သည်၊ ဒုက္ခသစ္စာ၌ "ကတ"ဉာဏ်မည်၏။ ။ထို "ကတ"ဉာဏ်သည်၊ ငါဘုရားသျှင်အား ဖြစ်ပြီ—ဟူ၍၊ ဝန်ခံ တော်မူ၏။

အဘယ်သို့ ကတဉာဏ် ဖြစ်သနည်းဟူမူကား—

## (၁) ဒုက္ခသစ္စာ၌ ကတဉာဏ် ၅-ပါးဖြစ်ပုံ ပါဠိတော် ပြခက်း

(၁) စက္ခုံ ဥဒပါဒိ။ ။(၂) ဉာဏံ ဥဒပါဒိ။ ။
(၃) ပညာ ဥဒပါဒိ။ ။(၄) ဝိဇ္ဇာ ဥဒပါဒိ။ ။
(၅) အာလောကော ဥဒပါဒိ ဟူ၏။

ထိုပါဠိတော်၏အနက်သည်ကား၊ အဘယ်သို့ဆိုလိုပါသနည်း။

## (၁) ဒုက္ခသစ္စာ၌ ကတဉာဏ် ၅-ပါးဖြင့် သိမြင်ပုံနည်း ပါဠိတော်၏ အနက် ပြခဏ်း

(၁) စက္ခုံဥဒပါဒိ…ဟူသည်ကား=ကိစ္စဉာဏ်ဖြင့် သိမြင်ပြီး ဖြစ်သော ဒုက္ခသစ္စာကို၊ ကတဉာဏ်သဘောဖြင့်၊ မြင်တတ်သော ပညာဟူသော မျက်စိသည်၊ (ပညာသည်) ဖြစ်ပြီ-ဟု၊ပြဆို၏။

(၂) ဉာဏံဥဒပါဒိ…ဟူသည်ကား=ကိစ္စ….ဒုက္ခသစ္စာကို၊ကတ.. ဖြင့်၊ မြင်တတ်သော ဉာဏ်သည် ဖြစ်ပြီ-ဟု၊ ပြဆို၏။

(၃) ပညာဥဒပါဒိ…ဟူသည်ကား=ကိစ္စ….ဒုက္ခသစ္စာကိုကတ…. ဖြင့်၊ အထူးထူး….ပညာသည် ဖြစ်ပြီ-ဟု၊ ပြဆို၏။

(၄) ဝိဇ္ဇာဥဒပါဒိ…ဟူသည်ကား=ကိစ္စ….ဒုက္ခသစ္စာကို၊ကတ… ဖြင့်၊ထိုးထွင်း….ဝိဇ္ဇာသည် ဖြစ်ပြီ၊ဟု-ပြဆို၏။

(၅) အာလောကောဥဒပါဒိ…ဟူသည်ကား=ကိစ္စ….ဒုက္ခသစ္စာကို ကတ….ဖြင့်၊ မြင်အောင်….အရောင် အလင်းသည် (ပညာသည်) ဖြစ်ပြီ-ဟုပြဆို၏။

ဤသို့ ၅-ပါးသောသိမြင်ပုံနည်း အသိဉာဏ်တို့ဖြင့် သိမြင်ခြင်းတို့မည်သည်ကား၊ (ပစ္စဝေက္ခဏာ) ဆင်ခြင်သောဉာဏ်ဖြင့် ဒုက္ခသစ္စာ၌ (ပရိညာတ) မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့်၊ ပိုင်းခြားထင်ထင်၊ သိမြင်အောင် ပြုအပ်ပြီးသော တရားသဘောတခု-ဟူ၍ သိတတ်သောဉာဏ်ဖြစ်၍ ဉာဏ်အမည်ဖြင့် ''ကတ'' ဉာဏ်-ဟုခေါ်၍၊ပုဂ္ဂိုလ်အဘို့အားဖြင့် (အသေက္ခ-ဘူမိ) ရဟန္တာပုဂ္ဂိုလ်တို့၏ သန္တာန်၌ဖြစ်သောအသိဉာဏ်မည်၏။

ဤသည်လျှင်-

ဒုက္ခသစ္စာ၌ ကတဉာဏ်၅–ပါးဖြင့်သိမြင်ပုံနည်းပြ ပါဠိတော်၏ အဓိပ္ပါယ်, အနက်ပြခဏ်းပြီး၏။

## (၂) သမုဒယသစ္စာဟူသော တရားစကားအမှန်ကို အသံမျှမကြားရစဘူး-ဟု၊ဝန်ခံချက်ပြခဏ်း

(၂) ဣဒံ ဒုက္ခသမုဒယံ၊ အရိယသစ္စန္တိ၊ မေဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု၊ (၁)စက္ခုံဥဒပါဒိ။ ။(၂) ဉာဏံဥဒပါဒိ။ ။(၃) ပညာဥဒပါဒိ။ ။(၄)ဝိဇ္ဇာဥဒပါဒိ။ ။(၅) အာလောကော ဥဒပါဒိ= ဟူ၏။ ဤသို့ဟောတော်မူရာ၌—

(၂) ဣဒံ ဒုက္ခသမုဒယံ၊အရိယသစ္စန္တိ၊ မေ…ဓမ္မေသု=ဟူသော စကားဝါကျ၏ အဓိပ္ပါယ်သည်ကား၊ အဘယ်သို့ ဆိုလိုပါသနည်း။

မြန်မာဘာသာပြန်အဓိပ္ပါယ်

(၂) အို-ပဉ္စ ဝဂ္ဂီ ရဟန်းတို့။

သင်တို့၏ဆရာ၊ ဗုဒ္ဓ-မည်တွင်၊ ငါဘုရားသျှင်သည်၊ ဗုဒ္ဓ-မြတ်စွာဘုရားသျှင်၏ အဖြစ်သို့ မရောက်ရသေးမီ၊ ရှေးအဘို့ဖြစ်သော ကာလတို့၌၊ မကြားနာရစဘူးသော တရားဦးဖြစ်သော အကြင်စကားအထူးသည်ရှိ၏။ ။ထိုစကားအထူးသည်ကား၊ (၁)* ဣဒံ ဒုက္ခ သမုဒယ=ဟူသည်၄င်း၊ (၂)*အရိယသစ္စံ=ဟူသည်၄င်း- ဖြစ်၏။ ။ဤအရာ၌ (၁)*ဣဒံ ဒုက္ခသမုဒယံ=ဟူသောစကား၏ အဓိပ္ပါယ်သည်ကား၊ ဤသို့ ပင်တည်း။

(၂) အို—ပဉ္စဝဂ္ဂီ ရဟန်းတို့။

ဤလောဘတရားသည် ဒုက္ခသစ္စာဟူသော ရုပ် နာမ်တရားနှစ်ပါးတို့ကို—

(၁) အာယူဟနဋ္ဌ ၊ အားထုတ်ခြင်း။
(၂) နိဒါနဋ္ဌ ၊အကြောင်းရင်းဖြစ်ခြင်း။
(၃) သံယောဂဋ္ဌ ၊ယှဉ်ခြင်း။
(၄) ပလိဗောဓဋ္ဌ ၊တားဆီး,နှောင့်ရှက်ခြင်း။

ဟူသော လေးပါးသော အနက်သဘောတို့ဖြင့်၊ "ဘဝ"ရှည်ကြာ၊ သံသရာ ရေယဉ်ကြော၌၊ မျောချင်တိုင်း+ မျောစေပျက်၊ ပေါလော

ကြိမ်ဖန်၊ အပြန်ပြန်ဖြစ်၍+ဖြစ်၍၊ နှစ်ချင်တိုင်း+နှစ်စေလျက်၊ အဖြစ်မစဲး၊ အသစ် အသစ်,ဘိုဘဝ သဏ္ဍာန် ပြောင်းလဲကာဖြင့်၊အမြဲးမကွာ၊ ဖြစ်စေခြင်းသဘောရှိ၏။ ထိုသို့ပင်မှန်စေ ("ဒုက္ခသမုဒယေ အညာဏံ အယံဝုစ္စတိ အဝိဇ္ဇာ"=ဆိုသည့်အတိုင်း၊ မသိမမြင်ခြင်း ဟူသော အဝိဇ္ဇာ တရား၏ ဖုံးအုပ် ကွယ်ကာမှုကြောင့်၊ ထိုလောဘ တရား၏ (အာ၊ နိ၊ သံ၊ ပ၊ )ဟူသောလေးပါးသော အနက်သဘောတို့ဖြင့် (ဒုက္ခသမုဒယ) ဒုက္ခသစ္စာ ဟူသော ရုပ်နာမ်တရားနှစ်ပါးကို၊ အဖန်ဖန်ဖြစ်စေတတ်၏=ဟူသော တရားစကားအမှန်ကို၊ အသံမျှပင် မကြားနာရစဘူးချေ-ဖြစ်၏။

ထိုမှတပါး (၂)*အရိယသစ္စံ–ဟူသော စကား၏ အဓိပ္ပါယ်သည် ကား၊ဤသို့ပင်တည်း။

(၂) အို–ပဋ္ဌ ဝဂ္ဂီ ရဟန်းတို့။

ဤလောဘတရား၏ (ဒုက္ခသမုဒယ) ဒုက္ခသစ္စာဟူသောရုပ် နာမ် တရား နှစ်ပါးကို၊ ဖြစ်စေတတ်၏။ ဖြစ်ကြောင်းတရား ဖြစ်၏-ဟု၊ဆိုသော စကားသည်၊ အရိယာပုဂ္ဂိုလ်တို့၏ ဉာဏ်အမြင်ဖြင့် သိမြင်၍ ပြောဆိုဟောကြားအပ်သော (အရိယသစ္စာ) တရားစကားဖြစ်၏-ဟု၊ဆိုသော တရားစကားအမှန်ကိုလည်း၊ အသံမျှပင်မကြားနာရစဘူးချေဖြစ်၏။

ဤသို့အားဖြင့် လောဘ၏(၁) (ဒုက္ခသမုဒယ) ဒုက္ခသစ္စာဟူသော ရုပ် နာမ်တရားနှစ်ပါးကို ဖြစ်စေတတ်သည်၏အဖြစ်၊ (၂) အရိယသစ္စာ၏ အဖြစ်=ဟူသောတရားစကားအမှန်ကို၊ အသံမျှ မကြားနာရစဘူးခြင်းသည်ပင်၊ (အန နုဿုတေသု၊ မကြားနာရစဘူးကုန်သော။ ဓမ္မေသု၊ သမုဒယသစ္စာတရားတို့၌။)။ ဟူသောပါဠိတော်၏ အနက်အဓိပ္ပါယ်ဖြစ်၍ မကြားနာရစဘူးသော တရားဦးဖြစ်သော စကားအထူးပေတည်း-ဟု၊ဆိုလို၏။

ဤသည်လျှင်–

(က) ဣဒံ ဒုက္ခသမုဒယံ၊ (ခ) အရိယ သစ္စန္တိ၊မေ…ဓမ္မေသု-ဟူသော စကား ဝါကျ၏ အကျဉ်းချုပ် အဓိပ္ပါယ် ပြခဏ်းပြီး၏။

## (၂) သမုဒယသစ္စာ၌ သစ္စဉာဏ် ၅-ပါးဖြင့်သိမြင်ပုံ နည်းပြ ပါဠိတော်ပြခဏ်း

(၁) စက္ခုံဥဒပါဒိ။ ။(၂) ဉာဏံ ဥဒပါဒိ။ ။
(၃) ပညာ ဥဒပါဒိ။ ။(၄) ဝိဇ္ဇာ ဥဒပါဒိ။ ။
(၅) အာလောကော ဥဒပါဒိ=ဟူသော စကား ဝါကျ၊တစိတ်, တစိတ်၏ အဓိပ္ပါယ်သည်ကား၊ အဘယ်သို့ ဆိုလိုပါသနည်း။

မြန်မာဘာသာပြန် အဓိပ္ပါယ်

(၂) အို–ပဉ္စ ဝဂ္ဂီ ရဟန်းတို့။

သင်တို့ဆရာ၊ ဗုဒ္ဓမည်တွင်၊ ငါဘုရားသျှင်သည်၊ အရဟတ္တမဂ်ဉာဏ်ဖြင့်၊ ကိလေသာဟူသော ရန်သူတို့ကို ပယ်ဖြတ်၍ သဗ္ဗညုတဉာဏ်ဖြင့် အဝိဇ္ဇာတရား တည်းဟူသော အမှောင်ကိုခွင်းဖောက်၍၊ အလင်းသို့ ရောက်တော်မူပြီးဖြစ်၍၊ ဗုဒ္ဓ-မြတ်စွာဘုရားသျှင်အစစ်၊ ဖြစ်တော်မူပြီး ဖြစ်ရကား၊ ရှေးအခါက (အန-နုဿုတ ဓမ္မ) ဟူသော မကြားနာရ စဘူးသော တရားဦး တရားထူးဖြစ်သော သမုဒယသစ္စာ၌–

(၁) သစ္စ ဉာဏ်– ၅-ပါး–
(၂) အတ္တ ဉာဏ်– ၅-ပါး–
(၃) ဓမ္မ ဉာဏ်– ၅-ပါး–
(၄) နိရုတ္တိ ဉာဏ်– ၁၀-ပါး–
(၅) ပဋိဘာန ဉာဏ်– ၂၀-ပါး–

ဤသို့အားဖြင့် များပြားသော အပြား၂ သော သိမြင်ပုံနည်း–အသိ ဉာဏ်ဘို့ဖြင့်၊ ဤယခုအခါ၌ ကုန်ကုန်စင်စင် သိ [illegible]င်တော်မူ[illegible]း [illegible] ပု ဝန်ခံတော်မူလိုသည်ဖြစ်[illegible]၍ (၁) စ[illegible] ဥဒပါဒိ၊ (၂) [illegible] [illegible]ဒပါဒိ အစရှိသော ၅-ပိုဒ်သော ပကားအယူးကို၊ ကျူးရင့်တော်မူ၏။

## ဤသို့ သိမြင်သောအသိဉာဏ် ၅-မျိုးတို့တွင် သမုဒယသစ္စာ၌ (၁) သစ္စဉာဏ်၅-ပါးဖြင့်သိမြင်ပုံနည်း အဓိပ္ပါယ်ပြခဏ်း

သမုဒယသစ္စာ ဟူသော လောဘကို၊ ဤလောဘ တရားသည်—

(၁) အာယူဟနဋ္ဌ ၊ အားထုတ်ခြင်း။
(၂) နိဒါနဋ္ဌ ၊ အကြောင်းရင်းဖြစ်ခြင်း။
(၃) သံယောဂဋ္ဌ ၊ ယှဉ်ခြင်း။
(၄) ပလိဗောဓဋ္ဌ ၊ တားဆီး, နှောင့်ရှက်ခြင်း။

ဟူသော လေးပါးသော အနက်သဘောရှိ၍ (ဒုက္ခ-သမုဒယ) ရုပ် နာမ် အသစ်၊ ဖြစ်ရခြင်း ဟူသော ဆင်းရဲခြင်း၏ အကြောင်းရင်း ကေန်၊ စင်စစ်မှန်သော တရားသဘော ပေတည်း-ဟု၊ လောဘ၏ သဘောအမှန်ကို (ယထာ—ဘူတ) ကျန မှန်ကန်သည့်အတိုင်း၊ မိမိ၏ အဇ္ဈတ္တသန္တာန်၌ ဖြစ်သော အမှန်ကို သိတတ်သော ဉာဏ်သည်"သစ္စ" ဉာဏ် မည်၏။ ။ထို သစ္စ ဉာဏ် သည်၊ ငါဘုရားသျှင်အား၊ ဖြစ်ပြီ=ဟူ၍၊ ဝန်ခံတော်မူ၏။

အဘယ်သို့ သစ္စဉာဏ်ဖြစ်သနည်းဟူမူကား—

## (၂) သမုဒယသစ္စာ၌ သစ္စဉာဏ် ၅-ပါးဖြစ်ပုံ ပါဠိတော်ပြခဏ်း

(၁) စက္ခုံ ဥဒပါဒိ။ ။(၂) ဉာဏံ ဥဒပါဒိ။
(၃) ပညာ ဥဒပါဒိ။ ။(၄)ဝိဇ္ဇာ ဥဒပါဒိ။(၅) အာလောကော ဥဒပါဒိ =ဟူ၏။

ထိုပါဠိတော်၏ အနက်သဘောသည်ကား၊ အဘယ်သို့ ဆိုလိုပါသနည်း။

## (၂) သမုဒယသစ္စာ၌ သစ္စဉာဏ်၅-ပါးဖြင့် သိမြင်ပုံ နည်းပြပါဠိတော်၏ အနက်ပြခဏ်း

(၁) စက္ခုံ ဥဒပါဒိ…ဟူသည်ကား၊ သမုဒယ သစ္စာဟူသော လောဘကို၊ သစ္စဉာဏ်သဘောဖြင့် မြင်

တတ်သော ပညာဟူသော မျက်စိသည်၊ (မျက်စိနှင့်တူသောပညာသည်) ဖြစ်ပြီ-ဟု၊ပြဆို၏။

(၂) ဉာဏံဥဒပါဒိ…ဟူသည်ကား= သမုဒယသစ္စာကို၊ သစ္စဉာဏ်သဘောဖြင့် သိတတ်သော ဉာဏ်သည် ဖြစ်ပြီ-ဟု၊ပြဆို၏။

(၃) ပညာဥဒပါဒိ….ဟူသည်ကား= သမုဒယသစ္စာကို၊ သစ္စဉာဏ်သဘောဖြင့် အထူးထူး အပြားပြား အားဖြင့် သိတတ်သောပညာသည် ဖြစ်ပြီ-ဟု၊ပြဆို၏။

(၄) ဝိဇ္ဇာဥဒပါဒိ…ဟူသည်ကား=သမုဒယသစ္စာကို၊ သစ္စဉာဏ်သဘောဖြင့် ထိုးထွင်း၍သိတတ်သော ဝိဇ္ဇာသည် ဖြစ်ပြီ-ဟု၊ပြဆို၏။

(၅) အာလောကောဥဒပါဒိ…ဟူသည်ကား= သမုဒယ သစ္စာကို၊ သစ္စဉာဏ်သဘောဖြင့် မြင်အောင်ပြတတ်သော ပညာဟူသော အရောင်အလင်းသည်(အရောင်အလင်းနှင့်တူသောပညာသည်)ဖြစ်ပြီ-ဟု၊ပြဆို၏။

ဤသို့ငါးပါးသော သိမြင်ပုံနည်း-အသိဉာဏ်တို့ဖြင့်၊ သိမြင်ခြင်းတို့မည်သည်ကား၊(ဒဿနပဋိဝေဓ)သမုဒယသစ္စာ၌အမှန်ကိုသိတတ်သောဉာဏ်ဖြစ်၍ ဉာဏ်အမည်ဖြင့် ''သစ္စ'' ဉာဏ်-ဟုခေါ်၍၊ပုဂ္ဂိုလ်အဘို့အားဖြင့် (သေက္ခ-ဘူမိ)သေက္ခပုဂ္ဂိုလ် ၇-ယောက်တို့၏ သန္တာန်၌ဖြစ်သော အသိဉာဏ်မည်၏။

ဤသည်လျှင်—

သမုဒယသစ္စာ၌ သစ္စဉာဏ်၅-ပါးဖြင့်သိမြင်ပုံနည်းပြ ပါဠိတော်၏ အဓိပ္ပါယ် ၅-ပါးအနက်ပြခဏ်းပြီး၏။

## (၂) သမုဒယသစ္စာ၌ ကိစ္စဉာဏ်၅-ပါးဖြင့်သိမြင်ပုံ နည်းပြ အဓိပ္ပါယ်ပြခဏ်း

သမုဒယသစ္စာဟူသောလောဘကို၊ ဤလောဘတရားသည်—

(၁) အာယူဟနဋ္ဌ ၊ အားထုတ်ခြင်း။
(၂) နိဒါနဋ္ဌ ၊ အကြောင်းရင်းဖြစ်ခြင်း။
(၃) သံယောဂဋ္ဌ ၊ ယှဉ်ခြင်း
(၄) ပလိဗောဓဋ္ဌ ၊ တားဆီး,နှောင့်ရှက်ခြင်း။

ဟူသော လေးပါးသောအနက်သဘောရှိ၍ (ဒုက္ခသမုဒယ) ရုပ်နာမ်အသစ် ဖြစ်ရခြင်းဟူသော ဆင်းရဲခြင်း၏ အကြောင်းရင်းကေန်၊ စင်စစ်မှန်သော တရားသဘောပေတည်း-ဟု၊ သိ၍၊ ထိုလောဘကို၊ ငါတို့သည် ပယ်အပ်သင့်လှ၏။ ။ပယ်ထိုက်လှ၏။ ။ပယ်မှသင့်မည်ဟု (ပ ဟာ တဗ္ဗ )ပယ်အပ်, ပယ်ထိုက်, ပယ်သင့်သော တရားသဘောတခုအဖြစ်ဖြင့်၊ မိမိ၏အဇ္ဈတ္တသန္တာန်၌ဖြစ်သော အမှုမှန်ကို သိတတ်သော ဉာဏ်သည်၊ သမုဒယသစ္စာ၌၊ ကိစ္စဉာဏ်မည်၏။ ။ထိုကိစ္စဉာဏ်သည် ငါဘုရားသျှင်အား ဖြစ်ပြီ-ဟူ၍-ဝန်ခံတော်မူ၏။

အဘယ်သို့ကိစ္စဉာဏ်ဖြစ်သနည်းဟူမူကား

## (၂) သမုဒယသစ္စာ၌ ကိစ္စဉာဏ် ၅-ပါးဖြစ်ပုံ ပါဠိတော်ပြခဏ်း

(၁) စက္ခုံဉဒပါဒိ။ ။(၂) ဉာဏံဉဒပါဒိ။ ။(၃) ပညာ ဉဒပါဒိ။ ။(၄) ဝိဇ္ဇာဉဒပါဒိ။ ။(၅) အာလောကော ဉဒပါဒိ = ဟူ၏။

ထိုပါဠိတော်၏ အနက်သည်ကား၊ အဘယ်သို့ ဆိုလိုပါသနည်း။

## (၂) သမုဒယသစ္စာ၌ ကိစ္စဉာဏ် ၅-ပါးဖြင့်သိမြင်ပုံ နည်းပြ ပါဠိတော်၏ အနက်ပြခဏ်း

(၁) စက္ခုံ ဉဒပါဒိ…ဟူသည်ကား၊ သစ္စဉာဏ်ဖြင့် သိမြင်ပြီးသော သမုဒယ သစ္စာကို၊ ကိစ္စဉာဏ်သဘောဖြင့်၊

မြင်တတ်သော ပညာဟူသော မျက်စိသည် (မျက်စိနှင့်တူသော ပညာသည်) ဖြစ်ပြီ-ဟု၊ ပြဆို၏။

(၂) ဉာဏံ ဥဒပါဒိ…ဟူသည်ကား၊ သစ္စ…သမုဒယ သစ္စာကို၊ ကိစ္စ….ဖြင့်၊ မြင်တတ်သော ဉာဏ်သည်ဖြစ် ပြီ-ဟု၊ပြဆို၏။

(၃) ပညာဥဒပါဒိ…ဟူသည်ကား၊ သစ္စ….သမုဒယ သစ္စာကို၊ ကိစ္စ….ဖြင့်၊ အထူးထူး….ပညာသည် ဖြစ်ပြီ- ဟု၊ ပြဆို၏။

(၄) ဝိဇ္ဇာ ဥဒပါဒိ…ဟူသည်ကား၊ သစ္စ….သမုဒယ သစ္စာကို၊ ကိစ္စ….ဖြင့်၊ ထိုးထွင်း….ဝိဇ္ဇာသည်ဖြစ်ပြီ-ဟု၊ ပြဆို၏။

(၅) အာလောကော ဥဒပါဒိ…ဟူသည်ကား၊သစ္စ…သမုဒယသစ္စာ ကို၊ ကိစ္စ….ဖြင့်၊ မြင်အောင်…. အလင်းသည် (ပညာသည်) ဖြစ်ပြီ- ဟု၊ ပြဆို၏။

ဤသို့-ငါးပါးသော သိမြင်ပုံနည်း-အသိဉာဏ် တို့ဖြင့် သိမြင်ခြင်းတို့ မည်သည်ကား၊ (ဘာဝနာ ပဋိဝေဓ) သမုဒယ သစ္စာ၌ (ပဟာတဗ္ဗ) မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် ပယ်အပ်၏။ ။ပယ်ထိုက်,ပယ်သင့်သောတရား သဘောတခုဟူ၍ သိတတ်သော ဉာဏ်ဖြစ်၍ ဉာဏ်အမည်ဖြင့် (ကိစ္စ) ဉာဏ်ဟုခေါ်၍ ပုဂ္ဂိုလ်အဘို့အားဖြင့် (သေက္ခ-ဘူမိ) သေက္ခပုဂ္ဂိုလ် ၇—ယောက်တို့၏ သန္တာန်၌ဖြစ်သောအသိဉာဏ်မည်၏။

ဤသည်လျှင်—
သမုဒယ သစ္စာ၌ ကိစ္စဉာဏ် ၅-ပါးဖြင့် သိမြင်ပုံနည်းပြ
ပါဠိတော်၏အဓိပ္ပါယ်အနက်
ပြခဏ်းပြီး၏။

---

H.275·27 [ဟံသာဝတီမှ]

## (၂) သမုဒယသစ္စာ၌ ကတဉာဏ် ၅-ပါးဖြင့်သိမြင်ပုံနည်း အဓိပ္ပါယ်ပြခဏ်း

သမုဒယသစ္စာဟူသောလောဘကို၊ ဤလောဘတရားသည်-

(၁) အာယူဟနဋ္ဌ ၊ အားထုတ်ခြင်း။
(၂) နိဒါနဋ္ဌ ၊ အကြောင်းရင်းဖြစ်ခြင်း။
(၃) သံယောဂဋ္ဌ ၊ ယှဉ်စပ်ခြင်း။
(၄) ပလိဗောဓဋ္ဌ ၊ တားဆီး, နှောက်ရှက်ခြင်း။

ဟူသော လေးပါးသော အနက်သဘောရှိ၍ (ဒုက္ခ-သမုဒယ) ရုပ်နာမ်အသစ်၊ ဖြစ်ရခြင်းဟူသော ဆင်းရဲခြင်း၏ အကြောင်းရင်း ကေန်၊ စင်စစ်မှန်သော တရားသဘောပေတည်း-ဟု၊သိ၍ထိုလောဘကို ငါတို့သည်မဂ်လေးပါးတို့ဖြင့် အဆင့်ဆင့်၊ဆိုင်ရာဆိုင်ရာပယ်၍ပြီးပြီ။ ။ပယ်၍ပြီးပြီ။ ။(ပယ်၍ပြီးပြီ။ )။တစွန်းတစမျှ ပယ်ရန်၊ အကြွင်းအကျန်မရှိပြီ-ဟု၊(ပ ဟီန)ပယ်အပ်ပြီးသောတရား သဘောတခု၏ အဖြစ်ဖြင့်၊ပြီးပြီးသော အမှုမှန်ကို သိတတ်သော ဉာဏ်သည်၊ သမုဒယသစ္စာ၌ "ကတ"ဉာဏ်မည်၏။ ။

ထို ကတ ဉာဏ်သည်၊ ငါဘုရားသျှင်အား၊ ဖြစ်ပြီ-ဟူ၍၊ ဝန်ခံတော်မူ၏။

အဘယ်သို့ကတဉာဏ်ဖြစ်သနည်းဟူမူကား—

## (၂) သမုဒယသစ္စာ၌ ကတဉာဏ် ၅-ပါးဖြစ်ပုံ ပါဠိတော်ပြခဏ်း

(၁)စက္ခုံ ဉဒပါဒိ။ ။(၂)ဉာဏံ ဉဒပါဒိ။ ။
(၃)ပညာ ဉဒပါဒိ။ ။(၄)ဝိဇ္ဇာ ဉဒပါဒိ။ ။
(၅)အာလောကော ဉဒပါဒိ =ဟူ၏။

ထိုပါဠိတော်၏ အနက်သည်ကား၊ အဘယ်သို့ ဆိုလိုပါသနည်း။

## (၂) သမုဒယသစ္စာ၌ ကတဉာဏ် ၅-ပါးဖြင့် သိမြင်ပုံ နည်းပြပါဠိတော်၏ အနက်ပြချက်

(၁) စက္ခုံ ဥဒပါဒိ…ဟူသည်ကား=ကိစ္စဉာဏ်ဖြင့် သိမြင်ပြီးဖြစ်သော သမုဒယသစ္စာကို၊ ကတဉာဏ် သဘောဖြင့်၊ မြင်တတ်သော ပညာဟူသော မျက်စိသည် (မျက်စိနှင့် တူသော ပညာသည်)ဖြစ်ပြီ-ဟု၊ပြဆို၏။

(၂) ဉာဏံ ဥဒပါဒိ…ဟူသည်ကား=ကိစ္စ…သမုဒယ သစ္စာကို၊ကတ…ဖြင့်၊ သိတတ်သောဉာဏ်သည် ဖြစ်ပြီ-ဟု၊ ပြဆို၏။

(၃) ပညာ ဥဒပါဒိ…ဟူသည်ကား=ကိစ္စ….သစ္စာကို၊ ကတ….ဖြင့်၊ အထူးထူး….ပညာသည် ဖြစ်ပြီ-ဟု၊ ပြဆို၏။

(၄) ဝိဇ္ဇာ ဥဒပါဒိ…ဟူသည်ကား=ကိစ္စ….သစ္စာကို၊ ကတ….ဖြင့်၊ ထိုးထွင်း….ဝိဇ္ဇာသည် ဖြစ်ပြီ-ဟု၊ ပြဆို၏။

(၅) အာလောကော ဥဒပါဒိ…ဟူသည်ကား =ကိစ္စ ….သစ္စာကို၊ ကတ….ဖြင့်၊ မြင်အောင်….အလင်းသည်(ပညာသည်) ဖြစ်ပြီ-ဟု၊ပြဆို၏။

ဤသို့ ငါးပါးသော သိမြင်ပုံနည်း အသိဉာဏ်တို့ဖြင့်၊ သိမြင်ခြင်းတို့ မည်သည်ကား(ပစ္စဝေက္ခဏာ)ဆင်ခြင်သောဉာဏ်ဖြင့်၊ သမုဒယသစ္စာ၌ (ပဟီန)မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် ပယ်အပ်ပြီးသော(ပယ်၍ပြီးပြီးသော) တရားသဘောတခု-ဟူ၍ သိတတ်သော ဉာဏ်ဖြစ်၍၊ ဉာဏ်အမည်ဖြင့်၊ ''ကတ''ဉာဏ်ခေါ်၍၊ ပုဂ္ဂိုလ် အဘို့အားဖြင့် (အသေက္ခ-ဘူမိ)ရဟန္တာ ပုဂ္ဂိုလ်တို့၏ သန္တာန်၌ဖြစ်သော အသိဉာဏ်မည်၏။

ဤသည်လျှင်—
သမုဒယသစ္စာ၌ကတဉာဏ် ၅-ပါးဖြင့် သိမြင်ပုံနည်းပြ ပါဠိတော်၏
အဓိပ္ပါယ်, အနက်ပြချက်း ပြီး၏။

## (၃) နိရောဓသစ္စာဟူသော တရားစကားအမှန်ကို အသံမျှ မကြားရစဘူးဟု ဝန်ခံချက် ပြဆိုခဏ်း

(၃) ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စန္တိ၊ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု၊ ဓမ္မေသု၊ (၁) စက္ခုံ ဥဒပါဒိ။ ။(၂) ဉာဏံ ဥဒပါဒိ။ ။(၃) ပညာ ဥဒပါဒိ။ ။(၄)ဝိဇ္ဇာဥဒပါဒိ။ ။(၅) အာလောကော ဥဒပါဒိ=ဟူ၏။ ဤသို့ ဟောတော်မူရာဝယ်–

(၃) ∴ ဣဒံ ဒုက္ခ နိရောဓံ…ဓမ္မေသု=ဟူသော စကားဝါကျ၏ အဓိပ္ပါယ်သည်ကား၊ အဘယ်သို့ ဆိုလိုပါသနည်း။

မြန်မာဘာသာပြန် အဓိပ္ပါယ်

(၃) အို–ပဉ္စ ဝဂ္ဂီ ရဟန်းတို့။

သင်တို့၏ဆရာ၊ ငါဘုရားသျှင်သည်၊ဗုဒ္ဓမြတ်စွာ ဘုရားသျှင်၏အဖြစ်သို့ မရောက်ရသေးမီ၊ ရှေးအဘို့ဖြစ်သောကာလတို့၌၊မကြားနာရစဘူးသော တရားဦး၊တရားမြတ်ဖြစ်သော အကြင်စကား အထူးသည်ရှိ၏။ ထိုစကား အထူးသည်ကား၊ (၁)* ဣဒံ ဒုက္ခ နိရောဓံ=ဟူသည်၎င်း၊ (၂)* အရိယ သစ္စံ= ဟူသည်၎င်း၊ ဖြစ်၏။ ။ဤအရာ၌(၁)* ဣဒံ ဒုက္ခ နိရောဓံ=ဟူသောစကား၏အဓိပ္ပါယ်သည်ကား ဤသို့ပင်တည်း။

(၁) အို–ပဉ္စ ဝဂ္ဂီ ရဟန်းတို့။

ဤသန္တိသုခ၊ အမတဓာတ်၊ နိဗ္ဗာန်ဟူသောတရားမြတ်သည်–

(၁) နိဿရဏဋ္ဌ ၊ ဝဋ်သုံးပါးမှ ထွက်မြောက်ရာ ဖြစ်ခြင်း။
(၂) ဝိဝေကဋ္ဌ ၊ ဝဋ်သုံးပါးမှ ကင်းဆိတ်ရာဖြစ်ခြင်း။
(၃) အသင်္ခတဋ္ဌ ၊ မပြုပြင်ရခြင်း။
(၄) အမတဋ္ဌ ၊ သေကြေပျက်စီးခြင်းမရှိခြင်း။

ဟူသော လေးပါးသောအနက်သဘောရှိ၍(ဒုက္ခနိရောဓ)ရုပ် နာမ်ဟူသော ဒုက္ခ၏ချုပ်ရာ၊ ချမ်းသာကေန်၊ စင်စစ်မှန်သော နိဗ္ဗာန်ဟူသော တရားထူး တရားမြတ်တပါးဖြစ်၏၊ ထိုသို့ပင်ဖြစ်သည်မှန်စေ၊

''ဒုက္ခနိရောဓေ အညာဏံ အယံ ဝုစ္စတိ အဝိဇ္ဇာ''= ဆိုသည့်အတိုင်း အဝိဇ္ဇာတရား၏ ဖုံးအုပ် ကွယ်ကာမှုကြောင့် နိဗ္ဗာနဓာတ် တရားမြတ်၏ (နိ၊ ဝိ၊ အ၊ အ၊ )ဟူသော လေးပါးသောအနက်သဘောတို့ဖြင့် (ဒုက္ခနိရောဓ) ရုပ်နာမ်ဟူသော ဒုက္ခ၏ချုပ်ရာ၊ ချမ်းသာကေန်၊ စင်စစ်မှန်သော တရားမြတ်တပါးရှိ၏-ဟူသောတရားစကားအမှန်ကို၊အသံမျှပင် မကြားနာရစဘူး ဖြစ်ချေ၏။

ထိုမှတပါး (၂)* **အရိယသစ္စံ**=ဟူသောစကား၏ အဓိပ္ပါယ် သည်ကား၊ဤသို့ပင်တည်း။

(၂) အို–ပဥ္စ ဝဂ္ဂီ ရဟန်းတို့။

ဤသန္တိ သုခ၊ အမတဓာတ်၊ နိဗ္ဗာန်ဟူသော တရားမြတ်၏ (ဒုက္ခနိရောဓ) ရုပ် နာမ် ဟူသော ဒုက္ခ၏ချုပ်ရာ၊ ချမ်းသာကေန်၊ စင်စစ်မှန်သော တရားဥုး တရားမြတ် တပါးဖြစ်၏-ဟု၊ဆိုသောစကားသည်၊ အရိယာပုဂ္ဂိုလ်တို့၏ ဉာဏ်အမြင်ဖြင့် သိမြင်၍ ပြောဆိုဟောကြားအပ်သော တရားစကားဖြစ်၏-ဟု၊ ဆိုသော (အရိယသစ္စာ) တရားစကား အမှန်ကိုလည်း၊ အသံမျှပင်မကြားနာရစဘူးချေဖြစ်၏။

ဤသို့အားဖြင့် နိဗ္ဗာန်၏ (၁) (ဒုက္ခနိရောဓ) ရုပ်နာမ်ဟူသော ဒုက္ခ၏ချုပ်ရာ၊ ချမ်းသာကေန်၊ စင်စစ်မှန်သည်၏အဖြစ်၊ (၂) အရိယသစ္စာ၏အဖြစ်ဟူသော တရားစကားအမှန်ကို၊ အသံမျှပင် မကြားနာရစဘူးခြင်းသည်ပင်၊ (အနနုဿုတေသု၊ မကြားနာရစဘူးကုန်သော။ ဓမ္မေသု၊ နိရောဓသစ္စာတရားတို့၌)။ ။ဟူသော ပါဠိတော်၏ အနက်အဓိပ္ပါယ်ဖြစ်၍ မကြားနာရ စဘူးသော တရားဥုးတရားမြတ်ဖြစ်သော စကားအထူးပေတည်း-ဟု၊ဆိုလို၏။

ဤသည်လျှင်–
(က)ဣဒံ ဒုက္ခ နိရောဓံ၊ (ခ) အရိယသစ္စန္တိ၊ မေ....ဓမ္မေသု-
ဟူသောစကားဝါကျ၏ အကျဉ်းချုပ် အဓိပ္ပါယ်
ပြခဏ်းပြီး၏။

## (၃) နိရောဓသစ္စာ၌ သစ္စဉာဏ်၅-ပါးဖြင့် သိမြင်ပုံ နည်းပြ ပါဠိတော်ပြခဏ်း

(၁) စက္ခုံ ဥဒပါဒိ။ ။(၂) ဉာဏံ ဥဒပါဒိ။ ။(၃) ပညာ ဥဒပါဒိ။ ။(၄) ဝိဇ္ဇာ ဥဒပါဒိ။ ။(၅) အာလောကော ဥဒပါဒိ=ဟူသောစကား တစိတ်, တစိတ်၏အဓိပ္ပါယ်သည်ကား၊ အဘယ်သို့ဆိုလိုပါသနည်း။

မြန်မာဘာသာပြန် အဓိပ္ပါယ်

(၃) ဒို-ပဥ္စ ဝဂ္ဂီ ရဟန်းတို့။

သင်တို့ဆရာ၊ ငါဘုရားသျှင်သည်၊ အရဟတ္တမဂ် ဉာဏ်ဖြင့် ကိလေသာဟူသော ရန်သူတို့ကို၊ပယ်ဖြတ်၍ သဗ္ဗညုတဉာဏ်ဖြင့် အဝိဇ္ဇာတရားတည်းဟူသော အမှောင်ကို ခွင်းဖောက်၍၊ အလင်းသို့ ရောက်တော်မူပြီးဖြစ်၍၊ ဗုဒ္ဓ မြတ်စွာဘုရားသျှင် အစစ်၊ဖြစ်တော်မူပြီး-ဖြစ်ရကား၊ ရှေးအ ါက (အနနုဿုတ ဓမ္မ) ဟူသော မကြားနာရစဘူးသော တရားဉုး တရားမြတ် ဖြစ်သော နိရောဓသစ္စာ၌—

| | | | |
|---|---|---|---|
| (၁) | သစ္စ | ဉာဏ် | ၅-ပါး |
| (၂) | အတ္တ | ဉာဏ် | ၅-ပါး |
| (၃) | ဓမ္မ | ဉာဏ် | ၅-ပါး |
| (၄) | နိရုတ္တိ | ဉာဏ် | ၁၀-ပါး |
| (၅) | ပဋိဘာန | ဉာဏ် | ၁၀-ပါး |

ဤသို့အားဖြင့် များပြားသော အပြားရှိသော သိမြင်ပုံနည်း၊ အသိဉာဏ်တို့ဖြင့် ဤယခုအခါ၌ ကုန်ကုန် စင်စင် သိမြင်တော်မူပြီး ဖြစ်ပြီ-ဟု၊ ဝန်ခံတော် မူလိုသည် ဖြစ်၍၊ ဤ(၁) စက္ခုံဥဒပါဒိ၊ ဉာဏံဥဒပါဒိ= အစရှိသော ၅-ပိုဒ်သော စကားအထူးကို၊ ကျူးရင့်တော်မူ၏။

## ဤသို့သိမြင်သော အသိဉာဏ် ၅-မျိုးတို့တွင် (၃) နိရောဓသစ္စာ၌ သစ္စဉာဏ် ၅-ပါးဖြင့် သိမြင်ပုံ နည်းအဓိပ္ပါယ်ပြခဏ်း

နိရောဓ သစ္စာဟူသော နိဗ္ဗာန်တရားကို၊ဤနိဗ္ဗာန်တရားသည်—

(၁) နိဿရဏဋ္ဌ ၊ ဝဋ်သုံးပါးမှ ထွက်မြောက်ရာဖြစ်ခြင်း။
(၂) ဝိဝေကဋ္ဌ ၊ ဝဋ်သုံးပါးမှ ကင်းဆိတ်ခြင်း။
(၃) အသင်္ခတဋ္ဌ ၊ ရုပ်နာမ်အသစ်ဖြစ်စေမှုကိုမပြုပြင်ရခြင်း။
(၄) အမတဋ္ဌ ၊ သေ ကြေ ပျက်စီးခြင်း မရှိခြင်း။

ဟူသော လေးပါးသော အနက်သဘောရှိ၍ (ဒုက္ခနိရောဓ) ရုပ်နာမ် ခပ်သိမ်း၊ ချုပ်ငြိမ်းရာ ကေန်၊ စင်စစ်မှန်သော၊ သန္တိသုခ၊ အမတဓာတ်၊ နိဗ္ဗာန်ဟူသော တရားဦး တရားမြတ်တပါး ဖြစ်၏-ဟု၊ နိဗ္ဗာနဓာတ်၏ သဘောအမှန်ကို (ယထာဘူတ) ကျန မှန်ကန်သည့်အတိုင်း၊ မိမိ၏ အဇ္ဈတ္တသန္တာန်၌ ဖြစ်သောအမှန်ကို သိတတ်သောဉာဏ်သည်၊ နိရောဓသစ္စာ၌ "သစ္စ"ဉာဏ်မည်၏။

ထိုသစ္စာဉာဏ်သည်၊ငါဘုရားသျှင်အား ဖြစ်ပြီ-ဟူ၍၊ ဝန်ခံတော်မူ၏။

အဘယ်သို့ သစ္စဉာဏ်ဖြစ်သနည်းဟူမူကား—

## (၃) နိရောဓသစ္စာ၌၊ သစ္စဉာဏ် ၅-ပါးဖြစ်ပုံ ပါဠိတော် ပြခဏ်း

(၁) စက္ခုံ ဥဒပါဒိ။ ။(၂) ဉာဏံ ဥဒပါဒိ။ ။(၃) ပညာ ဥဒပါဒိ။ ။(၄) ဝိဇ္ဇာ ဥဒပါဒိ။ ။(၅) အာလောကော ဥဒပါဒိ—ဟူ၏။

ထိုပါဠိတော်၏ အဓိပ္ပါယ်သည်ကား၊ အဘယ်သို့ ဆိုလိုပါသနည်း။

## (၃) နိရောဓသစ္စာ၌၊ သစ္စဉာဏ် ၅-ပါးဖြင့် သိမြင်ပုံနည်းပြပါဠိတော်၏အနက်ပြခဏ်း

(၁) စက္ခုံ ဥဒပါဒိ…ဟူသည်ကား၊ နိရောဓ သစ္စာ ဟူသော နိဗ္ဗာန်ကို၊ သစ္စဉာဏ် သဘောဖြင့်၊ မြင်တတ်သော ပညာဟူသော(မျက်စိနှင့်တူသောပညာသည်)ဖြစ်ပြီဟု-ပြဆို၏။

(၂) ဉာဏံ ဥဒပါဒိ….ဟူသည်ကား၊ နိရောဓသစ္စာကို၊ သစ္စ….ဖြင့်၊ သိတတ်သော ဉာဏ်သည် ဖြစ်ပြီဟု-ပြဆို၏။

(၃) ပညာ ဥဒပါဒိ…ဟူသည်ကား၊ နိရောဓသစ္စာကို၊ သစ္စ….ဖြင့်၊ အထူးထူးအပြားပြားအားဖြင့်၊ သိတတ်သောပညာသည် ဖြစ်ပြီ-ဟု၊ ပြဆို၏။

(၄) ဝိဇ္ဇာဥဒပါဒိ…ဟူသည်ကား၊ နိရောဓသစ္စာကို၊ သစ္စ…ဖြင့်၊ထိုးထွင်း၍ သိတတ်သောဝိဇ္ဇာသည် ဖြစ်ပြီ-ဟု ပြဆို၏။

(၅) အာလောကောဥဒပါဒိ…ဟူ သည် ကား၊ နိရောဓသစ္စာကို၊ သစ္စ‥ဖြင့်၊ မြင်အောင် ပြတတ်သော ပညာဟူသော အရောင်အလင်းသည် (အရောင်အလင်းနှင့်တူသော ပညာသည်)ဖြစ်ပြီဟု-ပြဆို၏။

ဤသို့လျှင် ငါးပါးသော သိမြင်ပုံနည်း-အသိဉာဏ်တို့ဖြင့်၊ သိမြင်ခြင်းတို့မည်သည်ကား၊ (ဒဿန-ပဋိဝေဓ) နိရောဓသစ္စာ၌ အမှန်ကို သိတတ်သောဉာဏ်ဖြစ်၍ ဉာဏ်အမည်ဖြင့်‘‘သစ္စ’’ဉာဏ်ဟုခေါ်၍၊ပုဂ္ဂိုလ်အဘို့အားဖြင့် (သေက္ခ-ဘူမိ) သေက္ခပုဂ္ဂိုလ် ၇-ယောက်တို့၏သန္တာန်၌ဖြစ်သော အသိဉာဏ်မည်၏။

ဤသည်လျှင်-
နိရောဓသစ္စာ၌ သစ္စဉာဏ်၅-ပါးဖြင့် သိမြင်ပုံနည်း
အဓိပ္ပါယ်ပြခဏ်းပြီး၏။

## (၃) နိရောဓသစ္စာ၌၊ကိစ္စဉာဏ်၅-ပါးဖြင့် သိမြင်ပုံနည်း အဓိပ္ပါယ်ပြချက်း

နိရောဓသစ္စာဟူသော နိဗ္ဗာန်ကို၊၌နိဗ္ဗာန်တရားသည်-

(၁) နိဿရဏဋ္ဌ၊ ဝဋ်သုံးပါးမှထွက်မြောက်ရာဖြစ်ခြင်း။
(၂) ဝိဝေကဋ္ဌ၊ ဝဋ်သုံးပါးမှ ကင်းဆိတ်ခြင်း။
(၃) အသင်္ခတဋ္ဌ၊ ရုပ်-နာမ်အသစ် ဖြစ်စေမှုကို မပြုပြင်ရခြင်း။
(၄) အမတဋ္ဌ၊ သေကြေပျက်စီးခြင်းမရှိခြင်း။

ဟူသော လေးပါးသောအနက်သဘောရှိ၍ (ဒုက္ခ-နိရောဓ) ရုပ်နာမ်ခပ်သိမ်း၊ ချုပ်ငြိမ်းရာကေန်၊ စင်စစ်မှန်သော၊ သန္တိသုခ၊ အမတဓာတ်၊ နိဗ္ဗာန် ဟူသော တရားဦး+တရားမြတ် ဖြစ်ပေ၏-ဟု၊သိ၍ ထိုနိဗ္ဗာန်တရားကို၊ ငါသည် (**သစ္ဆိ-ကာတဗ္ဗ**) မျက်မှောက်ထင်ထင် သိမြင်အောင် အာရုံပြုအပ်လှ၏။ ။ပြုသင့်လှ၏။ ။ပြုထိုက်ပေ၏။ ။ မပြုဘဲနေခြင်းငှါ မသင့်ပါတကား၊ဟု- (**သစ္ဆိ-ကာတဗ္ဗ**) မျက်မှောက် ထင်ထင်၊ သိမြင်အောင်အာရုံပြုအပ်, ပြုသင့်, ပြုထိုက်သော တရားသဘောတခု၏အဖြစ်ဖြင့်၊ မိမိ၏အဇ္ဈတ္တသန္တာန်၌ ဖြစ်သောအမှုမှန်ကို သိတတ်သောဉာဏ်သည်၊ နိရောဓသစ္စာ၌"**ကိစ္စ**"ဉာဏ်မည်၏။ ။ ထို"**ကိစ္စ**"ဉာဏ်သည်၊ ငါဘုရားသျှင်အား၊ ဖြစ်ပြီဟူ၍ ဝန်ခံတော်မူ၏။

အဘယ်သို့"**ကိစ္စ**"ဉာဏ်ဖြစ်သနည်းဟူမူကား—

## (၃) နိရောဓသစ္စာ၌၊ ကိစ္စဉာဏ် ၅-ပါးဖြစ်ပုံ ပါဠိတော်ပြချက်း

(၁) စက္ခုံဥဒပါဒိ။ ။(၂) ဉာဏံဥဒပါဒိ။ (၃) ပညာဥဒပါဒိ။ ။
(၄) ဝိဇ္ဇာဥဒပါဒိ။ ။(၅) အာလောကောဥဒပါဒိ=ဟူ၏။

ထိုပါဠိတော်၏ အနက်အဓိပ္ပါယ်သည်ကား၊ အဘယ်သို့ဆိုလိုပါသနည်း။

H 275-28 [ဟံသာဝတီမှ]

## (၃) နိရောဓသစ္စာ၌၊ကိစ္စဉာဏ်၅-ပါးဖြင့်သိမြင်ပုံ နည်းပြ ပါဠိတော်၏အနက်ပြခဏ်း

(၁) စက္ခုံဥဒပါဒိ…ဟူသည်ကား=သစ္စဉာဏ်ဖြင့် သိမြင်ပြီး ဖြစ်သော နိရောဓ သစ္စာကို၊ ကိစ္စဉာဏ် သဘောဖြင့်၊မြင်တတ်သော ပညာဟူသော မျက်စိသည် (မျက်စိနှင့်တူသော ပညာသည်) ဖြစ်ပြီ-ဟု၊ ပြဆို၏။

(၂)ဉာဏံဥဒပါဒိ…ဟူသည်ကား=သစ္စဉာဏ်….သစ္စာကို၊ ကိစ္စ…. ဖြင့်၊ သိတတ်သောဉာဏ်သည် ဖြစ်ပြီ-ဟု၊ပြဆို၏။

(၃) ပညာ ဥဒပါဒိ…ဟူသည်ကား=သစ္စဉာဏ်….သစ္စာကို၊ကိစ္စ…. ဖြင့်၊ အထူးထူး….ပညာသည်ဖြစ်ပြီ-ဟု၊ပြဆို၏။

(၄) ဝိဇ္ဇာ ဥဒပါဒိ…ဟူသည်ကား=သစ္စဉာဏ်….သစ္စာကို၊ ကိစ္စ… ဖြင့်၊ထိုးထွင်း….ဝိဇ္ဇာသည်ဖြစ်ပြီ၊ဟု-ပြဆို၏။

(၅) အာလောကော ဥဒပါဒိ…ဟူသည်ကား=သစ္စဉာဏ်..သစ္စာကို၊ ကိစ္စ….ဖြင့်၊ မြင်အောင်…အရောင်အလင်းသည် (ပညာသည်) ဖြစ်ပြီ-ဟု၊ ပြဆို၏။

ဤသို့ ငါးပါးသော သိမြင်ပုံနည်း-အသိဉာဏ်တို့ဖြင့်၊ သိမြင်ခြင်းတို့မည်သည်ကား(ဘာဝနာ ပဋိဝေဓ၊)နိရောဓသစ္စာ၌ (သဒ္ဓိ-ကာတဗ္ဗ) မျက်မှောက်ထင်ထင်၊ ဉာဏ်ဖြင့်သိမြင်အောင် အာရုံပြုအပ်, ပြုထိုက်, ပြုသင့်သော တရားသဘော တခုဟူ၍၊သိတတ်သောဉာဏ်ဖြစ်၍ ဉာဏ်အမည်ဖြင့်''ကိစ္စ'' ဉာဏ်ဟုခေါ်၍၊ ပုဂ္ဂိုလ်အဘို့အားဖြင့်(သေက္ခ-ဘူမိ) သေက္ခပုဂ္ဂိုလ် ၇-ယောက်တို့၏ သန္တာန်၌ဖြစ်သောအသိဉာဏ်မည်၏။

ဤသည်လျှင်-
နိရောဓသစ္စာ၌ ကိစ္စဉာဏ် ၅-ပါးဖြင့် သိမြင်ပုံနည်းပြ
ပါဠိတော်၏ အဓိပ္ပါယ်, အနက် ပြခဏ်းပြီး၏။

## (၃) နိရောဓသစ္စာ၌၊ ကတဉာဏ် ၅-ပါးဖြင့်သိမြင်ပုံနည်း အဓိပ္ပါယ်ပြခဏ်း

နိရောဓ သစ္စာဟူသော နိဗ္ဗာန်ကို၊ ဤနိဗ္ဗာန်တရားသည်—
(၁) နိဿရဏဋ္ဌ၊ ဝဋ်သုံးပါးမှ ထွက်မြောက်ရာဖြစ်ခြင်း။
(၂) ဝိဝေကဋ္ဌ၊ ဝဋ်သုံးပါးမှ ကင်းဆိတ်ခြင်း။
(၃) အသင်္ခတဋ္ဌ၊ မပြုပြင်ရခြင်း။
(၄) အမတဋ္ဌ၊ သေကြေပျက်စီးခြင်းမရှိခြင်း။

ဟူသော လေးပါးသော အနက်သဘောရှိ၍ (ဒုက္ခ-နိရောဓ) ရုပ်နာမ်ခပ်သိမ်း၊ချုပ်ငြိမ်းရာကေန်၊စင်စစ်မှန်သောသန္တိသုခ၊အမတဓာတ် နိဗ္ဗာန်ဟူသော တရားဦး+တရားမြတ် ဖြစ်ပေ၏ဟု သိ၍၊ ထိုနိဗ္ဗာန် တရားကို၊ ငါသည် (သစ္ဆိ-ကတ) မျက်မှောက်ထင်ထင်၊ သိမြင်အောင် အာရုံပြု၍ပြီးပြီ။ ။နောက်ထပ်တကြိမ်၊ ဤနိဗ္ဗာန်တရားကို၊ (အာဒိကမ္မိက မဂ်ဝီထိ)သဘောမျိုးကဲ့သို့၊ မျက်မှောက်ထင်ထင် သိမြင်အောင် အာရုံပြုဘို့ရာ အလုပ်ကိစ္စ မရှိတော့ပြီ၊ မျက်မှောက်ထင်ထင် သိမြင်ပြီး ဖြစ်သော နိရောဓသစ္စာတရားကို (ပစ္စဝေက္ခဏာ) ဆင်ခြင်သောအနေ ဖြင့်၊ အာရုံပြု၍ နေရန်သာရှိချေ၏ ဟု (သစ္ဆိ-ကတ) မျက်မှောက်ထင် ထင်၊ သိမြင်အောင် အာရုံပြုပြီးဖြစ်သော တရားသဘောတခု၏ အဖြစ် ဖြင့်၊ မိမိ၏ အဇ္ဈတ္တသန္တာန်၌ ပြီးပြီးသောအမှုမှန်ကို သိတတ်သော ဉာဏ်သည်၊ နိရောဓသစ္စာ၌ "ကတ" ဉာဏ်မည်၏။ ။

ထို "ကတ"ဉာဏ်သည်၊ ငါဘုရားသျှင်အား၊ ဖြစ်ပြီ ဖြစ်ပြီ ဖြစ်ပြီ-ဟု၊ ဝန်ခံတော်မူ၏။

အဘယ်သို့ကတဉာဏ် ဖြစ်သနည်း ဟူမူကား—

## (၃) နိရောဓသစ္စာ၌၊ကတဉာဏ် ၅-ပါးဖြစ်ပုံ ပါဠိတော် ပြခဏ်း

(၁) စက္ခုံ ဥဒပါဒိ။ ။(၂) ဉာဏံ ဥဒပါဒိ။ ။
(၃) ပညာ ဥဒပါဒိ။ ။(၄) ဝိဇ္ဇာ ဥဒပါဒိ။ ။
(၅) အာလောကော ဥဒပါဒိ=ဟူ၏။

ထိုပါဠိတော်၏ အနက်သည်ကား၊ အဘယ်သို့ဆိုလိုပါသနည်း။

## (၃) နိရောဓသစ္စာ၌၊ ကတဉာဏ် ၅-ပါးဖြင့်သိမြင်ပုံ နည်းပြပါဠိတော်၏အနက်ပြခက်း

(၁) စက္ခုံ ဥဒပါဒိ.... ဟူသည်ကား၊ ကိစ္စဉာဏ်ဖြင့် သိမြင်ပြီးဖြစ်သော နိရောဓ သစ္စာကို၊ ကတ...ဖြင့်၊ မြင်တတ်သော ပညာဟူသော မျက်စိသည် (မျက်စိနှင့်တူသော ပညာသည်)ဖြစ်ပြီ-ဟု၊ ပြဆို၏။

(၂) ဉာဏံ ဥဒပါဒိ....ဟူသည်ကား၊ ကိစ္စဉာဏ်....သစ္စာကို၊ကတ.. ဖြင့်၊....ဉာဏ်သည်ဖြစ်ပြီ-ဟု၊ ပြဆို၏။

(၃) ပညာ ဥဒပါဒိ....ဟူသည်ကား၊ ကိစ္စဉာဏ်....သစ္စာကို၊ ကတဖြင့်၊ အထူးထူး....ပညာသည် ဖြစ်ပြီ-ဟု၊ ပြဆို၏။

(၄) ဝိဇ္ဇာ ဥဒပါဒိ...ဟူသည်ကား.... ကိစ္စဉာဏ်.... သစ္စာကို၊ ကတ....ဖြင့်၊ ထိုးထွင်း....ဝိဇ္ဇာသည် ဖြစ်ပြီ-ဟု၊ ပြဆို၏။

(၅) အာလောကော ဥဒပါဒိ...ဟူသည်ကား=ကိစ္စဉာဏ်....သစ္စာကို၊ ကတ....ဖြင့်၊ မြင်အောင်.... အလင်းသည် (ပညာသည်) ဖြစ်ပြီ-ဟု၊ပြဆို၏။

ဤသို့ ငါးပါးသော သိမြင်ပုံနည်း- အသိဉာဏ်တို့ဖြင့်၊ သိမြင်ခြင်းတို့မည်သည်ကား၊ (ပစ္စဝေက္ခဏာ) ဆင်ခြင်သောဉာဏ်ဖြင့် နိရောဓသစ္စာ၌ (သစ္ဆိ-ကတ) မျက်မှောက်ထင်ထင်၊ ဉာဏ်ဖြင့် သိမြင်အောင် အာရုံပြု၍ ပြီးပြီးသော တရားသဘောတခုဟူ၍ သိတတ်သော ဉာဏ်ဖြစ်၍ ဉာဏ်အမည်ဖြင့်၊ "ကတ" ဉာဏ်-ဟု၊ခေါ်၍ ပုဂ္ဂိုလ်အဘို့အားဖြင့် (အသေက္ခ-ဘူမိ) ရဟန္တာ ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဖြစ်သော အသိဉာဏ်မည်၏။

ဤသည်လျှင်-
နိရောဓသစ္စာ၌ ကတဉာဏ် ၅-ပါးဖြင့် သိမြင်ပုံနည်းပြပါဠိတော်၏ အဓိပ္ပါယ် အနက်ပြခက်းပြီး၏။

## (၄) မဂ္ဂသစ္စာဟူသော တရားစကားအမှန်ကို အသံမျှ မကြားရစဘူးဟု ဝန်ခံချက်ပြခဏ်း

(၄) ဣဒံ ဒုက္ခနိရောဓ ဂါမိနိပဋိပဒါ၊ အရိယသစ္စန္တိ၊ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု၊ ဓမ္မေသု (၁) စက္ခုံဥဒပါဒိ။ ။(၂) ဉာဏံ ဥဒပါဒိ။ ။(၃) ပညာ ဥဒပါဒိ။ ။(၄) ဝိဇ္ဇာ ဥဒပါဒိ။ ။(၅) အာလောကော ဥဒပါဒိ=ဟူ၍ ဟောတော်မူရာ၌—

(၁) ဣဒံ ဒုက္ခနိရောဓ ဂါမိနိပဋိပဒါ…ဓမ္မေသု= ဟူသော စကား ဝါကျ၏ အဓိပ္ပါယ်သည်ကား၊ အဘယ်သို့ဆိုလိုပါသနည်း။

မြန်မာဘာသာပြန် အဓိပ္ပါယ်

(၄) အို—ပဉ္စဝဂ္ဂီ ရဟန်းတို့။

သင်တို့၏ဆရာ၊ဗုဒ္ဓမည်တွင်၊ ငါဘုရားသျှင်သည်၊ ဗုဒ္ဓမြတ်စွာဘုရား သျှင်၏ အဖြစ်သို့မရောက်ရသေးမီ၊ ရှေးအဘို့ဖြစ်သော ကာလတို့၌ မကြားနာရစဘူးသော တရားဦး+တရားမြတ် ဖြစ်သော အကြင် စကား=အထူးသည်ရှိ၏။ ထိုစကားအထူးသည်ကား၊ (၁)* ဣဒံ ဒုက္ခ နိရောဓ ဂါမိနိ ပဋိပဒါ=ဟူသည်၎င်း၊ (၂)* အရိယသစ္စံ= ဟူသည်၎င်း ဖြစ်၏။ ။ဤအရာ၌(၁)* ဣဒံ…ပဋိပဒါ=ဟူသော စကား၏အဓိပ္ပါယ် သည်ကား ဤသို့ပင်တည်း။

(၁) အို—ပဉ္စဝဂ္ဂီ ရဟန်းတို့။

ဤသမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ အစရှိသော မဂ္ဂင် ရှစ်ပါး၊ မြတ်တရား ကို၊ပွါးများခြင်းဟူသော အကျင့်သည်၊ ရုပ် နာမ် ခပ်သိမ်း၊ချုပ်ငြိမ်းရာ မှန်၊ မြတ်နိဗ္ဗာန်သို့၊ မြန်စွာ ရောက်ကြောင်း၊ တရားကောင်း ကေန်၊ စင်စစ် မှန်သော သဘောရင်းဖြစ်၏။

**ထင်ရှားစေဦးအံ့**…ဂိမှာန ဥတု၊ နွေရာသီအချိန်၌၊ ထိန်ထိန်ညီးညီး၊ ကြီးစွာသော မီးတောက် မီး ျ တို့ဖြင့်၊ စွဲးငြိ တောက်လောင်၍ နေရာဖြစ်သော အိမ်အဆောက်အဉုကြီး တခု၌၊ မြေလှစွာသော ရေချမ်းဖြင့်၊ ပက်ဖျန်းသွန်းလောင်းလိုက်ချေက၊ ထိုမီး

ပုရှိန်သည်၊ တချိန်တည်းဖြင့် (တကြိမ်တည်းဖြင့်) (တခဏခြင်းဖြင့်) ငြိမ်းစဲ ချေ၍ သွားလေ၏သို့၊ ထိုနည်းတူစွာ ဤသံသရာ ဘုံဘဝအတွင်း ၌ လူ နတ် ဗြဟ္မာ သတ္တဝါဟူ၍ ခေါ်ဆိုရသော ရုပ်, နာမ် နှစ်ပါး၊ ဤတရားတို့၊ ဖြစ်ပွါးတည်ရာ၊ ဤခန္ဓာကိုယ်၌—

(၁) ဇာတိ=ဘဝအပြန်ပြန်၊ ကြိမ်ဖန်မလပ်၊ အထပ်ထပ် ဖြစ်ရခြင်းဟူသော ဇာတိမီး။

(၂) ဇရာ=ခန္ဓာယိုယွင်း၊ အိုမင်း ရင့်ယော်ရခြင်း ဟူသော ဇရာမီး။

(၃) ဗျာဓိ=မအီ မသာ၊ ကျင်နာရခြင်းဟူသော ဗျာဓိမီး။

(၄) မရဏ=ခန္ဓာပြတ်ကြွေ၊ သေလွန်ရခြင်းဟူသော မရဏမီး အစရှိသည်တို့ဖြင့်၎င်း။

(၅) လောဘ=တပ်နှစ်သက်ခြင်းဟူသော လောဘမီး။

(၆) ဒေါသ=ပြစ်မှားခြင်းဟူသော ဒေါသမီး။

(၇) မောဟ=မသိခြင်းဟူသော မောဟမီး အစရှိသည်တို့ဖြင့် ၎င်း- နေ့မစဲ-ညဉ့်မစဲ-ဘဝမစဲ-ခန္ဓာမစဲ၊ အမြဲ၊တစေ လောင်ကျွမ်း၍နေချေ၏။

ဤသို့လျှင် အပူရှိန် ပြင်းထန်လျက်၊ အလျှံဒီးဒီး၊ ညီးညီး ပြောင်ပြောင်၊ စွဲးငြိ တောက်လောင်၍ နေရာဖြစ်သော ဤခန္ဓာကိုယ်ဟူသော အပူကောင်+အပူရုပ်ကို၊ အမှုအယူ- ပြုလုပ်ခါ၊ ဟန်ပန်ဆောင်၍၊ မပူယောင်၊ မပင်ပန်းယောင်၊ ဖန်တီးလျက် ကြီးစွာသော (တဏှာ, မာန, ဒိဋ္ဌိ) ဟူသော (သံသာရပပဉ္စ) တရားညစ်, တရားဆိုးတို့ဖြင့် အမျိုးမျိုးလွှမ်းခြုံ၍၊ အစွမ်းကုန် နှိပ်စက်ညှဉ်းပမ်း စေကာမူလည်း အန္ဓပုထုဇဉ်တို့၏စိတ်သည်၊ စိတ်ပျက်ခြင်း+ငြီးငွေ့ခြင်း+ ကြောက်ရွံ့ ခြင်းမဖြစ်မူ၍ မိမိတို့၏စိတ်အကြိုက်ဖြင့်၊ အလိုက်သင့် ပျော်ရွှင်+ နှစ်ခြိုက်စွာ + နေခဲ့ကြရာ၊ နောက်ဆုံးဖြစ်သော (ဘဝ) +(နှစ်)+ (လ)+(ရက်)+(နေ့)တို့၌-

(၁) နိယျာနဋ္ဌ၊ ဝဋ်သုံးပါးမှထုတ်ဆောင်ခြင်း။
(၂) ဟေတွဋ္ဌ၊ အကြောင်းရင်းဖြစ်ခြင်း။
(၃) ဒဿနဋ္ဌ၊ အာရုံပြုမြင်ခြင်း။
(၄) အဓိပတေယျဋ္ဌ၊ အစိုးရခြင်း။

ဤလေးပါးသောအနက်သဘောရှိသော-

(၁) သမ္မာ ဒိဋ္ဌိ၊ ကောင်းစွာ သိမြင်ခြင်း။
(၂) သမ္မာ သင်္ကပ္ပ၊ ကောင်းစွာ ကြံစည်ခြင်း။
(၃) သမ္မာ ဝါစာ၊ ကောင်းစွာ ပြောဆိုခြင်း။
(၄) သမ္မာ ကမ္မန္တ၊ ကောင်းစွာ ပြုခြင်း။
(၅) သမ္မာ အာဇီဝ၊ ကောင်းစွာ အသက်မွေးခြင်း။
(၆) သမ္မာ ဝါယာမ၊ ကောင်းစွာ အားထုတ်ခြင်း။
(၇) သမ္မာ သတိ၊ ကောင်းစွာ အောက်မေ့ခြင်း။
(၈) သမ္မာ သမာဓိ၊ ကောင်းစွာ တည်ကြည်ခြင်း။

ဟူသော မဂ္ဂင်ရှစ်ပါး၊ တရားအကျင့်ကို၊ ပွါးများဆင်ခြင်အားထုတ်ခြင်းဟူသော ရေစင်ရေချမ်း၊ သွန်းဖျန်း ပက်လောင်းခြင်းတို့ဖြင့်၊ (တို့ကြောင့်) ရုပ် နာမ်တရား၊ ဤနှစ်ပါးတို့၏အပေါ်၌၊ ဖြစ်ပွါးတည်နေသော(၁) ဇာတိ-မီး၊(၂) ဇရာ-မီး၊(၃) ဗျာဓိ-မီး၊(၄) မရဏ-မီး၊ (၅) လောဘ-မီး၊ (၆) ဒေါသ-မီး၊ (၇) မောဟ-မီး၊ အစရှိသော မီးအပူရှိန်တို့သည်၊ တချိန်တည်း၊(တကြိမ်တည်း)(တခါတည်း) အပြီးသတ်-ရုပ်သိမ်း၍၊ ချုပ်ငြိမ်းမြေခြင်း ဟူသော သန္တိသုခ၊ အမတဓာတ်၊ နိဗ္ဗာန်ဟူသော နန်းမြတ်ရွှေဘုံသို့၊ခိုလှုံသက်ရောက်၊မျက်မှောက်ပြုကြကုန်သော "ဗုဒ္ဓါ—နု—ဗုဒ္ဓ"၊ သမုတ်ရသည့်၊ အနုတ္တရ-အစစ်ဖြစ်သော "**အညာသိကောဏ္ဍည**" ထေရ်အမှူးရှိသော(ပရိနိဗ္ဗုတ)အသျှင်မြတ်တို့၏ဂုဏ်ကို၊ တသုံ-လဲးလဲး၊စိတ်ဝယ်စွဲး၍၊ အမြဲးမကွာ၊ အာရုံပြု-သဒ္ဓါပို၍၊ ကြည်ညိုမြတ်နိုးထိုက်လှပေ၏။ထိုသို့ပင်ဖြစ်စေ "ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ အညာဏံ အယံဝုစ္စတိ အဝိဇ္ဇာ"= ဆိုသည့် အတိုင်း၊ မသိမမြင်ခြင်းဟူသော (**အဝိဇ္ဇာ**) တရား၏ ဖုံးအုပ်ကွယ်ကာမှုကြောင့်—

(၁) နိယျာနဋ္ဌ၊ ဝဋ်သုံးပါးမှ ထုတ်ဆောင်ခြင်း။
(၂) ဟေတွဋ္ဌ၊ အကြောင်းရင်းဖြစ်ခြင်း။
(၃) ဒဿနဋ္ဌ၊ အာရုံပြု မြင်ခြင်း။
(၄) အဓိပတေယျဋ္ဌ၊ အစိုးရ ခြင်း။

ဟူသော လေးပါးသော အနက်သဘောရှိသော မဂ္ဂင် ရှစ်ပါး၊ တရား အကျင့်၏ သစ္စာ စွမ်းရည်သည်၊ဤသို့မျှ ထက်သန်ပေါက်ရောက်၊ ပြီးမြောက် အောင်မြင်နိုင်သော သဘောရှိ၏-ဟူသော တရားစကား အမှန်ကို၊ အသံမျှပင်၊ မကြားနာရ စဘူးချေ-ဖြစ်၏။

ထိုမှတပါး (၂)။ ※အရိယသစ္စ…ဟူသော စကားအဓိပ္ပါယ်သည် ကား-ဤသို့ပင်တည်း။

(၂) ဒို-ပဋ္ဌ ဝဂ္ဂ ရဟန်းတို့။

ဤမဂ္ဂင်ရှစ်ပါး၊ တရားအကျင့်သည် ဒုက္ခဟူသော ရုပ်နာမ်တရား၏ ချုပ်ရာ၊ နိဗ္ဗာန်သို့ရောက်ကြောင်း-ရောက်ဘိုရာအတွက်,အကျင့်ကောင်း တရားအစစ်၊အမှန်ဖြစ်၏၊ဟု-ဆိုသော စကားသည်၊ အရိယာပုဂ္ဂိုလ်တို့ ၏ ဉာဏ်အမြင်ဖြင့်၊သိမြင်၍ ပြောဆိုဟောကြားအပ်သော တရားဖြစ်၏၊ ဟု၊ ဆိုသော(အရိယသစ္စာ) တရားစကားအမှန်ကိုလည်း၊ အသံမျှပင်၊ မကြားနာရစဘူးချေဖြစ်၏။

ဤသို့အားဖြင့် မဂ္ဂင်ရှစ်ပါး တရားအကျင့်၏ (၁) (ဒုက္ခနိရောဓ- ဂါမိနီ-ပဋိပဒါ) ဒုက္ခဟူသော၊ ရုပ်နာမ်၏ချုပ်ရာ၊ နိဗ္ဗာန်သို့ရောက် ကြောင်း၊ အကျင့်ကောင်း၏ အဖြစ်၊ (၂) အရိယသစ္စာ၏ အဖြစ်= ဟူသော တရားစကားအမှန်ကို၊ အသံမျှပင် မကြားနာရစဘူးခြင်းသည် ပင်၊ (အနနုဿုတေသု၊ မကြားနာရ စဘူးကုန်သော။ ဓမ္မေသု၊ မဂ္ဂ သစ္စာတရားတို့၌။)။ ဟူသော ပါဠိတော်၏ အနက်အဓိပ္ပါယ်ဖြစ်၍၊ မကြားနာရစဘူးသော တရားဥုး+တရားမြတ် ဖြစ်သော စကားအထူး ပေတည်း-ဟု၊ဆိုလို၏။

ဤသည်လျှင်—

(က) ဇ္ဈ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ၊ (ခ) အရိယ သစ္စန္တိ၊ မေ…ဓမ္မေသု- ဟူသော စကားဝါကျ၏ အကျဉ်းချုပ် အဓိပ္ပါယ် ပြဆိုပြီး၏။

## (၄) မဂ္ဂသစ္စာ၌၊ သစ္စဉာဏ် ၅-ပါးဖြင့် သိမြင်ပုံနည်းပြ ပါဠိတော်ပြချက်း

(၁) စက္ခုံဥဒပါဒိ။ ။(၂) ဉာဏံ ဥဒပါဒိ။ ။

(၃) ပညာ ဥဒပါဒိ။ ။(၄) ဝိဇ္ဇာ ဥဒပါဒိ။ ။

(၅) အာလောကော ဥဒပါဒိ=ဟူသောစကားတစိတ်,တစိတ်၏ အဓိပ္ပါယ်သည်ကား၊ အဘယ်သို့ ဆိုလိုပါသနည်း။

မြန်မာဘာသာပြန် အဓိပ္ပါယ်

အို-ပဥ္စဝဂ္ဂီ ရဟန်းတို့။

သင်တို့၏ဆရာ၊ ဗုဒ္ဓမည်တွင်၊ ငါဘုရားသျှင်သည်၊ အရဟတ္တမဂ်ဉာဏ်ဖြင့် ကိလေသာဟူသော ရန်သူတို့ကို ပယ်ဖြတ်၍၊ သဗ္ဗညုတဉာဏ်ဖြင့်၊ အဝိဇ္ဇာတရားတည်းဟူသော အမှောင်ကို ခွင်းဖောက်၍၊ အလင်းသို့ ရောက်တော်မူပြီးဖြစ်၍၊ဗုဒ္ဓမြတ်စွာ ဘုရားသျှင်အစစ်၊ဖြစ်တော်မူပြီးဖြစ်ရကား-ရှေးအခါက ( အနနုဿုတေသု ) ဟူသော မကြားရ စဘူးသောတရားဦး+တရားမြတ်ဖြစ်သော မဂ္ဂသစ္စာ၌–

(၁) သစ္စ ဉာဏ်–၅-ပါး–
(၂) အတ္ထ ဉာဏ်–၅-ပါး–
(၃) ဓမ္မ ဉာဏ်–၅-ပါး–
(၄) နိရုတ္တိ ဉာဏ်၁၀-ပါး–
(၅) ပဋိဘာန ဉာဏ်၂၀-ပါး–

ဤသို့အားဖြင့် များပြားသော အပြားရှိသော သိမြင်ပုံနည်း-အသိဉာဏ်တို့ဖြင့်၊ ဤယခုအခါ၌ ကုန်ကုန်စင်စင်၊သိမြင်တော်မူပြီးဖြစ်ပြီ-ဟု၊ ဝန်ခံတော်မူလိုသည် ဖြစ်၍ ဤ (၁)စက္ခုံဥဒပါဒိ၊ (၂)ဉာဏံဥဒပါဒိ= အစရှိသော ၅-ပုဒ်သော စကားအထူးကို၊ ကျူးရင့်တော်မူ၏=ဟူလို။

## (၄) ဤသို့သိမြင်သော အသိဉာဏ်၅- မျိုးတို့တွင်၊ မဂ္ဂသစ္စာ၌၊ သစ္စဉာဏ် ၅-ပါးဖြင့် သိမြင်ပုံနည်း အဓိပ္ပါယ် ပြခဏ်း

မဂ္ဂသစ္စာဟူသော မဂ္ဂင် ရှစ်ပါး တရားအစုကို၊ ဤမဂ္ဂင် ရှစ်ပါး တရားအစုသည်–

(၁) နိယျာနဋ္ဌ၊ ဝဋ်သုံးပါးမှ ထုတ်ဆောင်ကြောင်းဖြစ်ခြင်း။

(၂) ဟေတွဋ္ဌ၊ အကြောင်းရင်း ဖြစ်ခြင်း။

(၃) ဒဿနဋ္ဌ၊ အာရုံပြုမြင်ခြင်း။

(၄) အဓိပတေယျဋ္ဌ၊ အစိုးရခြင်း။

ဟူသော လေးပါးသော အနက်သဘောရှိ၍ ဒုက္ခဟူသော ရုပ်နာမ်တရား နှစ်ပါးတို့၏ ချုပ်ရာ၊ ချမ်းသာ ဧကန်၊ စင်စစ် မှန်သော နိဗ္ဗာန်သို့ ရောက်ကြောင်း(ရောက်ဘို့ရာအတွက်)အကျင့်ကောင်းတရားသဘောအမှန်ပေတည်းဟု၊မဂ္ဂင်ရှစ်ပါးတရားသဘောအမှန်ကို(ယထာဘူတ) ကျနမှန်ကန်သည့်အတိုင်း၊ မိမိ၏အဇ္ဈတ္တ သန္တာန်၌ဖြစ်သော အမှန်ကို သိတတ်သောဉာဏ်သည်၊ မဂ္ဂသစ္စာ၌ ''သစ္စ'' ဉာဏ်မည်၏။

ထိုသစ္စဉာဏ်သည် ငါဘုရားသျှင်အား၊ ဖြစ်ပြီဟူ၍ဝန်ခံတော်မူ၏။

အဘယ်သို့ သစ္စဉာဏ် ဖြစ်သနည်းဟူမူကား–

## (၄) မဂ္ဂသစ္စာ၌၊ သစ္စဉာဏ် ၅-ပါးဖြစ်ပုံ ပါဠိတော်ပြခဏ်း

(၁) စက္ခုံ ဥဒပါဒိ။ ။(၂) ဉာဏံ ဥဒပါဒိ။

(၃) ပညာ ဥဒပါဒိ။ ။(၄)ဝိဇ္ဇာ ဥဒပါဒိ။

(၅) အာလောကော ဥဒပါဒိ=ဟူ၏။

ကိုပါဠိတော်၏အနက်သည်ကား၊အဘယ်သို့ဆိုလိုပါသနည်း။

## (၄) မဂ္ဂသစ္စာ၌၊ သစ္စဉာဏ်၅-ပါးဖြင့် သိမြင်ပုံ နည်းပြ ပါဠိတော်၏ အနက်ပြခဏ်း

(၁) စက္ခုံဥဒပါဒိ…ဟူသည်ကား=မဂ္ဂသစ္စာဟူသော မဂ်ကို၊ သစ္စဉာဏ်သဘောဖြင့်၊ မြင်တတ်သောပညာဟူသော မျက်စိသည် (မျက်စိနှင့်တူသော ပညာသည်) ဖြစ်ပြီ-ဟု၊ပြဆို၏။

(၂) ဉာဏံဥဒပါဒိ…ဟူသည်ကား=မဂ္ဂသစ္စာကို၊ သစ္စဉာဏ်….ဖြင့်၊ သိတတ်သော ဉာဏ်သည် ဖြစ်ပြီ-ဟု၊ ပြဆို၏။

(၃) ပညာဥဒပါဒိ…ဟူသည်ကား= မဂ္ဂ သစ္စာကို၊ သစ္စ….ဖြင့် အထူးထူးအပြားပြားအားဖြင့် ၊သိတတ်သော ပညာသည် ဖြစ်ပြီ-ဟု၊ပြဆို၏။

(၄) ဝိဇ္ဇာဥဒပါဒိ…ဟူသည်ကား=မဂ္ဂသစ္စာကို၊ သစ္စ….ဖြင့် ၊ထိုးထွင်း၍ သိတတ်သော ဝိဇ္ဇာသည် ဖြစ်ပြီ-ဟု၊ ပြဆို၏။

(၅) အာလောကောဥဒပါဒိ…ဟူသည်ကား=မဂ္ဂသစ္စာကို၊သစ္စ….ဖြင့်၊မြင်အောင်ပြတတ်သောပညာဟူသောအရောင်အလင်းသည်(အရောင်အလင်းနှင့်တူသောပညာသည်) ဖြစ်ပြီ-ဟု၊ပြဆို၏။

ဤသို့ငါးပါးသော သိမြင်ပုံနည်းတို့ဖြင့်၊သိမြင်ခြင်းတို့မည်သည်ကား၊ (ဒဿနပဋိဝေဓ)မဂ္ဂသစ္စာ၌ အမှန်ကိုသိတတ်သောဉာဏ်ဖြစ်၍ ဉာဏ်အမည်ဖြင့် "သစ္စ" ဉာဏ်ခေါ်၍၊ ပုဂ္ဂိုလ်အဘို့အားဖြင့် (သေက္ခ-ဘုမိ) သေက္ခပုဂ္ဂိုလ် ၇-ယောက်တို့၏ သန္တာန်၌ဖြစ်သော အသိဉာဏ်မည်၏။

ဤသည်လျှင်-
မဂ္ဂသစ္စာ၌ သစ္စဉာဏ် ၅-ပါးဖြင့် သိမြင်ပုံနည်းပြ ပါဠိတော်၏ အဓိပ္ပါယ်, အနက်ပြခဏ်းပြီး၏။

## (၄) မဂ္ဂသစ္စာ၌၊ကိစ္စဉာဏ် ၅-ပါးဖြင့်သိမြင်ပုံနည်း အဓိပ္ပါယ်ပြခက်း

မဂ္ဂသစ္စာဟူသော မဂ္ဂင်ရှစ်ပါး တရားအစုကို၊ ဤမဂ္ဂင်ရှစ်ပါး တရားအစုသည်—

(၁) နိယျာနဋ္ဌ၊ ဝဋ်သုံးပါးမှ ထုတ်ဆောင်ကြောင်း ဖြစ်ခြင်း။
(၂) ဟေတွဋ္ဌ၊ အကြောင်းရင်းဖြစ်ခြင်း။
(၃) ဒဿနဋ္ဌ၊ အာရုံပြုမြင်ခြင်း။
(၄) အဓိပတေယျဋ္ဌ၊အစိုးရခြင်း။

ဟူသော လေးပါးသော အနက်သဘောရှိ၍ ဒုက္ခဟူသော ရုပ်နာမ်တရား နှစ်ပါးတို့၏ ချုပ်ရာ၊ ချမ်းသာကေန်၊ စင်စစ်မှန်သော နိဗ္ဗာန်သို့ရောက်ကြောင်း၊ အကျင့်ကောင်းတရား သဘောအမှန်ဖြစ်၍ ထိုမဂ္ဂင်ရှစ်ပါး တရားအကျင့်ကို၊ငါသည် ဤပစ္စက္ခမျက်မှောက်ဖြစ်သော ကာလ၌ပင်၊ (ဘာဝေတဗ္ဗ) ပွါးများအပ်, ပွါးများထိုက်,ပွါးများသင့်သော တရားသဘောတခု၏ အဖြစ်ဖြင့်၊ မိမိ၏ အဇ္ဈတ္တ သန္တာန်၌ အမှုမှန်ကို သိတတ်သောဉာဏ်သည်၊မဂ္ဂသစ္စာ၌ ''ကိစ္စ''ဉာဏ်မည်၏။ ။ ထို ''ကိစ္စ'' ဉာဏ်သည်၊ ငါဘုရားသျှင်အား၊ ဖြစ်ပြီဟူ၍ ဝန်ခံတော်မူ၏။

အဘယ်သို့ ကိစ္စဉာဏ် ဖြစ်သနည်း ဟူမူကား—

## (၄) မဂ္ဂသစ္စာ၌ ကိစ္စဉာဏ် ၅-ပါးဖြစ်ပုံ ပါဠိတော် ပြခက်း

(၁) စက္ခုံ ဥဒပါဒိ။ ။(၂) ဉာဏံ ဥဒပါဒိ။ ။
(၃) ပညာ ဥဒပါဒိ။ ။(၄) ဝိဇ္ဇာ ဥဒပါဒိ။ ။
(၅) အာလောကော ဥဒပါဒိ=ဟူ၏။

ထို ပါဠိတော်၏ အနက်သည်ကား၊အဘယ်သို့ ဆိုလိုပါသနည်း။

## (၄) မဂ္ဂသစ္စာ၌၊ ကိစ္စဉာဏ် ၅-ပါးဖြင့်သိမြင်ပုံနည်းပြ ပါဠိတော် အနက်ပြခဏ်း

(၁) စက္ခုံ ဥဒပါဒိ…ဟူသည်ကား= သစ္စဉာဏ်ဖြင့် သိမြင်ပြီးဖြစ်သော မဂ္ဂသစ္စာကို၊ ကိစ္စဉာဏ် သဘောဖြင့်၊ မြင်တတ်သော ပညာဟူသော မျက်စိသည် (မျက်စိနှင့် တူသော ပညာသည်) ဖြစ်ပြီ-ဟု၊ ပြဆို၏။

(၂) ဉာဏံ ဥဒပါဒိ…ဟူသည်ကား= သစ္စဉာဏ်… မဂ္ဂသစ္စာကို၊ ကိစ္စ….ဖြင့်၊ သိစေတတ်သော ဉာဏ်သည် ဖြစ်ပြီ-ဟု၊ ပြဆို၏။

(၃) ပညာ ဥဒပါဒိ…ဟူသည်ကား= သစ္စဉာဏ်…. မဂ္ဂသစ္စာကို၊ ကိစ္စ….ဖြင့်၊ သိတတ်သော ပညာသည် ဖြစ်ပြီ-ဟု၊ ပြဆို၏။

(၄) ဝိဇ္ဇာ ဥဒပါဒိ…ဟူသည်ကား= သစ္စဉာဏ်…. မဂ္ဂသစ္စာကို၊ ကိစ္စ….ဖြင့်၊ ထိုးထွင်း….ဝိဇ္ဇာသည် ဖြစ်ပြီ-ဟု၊ ပြဆို၏။

(၅) အာလောကော ဥဒပါဒိ…ဟူသည်ကား=သစ္စဉာဏ်…မဂ္ဂသစ္စာကို၊ ကိစ္စ…ဖြင့်၊ မြင်အောင်…အလင်းသည် (ပညာသည်) ဖြစ်ပြီ-ဟု၊ ပြဆို၏။

ဤသို့ ငါးပါးသော သိမြင်ပုံနည်းတို့ဖြင့်၊ သိမြင်ခြင်းတို့ မည်သည်ကား၊ ဘာဝနာပဋိဝေဓ၊ မဂ္ဂသစ္စာ၌ (ဘာဝေတဗ္ဗ) ပွါးများအပ်, ပွါးများထိုက်, ပွါးများသင့်သော တရားသဘော တခု-ဟူ၍ သိတတ်သောဉာဏ်ဖြစ်၍ ဉာဏ်အမည်ဖြင့် "ကိစ္စ" ဉာဏ်ခေါ်၍ ပုဂ္ဂိုလ်အတွက် အားဖြင့် (သေက္ခ-ဘူမိ) သေက္ခပုဂ္ဂိုလ် ၇-ယောက်တို့၏ သန္တာန်၌ ဖြစ်သော အသိဉာဏ်မည်၏။

ဤသည်လျှင်-
မဂ္ဂသစ္စာ၌ ကိစ္စဉာဏ် ၅-ပါးဖြင့် သိမြင်ပုံနည်း
အဓိပ္ပါယ်, ပြခဏ်း ပြီး၏။

## (၄) မဂ္ဂသစ္စာ၌၊ကတဉာဏ်၅-ပါးဖြင့်သိမြင်ပုံနည်း အဓိပ္ပါယ်ပြဆိုချက်း

မဂ္ဂသစ္စာဟူသော မဂ္ဂင်ရှစ်ပါး တရားအစုကို၊ ဤမဂ္ဂင်ရှစ်ပါး တရားအစုသည်—

(၁) နိယျာနဋ္ဌ၊ ဝဋ်သုံးပါးမှ ထုတ်ဆောင်ကြောင်းဖြစ်ခြင်း။
(၂) ဟေတွဋ္ဌ၊ အကြောင်းရင်းဖြစ်ခြင်း။
(၃) ဒဿနဋ္ဌ၊ အာရုံပြုမြင်ခြင်း။
(၄) အဓိပတေယျဋ္ဌ၊ အစိုးရခြင်း။

ဟူသောလေးပါးသော အနက်သဘောရှိ၍ ဒုက္ခဟူသော ရုပ်နာမ်တရား နှစ်ပါးတို့၏ ချုပ်ရာ၊ ချမ်းသာ ကောန်၊ စင်စစ်မှန်သော နိဗ္ဗာန်သို့ ရောက်ကြောင်း (ရောက်ဘို့ရာအတွက်) အကျင့်ကောင်း တရားသဘောအမှန်ဖြစ်၍ ထိုမဂ္ဂင်ရှစ်ပါးတရားအကျင့်ကို၊ငါသည်(ဘာဝိတ) ပွါး၍ ပြီးပြီ။ ။ပွါး၍ ပြီးပြီ။ ။ပွါး၍ ပြီးပြီ။ ။နောက်ထပ်တကြိမ်၊ ဤမဂ္ဂင်ရှစ်ပါး တရားအစုကို (မဂ္ဂသစ္စာ) အဖြစ်ဖြင့်အသစ်ပေါ်လာအောင် ပွါးများခြင်းကိစ္စ မရှိပြီ=ဟု၊ (ဘာဝိတ) ပွါးများ၍ ပြီးပြီဖြစ်သော အကျင့်သဘောတရားတခု၏ အဖြစ်ဖြင့်၊ မိမိ၏အဇ္ဈတ္တသန္တာန်၌ ပြုပြီးသော အမှုမှန်ကိုသိတတ်သောဉာဏ်သည်၊ မဂ္ဂသစ္စာ၌ "ကတ"ဉာဏ်မည်၏။ ။ထို "ကတ" ဉာဏ်သည်၊ ငါဘုရားသျှင်အား ဖြစ်ပြီဟူ၍ ဝန်ခံတော်မူ၏။

အဘယ်သို့ "ကတ"ဉာဏ်ဖြစ်သနည်းဟူမူကား—

## (၄) မဂ္ဂသစ္စာ၌၊ ကတဉာဏ်၅- ပါးဖြစ်ပုံ ပါဠိတော်ပြချက်း

(၁) စက္ခုံ ဥဒပါဒိ။ ။(၂) ဉာဏံ ဥဒပါဒိ။ ။(၃) ပညာ ဥဒပါဒိ။ ။(၄) ဝိဇ္ဇာ ဥဒပါဒိ။ ။(၅) အာလောကော ဥဒပါဒိ=ဟူ၏။

ထိုပါဠိတော်၏အနက်သည်ကား၊ အဘယ်သို့ဆိုလိုပါသနည်း။

## (၄) မဂ္ဂသစ္စာ၌၊ ကတဉာဏ်၅-ပါးဖြင့် သိမြင်ပုံနည်း ပါဠိတော်၏အနက် ပြခန်း

(၁) စက္ခုံ ဥဒပါဒိ…ဟူသည်ကား=ကိစ္စဉာဏ်ဖြင့်၊ သိမြင် ပြီးဖြစ်သော မဂ္ဂသစ္စာကို၊ ကတဉာဏ်သဘောဖြင့်၊ မြင်တတ်သော ပညာ ဟူသော မျက်စိသည် (မျက်စိနှင့်တူသောပညာသည်)ဖြစ်ပြီဟုပြဆို၏။

(၂) ဉာဏံ ဥဒပါဒိ…ဟူသည်ကား= ကိစ္စဉာဏ်…. မဂ္ဂသစ္စာကို၊ ကတ….ဖြင့် သိတတ်သော ဉာဏ်သည်ဖြစ်ပြီ-ဟု၊ ပြဆို၏။

(၃) ပညာ ဥဒပါဒိ…ဟူသည်ကား= ကိစ္စဉာဏ်…. မဂ္ဂသစ္စာကို၊ ကတ….ဖြင့်၊ အထူးထူး….ပညာသည်ဖြစ်ပြီ-ဟု၊ပြဆို၏။

(၄) ဝိဇ္ဇာ ဥဒပါဒိ…ဟူသည်ကား= ကိစ္စဉာဏ်…. မဂ္ဂသစ္စာကို၊ ကတ….ဖြင့်၊ ထိုးထွင်း…. ဝိဇ္ဇာသည် ဖြစ်ပြီ-ဟု၊ပြဆို၏။

(၅) အာလောကော ဥဒပါဒိ…ဟူသည်ကား= ကိစ္စဉာဏ်….မဂ္ဂသစ္စာကို၊ ကတ….ဖြင့်၊ မြင်အောင်…. အလင်းသည် (ပညာသည်) ဖြစ်ပြီ-ဟု၊ ပြဆို၏။

ဤသို့ ငါးပါးသော သိမြင်ပုံနည်းတို့ဖြင့်၊ သိမြင်ခြင်းတို့မည်သည်ကား၊ (ပစ္စဝေက္ခဏာ) ဆင်ခြင်သောဉာဏ်ဖြင့်၊ မဂ္ဂသစ္စာ၌(ဘာဝိတ) ပွါးများ၍ ပြီးပြီးသော တရားသဘောတခုဟူ၍၊ သိတတ်သောဉာဏ်ဖြစ်၍၊ ဉာဏ်အမည်ဖြင့်၊ ("ကတ") ဉာဏ်ခေါ်၍၊ ပုဂ္ဂိုလ်အဘို့အားဖြင့် (အသေက္ခ-ဘူမိ) ရဟန္တာပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဖြစ်သောအသိဉာဏ်မည်၏။

ဤသည်လျှင်-

မဂ္ဂသစ္စာ၌ ကတဉာဏ် ၅-ပါးဖြင့် သိမြင်ပုံနည်းပြ ပါဠိတော်၏ အဓိပ္ပါယ်, အနက်, ပြခန်း ပြီး၏။

ဤအရာ၌ အလေ့အထပြု၍၊ ဟောပြောပုံ-ကြားနာရပုံ-
နည်းပါးလှသော ဂမ္ဘီရဋ္ဌ, သုခုမဋ္ဌ,ဖြစ်သောအဓိပ္ပါယ်ကို၊
နားဝယ်ပန်ဆင်ကြဉ်းစို့။

(၁) ဒုက္ခသစ္စာ စသော သစ္စာလေးပါးတို့၌ပင် (၁) စက္ခု၊ (၂) ဉာဏ၊ (၃) ပညာ၊ (၄) ဝိဇ္ဇာ၊ (၅) အာလောက– ဟူသော အသိဉာဏ်ဟော သဒ္ဒါတို့သည် ငါးပါးစီ+ငါးပါး စီ အညီအချ ရှိ၏။

(မှတ်ချက်)။ ။(ဒေသနာ ဝိလာသ) သဘောဖြင့်၊ ဟောပြခြင်း မဟုတ်ချေ။ ထိုသဒ္ဒါသည် (၁) ဒုက္ခသစ္စာ၌၊ (၁)သစ္စဉာဏ်၊(၂)ကိစ္စ ဉာဏ်၊ (၃)ကတဉာဏ်ဟူ၍ သိအပ်သော တရားသဘော၏ အစွမ်းဖြင့် အသိဉာဏ်တရား၊ သုံးပါးရှိပြန်ရာဝယ်၊ တဖန်–တပါး+တပါး၌ (၁) စက္ခု၊ (၂) ဉာဏ၊ (၃) ပညာ၊ (၄) ဝိဇ္ဇာ၊(၅)အာလောက= ဟူသောအသိဉာဏ် ၅-မျိုးရှိပြန်၏။ ။ထိုအသိဉာဏ်တို့သည်၊ ပရမတ္ထ သဘောအလို၊ တရားကိုယ်အားဖြင့် ဖော်ပြရသော်၊ (ပညိန္ဒြေ) စေတသိက်ဟူ၍ ခေါ်ရသော သမ္မာဒိဋ္ဌိ မဂ္ဂင် တခုတည်း၏ အမည်ပင် ဖြင့်လင့်စေ၊ သစ္စာလေးပါး တရားအစဉ်ကို၊ တပါးစီ+တပါးစီ၊ အညီ အချ-အသေးစိတ်ခွဲဝေ၍ သိမြင်မှု သဘောဖြစ်သောအခါ၌မူ–

(၁) စက္ခု၊ ခေါ်သော ဉာဏ်ဖြင့် သိမြင်ပုံ။
(၂) ဉာဏ၊ ခေါ်သော ဉာဏ်ဖြင့် သိမြင်ပုံ။
(၃) ပညာ၊ ခေါ်သော ဉာဏ်ဖြင့် သိမြင်ပုံ။
(၄) ဝိဇ္ဇာ၊ ခေါ်သော ဉာဏ်ဖြင့် သိမြင်ပုံ။
(၅) အာလောက ၊ခေါ်သော ဉာဏ်ဖြင့် သိမြင်ပုံ။

ဤငါးပါးသော အသိဉာဏ်တို့သည်-(၁)အတ္ထ-အကျိုး၊ (၂)ဓမ္မ- အကြောင်း=ဟူသော သဘောသို့လိုက်၍ ဉာဏ်တဉ်းနှင့်+တဉ်း၊ မတူ-ထူးခြား၊ ကွဲပြားလျက်ရှိ၏၊ ထိုသို့ရှိပုံကို–

(၁) အတ္တ— ဉာဏ် ၅-ပါး—
(၂) မမ္မ— ဉာဏ် ၅-ပါး—
(၃) နိရုတ္တိ— ဉာဏ် ၁၀-ပါး—
(၄) ပဋိဘာန— ဉာဏ် ၂၀-ပါး—

ဟူသော လေးပါးသော ဉာဏ်နှင့် စပ်ယှဉ်၍ပြရာ၌ သိသာထင်ရှား၏။ ။ရှေ့၌ ပုံစံနှင့်တကွ ပြလတ္တံ့။

ထို့ကြောင့် ထို(၁) စက္ခု၊ (၂) ဉာဏ စသော ၅-ပုဒ်တို့၏အနက်ကို၊ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၌ ဖွင့်ပြသည့်အတိုင်း ထည့်သွင်းဖော်ပြပေအံ့။

[ ※ စက္ခုံ ဓမ္မောတိ အာဒီသုပိ ဧကံယေဝ ဉာဏံ၊ ကိစ္စနာ နတ္တေန ပဉ္စဓာ ဝုတ္တံ=ဟူသည်နှင့်အညီ—(၁) စက္ခုံ ဥဒပါဒိ၊ (၂) ဉာဏံဥဒပါဒိ=အစရှိသော ၅-ပုဒ်တို့သည်၊ သောတာပတ္တိမဂ် စိတ္တုပ္ပါဒ်၌ယှဉ်သော"သမ္မာဒိဋ္ဌိ"ဟူသော တခုသော ဉာဏ်၏အမည်သာတည်း။ ဤသို့ပင်ဖြစ်စေ—

(၁) ဒုက္ခသစ္စာကို=သိမြင်မှု။
(၂) သမုဒယသစ္စာကို=ပယ်ဖြတ်မှု။
(၃) နိရောဓသစ္စာကို=အာရုံပြုမှု။
(၄) မဂ္ဂသစ္စာကို=ပွါးများမှု။

ဟူသော အလုပ်ကိစ္စ သဘော၌ သဒ္ဓိန္ဒြေ၊ သတိန္ဒြေ-အစရှိသော ဣန္ဒြေ တရားတို့၏ အကူအညီဖြင့် တဆင့်ထက်+တဆင့်၊ မြင့်၍+မြင့်၍ ရင့်၍+ရင့်၍ (၁) သိမြင်မှု စသည်တို့သည်၊ ထူးထူး ကဲကဲ ဖြစ်သဖြင့် (၁) စက္ခုံဥဒပါဒိ မှစ၍ (၅) အာလောကော ဥဒပါဒိ—တိုင်အောင်သော ၅-ပုဒ်တို့ကိုဟောရ၏=ဟု၊ ဆို၏။

(၁) စက္ခုံဥဒပါဒိ…ဟူသော ပုဒ်ဖြင့် သစ္စာလေးပါးကို သိမြင်တတ်သော မျက်စိအမြင်နှင့် တူသောဉာဏ်သည်၊ ဖြစ်ပြီ၊ ဟု-ဆိုရာ၌ ["ဒဿနဋ္ဌေနာတိ အာဒီသု၊ ဧကမေဝ ဉာဏံ၊ ယထာဝုတ္တဿ နေယျဿ စက္ခုဝိယ၊ ဒဿန ကိစ္စကရဏေန စက္ခု"=]ဟူ၍ ဖွင့်ပြ၏။

(၂) ဉာဏံဥဒပါဒိ…ဟူသော ပုဒ်ဖြင့် သစ္စာလေးပါးကို သိမြင်ခြင်းအမှုကို ပြုတတ်သောဉာဏ်သည် ဖြစ်ပြီဟု၊ ဆိုရာ၌[“ဉာဏ ကိစ္စ ကရဏေန ဉာဏံ”=] ဟူ၍ ဖွင့်ပြ၏။

(၃) ပညာဥဒပါဒိ…ဟူသောပုဒ်ဖြင့် သစ္စာလေးပါးကို အထူးထူး အပြားပြားအားဖြင့် သိမြင်ခြင်းအမှုကို ပြုတတ်သောဉာဏ်သည် ဖြစ်ပြီဟု၊ဆိုရာ၌ [“နာနပ္ပကာရတောဇာနနကိစ္စကရဏေန ပညာ”] ဟူ၍ဖွင့်ပြ၏။

(၄) ဝိဇ္ဇာဥဒပါဒိ…ဟူသောပုဒ်ဖြင့် သစ္စာလေးပါးကို အကြွင်းမရှိ ထိုးထွင်း၍ သိမြင်ခြင်းအမှုကို ပြုတတ်သော ဉာဏ်သည် ဖြစ်ပြီဟုဆိုရာ၌ [“အနဝသေသ ပဋိဝေဓ ကရဏေန ဝိဇ္ဇာ”=ဟူ၍ဖွင့်ပြ၏။

(၅) အာလောကောဥဒပါဒိ…ဟူသော ပုဒ်ဖြင့် သစ္စာလေးပါးကို သိမြင်ခြင်း၌ ခပ်သိမ်းသော အခြင်းအရာဖြင့် ထွန်းလင်းတောက်ပ ခြင်းအမှုကို ပြုတတ်သောဉာဏ်သည်ဖြစ်ပြီ ဟုဆိုရာ၌[“သဗ္ဗထာ ဩဘာသကိစ္စ ကရဏေန အာလောကောနာမာတိ အတ္ထော”]ဟူ၍ဖွင့်ပြ၏။

မှတ်ချက်….ဤငါးပါးသော အသိဉာဏ်တို့သည်–

(၁) ဒုက္ခသစ္စာ၌= သိမြင်မှုသဘောဖြင့်ဖြစ်၏။
(၂) သမုဒယသစ္စာ၌= ပယ်မှုသဘောဖြင့်ဖြစ်၏။
(၃) နိရောဓသစ္စာ၌= မျက်မှောက်ပြုမှုသဘောဖြင့်ဖြစ်၏။
(၄) မဂ္ဂသစ္စာ၌= ပွါးများမှုသဘောဖြင့်ဖြစ်၏။

ဤသည်လျှင်–
သစ္စာလေးပါး၌ ဉာဏ်ငါးပါးတို့၏ဖြစ်ပုံ အထူးပြခန်း
ပြီး၏။

ဒုက္ခသစ္စာ၌ သိတတ်သောဉာဏ်သည်—

(၁) **သစ္စဉာဏ်**…ရုပ် နာမ်ဟူသော တရားသဘော အမှန်ကို၊ ရုပ် နာမ်ဟူ၍ သိသောဉာဏ်။

(၂) **ကိစ္စဉာဏ်**…မိမိကိုယ်တိုင် ပြုအပ် + ပြုထိုက်သောအမှုမှန်ကို၊ ဤအမှုသည်၊ ငါကိုယ်တိုင်ပြုသင့် + ပြုထိုက်သော အမှုဟူ၍ သိသောဉာဏ်။

(၃) **ကတဉာဏ်**…မိမိကိုယ်တိုင် ပြုပြီးသောအမှုမှန်ကို၊ ဤအမှုကို ငါကိုယ်တိုင်ပြု၍ ပြီးပြီဟူ၍ သိသောဉာဏ်-ဟူ၍ သုံးမျိုးရှိ၏။

ထိုသုံးမျိုးတို့တွင်၊ (၁) ဒုက္ခသစ္စာတရား၌ (၁) သစ္စဉာဏ်ဖြင့် သိမြင်ပုံနည်းကား ဤသို့တည်း—

(၁) စက္ခု— ခေါ်သော အသိဉာဏ်သည် ဖြစ်၏
(၂) ဉာဏ— ခေါ်သော အသိဉာဏ်သည် ဖြစ်၏။
(၃) ပညာ— ခေါ်သော အသိဉာဏ်သည် ဖြစ်၏။
(၄) ဝိဇ္ဇာ— ခေါ်သော အသိဉာဏ်သည် ဖြစ်၏။
(၅) အာလောက—ခေါ်သော အသိဉာဏ်သည် ဖြစ်၏။

ဤသို့အားဖြင့် ဒုက္ခသစ္စာတရား၌ သစ္စာဉာဏ်ဖြင့် သိမြင်ပုံနည်းသည် ၅-မျိုးပြား၏။

(၂) ဒုက္ခသစ္စာတရား၌ (၂) ကိစ္စဉာဏ်ဖြင့် သိမြင်ပုံနည်းကား—ဤသို့တည်း။

(၁) စက္ခု-ခေါ်သောအသိဉာဏ်သည်ဖြစ်၏။

ထိုနည်းအတူ၊ (၂) ဉာဏ၊ (၃) ပညာ၊ (၄) ဝိဇ္ဇာ၊ (၅) အာလောက-ခေါ်သောဉာဏ်သည် ဖြစ်၏။

ဤသို့အားဖြင့် ဒုက္ခသစ္စာတရား၌၊ ကိစ္စဉာဏ်ဖြင့် သိမြင်ပုံနည်းသည် ၅-မျိုးပြား၏။

(၃) ဒုက္ခသစ္စာတရား၌ (၃) ကတဉာဏ်ဖြင့် သိမြင်ပုံနည်းကား-ဤသို့တည်း။

(၁) စက္ခု-ခေါ်သောအသိဉာဏ်သည်ဖြစ်၏။

ထိုနည်းအတူ၊ (၂) ဉာဏ၊ (၃) ပညာ၊ (၄) ဝိဇ္ဇာ၊ (၅) အာလောက-ခေါ်သောဉာဏ်သည်ဖြစ်၏။

ဤသို့အားဖြင့် ဒုက္ခသစ္စာတရား၌၊ ကတဉာဏ်ဖြင့် သိမြင်ပုံနည်းသည် ၅-မျိုးပြား၏။

ဤသို့လျှင် ငါးပါးစီ+ငါးပါးစီ+အညီအမျှ၊ သုံးလီဖြစ်၍ သုံးပါးသော အပြန်ရှိသော (တိ–ပရိ–ဝဋ္ဋ) ဉာဏ်သည် ၁၅- မျိုးရှိ၏- ဟု၊ မှတ်ရာ၏။ ။ဒုက္ခသစ္စာ၌ အသိဉာဏ်၁၅- မျိုးရှိ၏ဟူ၍ ဆိုကြ၏။

ထိုဉာဏ်သုံးမျိုးတို့တွင်၊ ရှေးဦးစွာသော ဉာဏ်သည်၊ ဒုက္ခသစ္စာဟူသော ရုပ်နာမ်တရားနှစ်ပါး၏ နိပ်စက်တတ်သော (ပီဠနဋ္ဌ) အစရှိသော လေးပါးသောအနက်သဘောရှုံပုံကို၊ ဟုတ်မှန်သည့်အတိုင်း သိသောဉာဏ်ဖြစ်၍ ဒုက္ခသစ္စာတရား၌၊ အမှန်သိသောသစ္စဉာဏ် ဟူ၍ "ဓမ္မစကြာ"ခေါ်၊ ဒေသနာတော်နည်းအရဆိုရာ၏။

ဤကဲ့သို့သစ္စဉာဏ်ဖြင့် သိမြင်ပုံနည်း၌ (သုတ္တန်) ပဋိသမ္ဘိဒါမဂ်ပါဠိတော် ယုဂနဒ္ဓဝဂ်၊ ပဋိသမ္ဘိဒါကထာနှင့်၊ရင်းအဋ္ဌကထာဖွင့်၌ ပြဆိုအပ်သော ပဋိသမ္ဘိဒါဉာဏ်လေးပါးနှင့် တွဲဘက်၍ပြဆိုရလျှင်၊ ဤဆိုလတ္တံ့သောအဓိပ္ပါယ်သည် ဖြစ်၏။

(၁) သမုဒယသစ္စာသည်+အကြောင်းတရား။
(၂) ဒုက္ခသစ္စာသည်+အကျိုးတရား။
(၁) မဂ္ဂသစ္စာသည်+အကြောင်းတရား။
(၂) နိရောဓသစ္စာသည်+အကျိုးတရား။
ဟူ၍ရှေးဦးစွာမှတ်ယူလေဦး။

ဤသို့ အကြောင်း+အကျိုးဖြစ်ကြရာ၊ ထိုသစ္စဉာဏ်သည်၊ ဒုက္ခသစ္စာဟူသော အကျိုးတရား၌၊ သိသောဉာဏ်ဖြစ်၍၊ အတ္ထပဋိသမ္ဘိဒါဉာဏ်မည်၏။ ။အတ္ထ–အကျိုးဖြစ်သော ဒုက္ခသစ္စာတရားကို၊ အာရုံပြု၍သိမြင်ပုံကား၊ ဤသို့တည်း။

(၁) စက္ခု-ခေါ်သော အသိဉာဏ်သည်ဖြစ်၏။
ထိုနည်းအတူ၊ (၂)ဉာဏ၊(၃) ပညာ၊(၄) ဝိဇ္ဇာ (၅) အာလောက-ခေါ်သောဉာဏ်သည်ဖြစ်၏။ ။ဤသို့အသိဉာဏ်ဖြစ်ရာ၌-

(၁) ထိုဒုက္ခသစ္စာကို သိသောဉာဏ်သည်ကား၊ အာရမ္မဏိကဖြစ်သောအကြောင်းတရားမည်၏။

(၂) ဒုက္ခသစ္စာတရားသည်ကား၊အာရုံဖြစ်သောအကျိုးတရားမည်၏။

ဤသို့ဖြစ်သော အသိဉာဏ် ၅-မျိုးသည်၊ တမျိုးအသိဉာဏ် သဘောနှင့်၊ တမျိုးအသိဉာဏ်သဘော မတူကြပေ။ ။မတူကြပုံကား၊သဒ္ဓိန္ဒြေ+ ဝီရိယိန္ဒြေ, အစရှိသော ဣန္ဒြေအားအစွမ်း သဒ္ဓါဗိုလ်,+ ဝီရိယဗိုလ်, အစရှိသော ဗိုလ်အားအစွမ်း၊ အကူအညီ အခြံအရံ အထောက်အပံ့ သဘောတို့၏ တဆင့်ထက်+တဆင့်၊ ရင့်သန်ကြသဖြင့်၊ လွန်စွာမှ ထူးခြားကြ၏ ဟူ၍မှတ်ကြရာ၏။

ဤသည်လျှင်–
အတ္ထဉာဏ်၅-မျိုးဖြစ်ပုံ အကျဉ်းချုပ်ပြခဏ်းပြီး၏။

---

## ဓမ္မပဋိသမ္ဘိဒါဉာဏ်ဖြစ်ပုံ ပြခဏ်း

ထို့နောက် ဤသို့ပြဆိုအပ်ခဲ့ပြီးဖြစ်သော ငါးပါးသော သိမြင်ပုံနည်းတို့ဖြင့်၊ သိအပ်သော ဒုက္ခသစ္စာဟူသော (အတ္ထ–အကျိုးတရား) ရှိသောကြောင့်သာလျှင်၊ ထို(အတ္ထ–အကျိုးတရား)ကို၊ သိသောဉာဏ်သည်ဖြစ်ရ၏။ ။(အကျိုး+အကြောင်း) အကြောင်း+အကျိုး–ရှိကြစမြဲဖြစ်၏။

(က) သစ္စာ လေးပါး၌၊ အကျိုး+အကြောင်း
အကြောင်း+အကျိုး။

(ခ) ပဋ္ဌာန်း နည်း၌၊ အကျိုး+ အကြောင်း
အကြောင်း+အကျိုး။

(ဂ) ပဋိစ္စသမုပ္ပါဒ် နည်း၌၊ အကျိုး+အကြောင်း
အကြောင်း+အကျိုး။

ထို့ကြောင့်၊ ဤသို့ဖြစ်ပေါ်လာသော ဒုက္ခသစ္စာဟူသော (အတ္ထ-အကျိုးတရား)ကိုသိသော အာရမ္မဏိကဖြစ်သော (ပဌမ) ဉာဏ်သည်၊ နောက်ထပ်တဖန်၊ မိမိကို အာရုံပြု၍၊ ဖြစ်ပေါ်လာလတ္တံ့ ဖြစ်သော (ဒုတိယ) အကြိမ်မြောက်ဖြစ်သော ဉာဏ်ကို၊ ထောက်စာခဲ့လျှင်၊ မိမိဟူသော (ပဌမ) ဉာဏ်သည် (ဓမ္မ-အကြောင်း ခေါ်ရသော ဉာဏ်မည်၏။) (ဓမ္မ-သဒ္ဒါ-အကြောင်းဟော သဒ္ဒါတည်း။)

ထိုဓမ္မ-အကြောင်းဖြစ်သော ဉာဏ်ကို၊ သိသော (ဒုတိယ) အကြိမ်မြောက်ဖြစ်သော ဉာဏ်သည် ဓမ္မ-ဉာဏ်မည်၏။ ။ဓမ္မ-အကြောင်းဖြစ်သောဉာဏ်ကို၊ အာရုံပြု၍ သိမြင်ပုံကား ဤသို့တည်း။

(၁) စက္ခု-ခေါ်သော အသိဉာဏ်သည် ဖြစ်၏။

(၂) ဉာဏ (၃) ပညာ (၄)ဝိဇ္ဇာ (၅)အာလောက-ခေါ်သော ဉာဏ်သည် ဖြစ်၏။

ဤသည်လျှင်-
ဓမ္မဉာဏ် ၅-မျိုးဖြစ်ပုံအကျဉ်းချုပ်ပြခဏ်းပြီး၏။

---

## နိရုတ္တိ ပဋိသမ္ဘိဒါဉာဏ် ၁၀-ပါးဖြစ်ပုံ အဓိပ္ပါယ်ပြခဏ်း

ထိုနောက် ဤသို့ပြဆိုအပ်ခဲ့ပြီးဖြစ်သော-

(၁) အတ္ထ-ဉာဏ် ၅-ပါး-
(၂) ဓမ္မ-ဉာဏ် ၅-ပါး-

ဤဆယ်ပါးသောဉာဏ်တို့၏ အနက်သဘော ဟုတ်မှန်ရာကို၊ ဟောစွမ်းနိုင်သော ဓာတ်, ပစ္စည်း, ဝိဘတ်တို့ဖြင့်၊ဝေဘန်ခွဲခြမ်း၍ပြီးပြီးသော ပါဠိ, အက္ခရာ, သဒ္ဒါကို၊ ထုတ်၍ဆိုခြင်းနှ၊ သိသောဉာဏ်သည်၊ [နိရုတ္တိယာ, နိရုတ္တိသု, ပဝတ္တာ ပဋိသမ္ဘိဒါ၊ နိရုတ္တိပဋိသမ္ဘိဒါ] ဟုသည်နှင့်အညီ၊ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်မည်၏။

**ထင်ရှားစေဦးအံ့**… ပါဠိ– အက္ခရာ– သဒ္ဒါနှင့်+ အနက်– မြန်မာ ဘာသာသဘောသည်၊ အကြောင်းနှင့်အကျိုး ကဲ့သို့၊အမြဲးဆက်သွယ်လျက်ရှိသဖြင့်၊ ပါဠိ-အက္ခရာ သဒ္ဒါရှိရင်းအတိုင်း သာ၊ အနက်မှန်ဖြစ်ရာ၏။ ။အနက်မှန်ကို၊ ဟောစွမ်းနိုင်သောပါဠိ-အက္ခရာ-သဒ္ဒါမှန်သာ ဖြစ်ရာ၏။ ။ပါဠိ-အက္ခရာ-သဒ္ဒါရှိပုံသည်၊တမျိုး တခြား+ထိုပါဠိ-အက္ခရာသဒ္ဒါ၏ အနက်သဘောကဲ့သို့ ထင်ရသော အနက်သည်၊တမျိုးတခြား+မဖြစ်စေရာချေ။ ။အတ္တော အက္ခရသညာ တော=ဆိုသော စည်းမျဉ်းအတိုင်း၊ မိမိဆိုလိုရင်းဖြစ်သော အနက် အဓိပ္ပါယ်ကို၊ ဟောစွမ်းနိုင်သောပါဠိ-အက္ခရာ-သဒ္ဒါမှန် ဖြစ်ရာ၏။ ။ ထိုပါဠိ-အက္ခရာ-သဒ္ဒါဟောသော အနက်မှန်ဖြစ်ရာ၏။

ထိုနိရုတ္တိဉာဏ်သည် သဒ္ဒါရုံကိုအာရုံပြု၍ဖြစ်၏။ ။ဤသို့ဖြစ် ၍ ရွတ်ဆိုအပ်သော အက္ခရာ၏ အသံဟူသော သဒ္ဒါရုံသည် မှန်ကန်ရမည်၊ ဟု- ဆို၏။

ဤသို့ဖြစ်၍ နှုတ်ဖြင့်ဖွင့်ထုတ်၍ ဆိုရာ၌။

(က) ပါဠိ-အက္ခရာ-သဒ္ဒါအမှန်ကိုရင်း။
(ခ) အနက်သဘောအမှန်ကိုရင်း။
စိစစ်၍၊-
(က) ဤအနက်ကို၊ ဟောသော ပါဠိ-အက္ခရာ သဒ္ဒါသည်၊ ဤပါဠိ-အက္ခရာ သဒ္ဒါပင်တည်း။
(ခ) ဤပါဠိ အက္ခရာ သဒ္ဒါသည်၊ ဟောအပ်သော အနက် သည်ကား-ဤ အနက်ပင်တည်း=ဟု၊ သိသောဉာဏ် ကို၊ နိရုတ္တိဉာဏ်-ဟု-ဆို၏။

ဤသို့ဖြစ်၍ နောက်၌ ပြဆိုအပ်ခဲ့ပြီး ဖြစ်သော–

(၁) ※ အတ္ထဉာဏ် ၅–ပါးကိုဟောသော ပါဠိအက္ခရာ သဒ္ဒါကို၊ အာရုံပြု၍သိသော နိရုတ္တိဉာဏ် ၅-ပါး။
(၂) ※ ဓမ္မဉာဏ် ၅–ပါးကိုဟောသော ပါဠိအက္ခရာ သဒ္ဒါကို၊ အာရုံပြု၍သိသော နိရုတ္တိဉာဏ် ၅ ပါး-ဟူ၍ နိရုတ္တိဉာဏ် သည်၊ ၁၀–ပါး ဖြစ်၏၊

## (၁) အတ္ထဥာဏ် ၅-ပါးကိုဟောသော ပါဠိအကျရာ သဒ္ဒါကို၊ အာရုံပြု၍သိသော နိရုတ္တိဥာဏ် ၅-ပါး ဖြစ်ပုံပြခဏ်း

(၁) စက္ခု ခေါ်သော အသိဉာဏ်သည် ဖြစ်၏။
ထိုနည်းအတူ (၂)ဉာဏ၊ (၃)ပညာ၊ (၄)ဝိဇ္ဇာ၊ (၅)အာလောက-ခေါ်သောအသိဉာဏ်သည် ဖြစ်၏။ ။ပြီး၏။

---

## (၂) ✲ဓမ္မဥာဏ် ၅-ပါးကိုဟောသော ပါဠိအကျရာသဒ္ဒါကို၊အာရုံပြု၍သိသော နိရုတ္တိဥာဏ် ၅-ပါးဖြစ်ပုံပြခဏ်း

(၁) စက္ခု-ခေါ်သောအသိဉာဏ်သည် ဖြစ်၏။
ထိုနည်းအတူ (၂) ဉာဏ၊ (၃) ပညာ၊ (၄) ဝိဇ္ဇာ (၅)အာလောက-ခေါ်သောအသိဉာဏ်သည်ဖြစ်၏။ ။ပြီး၏။

---

## ပဋိဘာန ပဋိသမ္ဘိဒါဥာဏ် ၂၀-ဖြစ်ပုံ ပြခဏ်း

[✲ဉာဏေသု ဉာဏံ ပဋိဘာန ပဋိသမ္ဘိဒါ-] ဆိုသည်နှင့် အညီ၊ နောက်၌ ပြဆိုအပ်ခဲ့ပြီးဖြစ်သော—

(၁) အကျိုးတရား၌ သိတတ်သော (အတ္ထ)ဉာဏ် ၅-ပါး။
(၂) အကြောင်းတရား၌ သိတတ်သော (ဓမ္မ) ဉာဏ် ၅-ပါး။
(၃) ထိုဉာဏ်တရားနှစ်ပါးတို့ကို၊ ဟောစွမ်းနိုင်သော ပုဒ်ပါဠိ အက္ခရာ၊သဒ္ဒါတို့၌ သိတတ်သော (နိရုတ္တိ) ဉာဏ် ၁၀-ပါး။
(၄) ဤသုံးပါးသောဉာဏ်တို့၏ သိမြင်ပုံနည်းကို၊ မိမိက အာရုံပြု၍ သိနိုင်သောဉာဏ်သည်(ပဋိဘာန)ဉာဏ်မည်၏။

ထင်ရှားစေဥုံးအံ့…ဤအထက်အမည်ပါ အသိဉာဏ်သုံးမျိုးတို့တွင်၊--ဤအသိဉာဏ်သည်ကား။

(၁) အတ္ထ= အကျိုးကိုသိသောဉာဏ်တည်း။
(၂) ဤအသိဉာဏ်သည်ကား(၂)ဓမ္မ၊အကြောင်းကိုသိသောအသိဉာဏ်တည်း။

(၃) ဤအသိဉာဏ်သည်ကား(၃) အတ္ထ၊ဓမ္မ, တို့ကို ဟောစွမ်းနိုင်သော နိရုတ္တိကိုသိသော အသိဉာဏ် တည်း–ဟူ၍သာလျှင် ထိုဉာဏ်သုံးပါးတို့၏ သိမြင်ပုံနည်းကို သိ၏။

ထိုဉာဏ်သုံးပါးတို့၏ အသိဉာဏ်မျိုး သဘောကဲ့သို့၊ အသိဉာဏ် ဖြစ်စေတို့ရာမှုကား၊ မိမိသည် မပြုစွမ်းနိုင်ဟူ၏။ ။ဤသို့ဖြစ်၍ ဒုက္ခသစ္စာ အခက်း၊ သစ္စဉာဏ်ဖြင့် သိမြင်ရာ၌–

(၁) အကျိုးကို သိသော(အတ္ထ)ဉာဏ် ၅-ပါး။
(၂) အကြောင်းကို သိသော(ဓမ္မ)ဉာဏ် ၅-ပါး။
(၃) သဒ္ဒါကို သိသော(နိရုတ္တိ)ဉာဏ် ၁၀-ပါး။
(၄) အထက်အမည်ပါ ဉာဏ်သုံးပါးတို့၏ အသိဉာဏ်သဘောကို သိသော (ပဋိဘာန) ဉာဏ်သည် ၂၀-ဖြစ်၏ ဟူ၍ စိစစ် ခွဲဝေရာ၏။

(၁) ဤသစ္စဉာဏ်၌ ပြဆိုအပ်ပြီးဖြစ်သော သိမြင်ပုံနည်းအတူ။
(၂) ကိစ္စဉာဏ်၌လည်း၊ (အတ္ထ) (ဓမ္မ) (နိရုတ္တိ) (ပဋိဘာန) ဟူ၍ ခွဲဝေရာ၏။
(၃) ကတဉာဏ်၌လည်း (အတ္ထ) (ဓမ္မ) (နိရုတ္တိ) (ပဋိဘာန) ဟူ၍ ခွဲဝေရာ၏။

ဤသို့လျှင်၊ ဒုက္ခသစ္စာ၌ သိသောဉာဏ်သည် (၁) သစ္စဉာဏ်၊ (၂) ကိစ္စဉာဏ်၊ (၃) ကတဉာဏ်ဟူ၍ သုံးပါးရှိ၏။ ။တပါး + တပါး၌လည်း၊ (အတ္ထ) ဉာဏ် ၅-ပါး။ ။(ဓမ္မ) ဉာဏ် ၅-ပါး။ ။နိရုတ္တိဉာဏ် ၁၀-ပါး။ ။ပဋိဘာနဉာဏ် ၂၀-ရှိပုံတို့ကို၊ အောက်၌ ပါရှိသော ဇယားပုံစံဖြင့် ဖော်ပြရှင်းလင်းပေအံ့။

H,275 31 [ဟံသာဝတီပုံ]

## (၁) ဒုက္ခသစ္စာ၌ သိသောဥာဏ်အစဉ်ဖြစ်ပုံ ပြခဏ်း

| | တိပရိဝဋ္ဋဉာဏ် ၃-ပါး | ပဋိသမ္ဘိဒါဉာဏ်လေးပါးပုံစံ [၁] | [၂] | [၃] | [၄] |
|---|---|---|---|---|---|
| | | အတ္ထဉာဏ် | ဓမ္မဉာဏ် | နိရုတ္တိဉာဏ် | ပဋိဘာနဉာဏ် |
| (၁) | သစ္စဉာဏ် ၅ | ၅ | ၅ | ၁၀ | ၂၀ |
| (၂) | ကိစ္စဉာဏ် ၅ | ၅ | ၅ | ၁၀ | ၂၀ |
| (၃) | ကတဉာဏ် ၅ | ၅ | ၅ | ၁၀ | ၂၀ |
| | ၁၅ | ၁၅ | ၁၅ | ၃၀ | ၆၀ |

အထက်ဖေါ်ပြပါပုံစံကိုမြင်ရသဖြင့်ဒုက္ခသစ္စာ၌သိသော(တိ-ပရိ-ဝဋ္ဋ) ဉာဏ်သုံးပါးနှင့်+ ပဋိသမ္ဘိဒါဉာဏ်လေးပါးဖြစ်ပုံ၊ အရေအတွက် စကား ကို၊နားလည်ကြရာ၏။

ဤအရာ၌ သိသောဉာဏ်ဆိုသည်ကား၊ (စက္ခု၊ ဉာဏ၊ ပညာ၊ ဝိဇ္ဇာ၊ အာလောက)သဘောဖြင့် သိမြင်ပုံနည်းပင်တည်း။

ဤသို့ဒုက္ခသစ္စာ၌ ပြဆိုခဲ့ပြီးဖြစ်သော စကားအသုံးအနှုန်း တို့ကို၊ကျန်သောသစ္စာသုံးပါးတို့၌သမုဒယ, နိရောဓ, မဂ္ဂသစ္စာ ဟူသော စကားကို ပြောင်းလွဲပြုပြင် ဆိုရရုံမျှသာ၊ ထူးသည် ဖြစ်၍၊ အကျယ်ရေးသားရန်၊ လျစ်လျူရှု၍၊ ဇယားပုံစံမျှသာ ပြပေအံ့။

## (၂) သမုဒယသစ္စာ၌ဖြစ်သောဉာဏ်အစဉ်ဖြစ်ပုံ ပြခဏ်း

| | တိပရိဝဋ္ဋ ဉာဏ် ၃-ပါး | ပဋိသမ္ဘိဒါဉာဏ်လေးပါး [၁] | [၂] | [၃] | [၄] |
|---|---|---|---|---|---|
| | | အတ္ထဉာဏ် | ဓမ္မဉာဏ် | နိရုတ္တိဉာဏ် | ပဋိဘာနဉာဏ် |
| (၁) | သစ္စဉာဏ် ၅ | ၅ | ၅ | ၁၀ | ၂၀ |
| (၂) | ကိစ္စဉာဏ် ၅ | ၅ | ၅ | ၁၀ | ၂၀ |
| (၃) | ကတဉာဏ် ၅ | ၅ | ၅ | ၁၀ | ၂၀ |
| | ၁၅ | ၁၅ | ၁၅ | ၃၀ | ၆၀ |

အထက်ဖေါ်ပြပါပုံစံကို၊မြင်ရသဖြင့်သမုဒယသစ္စာ၌သိသော(တိ-ပရိ-ဝဋ္ဋ)ဉာဏ် သုံးပါးနှင့် + ပဋိသမ္ဘိဒါဉာဏ် လေးပါးဖြစ်ပုံ အရေအတွက်စကားကို၊နားလည်ကြရာ၏။

ဤအရာ၌သိသောဉာဏ်ဆိုသည်ကား၊ (စက္ခု၊ ဉာဏ၊ ပညာ၊ ဝိဇ္ဇာ၊ အာလောက)သဘောဖြင့် သိမြင်ပုံ နည်းပင်တည်း။

## (၃) နိရောဓသစ္စာ၌ဖြစ်သော ဉာဏ်အစဉ်ဖြစ်ပုံ ပြခန်း

| | တိပရိဝဋ္ဋ ဉာဏ် ၃-ပါး | ပဋိသမ္ဘိဒါ ဉာဏ်လေးပါး | | | |
|---|---|---|---|---|---|
| | | [၁] | [၂] | [၃] | [၄] |
| (၁) | သစ္စ ဉာဏ် | အတ္ထ ဉာဏ် | ဓမ္မ ဉာဏ် | နိရုတ္တိ ဉာဏ် | ပဋိဘာန ဉာဏ် |
| | ၅ | ၅ | ၅ | ၁၀ | ၂၀ |
| (၂) | ကိစ္စ ဉာဏ် | | | | |
| | ၅ | ၅ | ၅ | ၁၀ | ၂၀ |
| (၃) | ကတ ဉာဏ် | | | | |
| | ၅ | ၅ | ၅ | ၁၀ | ၂၀ |
| | ၁၅ | ၁၅ | ၁၅ | ၃၀ | ၆၀ |

အထက်ဖေါ်ပြပါပုံစံကိုမြင်ရသဖြင့်၊ နိရောဓသစ္စာ၌သိသော (တိ-ပရိ-ဝဋ္ဋ) ဉာဏ်သုံးပါးနှင့်+ပဋိသမ္ဘိဒါဉာဏ် လေးပါးဖြစ်ပုံ၊ အရေအတွက် ဇယားကိုနားလည်ကြရာ၏။

ဤအရာ၌ သိသောဉာဏ်ဆိုသည်ကား၊ (စက္ခု၊ ဉာဏ၊ ပညာ၊ ဝိဇ္ဇာ အာလောက)သဘောဖြင့် သိမြင်ပုံ နည်းပင် တည်း။

## (၄) မဂ္ဂသစ္စာ၌ သိသော ဥာဏ် အစဉ်ဖြစ်ပုံ ပြခန်း

| | တိပရိဝဋ္ဋ ဉာဏ် ၃-ပါး | ပဋိသမ္ဘိဒါဉာဏ်လေးပါး [၁] | [၂] | [၃] | [၄] |
|---|---|---|---|---|---|
| (၁) | သစ္စ ဉာဏ် | အတ္ထ ဉာဏ် | ဓမ္မ ဉာဏ် | နိရုတ္တိ ဉာဏ် | ပဋိဘာန ဉာဏ် |
| | ၅ | ၅ | ၅ | ၁၀ | ၂၀ |
| (၂) | ကိစ္စ ဉာဏ် | | | | |
| | ၅ | ၅ | ၅ | ၁၀ | ၂၀ |
| (၃) | ကတ ဉာဏ် | | | | |
| | ၅ | ၅ | ၅ | ၁၀ | ၂၀ |
| | ၁၅ | ၁၅ | ၁၅ | ၃၀ | ၆၀ |

အထက်ဖေါ်ပြပါပုံစံကို၊ မြင်ရသဖြင့် မဂ္ဂသစ္စာ၌သိသော (တိ-ပရိ-ဝဋ္ဋ) ဉာဏ်သုံးပါးနှင့် + ပဋိသမ္ဘိဒါဉာဏ် လေးပါးဖြစ်ပုံ၊ အရေအတွက် စကားကို၊ နားလည်ကြရာ၏။

ဤအရာ၌ သိသောဉာဏ်ဆိုသည်ကား၊ (စက္ခု၊ ဉာဏ၊ ပညာ၊ ဝိဇ္ဇာ၊ အာလောက) သဘောဖြင့် သိမြင်ပုံ နည်းပင် တည်း။

မှတ်ချက်…ဓမ္မစကြာ၌ သစ္စာလေးပါး၊ တပါး+တပါး၌၊ ဉာဏ် သုံးပါးတို့ကို ဟောပြောကြပြီးနောက် (၁) အတ္ထ၊ (၂) ဓမ္မ၊ (၃) နိရုတ္တိ၊ (၄) ပဋိဘာန- ဟူသော ပဋိသမ္ဘိဒါ ဉာဏ် လေးပါးနှင့်၊ဆက်သွယ်၍ သင်ကြား ပြသ ဟောပြောကြသော အလေ့, အထ, အလှည့်အကြိမ် နည်းပါးပုံ၍၊ ဤအရာ၌ အခွင့်ကြုံသဖြင့်၊ ထည့်သွင်း ဖေါ်ပြအပ်သည်ကို၊ ဗုဒ္ဓ-ဂုဏ်၊ ဓမ္မ-ဂုဏ်၊ လေးစား ပူဖြင့် ကြည့်ရှုဝမ်းမြောက်နိုင်ကြ ပါစေသတည်း။

## သစ္စာလေးပါး တရားအစဉ်ကိုသိမြင်မှု၌ ဥာဏ်အမြင်မသန့်ရှင်း၊ မစင်ကြယ်သေးသမျှ ကာလပတ်လုံး လောကအလယ်၌ (ဗုဒ္ဓ) မည်တွင်၊ ဘုရားသျှင် အစစ်၊ ဖြစ်ပြီ=ဟူ၍၊ တာဝန်ခံစကား၊ မဟောကြား= ဟူ၍ မိန့်ဆိုပုံပြခဏ်း

(က) ယာဝ-ကိဝ-ဉ္စမေ ဘိက္ခဝေ ဣမေသု.... လ ... နသု ဝိသုဒ္ဓံ အဟောသိ။

(ခ) နေဝ–ဝါတာ-ဟံ ဘိက္ခဝေ သဒေဝကေ....လ···အဘိ-သမ္ဗုဒ္ဓေါ-တိ ပစ္စညာသိံ=ဟူ၍။

ထိုစကားဝါကျ၏ အဓိပ္ပါယ်သည်ကား၊ အဘယ်သို့ ဆိုလိုပါသနည်း။

မြန်မာဘာသာပြန်အဓိပ္ပါယ်

(က) အို–ပဉ္စ ဝဂ္ဂိ ရဟန်းတို့။

အကြင်မျှလောက်သော လေးအသချေနှင့် ကပ္ပါတသိန်းတို့ကာလ ပတ်လုံး၊(ဒု–သ–နိ–မဂ်)ဟူကုန်သော လေးပါးကုန်သော ဤအရိယ သစ္စာတို့၌၊ (တို့တွင်) တပါး+တပါးသော သစ္စာ၌ (၁) သစ္စဉာဏ် (၂) ကိစ္စ ဉာဏ်၊ (၃) ကတဉာဏ် အားဖြင့် (တိ-ပရိ-ဝဋ္ဋ) ဉာဏ် ခေါ်သော သုံးပါးသောအပြန်ရှိသော (သစ္စာလေးပါးရှိ၍ လေးပါး နှင့် မြှောက်၍) (ဒွါဒသာ–ကာရ) ဉာဏ်ခေါ်သော တဆဲ့နှစ်ပါးသော အခြင်းအရာရှိသော (ယထာ-ဘူတ) ဟုတ်မှန်တိုင်းသော ဆင်ခြင်တတ်သော (ပစ္စဝေက္ခဏာ) ဉာဏ်အမြင်သည်၊ ဗုဒ္ဓမည်တွင်၊ ငါဘုရားသျှင်အား၊ သန့်ရှင်းစင်ကြယ်စွာ-မဖြစ်ပေါ်လာသေး။

(ခ) ထိုမျှလောက် အတိုင်း အရှည် ရှိသော ကာလ ပတ်လုံး၊ ဗုဒ္ဓမည်တွင်၊ ငါဘုရားသျှင်သည်-

(၁)*သ–ဒေဝကေလောကေ=ဟူသော ပုဒ်အရ၊ စာတုမဟာရာဇ် နတ်ပြည်မှစ၍၊နတ်ပြည်ငါးထပ်နှင့်တကွဖြစ်သော ဩကာသ လောကကြီးအလယ်၌ရင်း-

(၂)*သ–မာရကေလောကေ=ဟူသောပုဒ်အရ၊–
မာရ်နတ်မင်း၏နေရာ၊ ပရနိမ္မိတ-ဝသ-ဝတ္တီ– နတ်ပြည်နှင့် တကွဖြစ်သော ဩကာသလောကကြီးအလယ်၌ရှင်း၊–

(၃)*သ–ဗြဟ္မကေလောကေ=ဟူသောပုဒ်အရ၊–
ရူပဗြဟ္မာပြည်၊အရူပဗြဟ္မာပြည်ဟူသောဗြဟ္မာပြည်နှစ်ဆယ် နှင့်တကွဖြစ်သော ဩကာသ လောကကြီးအလယ်၌ရှင်း၊–

(၄)*သ–သမဏဗြာဟ္မဏိယာပဇာယ…ဟူသောပုဒ်အရ၊–
ဗုဒ္ဓမည်တွင်ငါဘုရားသျှင်၏၊သာသနာတော်မှ၊ဆန့်ကျင်ဘက် ဖြစ်သောရဟန်း၊ ကိလေသာမီး ငြိမ်းစဲပြီးဖြစ်သော ရဟန်း၊ ပုဏ္ဏားနှင့်တကွဖြစ်သော သတ္တလောကကြီး အလယ်၌ရှင်း။

(၅)*သ–ဒေဝ–မနုဿာယ…ဟူသောပုဒ်အရ၊–
မင်းဟူ၍ သမုတိရသောမင်း၊ထိုမင်းမှကြွင်းကျန်သော လူနှင့် ကကွဖြစ်သော သတ္တလောကကြီးအလယ်၌ရှင်း၊–
အတုမရှိ မြင့်မြတ်လှစွာသော အရဟတ္တမဂ်ဉာဏ်၊သဗ္ဗညု တဉာဏ်ကိုရ၍၊သစ္စာလေးပါး၊တရားအစဉ်ကိုထိုးထွင်းတိတိ၊ သိမြင်ပြီ-ဟူ၍တာဝန်ခံစကားမဟောကြားသေးချေ။

ဤစကားအရဖြင့်၊ သုံးဘုံထင်ရှား၊ သဗ္ဗညုတ၊ ဗုဒ္ဓ မြတ်စွာဘုရား သျှင်၏အဖြစ်သို့ရောက်ပြီ=ဟူ၍၊ တာဝန်ခံစကား၊မပြောကြားသေး-ဟု၊ မိန့်ဆိုတော်မူ၏-ဟု၊ပြဆို၏။ ။

ဤတွင် ဘုရားမဖြစ်ထိုက်ပုံပြခဏ်းပြီး၏။

---

## သစ္စာလေးပါး တရားအစဉ်ကိုသိမြင်မှု၌ ဉာဏ်အမြင်သန့်ရှင်းစင်ကြယ်သောအဖြစ်သို့ ရောက်မှ သာလျှင်၊ လောကအလယ်၌ (ဗုဒ္ဓ)မည်တွင်၊ဘုရားသျှင် အစစ်၊ ဖြစ်ပြီ = ဟူ၍၊တာဝန်ခံစကားဟောကြား၏-ဟု၊ မိန့်ဆိုပုံပြခဏ်း

(က) ယတော စ ခေါ မေ ဘိက္ခဝေ၊ လ…သု–ဝိ–သုဒ္ဓံ အဟောသိ။

(ခ) အထာဟံ ဘိက္ခဝေ သဒေဝကေ…အဘိသမ္ဗုဒ္ဓေါတိ–ပစ္စညာသိံ= ဟူ၏။

ထိုစကားဝါကျ၏ အဓိပ္ပါယ်သည်ကား၊ အဘယ်သို့ဆိုလိုပါသနည်း။

မြန်မာဘာသာပြန်အဓိပ္ပါယ်

(က) ဒို-ပဥ္စ ဝဂ္ဂီ ရဟန်းတို့။

အကြင်အခါ၌ (ဒု၊သ၊နိ၊မဂ်) ဟုကုန်သော လေးပါးကုန်သော၏ အရိယသစ္စာတို့၌(တို့တွင်)တပါး+တပါးသော သစ္စာ၌(၁)သစ္စဉာဏ်၊ (၂) ကိစ္စဉာဏ်၊ (၃) ကတဉာဏ်အားဖြင့် (တိ-ပရိ-ဝဋ္ဋ) ဉာဏ်ခေါ်သော သုံးပါးသောအပြန်ရှိသော သစ္စာလေးပါးရှိ၍ လေးပါးနှင့် မြှောက်၍ (ဒွါဒသာ-ကာရ) ဉာဏ်ခေါ်သော တဆဲ့နှစ်ပါးသော အခြင်းအရာရှိသော (ယထာဘူတ) ဟုတ်မှန်တိုင်းသော ဆင်ခြင်တတ်သော (ပစ္စဝေက္ခဏာ) ဉာဏ် အမြင်သည်၊ဗုဒ္ဓ-မည်တွင်၊ ငါဘုရားသျှင်အား၊ သန့်ရှင်းစင်ကြယ်စွာ ဖြစ်ပေါ်လာချေပြီ။

(ခ) ထိုအခါသို့၊ တိုင်ရောက်မှသာလျှင်၊ ဗုဒ္ဓ-မည်တွင်၊ ငါဘုရားသျှင်သည်–

(၁) * သ-ဒေဝကေလောကေ…ဟူသောပုဒ်အရ၊–

စတုမဟာရာဇ် နတ်ပြည်မှစ၍ နတ်ပြည်ငါးထပ်နှင့်တကွ ဖြစ်သောဩကာသလောကကြီးအလယ်၌၎င်း၊–

(၂) * သ-မာရကေလောကေ…ဟူသောပုဒ်အရ၊–

မာရ်နတ်မင်း၏ နေရာ၊ ပရနိမ္မိတ- ဝသ-ဝတ္တီ နတ်ပြည်နှင့် တကွဖြစ်သော ဩကာသလောကကြီးအလယ်၌၎င်း၊–

(၃) * သ–ဗြဟ္မကေလောကေ… ဟူသောပုဒ်အရ၊–

ရူပဗြဟ္မာပြည် အရူပဗြဟ္မာပြည် ဟူသော ဗြဟ္မာပြည် ၂၀ စ်ဆယ်နှင့် တကွဖြစ်သော ဩကာသလောကကြီးအလယ် ၌၎င်း၊–

၄။ * သ-သမဏဗြာဟ္မဏိယာပဇာယ…ဟူသောပုဒ်အရ၊–

ဗုဒ္ဓ-မည်တွင်၊ငါဘုရားသျှင်၏ သာသနာတော်မှ ဆန့်ကျင်ဘက်ဖြစ်သောရဟန်း၊+ကိလေသာမီးငြိမ်းစဲပြီးဖြစ်သော ရဟန်း၊ပုဏ္ဏားနှင့်တကွဖြစ်သောသတ္တလောကကြီး အလယ် ၌၎င်း၊–

၅။ * သ-ဒေဝ မနုဿာယ…ဟူသော ပုဒ်အရ၊= မင်းဟူ၍ သမုတိ ရသောမင်း၊ ထိုမှ ကြွင်းကျန်သော လူနှင့်တကွဖြစ်သော သတ္တလောကကြီး အလယ်၌ငှင်း၊ အတုမရှိ၊ မြင့်မြတ်လှစွာသော အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်ကိုရ၍ သစ္စာလေးပါးတရားအစဉ်ကို၊ ထိုးထွင်းတိတိ၊သိမြင်ပြီ-ဟူ၍၊ တာဝန်ခံစကား ဟောကြားတော်မူ၏။ ။ဤစကားအရဖြင့်၊ သုံးဘုံထင်ရှား၊သဗ္ဗညုတ၊ ဗုဒ္ဓ-မြတ်စွာဘုရားသျှင်၏ အဖြစ်သို့ရောက်ပြီ-ဟူ၍၊ တာဝန်ခံ စကား၊ မိန့်ကြားတော်မူ၏-ဟု၊ပြဆို၏။

{ အဘိညေယျံ အဘိညာတံ၊ ဘာဝေတဗ္ဗဉ္စ ဘာဝိတံ။
ပ-ဟာ တဗ္ဗံ ပ-ဟီနံ မေ၊ တသ္မာ ဗုဒ္ဓေါ-သ္မိ, ဗြာဟ္မဏ။

(မဇ္ဈိမပဏ္ဏာသ-သေလသုတ်)

(၁) ဗြာဟ္မဏ၊''သေလ'' မည်ခေါ်၊ပုဏ္ဏားကျော်။မေ၊ ဗုဒ္ဓ မည်တွင်၊ ငါဘုရားသျှင်သည်။ အဘိညေယျံ၊ ထူးသော သဗ္ဗညုတဉာဏ်တော်ဖြင့် သိသင့်, သိထိုက်, သိအပ်သော ဒုက္ခသစ္စာတရားကို။ အဘိညာတံ၊ ထိုးထွင်းတိတိ၊ သိမြင်အပ်လေပြီ။

(၂) ဘာဝေတဗ္ဗဉ္စ၊ပွါးသင့်, ပွါးထိုက်, ပွါးအပ်သော မဂ္ဂသစ္စာတရားကိုလည်း။ ဘာဝိတံ၊ ပွါးများအပ်လေပြီ။

(၃) ပ-ဟာတဗ္ဗံ၊ ပယ်သင့်, ပယ်ထိုက်, ပယ်အပ်သော သမုဒယသစ္စာတရားကို။ ပဟီနံ၊ ပယ်စွန့်အပ်လေပြီ။

တသ္မာ၊ ထိုအကြောင်းကြောင့်။ ဗုဒ္ဓေါ၊ သစ္စာလေးအင်၊သိမြင်ထင်ရှား၊ ဗုဒ္ဓ-မြတ်စွာဘုရားသျှင်သည်။ အသ္မိ၊ ဖြစ်တော်မူပေပြီ။

ဤဂါထာ၌ အကြောင်းဖြစ်သော မဂ္ဂသစ္စာကို တိုက်ရိုက်ပြသဖြင့်၊ အကျိုးဖြစ်သော နိရောဓသစ္စာကိုလည်း၊ (သဏ္ဌိကတ)ဉာဏ်ပြုပြီးပြီ-ဟူ၍၊ မှတ်ရာ၏။

ဤတွင် ဘုရားဖြစ်ထိုက်ပုံပြခန်းပြီး၏။

ဤတွင်—

ဘုရား—မဖြစ်ထိုက်၊ ဖြစ်ထိုက်၊ ဟောကြားပုံ- နှစ်နည်း၊
အကျဉ်းချုပ် အဓိပ္ပါယ်ပြခန်း ပြီး၏။

---

## ထိုနောက် သစ္စာလေးအင်၊ သိမြင်ထင်ရှား၊ ဗုဒ္ဓမြတ်စွာ ဘုရားသျှင်၏ အဖြစ်သို့ ရောက်တော်မူပြီးဖြစ်၍ (ပစ္စဝေက္ခဏာ) ဉာဏ်အမြင်ဖြင့် ဆင်ခြင်၍ သိမြင်ပုံပြဆို ဟောကြားချက်၊

၁။ * ဉာဏဉ္စ ပန မေ ဒဿနံ, ဥဒပါဒိ။ ။

၂။ * အကုပ္ပါ, မေ စေတော ဝိမုတ္တိ။ ။

၃။ * အယ-မန္တိမာ, ဇာတိ။ ။

၄။ * နတ္ထိ ဒါနိ ပုနဗ္ဘဝေါ, တိ၊
ဣဒ မဝေါစ,ဘဂဝါ=ဟူ၏။

ထိုစကားဝါကျတို့၏ အစိတ်, အစိတ် ဖြစ်သော အဓိပ္ပါယ်သည်ကား၊ အဘယ်သို့ဆိုလိုပါသနည်း။

ဤအရာ၌ (၁) * ဉာဏဉ္စပန မေ ဒဿနံ ဥဒပါဒိ=ဟူသော စကားဝါကျ၏ အဓိပ္ပါယ်သည်ကား၊ ဤသို့ပေတည်း။

မြန်မာဘာသာပြန် အဓိပ္ပါယ်

(၁) ဒိ-ပဉ္စ ဝဂ္ဂီ ရဟန်းတို့။

သင်တို့၏ဆရာ၊ ဗုဒ္ဓမည်တွင်၊ ငါဘုရားသျှင်အား၊ သဗ္ဗညုတ၊ ဗုဒ္ဓမည်တွင်၊ ဘုရားသျှင်၏အဖြစ်သို့၊စင်စစ်ရောက်ပြီးသောအခါ၌၊ မိမိကိုယ်တိုင်- ရရှိအပ်ပြီးသော အရဟတ္တမဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်တို့ကို အာရုံပြု၍ ဆင်ခြင်တတ်သော (ပစ္စဝေက္ခဏာ) ဉာဏ်အမြင်သည် ဖြစ်ပြီ=ဟူ၍၊ မိန့်တော်မူ၏။

မှတ်ချက်···ဝိထိ—ဆိုရိုးအကောက် စကားအတိုင်း၊ မဂ်ဖိုလ်ရသော ပုဂ္ဂိုလ်တို့သည်၊မိမိတို့ရရှိ သိမြင်အပ်ပြီးသော မဂ်,ဖိုလ်, နိဗ္ဗာန် တို့ကို ဆင်ခြင်သော (ပစ္စဝေက္ခဏာ)ဝိထိစိတ်ဖြစ်ပုံသည်၊ဖြစ်ရိုးဖြစ်စဉ်ပင်တည်းဟု-မှတ်ရာ၏။ထို့ကြောင့်—[ ✲ ဉာဏဉ္စ ··ဒိတိ=ဒဿနံ· ကိစ္စ ကရဏေန ဒဿနသင်္ခါတံ ပစ္စဝေက္ခဏ ဉာဏဉ္စ မေ ဥပ္ပဇ္ဇိ=] ဟူ၍ (ပဋိ-သံ-အဋ္ဌကထာ၊ ၃-သစ္စာကထာ-၂၂၁) ၌ ဖွင့်ပြ၏။

ဤကွင်—

(၁) ဉာဏဉ္စ ပန မေ ဒဿနံ ဥဒပါဒိ=ဟူသော စကားဝါကျ၏ အရ၊အကျဉ်းချုပ်အဓိပ္ပါယ်ပြချက်း ပြီး၏။

---

(၂) ထိုနောက် (ပစ္စေကဗုဒ္ဓာ) ဉာဏ်အမြင်ဖြင့် ဆင်ခြင်၍သိမြင်ပုံကို ပြဆိုရာဖြစ်သော (၂) **အကုပ္ပါ မေ စေတော ဝိမုတ္တိ**=ဟူသော စကားဝါကျ၏ အဓိပ္ပါယ်သည်ကား၊ ဤသို့ပင်တည်း။

မြန်မာဘာသာပြန်အဓိပ္ပါယ်

(၂) အို—ပဥ္စ ဝဂ္ဂီ ရဟန်းတို့။

သင်တို့၏ဆရာ၊ ဗုဒ္ဓမည်တွင်၊ ငါဘုရားသျှင်အား၊ ဘဝ ရှည်ကြာ၊ သံသရာစက်၊ အဆက်ဆက်က၊ နှိပ်စက်ညှဉ်းပန်းလျက် လိုက်ပါ၍ လာသော ကိလေသာဟူ၊ ရန်သူဘို့၏လက်တွင်းမှ၊ လွတ်ကင်း ထွက်မြောက် ဖြစ်ပေါ်လာသော အရဟတ္တမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့သည်၊ မပျက်စီးနိုင်တော့ပြီ။ ။မလှုပ်ရှားနိုင်တော့ပြီ။ ။အမှတ်မထင် အကြင်သို့သော လူနတ်ပြဟ္မာ သတ္တဝါ ဟူက၊ မည်သူတယောက်မျှ၊ လာရောက်၍ မဖျက်ဆီးနိုင်တော့ချေ။ ။မလှုပ်ရှားနိုင်တော့ချေ။ ။အကယ်၍၊ ရှေ့တွင် မျက်မှောက်၊ လာရောက်၍ ဖျက်ဆီးစေကာမူ၊ မပျက်စီးနိုင်တော့ပြီ၊ မတုန်လှုပ်နိုင်တော့ပြီ-ဟု (ပစ္စဝေက္ခဏာ) ဉာဏ်အမြင်ဖြင့် ဆင်ခြင်၍ သိမြင်ခြင်းသည်၊ ဖြစ်ပြီးပြီ-ဟူ၍၊ ဟောတော်မူ၏။ ထို့ကြောင့်—

[※အကုပ္ပါ····တ္တိတိ= အရဟတ္တ ဖလဝိမုတ္တိ။ သာ ဟိ, နကုပ္ပတိ၊ နစလတိ၊ နပရိဟာယတီတိ "အကုပ္ပါ"။ သဗ္ဗကိလေသေဟိ၊ စိတ္တဿ ဝိမုတ္တတ္တာ "စေတော ဝိမုတ္တိ"တိ ဝုစ္စတိ=] ဟူ၍(ပဋိ-သံ-အဋ္ဌကထာ၊ပ-သစ္စကထာ တဗ္ဗ-၁၃၂)၌ဖွင့်ပြ၏။

တနည်းကား။

[※အကုပ္ပါတိ= ကောပေတုံ, စာလေတုံ, အသက္ကုနေယျာ။ ။ဝိမုတ္တိတိ= အရဟတ္တဖလ ဝိမုတ္တိ။ တောယ ဝေ, ဖလပစ္စဝေက္ခဏာယ, မဂ္ဂ-နိဗ္ဗာန ပစ္စဝေက္ခဏာပိ ဝုတ္တာဝ ဟောန္တိ=] ဟူ၍ (ပဋိ-သံ-ဒု-သစ္စကထာ-၂၂၁)၌ ဖွင့်ပြ၏။

မှတ်ချက်…မာဂ်ရှနတ်မင်း၏သမီးတို့သည်ငှင်း။ ။မာဂဏ္ဍီ ပုဏ္ဏားကြီး၏သမီးသည်ငှင်း၊ လာရောက်၍ ဖျက်ဆီးရာ၌ မပျက်စီးနိုင်ပုံသည်၊ ယုံကြည် လေးစားအပ်သော ဝတ္ထုသက်သေတို့ပင် ဖြစ်၏။

ဤတွင်–

(၂) အကုပ္ပါ မေ စေတော ဝိမုတ္တိ=ဟူသော စကားဝါကျ၏အရ၊ အကျဉ်းချုပ် အဓိပ္ပါယ်ပြခဏ်းပြီး၏။

---

ထိုနောက်–၃။ အယ-မန္တိမာဇာတိ။
၄။ နတ္ထိဒါနိ ပုနဗ္ဘဝေါတိ။

ဤ မဝေါ့ ဘဂဝါ=ဟူသော စကားဝါကျ၏ အဓိပ္ပါယ်သည့်ကား၊ ဤသို့ပင်တည်း။

မြန်မာဘာသာပြန် အဓိပ္ပါယ်

(၃+၄) အို–ပဉ္စ-ဝဂ္ဂီ ရဟန်းတို့။

သင်တို့၏ဆရာ၊ ဗုဒ္ဓ-မည်တွင်၊ ငါဘုရားသျှင်အား၊ သစ္စာ လေးပါး၊ တရားအမှန်ကို၊ (ပဋိဝေဓ) ဉာဏ်ဖြင့်၊ မသိမြင်ခြင်းကြောင့်၊ ဘဝရှည်ကြာ၊ သံသရာ မြစ်ရေကြောသို့၊ အိုမှု၊ နာမှု၊ သေကြေပျက်စီးမှု၊ တခုမကျန်၊ ဘေးဒုက္ခ-အတန်တန်တို့ဖြင့်၊အဖန်ဖန် အတင်းကြမ်း၍၊ ညှဉ်းပန်းနှိပ်စက်ခြင်းဟူသော နစ်မျောခြင်းတို့ဖြင့် နစ်မျော၍ လာခဲ့ရာ၊ (*ပုဗ္ဗကောဋိ,န-ပညာယတိ။)။ ဒေသနာသံ အရှိဖြင့်၊ မသိအပ်, မမြင်အပ်,သော(အစ-ရှိ၏။)ဟူသော သဘောသို့ပင်၊ သက်ရောက်ခဲ့ချေ၏။

ဤသို့ စဉ်ဖြင့်၊ ကာလ ရင့်ညောင်း၊ အချိန် နှောင်းလျက်၊ ပြောင်းရွှေ့+ပြောင်းရွှေ့၍ လာခဲ့ရာ၊ ဒီပင်္ကရာ မြတ်စွာဘုရား၏၊ ထံပါးတော်အောက်သို့၊ ရောက်လာသောအခါ တိုင်မှသာသျှင်[*သုမေဓာမည်တွင်၊ ရသေ့သျှင်။ ။သင် တမူ ကား၊ လူတွင် ထင်ရှား၊ ဗုဒ္ဓဘုရားသျှင် စကန့်၊ ဖြစ်မည့်သူမှန်၏။] ဟူသော အောင်လံတော် ဘိသိက်၊ ရွှေဗျာဒိတ်ကို၊ ဦးထိပ်၌ ခတ်နှိပ်ဆင်မြန်း၊ ပန်ဆင်ယင်ရလေသတည်း။

ဤအချိန်မှစ၍ တဖန်လေးအသင်္ချေနှင့် ကမ္ဘာတသိန်းတို့ ကာလပတ်လုံး၊သံသရာ ဘုံဘဝ ဟူသော မြေအပြင်ဝယ်၊တဏှာယောက်ျား၊ လက်သမားတတ်၊ ဆောက်လုပ်တည်ထောင်အပ်သော ခန္ဓာငါးပါးဟူသော အိမ်ထက်၌၊ မြိန်ရှက် ကြည်သာသော စိတ်နှလုံးဖြင့် [*ပျင်းချည်တလှဲ၊ *မဲ့ချည်တခါ၊] ကျင်လည်၍ လာခဲ့ပြန်ရာ၊....နောက်ဆုံးဖြစ်သော တုသိတာဘုံ၌၊ ခိုလှုံ၍ နေရစဉ်အချိန်၌၊ ဤသို့သော (အဘိယာစန ကထာ၊)ဂါထာသံ စကားကို ကြားရပြန်လေ၏။

(က) "ကာလော ဒေဝ မဟာဝီရ၊ ဥပပဇ္ဇ မာတုကုစ္ဆိယံ။
သ-ဒေဝကံ တာရယန္တော၊ ဗုဇ္ဈဿု အမတံ ပဒံ"။
(ဗုဒ္ဓဝံသ)

(က) မဟာဝီရ၊ 'သမ္မပဓာန၊ဝီရိယဓာတ်ဖြင့်၊ ကြီးမြတ် ကဲးလွန်၊ သန္တာ ချွန်၍၊ အမွန် အမြင့် မြတ်ဆုံးသော လုံ့လရှိသော။ ဒေဝ၊နတ်များအပေါင်း၊ ရှုမငြောင်းသည့်၊အလောင်းတော်နတ်သား။ (အယံ) ကာလော၊ ပါရမီ ဟုန်၊ သမ္ဘာရဂုဏ်တို့၊ပြည့်စုံတောက်ထိန်၊ဤအချိန်-ဤအခါသည်ကား။ တေ၊ အလောင်းမြတ်၊ဗောဓိသတ်ဖြစ်သော အသျှင်နတ်မင်း၏။ကာလော၊ဗုဒ္ဓ ဘုရား၊ ထင်ရှားဖြစ်ရန်၊ သင့်လျော်ကန်သော အချိန် အခါ ပါတည်း။

မာတု ကုစ္ဆိယံ၊ သိရိမဟာ၊ မာယာဒေဝီ၊ ရွှေညီမျက်ဖျော်၊ မယ်တော်သိုက်နန်း၊ ကြာတိုက် ခန်း၌။ ဥပ-ပဇ္ဇ၊ ဘဝ-တဖန်၊ ဖြစ်ဘို့ရန်-ဟု၊ သန္ဓေ-နှုတ်ငုံ၊ လူတို့ပုံဖြင့်၊ ခိုလှုံကပ်ရောက်တော်မူလျက်။ သ-ဒေဝကံ၊နတ်,ဗြဟ္မာ,နှင့်တကွဖြစ်သော သတ္တလောကကြီးကို။တာရယန္တော၊ သံသရာဝဲ၊ ဩဃထဲးမှ၊ ဆွဲးယူကယ်တင်တော်မူလျက်။ အမတံ၊ ခန္ဓာပြတ်ကြွေ၊ သေလွန်ခြင်းမှ ကင်းရာဖြစ်သော။ ပဒံ၊ အသခ်တဓာတ်၊ နိဗ္ဗာန် ဟူသော တရားမြတ်ကို။ဗုဇ္ဈဿု၊သဗ္ဗညုတ၊ဉာဏ်အရဖြင့်၊ အမှန်ကျအောင်၊ကြံဆ-သိမြင်တော်-မူပါလော့။ ။ဣတိ၊ ဤသို့အားဖြင့်။ ယာစန္တိ၊ ရှိသေညွတ်ပျောင်း၊ ခ-ဝပ်-ပြောင်းလျက်၊ တောင်းပန်ကြလေကုန်၏။

(၁)※ဤသို့လျှင်၊ နတ်အပေါင်းတို့၏ တောင်းပန်ခြင်းကို၊ အကြောင်းရင်းပြု၍၊ ကြည့်ခြင်းကြီးငါးပါးတို့ဖြင့် ကြည့်ရှုပြီးလျှင်၊ ထိုခဏ၌ပင်၊ နတ်တို့စံရာ၊ တုသိတာ ဘုံအဖွင်းမှ၊ စုန်ဆင်းခဲ့၍၊ ဘိုးတော်အဥ္စနမင်းကြီးထားခဲ့သော ဖြိုကြွင်း, မဟာသက္ကရာဇ် (၆၇) ခုနှစ်၊ ဝါဆိုလပြည့်၊ ကြာသပတေးနေ့၊ညဉ့် မိုယ်းသောက်အားကြီး အချိန်တွင်၊ မယ်တော်ဖြစ်သော သိရိမဟာ မာယာ၏ဝမ်းတိုက်၌ ကိန်းပိုက်စံနေ၏။

(၂)∴ထိုနောက် သက္ကရာဇ် ၆၈-ခုနှစ်၊ ကဆုန်လပြည့်၊ သောကြာနေ့တွင်၊ မိးရှူးသန့်စင် ဖွားမြင်ခဲ့၏။

(၃)※ထိုနောက် သက္ကရာဇ် ၈၄-ခုနှစ်၊ သက်တော် ၁၆-နှစ် အရွယ်တွင်၊အဘိသိက်သွန်း၍၊နန်းတက်မင်္ဂလာ ပြုခဲ့၏။ ။ (၁၃-နှစ်တိုင်၊နန်းစံ၍နေ၏။ ။သက်တော်၂၉-နှစ်ရှိခဲ့ပြီ။)

(၄)∴ထိုနောက် သက္ကရာဇ်-၉၇-ခုနှစ်၊ သက်တော်-၂၉-နှစ်၊ ဝါဆိုလပြည့်၊ တနင်းလာနေ့၊ သန်းခေါင်ယံ အချိန်တွင် (မဟာဘိနိက္ခမန) မြတ်သော တောထွက်ခြင်းဖြင့် တောထွက်ခဲ့၏။

(၅)∴ဤသို့အားဖြင့်၊ ဆိတ်ငြိမ်ရာဝယ်၊ (နိဗ္ဗိန္ဒာ) သဘောသက်လျက်၊ တောထွက်ပါ အသွင်ဆန်းဖြင့်၊(ဣသိ—ပဗ္ဗဇ္ဇာ) ရဟန်းပြု၍လာခဲ့ရာ၊ (ဥရုဝေဠ) တောအုပ်သို့ ရောက်၍၊ ထိုတောအုပ်၌၊ ၆-နှစ်တို့တိုင်တိုင်(ဒုက္ကရ-စရိယ)အကျင့်ကို ဖြည့်ကျင့်လျက်နေခဲ့၏။ ။(သက်တော်၃၅-နှစ်ရှိခဲ့ပြီ။)

(၆)∴ဤသို့စဉ်ဖြင့်၊ ဖြည့်ကျင့်၍နေခဲ့ရာ၊ (၁၀၃) ခုနှစ်၊ ကဆုန်လဆန်း ၁၄-ရက်၊ အင်္ဂါနေ့ညဉ့်၊ မိုယ်းသောက်ထအချိန်တွင်၊ ဗုဒ္ဓ-မည်တွင်၊ ဘုရားသျှင်အစစ်၊ဖြစ်ခြင်း၏ ပုဗ္ဗနိမိတ်ဖြစ်သော အိပ်မက်ကြီးငါးပါးကိုမြင်မက်ပြန်၏။

(၇)∴ထိုနောက် မဟာသက္ကရာဇ် (၁၀၃) ခုနှစ်၊ ကဆုန်လပြည့်-ဗုဒ္ဓဟူးနေ့ညဉ့်၊ ပစ္ဆိမယာမ်၏ အဆုံး၊ အရုဏ်တက်လုသဲးသဲးသောအချိန်၌၊ သဗ္ဗညုတ၊ ဗုဒ္ဓ-မည်တွင်၊ဘုရားသျှင်၏အဖြစ်သို့၊ စင်စစ်ရောက်ခဲ့၏။

(ဂ)※ထိုသို့ဗုဒ္ဓ-မည်တွင်၊ဘုရားသျှင်၏အဖြစ်သို့ ရောက်တော်မူပြီးလျှင်၊ ခပ်သိမ်းသော ဗုဒ္ဓမြတ်စွာဘုရားသျှင်တို့သည် မစွန့်အပ်သော-

(၁) **အနေက ဇာတိ သံသာရံ…**
(၂) **ဂဟကာရက ဒိဋ္ဌောသိ….**

ဟူသော ဥဒါန်းဂါထာတို့ကို၊ စိတ်ဖြင့်ကျူးရင့်ခဲ့၏။

(ဃ)※ထိုနောက် လပြည့်ကျော်တရက်နေ့ နံနက်ခင်းအချိန်၊ နေ့ပယ်ခင်းအချိန်တို့၌၊ ပလ္လင်ထက်၌၊ ထက်ဝယ်ဖွဲ့ခွေထိုင်နေခြင်း- ဣရိယာပုထ်ဖြင့် ကုန်လွန်စေ၍၊ ညဥ့်အချိန်(၁)ပဌမယာမ်၌ ပဋိစ္စသမုပ္ပါဒ်တရားကို၊အနုလုံ၊ ပဋိလုံအားဖြင့်၊ အစုန်အဆန်ပြု၍၊ ဆင်ခြင်ခဲ့၏။ ။ (၂)မဇ္ဈိမယာမ်(၃)ပစ္ဆိမယာမ်တို့၌လည်း၊ ဤသို့နှင်နှင်- ဆင်ခြင်ခဲ့၏။

ဤသို့လျှင်၊ ကဆုန်လပြည့်ကျော် တရက်နေ့မှစ၍၊ ခုနစ်ရက်တို့-တိုင်တိုင်၊ ပဋိစ္စ သမုပ္ပါဒ် တရားကို နှလုံးသွင်းလျက်၊ ပလ္လင်ထက်ဝယ်၊ ထက်ဝယ်ဖွဲ့ခွေ၊ ထိုင်နေတော်မူခဲ့၏။ (**ပလ္လင်္ကသတ္တာဟ**)ဟူ၏။

ဤနည်းနှင်နှင် (၂) **အနိမိသ**၊ (၃) **စင်္ကမ** (၄) **ရတနာဃရ** (၅) **အဇပါလ**၊ (၆) **မုစလိန္ဒ** (၇) **ရာဇာယတန**တို့၌၊(၇)ရက်စီ၊အညီအမျှနေ၍ (၄၉) ရက်၊ (လ) (ရက်)အားဖြင့်၊ဝါဆိုလဆန်း (၄) ရက်နေ့သို့ရောက်ခဲ့၏။

ဤသတ္တမမြောက်ဖြစ်သော (၇) **ရာဇာယတန**သတ္တာဟမှ အထွက်နေ့၌၊ (၁) **တပုဿ**နှင့် (၂) **ဘလ္လိက**ခေါ်၊ ကုန်သည်ညီနောင်တို့၊ ကပ်လှူသော မုံ့ဆွမ်းအလှူကို အလှူခံ၍ဘုန်းပေးခဲ့၏။ ထိုကုန်သည်ညီနောင်တို့သည် (၁) ငါဘုရားသျှင်၌ရင်း၊ (၂) တရားတော်၌ရင်း၊ ယုံကြည်မှုဖြင့်၊(**ဒွေဝါစိက**) သရဏဂုံတည်သော ဥပါသကာအဖြစ်သို့ ရောက်ကြကုန်၏။

တေ မယံ ဘန္တေ ဘဂဝန္တံ သရဏံ ဂစ္ဆာမ,
ဓမ္မဉ္စ။ ။ဥပါသကေ, နော ဘဂဝါ ဓာရေတု။ အဇ္ဇတဂ္ဂေ,
ပါဏုပေတေ, သရဏဂတေတိ။ တေစ, လောကေ ပဌမံ
ဥပါသကာ အဟေသုံ၊ ဒွေဝါစိကာ=ဟူ၏။
(ဝိနည်းမဟာဝါပါဠိတော်)

"တပုဿ"နှင့် "ဘလ္လိက" ကုန်သည်တို့၏ ရှေးဖြစ်စဉ်ဝတ္ထုကို၊ အပဒါန်ပါဠိတော်မှ၊ ထုတ်ယူပြအပ်သော (ဓမ္မစကြာဝတ္ထုတော်ကြီး) ၌ကြည့်ရှုလေ။

ထိုနောက်တဖန်၊ နေရာတော်ရွှေ့ပြောင်းပြန်ရာ၊ ရှေးကနေခဲ့ဘူးသော(အဇပါလ)ညောင်ပင်ရင်းသို့ပင် ကြွရောက်ချဉ်းကပ်ပြီးလျှင်တပါးထည်းထည်း၊သီတင်းသုံးနေစဉ် ဤသို့ဆင်ခြင်မိ၏။

ငါဘုရားသျှင်သည်၊ သိမြင်အပ်ပြီးဖြစ်သော (၁) ပဋိစ္စသမုပ္ပါဒ် တရားသည်ငှင်း၊ (၂) နိဗ္ဗာန်တရားသည်ငှင်း၊ နက်နဲ၏။ ။သိမ်မွေ့၏။ ။သိမြင်နိုင်ခဲ၏။ (၃) သတ္တဝါတို့၏ စိဘ်သည်ကား၊ အာရုံငါးပါး၌၊ လိုက်စားပျော်မွေ့၊ ယစ်မူးမေ့လျော့လျက်ပင်ရှိ၏။

ဤသို့ဖြစ်၍၊ ဤသတ္တဝါအပေါင်းအား၊ တရားဟောခြင်း၌၊ စိတ်တော်မညွတ်ခဲ့ချေ။ ။(မရောက်ခဲ့ချေ)။ ။ကြောင့်ကြမဲ့နေခြင်း၌သာ၊ စိတ်တော်ညွတ်ခဲ့ချေ၏။ ။(ရောက်ခဲ့ချေ၏။)

ထိုအခါ ဤအကြောင်းအရာကိုသိသော (သဟမ္ပတိ) ဗြဟ္မာမင်းသည်၊ လျင်စွာလာရောက်၍၊ တရားဟောရန် တောင်းပန်ခဲ့၏။ သုံးကြိမ်တိုင်တိုင် လျှောက်ကြားတောင်းပန်ခဲ့၏။ ထိုအခါသို့ တိုင်ရောက်မှသာ တရားဟောရန် စိတ်တော်ညွတ်ခဲ့၏။ (ရောက်ခဲ့၏။) ထိုအခါ အာဠာရ, ရသေ့နှင့် ဥဒက, ရသေ့ နှစ်ဦးကို တရားဟောရန်အကြံဖြစ်ရာ၊ ထိုခဏ၌ပင်၊ နတ်သားတဦးသည်၊ ထိုရသေ့နှစ်ဦးတို့ ကွယ်လွန်ကြပြီးဖြစ်ကြောင်း လျှောက်ကြားလေ၏၊ (မြတ်စွာဘုရားသျှင်အားလည်း၊ အသိဉာဏ်ဖြစ်၏)။ ။ထို့ကြောင့် စိတ်အကြံအတိုင်း၊ တရားဟောရန် အောင်မြင်ခြင်း မရှိဖြစ်၏။

ထိုနောက်တဖန်၊ တရားဟောခဲ့မူ၊ တရား၏အရသာကို၊လျင်မြန်စွာ သိစွမ်းနိုင်မည့် ပုဂ္ဂိုလ်တို့ကို၊ ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် ကြည့်ရှုဆင်ခြင်ပြန်ရာ၊ (ဉရုဝေဠ)တောအုပ်၌ ကမ္မဋ္ဌာန်းအလုပ်၊အားထုတ်၍၊ အတူတကွနေကြစဉ်၊ဝတ်ကြီး,ဝတ်ငယ်တို့ကိုပြုခြင်းဖြင့် ကျေးဇူးအထူး ပြုပေဘူးသောပဉ္စဝဂ္ဂီရဟန်းတို့ကို၊ ဗာရာဏသီပြည်ကြီးအနီး ဣသိပတန မည်သော မိဂဒါဝုန် တော၌ရှိနေပုံကို သိမြင်လေ၏။

ထိုနောက်(ဥရုဝေဠ)တောအုပ်၌၊အတန်ငယ်နေပြီးလျှင်၊ဗာရာဏသီပြည်သို့ ကြွလာခဲ့၏။ ။လမ်းခရီးအကြား၌ (ဥပကတက္ကတွန်း) နှင့် တွေ့ကြုံ၍၊ အနည်းငယ်မျှသောစကားဖြင့်၊ မေးမြန်းဖြေဆိုပြီးလျှင်၊ ဗာရာဏသီပြည်သို့ပင် ခရီးဆက်၍ ကြွချီခဲ့၏။

ထိုနောက်တဖန်၊ ဗာရာဏသီပြည်ကြီး၏အနီး၊ မိဂဒါဝုန်တောသို့ကြွလာခဲ့ရာ၊ အသင် (ပဉ္စဝဂ္ဂီ) ရဟန်းတို့နှင့် ဤနေရာ၌၊ တွေ့ဆုံကြပြီးလျှင်၊ အချင်းချင်း ပြောဆိုကြရာမှစ၍၊ ယုံကြည်မှု ဖြစ်စေပြီးလျှင်၊ နောက်ဆုံးအချိန်ဖြစ်သော (၁၀၃) ခုနှစ်၊ ဝါဆိုလပြည့် စနေနေ့၊ညဥ့်ဟုဆိုအပ်သော **"နေဝန်း-အရောင်-ပျောက်ကွယ်စ" "လဝန်း-အရောင်-တောက်ပေါ် ထွက်ပြူ လာစ"** ဖြစ်သော ဤအချိန်၌—

၃။ **ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ**=အစဖြာသော

၄။ ဤ"**ဓမ္မစကြာ**"ခေါ်၊သစ္စာလေးပါးပြ၊ တရားကို ဟောကြား၏။

အို—ပဥ္စ ဝဂ္ဂိ ရဟန်းတို့။

သင်တို့၏ဆရာ၊ ဗုဒ္ဓ-မည်တွင်၊ ငါဘုရားရှင်သည်၊ ဤပြဆိုအပ်ခဲ့ပြီးဖြစ်သော သံသရာခရီးလမ်း၌၊ ခန္ဓာငါးပါးတည်းဟူသော၀န်ကို ထမ်းလျက်၊ ကြိုးကြိုးပမ်းပမ်း၊ ကြွလှမ်း၍ လာခဲ့ရာ၊နောက်ဆုံး ဖြစ်သော ဤ (၁၀၃) ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့ ညဥ့်၊ ပစ္ဆိမ ယာမ်၏အဆုံး၊ အရုဏ်တက်လု ဆဲဆဲသော အချိန်၌၊ လူတွင်ထင်ရှား၊ဗုဒ္ဓ-မြတ်စွာဘုရားသျှင်အစစ် ဖြစ်တော်မူ၍—

(၁) **အနေကဇာတိ-သံသာရံ…လ…တဏှာနံ ခယ မဇ္ဈဂါ**=

ဟူသော ဥဒါန်း ဂါထာတို့ကို (**မနသာ ဝဏ္ဏာဝိတ**) စိတ်တော်ဖြင့်မှတ်၍၊ ကျူးရင့်တော်မူခဲ့ပြီးဖြစ်၏။ ။ဤဂါထာ ၂-ခု၏အကျဉ်းချုပ် အဓိပ္ပါယ်သည်ကား၊ သစ္စာလေးပါး တရားအစဉ်ကို၊ သိမြင်၍ ဗုဒ္ဓမည်တွင်၊ဘုရားသျှင်အစစ်ဖြစ်ပြီ-ဟူ၍၊ပြဆို၏။ ။ထိုဂါထာတို့၏ အဓိပ္ပါယ်ကို အခွင့်ကြုံသဖြင့်၊ အသေးစိတ်ဝေဘန်၍၊ မြန်မာဘာသာပြန်ဆိုပြအံ့။

(ပဌမဂါထာ၏အဓိပ္ပါယ်)

(၁) အိုခြင်း၊ နာခြင်း၊ သေခြင်းဘေးတို့နှင့် ရောနှောသည်၏အဖြစ်ကြောင့်၊ ရုပ် နာမ် အသစ်၊ ဖြစ်ရခြင်းဟူသော ဇာတိသည်၊

အဘန်တလဲးလဲး ကပ်ခြင်း၄ါ၊ အကြင့်ကြောင့် ဆင်းရဲး၏။ ။ထိုအကြောင်းကြောင့်ဂုဏ်း။ ။တဏှာ ယောက်ျား၊ ပဲးခွပ်သမားကို၊ ဉာဏ်ဖြင့် မမြင်အပ်သည်ရှိသော်၊ ထို (ဇာတိ) တရားသည်၊ မနစ်ခဲ့ချေ။ ။ (အဖြစ် မရပ်စဲးခဲ့ချေ-ဟူလို)။ ။ထိုအကြောင်းကြောင့်ဂုဏ်း။ ။ဤနှစ်ပါးသော အကြောင်းကြောင့်၊ဘဝရှည်ကြာ၊ သံသရာ၌၊ခန္ဓာ အိမ်ကို အကြိမ်ကြိမ် ပြုပြင်စီမံ၊ ဆောက်လုပ်တတ်သော တဏှာယောက်ျား၊ ပဲးခွပ်သမားကို၊ ဉာဏ်ဖြင့်မွှေ၍၊ ရှာဖွေခဲ့သော ငါသည်၊ အကြင် သဗ္ဗညုတ ဉာဏ်ဖြင့်၊ ထိုတဏှာ ယောက်ျား၊ပဲးခွပ် သမားကို၊သိမြင်ခြင်း၄ါ တတ်ကောင်း၏။ ။ထို သဗ္ဗညုတ ဉာဏ်ဟူသော အကျိုး၄ါ၊ ဒီပင်္ကရာ၊ မြတ်စွာ-သေဋ္ဌနင်း၊ ခြေတော်ရင်း၌၊ ဝပ်စင်းဦးညွတ်၊ ပါရမီ ဝတ်ဖြင့်၊ မချွတ် မလွဲး၊စွဲးမြဲး ထက်သန်စွာ ပြုအပ်ပြီးသော ဆုတောင်းခြင်းရှိသည် ဖြစ်၍၊ ဤသို့ တွက်ရေ၊ သင်္ချေ-လေး မြွာ၊ သိန်းကပ္ပါ–ပမာဏရှိသော ကာလတို့ ပတ်လုံး၊ တပါး မက၊ များသော ဘဝရှိသော သံသရာ၌၊ ထိုသဗ္ဗညုတ ဉာဏ်ကို၊မရသေးသည် ဖြစ်၍၊ကျင်လည်ခဲ့ရဂလပြီ=ဟူ၍၊ ပြဆို၏။

(ဤစကားအရဖြင့်၊ အကျိုးဖြစ်သော ဒုက္ခသစ္စာကို၊ သိမြင်ပြီး နောက်၊ အကြောင်းသမုဒယသစ္စာကို ရှာဖွေပုံကိုပြဆို၏။)

(ဒုတိယဂါထာ၏အဓိပ္ပါယ်)

(က) ဂဟကာရက, ဒိဋ္ဌောသိ…ဟူသော ပါဠိဖြင့်၊ အို–တဏှာ– ယောက်ျား၊ ပဲးခွပ်သမား။ ။ယခုတမူကား၊ ထိုသဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်းတိတိ၊ သိမြင်ပြီးဖြစ်သော ငါဘုရားသျှင်သည်၊ အသင် တဏှာယောက်ျား၊ ပဲးခွပ်သမားကို၊ ဉာဏ်ဖြင့် သိမြင်အပ်သည် ဖြစ်ပြီ-ဟူ၍၊ ပြဆို၏။

(ခ) ပုန ဂေဟံ-နကာဟသိ…ဟူသော ပါဠိဖြင့်၊ အို-တဏှာ ယောက်ျား၊ ပဲးခွပ်သမား။ ။အသင်သည်၊ ဗုဒ္ဓ-မည်တွင်၊ ငါဘုရားသျှင်၏ အတ္တဘော-တည်းဟူသော ခန္ဓာအိမ်ကို၊ နောက်ထပ် တကြိမ်-မပြုရလတ္တံ့။ မဆောက်လုပ်ရလတ္တံ့ ဟူ၍၊ ပြဆို၏။

(၍(က-ဒ) စကားနှစ်ရပ်ဖြင့်၊ သမုဒယသစ္စာကို၊ သိမြင်ပုံ၊ သမုဒယသစ္စာ၏၊ အစွမ်းသတ္တိ ပယ်ပုံကို၊ ပြဆို၏။)

(ဂ) **သဗ္ဗာတေ ဖာသုကာဘဂ္ဂါ**…ဟူသော ပါဠိဖြင့်၊ အို-တဏှာ ယောက်ျား၊ ပဲခွပ်သမား။ ။ဗုဒ္ဓ-မည်တွင်၊ ငါဘုရား သျှင်၏ အတ္တဘော- တည်းဟူသော အိမ်၌၊ (အသင်၏) အလုံးစုံကုန်သော ကိလေသာဆယ်ပါး ဟူသော အမိုး အခြင်တို့ကို၊ အရဟတ္တမဂ်ဉာဏ်တော်တည်းဟူသောတန်ခိုးဖြင့်၊ ချိုးနှိပ် ဖျက်ဆီးအပ်ပြီ=ဟူ၍ ပြဆို၏။

(ဃ) **ဂဟကူဋံ ဝိသင်္ခတံ**…ဟူသော ပါဠိဖြင့်-အို-တဏှာ ယောက်ျား၊ ပဲခွပ်သမား။ ။ဗုဒ္ဓ-မည်တွင်၊ ငါဘုရား သျှင်၏ အတ္တဘော-တည်းဟူသောခန္ဓာအိမ်၌ (အသင်၏) မသိခြင်း, အဝိဇ္ဇာတရား တည်းဟူသော အထွတ်ကို၊ အရဟတ္တမဂ်ဉာဏ်နှင့်၊ ဖျက် ဆီးအပ်ပြီ=ဟူ၍ ပြဆို၏။

(၍ (ဂ-ဃ) စကား နှစ်ရပ်ဖြင့်၊ သမုဒယ သစ္စာကို၊ ပယ်ပြီးပုံ ပြဆို၏။)

(င) **ဝိသင်္ခါရဂတံ စိတ္တံ**…ဟူသောပါဠိဖြင့်၊ အို-တဏှာ ယောက်ျား၊ ပဲခွပ်သမား။ ။ဗုဒ္ဓ-မည်တွင်၊ ငါဘုရား သျှင်၏စိတ်တော်သည်၊ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ, တရားတို့၏ ဖြစ်ရာ၊ သင်္ခါရ-နယ်အတွင်းမှ၊ ကင်းလွတ်ရာဖြစ်သော နိဗ္ဗာန်သို့၊ အာရုံပြုသော အားဖြင့် ရောက်ပြီ=ဟူ၍ ပြဆို၏။

(၍(င) စကားဖြင့်၊ နိရောဓသစ္စာကို၊မျက်မှောက် ပြုပြီးပုံပြဆို၏။)

(စ) **တဏှာန ခယမဇ္ဈဂါ**…ဟူသောပါဠိဖြင့်၊အို-တဏှာယောက်ျား၊ ပဲခွပ်သမား။ ။ဗုဒ္ဓ-မည်တွင်၊ ငါဘုရား သျှင်သည်၊ ဇာတိ-အသစ်ကို၊ ဖြစ်စေတတ်သော တဏှာ ၏ကုန်ရာ၊ ကုန်ကြောင်းဖြစ်သော အရဟတ္တမဂ်ဉာဏ်, အရဟတ္တဖိုလ်ဉာဏ်တို့ကို ရရှိပြီ=ဟူ၍ ပြဆို၏။

(၍(စ)စကားဖြင့်၊ မဂ္ဂသစ္စာကို၊ ပွါး၍ပြီးပုံပြဆို၏။)

ဤသို့ ပြဆိုအပ်ပြီးဖြစ်သော ပဉ္စမ ဗုဒ္ဓဝစန၊ စကားတော်အတိုင်း၊ ဤယခုအခါ၊ ဤနေရာ၌ (အသင်) ပဋ္ဌဝဂ္ဂီ ရဟန်းတို့၊ မျက်ဝါးထင်ထင်၊ မှုးမြင်တွေ့ရှိရသော ဤခန္ဓာအိမ်သည်ပင်၊ ဗုဒ္ဓ-မည်တွင်၊ငါဘုရားသျှင်အား၊ နောက်ဆုံးအကြိမ်ဖြစ်သော (ခန္ဓာ) အိမ်ပင် တည်း-ဟူ၍ ၎င်း။ ။နောက်ထပ်တကြိမ်၊ (ခန္ဓာ) ငါးပါးဟူသော အိမ်ကို၊ ပြုပြင်စီမံ၊ ဆောက်လုပ်တတ်သော သမုဒယသစ္စာ၊ တဏှာတရားသည် မရှိပြီ-ဟူ၍၎င်း။ (ပစ္စဝေက္ခဏာ) ခေါ်သော ဉာဏ်အမြင်ဖြင့်၊ ဆင်ခြင်တတ်သော အသိဉာဏ်သည်၊ ဖြစ်ပြီ-ဟူ၍၊အကျဉ်းချုပ်အားဖြင့်ပြလို၍-

(၃) **အယ-မန္တိမာဇာတိ၊**

(၄) **နတ္ထိ ဒါနိ ပုနဗ္ဘဝေါ**=ဟူ၍ ဟောတော်မူ၏။

**ဆိုဥုးအံ့**…လိုစကားနှစ်ရပ်တို့တွင်—

(၃) **အယမန္တိမာဇာတိ**....ဟူသော ပါဠိတော်ကို၊ (အယံ၊ ပစ္ဆိမာ ခန္ဓ-ပဝတ္တိ)ဟူ၍အဋ္ဌကထာ၌ဖွင့်ပြသဖြင့်၊ ရုပ်-နာမ်- အသစ်၊ ဖြစ်ရခြင်းဟူသော ဒုက္ခသစ္စာအဖြစ် ငြိမ်းခဲ့ပြီ=ဟူသော အဓိပ္ပါယ်ကိုပြဆို၏။

(၄) **နတ္ထိ ဒါနိ ပုနဗ္ဘဝေါ**…ဟူသော ပါဠိတော်ကို၊ (ဣဒါနိ ပုန ဥပ္ပတ္တိနတ္ထိ။ ဧတေန ပဟီန ကိလေသ ပစ္စဝေက္ခဏာ ဝုတ္တာ) ဟူ၍ အဋ္ဌကထာ၌ ဖွင့်ပြသဖြင့်၊ ခန္ဓာငါးပါးဟူသော အိမ်ကို၊ အကြိမ်ကြိမ်၊ ပြုပြင်စီမံတတ်သော တဏှာ ယောက်ျား၊ လက်သမားဟူသော သမုဒယသစ္စာကို အကြွင်းမဲ့ပယ်ပြီးပြီ=ဟူသော အဓိပ္ပါယ်ကို ပြဆို၏။ ။ဤသို့ဖြစ်၍၊ ပုန-ဗ္ဘဝေါ- ဟူသောပုဒ်ကို၊ ပုန-ဗ္ဘဝေါ၊တဖန် ဖြစ်ကြောင်းဖြစ်သော သမုဒယ သစ္စာ တဏှာ တရားသည်။ နတ္ထိ၊ မရှိပြီ။ ။ဟူ၍အနက်ပေးသင့်၏။

ဤတွင်-

(၃) အယ မန္တိမာ ဇာတိ၊ (၄) နတ္ထိ ဒါနိ ပုနဗ္ဘဝေါတိ၊ ဣဒမဝေါစ ဘဂဝါ-ဟူသော စကားဝါကျ၏အရ၊ အကျဉ်းချုပ် အဓိပ္ပါယ်ပြခဏ်းပြီး၏။

## သစ္စာလေးပါး တရားအစဉ်ကို သိမြင်ပုံနည်းနှင့်တကွ ဗုဒ္ဓ မည်တွင် ဘုရားသျှင်အစစ်၊ ဖြစ်ပြီ = ဟူ၍တာဝန်ခံစကား မိန့်ဆိုပုံကြားနာ၍ နှစ်သက်ရွှင်လန်း ဝမ်းပမ်းတသာ ဖြစ်ပုံ ပြဆိုဟောကြားခဏ်း

(၂၉) အတ္တ–မနာ ပဉ္စ ဝဂ္ဂိယာ ဘိက္ခူ ဘဂဝတော
ဘာသိတံ အဘိနန္ဒုံသု = ဟူ၍

ထိုစကား၏ အဓိပ္ပါယ်သည်ကား၊ အဘယ်သို့ဆိုလိုပါသနည်း။

မြန်မာဘာသာပြန်အဓိပ္ပါယ်

(၂၉) ဤသို့လျှင်မြတ်စွာဘုရားသျှင်၊ ဟောကြားတော်မူအပ်သော တရားစကားကို ကြားနာရ၍''ပဉ္စဝဂ္ဂီ''ရဟန်းတို့သည်၊ နှစ်သက်ခြင်း, ''ပီတိ''၊ ဝမ်းသာခြင်း+ဝမ်းမြောက်ခြင်း ဟူသော ''သောမနဿ'' ဝေဒနာနှင့် ယှဉ်သော စိတ်ရှိကြကုန်သည်ဖြစ်၍ မြတ်စွာဘုရားသျှင်၏ ''ဓမ္မစကြာ''ခေါ် သစ္စာလေးပါးပြ တရားတော်ကို အလွန်နှစ်သက် ဝမ်းမြောက်ကြကုန်ပြီ။ ။ဦးထိပ်ဖြင့် ရှိသေစွာ ခံယူကြကုန်ပြီ-ဆိုရာ၌၊ (အတ္တ-မန-)ဆိုသည်ကား၊အတ္တ-မနာတိ=သက-မနာ။ ။သက-မနာ၊ မိမိ၏စိတ်ပင်တည်း။

**ထင်ရှားစေဥုးအံ့**…သတ္တဝါတို့၏ အလိုမှုကား၊ ဆင်းရဲခြင်းဟူသော ဒုက္ခ ဝေဒနာ+ဒေါမနဿဝေဒနာ+ဖြစ်ခြင်းကို စက်ဆုပ်ကြကုန်၏။ ။ငြီးငွေ့ကြကုန်၏။ ။မုန်းတီးကြကုန်၏။ ။ချမ်းသာခြင်းဟူသော သုခဝေဒနာ၊ +သောမနဿ ဝေဒနာ+ဖြစ်ခြင်းကို အလိုရှိကြကုန်၏။ ။ပျော်မွေ့ကြကုန်၏။ ။နှစ်သက်ကြကုန်၏။ ။ထို့ကြောင့် ဒုက္ခဝေဒနာ+ဒေါမနဿဝေဒနာ၊+နှစ်ပါးဖြစ်ခြင်းကိုပယ်၍ နှစ်သက်ခြင်း ''ပီတိ''+ ဝမ်းသာခြင်း ဝမ်းမြောက်ခြင်း သုခဝေဒနာ+ သောမနဿဝေဒနာနှင့် ယှဉ်သောစိတ်သည် မိမိ၏သန္တာန်၌ဖြစ်မူ၊ ထိုစိတ်သည် (သက-မန) မိမိ၏စိတ်မည်၏။

**တနည်းကား**…နှစ်သက်ခြင်း "ပီတိ" +ဝမ်းသာခြင်း ဝမ်းမြောက်ခြင်းဟူသော "သောမနဿ"ဝေဒနာတို့ဖြင့် ယှဉ်သောစိတ်၊ ပျံ့နှံ့သောစိတ်တို့သည် (အတ္တ-မနှ) မိမိ၏စိတ်မည်၏။

**အဘိနန္ဒုံသု**…အလွန် နှစ်သက် ဝမ်းမြောက်ကြကုန်ပြီ= ဆိုသည်ကား၊(အဘိမုခါ ဟုတ္တာ နန္ဒုံသု=)ဆိုသည်နှင့်အညီ၊ သစ္စာလေးပါး၊ တရားအစဉ်ကို၊ သိမြင်အောင် ဟောကြားတော်မူသော မြတ်စွာဘုရားသျှင်၏ သန္တာန်တော်မှ ဖြစ်ပေါ်လာသော"မဟာကရုဏာ" ညာဏ်တည်းဟူသော အနဝဒတ်-အိုင်ကြီးမှ၊ တဖြိုင်ဖြိုင်စီး၍၊ ကျဆင်းလာသော ဒေသနာဉာဏ်တည်းဟူသော(အဒေး)ခေတ်သည်၊ "ပဉ္စဝဂ္ဂီ"ရဟန်း ငါးဦးသားတို့၏ မျက်စိ+မျက်နှာနှင့်တကွ ဖြစ်သောအသိဉာဏ်ခေတ်သို့၊ ပြေးကပ်တည်လာသဖြင့် ကြည်သာရွှင်လန်း၊ နှစ်သက်ခြင်းဟူသော "ပီတိ"ဖြင့် လွှမ်း၍၊ ဝမ်းသာခြင်း,ဝမ်းမြောက်ခြင်းဟူသော "သောမနဿ"ဝေဒနာ ဇောအရှိန်တို့သည်၊ "ဟဒယဝတ္ထု"ရုပ်ဟူသော နှလုံးသားအိမ်မှ၊ အကြိမ်ကြိမ်စီးဆင်းကျစေသလျက် ရှိ၏-ဟု၊ ဆိုလို၏။

ထို့ကြောင့် အသျှင်"ကောဏ္ဍည"အမှူးရှိသော"ပဉ္စဝဂ္ဂီ"ရဟန်းငါးဦးတို့သည်၊ ဗုဒ္ဓမြတ်စွာဘုရားသျှင်၏ အထံမှ "ဓမ္မစကြာ"ခေါ် သစ္စာလေးပါးပြ၊တရားအစဉ်ကိုကြားနာရခြင်း၊မြတ်စွာဘုရားသျှင်၏ထိုသစ္စာလေးပါး တရားအစဉ်ကို၊ သိမြင်ပြီးဖြစ်၍ သဗ္ဗညုတ၊ ဗုဒ္ဓမြတ်စွာဘုရားသျှင်၏ အဖြစ်၊ တာဝန်ခံ၍ကား ဟောကြားပုံတို့ကို ကြားနာရခြင်းတို့ဖြင့်၊ တရားတော်၏အဆုံး၌ (အတ္တ-မန) နှစ်သက်ခြင်း (ပီတိ)ဝမ်းသာခြင်း+ဝမ်းမြောက်ခြင်း(သောမနဿ) ဝေဒနာနှင့်ယှဉ်သော မိမိစိတ်တို့သည် ဖြစ်ပေါ်လာကုန်၏ဟု- ဆိုလို၏။ ။အမြင်မှားခြင်း "ဒိဋ္ဌိ" တရား၊ ယုံမှားခြင်း"ဝိစိကိစ္ဆာ" တရားတို့သည်၊ တဒင်္ဂပဟာန သတ္တိဖြင့်၊ ကင်းသင့်သမျှ ကင်းကြပြီ။ ။အဝိဇ္ဇာ၊ အဝိစိတ္တ၊ အဝိပညာ, ခေါ်သောလောကီသိက္ခာ သုံးပါးနှင့် ပြည့်စုံမှုသည်လည်း၊ နိုင်မြဲသင့်သမျှနိုင်မြဲပြီ။

သံစ္စာလေးပါးဟူသော တရားအံစဉ်၌၊ သိမြင်မှု၊ ပယ်မှု၊ အာရုံပြုမှု၊ ပွါးများမှုဟူသော လေးပါးသော ကိစ္စတို့ကို အာရုံပြု၍ ပရိကမ္မဘာဝနာဇော၊ ဥပစာရ ဘာဝနာဇောဟူသော (အဇေးဓာတ်) ရေအဟုန်တို့သည်၊ တသုန်သုန်စီးဆင်းကျစောလျက်ရှိပြီ။ ။(မကြာမြင့်မီ) ယခု- တခဏခြင်းမျှ အတွင်း၌၊ ပုထုဇဉ် ပုဂ္ဂိုလ်၏ အဖြစ်ကို စွန့်၍ အရိယာမျိုးမှန် အဘိုးတန်သော "သောတာပန်" ပုဂ္ဂိုလ်အစစ် ဖြစ်ရမည် ဖြစ်၏ဟု-ဆိုလို၏။

[※အဘိနန္ဒုံ—န္တိ=အနုမောဒိံ သုစေဝ၊ သမ္ပဋိစ္ဆိံသုစ။ ။] ဖြဟ္မဇာလသုတ်—ဠ-၁၀၉။]

ဤတွင်—
(၂၉) အတ္တမနာ…အဘိနန္ဒိံသု—ဟူသောစကားဝါကျ၏ အရေ
အကျဉ်းချုပ် အဓိပ္ပါယ်ပြခဏ်းပြီး၏။

---

## ဓမ္မစကြာခေါ် သစ္စာလေးပါးပြ တရားစကားကြားနာရ၍ "ကောဏ္ဍည" ဣသိပဗ္ဗဇ္ဇရဟန်း၏ "သောတာပတ္တိ" မဂ်ဉာဏ်ရပုံ ပြဆိုဟောကြားခဏ်း

(၃၀) ဣမသ္မိံ စ ပန ဝေ ယျာကရဏသ္မိံ, …ဓမ္မစက္ခုံ ဥဒပါဒိ=ဟူ၏။ ထိုစကားဝါကျ၏ အဓိပ္ပါယ်သည်ကား၊ အဘယ်သို့ ဆိုလိုပါသနည်း။

မြန်မာဘာသာပြန်အဓိပ္ပါယ်

(၃၀) ဘုန်းတော် ကြီးမား၊ အသျှင်မြတ်ဘုရား။ ။အသျှင် "ကောဏ္ဍည" ရဟန်းသည်၊အသျှင်မြတ်ဘုရား၏ အထံမှ၊ "ဓမ္မ-စကြာ" ခေါ်၊ သစ္စာလေးပါးပြ တရားကို ကြားနာရ၍၊ ဤ (အတ္တ-မနု) ဟူသော နှစ်သက်ခြင်း "ပီတိ"၊ ဝမ်းမြောက်ခြင်း, +ဝမ်းသာခြင်း "သောမနဿ" ဝေဒနာနှင့်ယှဉ်သော စိတ်ရှိရုံမျှသော အကျိုးကိုသာ လျှင်-ရရှိပါသလော။ ။အခြားတပါးဖြစ်သော၊ တရားမြတ်, တရား

လူးကို၊ သွတ်ခုးပန်ဆင်ယင်, ရရှိပါသေးသလော-ဟု၊ (စောဒနာ) စကား၊လျှောက်ကြားရန်ရှိသောကြောင့်၊ထိုစကားကိုဖြေကြားခြင်းငှါ—

(၃၀) ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဘည—မာနေ အာယသ္မတော ကောဏ္ဍညဿ၊ ဝိရဇံ, ဝီတမလံ, ဓမ္မစက္ခုံ ဥဒပါဒိ=ဟူသော ဤစကားကို ဟောကြားတော်မူ၏။ ဟူလို။

ဤသို့ ဟောတော်မူရာ၌၊ ရှေးဦးစွာ ပြဆိုလိုရင်းဖြစ်သော စကားသည်ကား၊ အာယသ္မတော ကောဏ္ဍညဿ ဓမ္မစက္ခုံ ဥဒပါဒိ=ဟူ၏။ ။ ထိုပါဠိတော်၏ အဓိပ္ပါယ်သည်ကား၊ ဤသို့ပင်တည်း။

ငါ့သျှင်-ချစ်သားတို့။ ။"ကောဏ္ဍည" (ဇာသိပဉ္စက္က) ရဟန်းသည်၊ "ပီတိ" နှင့် "သောမနဿ" ဝေဒနာဖြစ်ခြင်း ဟူသော အကျိုးတရားကို၊ ရရုံမျှ မကသေး။ ။(သောတာ ပတ္တိ) မဂ် ဉာဏ် ဟူသော လောကုတ္တရာ တရားမြတ် တရားထူးကိုလည်း၊ သွတ်ခုး ပန်ဆင်ယင် ရပြီ-ဟူ၍၊ ဟောတော်မူ၏။

အသျှင်မြတ်ဘုရား။ ။အဘယ်မည်သော သတ္တိဂုဏ်နှင့် ပြည့်စုံသော (သောတာပတ္တိ) မဂ်ဉာဏ်သည်၊ ဖြစ်ပေါ်လာပါသနည်း-ဟု၊ မေးလျှောက်ရန် စကားရှိပြန်သောကြောင့်၊ ထိုစကားကို ဖြေကြားခြင်းငှါ၊ ဝိ-ရဇံ, ဝီတ-မလံ=ဟူ၍ (သောတာပတ္တိ) မဂ်ဉာဏ်၏ ဂုဏ်ကို၊ အသုံးဖော်ပြသော (ဝိသေသန) ခေါ်သော ၂-ပုဒ်ကို၊ ဟောတော်မူရပြန်၏။ ထိုနှစ်ပုဒ်တို့တွင်—

(၁) * ဝိ-ရဇံ…ဟူသောပုဒ်ဖြင့်၊ ဝိရဇန္တိ=ဝိဂတ ရာဂါဒိရဇံ=ဟူသည်နှင့်အညီ၊အပါယ်သို့ ကျရောက်စေတတ်သော ရာဂ, အစရှိသော မြူမှ ကင်းသော=ဟူ၍ အနက်ပေးရာ၏။

(၂) * ဝီတ-မလံ…ဟူသော ပုဒ်ဖြင့်၊ ဝီတ-မလန္တိ=ဝိဂတ ရာဂါဒိ မလံ=ဟူသည်နှင့်အညီ၊ အကုသိုလ်စိတ် ၁၂-ခု တည်းမှ "ဒိဋ္ဌိ"၊"ဝိစိကိစ္ဆာ" စိတ္တုပ္ပါဒ်နှစ်ခုကို အကြွင်းမဲ့ပယ်သဖြင့် ကင်းသောအညစ်အကြေး

ရှိသော=ဟူ၍ အနက်ပေးရာ၏။ ထိုနှစ်ပုဒ်ကို (ဓမ္မစက္ခုံ) ပုဒ်၌ စပ်လေ။ ။ဤဂုဏ်ပုဒ် နှစ်ပါးနှင့် ပြည့်စုံသော(သောတာပတ္တိ) မဂ်ဉာဏ်သည်၊ ဖြစ်ပေါ်လာပြီ-ဟူ၍၊ ဆို၏။—

ထိုစကားကို အသေးစိတ်ပြဆိုဦးအံ့။

(၁) * ဝိ-ရဇံ…ဟူသောပုဒ်၌၊ ဝိ=သဒ္ဒါ၊ကင်းခြင်းအနက်ဟော။ ။ရဇ=သဒ္ဒါ၊ မြူမှုန်အနက်ဟော။ ။ဝိ—ရဇံ၊ ကင်းသောမြူမှုန်။ (မြူမှုန်ကင်းသော အရာဝတ္ထုတခု။)

ဤအရာ၌ "မြူမှုန်" ဆိုသည်ကား၊ ပကတိသော ဖုတ်မြူမှုန်ကို၊ ဆိုလိုသည်မဟုတ်။ ။ထိုဖုတ်မြူမှုန်နှင့်၊ အညစ်အကြေး သဘောအဖြစ်ဖြင့် တူသော ရာဂ—ဒေါသ—မောဟ,တရားတို့ကိုသာ၊(ရဇ=မြူမှုန်)=ဟူ၍ (အလင်္ကာ) စကားနည်းဖြင့် ပြဆို၏။

{ ရာဂေါ-ရဇော, န-စ-ပန-ရေဏု ဝုစ္စတိ။
{ ရာဂဿေတံ အဓိဝစနံ ရဇောတိ=စသည်ဖြင့်၊

အသျှင် (ရှဋ္ဌပက္ကာ) အား၊ မြတ်စွာဘုရားသျှင်၊ ဟောတော်မူအပ်သော ထုံးကို၊ နှလုံးမူအပ်ပေ၏။

ထို့ကြောင့်—ဝိ-ရဇံ အပါယ်သို့ ကျရောက်စေတတ်သောရာဂ-အစရှိသော မြူမှုန်မှ ကင်းသော-ဟူ၍၊ အနက်ပေး၏။

(၂) ဝီတ-မလံ....ဟူသောပုဒ်၌၊ ဝီတ=သဒ္ဒါ၊ ကင်းခြင်း အနက်ဟော။ ။မလ=သဒ္ဒါ၊ အညစ်အကြေး အနက်ဟော။ ။ဝီတ-မလ၊ ကင်းသော အညစ်အကြေး (အညစ်အကြေးကင်းသော အရာဝတ္ထုတခု။)

ဤအရာ၌"**အညစ်အကြေး**"ဆိုသည်ကား၊ ပကတိသော ကျင်ကြီး, ကျင်ငယ်, စသော အညစ်အကြေးကို၊ ဆိုလိုသည်မဟုတ်။ ။ထိုကျင်ကြီး, ကျင်ငယ်နှင့်၊ အညစ် အကြေး သဘော အဖြစ်ဖြင့် တူသော ရာဂ, ဒေါသ, မောဟ,တရားတို့ကိုသာ၊(မလ=အညစ်အကြေး)=ဟူ၍၊ (အလင်္ကာ) စကားနည်းဖြင့် ပြဆို၏။

ထို့ကြောင့်-ဝိတ မလံ၊ "ဒိဋ္ဌိ"၊ "ဝိစိကိစ္ဆာ" စိတ္တုပ္ပါဒ်ကို၊ အကြွင်းမရှိ ပယ်သဖြင့်၊ ကင်းသော အညစ်အကြေး ရှိသော-ဟူ၍ အနက်ပေး၏။

ဤဝိ-ရဇံ, ဝိတ-မလ, ဟူသော ၂-ပုဒ်သည်၊ ပညတ် စကားအသံ အားဖြင့်၊ တပုဒ်နှင့်တပုဒ်၊ အဆိုအချင်းချင်း ကွဲပြားပုံကဲ့သို့ ထင်မှတ်ရ၏။ ။"ပရမတ္ထဓမ္မ" သဘောအလိုအားဖြင့် ပြဆိုရမူ၊ (သောတာပတ္တိ) မဂ်ဖြင့် ပယ်အပ်သော ဒိဋ္ဌိဂတသမ္ပယုတ် စိတ္တုပ္ပါဒ် ၄-ခုနှင့်၊ ဝိစိကိစ္ဆာ သမ္ပယုတ် စိတ္တုပ္ပါဒ်-၁၊ ဤငါးခုသောစိတ္တုပ္ပါဒ်တို့သည်သာ ဖြစ်ကြ၍ ထိုစိတ္တုပ္ပါဒ်တို့ကို၊(ရဇ=မြူမှုန်)(မလ=အညစ်အကြေး)ဟူ၍ စကားအသံ ကွဲပြားယောင်ကဲ့သို့ ပြု၍ အလင်္ကာစကားနည်းဖြင့် နှစ်မျိုး ခွဲ၍ ဆို၏။

ဤသို့ ဖြစ်၍၊ ဤ (၁) ဝိ=ရဇံ၊ (၂) ဝိတ=မလ,ဟူသော (ဝိသေသန)အထူးပြု- ဂုဏ်ပြစကား ၂-ပုဒ်ကို၊ (၃) ဓမ္မ-စက္ခုံ, ဟူသော ဝိသေသျ- အထူးပြုအပ်သော ပုဒ်နှင့်စပ်၍၊ ထို ၃-ပုဒ်တို့၏ အနက်သဘောကို၊ အခြောင့်အဓိပ္ပါယ်ပြန်ဆိုပြရသော်—

(၁) အပါယ်သို့ ကျရောက်စေတတ်သော ရာဂ-အစရှိသော မြူမှုန်မှ ကင်းသော (၂) "ဒိဋ္ဌိ" "ဝိစိကိစ္ဆာ" စိတ္တုပ္ပါဒ်ကို၊ အကြွင်းမရှိ ပယ်သဖြင့် ကင်းသော အညစ်အကြေးရှိသော (၃) သစ္စာလေးပါးကို၊ သိမြင်တတ်သော "သောတာပတ္တိ" မဂ်ဉာဏ်သည်၊ အသျှင်ကောဏ္ဍည" (ဋ္ဌသိပဗ္ဗဇ္ဇ) ရဟန်းအား ဖြစ်ပြီ-ဟူသော အဓိပ္ပါယ်သည်ဖြစ်၏။

ဤဝိ-ရဇံ၊ ဝိတ-မလံ, ဟူသောပုဒ်တို့၏ အဓိပ္ပါယ်ကို ထင်ရှားအောင် ပြဆိုဦးအံ့။

ဤလောက၌၊ ပကတိသော ဖုတ်မြူမှုန် ဖုံသလဲးစသော အညစ်အကြေးတို့ကို ဖြစ်စေ+ကျင်ကြီး, ကျင်ငယ်စသော အညစ်အကြေးတို့ကို ဖြစ်စေ+ဆိုင်ရာဆိုင်ရာ သဘောတို့ဖြင့်၊ ဆေးကြောသုတ်သင်ခဲ့မူ၊ စင်ကြယ်,သန့်ပြန့်သော အဖြစ်သို့ရောက်နိုင်သကဲ့သို့၊ ထိုနည်းတူစွာ၊ လောဘ, ဒေါသ- မောဟ, အစရှိသော အကုသိုလ်စိတ် ၊စေတသိက်ဟူသော မြူမှုန် အညစ်အကြေးတို့ကိုလည်း+ဆိုင်ရာဆိုင်ရာ အလုပ်

သဘောဖြင့် ပြုလုပ်ခဲ့မူ၊ စင်ကြယ်သန့်ပြန့်သော အဖြစ်သို့ ရောက်နိုင်၏။ ။ထိုစကားမှန်၏။

(၁) ဤသူသည်ကား၊ပုထုဇဉ်ပုဂ္ဂိုလ်တည်း။
(၂) ဤသူသည်ကား၊အရိယာပုဂ္ဂိုလ်တည်း။
(၃) ဤသူသည်ကား၊သောတာပန်ပုဂ္ဂိုလ်တည်း။
(၄) ဤသူသည်ကား၊ကာမ,ရူပ,အရူပ,ဘုံသားပုဂ္ဂိုလ်တည်း။

ဤသို့ အစရှိသော အမည်တို့သည်၊ လောဘ, ဒေါသ, မောဟ, ဟူသော မြူမှုန်အညစ်အကြေးတို့မှ၊ ကင်းစင်ဝေးကွာပုံကို၊ အစွဲးပြု၍၊ သင့်ရာ, သင့်ရာ, ခေါ်ဆိုကြသော အမည်ပညတ်တို့သာ ဖြစ်ကြကုန်၏။

## အကုသိုလ်စိတ်ဟူသော အညစ်အကြေးတို့မှ၊ ကင်းဝေး စင်ကြယ်အောင် ပယ်ခွါပုံနည်းသုံးမျိုး ပြဦးအံ့

(၁) ကာမာဝစရကုသိုလ်စိတ်၏ သတ္တိဖြင့် (တဒင်္ဂ–ပဟာန်) ဆိုင်ရာ ဆိုင်ရာ အကုသိုလ်စိတ္တုပ္ပါဒ်တို့ကို၊ အခိုက်အတန့် ပယ်ခွါ၍ စင်ကြယ်၏။ ။(စင်ကြယ်သောအဖြစ်ကို၊ ရနိုင်, ရောက်နိုင်၏။)

(၂) မဟဂ္ဂုတ်--ကုသိုလ်စိတ်၏ သတ္တိဖြင့် (ဝိက္ခမ္ဘန ပဟာန်) ဆိုင်ရာဆိုင်ရာ အကုသိုလ်စိတ္တုပ္ပါဒ်တို့ကို၊ ဈာန်ရနေခိုက်၊ ဈာန်၏အာနုဘော်ဖြင့်၊ ပယ်ခွါ၍စင်ကြယ်၏။ ။(စင်ကြယ်သောအဖြစ်ကို၊ ရနိုင်,ရောက်နိုင်၏။)

(၃) မဂ်စိတ်လေးပါး၏သတ္တိဖြင့် (သမုစ္ဆေဒပဟာန်) ဆိုင်ရာ ဆိုင်ရာ အကုသိုလ်စိတ္တုပ္ပါဒ်တို့ကို၊ အကြွင်းမဲ့ ပယ်ခြင်း၊ ခေါင်းပါးသေးငယ်သောအဖြစ်သို့ ရောက်အောင်ပယ်ခြင်း တို့ဖြင့်၊ စင်ကြယ်၏။ ။(စင်ကြယ်သောအဖြစ်ကို၊ ရနိုင်, ရောက်နိုင်၏။)

**ဆိုဦးအံ့**···မဂ်ဉာဏ်လေးပါးတို့၏ သတ္တိသည်၊ (အဓိပတေယျ၊) တဏှာသုံးမျိုး၊ အုပ်စိုးစီမံခြင်းကို၊ မခံယူရသဖြင့်၊ လောဘ, ဒေါသ, မောဟ–ဟူသော မြူမှုန်အညစ်အကြေးတို့ကို၊ ပယ်ဖြတ်ဖျောက်ဘိုရာ၊ လွန်စွာမှ စင်ကြယ်ထက်မြက်သောအစွမ်းသတ္တိရှိ၏။

ထိုစကားမှန်၏။ ။အစစ္စာသော (သောတာပတ္တိ) မဂ်ဟူ၍ ခေါ်ရသောမဂ်သည်၊ မိမိ၏တကြိမ်တည်းသော မဂ်ဝီထိ စိတ်အစဉ် ဖြစ်ရုံမျှဖြင့်ပင်၊ အကုသိုလ်စိတ္တုပ္ပါဒ် ၁၂–ခုတည်းမှ၊ ဒိဋ္ဌိဂတသမ္ပယုတ် စိတ္တုပ္ပါဒ် ၄-ခု၊ ဝိစိကိစ္ဆာသမ္ပယုတ် စိတ္တုပ္ပါဒ် ၁-ခု၊ ဤငါးခုသော စိတ္တုပ္ပါဒ်တို့ကို၊ အကြွင်းမဲ့ပယ်၏။ နောက်ထပ်တကြိမ် ဖြစ်ပေါ်လာခွင့် မရှိပြီဖြစ်၏။ ။ဤသို့ဖြစ်ခြင်း၊ ပယ်ခြင်းတို့ဖြင့် ထိုပုဂ္ဂိုလ်သည်၊ ပုထုဇဉ်ပုဂ္ဂိုလ်ဟူသော အဖြစ်ကိုလွန်မြောက်၏။ ။အရိယာပုဂ္ဂိုလ် ဟူသော အဖြစ်သို့ရောက်၏။ ။အပါယ်လေးပါးသို့ ကျရောက်ခြင်းမရှိ ဖြစ်လေ၏။ ။ဤသို့စသည်ဖြင့်၊ များစွာသောဂုဏ်ပုဒ်တို့နှင့် ပြည့်စုံ၏။ မပယ်ရသေး၍ ကျန်သော ၇- ပါးသော အကုသိုလ်စိတ္တုပ္ပါဒ်တို့၏ အပါယ်ဘုံသို့ ကျရောက်စေနိုင်သော သတ္တိကိုလည်း၊ ပယ်ဖျောက် ကင်းလွတ်စေ၍ (တနုကရ) ခေါင်းပါးသေးငယ်နိုင်သော အဖြစ်သို့ ရောက်အောင်ပယ်နိုင်၏။ ။စင်ကြယ်စေနိုင်၏။ ။ကျန်သောအထက် မဂ်သုံးခုတို့သည်လည်း၊ ဤနည်းအတူ၊ မိမိတို့၏သတ္တိအစွမ်းဖြင့်၊ ပယ်နိုင်ကြ၏။ ။စင်ကြယ်စေနိုင်ကြ၏။ ။ကျယ်ဝန်းရကား၊ ဤမျှဖြင့် အကျဉ်းချုံးအပ်၏။

ဘုန်းတော်ကြီးလတ်၊ အသျှင်မြတ်ဘုရား။

ဤပြဆိုအပ်ခဲ့ပြီးသော ပုဒ်တို့ဖြင့် အထူးပြုအပ်သော (သောတာပတ္တိ) မဂ်ဉာဏ်ကို အထူးပြုသော ဂုဏ်ပုဒ်နှင့်တကွ ပြည့်စုံစွာသိရှိရပါပြီဘုရား။

အဘယ်အချိန်၌၊ ဤပြဆိုအပ်ပြီးဖြစ်သော (သောတာပတ္တိ) မဂ်ဉာဏ်ကို၊ ရရှိပါသနည်း-ဟု၊ မေးလျှောက်ရန် စကားရှိသောကြောင့်၊ ထို(သောတာပတ္တိ) မဂ်ဉာဏ်ကို ရသောအချိန်ကို၊ အမှတ်ပြု၍ ညွှန်ကြားပြသခြင်းငှါ၊ ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ= ဟူ၍ဟောတော်မူ၏။ ။ထိုပါဠိ၏အဓိပ္ပါယ်သည်ကား၊ ဤသို့ပင်တည်း။

ဧဝ မေ ဘိက္ခဝေ အဘ္ဗာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ=မှသည်၊နတ္ထိ ဒါနိ ပုနဗ္ဘဝေါတိ=တိုင်အောင်သော တရားစကားကို၊ ဟောကြားပြီးဆုံးသောအချိန်၌၊ ငါ၏-ချစ်သား၊ "ကောဏ္ဍည" (ဠသိပဗ္ဗဇ္ဇ) ရဟန်း

သည် (ဒိဋ္ဌိ+ဝိစိကိစ္ဆာ) ကင်းစင်ကွာသော (သောတာပတ္တိ)မဂ်ဉာဏ်ကို ရရှိ၏-ဟူ၍၊ ပြဆို၏။

ဤအရာ၌၊ **ဝေယျာကရဏသ္မိံ**၊ ဓမ္မစက္ကပ္ပဝတ္တန သုတ္တန်တရားကို၊ ဘဉမာနေ၊ ဟောကြားတော်မူအပ်ပြီးသော်=ဟူ၍ဆိုရာ၌၊ (သော်–လတ်သော်) ဟူသောအနက်စကားအသံသည်၊ သဒ္ဒါကျမ်းတို့၌ ပြဆိုအပ်သော (လက္ခဏ, လက္ခဏဝန္တ)သဘောအတိုင်း အနက်ပေးခြင်းဖြစ်၏။

**အကျဉ်းချုပ်စကား မှတ်မှုကား**…သောတာ ပတ္တိမဂ်ဉာဏ်ကို ရသောအချိန်ကို၊ ညွှန်ပြသော စကားသာလျှင် ဖြစ်၏။ ။ထို့ကြောင့်၊ ငါ၏ ချစ်သား၊ "**ကောဏ္ဍည**"(ဋ္ဌသိပဗ္ဗဇ္ဇ)ရဟန်း၏ "သောတာပတ္တိ" မဂ်ဉာဏ်ကိုရသောအချိန်သည်ကား၊ ဤ "**ဓမ္မစကြာ**" ခေါ်၊ သစ္စာလေးပါးပြ တရားကို ဟောကြား ပြီးဆုံးသောအချိန်၌ပင် ဖြစ်၏။

**တနည်းပြဉ်းအံ့**…ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ၊ ဤသို့ ဂါထာမဘက်၊ (စုဏ္ဏိယချည်းသက်သက်) အမေးအဖြေဖြစ်သော "ဗျာကရဏ်း" ကို။ ဘဉမာနေ၊ ဟောကြားတော်မူအပ်ပြီးသော်=ဟူ၍ ဆိုရာ၌ (ဗျာကရဏ်း) ဆိုသည်ကား၊ မည်သည့်တရားမျိုးပါနည်း–ဟု၊ မေးမြန်းရာ၌။

ဣမသ္မိဉ္စ၊…သိမ္မိန္တိ=ဣမသ္မိံ နိဂ္ဂါထက သုတ္တေ၊ နိဂ္ဂါထကတ္တာ, ဟိ ဣဒံ ဝေယျာ ကရဏန္တိ ဝုတ္တံ။ ။အထဝါ–ဝေယျာကရဏသ္မိံ တိ=သုတ္တန္တေ။

ဆိုသည်နှင့်အညီ၊ ဆန်းကျ ဂိုဏ်းညီ၊ အလီလီသော နည်းဥပဒေသတို့ဖြင့် ဖွဲ့သီ စီရင်အပ်သော **ပါဠိ-ဂါထာ** ခေါ်သော စာသွားမျိုးကို မပြု မစီရင်မူ၍-**ဂါထာ** မဘက်၊ (**စုဏ္ဏိယ**) ခေါ်သော သက်သက်သော (ပါဠိ) စကားပြေဖြင့်သာ၊ ဖော်ပြ ဟောကြားအပ်သော၊ အနက်ကို သိလွယ်သော သုတ္တန် တရားမျိုးကို၊ (**ဗျာကရဏ်း**) ဟု ဆို၏။ ။ဤအရာ၌မူ၊ ဤ (**ဓမ္မစက္ကပ္ပဝတ္တန**) သုတ္တန်တရားကို (**ဝေယျာကရဏ**) (**ဗျာကရဏ်း**)-ဟု၊ခေါ်ဆိုအနက်ပေး၏။

**ဘညမာန**-ပုဒ်၏အနက် ရှင်းပြဦးအံ့။ ။ဤ (**ဘညမာနေ**) ဟု ဆိုရာ၌ "**ဘဏ**" ဓာတ်မှ-"**ဘည**" ပုဒ်ဖြစ်လာ၍၊ ပစ္စုပ္ပန်ကာလ၏ အနီးဖြစ်သော အတိတ်ကာလ၌၊ ပစ္စုပ္ပန်ကာလကို ဟောသော (**မာန**) ပစ္စည်း သက်၍ ပြီးသောပုဒ်ဖြစ်၏။

ထို့ကြောင့် (**ဘညမာနေတိ = ကထိယမာနေ =**) ဖွင့်ဆိုသည်နှင့်အညီ။ **ဘညမာနေ**၊ ဟောကြားတော်မူအပ်ပြီးသော်=ဟူ၍ ကမ္မရုပ်အတိတ်သံ ပါစေ၍ပျက်၊ အနက်ပေးရာ၏။

ဓမ္မစကြာ၊ သစ္စာလေးပါး၊ တရားအစဉ်ကို၊ သိမြင်တတ်သော "သောတာပတ္တိ" မဂ်ဉာဏ်တည်းဟူသော ပညာမျက်စိသည်။ ဥဒပါဒိ၊ ဖြစ်ပေါ်လာပြီဆိုရာ၌၊ ဓမ္မစက္ခု-သဒ္ဒါသည်၊ အစဖြစ်သော မဂ်ဉာဏ် သုံးပါးကိုရင်း။ ။စတုတ္ထမြောက်ဖြစ်သော မဂ်ဉာဏ်ကိုရင်း ဟော၏။ ဤအရာ၌မူ၊ (ပဌမ မဂ္ဂ ဉာဏ မေဝ=) ဆိုသည့်အတိုင်း "သောတာပတ္တိ" မဂ်ဉာဏ်ကိုဟော၏။

**တနည်းပြဦးအံ့**…ဓမ္မစက္ခု-သဒ္ဒါသည် "သောတာပတ္တိ" မဂ်ဉာဏ်ကိုဟော၏။ ။ထို "သောတာပတ္တိ" မဂ်ဉာဏ်၏ ဖြစ်သော အခြင်းအရာကို ပြခြင်းအကျိုးငှာ—

(က) **ယံကိဉ္စိ သမုဒယ ဓမ္မံ**၊
(ခ) **သဗ္ဗံတံ နိရောဓ ဓမ္မန္တိ အာဟ**=ဟူ၍ဟောတော်မူ၏။

**ထိုစကားမှန်၏**…ထို "သောတာပတ္တိ" မဂ်ဉာဏ်သည် နိဗ္ဗာန်ကိုအာရုံပြု၍ ပြဗ္ဗယ်ကိစ္စ၏ အစွမ်းဖြင့်၊ ဤသို့ အလုံးစုံသော သင်္ခတတရားကို၊ ထိုးထွင်း၍သိခြင်းသည် ဖြစ်၏=ဟူ၍၊ သုတ်သီလက္ခန်၊ အဋ္ဌသုတ် အဋ္ဌကထာ၌ ဖွင့်ပြ၏။

[ဓမ္မစက္ခုန္တိ=ဧတ္ထ၊….ပဋိဝိဇ္ဈန္တံ ဥပ္ပန္နန္တိ=ဟူ၏။]

ဤသို့လျှင်၊အသျှင် "**ကောဏ္ဍည**" အမှူးရှိသော (ဗြဟ္မာသိပဗ္ဗဇ္ဇာ)ရဟန်းငါးဦးတို့သည်၊ ဘိုးတော် အဉ္စနမင်းကြီး၏ ဖြိုကြွင်း မဟာသက္ကရာဇ် (၁၀၃) ခုနှစ်၊ ဝါဆိုလပြည့်၊ စနေနေ့၊ ညနေ့ဟု ဆိုအပ်သော "**နေဝန်းအရောင်၊ ပျောက်ကွယ်စ**"၊ "**လဝန်းအရောင်၊ တောက်ပေါ်**

ထွက်မြို့'' ဖြစ်သော အချိန်ကစ၍၊ မြတ်စွာဘုရားသျှင်၏အထံတော်၌ ''ဓမ္မစကြာ''တရားကြားနာကြရာ၊ထို''ဓမ္မစကြာ''တရားအစဉ်၊ဟောကြားပြီးဆုံးသည့်အချိန်၌၊အသျှင်''ကောဏ္ဍည'' (ဉာတိ ပဗ္ဗဇ္ဇာ) ရဟန်းတပါးတည်းအား-သာလျှင်၊''ဝိ-ရဇ''၊''ဝီတ-မလ''ဂုဏ်နှင့်ပြည့်စုံသော''သောတာပတ္တိ'' မဂ်ဉာဏ်သည်၊ ထင်ရှားစွာဖြစ်ပေါ်လာပြီ=ဟူသောစကားဖြင့်၊ နောက်ကပြဆိုခဲ့ပြီးဖြစ်သော–

(၁) မဂ္ဂသစ္စာ၌၊ ပွါးများမှု ကိစ္စသည်ရှင်း။
(၂) ဒုက္ခသစ္စာ၌၊ သိမြင်မှု ကိစ္စသည်ရှင်း။
(၃) သမုဒယသစ္စာ၌၊ ပယ်မှု ကိစ္စသည်ရှင်း။
(၄) နိရောဓသစ္စာ၌၊ အာရုံပြုမှု ကိစ္စသည်ရှင်း။

ဤကိစ္စလေးချက်သည်၊တပြိုင်နက်တည်း၊ပြီးစီးအောင်မြင်သဖြင့်၊ ပုထုဇဉ်ဇာတ်၊ ကင်းပြတ်လွန်မြောက်၍ အရိယာဘုံသို့၊ ခိုင်ပုံကပ်ရောက်ရလေသတည်း။ ။ဤအရာ၌ မဂ်ဝီထိ, ဖိုလ်ဝီထိ, ပစ္စဝေက္ခဏာဝီထိ, တို့ဖြစ်ပုံသည်၊ ပုံစံနှင့်တကွ ''ဓမ္မစကြာ'' ဖွင့်၌ ပါရှိပြီးဖြစ်၍၊ဤနေရာ၌ လျစ်လျူ ရှုအပ်၏။

ဤကွင်–
(၁၀) ဇာမသ္မိံ စ ပန၊…ဥဒပါဒိ–ဟူသောစကားဝါကျ၏အရ
အကျဉ်းချုပ်အဓိပ္ပါယ်ပြခန်းပြီး၏၊

---

## (၃၁) သောတာပတ္တိ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရပြီးဖြစ်သော ''ကောဏ္ဍည''ဉာတိပဗ္ဗဇ္ဇာ ရဟန်း၏ တေဘူမကသင်္ခါရ တရားတို့၌၊ အသိဉာဏ်အမြင် ထင်မြင်၍နေပုံ၊ ပြဆိုဟောကြားခန်း

(၃၁) ဘုန်းတော်ကြီးလတ်၊ အသျှင်မြတ်ဘုရား။

အသျှင်''ကောဏ္ဍည''ရဟန်း၏''သောတာပတ္တိ''မဂ်ဉာဏ်ရပုံ၊အလုံးစုံကို၊ ဂုဏ်အင်္ဂါအချိန်ကာလ အပိုင်းအခြားနှင့်တကွ၊ စုံလင်စွာသိရှိရပါပြီဘုရား။

ထိုသို့ရရှိပြီးနောက်၊ တေဘူမကသန်္ဂါရတရားတို့၌၊ အဘယ်သို့သော အသိဉာဏ်ဖြင့် ထင်မြင်၍နေပါသနည်း=ဟု၊ မေးလျှောက်ရန် စကား ရှိသောကြောင့် ထိုအမေးစကားကိုဖြေကြားခြင်းငှါ—

(၃၁) (က) ယံကိဉ္စိ သမုဒယဓမ္မံ၊
(ခ) သဗ္ဗံ တံ နိရောဓ ဓမ္မန္တိ=ဟူ၍ဟောတော်မူ၏။

(က) ယံကိဉ္စိ၊ အလုံးစုံသော ခန္ဓာ ငါးပါး တရား အစုသည်။ သမုဒယဓမ္မံ၊ အကြောင်းကိုမှီ၍ ဖြစ်ခြင်းသဘောရှိ၏။ (ဖြစ်တတ်သော သဘောရှိ၏-ဟူ၍လည်း၊ ဆို၏။)

(ခ) တံသဗ္ဗံ၊ ထိုအလုံးစုံသော ခန္ဓာငါးပါး တရားအစုသည်။ နိရောဓဓမ္မံ၊ အကြောင်းရုပ်သိမ်းက၊ ချုပ်ငြိမ်းခြင်းသဘော ရှိ၏။ (ချုပ်တတ်သောသဘောရှိ၏၊ ဟူ၍လည်းဆို။) ဣတိ၊ ဤသို့။ ဉဒပါဒိ၊ ဉာဏ်၌ ထင်ရှားစွာဖြစ်ပြီ။

မှတ်ချက်…သောတာပတ္တိမဂ်ဉာဏ် ရပြီးဖြစ်သောပုဂ္ဂိုလ်သည်၊ (ဒိဋ္ဌိ ဝိစိကိစ္ဆာ) ကင်းစင်ကွာပြီးဖြစ်၍၊ "ဒိဋ္ဌိ"အဘို့အားဖြင့်၊ အမြင်မှားခြင်း, "ဝိစိကိစ္ဆာ" အဘို့အားဖြင့်၊ ယုံမှားခြင်းတို့မှ ကင်း လွတ်၍ "ပရမတ္ထ-ဓမ္မ"၊ ဟူသမျှတို့၌၊ (ယထာဘူတ) ကျနမှန်ကန် သည့်အတိုင်းပင်၊ ဉာဏ်၌ထင်မြင်၍နေပြီးဖြစ်၏-ဟူ၍၊ ဆိုလို၏။

(က) ဤအရာ၌ သိမှတ်ဘွယ်ရာ စကားအဆက်ကို၊ အမြွက်မျှပြ ဉုးအံ့။ ။ကောင်းစွာနှစ်မြှုက်၊ ထောင်နားစိုက်ကြလော။

ဘုန်းတော်ကြီးမား၊ အသျှင်မြတ်ဘုရား။

(သမုဒယ-ဓမ္မ) ဟူသောပုဒ်၏အရသည်၊ မည်သည့်တရားမျိုးဖြစ် ၍၊ မည်သည့်တရားမျိုးကို (သမုဒယ-ဓမ္မ) ဟုခေါ်ဆိုပါသနည်း-ဟု၊ မေး လျှောက်ရန်စကားရှိသောကြောင့်၊ ထိုအမေးပုစ္ဆာ ပြုပုံနည်းစကားကို၊ ခန္ဓ သံယုတ် ရာဝဂ်၌ ဤသို့ဟောကြားတော်မူ၏။

(က) သမုဒယ-ဓမ္မော၊ သမုဒယ- ဓမ္မောတိဘန္တေ ဝုစ္စတိ။
ကတမော နုခေါ ဘန္တေ၊ သမုဒယ-ဓမ္မောတိ။ ။ဟူ၏။

(ဂ) ဘုန်းတော်ကြီးမြင့်၊ တန်ခိုးတင့်လတ်၊ အသျှင်မြတ်ဘုရား။
(၁) သမုဒယ-ဓမ္မ၊ဖြစ်တတ်သော သဘောတရား။ ။

(၁) သမုဒယ-ဓမ္မ၊ ဖြစ်တတ်သော သဘောတရား=ဟူ၍ ဟောကြားတော်မူရာဝယ်၊ အဘယ်တရားသည်၊ (၁) သမုဒယ-ဓမ္မ၊ ဖြစ်တတ်သော သဘောတရားမည်ပါသနည်း=ဟူ၍ မေးလျှောက်ရာ၌၊ ထို(သမုဒယ-ဓမ္မ)ဟူသောပုဒ်၏ အရကို"ပရမတ္ထဓမ္မ"သဘောအလို၊ တရားကိုယ်နှင့်တကွ၊ ထင်ရှားစွာ သိကြရန်၊ သရုပ်တရားကိုယ် ဖော်ပြ၍၊ ဤသို့ အဖြေစကား၊ ဟောကြားတော်မူ၏။

(၁) ရူပံခေါ ရာဓ, သမုဒယဓမ္မော၊
(၂) ဝေဒနာခေါ ရာဓ, သမုဒယဓမ္မော၊
(၃) သညာ ခေါ ရာဓ, သမုဒယဓမ္မော၊
(၄) သင်္ခါရာခေါ ရာဓ, သမုဒယဓမ္မော၊
(၅) ဝိညာဏံခေါ ရာဓ, သမုဒယဓမ္မော၊
ဧဝံ ပဿံ ဘိက္ခဝေ····ရူပသ္မိံပိ နိဗ္ဗိန္ဒတိ။

ဤသည်လျှင် ဟောကြားပုံနည်းတည်း။
ခန္ဓ သံယုတ် ရာဓ ဝဂ်
မြန်မာဘာသာပြန်အဓိပ္ပါယ်

အို-ရာဓမည်တွင်၊ ငါ့သျှင် ချစ်သားရဟန်း။

(၁) ရုပ်တရားသည်၊ ဖြစ်တတ်သော သဘောရှိ၏။
(၂) ဝေဒနာတရားသည်၊ ဖြစ်တတ်သော သဘောရှိ၏။
(၃) သညာတရားသည်၊ ဖြစ်တတ်သော သဘောရှိ၏။
(၄) သင်္ခါရတရားသည်၊ ဖြစ်တတ်သော သဘောရှိ၏။
(၅) ဝိညာဉ်တရားသည်၊ ဖြစ်တတ်သော သဘောရှိ၏။

အို-ရာဓမည်တွင်၊ ငါ့သျှင် ချစ်သားရဟန်း။

ဤရုပ်နာမ်တရားဟူသော ခန္ဓာငါးပါးတို့၌၊ ထူးတူး ခြားခြား၊ အကြားအမြင် (သုတ-ဝါ) ဂုဏ်နှင့်ပြည့်စုံ၍ ငါဘုရားသျှင်၏ သားရင်း အစစ် ဖြစ်သော အရိယ သာဝကသည်၊ (ဧဝံပဿံ) မိန့်တော်သံအရ ဖြင့်၊ ဤသို့ ဟောတော်မူခဲ့ပြီးဖြစ်သော နည်းအတိုင်း၊ "သမ္မာဒိဋ္ဌိ"

မဂ်ပညာဖြင့်၊ ကောင်းစွာ သိမြင်သည်ရှိသော်၊ (သိမြင်သောအခါ၌) သုခ ဟူ က၊ မြူမျှ မဘက်၊ သက်သက် ဒုက္ခ အစစ်အမှန် ဖြစ်သော–

(၁) ရူပက္ခန္ဓာဟူသော ရုပ်တရားအစု၌ငင်း။
(၂) ဝေဒနက္ခန္ဓာဟူသော ဝေဒနာတရားအစု၌ငင်း။
(၃) သညက္ခန္ဓာဟူသော သညာ တရားအစု၌ငင်း။
(၄) သင်္ခါရက္ခန္ဓာဟူသော သင်္ခါရတရားအစု၌ငင်း။
(၅) ဝိညာဏက္ခန္ဓာဟူသော ဝိညာဉ်တရားအစု၌ငင်း။
မပျော်မွေ့ဘဲ၊ ငြီးငွေ့လေ၏။

ဤသို့လျှင်၊ငြီးငွေ့ခြင်း“နိဗ္ဗိန္ဒ” ဉာဏ်ဖြစ်ပြီးနောက်၊ အစဉ်အတိုင်းသော ဉာဏ်သည်ဖြစ်၍၊ အရဟတ္တဖိုလ်စိတ်၌ အဆုံးသတ်လေ၏။

## တနည်းပြဆိုဥုံးအံ့

(က) **ယံကိဉ္စိသမုဒယဓမ္မံ**…ဟူသောပုဒ်အရ“ပရမတ္ထဓမ္မ”သဘောအလို၊ တရားကိုယ်အရ ဖော်ပြရသော်၊ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်,အားဖြင့်၊ခန္ဓာငါးပါးဟူသော ဒုက္ခသစ္စာရ၏။ ။ထိုဒုက္ခသစ္စာဟူသော အကျိုးသင်္ခါရတရားသဘောသည်၊ (သမုဒယ-ဓမ္မ)ဖြစ်ခြင်း သဘောရှိ၏။(ဖြစ်တတ်သော သဘောရှိ၏။) ထိုဒုက္ခ သစ္စာဟူသော အကျိုးသင်္ခါရတရားတို့၏ အမြဲးဖြစ်စဉ်၊ (နိယာမ) သဘောကို၊ ဖော်ပြရပြန်လျှင်(အစ) ဟူသော ဖြစ်ခြင်း၊ ဥပါဒ်စွန်းသဘောရှိ၍(သမုဒယ-ဓမ္မ)မည်၏-ဟု ဆို၏။

**ထိုစကားမှန်၏**:…ဤပစ္စုပ္ပန်ဘဝ၌၊ ဒုက္ခသစ္စာဟူသော အကျိုးသင်္ခါရတရား ငါးပါးတို့၏ (စိတ္တက္ခဏ) သဘောဖြင့်၊ တဖွားဖွား၊ အသစ် အသစ်၊ ဖြစ်၍ ဖြစ်၍ နေခြင်းသည်ကား၊ရှေးလွန်လေပြီးဖြစ်သော အတိတ်ဘဝက၊ အကြောင်းတရား ငါးပါးတို့၏ မချုပ်မငြိမ်းသေးဘဲ၊ ကူညီ အားပေး၊ ထောက်ပံ့ ပြုပြင်မှုရှိ၍ နေသေးသော ကြောင့်သာလျှင်၊အဆက်မပြတ် ဖြစ်၍ ဖြစ်၍ နေချေ၏။

**ဤနည်းအတူ**။ ဤပစ္စုပ္ပန် ဘဝ၌၊ အကြောင်း တရား ငါးပါးတို့၏ ကူညီ အားပေးထောက်ပံ့မှု မချုပ်မငြိမ်းသေးဘဲ၊ ရှိခဲ့လျှင်မူလည်း+ ရောက်လတ္တံ့ဖြစ်သောအနာဂတ်ဘဝတို့၌၊ ခန္ဓာငါးပါး ဟူသော အကျိုးဒုက္ခသစ္စာတရားတို့သည်၊ ဘဝ အပြန်ပြန် ကြိမ်ဖန် မလပ် အထပ်ထပ် ဖြစ်ပွါးပေါ်လာရဦးမည်ကား၊ မလွဲနိုင်သော (ဓမ္မနိယာမ)သဘောပင်ဖြစ်၏။

ဤတွင် (သမုဒယဓမ္မ) ဟူသောပုဒ်၏အရ
အဓိပ္ပါယ်ပြခန်းပြီး၏။

---

## နိရောဓဓမ္မအဆိုပြခန်း

(၁) ဤအရာ၌၊ သိမှတ်ဘွယ်ရာ၊ စကားအဆက်ကို၊ အမြွက်မျှပြဆိုဦးအံ့။ ။ကောင်းစွာနှစ်ခြိုက်၊ ထောင်နားစိုက်ကြလော့။

ဘုန်းတော်ကြီးမား၊ အသျှင်မြတ်ဘုရား။

(နိရောဓ-ဓမ္မ) ဟူသော ပုဒ်၏အရသည်၊ မည်သည့်တရားမျိုးဖြစ်၍၊ မည်သည့်တရားချုပ်ကို၊ (နိရောဓ-ဓမ္မ)ဟု-ခေါ်ဆိုပါသနည်း-ဟု၊ မေးလျှောက်ရန်စကားရှိသောကြောင့်၊ ထိုအမေးပုစ္ဆာ ပြုပုံနည်းစကားကို ဤသို့ဟောကြားတော်မူ၏။

(ခ) နိရောဓ-ဓမ္မော၊
နိရောဓ-ဓမ္မော တိဘန္တေ ဝုစ္စတိ။
ကတမော နုခေါ ဘန္တေ၊
နိရောဓ-ဓမ္မောတိ။ ။ဟူ၏။

ခန္ဓသံယုတ်ရာဓဝဂ်

(ခ) ဘုန်းတော်ကြီးမြင့်၊ တန်ခိုးတင့်လတ်၊ အသျှင်မြတ်ဘုရား။
နိရောဓ-ဓမ္မ၊ ချုပ်တတ်သောသဘောတရား။ ။

နိရောဓ-ဓမ္မ၊ချုပ်တတ်သော သဘောတရား=ဟူ၍၊မေးလျှောက်ရာ၌၊ ထို(နိရောဓ-ဓမ္မ)ဟူသော ပုဒ်၏အရကို၊ ''ပရမတ္ထဓမ္မ''သဘောအလို၊ တရားကိုယ်နှင့်တကွ၊ ထင်ရှားစွာသိကြရန်၊ သရုပ်တရားကိုယ်ဖေါ်ပြ၍၊ ဤသို့အဖြေစကား ပြောကြားတော်မူ၏။

(၁) ရူပံခေါ ရာဓ , နိရောဓဓမ္မော၊
(၂) ဝေဒနာခေါ ရာဓ, နိရောဓဓမ္မော၊
(၃) သညာခေါ ရာဓ , နိရောဓဓမ္မော၊
(၄) သင်္ခါရာခေါ ရာဓ, နိရောဓဓမ္မော၊
(၅) ဝိညာဏံခေါ ရာဓ, နိရောဓဓမ္မော၊
ဧဝံပဿံ ဘိက္ခဝေ....ရူပသ္မိံပိ နိဗ္ဗိန္ဒတိ။
ဤသည်လျှင်ဟောကြားပုံနည်းတည်း။

ခန္ဓသံယုတ်ရာဓဝဂ်
မြန်မာဘာသာပြန်အဓိပ္ပါယ်

(ခ) အို-ရာဓမည်တွင်၊ငါ့သျှင်ချစ်သားရဟန်း။

| | | |
|---|---|---|
| (၁) ရူပ်တရားသည်၊ | ချုပ်တတ်သော | သဘောရှိ၏။ |
| (၂) ဝေဒနာတရားသည်၊ | ချုပ်တတ်သော | သဘောရှိ၏။ |
| (၃) သညာတရားသည်၊ | ချုပ်တတ်သော | သဘောရှိ၏။ |
| (၄) သင်္ခါရတရားသည်၊ | ချုပ်တတ်သော | သဘောရှိ၏။ |
| (၅) ဝိညာဉ်တရားသည်၊ | ချုပ်တတ်သော | သဘောရှိ၏။ |

အို-ရာဓမည်တွင်၊ငါ့သျှင်ချစ်သားရဟန်း။

ဤရုပ်နာမ်ဟူသော ခန္ဓာငါးပါးတို့၌၊ ထူးထူးခြားခြား၊ အကြားအမြင် (သုတ-ဝါ) ဂုဏ်နှင့်ပြည့်စုံ၍ ငါဘုရားသျှင်၏ သားရင်းအစစ်ဖြစ်သော အရိယသာဝကသည် (ဧဝံ ပဿံ) မိန့်တော်သံအရဖြင့်၊ ဤသို့ဟောတော်မူခဲ့ပြီးဖြစ်သောနည်းအတိုင်း၊ "သမ္မာဒိဋ္ဌိ" မဂ်ပညာဖြင့် ကောင်းစွာသိမြင်သည်ရှိသော်၊ (သိမြင်သောအခါ၌) သုခဟူက၊ မြူမျှမဘက်၊ သက်သက် ဒုက္ခ အစစ်အမှန်ဖြစ်သော—

| | |
|---|---|
| (၁) ရူပက္ခန္ဓာဟူသော | ရုပ်တရားအစု၌ဒင်း။ |
| (၂) ဝေဒနက္ခန္ဓာဟူသော | ဝေဒနာတရားအစု၌ဒင်း။ |
| (၃) သညက္ခန္ဓာဟူသော | သညာတရားအစု၌ဒင်း။ |
| (၄) သင်္ခါရက္ခန္ဓာဟူသော | သင်္ခါရတရားအစု၌ဒင်း။ |
| (၅) ဝိညာဏက္ခန္ဓာဟူသော | ဝိညာဉ်တရားအစု၌ဒင်း။ |

မပျော်မွေ့ဘဲငြီးငွေ့လေ၏။

ဤသို့လျှင်၊ ငြိုးငွေ့ခြင်း "နိဗ္ဗိန္ဒ" ဉာဏ် ဖြစ်ပြီးနောက်၊ အစဉ်အတိုင်းသော ဉာဏ်သည် ဖြစ်၍ အရဟတ္တ ဖိုလ်စိတ်၌ အဆုံးသတ်လေ၏။

**ထိုစကားကို ဆက်၍ဆိုဦးအံ့**....ဤသို့ အကြောင်း တရားတို့၏ ကူညီ အားပေး ထောက်ပံ့ပြုပြင်မှုတို့ကြောင့် ဖြစ်ပေါ်၍ နေသော ခန္ဓာငါးပါး ဟူသော အကျိုးသင်္ခါရတရားတို့သည်၊ ဖြစ်ပြီးသော နောက်ဆုံးအချိန်၌ "ချုပ်ရမည်၊ ပျက်ရမည်"မှန်၏။

ထို့ကြောင့်—**သဗ္ဗံ တံ နိရောဓ ဓမ္မံ**=ဟူ၍ ဟောတော်မူ၏။

ထို **သဗ္ဗံ တံ နိရောဓဓမ္မံ**=ဟူသောပုဒ်အရ၊ "ပရမတ္ထဓမ္မ"သဘော အလို၊ တရားကိုယ်အရ၊ ဖော်ပြရသော်၊ ရုပ်၊ ဝေဒနာ၊သညာ၊သင်္ခါရ။ ဝိညာဉ်, အားဖြင့် ခန္ဓာငါးပါးဟူသော ဒုက္ခသစ္စာ ရ၏။ ။ထိုဒုက္ခ သစ္စာဟူသော အကျိုးသင်္ခါရတရား သဘောသည်၊(နိရောဓ-ဓမ္မ) "ချုပ်ခြင်း-ပျက်ခြင်း"သဘော ရှိ၏။ ။(ချုပ်တတ် ပျက်တတ်သော သဘောရှိ၏။)

ထိုဒုက္ခ သစ္စာဟူသော အကျိုးသင်္ခါရ တရားတို့၏ အမြဲဖြစ်စဉ်၊ (နိယာမ) သဘောကို၊ ဖော်ပြရလျှင်၊ အဆုံး၌ "ချုပ်ခြင်း-ပျက်ခြင်း, ဟူသော(ပါဠိ-ဘာသာ) (ဘင်-ဘင်) အစွန်းသဘောရှိ၍ (နိရောဓ-ဓမ္မ) မည်၏ဟုဆို၏။

ဤသို့လျှင် ပြုပြင်စီမံမှု မကင်းသော (သင်္ခတ) နယ်၌ဖြစ်သောဒုက္ခ သစ္စာ ဟူသော အကျိုးတရားတို့မည်သည်၊ နောက်၌ ပြဆို အပ်ခဲ့ပြီး ဖြစ်သော နည်းအတိုင်း၊ (အစ-စွာ) ဖြစ်ခြင်းဟူသော ဥပါဒ်အစွန်း၊ ဖြစ်ပြီးနောက် (အဆုံးစွန်) "ချုပ်ခြင်း-ပျက်ခြင်း" ဟူသော (ပါဠိ-ဘာသာ)(ဘင်-ဘင်)အစွန်း ရှိရ စမြဲပင်ဖြစ်၏။

**ဆိုဦးအံ့**···အို—ချစ်သားရဟန်းတို့။ ။(သင်္ခတ)တရား၏(သင်္ခတ) တရားဟူ-၍၊သိဘို့ရာ မှတ်ကြောင်းဖြစ်သော လက္ခဏာတို့သည်၊ ဤသုံး ပါးတို့ပင်တည်း။

အဘယ်သုံးပါးတို့ပေနည်းဟူမူကား—

(၁) ဥပ္ပါဒေါ ပညာယတိ။ ။ဖြစ်ခြင်းသဘောကို (ဥပါဒ်) ကို သိအပ်၏။

(၂) ဋ္ဌိတဿ အညထတ္တံ ပညာယတိ။ ။တည်သောသင်္ခတ တရား၏ တပါးသောအခြင်းအရာ၏ အဖြစ်ကို (အိုခြင်း၊ ရင့်ခြင်း) ကို သိအပ်၏။ ။(ဋ္ဌိတဿ အညထတ္တံဇရာ။ ။အဋ္ဌကထာဖွင့်။)

(၃) ဝယော ပညာယတိ။ ။ပျက်ခြင်း သဘောကို (ဘင်) ကို သိအပ်၏။ ။ဤသုံးပါးတို့ပင်တည်း-ဟူ၍၊ဟောတော်၏။

(၁) ဥပါဒက္ခဏော ဥပ္ပါဒေါ၊ ⎫ အင်္ဂုတ္တရ၊ တိကနိပါတ်
(၂) ဌာနက္ခဏော ဇရာ၊ ⎬ ပဌမပဏ္ဏာသက်အဋ္ဌကထာ
(၃) ဘင်္ဂက္ခဏော ဝယော၊ ⎭

ဤသို့ဖြစ်၍—

(က) ယံကိဉ္စိ သမုဒယဓမ္မံ၊

(ခ) သဗ္ဗံ တံ နိရောဓ ဓမ္မံ။

ဟူသော ပါဠိတော်၏ တိတိကျကျနှင့်၊ ရိုးရိုးသော မြန်မာဘာသာပြန် အဓိပ္ပါယ်သည်ကား၊ ဘုံသုံးပါးဟူသော (သင်္ခတ) နယ်၌ဖြစ်သော ဒုက္ခသစ္စာ ဟူသော အကျိုး-ရုပ်-နာမ်တရား တို့၏သဘောသည်—

(က) ✲ အသစ် အသစ်ဖြစ်ခြင်း ဥပါဒ်သဘော။

(ခ) ✲ ဖြစ်ပြီး၍ နောက်ဆုံးဖြစ်သောအချိန်၌၊ "ချုပ်ခြင်း-ပျက်ခြင်း"(ဘင်)သဘော အားဖြင့်၊နှစ်ပါးသာလျှင်၊ထင်ရှားစွာ တည်ရှိဖြစ်နေသည်ကို သိမြင်ကြရ၏-ဟု၊ဆိုလို၏။

ဆိုဥုံးအံ့ (က) ✲ ဖြစ်ခြင်း ဥပါဒ်နောက်၊ (ခ) ✲ တည်ခြင်း ဋ္ဌိတိ—ဟူသောစကားသည် ရှိ၏။ ထိုစကားသည်လည်း၊ (ပျက်ရမည်။ ချုပ်ရမည်။) (ဘင်္ဂက္ခဏ) သဘောသို့သာ၊ ညွတ်ကိုင်း, သက်ရောက်၍ နေခြင်းဖြစ်ရကား၊ အမြဲအစွဲး တည်နေသော တရား သဘော တခု အနေကဲ့သို့ မယူသအပ်ပေ။

ထို့ကြောင့် (သင်္ခတ) ဓာတ် ဖြစ်သော ခန္ဓာငါးပါး ဟူသော ရုပ်နာမ်တရား၊ နှစ်ပါးတို့၌ (ဖြစ်ခြင်း+ပျက်ခြင်း) သဘောကို၊ရှေ့ရှုတင်ယူ၍၊ မိမိတို့အတွက် ဖြစ်မှု–

ရုပ်-နာမ်,–ဖြစ်–ပျက်၊
ရုပ်-နာမ်,–ဖြစ်–ပျက်၊
ရုပ်-နာမ်,–ဖြစ်–ပျက်၊

ဟူသော ဤအချက်ကို၊ အဆက်မပြတ်အောင် အကြိမ်ကြိမ် (၁) နှုတ်ဖြင့် ရွတ်ဆိုခြင်း၊ (သို့မဟုတ်)စိတ်ဖြင့် စွဲမြဲစွာ အာရုံပြု၍နေခြင်းသည်ပင်၊ (ဥဒယ-ဗ္ဗယ) ဉာဏ်ဖြင့်၊ "ဖြစ်ခြင်း ပျက်ခြင်း" ကမ္မဋ္ဌာန်းတရား၊ ပွါးများ ဆင်ခြင်၍ နေသည်မည်၏။

ဤပြဆိုအပ်သောစကားသည်ကား၊ ပြုပြင်, စီမံမှုကြောင့် ဖြစ်ပေါ်လာသော (သင်္ခတ) ဓာတ်ဟူ၍ ခေါ်ဆိုရသော ခန္ဓာငါးပါးဟူသော ဒုက္ခသစ္စာတရား၌၊ (အနိစ္စသညာ) အမြဲမရှိ ဟူသော အမှတ်ထင်မြင်မှုကို ပြဆိုခြင်းမျှသာ ဖြစ်၏။

ဤသို့အားဖြင့် (အနိစ္စသညာ) ထင်မြင်လာ၍ ဝိပဿနာဉာဏ်တဆင့်ထက်+တဆင့်၊ ရင့်သန်လာသောအခါ၊ ဖြစ်ပြန်မှုလည်း၊ (သင်္ခတ) တရားဟူသော ရုပ်နာမ်နှင့် ဆန့်ကျင်ဘက် ဖြစ်သော (အသင်္ခတ) ဓာတ်-ဟူ၍၊ ခေါ်ဆိုရသော နိဗ္ဗာန်တရားသည်လည်း၊ ကလျာဏပုထုဇဉ်၊ စူဠသောတာပန် ပုဂ္ဂိုလ်တို့၌ (အနုမာန) သဘောဖြင့် ထင်မြင်လာမည် ဖြစ်၏။

**ဤအရာ၌ အနည်းငယ်… စိစစ်၍ ပြဦးအံ့**… ပုထုဇဉ် ပုဂ္ဂိုလ် ဟူသည်၊ (၁) အန္ဓပုထုဇဉ် ပုဂ္ဂိုလ်၊ (၂) ကလျာဏ ပုထုဇဉ်ပုဂ္ဂိုလ် ဟူ၍ ၂-မျိုးရှိရာ၌–

(၁) ရုပ်နာမ်တရားနှစ်ပါး၊ တိုမှအမည်ပြောင်းလွှဲ ပွါးများ၍ ခေါ်ဝေါ်အပ်သော ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, အစရှိသော တရားတို့၌၊ သင်ကြားခြင်း, နာယူခြင်း, စသည်တို့ဖြင့်၊ သိမြင်–နားလည်မှု မရှိသောသူသည် (၁) (အန္ဓ) ပုထုဇဉ်ပုဂ္ဂိုလ် မည်၏။

(မှတ်ချက်)။ "အန္ဓ=အကန်း၊ မျက်စိကန်းသောသူ၊(ပညာမျက်စိကန်းသော) ပုထုဇဉ်ပုဂ္ဂိုလ်-ဟု၊ ဆိုလို၏။

ထိုမှပြန်၍ ရုပ်-နာမ်တရား နှစ်ပါး၊ ထိုမှအမည်ပြောင်းလွဲ ပွါးများ၍ခေါ်ဝေါ်အပ်သော ခန္ဓာ, အာယတန,ဓာတ်, သစ္စာ, အစရှိသော တရားတို့၌၊ သင်ကြားခြင်း, နာယူခြင်း; စသည်တို့ဖြင့် သိမြင်-နားလည်မှုရှိသော သူသည် (၂) (ကလျာဏ) ပုထုဇဉ်ပုဂ္ဂိုလ်မည်၏။

(မှတ်ချက်)။ "ကလျာဏ=ကောင်းသည်၊ ကောင်း သော သူ၊ (ပညာမျက်စိရှိသော) ပုထုဇဉ်ပုဂ္ဂိုလ်-ဟု၊ဆိုလို၏။

ဤသို့ဖြစ်ရာ၌ (၁) ကလျာဏ ပုထုဇဉ် ပုဂ္ဂိုလ် ဟူသောအမည်နှင့် (၂) ရှင်သောတာပန်ပုဂ္ဂိုလ်=ဟူသော အမည်သည်၊ အမည်သညာမျှ ကွဲလွဲ၍ ရုပ်, နာမ်, ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, တရားတို့၌ သိမြင်မှု-နားလည်မှု-ရှိကြပုံချင်းချင်း တူကြ၍ ကလျာဏ ပုထုဇဉ်ပုဂ္ဂိုလ်။(သို့မဟုတ်) ရှင်သောတာပန် ပုဂ္ဂိုလ်မည်ကုန်၏။

ဤသို့ ဖြစ်၍ ဒိုကာကျော်၊ ရုပ်ပိုင်း၊ နိဗ္ဗာန် ပြဆာ်း၌၊ (၁) (ကလျာဏ) ပုထုဇဉ်ပုဂ္ဂိုလ်သည် (အနုမာန) သဘောဖြင့်၊ နိဗ္ဗာန်ကို အာရုံပြုနိုင်၏-ဟု၊ပြ၏။ ။(နိရောဓသစ္စာ၌၊သစ္စဉာဏ်,ကိစ္စဉာဏ်ဖြစ်နိုင်၏-ဟု၊ဆိုလို၏။)

ထိုမှတပါး၊ ဝိသုဒ္ဓိမဂ်-အဋ္ဌကထာ၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိပြဆာ်းအဆုံး၌၊ ထိုကင်္ခါဝိတရဏဝိသုဒ္ဓိ ဖြစ်ပုံစခန်းသို့၊ ဖြောင့်တန်းစွာ အသိဉာဏ်ဆိုက်ရောက်ခဲ့လျှင်၊ ထိုပုဂ္ဂိုလ်သည်၊(၂)ရှင်သောတာပန် ပုဂ္ဂိုလ်ဖြစ်ပြီ-ဟူ၍၊ ပြဆို၏။

ရှင်သောတာပန် ပုဂ္ဂိုလ်ဖြစ်ရခြင်း၏ အကျိုးသည်ကား၊ ရှင်သောတာပန် ပုဂ္ဂိုလ်သည်—

(၁) လဒ္ဓ-ဿာသ…သံသရာ၌၊ ဝဋ်ဒုက္ခ အမျိုးမျိုးတို့မှ၊ လွတ်သင့်သမျှ လွတ်မြောက်၍ သက်သာရာကို ရပြီ=ဟူ၍ပင်း။

(၂) **လဒ္ဓ-ပတိဋ္ဌ**····ထောက်ရာ, တည်ရာ, မရနိုင်အောင် နက်နဲးလှစွာသော သံသရာထဲး၌ဆွဲးရာ,ကိုင်ရာ, ထောက်ရာ,တည်ရာ,ကိုရပြီ-ဟူ၍ ၎င်း။

(၃) **နိယတ-ဂတိက**···သောတာပန်ပုဂ္ဂိုလ်အစစ်ကဲ့သို့ပင်၊ မြဲသောသုဂတိ ဘဝရှိပြီ-ဟူ၍၎င်းပြဆို၏။

[※ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ (၁) လဒ္ဓဿာသော, (၂)လဒ္ဓပတိဋ္ဌော, (၃) နိယတဂတိကော, စူဠသောတာပန္နော နာမဟောတိ=ဟူ၏။]

ဤဝိသုဒ္ဓိ-မဂ် အဖွင့် မဟာဋီကာ၌—

(၁) **လဒ္ဓ-ဿာသ**···ဆိုရာ၌၊ အစစ်အမှန်ကား၊ အရိယဖိုလ်စိတ်ပင်တည်း။

(၂) **လဒ္ဓ-ပတိဋ္ဌ**···ဆိုရာ၌၊ အစစ်အမှန်ကား၊ အရိယာမဂ်စိတ်ပင်တည်း။

ဤယခု ပြဆိုအပ်သော ပုဂ္ဂိုလ်တို့သည်ကား၊မဂ်,ဖိုလ်,မရသေး+မရောက်သေး-ဖြစ်စေကာမူ+ရဘို့ရာ,ရောက်ဘို့ရာ,ထို(ဝိသုဒ္ဓိ)အကျင့်တရားကို၊ ကျင့်ဆောက်တည် ပွါးများ၍နေသော ပုဂ္ဂိုလ်တို့ဖြစ်၍ (၁) လဒ္ဓ-ဿာသ, (၂) လဒ္ဓ-ပတိဋ္ဌ,ဖြစ်ပြီ-ဟူ၍ဖွင့်ပြ၏။

ထိုဝိသုဒ္ဓိစခန်းသို့၊ ဉာဏ်ဖြင့် သက်ရောက်ပြီးသော (ဝိပဿက) (ယောဂီ) ပုဂ္ဂိုလ်သည်၊ လောကီ သီလ, သမာဓိ, ပညာ, ပြည့်စုံခြင်းတို့ဖြင့်၊ ပြည့်စုံပြီးဖြစ်သည့် အဖြစ်ကြောင့်၊ အထက်အထက် ဖြစ်သော (ဝိသုဒ္ဓိ)စခန်းသို့၊ မလှမ်းရောက်နိုင်စေကာမူ+ ထိုသီလ, သမာဓိ, ပညာ, ပြည့်စုံမှုဖြင့်ပင်၊ (သုဂတိ ပရာယန) သုဂတိဘုံသို့၊ လားရောက်ခြင်းအမြဲအစွဲးဖြစ်နိုင်ပြီ-ဟူ၍၊ ဖွင့်ပြ၏။

**ဆိဥုးအံ့**····(သင်္ဂဟ)၌ ပြသည့်နည်းအရ၊ဝိသုဒ္ဓိ ၇-ပါးတို့တွင်—

(၁) **သီလ-ဝိသုဒ္ဓိ**···သီလ၏ စင်ကြယ်မှုဆိုသည်ကား၊ ရဟန်းတော်တို့၌ စတုပါရိသုဒ္ဓိ-သီလ၏ ပြည့်စုံမှုပင်ဖြစ်၏။ ။ လူတို့၌ ငါးပါးသီလဖြစ်၏။

(၂) စိတ္တ-ဝိသုဒ္ဓိ…စိတ်၏ စင်ကြယ်မှု ဆိုသည်ကား၊ ကမ္မဋ္ဌာန်း
အလုပ် အားထုတ်နေသော ပုဂ္ဂိုလ်အား (၁)
ဥပစာရ သမာဓိ၏ ပြည့်စုံမှု၊ (တနည်း) (၂)
အပ္ပနာ သမာဓိ၏ပြည့်စုံမှုပင်ဖြစ်၏။

(၃) ဒိဋ္ဌိ-ဝိသုဒ္ဓိ…အမြင်၏ စင်ကြယ်မှု ဆိုသည်ကား၊ ဒုက္ခသစ္စာ ဟူသော ရုပ်နာမ် တရား နှစ်ပါးတို့၌(အသေးစိတ် တပါးတပါးစီ၌) လက္ခဏာ, ရသ,ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်, အားဖြင့် ဝေဘန်၍၊ ထိုရုပ်, နာမ်, တရားတို့၌ အမြင်၏စင်ကြယ်မှု (အယူ၏စင်ကြယ်မှု)ပင်ဖြစ်၏။

ဤသို့ပြဆိုခဲ့ပြီးသော ဝိသုဒ္ဓိ သုံးမျိုးတို့ ဖြစ်ပြီးနောက်၊ (ဖြစ်စေကာမူ လည်း၊) ဤဒုက္ခသစ္စာဟူသော ရုပ်နာမ်တရား၊ နှစ်ပါးတို့၌ အကြောင်း အမျိုးမျိုးတို့ကို အဒိုပြ၍ ယုံမှားခြင်း, (ဝိစိကိစ္ဆာ) အမျိုးမျိုးတို့ သည် ဖြစ်နေဆဲပင်ရှိသေး၏။ ထိုအခါ ပဋိစ္စသမုပ္ပါဒ်နည်းအားဖြင့်၎င်း၊ +ပဋ္ဌာန်းနည်းအားဖြင့်၎င်း၊+ အကြောင်း အမျိုးမျိုးတို့ကို ဖော်ပြ၍၊ ဤအကြောင်းတရားတို့ကြောင့်သာ၊ ဤအကျိုး (ဒုက္ခသစ္စာ) တရားတို့ ဖြစ်ပေါ်လာကုန်၏။ ။အကြောင်းကြောင့် ဖြစ်ပေါ်လာရသော အကျိုး ဒုက္ခသစ္စာတရားဟူသမျှသည်၊ အကြောင်းကုန်ဆုံးသည်နှင့် တပြိုင်နက် (ဝိပဿနာမဂ္ဂ) ဟူသော အနက်သဘောအတိုင်း၊ ပျက်စီးချုပ်ငြိမ်း ကြရကုန်၏၊ စသည်ဖြင့် အဖန်ဖန်ဆင်ခြင်ရာ၏။

ဤသို့အကြိမ်ကြိမ် အဖန်ဖန်၊ ဆင်ခြင်သော အခါတိုင်းမှသာလျှင်၊ အသိဉာဏ်တရားပွါးများရင့်သန်၍ လာသဖြင့်၊ ရှေးယခင်ကပြခဲ့သော စကားအတိုင်း၊ ဒုက္ခသစ္စာဟူသော ရုပ်နာမ် တရားတို့၌၊ ယုံမှားခြင်း ''ဝိစိကိစ္ဆာ'' တရား၊ကင်းသင့်သမျှ၊ ကင်းစင်ကွာ၍ စင်ကြယ်မှုတမျိုး ဖြစ်ပြန်၏။ ။ဤသို့ ၈-ပါးသော အရာတို့၌၎င်း၊ +၁၆--ပါးသော အရာတို့၌၎င်း+ယုံမှားခြင်း ''ဝိစိကိစ္ဆာ'' တရားကို လွန်မြောက်ခြင်း သည်ပင် (ကင်္ခါဝိတရဏဝိသုဒ္ဓိ) ဖြစ်၏ဟုဆို၏။

**မှတ်ချက်**….ဤ စိတ္တ ဝိသုဒ္ဓိ၊ စိတ်၏ စင်ကြယ်မှုပင် ဖြစ်၏-ဟု၊ဆိုရာ၌၊ ကာမစ္ဆန္ဒ အစရှိသော နီဝရဏတရားတည်းဟူသော အညစ်အကြေး

တို့ကို စင်ကြယ်စေတတ်သော တရားသည်ကား စိတ်မဟုတ်ချေ။ ။စိတ်၌ (နီဝရဏ) တရားတို့ကို စင်ကြယ်စေနိုင်သော သတ္တိမရှိဖြစ်၏။

ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ, ဟူသော ဈာန်အင်္ဂါငါးပါး တရားတို့သည်သာလျှင်၊ မိမိတို့၏ သတ္တိဖြင့်၊ ဆိုင်ရာနိုင်ရာ၊ (နီဝရဏ) တရားတို့ကို စင်ကြယ်စေနိုင်၏။ ။ကင်းဝေးစေနိုင်၏။ ထိုသို့ပင်ဖြစ်စေ၊ သမာဓိ၏ အစွမ်းဖြင့်သာ စိတ်၏ (နီဝရဏ) တရားတို့မှ ကင်းဝေးစင်ကြယ်သည်၏ အဖြစ်ကြောင့် စိတ်ကို ပဓာနပြု၍(စိတ္တဝိသုဒ္ဓိ) ဟူ၍ခေါ်၏။ ။တိုက်ရိုက်အမှန်ဆိုးစကားသည်ကား၊ (ဧကဂ္ဂတာ) ခေါ်သော သမာဓိသည်(စိတ္တဝိသုဒ္ဓိ)မည်၏။

ဤစကားဖြင့် သမထဘာဝနာကို၊ အရင်းတည်ပုံကို ပြဆို၏။ ။ ထိုနောက်မှ ဝိပဿနာသဘောသို့ ဆိုက်အောင်၊ ရုပ် နာမ်ဟူသော အာရုံကို ပြောင်းလွှဲ၍ (ဒိဋ္ဌိဝိသုဒ္ဓိ)ကို ပြဆို၏ဟူ၍မှတ်။ ။ထိုနောက် ၌ (ကင်္ခါဝိတရဏဝိသုဒ္ဓိ) စခန်းသို့၊ အသိဉာဏ်တိုင် ရောက်ခဲ့လျှင်၊ (စူဠသောတာပန်) ပုဂ္ဂိုလ်ဖြစ်၍ (သုဂတိဘဝ) ရောက်ဘို့ရာ မြဲပြီ–ဟူ၍မှတ်ရာ၏။

''ဥဒယ ဗ္ဗယ''ကမ္မဋ္ဌာန်း၊ စီးဖြန်းဆင်ခြင်ရာ၌၊ရအပ်သော အကျိုးပြ၊ ဂါထာတမျိုးသည်ကား–ဤသို့တည်း။

(က) သုညာ ဂါရံ ပဝိဋ္ဌဿ၊ သန္တစိတ္တဿ ဘိက္ခုနော။
အ-မာနုသီ, ရတိ ဟောတိ၊သမ္မာ ဓမ္မံ ဝိပဿတော။ ။
(ဓမ္မပဒ၊ ဘိက္ခုဝဂ်၊ ၂၅၇-သမ္ဗဟုလဘိက္ခုဝတ္ထု)

(က) သုညာ ဂါရံ၊ လူသံတိတ်၍၊ ဆိတ်ငြိမ်ရာ တောကျောင်းသို့။ ပဝိဋ္ဌဿ၊ တကိုယ်တည်းဖြင့်၊ ခိုခိုးကိန်းအောင်းလျက်။ သန္တစိတ္တဿ၊ မိစ္ဆာ-ဝိတက်၊ မနှောင့်ရှက်ဘဲ၊ ငြိမ်သက်သော စိတ်ရှိသည် ဖြစ်၍။ ဓမ္မံ၊ ရုပ်နာမ် နှစ်ပါး၊ တရားအစု၌၊ ဖြစ်မှု-ပျက်မှု သဘောကို။ ဝိပဿတော၊ အထူးပြု၍၊ ရှုနေလေ့ရှိသော။ ဘိက္ခုနော၊ ရဟန်းအား၊ အ-မာနုသီ၊ ကာမဂုဏ်ဟူ၊ မပြတ်ပူသည့်၊ လူတို့နှင့်မတန်၊ မဆက်ဆံသော။ ရတိ၊ မွေ့လျော်ခြင်းတကာ၊ မနိုင်းရာသော ဘာဝနာနှုဘော်၊ တရားဖျော်၍၊ မွေ့လျော်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

(ခ) ယတော, ယတော, သမ္မသတိ၊ ခန္ဓာနံ ဥဒယဗ္ဗယံ။
လဘတိ, ပီတိ-ပါမောဇ္ဇံ၊ အမတံ, တံ, ဝိဇာနတံ။
(ဓမ္မပဒ၊ ဘိက္ခုဝဂ်၊ ၂၅၇-သမ္မဟုလဘိက္ခုဝတ္ထု)

(ခ) ယတော, ယတော၊ အမှတ်မထင်၊ အကြင်အကြင်အခါ၌။ ခန္ဓာနံ၊ ရုပ် နာမ် နှစ်ဖြာ၊ ခန္ဓာ ငါးပါးတို့၏။ ဥဒယဗ္ဗယံ၊ ဖြစ်ခြင်း, ပျက်ခြင်းကို။ သမ္မသတိ၊ သုံးသပ် ဆင်ခြင်၏။ တတော, တတော၊ ထိုထို ခန္ဓာ ငါးတန်၊ ဖြစ် ပျက် ဟန်ကို၊ အဖန်ဖန် အထပ်ထပ်၊ သုံးသပ် ဆင်ခြင်သောအခါ၌။ ဘိက္ခု၊ ရဟန်းသည်။ ပီတိ—ပါမောဇ္ဇံ၊ ရှေးရှေး ကာလ၊ ခါ-သမယ၌၊ မရစဘူး၊ အလွန် ထူးသည့်၊ ကျေးဇူး လေးနက်၊ နှစ်သက် ဝမ်းမြောက်ခြင်းကို။ လဘတိ၊ ရ၏။ တံ-ပီတိ-ပါမောဇ္ဇံ၊ခန္ဓာ ငါးစု၊ ဖြစ်ပျက်မှုကို၊ ရှုသောကာလ၌၊ ရအပ်သော-ထိုနှစ်သက်ခြင်း, ဝမ်းမြောက်ခြင်းသည်။ ဝိဇာနတံ၊ ဝိပဿနာ ပညာရှိဖြစ်သော ရဟန်းတို့အား။ အမတံ၊ ပဋိပတ်-အစစ်၊ အနှစ် ဟူထိုက်၊ အမြိုက် သုခ ဘုတ်သည်။ ဟောတိ၊ ဖြစ်၏။

**မှတ်ချက်**…အသျှင်- "သာရိပုတ္တရာ" ထေရ်, အသျှင် "မောဂ္ဂလာန" ထေရ်, ဖြစ်လာကြကုန်သော (ဥပတိဿ) နှင့် (ကောလိ-တ) တို့၊ နေ့ညမသွေ၊ ရှာဖွေကြသော, မသေရာ ဖြစ်သော နိဗ္ဗာန်သို့ ရောက်ကြောင်း၊ အကျင့်ကောင်းတရားသည်ကား၊ ဤ "ဥဒယ ဗ္ဗယ" ဘာဝနာဉာဏ်သည်ပင် ဖြစ်၏-ဟု၊ ဆိုလို၏။

**ဝတ္ထုရင်းဖြစ်စဉ်**…မြတ်စွာဘုရားသျှင်သည် ယူဇနာ, တရာ့နှစ်ဆယ်, မျှဝေးကွာသော တောကျောင်း သစ်ပင်ရင်း၌ ကမ္မဋ္ဌာန်းတရား၊ ပွါးများဆင်ခြင်၍ နေကြကုန်သော ရဟန်း, ကိုးရာ (၉၀၀)တို့=ရှိရာအရပ်သို့၊ ဇေတဝန်ကျောင်း "ဂန္ဓကုဋီ" တိုက်မှ နေလျက်၊ ရောင်ခြည်တော် ခြောက်ဆိုင်ကို၊ အပြိုင်ပြိုင်ကွန့်မြူး ထွန်းပစေ၍၊အနီး၌ ရပ်တည်သကဲ့သို့၊ဖြစ်စေပြီးလျှင်၊ဤ(**သုညာဂါရံ ပဝိဋ္ဌဿ**) ဟူသော ဂါထာ ၂-ပုဒ်အတွင်း ပါသော (၉)ဂါထာခွဲးကို၊ဟောတော်မူရာ၊ ထိုရဟန်းကိုးရာ (၉၀၀) တို့သည် "**ပဋိသမ္ဘိဒါပတ္တ**" ရဟန္တာ ဖြစ်ကြ၍၊ ကောင်းကင် ခရီး၊ ဈာန်ယာဉ် စီးလျက်၊ အုံ့ချီး ဘွယ်ရာ၊ မြတ်စွာ ဘုရားသျှင်၏အထံမှောက်သို့၊ လာရောက် ဖူးမျှော်ကြကုန်၏။

ဤသို့မျှ၊အကျိုးကျေးဇူး၊ ထူးမြတ် လှပေသော "ဥဒယဗ္ဗယ" ကမ္မဋ္ဌာန်း၊ ကြိုးပန်း ပွါးများ သင့်ကြောင်း, တိုက်တွန်းချက် ဥဿျောဇဉ်ဂါထာ။

(ဂ) ဥဒယ ဗ္ဗယ သခ်ါရေ၊ နိဗ္ဗိန္ဒိတွာ န ပဏ္ဍိတော။
သ–ကိစ္စ-မနုယုဥ္ဇေယျ၊ မောဃ ကာလံ န, ခေပယေ။ ။

(ဂ) ပဏ္ဍိတော၊ ဝိပဿနာဉာဏ်၊ ထက်သန်မြင်သိ၊ ပညာရှိဖြစ်သောသူသည်။ ဥဒယ ဗ္ဗယသခ်ါရေ၊ ဖြစ်ခြင်း ပျက်ခြင်း၊ မကင်းရာသော (သခ်ါရ) ခေါ်သော ရုပ်-နာမ် တရား နှစ်ပါး၌။ နိဗ္ဗိန္ဒိတွာန=နဖူးလက်တင်၊ ဆင်ခြင် မှိုင်းမွေ့၊ ငြီးငွေ့ကြလျက်။သ-ကိစ္စံ၊ မိမိကိုယ်တိုင်၊ ကိုယ်ပိုင်ဉာဏ်ဖြင့်၊ အမှန်သိအောင်၊ ပြုသင့်, ပြုအပ်, ပြုထိုက်လှသော ကမ္မဋ္ဌာန်းအလုပ်ကို။ အနုယုဥ္ဇေယျ၊ လုံ့လကြိုးကုတ်၊ အားထုတ်ရာ၏။ မောဃ ကာလံ၊ တသက်လျှာ မျှ၊ တဝမ်း-ဝ-ခါ၊ လိုရာ-မပြီး၊အချည်းနှီးသော အချိန် (ကာလ) ကို။ န-ခေပယေ၊ ပုထုဇဉ်-အလေ့၊ မေ့ကြီးမေ့၍၊ အတွေ့-ဟူသော အာရုံလွှမ်း၍၊ မကုန်ခန်းကြစေရာသတည်း။

**ထိုမှတပါးပြဆိုဥုးအံ့**···သောတာပန် ပုဂ္ဂိုလ်အစရှိသော အရိယာပုဂ္ဂိုလ်တို့၏ ဉာဏ်၌၊ မဂ်၏ သတ္တိဖြင့်၊ နိဗ္ဗာန်တရားသည်၊ မျက်မှောက် ထင်ထင်၊ အာရုံအနေဖြင့်၊ သက်ဝင်လာမည် ဖြစ်၏။

[×**သစ္ဆိကတွာတိ=ပစ္စက္ခံကတွာ၊ စေတေန အနုမာနာဒိ ပဋိက္ခေပေါ်ကတော ဟောတိ။**] ဟူ၍ဖွင့်ပြ၏။

ထိုသို့ထင်မြင်ပေါ်လာသော အသခ်တဓာတ်၊ "နိဗ္ဗာန်" ဟူသော တရား၌ကား–

(၁) ※ဖြစ်ခြင်း, ဖြစ်တတ်သော "ဥပါဒ်" ဋ္ဌန်းမရှိ။
(၂) ※ပျက်ခြင်း, ပျက်တတ်သော "ဘင်" ဋ္ဌန်းမရှိ။

**ဆိုဥုးအံ့**···ဒို–ချစ်သားရဟန်းတို့။ ။အသခ်တ, တရား၏၊အသခ်တ, တရား-ဟူ၍၊ သိဘို့ရာမှတ်ကြောင်းဖြစ်သော လက္ခဏာတို့သည်၊ ဤသုံးပါးတို့ပင်တည်း။ ။အဘယ်သုံးပါးတို့ ပေနည်းဟူမူကား–

(၁) နဥပ္ပါဒေါ ပညာယတိ။ ။ဖြစ်ခြင်းသဘောကို (ဥပါဒ်) ကို မသိအပ်။

(၂) နဌိတဿ အညထတ္တံ ပညာယတိ။ ။တည်သောအသခ်တ တရား၏ တပါးသောအခြင်းအရာ၏ အဖြစ်ကို (အိုခြင်း-ရင့်ခြင်း)ကို-မသိအပ်။

(၃) နဝယော ပညာယတိ။ ။ပျက်ခြင်းသဘောကို- မသိအပ်။ ဤသုံးပါးတို့ပင်တည်း-ဟု၊ဟောတော်မူ၏။

ထိုမှတပါးမြဥုးအံ့…သုတ်သီလက္ခန်-ပါဠိတော်၊ကေဝဋ္ဋသုတ်၌—

{ ဝိညာဏံ အနိဒဿနံ၊
{ အနန္တံ သဗ္ဗတောပဘံ=ဟူ၍—

ဟော တော် မူ ရာ၊ (နိဗ္ဗာန်) ၏ ဂုဏ် ပြ၊ (အနန္တ) ပုဒ် ကို၊ (ဥပ္ပါဒန္တော ဝ ါ, ဝယန္တော ဝ ါ, ဌိတဿ အညထတ္တန္တော ဝ ါ, တေဿ နတ္ထိတိ အနန္တံ)ဟူ၍၊ အဋ္ဌကထာ၌ ဖွင့်ပြ၏။

''ဥဒယဗ္ဗယ ကမ္မဋ္ဌာန်း၊ စီးဖြန်းဆင်ခြင်ရာ၌ ယောဂီ ပုဂ္ဂိုလ်တို့ရအပ်သော အကျိုးပြဂါထာ။

(ဃ) ယောစဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာ-ဟံ ဇီဝိတံသေယျော၊ ပဿတော ဥဒယဗ္ဗယံ။ ။
(ဓမ္မပဒ၊သဟဿဝဂ် ၉၂-ပဋာစာရီဝတ္ထု)

(ဃ) ယောစ၊ အကြင်သူသည်ကား။ ဥဒယ-ဗ္ဗယံ၊ ရုပ်- နာမ် နှစ်ပါး၊ တရားအစု၌၊ ဖြစ်မှု ပျက်မှုကို။ အပဿံ၊ ဉာဏ်၌ထင်အောင်၊ မသိမြင် မရှုကြည့်ပါဘဲ။ ဝဿသတံ၊ အနှစ်တရာ၊ ရှည်ကြာသော ကာလပတ်လုံး။ ဇီဝေ၊ အသက်ရှည်ငြားအံ့။ တံ၊ ထိုသို့ အနှစ်တရာ၊ ရှည်ကြာလေအောင်၊ အသက်ရှည်ခြင်းသည်။ န—သေယျော၊ မမြတ် လှချေ။ ဥဒယဗ္ဗယံ၊ ရုပ် နာမ် နှစ်ပါး၊ တရားအစု၌၊ ဖြစ်မှု ပျက်မှုကို။ ပဿတော၊ ဝိပဿနာဉာဏ်ဖြင့်၊ အမှန်ကိုသိမြင်သော ပုဂ္ဂိုလ်၏။ ဧကာဟံ၊ (ဧက+အဟံ) တနေ့ တရက်မျှ။ ဇီဝိတံ၊ အသက်ရှည်ရ ခြင်းသည်။ သေယျော၊ချီးမွမ်းအပ်၍ မြတ်လှပေ၏။

**မှတ်ချက်**…''**ပဋ္ဌာစာရီ**'' အမျိုးသမီးအား၊ သောတာပန်တည်၍၊ ရဟန်းမိန်းမဖြစ်ပြီးနောက်မှ၊ (**ဥဒယဗ္ဗယ**) ကမ္မဋ္ဌာန်း၊ ရှုစီးဖြန်း၍နေရာတွင်၊ မြတ်စွာဘုရားသျှင်သည်၊ (ဂန္ဓကုဋိ) တိုက်တော်မှနေလျက်၊ ရောင်ခြည်တော်လွှတ်ပြီးလျှင်၊ (**ယောစ ဝဿသတံ ဇီဝေ**)=အစရှိသော ဤဂါထာကို ဟောတော်မူရာ၊ ပဋိသမ္ဘိဒါပတ္တ ရဟန္တာမိန်းမဖြစ်၍၊ ဝိနည်းမိုရ်အရာ၌၊ ဧကဒဂ်ရလေ၏။

> { **ယောစ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ**
> { **ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။**

{ **တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ ဝိနယ-**
{ **ဓရာနံ ယဒိဒံ ပဋ္ဌာစာရာ။ [ဧကနိပါတ် ဧတဒဂ္ဂဝဂ်။]**

ဤသို့ဖြစ်၍ အသျှင် ''**ကောဏ္ဍည**'' (ဉာသိပဗ္ဗဇ္ဇာ) ရဟန်းအား၊ ''သောတာပတ္တိ''မဂ်ဉာဏ်၏ သတ္တိသဘောဖြင့်၊ ထင်မြင်၍ နေပုံသည်ကား၊ နောက်၌ပြခဲ့ပြီးဖြစ်သော--

{ (က) **ယံကိဉ္စိသမုဒယဓမ္မံ၊**
{ (ခ) **သဗ္ဗံ တံ နိရောဓဓမ္မံ**=ဟူသည်ပင်တည်း။

ဤတွင်၊-

နိရောဓ ဓမ္မံ=ဟူသောပုဒ်၏အရ
အကျဉ်းချုပ်အဓိပ္ပါယ်ပြခဏ်းပြီး၏။

---

## (ဥယျောဇဉ်တိုက်တွန်းချက်စကား)

ဤသို့ ပြဆိုအပ်ခဲ့ပြီးဖြစ်သော ဒုက္ခသစ္စာဟူသော အကျိုးတရား ရုပ် နာမ် နှစ်ပါးတို့ကို၊ ဤ ရုပ် နာမ် တရားတို့သည်၊ ဖြစ်ပေါ်လာပြီး နောက်၊ ပျက်၍+ပျက်၍သာ၊ ကုန်ဆုံးသွားကြရသဖြင့်၊ (**အနိစ္စ သညာ**) အမြဲမရှိသော ဒုက္ခသစ္စာ- ရုပ် နာမ် ဟူသော အကျိုးတရားတို့ပါ တကားဟု=ဉာဏ်ဖြင့် မဆင်ခြင်၊ မထင်မြင်ဘဲ၊ ပုဂ္ဂိုလ် သတ္တဝါ၊ ငါ- သူတပါး-ဟူ၍သာ၊ ထင်မြင်စွဲလမ်း၍၊ အကန်းအတိသာ ဖြစ်၍နေ ခြင်းဖြစ်ခဲ့မှု [**ရုပ် နာမ် ဖြစ်ပျက်×ရုပ် နာမ် ဖြစ်ပျက်**] ဟူသော ဤစကား အဆက်အတိုင်းပင်၊ တဘဝမှသည်+တဘဝသို့ရင်း၊ တဘုံမှသည်+ တဘုံသို့ရင်း၊ စုန်ကာ ဆန်ကာဖြင့်၊ တပြောင်း ပြန်ပြန်၊ (**ဖြစ်ချည်+ ပျက်ချည်+ဖြစ်ချည်+ပျက်ချည်**)နှင့်၊အတည်မကျ၊ဘဝ-မဆုံး၊ဘုံ-မဆုံး

ဖြစ်၍၊ (သန္တိသုခ-အမတ-ဓာတ်) ဟူသောစကားလုံးသည်၊ မိမိအတွက်၊ အဓိပ္ပါယ်အသုံးမပြုရ၍၊ ရှုံးရ ချေမည်ဖြစ်၏။

ထို့ကြောင့် အသျှင် "ကောဏ္ဍည" (ဣသိပတ္တန္ဓ) ရဟန်း၏ ဉာဏ်အမြင်ဖြင့်၊ ထင်မြင်လာသော ကျင့်စဉ်ထုံးကို၊ နှလုံးသွင်း နည်းယူကြလျက်၊မိမိတို့အတွက်—

(၁) ×ရုပ်—နာမ်,ဖြစ်-ပျက်၊
(၂) ×ရုပ်—နာမ်,ဖြစ်-ပျက်၊
(၃) ×ရုပ် နာမ်,ဖြစ်-ပျက်၊

ဟူသော၍စကားအချက်ကို၊ နှစ်နှစ်သက်သက်၊အားတက်ဝမ်းမြောက်စွာ၊စိတ်၌ထုံ၍၊ အာရုံပြုပွါးများကြကုန်လျက်၊(ရုပ်-နာမ်) ချုပ်ငြိမ်း၊ ခပ်သိမ်း ဒုက္ခ၊ ကင်းစင်ပ၍၊ မြေချမ်းသာလှစွာသော (သန္တိ သုခ) အမတ—ဓာတ်၊ နိဗ္ဗာန်ဟူသော တရားမြတ်သို့၊ ဆိုက်ကပ်ဒိုလ့်ုနိုင်ကြရအောင်၊ သတိဆောင်ပြုသင့်လှပေ၏။

(င) အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒ--ဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပ—သမော သုခေါ။ ။
(သဂါထာဝဂ္ဂ-ဒေဝတာ သံယုတ်)

(င) သင်္ခါရာ၊ ရုပ်နာမ်နှစ်ဖြာ၊ ခန္ဓာငါးပါးဟူသောသင်္ခါရတရားတို့သည်။ ဝတ၊ စင်စစ်ကေန်၊ အမှန်အားဖြင့်။အနိစ္စာ၊ ကုန်ခြင်း, ပျက်ခြင်းသဘောဖြစ်၍ အမြဲမရှိလေကုန်။

ယသ္မာ၊အကြင့်ကြောင့်။သင်္ခါရာ၊ရုပ် နာမ် နှစ်ဖြာ၊ခန္ဓာငါးပါးဟူသော သင်္ခါရတရားတို့သည်။ ဥပ္ပဇ္ဇိတွာ၊တဘဝ+တဘဝအနေဖြင့်၊အသစ်အသစ်ဖြစ်ပေါ်လာပြီး၍။ နိရုဇ္ဈန္တိ၊ ဖြစ်နေဆဲးသောဘဝမှ၊ ချုပ်ဆုံးကုန်ပျက်၍ သွားကြလေကုန်၏။

တသ္မာ၊ ထို့ကြောင့်။ သင်္ခါရာ၊ ရုပ် နာမ် နှစ်ဖြာ၊ ခန္ဓာငါးပါးဟူသော သင်္ခါရတရားတို့သည်။ ဥပ္ပါဒ-ဝယ-ဓမ္မိနော၊ ဖြစ်ခြင်း+ပျက်ခြင်းသဘောမျှသာဖြစ်ကုန်၏။

တေသံ၊ ထိုဖြစ်ခြင်း, ပျက်ခြင်း၊ မကင်းနိုင်ကြ၊ ရုပ်-နာမ်ဓမ္မ-ဟူသော သင်္ခါရတရားတို့၏။ ဝူပ-သမော၊ အဆုံးတိုင်ချုပ်ရာ+ငြိမ်းရာဖြစ်သော အသင်္ခတဓာတ်၊ နိဗ္ဗာန်ဟူသော တရားမြတ်သည်၊ သုခေါ၊ သန္တိသုခ၊ချမ်းသာကေန်၊ စင်စစ်မှန်သတည်း။

မှတ်ချက်။ ။ဤဂါထာ၌၊ ဓမ္မစကြာ နည်းပြ၊ သစ္စာလေးပါးကောက်ယူပုံဖေါ်ပြရလျှင်—

(၁) "အနိစ္စာဝတ- သင်္ခါရာ၊ ဥပ္ပါဒဝယ ဓမ္မိနော။ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ"၊ တိုင်အောင်သောပါဠိဖြင့်၊ အကျိုး ဒုက္ခသစ္စာကို ဖေါ်ပြ၏။

(၂) "တေသံ ဝူပသမော သုခေါ" ဟူသောပါဠ်ဖြင့်၊ အကျိုး နိရောဓသစ္စာကို ဖေါ်ပြ၏။ ။အကျိုးသစ္စာတရား နှစ်ပါးကို၊ တိုက်ရိုက်ဖေါ်ပြသဖြင့်၊ အကြောင်းသမုဒယသစ္စာ-မဂ္ဂသစ္စာတရား နှစ်ပါးကိုလည်း၊ နေယျတ္ထ နည်း, အဝိနာဘာဝ နည်းတို့ဖြင့်၊ ဖေါ်ပြခြင်း ကိစ္စပြီး၏၊ဟူ၍- မှတ်ရာ၏။

ဤတွင် ဥဒေယျာဇဉ်တိုက်ဝွန်းချက်
စကားတရပ်ပြီး၏။

---

## အသျှင်မြတ် ''အညာသိကောဏ္ဍည'' ထေရ်၏ကျင့်စဉ်ထုံးကို နှလုံးသွင်းနည်းယူလျက် လိုက်နာပြုကျင့်ကြရန် ဥဒေယျာဇဉ်တိုက်ဝွန်းချက်ပြခန်း

ဤသို့ ပြဆိုအပ်ခဲ့ပြီး ဖြစ်သော စကားအစဉ်ဖြင့်၊ ဤအသျှင် "ကောဏ္ဍည"(ဉာသိပဗ္ဗဇ္ဇာ)ရဟန်းသည်၊ ဤဂေါတမမည်တွင်၊ ဗုဒ္ဓမြတ်စွာဘုရားသျှင်၏အထံ၌၊ "ဓမ္မစကြာ" ဒေါ၊ သစ္စာလေးပါးပြ၊ တရားတော်မြတ်ကို၊ နတ်လူပြဟ္မာ၊ သတ္တဝါအပေါင်းတို့ထက်၊ နှစ်သက်ကြည်နူး၊ စိတ်ရွှင်မြူးသျက်၊ ဦးဦးဖျားဖျား၊ ကြားနာရ၍၊ ထိုသစ္စာလေးပါး၊ တရားအစဉ်ကို၊ "သောတာပတ္တိ" မဂ်ဉာဏ်ဖြင့် သိမြင်၍၊ အရိယာဇာတ်၊ မြင့်မြတ်သော ပုဂ္ဂိုလ်၏ အဖြစ်ဟူသော ဘုံသို့၊ ခိုလှုံကပ်ရောက်ရလေပြီ။ ။ဖေဟိဘိက္ခု၊ရဟန်းအစစ် ဖြစ်ရလေပြီ။

**ထိုမှတပါး**…စကြဝဠာပေါင်း တသောင်းသော ဤလောကဓာတ် တိုက်ကြီးသည်၊ ရိုက်ဟည်းမြည်ကြွေး၊ ကောင်းချီးပေး လျက်၊ ဧးယင်ပုခက်-လွှဲးသကဲ့သို့၊ နွဲ့းကာ+နွဲ့းကာ၊တုန်လှုပ်ခြင်းစသည် တို့သည် ဖြစ်ရလေကုန်ပြီ။

ဤသို့စသည်ဖြင့်၊ ချီးကျူးစကား၊ ကြားနာရသူတိုင်းပင်၊ ညွတ် ကိုင်းသက်ဝင်၍၊ မိမိတို့သည်လည်း၊ ဤအသျှင် "ကောဏ္ဍည" (ဥာသိ ပဗ္ဗဇ္ဇ) ရဟန်းကဲ့သို့ပင်၊ ဖြစ်ရလိုသော်+ဖြစ်ချင်သော်ဟု၊ ဇောစိတ် သမ္မာ ဆန္ဒ၊ ဝီရိယ-ဓာတ်၊ မြင့်မြတ်သော စိတ်နှလုံးသွင်း၊ ရှိကြမည် ကိုကား=ယုံမှားဘွယ်ရာမရှိချေ။

လိုသို့ပင်ဖြစ်စေ၊ ဤသို့ဖြစ်ရာ၌၊ ဤအသျှင် "ကောဏ္ဍည" ရဟန်း သည်၊အဘယ်မည်သောကပ္ပါ၌၊+အဘယ်မည်သော ဗုဒ္ဓမြတ်စွာဘုရား သျှင်၏ လက်ထက်၌၊+အဘယ်မည်သော ကောင်းမှုကုသိုလ် အထူးကို၊ ဖြည့်ဆည်းပူးခဲ့၍၊ ဤသို့ ထူးမြတ်သော အကျိုးကို ရရှိပါသနည်း။

ဤသို့ ထူးမြတ်သော အကျိုးတရား ရရှိလေအောင် ရှေးဆောင် ထောက်ပံ့ ကူညီသော (ပကတူပ နိဿယ) ပစ္စည်းဖြင့် ကျေးဇူးပြုပုံ အဆက်ကို၊ နှစ်သက်ဝမ်းမြောက်စွာ, အတုပြု၍ လိုက်နာပြုကျင့်ရန် သိလိုရေးဖြင့် မေးလျှောက်ဘွယ်ရာ စကားရှိ၍ ထိုအမေး စကားကို၊ ဖြေကြားခြင်းငှါ၊အောက်၌ဖော်ပြအပ်သော ဝတ္ထုအဆက်ကိုအမြွက် မျှပြဦးအံ့။

**ဒီပင်္ကရာဘုရား+ ကောဏ္ဍညဘုရား+** အစရှိကုန်သော, နှစ်ကျိပ် ရှစ်ဆူကုန်သော ဘုရားသျှင်တို့၏ ပွင့်စဉ်အတိုင်း၊ (၉) ကြိမ်မြောက် ပွင့်တော်မူသော (**နာရဒ**)မည်သွင်၊ ဗုဒ္ဓမြတ်စွာဘုရားသျှင် ပွင့်တော်မူ ပြီးသော ကပ္ပါနောက်၊ တသင်္ချေကို လွန်၍ ဤဘဒ္ဒကပ် ကပ္ပါသစ်မှ ပြန်၍ရေတွက်သော်၊ ကပ္ပါတသိန်းထက်၊ တခုသောမဏ္ဍကပ္ပါ၌ လူတို့ ၏အသက် (**တသိန်းတမ်း**) နေရစဉ်အခါ၊ ဆယ်ကြိမ်မြောက် ဖြစ်သော အကြိမ်၌ **ပဒုမုတ္တရ**၊ဗုဒ္ဓမြတ်စွာဘုရားသျှင်သည်၊ ပွင့်တော်မူလာပြီဖြစ် ၍(**ဗောဓိပလ္လင်**) သတ္တာဟမှစ၍(ခုနစ်-သတ္တာဟ) ရက်ပေါင်း(၄၉) ရက်၊ အထွက်နေ့သို့ ရောက်လာ၏။

ဤအချိန်၌ ဤယခုပြဆိုအပ်ခဲ့ပြီးဖြစ်သော အသျှင်- (ကောဏ္ဍည) ထေရ်အလောင်းသည်၊ တုသိတာ နတ်ဘုံ၌၊ နတ်သားအဖြစ်ဖြင့်၊ ဖြစ်နေခိုက်ကြ၏။

ဤသို့ဖြစ်ရာ၊ လူတို့ပြည်၌၊ ပဒုမုတ္တရ၊ ဗုဒ္ဓမြတ်စွာဘုရားသျှင်ပွင့်တော်မူနေပုံကို သိမြင်၍၊ ထိုနတ်တို့၏ စံရာ၊တုသိတာဘုံအတွင်းမှ၊ စုန်ဆင်းခဲ့ပြီးလျှင်၊ ထိုမြတ်စွာဘုရားသျှင်အား၊ဦးဦးဖျားဖျား၊ ဆွမ်းတော်ဦးအလှူကို ကြည်ဖြူစွာ ဆက်ကပ်လှူဒါန်းလေ၏။

(ဤအရာ၌ ''တပုဿ,ဘလ္လိက''ကုန်သည် ညီနောင်တို့၊ ဤဂေါတမ ဗုဒ္ဓမြတ်စွာဘုရားသျှင်အား၊ မုံ့ဆွမ်း အလှူပြုပုံကို အာရုံရှေးရှုသတိပြုကြရာ၏။)

ဤသို့ ကပ်လှူ ပူဇော်ပြီးနောက်၊ ဤသို့ လျှောက်ကြားလေ၏။

ဘုန်းတော်ကြီးလတ်၊ အသျှင်မြတ်ဘုရား။ ။

(တပည့်တော် နတ်သားသည်) အသျှင်မြတ်ဘုရားအား၊ ဤဆွမ်းတော်ဦးအလှူကို ကြည်ဖြူစွာ၊ လှူဒါန်းရသော ကောင်းမှု ကုသိုလ်ကံကြောင့်၊ ဤယခု အသျှင်မြတ်ဘုရား၏ အထံ၌၊ ခစားလျက်ရှိနေသော (မိထိလာ) ပြည်ဘွား၊ (ဒေဝလ) မင်းသား၊ (သုဇာတာ) မင်းသား၊ နှစ်ဦးတို့ကဲ့သို့၊ ထူးမြတ်သော သစ္စာလေးပါးပြ၊ ''ဓမ္မ-စကြာ'' တရားတော်မြတ်ကို၊ ဦးဦး ဖျားဖျား၊ ကြားနာ သိမြင် ရပါလို၏၊ အသျှင်မြတ်ဘုရား-ဟူ၍၊ လျှောက်ကြားလေ၏။

ထိုအခါ၊ ပဒုမုတ္တရ မြတ်စွာဘုရားသျှင်သည်၊ ဤသို့ စကားပြန်ကြား မိန့်ဆိုတော်မူ၏။

အသင်-ဒါယကာနတ်သား။ ။အသင်သည်၊ ဤဆွမ်းတော်ဦးအလှူကို၊ကြည်ဖြူစွာ လှူဒါန်းရသော ကောင်းမှုကုသိုလ်ကံကြောင့်၊ ဤကပ္ပါမှနောက်၊ ရောက်လတ္တံ့ဖြစ်သော ဘဒ္ဒကပ်-ကပ္ပါသစ်၌၊ ဩက္ကာ ကရာဇ်၊ နေနွယ် ဖြစ်သည့်၊ မင်းစစ်, မင်းမျိုးမှ ဆင်းသက် ဖွားမြင်လာသော (ဂေါတမ)မည်တွင်၊ ဗုဒ္ဓမြတ်စွာဘုရားသျှင်သည်၊ လူတွင် ထင်ရှား၊ ဘုရားသျှင် စင်စစ် ဖြစ်၍ ပွင့်တော်မူလာလတ္တံ့။

ထိုဘုရားသျှင်၏ လက်ထက်၌၊ အသင်နတ်သားသည် "ကောဏ္ဍည" ဟူသော အမည်ဖြင့် "ဓမ္မ-စကြာ"ခေါ်၊ သစ္စာလေးပါးပြ၊ တရားအထူးကို၊ဥုးဥုး ဖျားဖျား၊ကြားနာ သိမြင်ရလတ္တံ့=ဟူသော ဗျာဒိတ်စကား မိန့်ကြားခြင်းကို ခံယူရ၏။

ဤအချိန်မှစ၍ ဤ "ကောဏ္ဍည" ထေရ် အလောင်းသည်၊ကောင်းမှု အလီလီ၊ ပါရမီ အစုစုတို့ကို၊ အနု အရင့်၊ ပြကျင့် ဆည်းပူးလျက်၊ တဘဝ မှသည်+တဘာ သို့ရင်း=တဘုံမှ သည်+တဘုံသို့ရင်း=စုန်ကာ ဆန်ကာ ြင့်၊ တပြောင်း ပြန်ပြန်၊ကျင်လည် မျောပါး၍ လာခဲ့လေရာ၊ နောက်ဆုံးဖြစ်သော ဤအချိန်+ဤကပ္ပါ+ဤအခါ၌=

ဤယခု ထင်ရှားစွာ ပြဆိုအပ်ခဲ့ပြီးဖြစ်သော စကားစဉ်အတိုင်း ဤ (ဂေါတမ) မည်တွင်၊ ဗုဒ္ဓ-မြတ်စွာ ဘုရားသျှင်၏ လက်ထက်၌၊ "ကောဏ္ဍည" ဟူသော အမည်ဖြင့်၊ ဤ "ဓမ္မစကြာ" ခေါ်၊ သစ္စာလေးပါးပြ၊တရားတော်ကိုကြားနာရ၏-ဟူ၍ (ကောဏ္ဍည-)ထေရ အပဒါန်၌ဟောတော်မူ၏။ ။အကြောင်း ုးစုံ အစ, အလယ်, အဆုံး, ဝတ္ထုအကျယ်ကို၊ "ဓမ္မ-စကြာဝတ္ထုတော်ကြီး" ၌ ကြည့်ရှုကြလေ။

(ဥပယျောဇဉ် တိုက်တွန်းချက် စကား)

(၁) သမ္မာ-သမ္ဗုဒ္ဓ၊ ဂေါတမ-မည်တွင်၊ ဗုဒ္ဓ-မြတ်စွာဘုရားသျှင် အစစ်၊ ဖြစ်ရလိုခြင်းသည်ကား=သတ္တဝါ အပေါင်းတို့အား၊ သံသရာဝဋ်ဆင်း ုးမှ၊ လွတ်မြောက်စေရန်၊ ကယ်တင်လိုခြင်းသည်ပင် အရင်းဖြစ်၏။

(၂) အသျှင်မြတ် "ရာဟုလာ" ထေရ်ကဲ့သို့၊ သားရင်းအစစ် ြစ်မြောက် ပေါ်လာမည့်သူကိုရင်း။

(၃) အသျှင်မြတ်"ကောဏ္ဍည" ထေရ်ကဲ့သို့၊ "ဓမ္မ-စကြာ"ဟူသော တရားအထူးကို၊ အစဦးစွာ နာယူမည့်သူကိုရင်း။

(၄) အသျှင်မြတ် "အာနန္ဒာ ထေရ်ကဲ့သို့၊ အလုပ်အကျွေး တပည့် ရဟန်း ပြုမည့်သူကိုရင်း=မြော်လင့် တောင့်တခြင်း မရှိချေ။

(၂) အသျှင်မြတ် "ရာဟုလာ" ထေရ်သည်ကား=သားရင်းအစစ် ဖြစ်ရ ပုံခြင်းသည်ပင် အရင်းဖြစ်၏။

(၃) အသျှင်မြတ် "ကောဏ္ဍည" ထေရ်သည်ကား="ဓမ္မ-စကြာ" ဟူသော တရားအထူးကို အစဦးစွာ နာယူရလိုခြင်းသည် ပင် အရင်းခံဖြစ်၏။
(၄) အသျှင်မြတ် "အာနန္ဒာ" ထေရ်သည်ကား=အလုပ်အကျွေး တပည့်ရဟန်း ဖြစ်ရလိုခြင်းသည်ပင် အရင်းခံဖြစ်၏။

---

ဤသို့ အသီးအသီး၊ ရည်ရွယ်ရင်း ရှိခဲ့ကြရာ၌=
(၁) ဤပုဂ္ဂိုလ်က၊ ဗုဒ္ဓ မြတ်စွာ ဘုရားသျှင်အစစ် ဖြစ်စေ။
(၂) ဤပုဂ္ဂိုလ်က၊ ဗုဒ္ဓ-နှယ်ဆင်း၊ သားရင်းအစစ် ဖြစ်စေ။
(၃) ဤပုဂ္ဂိုလ်က၊ တရားအထူးကို၊ဦးစွာအစ, နာယူရသူအစစ် ဖြစ်စေ။
(၄) ဤပုဂ္ဂိုလ်က၊ အလုပ်အကျွေးတပည့်အစစ် ဖြစ်စေ။

ဤသို့ အစရှိသည်ဖြင့်၊ ပြုပြင်စီမံ ဝေဘန် ဖန်ဆင်းသောသူ-ဟူ၍၊ တစုံတယောက်မျှ မရှိချေ။ ။စင်စစ်အားဖြင့်၊ ဤဗုဒ္ဓ-နွယ်ဝင်၊ သူတော်စင် အပေါင်း၊ အလောင်းလျာတို့သည်၊ ဒါန, သီလ၊ စသည်များစွာ၊ ဆယ်ဖြာအညီ၊ ပါရမီမှု၊ အစုစု တို့ကို၊ အနု-အရင့်၊ ပြုကျင့်-ဆည်းပူး ကြစဉ်ကပင်၊ မိမိ မိမိတို့၏ မျက်မှောက်၌၊ ဆိုက်ရောက် တွေ့မြင်ရသော အာရုံမျိုးတို့တွင်၊ စိတ်ဆန္ဒ-ကိုင်းညွတ်ရာ+ကိုင်းညွတ်ရာ+အဖြစ်မျိုး တို့၌သာ၊ ဤသို့ ဖြစ်ရလိုသော်,ဖြစ်စေသော်, ဟု-
(၁) အားကြီးသော ဆန္ဒာ-ဓိပတိခေါ်သော ဆန္ဒ တရား။
(၂) ဖြစ်မြောက်အောင် အားထုတ် ကြိုးပမ်းသော ဝီရိယာ ဓိပတိခေါ်သော ဝီရိယ တရား။ ။ဤ တရား နှစ်ပါးကို၊ ရှေ့သွား ပုဗ္ဗင်္ဂမပြု၍-
(၂) ဝီရိယ တရား၏ အားအစွမ်းဖြင့်၊ ကောင်းမှု ကုသိုလ်တရား ကိုပွါးများအားထုတ်၏။
(၁) ဆန္ဒ တရား၏ အားအစွမ်းဖြင့်၊ ဤကောင်းမှုကြောင့်၊ ဤသို့ဖြစ်ရစေသော် (ဖြစ်စေသော်) ဟု၊ မနောပဏိဓိ၊ ရည်ရွယ်ရင်း ရှိကြကုန်၏။

ဤသို့ အားဖြင့်၊ ထိုဗုဒ္ဓ-နွယ်ဝင်၊ သူတော်စင် အပေါင်း၊ အလောင်းလျာတို့သည်၊ ပဉ္စမ၁ ဗြတ်စွာ ဘုရားသျှင်၏ အထံ၌၊မိမိတို့ ပြုအပ်သော ကောင်းမှု ကံနှင့်၊ ဆုတောင်းချက် အတိုင်း—

(၁) အသင် (ဇန္ဒိလ) သူဌေးကြီးသည်၊ ဤကပ္ပါမှ နောက်၊ကပ္ပါ တသိန်းကို လွန်၍၊ ရောက်လတ္တံ့ ဖြစ်သော ဘဒ္ဒကပ် ကပ္ပါ သစ်၌၊ အသျှင်မြတ် ဂေါတမ-ဟု၊ ဗုဒ္ဓ-မြတ်စွာဘုရား၊ ထင်ရှားဖြစ်လတ္တံ့—ဟူသော ဗျာဒိတ် စကား၊ မိန့်ကြားခြင်းကို၊ ပန်ဆင်ယင်ရ၏။

(၂) ထိုနည်းအတူ=အသင် (ပထဝိန္ဓရ) နဂါးမင်းသည်၊ ဤကပ္ပါမှနောက်၊ရောက်လတ္တံ့ဖြစ်သော ဘဒ္ဒကပ် ကပ္ပါသစ်၌၊ဂေါတမဟု၊ ဗုဒ္ဓ-မြတ်စွာဘုရား၏၊ သားရင်း အစစ်၊ ရင်နှစ် သည်းချာ (ရာဟုလာ) ဖြစ်လတ္တံ့-ဟူသော ဗျာဒိတ် စကား၊ မိန့်ကြားခြင်းကို၊ ပန်ဆင်ယင်ရ၏။

(၃) ထိုနည်းအတူ=အသင် (နတ်သား) သည်၊ (သို့မဟုတ်) အသင် ဂဟပတိ-မဟာသာလ သူကြွယ်သည်၊ဤကပ္ပါမှနောက်၊ ရောက်လတ္တံ့ဖြစ်သော ဘဒ္ဒကပ် ကပ္ပါသစ်၌၊ (ဂေါတမ) ဟု၊ ဗုဒ္ဓ-မြတ်စွာဘုရား၊ ယံတော်ပါး၌၊ (ကောဏ္ဍည) ဟူသောအမည်ဖြင့်၊ "ဓမ္မစကြာ" ဟူသော တရားထူးကို၊ အစဦးစွာ၊ နာယူရလတ္တံ့-ဟူသော ဗျာဒိတ် စကား၊ မိန့်ကြားခြင်းကို ပန်ဆင်ယင်ရ၏။

(၄) ထိုနည်းအတူ=အသင် (သုမန) မင်းသားသည်၊ ဤကပ္ပါမှ နောက်၊ ရောက်လတ္တံ့ဖြစ်သော ဘဒ္ဒကပ် ကပ္ပါသစ်၌၊ ဂေါတမ-ဟု၊ ဗုဒ္ဓ-မြတ်စွာဘုရား၏၊အနီးထံပါး၊ခစား လုပ်ကျွေး၊ ညီထွေး အာနန္ဒာ ဖြစ်လတ္တံ့—ဟူသော ဗျာဒိတ်စကား၊ မိန့်ကြားခြင်းကို၊ပန်ဆင်ယင်ရ၏။

ထိုအခါ၊ ဤသို့ ပြဆိုအပ်ခဲ့ပြီးဖြစ်သော ဗုဒ္ဓ-နွယ်ဝင်၊ သူတော်စင် အပေါင်း၊ အလောင်းလျာ တို့သည်၊ အသီး အသီး၊ ကောင်းချီး-မြွက်ဖော်၊ ဗျာဒိတ်တော် စကား၊ ကြားနာ ပန်ဆင်ယင်ကြရသဖြင့်၊ လွန်စွာ အားတက်၊ နှစ်သက် ဝမ်းမြောက် ကုန်လျက်၊ ကပ္ပါ တသိန်းမျှ လောက်သော ဤအချိန် ဤအခါသည်၊ ငါတို့၏ အတွက်အားဖြင့်၊ အဘယ်မျှ ကြာမြင့် ဝေးကွာ အံ့နည်း=ယနေ့ နက်ဖြန်ပင်၊ ကပ္ပါ တသိန်းမျှသော

ဤအချိန် ဤအခါသည် ကုန်ဆုံး၍၊ မိမိတို့၏ဆုတောင်းချက်၊ စိတ်ဓာတ် အထုံသည်၊ ပြည့်စုံမည် ပုံကဲ့သို့၊ အာရုံစွဲးလမ်း၊ ဝမ်းပမ်း တသာ ရှိကြ ကုန်၏။

ဆိုဥုးအံ့…[*သံသရာ မြေ ဆုံးအောင် စောင့် မယ် ပ] အစရှိသော (ဝဋ္ဋာ-ဘိရတ) စကားမျိုးတို့ကဲ့သို့—

(၁) ငါသည် သံသရာ၌၊ ကပ္ပါတသိန်းမျှလောက်သော ဤအချိန် ကာလကို၊ ကုန်ဆုံးအောင် စောင့်စား၍နေမည်= ငါသည်တမူကား၊ လောကသုံးခွင်၊ ဘုံအပြင်၌၊ လူတွင်ထင်ရှား၊ ဗုဒ္ဓမြတ်စွာ ဘုရားသျှင် အစစ်၊ မဖြစ်ပါက၊အဘယ်မှာလျှင်၊ငါ၏စိတ်အလိုဆန္ဒ၊ ပြည့်ဝအောင် မြင်နိုင်အံ့နည်း=(မပြည့်ဝ၊မအောင်မြင်နိုင်ရာချေ။)

(၂) ထိုနည်းအတူ=ငါသည်တမူကား၊ ဂေါတမ-ဟု၊ ဗုဒ္ဓမြတ် စွာ ဘုရားသျှင်၏၊ သားရင်းအစစ်၊ ရင်နှစ်သည်းချာ၊ (ရာဟုလာ) မဖြစ်ပါက၊ အဘယ်မှာလျှင်၊ ငါ၏ စိတ်အလိုဆန္ဒ၊ ပြည့်ဝအောင်မြင် နိုင်အံ့နည်း=(မပြည့်ဝမအောင်မြင်နိုင်ရာချေ။)

(၃) ထိုနည်းအတူ=ငါသည် တမူကား၊ ဂေါတမ-ဟု၊ သကျနွယ် ဖွား၊ ဗုဒ္ဓ—မြတ်စွာဘုရားသျှင်၏ လက်ထက်၌၊ "ဓမ္မစကြာ" ဟူသော ဒေသနာတော်အထူးကို၊ သဗ္ဗညုတ- ဉာဏ်တော်ဖြင့်၊ ကျက်စားကွန့် မြူး၍၊ ဥုးဥုးဖျားဖျား၊ ဟောကြားအပ်သည်ကို၊ တပ်အပ်ထင်ထင်၊ ဉာဏ်အမြင်ဖြင့်၊ (မကြားနာ) မပန်ဆင်ယင်ရပါက၊ အဘယ်မှာလျှင်၊ ငါ၏စိတ်အလိုဆန္ဒ၊ပြည့်ဝအောင်မြင်နိုင်အံ့နည်း=(မပြည့်ဝ၊မအောင် မြင်နိုင်ရာချေ။)

(၄) ထိုနည်းအတူ=ငါသည်တမူကား၊ ဂေါတမ- ဟု၊ သကျနွယ်ဝင်၊မျိုးသန့်စင်သည့်၊ ဗုဒ္ဓ— နောင်တော်သျှင်ဘုရား၊ ထံ တော်ပါး၌၊ ခစားလုပ်ကျွေး၊ ညီထွေး- (အာနန္ဒာ) မဖြစ်ပါက၊ အဘယ်မှာလျှင်၊ ငါ၏စိတ်အလိုဆန္ဒ၊ ပြည့်ဝအောင်မြင်နိုင်အံ့နည်း= (မပြည့်ဝမအောင်မြင်နိုင်ရာချေ။)

ဤသို့ မဆုတ်မနစ်၊ အားသစ် လုံ့လ၊ ပြုကြကုန်သော ပုဂ္ဂိုလ်တို့ကို၊ ရည်မှန်း၍ **သဂါထာဝဂ္ဂ ဓာတုသံယုတ် ကမ္မပထဝဂ်** ၌၊ ဤသို့ ဟောတော်မူ၏။ ။အဘယ်သို့ဟောသနည်းဟူမူကား–

(၁) ဓာတုသော၀, ဘိက္ခဝေ သတ္တာသံသန္ဒန္တိ၊ သမေန္တိ။ ။ ဟူ၏။

မြန်မာဘာသာပြန် အဓိပ္ပါယ်

(၁) အို–ငါ၏ချစ်သား ရဟန်းများတို့။

သံသရာစက်၌၊ အဆက်မပြတ်၊ ကျင်လည်ကြရကုန်သော သတ္တဝါတို့မည်သည်၊ တဦးနှင့်တဦး၊ အစဉ်မပြတ်၊ ဓာတ်သဘာ၀- ချင်းချင်း အားဖြင့်သာလျှင်၊ ပေါင်းဆုံနှီးနှောကြကုန်၏။ ။ညီညွတ်ကြကုန်၏ ဟူ၍ဂုဏ်း။

(၂) ကလျာဏာ ဓိမုတ္တိကာ ကလျာဏာ ဓိမုတ္တိကေဟိ သဒ္ဓိံ သံသန္ဒန္တိ၊သမေန္တိ။

မြန်မာဘာသာပြန်အဓိပ္ပါယ်

(၂) အို–ငါ၏ချစ်သား ရဟန်းများတို့။

ကောင်းမြတ်သော နှလုံးသွင်းရှိကုန်သော သူတို့သည်၊ကောင်းမြတ်သော နှလုံးသွင်းရှိကုန်သော သူတို့နှင့်အတူတကွ၊ ပေါင်းဆုံနှီးနှောကြကုန်၏။ ။ညီညွတ်ကြကုန်၏ဟူ၍ဂုဏ်း။

(၃) သဒ္ဓါ သဒ္ဓေဟိ သဒ္ဓိံ သံသန္ဒန္တိ သမေန္တိ။

မြန်မာဘာသာပြန် အဓိပ္ပါယ်

(၃) အို–ငါ၏ချစ်သား ရဟန်းများတို့။

သဒ္ဓါတရားရှိသောသူတို့သည်၊ သဒ္ဓါတရားရှိသောသူတို့နှင့် အတူတကွ၊ ပေါင်းဆုံနှီးနှောကြကုန်၏။ ။ညီညွတ်ကြကုန်၏ဟူ၍ဂုဏ်း။

(၄) အာရဒ္ဓဝီရိယာ အာရဒ္ဓ ဝီရိယေဟိ သဒ္ဓိံ သံသန္ဒန္တိ သမေန္တိ။

မြန်မာဘာသာပြန်အဓိပ္ပါယ်

(၄) အို–ငါ၏ချစ်သား ရဟန်းများတို့။

အားထုတ်လုံ့လ ဝီရိယရှိသောသူတို့သည်၊ အားထုတ်လုံ့လဝီရိယ ရှိသော သူတို့နှင့် အတူတကွ၊ ပေါင်းဆုံ နှီးနှောကြကုန်၏။ ။ညီညွတ်ကြကုန်၏–ဟူ၍၊ ဟောတော်မူ၏။

ဤသို့ ဟောတော် မူအပ်သော နည်းအတိုင်း၊ ပြဆိုအပ်ခဲ့ပြီးဖြစ်သော၊ ဗုဒ္ဓ-နွယ်ဝင်၊ သူတော်စင် အပေါင်း၊ အလောင်း အလျာတို့သည်၊ ကောင်းမြတ်သော နှလုံးသွင်း, စိတ်ဓာတ်ရှိကြပုံချင်းချင်းတူကြကုန်၏။ ။သဒ္ဓါစိတ်ဓာတ်ရှိကြပုံချင်းချင်းတူကြကုန်၏။ ။အားထုတ်လုံ့လဝီရိယဓာတ်၊ ရှိကြပုံချင်းချင်းတူကြကုန်၏-ဟူ၍၊ ဟောတော်မူ၏။

ဤသို့ စိတ် သမ္မာဆန္ဒ၊ ဝီရိယဓာတ်၊ ထူးမြတ်ဖြူဆွ၊ တူမျှ ညီညွတ်ကြကုန်သဖြင့် သာလျှင်၊ တဦးနှင့်+တဦး၊မမြင်ရ၊ မတွေ့ရ၊ မသိရစဘူးဘဲးလျက်ဖြင့်သာလျှင်၊ ကောင်းမှု ကုသိုလ်တရား၊ ပွါးများကြပြီးလျှင်၊ အသီးအသီး၊မိမိ မိမိတို့၏စိတ်ဆန္ဒ၊ကိုင်းညွတ်ရာ+ကိုင်းညွတ်ရာဘဝအဖြစ်မျိုး၊ ရဘိုရာ အတွက်၊ နှစ်နှစ် သက်သက်၊ အားတက် ဝမ်းမြောက်စွာ ကြိုးပမ်းကြကုန်၏။

ဤသို့အားဖြင့်၊ ဗုဒ္ဓနွယ်ဝင်၊ သူတော်စင် အပေါင်း၊ အလောင်းလျာတို့သည်၊ ရှေးဦးစွာအလုပ်မလုပ်မီကပင်၊ ဆင်ခြင်စဉ်းစားလျက်။

(က) (ဤအကျိုးကို ရလိုလျှင်၊ ဤအလုပ်ကို ပြုလုပ်ရမည်။)

(ခ) (ဤအလုပ်ကို ပြုလုပ်ခဲ့လျှင်၊ ဤအကျိုးကို ရ-ရ,မည်)ဟု၊ မိမိတို့၏ စိတ်၌ အလိုရှိအပ်သော ရည်ရွယ်ချက်နှင့်၊ အလုပ်သဘောကို တပြိုင်နက် တွဲးဘက်၍၊ ကြီးစွာသော (အဓိပတိ)မြောက်၊ ပင့်ထောက်ကူညီသော(**ဆန္ဒာဓိပတိ**)ခေါ်သော ဆန္ဒတရား၊ (**ဝီရိယာဓိပတိ**) ခေါ်သော ဝီရိယတရားတို့ကို၊ရှေ့သွား ပုဗ္ဗင်္ဂမပြု၍ ကပ္ပါတသိန်းတို့ တိုင်တိုင်၊ မယိမ်းယိုင်ဘဲ၊ ကျောက်တိုင် ကျောက်ခဲ၊ မြေ၌ စွဲးသကဲ့သို့၊ မလွဲးမပြောင်း၊ တကြောင်းတည်းသောလမ်း၌၊ ကြိုးပမ်း အားသစ်ကြသဖြင့်သာလျှင်၊အကြောင်းနှင့်အကျိုး၊ မြော်ကိုးတောင့်တချက်အတိုင်း၊မဆိုင်းမဖင့်၊ လွယ်လင့်ကုံလုံ၊ ပြည့်စုံပြီးမြောက်၊ အထွတ်အထိပ်သို့ရောက်တော်မူကြသော–

(၁) သမ္မာသမ္ဗုဒ္ဓမြတ်စွာ ဘုရားသျှင်နှင့်တကွ။
(၂) သားတော် အသျှင်ရာဟုလာ,ထေရ်။
(၃) တပည့်ဦး အသျှင် ကောဏ္ဍည,ထေရ်။
(၄) ညီတော်မြတ် အသျှင်အာနန္ဒာထေရ်။
(၅) ပညာဉာဏ်ကြီးမြင့်သော အသျှင်သာရိပုတ္တရာထေရ်။
(၆) တန်ခိုးကြီးမြင့်သော အသျှင်မောဂ္ဂလာနထေရ်။

အစရှိသော အသျှင်မြတ်တို့၏ ကျင့်စဉ်ထုံးကို၊နှလုံးသွင်း နည်းယူကြကုန်လျက် ''ဓမ္မ-စကြာ''သာသနာတော် တန်ခိုးဖြင့်၊ တိုးတက်ကြီးပွါးသော, ဤကမ္ဘာလောကကြီး ဖြစ်၍၊ပြည်ထောင်ဘက်ချင်း၊ အမင်းမင်းတို့သည်၊ အချင်းချင်းတို့အပေါ်၌၊ တင်းမာ-ခက်ထန်သော အမျက်မာန်ကို၊ ပယ်လှန်ရှုပ်သိမ်း၍၊ (၁) ငြိမ်းချမ်းသာယာရေး၊ (၂) အစား-အစာ, အဝတ်, အရုံ၊ ပြည့်စုံ—ဝပြောစည်ပင်ရေး၊ (၃) ဗုဒ္ဓဘာသာ၊ သမ္မာ-အယူ၊ စင်ဖြူမြင့်မြတ်သော ကျင့်ဝတ်တရားတို့၊ တိုးတက်ခိုင်မြဲရေး၊ (၄) သံသရာခွင်၊ ကျင်လည်ရစဉ် အခိုက်၊ ထိုက်တန်မြင့်မြတ်သော ဘဝ သမ္ပတ္တိ၊ ဘောဂ သမ္ပတ္တိ, ကောင်းစားရေး, စသည်တို့ကို၊ တွေးဆမြှော်မှန်း၍၊ ကြိုးပမ်းကြကုန်လျက်။

(၁) ဓမ္မ-စကြာ ဝတ်အသင်း၊
(၂) ဓမ္မ-စကြာ သာသနာပြုဝတ်အသင်း၊
(၃) ဓမ္မ-စကြာ သာသနာ ပြန့်ပွါးရေး အသင်းတို့ကို၊ အချင်းချင်း-ပြောဆိုဆွေးနွေးတိုင်ပင် ဖွဲ့စည်း၍ ကြီးပွါးအောင် အားထုတ်ကြကုန်သော သူတော်စင် အပေါင်းတို့သည်၊ သံသရာခွင်၌၊ ကျင်လည်ရစဉ်အခါ၊ ဖြစ်လေရာရာ ဘဝတိုင်းတို့၌၊ မိမိတို့သည် (လူဖြစ်လျှင်လူတန်းစေ့)(နတ်ဖြစ်လျှင်နတ်တန်းစေ့)နေနိုင်သော အဆင့်အတန်းနှင့်ပြည့်စုံသော—

(၁)※အနာရောဂါ၊ ကင်းရှင်းစွာဖြင့်၊ အသက်ရှည်ခြင်း,(အာယုသမ္ပန္န) ဂုဏ်။

(၂)※အဆင်းရုပ်ရည်၊ ကြည်လင် သန့်ရှင်း၊ တင့်တယ်လှပခြင်း, (ဝဏ္ဏ သမ္ပန္န)ဂုဏ်။

(၃) ကိုယ်, စိတ်, နှစ်ဖြာ၊ ကြည်လင်စွာဖြင့်၊ ချမ်းသာခြင်း, (သုခ သမ္ပန္န)ဂုဏ်။

(၄)※ကာယဗလ၊ ဉာဏဗလ၊ စသည်ဗိုလ်ခံ၊ အားငါးတန်နှင့် ပြည့်စုံခြင်း, (ဗလ သမ္ပန္န)ဂုဏ်။

(၅)※လောက–ဓမ္မ၊ သိအပ်လှသည့်၊ ဌာနနှစ်ပြင်၊ ကျွမ်းကျင် သိလိမ္မာခြင်း,(ပတိဘာန သမ္ပန္န)ဂုဏ်။

(၆)※ဘ-လည်း,ဇနက်၊ ဘိုး-ဇနက်,ဟု၊ မိန့်မြွက်ဆိုရိုး၊ စကား မျိုး-ပုံပြင်ကဲ့သို့၊ ဂုဏ်အင်မည့်ဘိုး၊ အမျိုးမြတ်ခြင်း, ဟူသော (ဇာတိ-မဟတ္တ)ဂုဏ်။

(၇)※သီလ, သမာ၊ ပညာ-ဓိကွန်၊ ဖိတ်ဖိတ်လျှံမှ၊ စိတ်ကြံမရ၊ တုမရနိုင်ခြင်း,ဟူသော (ဂုဏ မဟတ္တ)ဂုဏ်။

(၈)※ကောင်းမှုရှိန်စော်၊ အာနုဘော် တန်ခိုး၊ တိုးပွါး ကြီးမြင့် ခြင်း, ဟူသော(ပည မဟတ္တ)ဂုဏ်။

---

**မှတ်ချက်(၆)အရ**=သားဥုး-ဘုန်းကြွယ်၊ **ကျွန်ုပ်** ဝယ်လည်း၊အနွယ်-အရိုး၊ နေ–နတ် မျိုးတည်း၊ သတိုးဘုန်းရှိန်၊ အသန္တိန်- ချည်း၊ အပည်းပည်း,တည်း၊ **ဘေး** လည်း-မင်းမျိုး၊ **ဘိုး** လည်း-မင်းသား၊ **ဘွား** လည်း-မင်းနွယ်၊ **ဘ**– ဘုန်းကြွယ်လည်း၊ နန်းလယ်– စံပျော်၊ မိ–မယ်သော်လည်း၊ နန်းပေါ်– စိုးချုပ်၊ **အကျွန်ုပ်** လည်း၊ ရွက်အုပ်–ဝေဝေ၊ ညောင်နန်း,နေတည့်၊ မျိုးဆွေ-တခြား၊ ရေသော်- များ၏၊ ယောက်ျား–ဇာနည်၊ သားတော်သည်ကား။ ။လူရည်မနွမ်း-မပါးတည်း။

ဟူ၍ (ဥတိန္နပျို့) အပိုဒ် ၇၄- စာအုပ်မျက်နှာ-၁၁၇-၅ (ဇာတိ မဟတ္တ) ဂုဏ်နှင့်ပြည့်စုံပုံကို၊ စပ်ဆိုဖော်ပြအပ်သော ဤလင်္ကာကို၊ ဗဟုသုတ-ဖြစ်ရန်ထည့်သွင်းအပ်၏။

ဤသို့စုပုံ၊ ဂုဏ်မျိုးစုံတို့နှင့်၊ ကုံလုံပြည့်ဝသော လောကသစ်ကြီးကို၊ ရှေးရှုတည်ထောင်ပြီးလျှင်၊ အသခ်တခေတ် မြတ်လှစွာသော နိဗ္ဗာန်, ဟူသော ပြည်တော်ကြီးကို၊ အပြီးတိုင်အမြန်၊ ဉာဏ်သက်ရောက်လျက်၊ မျက်မှောက်ပြုနိုင်သော မဂ္ဂ-သစ္စာ၊ ပါရမီအဝင်၊ မြှုစင်ထူးမြတ်သော ကုသိုလ်တရားကို၊ ပွါးများအားထုတ်နိုင်ကြမှသာလျှင်၊ ထူးထူးချွန်ချွန်၊ အနှစ်အနှိုင့်မြတ်ဆုံးသော ကောင်းကျိုးတရား၊ ရကြမည်ကိုကား၊ မယုံမှားအပ်ပေ။

(၁) အဂ္ဂဿ ဒါတာ မေဓာဝီ၊ အဂ္ဂဓမ္မသမာဟိတော။
ဒေဝဘူတော, မနုဿော,ဝါ၊ အဂ္ဂပ္ပတ္တော,ပမောဒတိ။
(စတုက္က-နိပါတ်၄-စက္ကဝဂ်)

မြန်မာဘာသာပြန်အဓိပ္ပါယ်

(၁) ထူးထူးမြတ်မြတ်ဖြစ်သော ဒါန, သီလ, အစရှိသော ကောင်းမှုတရားနှင့်ပြည့်စုံသော, အထူးအမြတ်ဆုံးသော ရတနာသုံးပါးအား, သဒ္ဓါကြည်ဖြူ ပေးလှူတတ်သော, ပညာထက်မြက်သောသူသည်၊ (နတ်ဖြစ်ခဲ့)နတ်ဖြစ်၍ဖြစ်သော်လည်းကောင်း၊ (လူဖြစ်ခဲ့) လူဖြစ်၍ဖြစ်သော်လည်းကောင်း၊ ထူးထူးချွန်ချွန်၊ အနှစ်အမြတ်၊ အထွတ်အထိပ်သို့ ရောက်ရသည်ဖြစ်၍၊ ကြည်သာရွှင်လန်း ဝမ်းမြောက်ရ၏-ဟူ၍၊ ဟောတော်မူ၏။

(၂) အဂ္ဂသ္မိံ ဒါနံ ဒဒတံ၊ အဂ္ဂံ ပုညံ ပဝဍ္ဎတိ။
အဂ္ဂံ, အာယု စ, ဝဏ္ဏော စ၊ ယသော, ကိတ္တိ သုခံ ဗလံ။
(စတုက္က-နိပါတ် ၄-စက္ကဝဂ်)

မြန်မာဘာသာပြန်အဓိပ္ပါယ်

(၂) အထူးအမြတ်ဆုံးသော ရတနာသုံးပါး၌၊ ဆွမ်း, ဆေးဘွယ်, အစရှိသော အလှူတော်တို့ကို၊ သဒ္ဓါကြည်ဖြူ ပေးလှူကုန်သောသူတို့အား၊ ထူးထူးမြတ်မြတ်ဖြစ်သော ကောင်းမှုကုသိုလ်တရားသည်၊ အစဉ်သဖြင့် တိုးပွါး၏။ ။ထူးထူးမြတ်မြတ်ဖြစ်သော ကောင်းမှုကုသိုလ်ကံ၏ အကျိုးဖြစ်သော—

(၁) အသက် ရှည်ခြင်း သည့်ငှါ။
(၂) အဆင်း လှပခြင်း သည့်ငှါ။
(၃) အခြံအရံ များခြင်း သည့်ငှါ။
(၄) ကျေးဇူးသတင်း ကျော်စောခြင်း သည့်ငှါ။
(၅) ကိုယ်,စိတ်, နှစ်ဖြာ၊ ချမ်းသာခြင်းသည့်ငှါ။
(၆) ကိုယ်အား, ဉာဏ်အားသည့်ငှါ၊ အစဉ်သဖြင့် ကြီးမြင့်တိုးပွါး၏-ဟူ၍၊ ဟောတော်မူ၏။

ဤတွင်ရွေ့ကား-

အသျှင် ကောဏ္ဍည ဇာသိပဗ္ဗဇ္ဇရဟန်း၏ ''ဓမ္မစကြာ'' တရားကြားနာရ၍ သောတာပန်ပုဂ္ဂိုလ်ဖြစ်ပုံကို အသေးစိတ် ဝေဘန်ရှင်းလင်း ဖော်ပြလျက်၊ သိသင့်, သိထိုက်, သိအပ်လှသောအနက်၊ အဓိပ္ပါယ်နှင့်တကွ ဥယျောဇဉ်-တိုက်တွန်းချက်စကား အကျဉ်းချုပ်ပြခဏ်းပြီး၏။

---

## (၃၂)ဓမ္မစကြာတရား ဟောကြားပြီးဆုံးပြီးနောက် နတ်ဗြဟ္မာအပေါင်းတို့ ကောင်းချီးပေး၍ ကြွေးကြော်ပုံ ပြခဏ်း

(၃၂) ပဝတ္တိတေ စ ပန ဘဂဝတာ ဓမ္မစက္ကေဘုမ္မာဒေဝါ သဒ္ဒမနုဿာဝေသုံ-ဟူ၏။

ထိုစကားဝါကျ၏အဓိပ္ပါယ်သည်ကား။ ဤသို့ပင်တည်း။

မြန်မာဘာသာပြန်အဓိပ္ပါယ်

(၃၂) ဗုဒ္ဓမြတ်စွာဘုရားသျှင်သည် ''ဓမ္မ-စကြာ''တရားဟောကြားအပ်ပြီးသည်ရှိသော် (ပြီးသောအခါ၌) ဘုမ္မစိုး နတ်တို့သည်၊ အသီးအသီး ကောင်းချီးပေးသော အသံကိုပြု၍ တပြိုင်နက်တည်း ကြွေးကြော်ကြကုန်ပြီ-ဟူ၍၊ပြဲဆို၏။

အဘယ်သို့၊ ကြွေးကြော်ကြ ကုန်သနည်းဟူသော အမေးစကားကိုဖြေကြားခြင်းမှာ-

[တေံ ဘဂဝတာ ဗာရာဏသိယံ…လောကသ္မိံတိ=] တိုင်အောင်
သောစကားကို ဟောတော်မူ၏။
ထိုစကား၏ အဓိပ္ပါယ်သည်ကား ဤသို့ပင်တည်း။

မြန်မာဘာသာပြန်အဓိပ္ပါယ်

(၃၂) ဗုဒ္ဓမြတ်စွာဘုရားသျှင်သည် ''ဗာရာဏသီ''ပြည်ကြီး၏အနီး ''ဣသိပတန''အမည်ရှိသော''မိဂဒါဝုန်''တောအရပ်၌ သီတင်းသုံးစံနေတော်မူလျက် ''ပဉ္စဝဂ္ဂီ'' ဣသိပဗ္ဗဇ္ဇာရဟန်း ငါးဦးကို အမှူးထား၍၊ တဆဲ့ရှစ်ကုဋေ၊ တွက်ရေများစွာ၊ နတ်ဗြဟ္မာအပေါင်းတို့အား၊ ဤသတ္တလောကကြီးအလယ်၌ (၁) တစုံတယောက်သော ရဟန်းသည်၎င်း၊ (၂) ပုဏ္ဏားသည်၎င်း၊ (၃) နတ်သည်၎င်း (၄) မာရ်နတ်သည်၎င်း။ (၅) ပဋ္ဌဝေါကာရ ဘုံသားဖြစ်ကြကုန်သော ဗြဟ္မာတို့သည်၎င်း၊ (အပ္ပဋိဝတ္တိ) မဟောကြားနိုင်သော (ဆန့်ကျင်ဘက်ပြု၍ မတားမြစ်နိုင်သော) အတုမရှိမြတ်လှစွာသော ''ဓမ္မ-စကြာ''တရားကို ဟောကြားတော်မူအပ်ပြီ-ဟူ၍၊ တပြိုင်နက်တည်း ကြွေးကြော်ကြကုန်၏ဟူလို။

(ထိုနောက်တဖန်၊ ကြွေးကြော်သံ၊)

''ဘုမ္မစိုး'' နတ်တို့၏ ကြွေးကြော်သော အသံကိုကြား၍ (တဆင့်အားဖြင့်) (၁) ''စာတုမဟာရာဇ်'' နတ်တို့သည်၊ တပြိုင်နက်တည်း ကြွေးကြော်ကြပြန်ကုန်၏။ ။ကြွေးကြော်ပုံ အသံသည်ကား--

[* တေံ ဘဂဝတာ ဗာရာဏသိယံ…လ…လောကသ္မိံတိ=] ဟူသည်ပင်ဖြစ်၏။

(အဓိပ္ပါယ်ပြခဲ့ပြီးဖြစ်၏။)

---

(ထိုနောက်တဖန်၊ ကြွေးကြော်သံ၊)

''စာတုမဟာရာဇ်'' နတ်တို့၏ ကြွေးကြော်သော အသံကိုကြား၍ (တဆင့်အားဖြင့်) (၂) ''တာဝတိံသာ'' နတ်တို့သည်၊ တပြိုင်နက်တည်း ကြွေးကြော်ကြပြန်ကုန်၏။ ။ကြွေးကြော်ပုံအသံသည်ကား—

[* တေံ ဘဂဝတာ ဗာရာဏသိယံ....လ…လောကသ္မိံတိ=] ဟူသည် သည်ပင်တည်း။

(အဓိပ္ပါယ်ပြခဲ့ပြီးဖြစ်၏။ )

ဤပြခဲ့ပြီးဖြစ်သောနည်းအတူ၊—

(၃) "ယာမာ"နတ်တို့သည်ရင်း,

(၄) "တုသိတာ" နတ်တို့သည်ရင်း,

(၅) "နိမ္မာန ရတိ" နတ်တို့သည်ရင်း,

(၆) "ပရနိမ္မိတ-ဝသ-ဝတ္တီ" နတ်တို့သည်ရင်း,

(၇) "ပဋ္ဌဝေါကာရ" ဘုံ၌ရှိသော"ဗြဟ္မာ"တို့သည်ရင်း,(တဆင့်အားဖြင့်) "တပြိုင်နက်တည်း" ကြွေးကြော် ကြပြန်ကုန်၏။

**မှတ်ချက်**…နတ်, ဗြဟ္မာ, တို့သည်၊ ကိုယ်တိုင်အားဖြင့်ရင်း, တဆင့်အားဖြင့်ရင်း, ကြား၍ (ကြားသည်နှင့်တပြိုင်နက်တည်း) ကြွေးကြော်ကြကုန်၏- ဟူ၍မှတ်။

(ကြွေးကြော်ပုံအသံသည်ကား—)

[ ※ **ဧတံ ဘဂဝတာ ဗာရာဏသိယံ…လ…လောကသ္မိံ တိ=**]

ဟူသည်ပင်တည်း။

(အဓိပ္ပါယ် ပြခဲ့ပြီးဖြစ်၏။)

---

## (၃၃) ကြွေးကြော်သောအသံ၏ပျံ့နှံ့၍တက်ရောက်ရာ အရပ် အပိုင်းအခြားပြခဏ်း

(၃၃)**ဣတိဟ၊ တေန ခဏေန…သဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆတိ…ဟူ၏။**

ထိုစကားဝါကျ၏ အဓိပ္ပါယ်သည်ကား=ဤသို့ပင်တည်း။

(မြန်မာဘာသာပြန်အဓိပ္ပါယ်)

(၃၃) ဤသို့လျှင် (၁) "တ—ခဏ"၊(၂) "တ-လယ"၊ (၃) "တ-မုဟုတ္တ" မျှသော အချိန်ဖြင့်၊ ဗြဟ္မာဘုံ၌ အထက်ဆုံးဘုံဖြစ်သော "အကနိဋ္ဌ" ဗြဟ္မာဘုံတိုင်အောင်၊ (အဆင့်ဆင့်အားဖြင့်) ကောင်းချီးပေးသောအသံသည် ပျံ့နှံ့၍တက်လေ၏။

(ပွဲ့နှံ့၍ တက်ပုံအသံသည်ကား–)

[* ဧတံ ဘဂဝတာ ဗာရာဏသိယံ…လ…လောကသ္မိံ တိ=]ဟူသည်ပင် ဖြစ်၏။

(အဓိပ္ပါယ် ပြခဲ့ပြီးဖြစ်၏။)

မှတ်ချက်…ဤနေရာ၌ (ခဏ) ဟု ဆိုသော ပါဠိစကားသည်၊ "ဥပါဒ်ဌီ၊ ဘင်" ဟူသော "ပရမတ္ထဓမ္မ" တို့၏ (ခဏ) ကို၊ ဆိုသည်မဟုတ်ချေ။ ။(ခဏ) ပုဒ်၏ နောက်၌ (လယ) ပုဒ်၊ (မုဟုတ္တ) ပုဒ်တို့ကိုထည့်၍ ဟောတော်မူပုံကိုထောက်သဖြင့်၊ အချိန်, ကာလ, ဟူသော [ခဏ] ကိုသာ မှတ်ရာ၏။

[∴ တေန ခဏေနာတိ=ဝစနံ ဝိသေသေတွာ၊ တေန မုဟုတ္တေနာတိ ဝုတ္တံ။ ။မုဟုတ္တ သင်္ခါတေန ခဏေန၊ န ပရမတ္ထ ခဏေ နာတိ ဝုတ္တံ ဟောတိ။]

(ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ ယုဂနန္ဓဝဂ်)

[အချိန်ကာလ ဟူသော စကားဆိုရာ၌၊ အဘိဓာန်၌ လာသည့်အတိုင်း၊လက်ဖျစ်ဆယ်တွက် ကာလသည်(ခဏ)မည်၏။ ။ဆယ်ခဏသည် (လယ)မည်၏။ ။ဆယ်လယသည်(ခဏ·လယ) မည်၏။ ။(ခဏ-လယ) ဆယ်ခုသည် (မုဟုတ္တ)မည်၏= ဟူသောစကားအရမှတ်။]

(ဤသွင်စကားတရပ်ပြီး၏။)

---

ဤနေရာ၌ နတ်, ဗြဟ္မာ တို့၏ အသက်အပိုင်းအခြားကို (သင်္ဂဟ) ၌ ပြဆိုခဲ့ပြီးဖြစ်၏။ ။တဘုံနှင့်+တဘုံ အဝေး၊အကွာ၊ အနိမ့်၊ အမြင့် တည်ရှိပုံကို (သံပေါက်လက်ာ) စကားတို့ဖြင့် ပြဆိုပြီးဖြစ်၏။ ။ဤအရာ၌ အမြင့်ပုံကို၊ မှန်းဆနိုင်ရန် အမြွက်မျှပြအံ့။

ဤလူတို့နေရာ မြေအပြင်ထက်၊ ယူဇနာ ငါးသန်း+ခုနစ်သိန်း+ခြောက်သောင်း+မြင့်သော ရူပါဝစရ၊ ပဉ္စမဈာန်ဘုံခေါ် ဗြဟ္မာဘုံမှ "အပျား, အနံ, အထု" တယူဇနာရှိသော ကျောက်ဖျာကြီးကို၊

လူတို့ နေရာ မြေအပြင်သို့ (ချ) လိုက်သည်ရှိသော်၊ တနေ့နှင့် တညဉ့်လျှင် (၄၈) ယူဇနာ+ခရီးတာဖြင့် အောက်သို့ ကျဆင်း၍လာရာ၊ နေ့ရက်အားဖြင့် (၁၂၀) ရက်။ လအားဖြင့်(၄)လကြာမှ၊ လူတို့နေရာ မြေအပြင်သို့ ရောက်လေ၏။ ။ဤသို့မျှ မြင့်၍ ဝေးကွာ၏။ ။ဤသို့မျှပင်၊ ထိုပဌမဈာန်ဘုံနှင့် လူတို့နေရာ မြေအပြင် ဝေးကွာခဲ့လျှင်၊ ထိုထက်မြင့်သော အထက်အထက်ဖြစ်သောဘုံတို့မှ၊အောက်သို့(ချ)လျှင် မည်မျှ ရက်, လ, ကြာမှ၊ အောက်မြေအပြင်သို့၊ ရောက်မည်နည်း၊ဟု စဉ်းစားကြရာ၏။ ။ဤသို့မျှဝေးကွာသော ဗြဟ္မာဘုံသို့ ''ဓမ္မစကြာ'' တရားဟောကြားတော်မူ၏-ဟူသော ကြွေးကြော်သော အသံသည်၊ (တ-ခဏ)၊ (တ-လယ) (တ-မုဟုတ္တ) မျှသောအချိန်ဖြင့်ပျံ့နှံ့၍ တက်လေ၏-ဟူသောအဓိပ္ပါယ်ကို သိစေလိုရင်းဖြစ်၏။

ဤစကားသည်ကား၊ ''ပညတ်''ဖြစ်သောအရာဝတ္ထုတို့၏ အဖြစ်အပျက် သဘောမျှကိုသာပြဆိုခြင်းဖြစ်၏။

''ပရမတ္ထ-ဓမ္မ'' ဖြစ်သော စိတ်,စေတသိက်, ဟူသော နာမ်တရားတို့၏ အဖြစ်အပျက်သဘောသည်ကား၊ ထိုအမြင့်ဆုံးဖြစ်သော ဘုံမှ ''စုတိ''စိတ်ဖြစ်၍(သင့်လျော်ရာ)အောက်ဆုံး-တဘုံ+ဘုံသို့၊ ပဋိသန္ဓေစိတ်ဟူသောအမည်ဖြင့်၊ အသစ်ဖြစ်ပေါ်ပြောင်းရွှေ့လာရလျှင် [စုတိစိတ်] နောက်အချိန်ကာလ အကြားမရှိဘဲ၊သင့်လျော်ရာဘုံ၌[ပဋိသန္ဓေစိတ်] ဖြစ်ရခြင်းဟူသော (စိတ္တ-နိယာမ)၏ ဆန်းကြယ်ပုံကိုလည်း၊ အာရုံပြုဆင်ခြင်ရာ၏။

**မှတ်ချက်**…ဤသို့ဈာန်စိတ်၏ အာနုဘော်တန်ခိုးကြောင့်၊ အကျိုးကြီးမြင့်သည်-ဟု-ဆိုရသော အခြေမြင့်မြင့်၊ အနေတင့်၍၊ အဆင့်ဆင့်သော ဘုံဌာနတို့၌ ထွန်းလင်းတောက်ပသော အရောင်အဝါတို့နှင့်တကွ၊ ကပ်ကပ္ပါတို့ဖြင့် ပိုင်းခြားရေတွက်အပ်သော ရှည်သောအသက်ရှိကြကုန်သောဗြဟ္မာမင်းကြီးတို့ပင်ဖြစ်စေ+ရုပ်နာမ် ခပ်သိမ်း၊ ချုပ်ငြိမ်းရာမှန်၊ မြတ်သောနိဗ္ဗာန်တရားကို၊ ပိုင်းခြားထင်ထင်၊ မသိရ မမြင်ရ သေးဖြစ်ခဲ့မူ၊ သံသရာ၌၊ ဘဝ တဖန်၊ ခန္ဓာ ဝန် အသစ်၊ ဖြစ်ရဦးမည်ဖြစ်ချေ၏။

**H.275·39** [ဟံသာဝတီမှ]

| | |
|---|---|
| (က) ယေစ ရူပုပဂါသတ္တာ၊<br>ယေ စ အရူပ-ဌာယိနော။<br>နိရောဓံ အပဇာနန္တာ၊<br>အာဂန္တာရော ပုနဗ္ဘဝံ။ ။ | သဂါထာဝဂ္ဂ ဘိက္ခုနီ သံယုတ် |

မြန်မာဘာသာပြန်အဓိပ္ပါယ်

(က) ရူပဘုံသို့ ကပ်ရောက်နေကြကုန်သော အကြင်ဗြဟ္မာမင်းတို့ သည်၎င်း။ ။အရူပဘုံ၌ တည်နေကြကုန်သော အကြင်ဗြဟ္မာမင်းတို့ သည်၎င်း- ရှိကြကုန်၏။ ။နိရောဓသစ္စာကို အာရုံပြုသောအားဖြင့်၊ မသိမမြင်ကြကုန်သော ထိုဗြဟ္မာမင်းကြီးတို့သည်၊ သံသရာ၌၊ ဘဝ-တဖန်၊ ခန္ဓာ-ဝန်အသစ်၊ဖြစ်ရဦးမည် ဖြစ်ချေ၏-ဟူ၏။

ဤဘွင်စကားတရပ်ပြီး၏၊

---

## (၃၄) မြေကြီးတုန်လှုပ်ပုံပြခဏ်း

(၃၄) **အယဥ္စ ဒသသဟဿီ လောက ဓာတု၊**
(၁) **သင်္ကမ္ပိ၊**(၂)**သမ္ပကမ္ပိ၊**(၃)**သမ္ပဝေဓိ**=ဟူ၏။

ထိုစကားဝါကျ၏ အဓိပ္ပါယ်သည်ကား၊ ဤသို့ပင်တည်း။

မြန်မာဘာသာပြန်အဓိပ္ပါယ်

ထိုအခါ (၁) "**ဓမ္မစကြာ**" ဒေသနာရှိန်စော်၊ တန်ခိုးတော် အား ဖြင့်၎င်း၊ (၂) **နတ်** ဗြဟ္မာ တို့၏ အာနုဘော်အားဖြင့်၎င်း၊ "စကြ ဝဠာ" ပေါင်း၊ တသောင်းသော လောကဓာတ်တိုက်ကြီးသည်၊ ရိုက် ဟည်းမြည်ကြွေး၊ ကောင်းချီးပေးလျက်၊ ကြည်အေးဝမ်းသာသောပုံဖြင့် တုန်လှုပ်၍ပြလေ၏။

(၁) **သင်္ကမ္ပိ**...အထက်သို့ တက်၍တက်၍ လှုပ်လေ၏။

(၂) **သမ္ပကမ္ပိ**...အထက်မှ အောက်သို့ သက်၍+သက်၍ (နိမ့်၍+ နိမ့်၍)လှုပ်လေ၏။

(၃) **သမ္ပဝေဓိ**...အရပ်လေးမျက်နှာသို့၊လည်၍လည်၍ လှုပ်လေ၏။

**မှတ်ချက်…ဒသသဟသီလောကဓာတု၊** တသောင်းသော စကြဝဠာ, လောကဓာတ် သည်၊ တုန်လှုပ်၏ ဆိုရာ၌၊ စကြဝဠာ လောကဓာတ်တခုကို၊ အကျဉ်းချုပ်ပြဦးအံ့။

(၁) လေးကျွန်းလုံး၏ အလယ်ချက်မဖြစ်သော မြင်းမိုရ်တောင် ၁-ခု။
(၂) ယူဇနာ၄ါးဆယ် အဝန်းအဝိုင်းရှိသော နေဝန်း။
(၃) လေးဆဲ့ကိုးယူဇနာအဝန်းအဝိုင်းရှိသော လဝန်း။
(၄) နက္ခတ်အစုံ။
(၅) နတ်ပြည် ခြောက်ထပ်။
(၆) ဗြဟ္မာပြည် နှစ်ဆယ်။
(၇) တောင်စဉ် ၇-ထပ်။
(၈) သီဒါ ၇-တန်။
(၉) ကျွန်းကြီး လေးကျွန်း။
(၁၀) တံတိုင်းခေါ်သော''စကြဝဠာ''ကျောက်တိုင်ကြီး ၁-ခု။
ဤသို့မျှ အပိုင်းအခြားအတွင်းသည် ''စကြဝဠာလောကဓာတ်''တခုမည်၏။

(၁) မြင့်မိုရ်တောင်သည်၊ယူဇနာပေါင်း၊ရှစ်သောင်း လေးထောင် ရေ၌မြုပ်၍၊ ရှစ်သောင်းလေးထောင် ရေ၌ပေါ်၍၊ (နှစ်ရပ်ပေါင်း) တသိန်းခြောက်သောင်းရှစ်ထောင်အမြင့်ရှိ၏။

(၁၀) စကြဝဠာကျောက်တောင်သည်၊ ကျွန်းကြီး ၄-ကျွန်းကို၊ ပတ်ဝိုက်၍တည်နေသော၊ရှစ်သောင်းနှစ်ထောင်ရေ၌မြုပ်၍၊ရှစ်သောင်း နှစ်ထောင် ရေ၌ပေါ်၍ (နှစ်ရပ်ပေါင်း) တသိန်း ခြောက်သောင်း လေးထောင်အမြင့်ရှိ၏။ ။(၂-၃-၄-) နေ- လ- နက္ခတ်တို့သည်၊ မြင့်မိုရ်တောင်ကို၊ လက်ျာရစ်လည်၍၊ ယုဂန္ဓိုရ် တောင်ထိပ်ဖျားနှင့် ညီမျှသောယူဇနာ လေးသောင်း နှစ်ထောင် မြင့်သော ကောင်းကင်၌ သွားကြကုန်၏။

ဤစကြဝဠာ လောကဓာတ်တခု၏ နည်းအတူ၊ စကြဝဠာ လောကဓာတ် ပေါင်း တသောင်းသည်၊ (ဒသသဟဿီလောကဓာတု) ပုဒ်၏ အရဖြစ်၍ “ဇာတိ”ခေတ်-ဟူ၍၊ ခေါ်ဆို၏။ ။“ခေတ်”သုံးမျိုးတို့တွင်-

(က) “ဇာတိ”ခေတ်၏…အကျယ်အဝန်းသည်၊ စကြဝဠာ လောကဓာတ်ပေါင်း တသောင်း အတိုင်း အရှည်ရှိ၏ဟု ဆိုသော စကားသည်၊ ဤအရာပင်ဖြစ်၏။ ။ ဤ“ဇာတိ” ခေတ်၏အတွင်း၌—

(၁)❋မြတ်စွာဘုရားသျှင် အလောင်း၏ ပဋိသန္ဓေ စွဲတည်နေသော အခါ၌၎င်း။
(၂)❋မိဖုရားသန့်စင်၊ဘွားမြင်သော အခါ၌၎င်း။
(၃)❋ဗုဒ္ဓမြတ်စွာဘုရားသျှင်ဖြစ်သော အခါ၌၎င်း။
(၄)❋ဓမ္မစကြာတရားဟောကြားသော အခါ၌၎င်း။
(၅)❋အာယုသင်္ခါရ-လွှတ်သော အခါ၌၎င်း။
(၆)❋ပရိနိဗ္ဗာန်ပြုသော အခါ၌၎င်း။

မြေကြီး၏ ပြင်းပြစွာတုန်လှုပ်ခြင်းသည်ဖြစ်၏။
ဤသည်ကား၊ “ဇာတိ”ခေတ်၏သဘောတည်း။

---

(ခ) “အာဏာ”ခေတ်၏…အကျယ်အဝန်းသည်၊စကြဝဠာ လောကဓာတ်ပေါင်း၊ ကုဋေတသိန်း အတိုင်း အရှည်ရှိ၏။ ။(အာဋာနာဋိယ, မောရ, ဓဇဂ္ဂ, ရတန) သုတ်ပရိတ်တရားတို့၏၊ တန်ခိုးအာဏာပျံ့နှံ့ရာအရပ်ပင်တည်း။
ဤသည်ကား၊“အာဏာ”ခေတ်၏သဘောတည်း။

---

(ဂ) “ဝိသယ”ခေတ်၏….အကျယ်အဝန်းသည်၊(ပရိမာဏံနတ္ထိ)= ဆိုသည့်အတိုင်း၊ ဤမျှ အပိုင်း အခြားအားဖြင့် ကျယ်ဝန်း၏-ဟူ၍၊အတိုင်းအရှည်မရှိချေ။ ။သိအပ်,သိထိုက်, သိသင့်သမျှအစုံကို၊ ကုန်စင်အောင် သိမြင်အပ်သော အရာဖြစ်၏-ဟူ၍ (သုတ်ပါထေယျ-သမ္ပသာဒနိယ)သုတ်အဋ္ဌကထာ၌ ဖွင့်ပြ၏။

ဤပြဆိုအပ်ပြီးသော စကားတို့ထက်၊ အသေးစိတ်၍ “စကြဝဠာ” လောကဓာတ်၏ အကြောင်းသိလိုကြမူကား—

[ ※ (က) မင်္ဂလာချက်တွေ၊ ရောင်လေးထွေကို၊ ရစ်ခွေ လက်ျာ၊ တုံ့ကာ မြောက်, တောင်၊ တထောင့်, နိမ့်–မြင့်၊ ဆဲ့နှစ်, ဆင့်ဝယ်၊အသင့် စဉ်စီ၊ စက်ဝန်း ချီလျက်]···· ဟူ၍၎င်း,–

[ ※ ( ခ ) ရှစ်သောင်း နှစ်ထောင်၊ နှစ်ပြန် ဆောင်သား၊ကျောက် တောင်လည်း စက်၊တိုက် အနက်ဝယ်]····ဟူ၍၎င်း၊– စပ်ဆိုကြသောသက်ဆိုင်ရာ ကျမ်းဂန်တို့၌ကြည့်ရှုကြလေ။ ။ အရာမဟုတ်သည်၌၊ ညွှန်ပြသည်ဟု မယူဆအပ်ပေ။

"လောက-ဝိဒူ" ဂုဏ်တော်ဖွင့်အရာ-ဟူ၍သာ၊ စိတ်မှာ-ယူ ကြီး၊ နှလုံးပိုက်၍–နှစ်ခြိုက်ကြည်ဖြူကြရာ၏။

၍တွင်စကားတရပ်ပြီး၏။

---

## (၃၅) စကြဝဠာဟူသော လောကဓာတ်အတွင်း၌ အလင်းရောင်ဖြစ်ပုံပြခဏ်း

(၃၅) အပ္ပမာဏောစ, ဥဠာရော·· လ···ဒေဝေါ-နံ-ဘာဝန္တိ=ဟူ၏။ ထိုစကားဝါကျ၏ အဓိပ္ပါယ်သည်ကား၊ ဤသို့ပင်တည်း။

မြန်မာဘာသာပြန်အဓိပ္ပါယ်

(၃၅) အတိုင်းအရှည် မရှိသော,ပြန့်ပြောသော, (၁) ဒေဝနာ ဘာ၏ အာနုဘော်အားဖြင့်၎င်း၊ (၂) နတ်ပြဟ္မာတို့၏ အာနုဘော် အားဖြင့်၎င်း, ဖြစ်သော အရောင်အလင်းသည်၊ တဆဲ့နှစ်ယူဇနာရှိ သော အရပ်သို့တိုင်အောင်၊ ထွန်းပသော နတ်ပြဟ္မာတို့၏ ကိုယ်၌ ဝတ်ဆင်အပ်သော တန်ဆာရောင်, ကိုယ်ရောင်, ဗိမာန်ရောင် တို့ကို၊ ကျော်လွန်လွှမ်းမိုး၍၊ တသောင်းသော "စကြဝဠာ" လောကဓာတ် တိုက်အတွင်း၌၊ ဝင်းဝင်းပြောင်ပြောင်၊ တောက်လောင် ထွန်းပလျက် ဖြစ်နေ၏=ဟူလို။

၍တွင်စကားတရပ်ပြီး၏၊

## (၃၆) ဥဒါန်းစကားမိန့်ကြားကျူးရင့်ပုံပြခဏ်း

**အထခေါ ဘဂဝါ ဥဒါနံ ဥဒါနေသိ=ဟူ၍။**

(၃၆) ထိုစကားအရဖြင့်(၁)မြေကြီး၏တုန်လှုပ်ခြင်း(၂)အရောင်အလင်း၏ ထွန်းပခြင်း ဖြစ်သောအခါ၌ (ဖြစ်ပုံကို သိရသောအခါ၌) ဗုဒ္ဓမြတ်စွာဘုရားသျှင်သည်၊ တသောင်းတိုက်သား၊ နတ်လူများကို၊ ကြားသိစေရန်၊ စိတ်ရည်သန်၍၊ ရှစ်တန်သော ဂုဏ်ဖြင့်၊ ထုံအပ်သော အသံတော်ဖြင့်၊ ကြည်သာရွှင်လန်း "ဥဒါန်း" စကား၊မိန့်ကြားကျူး ရင့်တော်မူ၏-ဟူ၏။ ။အဘယ်သို့ ကျူးရင့်သနည်း ဟူသော အမေး စကားကို ဖြေကြားခြင်းငှါ–

(က) အညာသိ-ဝတ ဘော ကောဏ္ဍညော၊
(ခ) အညာသိ-ဝတ ဘော ကောဏ္ဍညောတိ=ဟူ၍
ကျူးရင့်တော်မူ၏။

မြန်မာဘာသာပြန်အဓိပ္ပါယ်

(က) အို-ပဉ္စ-ဝဂ္ဂီရဟန်းတို့။
"ကောဏ္ဍည"ရဟန်းသည်၊ ကေန်စင်စစ်၊ သစ္စာ လေးတန်၊ တရားအမှန်ကို၊ ပဋိဝေဓ ဉာဏ်ဖြင့် သိမြင်လေပြီ။

(ခ) အို-ပဉ္စ-ဝဂ္ဂီရဟန်းတို့။
"ကောဏ္ဍည" ရဟန်းသည်၊ ကေန်စင်စစ်၊ သစ္စာလေးတန်၊ တရားအမှန်ကို၊ ပဋိဝေဓ ဉာဏ်ဖြင့် သိမြင်လေပြီ-ဟူ၍၊ ကျူးရင့်တော်မူ၏။

ထိုသို့ကျူးရင့်သောအသံတော်သည်၊ စကြဝဠာတသောင်းအတွင်း၌ ပျံ့နှံ့၍တည်၏။

[အညာသိ ဝတဘော, ကောဏ္ဍညော-တိ···· (လ) ဒသသဟဿိ လောကဓာတုံ ဖရိတွာအဋ္ဌာသိ။ ။အဋ္ဌကထာဖွင့်။]

ဤဟွင်စကားတရင်ပြီး၏။

[*“စကြဝဠာပေါင်း၊တသောင်းမျှ ကျယ်ဝန်းသော လောကဓာတ်တိုက်” ဟူသော မဟာမဏ္ဍပ်တော်ကြီးအတွင်းဝယ်၊ ဝင်းဝင်းစက်စက်၊ နေရောင်ခြည်လက်သကဲ့သို့၊ ထွန်းတက်တောက်ပြောင်၍၊အရောင်အဝါနှင့် ပြည့်စုံသော တဆဲ့ရှစ်ကုဋေ၊ တွက်ရေများလတ်၊ လွန်ထူးမြတ်သည့်၊ နတ်, ဗြဟ္မာ, အပေါင်းဟူသော ပရိသတ်အစုံ၊ မိုလ်ပုံအထုတို့၏ အလယ်၌—

## (၃၇) “အညာသိ ကောဏ္ဍည” ဟူသောဘွဲ့ အမည်တော်အပ်နှင်းပုံပြဆိုခဏ်း

(၃၇) ဣတိဟိဒံ အာယသ္မတော,ကောဏ္ဍညဿအညာသိ ကောဏ္ဍညော တွေဝ နာမံ အဟောသိ=ဟူ၏။

ထိုစကားဝါကျ၏ အဓိပ္ပါယ်သည်ကား၊ ဤသို့ပင်တည်း။

မြန်မာဘာသာပြန်အဓိပ္ပါယ်

ဤသို့အားဖြင့်—

(က) “အညာသိဝတ,ဘော,ကောဏ္ဍညော”။
(ခ) “အညာသိဝတ, ဘော,ကောဏ္ဍညော”။ဟူ၍

ကြည်သာရွှင်လန်း၊ “ဥဒါန်း” စကား၊ မိန့်ကြားပြီးသော အချိန်ကစ၍ မူလရှိရင်းဖြစ်သော “ကောဏ္ဍည” ဟူသော အမည်၏ရှေ့၌၊ “သိခြင်း” အနက်ကို ဟောသော “အညာသိ” သဒ္ဒါကိုထပ်ဖြည့်၍—

(က) “အညာသိကောဏ္ဍည”။
(ခ) “အညာသိကောဏ္ဍည”။

ဟူသောဘွဲ့ပုံ၊ ဂုဏ်သကတ်ဖြင့်၊ လောကဓာတ်ပေါင်း၊ တိုက်တသောင်းဝယ်၊ ရိုက်ခြောင်းကျေညာ၊ အမည်သာသျှက်၊ လူ့ရွာနတ်ပြည်၊ ဗြဟ္မာပြည်အထိ၊ နှံ့သိကျော်ကြား၍ တက်လေ၏=ဟူလို။

**မှတ်ချက်**…“ကောဏ္ဍည”ဟူသော ဤအမည်သည်၊ ဤယခုဘဝမှ၊ ရသောအမည်သညာ မဟုတ်ချေ။ ။ရှေးလွန်လေပြီးဖြစ်သော“ပဒုမုတ္တရ”မြတ်စွာဘုရားသျှင်၏ လက်ထက်တော်

အခါ၊ နတ်သားအဖြစ်နှင့် ဆွမ်းတော်ဦးအလှူကို၊ ကြည်ဖြူစွာကပ်လှူလာ၍စဉ်ကပင်၊ အသင်နတ်သားသည် "ဂေါတမ"မြတ်စွာ ဘုရားသျှင်၏ အထံ၌၊ "ကောဏ္ဍည"ဟူသော အမည်ဖြင့်၊ သစ္စာလေးပါး၊ တရားအစဉ်ကို၊ သိမြင်ရလတ္တံ့=ဟူ၍၊ ဗျာဒိတ်စကား၊ မိန့်ကြားခြင်းခံယူရသောအမည်ပင်ဖြစ်၏။

ဤတွင်စကားတရပ်ပြီး၏။

---

## (၃၈) ဤသို့လျှင် သစ္စာလေးပါးတရားအစဉ်ကို သိမြင်ပြီးဖြစ်၍ ဒိဋ္ဌဓမ္မ ပတ္တဓမ္မ,စသည် ပေါင်းဆုံ၊ ဂုဏ်မျိုးစုံတို့နှင့် ပြည့်စုံသော "အညာသိကောဏ္ဍည"သည် မြတ်စွာဘုရားကို လျှောက်ကြားပုံ ပြဆိုခန်း

(၃၈) အထခေါ ဘာယသ္မာ အညာသိ ကောဏ္ဍညော(၁)ဒိဋ္ဌဓမ္မော (၂)ပတ္တဓမ္မော…လ…ဘဂဝန္တံ ဧတဒ ဝေါစ=ဟူ၏။

ထိုစကားဝါကျ၏ အဓိပ္ပါယ်သည်ကား၊ ဤသို့ပင်တည်း။

မြန်မာဘာသာပြန်အဓိပ္ပါယ်

(၃၈) ထိုအခါအသျှင် "အညာသိကောဏ္ဍည"သည်—

(၁) ဒိဋ္ဌဓမ္မ…ပဋိဝေဓဉာဏ်ဖြင့် မြင်အပ်ပြီးသော သစ္စာလေးပါး၊ တရားရှိသည်ဖြစ်၍ (မြတ်စွာဘုရားသျှင်ကို၊ ဤသို့စကား၊ လျှောက်ကြားလေ၏=ဟူ၍)စကားတရပ်၊ စာစပ်ပုံနည်းဖြင့် အဆုံးသတ်ဆိုရာ၏။ ။လျှောက်ကြားပုံစကားသည်၊ရှေ့၌ကြားရလတ္တံ့၊

(၂) ပတ္တဓမ္မ…ပဋိဝေဓဉာဏ်ဖြင့် ရောက်အပ်ပြီးသော သစ္စာလေးပါး၊ တရားရှိသည်ဖြစ်၍(မြတ်စွာ….လေ၏)ဟူ၍ဆို။

(၃) ဝိဒိတဓမ္မ…ပဋိဝေဓ ဉာဏ်ဖြင့်၊ ထင်သော သစ္စာလေးပါး တရားရှိသည်ဖြစ်၍(မြတ်စွာ….လေ၏)ဟူ၍ဆို။

(၄) ပရိယောဂါဠှစမ္မ…ပဋိဝေဓဉာဏ်ဖြင့်၊ သက်ဝင် အပ်ပြီးသော သစ္စာ လေးပါး၊ တရား ရှိသည် ဖြစ်၍ (မြတ်စွာ….လေ၏)ဟူ၍ဆို။

(၅) တိဏ္ဏဝိစိကိစ္ဆ…ပဋိဝေဓဉာဏ်ဖြင့်၊ ကူးမြောက် အပ်ပြီးသော (၁၆) ပါးသောယုံမှားခြင်း, (၈) ပါးသော ယုံမှားခြင်း ရှိသည်ဖြစ်၍ (မြတ်စွာ….လေ၏) ဟူ၍ဆို။

(၆) ဝိဂတကထံကထ…ပဋိဝေဓဉာဏ်ဖြင့်၊ သို့လော, သို့လော၊တွေး တော ယုံမှားခြင်း ကင်းသည် ဖြစ်၍ (မြတ်စွာ….လေ၏)ဟူ၍ဆို။

(၇) ဝေသာရဇ္ဇပတ္တ… (သတ္ထုသာသန) ဗုဒ္ဓမြတ်စွာဘုရားသျှင်၏ သာသနာတော်၌ ရဲးရင့်ခြင်းသို့ရောက်သည် ဖြစ်၍(မြတ်စွာ….လေ၏)ဟူ၍ဆို။

(၈) အပရပစ္စယ….(သတ္ထုသာသန) ဗုဒ္ဓ မြတ်စွာ ဘုရား သျှင်၏ သာသနာတော်၌ [ကိုယ်တိုင်မျက်မှောက် ပဋိဝေဓဉာဏ်ဖြင့် သက်ရောက်၍ သိမြင်အပ်ပြီးသောကြောင့်] သူတပါး တို့အား၊ ယုံမှားခြင်း မဖြစ် မူ၍၊မြတ်စွာဘုရား သျှင်ကို၊ဤသို့ စကား လျှောက်ကြားလေ၏-ဟူ၍ဆို၏။

---

## (၃၉) လျှောက်ကြားပုံစကားသည်ကား၊ ဤသို့ပင်တည်း-ဟု၊ပြဆိုခဏ်း

(၁)*လဘေယျာ-ဟံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ။

(၂) လဘေယျံ ဥပသမ္ပဒန္တိ=ဟူ၏။

မြန်မာဘာသာပြန် အဓိပ္ပါယ်

(၁)※ဘုန်းတော် ကြီးမား၊အသျှင် မြတ် ဘုရား။

(၁) တပည့်တော်သည် (ကောဏ္ဍည) သည်၊ အသျှင်မြတ်ဘုရား ၏ အထံ၌၊ ရှင်သာမဏေ၏ အဖြစ်ကို၊ "ရ-ရလိုပါ၏ ဘုရား" (ရချင်ပါ၏ဘုရား။)

( ၂ ) သာကီနွယ်ဘွားဘုရားသားစစ်၊ ရဟန်း၏အဖြစ်ကို၊ရ-ရလို ပါ၏ ဘုရား။ ။(ရချင်ပါ၏ဘုရား)ဟူ၍ လျှောက်ဆိုလေ၏။

ဤသို့ လျှောက်ဆိုသော စကားကို၊ ကြားသိရပြီးဖြစ်သော မြတ်စွာဘုရားသျှင်သည်၊ ဤသို့စကား၊မြွက်ကြားမိန့်တော်မူ၏။

(၄၀) "ဧဟိဘိက္ခု"တိ ဘဂဝါ အဝေါစ=ဟူ၏။

မြန်မာဘာသာပြန် အဓိပ္ပါယ်

(၄၀) ငါ၏ချစ်သား"အညာသိ-ကောဏ္ဍည"။

(သင်သည်) ဗုဒ္ဓမည်တွင်၊ ငါဘုရားသျှင်၏၊ ထံပါး မျက်မှောက်၊ ရှေတော် အောက်သို့၊ ကပ်ရောက်လာခဲ့လော-ဟူ၍၊မိန့်တော်မူ၏။

ဤမျှသော စကားအစဉ်ဖြင့်၊ သောတာပန် ပုဂ္ဂိုလ်ဖြစ်ပြီးသော "အညာသိ-ကောဏ္ဍည" (ဣသိပဗ္ဗဇ္ဇ) ရဟန်းအား၊ ရှေး ကောင်းမှုကုသိုလ်ကံ၏ အကျိုးဖြစ်သော တန်ခိုးဖြင့်ပြီးသော သင်္ကန်း- သပိတ်၊ ရောင် ဖိတ်ဖိတ် နှင့်၊ ပရိက္ခရာ-အစုံကို၊ ဆင်မြန်း ဝတ်ရုံလျက်၊ လူ့ဘုံသားတွင်၊ ရှေ့သွား ခေါင်းဆောင်၊ ရဟန်းဘောင်၌၊ ထမ်းဆောင်ဘို့ရန်၊ ချိန်တန်ခါဌ်၊ ပါရမီကြောင့်၊ သာကီယ-နွယ်ဆင်း၊သားရင်းအစစ်၊ (ဧဟိဘိက္ခု) ရဟန်း၏အဖြစ်သည်၊ဖြစ်ရလေသတည်း၊=

(ဧဟိဘိက္ခု)ရဟန်းဖြစ်ပြီ-ဟူ၍၊ မှတ်ကြရာ၏။

[မှတ်ချက်။ ။ဧဟိ-ဘိက္ခု-ရဟန်း ဖြစ်ထိုက်ပုံအကြောင်း (သုဘူတိဘာဝနာဖွင့်)၌၊ရေးသားပြခဲ့ပြီးပြီ။

ထိုနောက်တ န်၊ မဟာကရုဏာ ဉာဏ်ဖြင့်၊ ဝေဘန်အပ်သည်ဖြစ်၍တိုက်တွန်းသော အားဖြင့် တရားစကား ဟောကြား တော်မူ၏။ ။ ဟောတော်မူဟန်ကား—

(၄၁) သွာက္ခာတော ဓမ္မော၊ စရ-ဗြဟ္မစရိယ…လ…ဥပသမ္ပဒါ အဟောသိတိ=ဟူ၏။

မြန်မာဘာသာပြန်အဓိပ္ပါယ်

(၄၁) ငါ၏-ချစ်သား၊ "အညောသိ - ကောဏ္ဍည"ရဟန်း။

ဗုဒ္ဓ-မည်တွင်၊ ငါဘုရားသျှင်သည်၊ သစ္စာလေးပါး၊ တရားအမှန်ကို၊ သဗ္ဗညုတဉာဏ်ဖြင့်၊ ဝေဘန်ပိုင်းခြား၍ ဟောကြားတော် မူအပ်ပြီးပြီ။

ဤသစ္စာလေးပါး၊အမှန်တရားကို၊ ကြားနာရခြင်းကြောင့်၊ သင်ချစ်သားသည်၊ အရိယာဇာတ်၊ မြင့်မြတ်သော "သောတာပန်" ပုဂ္ဂိုလ်၏အဖြစ်သို့ ရောက်ရလေပြီ။ ။သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ်,ဟူသောအထက်မဂ်သုံးပါးရအောင်ကျင့်ဘို့ရာ၊တာဝန်ရှိနေသေး၏။ ။ဤသို့ဖြစ်၍ သံသရာဝဋ်ဆင်းရဲ၏ (အဆင့်ဆင့်အားဖြင့်) အဆုံးအပိုင်းအခြားကိုပြုခြင်းငှါ၊ ကောင်းစွာ"ဗြဟ္မစရိယ" ခေါ်သော "**အဋ္ဌင်္ဂိက**"မဂ် ဟူသော မြတ်သောအကျင့်ကို ကျင့်လေလော-ဟူ၍၊ တိုက်တွန်းတော်မူ၏။

ဤသို့လျှင် (**လဘေယျာဟံ ဥပသမ္ပဒံ**) ဟူသော စကားဖြင့်၊ ရဟန်းအဖြစ်ကိုရ-ရလိုမှုဖြင့်၊ တောင်းပန်သော စကားကို ကြားနာပြီး၍၊ ထိုမှတဖန်၊"**ဟေဝိဘိက္ခု**"-ဟူ၍၊ တုံ့ပြန်မိန့်ဆိုသော စကားဖြင့် အသျှင်မြတ် "**အညာသိကောဏ္ဍည**"ဣသိ-ပဗ္ဗဇ္ဇ ရဟန်းအား၊"**ဟေဝိ-ဘိက္ခု**"ရဟန်း၏အဖြစ်သည် ဖြစ်လေ၏။

ဤအရာ၌"ဗြဟ္မစရိယ"မြတ်သော အကျင့်=ဟူသော စကားနှင့်စပ်လျဉ်း၍၊(**မဟာဝဂ္ဂသံယုတ်၊ ဝိဟာရဝဂ်-မဂ္ဂသံယုတ်၊ တတိယ ကုဏ္ဍလိရာမသုတ်**)၌၊ အသျှင်မြတ် (**ဘဒ္ဒ**) ထေရ် (အမေး) ပုစ္ဆာကို၊ အသျှင်မြတ် (**အာနန္ဒာ**) ထေရ်၊ ဖြေဆိုပုံ ပါဠိတော်ကို၊ အကျဉ်းချုံး၍၊ မြန်မာဘာသာ ပြန်ဆိုပြပေဦးအံ့။

(**အသျှင်ဘဒ္ဒထေရ်၏အမေးစကားတော်**)

ငါ့သျှင်-**အာနန္ဒာ** ။ "**ဗြဟ္မစရိယ**" မြတ်သော အကျင့်၊ မြတ်သောအကျင့်=ဟူ၍ဆိုအပ်၏။

(၁) ငါ့သျှင်-**အာနန္ဒာ**။ ။အဘယ်တရားသည်၊ "**ဗြဟ္မစရိယ**" မြတ်သောအကျင့်တရား-မည်သနည်းဟူ၍ဝှင်း။

(၂) ငါ့သျှင်-**အာနန္ဒာ**။ ။အဘယ်သူသည်="**ဗြဟ္မစာရီ**"မြတ်သော အကျင့်ကို၊ ကျင့်သော ပုဂ္ဂိုလ်-မည်သနည်း ဟူ၍ဝှင်း။

(၃) ငါ့သျှင်-**အာနန္ဒာ**။ ။အဘယ်တရားသည်၊ "**ဗြဟ္မစရိယ ပရိယောသာန**" မြတ်သောအကျင့်၏၊ အဆုံးဖြစ်သနည်း=ဟူ၍ဝှင်း၊ မေးလျှောက်၏။

ထိုအခါ အသျှင် မြတ် အာနန္ဒာသည်၊ ဤသို့ချီးကျူး စကား၊ မိန့်ကြားတော်မူ၏။

ငါ့သျှင်-ဘဒ္ဒ၊ ။ကောင်းမြတ်ပေစွ၊ ကောင်းမြတ်ပေစွ။

ငါ့သျှင်-ဘဒ္ဒ။ ။သင်သည်၊ ကောင်းလှပေ၏။ ။နိုက်နိုက်ချွတ်ချွတ် ရှာမှီးတတ်သော ပညာဥာဏ်၊ ကောင်းခြင်းအင်္ဂါ၊ လက္ခဏာဂုဏ်နှင့် ပြည့်စုံသော (အမေးမေး) ပုစ္ဆာကို၊ မေးဘိ၏-ဟူ၍၊ ချီးကျူးပြီးလျှင်၊ ဤသို့ဖြေကြားတော်မူ၏။

## (အသျှင်အာနန္ဒာထေရ်၏ အဖြေတရားတော်)

(၁) ငါ့သျှင်-ဘဒ္ဒ။ ။ဖြူစင်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဤ "မဂ်" သည်သာလျှင်၊ "ဗြဟ္မစရိယ" မြတ်သော အကျင့် မည်၏=ဟူ၍ ဖြေကြားတော်မူ၏။

ဤ "မဂ်" ဟူသည်၊ အဘယ်နည်းဟူမူကား–၊

| | | |
|---|---|---|
| (၁) | သမ္မာဒိဋ္ဌိ ၊ | ကောင်းစွာ သိမြင်ခြင်း။ |
| (၂) | သမ္မာ သင်္ကပ္ပ ၊ | ကောင်းစွာ ကြံစည်ခြင်း။ |
| (၃) | သမ္မာ ဝါစာ ၊ | ကောင်းစွာ ပြောဆိုခြင်း။ |
| (၄) | သမ္မာ ကမ္မန္တ ၊ | ကောင်းစွာ ပြုခြင်း။ |
| (၅) | သမ္မာ အာဇီဝ ၊ | ကောင်းစွာ အသက်မွေးခြင်း၊ |
| (၆) | သမ္မာ ဝါယာမ၊ | ကောင်းစွာ အားထုတ်ခြင်း။ |
| (၇) | သမ္မာ သတိ ၊ | ကောင်းစွာ အောက်မေ့ခြင်း။ |
| (၈) | သမ္မာ သမာဓိ ၊ | ကောင်းစွာ တည်ကြည်ခြင်း။ |

ဤသည်ပင်၊ "ဗြဟ္မစရိယ" မြတ်သော အကျင့်-ခေါ်သော "မဂ်"ပင်တည်း။

(၂) ငါ့သျှင်-ဘဒ္ဒ။ ။အကြင်ပုဂ္ဂိုလ်သည်၊ ဖြူစင်သော အင်္ဂါရှစ်ပါးရှိသော ဤ "မဂ်" နှင့် ပြည့်စုံ၏။ ထိုပုဂ္ဂိုလ်သည်၊ "ဗြဟ္မစာရီ" မြတ်သော အကျင့်ကို၊ ကျင့်သော ပုဂ္ဂိုလ်မည်၏= ဟူ၍ ပြောတော်မူ၏။

(၃) ငါ့သျှင်-အဒ္ဒ—

(၁) အကြင်ရာဂ၏ ကုန်ရာ-ကုန်ခြင်းသည်ငင်း၊—
(၂) အကြင်ဒေါသ၏ ကုန်ရာ-ကုန်ခြင်းသည်ငင်း၊—
(၃) အကြင်မောဟ၏ ကုန်ရာ-ကုန်ခြင်းသည်ငင်း၊—

ထင်ရှားကေန်၊ ရှိသည်မှန်၏။ ဤ ရာဂ, ဒေါသ, မောဟ, တရားတို့၏ ကုန်ရာ-ကုန်ခြင်းသည်၊ "ဗြဟ္မစရိယ ပရိယောသာန" မြတ်သော အကျင့်၏ အဆုံးမည်၏—ဟူ၍ ဖြေတော်မူ၏။ [သဥပါဒိသေသ နိဗ္ဗာန်ကိုညွှန်ပြ၏။]

ဤတွင် စကားတရပ်ပြီး၏။

---

ဤသို့လျှင် ဘိုးတော် အဥ္စနမင်းကြီး၏၊ ဖြိုကြွင်း မဟာသက္ကရာဇ် (၁၀၃)ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့၌၊ ဗုဒ္ဓမည်တွင်၊ ဘုရားသျှင် အစစ်၊ ဖြစ်တော်မူ၍၊ ဝါဆိုလပြည့်၊ စနေနေ့ညဥ့်အခါ၌၊ "ဓမ္မစကြာ" တရား ဟောတော် မူရာ၊ ထိုလပြည့်နေ့ ညဥ့်အခါ၌ပင်၊ အသျှင် "ကောဏ္ဍည" သည်၊ သောတာပတ္တိဖိုလ်၌တည်၏။

ထိုနောက်၊ လပြည့်ကျော် ၁-ရက်နေ့မှစ၍ ၄-ရက်နေ့အထိ၊ အသျှင် "ဝပ္ပ"၊ အသျှင် "ဘဒ္ဒိယ"၊ အသျှင် "မဟာနာမ်"၊ အသျှင် "အဿဇိ" ဟူသော လေးဥုးသော ရဟန်းတို့သည်၊ နေ့ရက်အစဥ်၊ ထေရ်စဥ်အတိုင်း၊ သောတာပတ္တိဖိုလ်၌ တည်ကြကုန်၏။

ဤမျှသော စကားအစဥ်ဖြင့်၊ "ဓမ္မ စကြာ" တရား ကြား၍နာရ၍ "ပဉ္စဝဂ္ဂီ" ရဟန်းငါးဥုးတို့သည်၊ နေ့ရက်အစဥ်၊ ထေရ်စဥ်အတိုင်း၊ သောတာပတ္တိဖိုလ်သို့၊ ဆိုက်ရောက်ပုံ ပြဆိုခဲ့ကြပြီး၏။

(က) အသျှင်မြတ် "အညာသိ-ကောဏ္ဍည" ရဟန်း၏၊ ထူးဆန်း မြင့်မြတ်သော ဂုဏ်ကျေးဇူးတို့ကို၊ အထူးဖော်ပြဥုးအံ့။

(၁) တေ-ဒဂ္ဂဘိက္ခဝေ မမသာဝကာနံ ဘိက္ခူနံ ရတ္တ-ညူနံ ယဒိဒံ အညာတ-ကောဏ္ဍညော။ ။

(အင်္ဂုတ္တရ-ပါဠိတော်၊ တေဒဂ္ဂ-ဝဂ်)

(၁) ‧ဘိက္ခဝေ၊ အိုချစ်သား ရဟန်းတို့။ မမ၊ ငါဘုရားသျှင်၏။ သာဝကာနံ၊ တပည့်သား ဖြစ်ကြကုန်သော။ ရတ္တညူနံ၊ ရဟန်းပြုသည်မှစ၍ ကြာမြင့်စွာ ညဉ့်အပိုင်းအခြားကို သိကုန်သော။ ဘိက္ခူနံ၊ ရဟန်းအပေါင်းတို့တွင်။ ယဒိဒံ၊ (ယော+အယံ) အညာတ ကောဏ္ဍညော၊ အကြင် "အညာတ-ကောဏ္ဍည"ရဟန်းသည်။ အတ္တိရှိ၏။

(ခ) ‧သော-(သော)အညာတ ကောဏ္ဍညော၊ထို "အညာတ-ကောဏ္ဍည"ရဟန်းသည်၊ အဂ္ဂေါ၊ (အဂ္ဂေါ) အ-ဦး+အမြတ်ဆုံး ပေတည်း။---

(၁) သမ္မာ- သမ္ဗုဒ္ဓ၊ မြတ်စွာဘုရားသျှင်၏။ အံ့ဘွယ် ရှစ်ဖြာ၊ သာသနာတော်၌-

(ခ) ‧လက်မှန်-မဆွ၊ အစ-ဦးစွာ၊ သစ္စာလေးပါးတရားအစဉ်ကို (ပဋိဝေဓ) ညာဏ်အမြင်ဖြင့် သိမြင်၍၊ သောတာပတ္တိမဂ် ဖိုလ် ရ၍ "အညာသိ ကောဏ္ဍည" ဟူသော ဘွဲ့အမည်တော် အပ်နှင်းခြင်း

(၂) ‧လက်မှန်-မဆွ၊ အစ-ဦးစွာ၊ (ဉတ္တိ-ပဗ္ဗဇ-) ရဟန်းအဖြစ်မှ၊ ပြောင်း၍၊ "ဧဟိ-ဘိက္ခု" ခေါ်သော ရဟန်းစစ်၊ အဖြစ်ကိုရခြင်း။

(၃) ‧လက်မှန်-မဆွ၊အစ-ဦးစွာ၊ တပည့်ရဟန်း အပေါင်းတို့တွင်၊ အလျှံး အမြတ်ဆုံးသော ရဟန်း ပုဂ္ဂိုလ်အဖြစ် ဟူသော "တေဒဂ်"ရာထူး၊ဘွဲ့ထူးဖြင့်၊ချီးကျူးအပ်နှင်းခြင်းကို

ခံယူရခြင်း အစရှိသော ဂုဏ်အပေါင်းတို့နှင့် ပြည့်စုံသော **"အညာတ-ကောဏ္ဍည"**ရဟန်းနှင့် "ဓမ္မစကြာ" တရားတော်၏ဆက်စပ်ပုံ-အကြောင်းအရာ ပြခဏ်းသည်၊ ဤတွင်၊ တခဏ်းပြီး၏။

ဤတွင်—

(င) ဓမ္မ-စကြာမြန်မာဘာသာပြန်လက်စွဲကျမ်း
ပြီးဆုံးလေ၏။

[ ×အနုတ္တရလက္ခဏာ မြန်မာဘာသာပြန် လက်စွဲကျမ်း
ဆက်၍ကြည့်ပေဦး ]

---

(၁) (၁၃၁၂-ခုနှစ်၊ တန်းခူးလ-ပဌမအကြိမ် ပုံနှိပ်ပြီးသည်။)
(၂) (၁၃၁[illegible]-ခုနှစ်၊ တပို့တွဲလ-ဒုတိယအကြိမ် ပုံနှိပ်သည်။)

# နိဂုံး

ဤသို့လျှင် ရန်ကုန်မြို့၊ ကျောင်းတော်ရာ၊ မဟာဓမ္မ- ဒီပိကာရာမ၊ ရွှေကျင်တိုက်၌၊ သီတင်းသုံး နေထိုင်တော်မူသော မြတ်စွာဘုရားသျှင်၏ သာသနာတော်တွင်၊ သီလ,သမာဓိ, ပညာ, အစဖြာသော ဂုဏ်အထူးတို့ဖြင့်၊ နေ့,လ-အသွင်၊ အလွန်ပင်ထင်ရှား၍၊ ကြီးမားသော ဘုန်းကြက်သရေ မင်္ဂလာဂုဏ်တို့နှင့်၊ ပြည့်စုံတော်မူသော ကျေးဇူးရှင် ကျောင်းတော်ရာ ရွှေကျင်ဆရာတော် ဘုရားကြီး၏ အထံ၌၊ ရှင်သာမဏေ အဖြစ်ကစ၍ ဤယခု (၁၃၁၂) ခုနှစ် အခါတိုင်အောင်၊ ပရိယတ်, ပဋိပတ်, နှစ်ရပ်သော တရားတို့ကို၊ နည်းခံသင်ကြား၍၊ ကြီးပွါးခြင်းသို့ ရောက်လာရသော (ဖွားရာချက်ကြွေ၊ ဇာတိမြေအားဖြင့်၊ မြန်မာပြည် အောက်ပိုင်း၊ လှိုင်းမျက်နှာမြို့၊ ငါးသိုင်းချောင်းမြို့၊ ယင်း ၂-မြို့တို့၏အလယ် စပ်ကြား၊ (မဲဇလီ) ရွာ-ဟု၊ခေါ်အပ်သော တောနယ်ရွာလျှင်၊ ဖွားရာ(ဇာတိ)ရှိ၍၊ (ပဝတ္တိ)ဤယခု(၁၃၁၂) ခုနှစ်၌၊ ရန်ကုန်မြို့၊ ကျောင်းတော်ရာ၊ (မဟာဓမ္မ-ဒီပိကာရာမ) ရွှေကျင်တိုက်၊ မန်းဦးကျောင်း၌၊သီတင်းသုံးနေသော၊ ကျောင်းတော်ရာ ရွှေကျင်တိုက် အုပ်ချုပ်ရေးအဖွဲ့၊ ပဌမ နာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဓမ္မဝါစက၊ ဘဒ္ဒန္တ ဇောတမဟာထေရ် အသျှင်မြတ်သည်၊ ရဟန်းရှင်လူ၊ သူတော်စင်အပေါင်းတို့အား၊ (ဓမ္မစကြာ သာသနာ ပြန့်ပွါးရေးအဖွဲ့ဝင်၊ သူတော်စင် အပေါင်းတို့အား၊)ကောင်းကျိုး ချမ်းသာ၊ မင်္ဂလာ ကြက်သရေ၊ တက်သစ် နေသို့၊ထွေထွေ တင့်လတ်၊ မြင့်မြတ် ကြီးပွါးစေခြင်း အကျိုးငှါ၊ အသစ်တည်ထွင်၊ စီစဉ်ရေးသား ဖွင့်ဆိုအပ်သော ''ဓမ္မ-စကြာမြန်မာ ဘာသာပြန်ကျမ်း''သည်၊ ဤယခု (၁၃၁၂) ခုနှစ်၊ သီတင်းကျွတ် လပြည့်နေ့တွင်၊ အောင်မြင် ပြီးစီးလတ်သတည်း။